
www.burmeseclassic.com

# မြားစိတ်သည်

ခရေပုမြင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ခရေပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

အရက် (၅)မျိုး (Bacardi White Rum, Vodka, Gin, Triple Sec, Tequila)ကို တစ်အောင်စစီနှင့် သကြားရည် တစ်အောင်စ၊ သံပုရာရည် (သံပုရာသီးမှ တိုက်ရိုက်ညှစ်ယူရရှိသောအရည်) အောင်စဝက် တို့ကို ရေခဲတုံးလေးများနှင့် အတူရောကာ Shake လုပ်ပြီး ကိုးအောင်စဆန့်သည့် ဖန်ခွက်ရှည်တွင် ရောခဲ့ပါလေပဲ ထည့်ကာ.. Fresh Coke ကို ခွက်ပြည့်လျှံသည်အထိ ထပ်မံဖြည့်ထားသော Cocktail အမျိုးအစားကို... "Long Island Tea" ဟုခေါ်၏။

အမွှေးသာ (၅)မျိုး (သစ်ဂေမုန်၊ ကရဝေး၊ မေဂွာ၊ အကြည်နှာ၊ နေလာနာ)ကို အတိုင်းအဆမဲ့ချွင့် မုန်ဝါ၊ ဘဝတစ်ခုလုံးစာ မျှော်လင့်ခြင်း (အလှမ်းမမှီတော့မယ့် ကိန်းအောင်းခွင့်ရှိခဲ့သော) ဘဝတစ်ဝက်စာတို့ကို ရင်ခုန်သံများနှင့် အတူရောကာ Shake လုပ်ပြီး ပေးဆပ်ခြင်း အနန္တဆန့်သည့် နှလုံးသားတွင် ရင်ခွင်သံပါလေပဲထည့်ကာ... ချစ်ခြင်း အနစ်နာခံခြင်းကိုလို နှလုံးသားပြည့်လျှံသည်အထိ ထပ်မံဖြည့်ထားသော Cocktail အမျိုးအစားကို... "ဂိုဒ" ဟု ခေါ်၏။

မိုမို

.. .. ..

www.burmeseclassic.com

www.burmeseclassic.com



"ငါ.. နှင်းကို သားနန်းခေါင်တာကန့်သတ်မှု မထားနိုင်ဘူးပါပြီ..

ငါမြင်ချင်တဲ့ အလှမျိုး... ငါမြင်ချင်တဲ့အနေအထားမျိုးရောက်အောင်

နှင်းကို မပြတ်မစဲတဲ့နည်းနဲ့ ပန်းတီးပေးပြီ ငါခံယူတတ်သားတယ်..."

ကူးကူးနိုင်

.. .. ..

( * )

'ည' တွင် 'လ' ရှိ၏။
ကြယ်ခင်တို့လည်းရှိ၏။
လေပြည်နှင့် ညဉ့်ငှက်တို့လည်း ရှိ၏။
ခရေပင်တွေအောက်မှာ
ကျွန်တော် ရှိ၏။
လက်ထဲမှာတော့
ဂစ်တာတစ်လုံးရှိ၏။
သို့သော်...
သံစဉ်တွေမရှိ။
သို့ရာတွင်...
ရင်၌... လစ်ဟာခြင်းတို့ရှိ၏။
အလွမ်းတို့ ရှိ၏။
ကြေကွဲခြင်း တို့ရှိ၏။
ထို့ကြောင့်...
ဂစ်တာလေးက ၊ ရင်ခွင်ထဲသို့ တိုးဝင်၏။
ထိုအခါ...
မျက်လုံးတို့တွင်...
မျက်ရည်တို့ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတွင်...

တမ်းတခြင်းတို့ ရှိကြကုန်၏။

သူမကတော့...

ချစ်ခြင်း၏အခြားသော အရပ်တွင် ရှိလေသည်။

ထိုအရပ်သည် သည်းခံချင်စရာမကောင်း လောက်အောင်ကို

ဖြူစင်သန့်ရှင်းလွန်းနေ၏။

'ည'သည်အေးချမ်းတိတ်ဆိတ်လွန်းနေ၏။

လမင်းနဲ့ကြယ်စင်တွေ စုံစုံလင်လင်ရှိနေသော ကောင်းကင်ပြင်ကို မော့ကြည့်မိတော့ မိကူးကို သတိရ၏။

'လ'သည်ပင် ဂိုဒေါင်ခေါင်မိုးအထက်တည့်တည့်အရပ်ကို ကျော်လွန်သွားပြီဖြစ်သည်။ ညလေပြည်က တမ်းတမှုကို ပိုမိုပြင်းပြစေတဲ့အခါ အဝေးက ညဥ့်ငှက်အော်သံသဲ့သဲ့ကို ကြား၏။

ဒီအချိန် ဒီပတ်ဝန်းကျင်မှာ မအိပ်စက်သေးတဲ့ သတ္တဝါဆိုလို့ ကိုယ်နှင့် ညဥ့်ငှက်တစ်ကောင်ပဲရှိမည်ထင်သည်။

မိကူး ကျွန်တော့်ကို စကားမပြော။ အဆက်အဆံမလုပ်ပဲ စိမ်းစိမ်းပြတ်ပြတ်နေနေ တာကြာပြီ။ အိမ်ကို သွားတော့လည်း စကားမပြော...

လမ်းမှာတွေ့လျှင်လည်း လှည့်၍ပင်မကြည့်...

အိတ်ကြေ ကပ်ကူဖို့သွားတော့လည်း လှကိုမြင်တာနဲ့ အခန်းထဲဝင်သွားပြီး ပြန်ထွက်မလာတော့...



ခရေပင်အောက်မှာကို မိကူးလုံးဝမလာတော့...

သူမရဲ့ အသွင်က 'သေခန်းပြတ်ပြီ' ဆိုတဲ့ အသွင်ကို အတိအကျ ..တင်နေ၏။ တစ်ဝိုင်းတည်းတစ်ခြံတည်းနေနေကြပြီး ကမ္ဘာခြားနေသလို ..တားရခြင်းက ရင်အစုံကို လစ်ဟာခြင်း နာကျင်ခြင်းတို့အတိပြီးနေစေ၏။ ..နေ့နီးပါလျှက်နဲ့ အလွမ်းမီးတောက်နေရပါတယ်ဆိုတဲ့ အဖြစ်က ဆိုးဝါးလွန်း ..ပစ္စ...

အလွမ်းစိတ်တွေနဲ့ ဂစ်တာတီးဖို့ထွက်လာခဲ့ပေမယ့် အချိန်တွေသာ ..ရွေ့ရွေ့ ကုန်သွားသည်။ ဂစ်တာလည်းတီးလို့မရ... သီချင်းလည်း မဆို ..ဖြစ်... ဂစ်တာလေးကို မိကူးအမှတ်နဲ့ ယုယစွာပွေ့ပွေ့မိတဲ့အခါ တမ်းတ ..ခြင်းမျက်ရည်တို့ဝေ့ကာနဲ့စို့၏။

နေနိုင်လိုက်တာ မိကူးရယ်...

ရက်စက်လိုက်တာဟာ...

မြက်ခင်းပြင်ပေါ်ကို ရပ်ကြိုးပြတ်လှဲချလိုက်တဲ့အခါ မှောင်မှောင်မဲမဲ ..ရိပ်တွေနဲ့ ခရေပင်ကြီးတွေကို နာကျင်စွာမြင်တွေ့ရ၏။

စီးကျသွားသော မျက်ရည်တို့ မြက်ပင်လေးတွေကို စွန်းထင်းသွားကြ ..ည် ထင်သည်။

အခုနေများ ကျွန်တော့်ပေါ်ကို ခရေပင်ကြီးတွေ တစ်ပင်ပြီးတစ်ပင် လဲပြိုကျလာလျှင် အလွန်ကောင်းလိမ့်မည်ထင်သည်။

လွမ်းတယ်...မိကူး...

www.burmeseclassic.com

www.burmeseclassic.com



( ၁ )

"ငါ …ကျောင်းတောင်မတက်ချင်တော့ဘူး ဂီဂီ"

"ဘာဖြစ်လို့လဲဟာ …"

"ဒီမှာကြည့်ဦးလေ … ငါ့ဂါဝန်လေးက အရစ်းပါးနေပြီ… ပြဲမှာကြောက်လို့ထိုင်ရင်တောင် သတိထားပြီး ထိုင်နေရတာယ် …"

"နင့်မှာထမီလေးရှိသားပဲ အဲဒါပဲဝတ်ပေ့ါ…"

"နင်ဘာသိလို့လည်း … ထမီကလည်း ပြဲနေပြီ၊ လှည့်ဝတ်လို့တောင်မရတော့ဘူး"

"ဒါဆိုလည်းနင့်အမေကို ဝယ်ခိုင်းလေဟာ …"

"ပြောတော့လွယ်တယ်ဂီဂီ … အမေ့ဝင်ငွေလေးနဲ့ ထမင်းတောင်မနည်းစားနေရတာ။ ဒီကြားထဲအမေ့ဆေးဖိုးလိုရင် ဟိုကချေးရ ဒီကချေးရနဲ့၊ တစ်ခါတလေ နင့်ဦးလေးဆီကတောင် ချေးရသေးတယ်။ မဖြစ်ပါဘူးဟာ …အမေ့ကိုသနားတယ်"

"ကျောင်းတော့မတက်ပဲ မနေပါနဲ့ဟာ… နင်ပဲ ပညာတတ်ကြီးဖြစ်ချင်တယ်ဆို …"

"အေးပါဟာ ငါကျောင်းတက်မှာပါ၊ စိတ်ညစ်လို့ပြောမိတာ"

လူကြီးလေးလိုပြောနေသော သူမကိုကြည့်ရင်း "ဂီဂီ" စိတ်ညစ်သွားရ၏။ မျက်လုံးပြူးပြူးဝိုင်းဝိုင်းကြီးတွေနဲ့ ပါးဖေါင်းဖေါင်းလေးနဲ့ "ကူးကူးနိုင်"ကို "ဂီဂီ" တော်တော်ခင်ပါသည်။ ကူးကူးနိုင်က နှုတ်ခမ်းထူထူဖူးဖူးလေးနှင့်



သားဖြူဖြူလေးမို့ ဒိုလ်မအရုပ်လေးနှင့်တူသည်ဟု ဂီဂီထင်သည်။ ထို့အပြင် မခေါင်းက ဆံပင်ပျော့ပျော့အိအိလေးတွေကိုလည်း ဂီဂီသဘောကျသည်။

ဒူးလေးနှစ်လုံးကိုပိုက်ပြီး ငုတ်တုတ်လေးထိုင်နေတဲ့ သူမကို ဂီဂီ ငေးကြည့်နေမိသည်။ ကူးကူးစိတ်ညစ်နေတယ်ဆိုတော့ သူလည်းစိတ်မကောင်း နေရသည်။ ဟိုတစ်ခေါက ဗလာစာအုပ်မရှိဘူးဆိုလို့ ဦးလေးဖြစ်သူဝယ် ထားတဲ့ ဗလာစာအုပ်ကို ပေးခဲ့ပြီးပြီ။

အခုလည်းသူမ စိတ်ညစ်နေပြန်ပြီတဲ့…

အဝတ်အစားဝယ်ပေးဖို့ အထိတော့သူ့မှာပိုက်ဆံမရှိ …

နေ့တိုင်းရနေတဲ့ မုန့်ဖိုးတွေကိုလည်း သူမနဲ့အတူတူသုံးနေတာမို့ ဖြစ်…

ကူးကူးစိတ်ညစ်နေတာ ဂီဂီမခြင်ချင် …

ဘာလုပ်ရရင်ကောင်းမလဲဟု စဉ်းစားနေ၏။

သူတို့သူငယ်ချင်းလေးနှစ်ယောက် ခရေပင်ကြီးတွေအောက်မှာထိုင်ရင်း ားပြောနေကြခြင်းဖြစ်သည်။ ထိုစဉ် …

ခရေပွင့်လေးတစ်ပွင့် ဂီဂီ့ခေါင်းပေါ်သို့ ကြွေကျ၏။ ခေါင်းပေါ်မှတဆင့် ဘားမှာကျလာသော ခရေပွင့်လေးကို ကောက်ယူပြီးနမ်းလိုက်သည်။

"ခရေပွင့်လေးတွေက မွှေးတယ်နော် မီကူး … ဟာ …ငါအကြံရပြီ" းကူးကလှည့်ကြည့်၏။

"ငါတို့ခရေပန်းတွေကောက်ပြီး ရောင်းရအောင်၊ ရတဲ့ပိုက်ဆံကိုစုပြီး တွက် ဂါဝန်ဖြစ်ဖြစ် ထမီဖြစ်ဖြစ်ဝယ်မယ်လေ …."

"ဖြစ်ပါ့မလားဟာ …"

"ဖြစ်ပါတယ်ဟာ …ဒီမှာကြည့်စမ်း… ခရေပင်ကြီးတွေ ခရေပန်းတွေ ည်း အများကြီးပဲ။ ရုံးဝင်းထဲမှာဆိုတော့ လာကောက်မယ့်လူလည်းမရှိ … မီကူး …နင်ခရေပန်းသီတတ်တယ်မဟုတ်လား နီးကြိုးတွေနဲ့ …"

www.burmeseclassic.com

www.burmeseclassic.com



"အင်း …သိတတ်တယ် …"

"ဒါဆိုရင် ငါတို့မနက်အစောကြီးထပြီး ခရေပန်းတွေကောက်မယ် ငါက ရိုက်ကောက်မယ် နင်ကသီပေး။ ပြီးရင်ကျောင်းကိုသွားရင်း ကားဂိတ်မှာ ရောင်းမယ်လေဟာ…ဘယ်ရို့လဲ"

ကူးကူးမျက်နှာလေးပြုံးလာ၏။

"အေး …ကောင်းတယ်။ ဒါဆို ငါတို့မနက်အစောကြီးထရမှာပေါ့နော် …"

"အေးပေါ့ဟ … ကျောင်းကပြန်လာရင်လည်း ရသလောက်ကောက် ထားမယ်လေ… ညကျရင်လည်း ကောက်မယ်။ မနက်ကျရင်လည်း စောစောထ ပြီး ကောက်မယ်။ ခရေပန်းတစ်ကုံးကို တစ်ဆယ်ဟာ ဆယ်ကုံးဆိုတစ်ရာ ဆယ်ရက်ဆိုတစ်ထောင်… ဒါဆိုနင်ဝယ်ချင်တာ ဝယ်လို့ရပြီမဟုတ်လား"

"အေးနော် … ငါတောင်မတွေးမိဘူး။ နင်သိပ်တော်တာပဲ ဂီဂီ ရယ် …"

ကူးကူးက ချီးကျူးတော့ သူသဘောကျစွာရယ်၏။

"ကဲ …လာ …လာ အခုပဲစကောက်ကြစို့"

"အေးပါ …ကြည့်စမ်းခရေပွင့်လေးတွေ အများကြီးပဲ …"

"ဖွဖွလေးကောက်နော်မိကူး တက်မနင်းမိစေနဲ့"

"အေးပါဟ …"

နှစ်ယောက်သား ခရေပွင့်လေးတွေကို အပြေးအလွှားကောက်ကြ၏။ ပန်းကောက်ရင်း ဂီဂီသီချင်းဆိုတော့ ကူးကူးကပါ သံပြိုင်လိုက်ဆို ၏။

"ဟော့ ဂီဂီ။ နင် လှမကောက်နဲ့ ဟိုဘက်မှာသွားကောက်ပါလား အများကြီးပဲ …"



"အေးပါဟာ …ဟီး …ဟီး …ရှေ့ဒီမှာ ငါ့ဦးထုပ်ထဲထည့်ထား၊ ပြည့်သွားရင် ခြင်းတောင်းသွားယူမယ် …ဒီမှာတစ်ပွင့် ဒီမှာတစ်ပွင့် … များကြီးပါကွယ် … အမြန်ကောက်မှ တော်ကြာမှောင်တော့မယ် …"

"အေးပါဟဲ့ … ဒီမှာကောက်နေပါတယ် …"

"………………………………"

"………………………………"

ငါးတန်းကျောင်းသား (ဆယ်နှစ်) အရွယ်ကလေးငယ်နှစ်ယောက် သီချင်းလေးတွေသံပြိုင်ဆိုရင်း ခရေပန်းကောက်နေကြ ပုံလေးကတစ်ကယ့်ကို ကြည့်နူးစရာပါ။

ဂီဂီ့ဦးလေး ဦးမောင်ကိုက ရုံးအုပ်စာရေးကြီးမို့ ရုံးနောက်ထဲရှိ ဆန် ဂိုဒေါင်ယောင်းကြီးနှင့်တွဲထားသော တိုက်ခန်းကျဉ်းကျဉ်းလေးမှာနေ၏။

ကူးကူးတို့ရဲ့ ဖခင်ဦးစိုးနိုင်ကတော့ ရုံးမှာအထွေထွေလုပ်သားဖြစ်သည်။ ဒို့အပြင်ညပိုင်းရုံးစောင့်အလုပ်ကိုလည်း လုပ်တာမို့၊ ဂီဂီတို့အခန်းလေးနှင့် တော်တော်လှမ်းလှမ်းမှာရှိသော သွပ်မိုးပျဉ်ကာ အိမ်ပုလေးမှာနေလေသည်။ ဆန်ဂိုဒေါင်ယောင်းကြီးသည် ရုံးနှင့်တော်တော်အလှမ်းကွာသော နေရာမှာ (ရုံးကို နောက်ကျောပေးထားသော အနေအထားနှင့်)တည်ရှိ၏။ ဂိုဒေါင်ရဲ့ရှေ့မှာ တော့ အတော်ငယ်ကျယ်ဝန်းတဲ့ မြေကွက်လပ်တစ်ခုရှိ၏။ ထို့နောက် သိပ်သည်း စွာထပ်စွာ ပေါက်ရောက်နေသော ခရေပင်ကြီးတွေလည်းရှိ၏။

လူကြီးတွေက သူတို့နှစ်ယောက်လုံးကို တစ်ကျောင်းတည်း တစ်တန်း တည်းမှာ အပ်နှံထားကြသည့်အတွက် ဂီဂီတို့သူငယ်ချင်းလေးနှစ်ယောက်မှာ သွားအတူ လာအတူနှင့် အမြဲတမ်းတတွဲတွဲ ရှိနေကြတော့သည်။

အသက်တူ အရွယ်တူဖြစ်ကြသော်လည်း ဂီဂီနှင့် ကူးကူးတို့ ဘယ်တော့ မှ ရန်မဖြစ်ကြ။ အမြဲတမ်းသင့်သင့်မြတ်မြတ်နေလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခရေနွေးတွေကောက်ပြီး ဂီဇိုအိမ်ထဲဝင်လာတဲ့အချိန်မှာ ဦးမောင်ကို တစ်ယောက် ထုံးစံအတိုင်း အရက်သောက်နေပြီဖြစ်သည်။

ဦးမောင်ကို ...။

တူလေးတစ်ယောက်သာ တွယ်တာစရာရှိသော လူပျို ကြီး၏ အရက်ကို အဖော်လုပ်သည်။ သို့သော် ဘယ်တော့မှ အလွန်အကျွံ မှိုက်ရှိ ... အေးအေး ဆေးဆေးနေတတ်ပြီး အချော်အချွတ် မလိုက်စားတတ်သူမို့ အိပ်ယာ မဝင်ခင်ညဘိုင်းအချိန်မှာ အိပ်ပျော်စားဝင်အောင် မှိုဝဲခြင်းမျိုးလည်းဖြစ်၏။

ဂီဇိုက ဦးလေးဖြစ်သူအဆင်သင့်ခူးပေးထားသော ညစာကို ငြိမ်သက်စွာ ထိုင်စားလိုက်သည်။

ဦးမောင်ကိုက ဆိတ်သားခြောက်ကြော်တစ်ချောင်းကို တစိမ့်စိမ့်ဝါးရင်း တူတော်မောင်ကို ပြုံးပြုံးလေးကြည့်နေ၏။

ထမင်းစားပြီးတော့ ပန်းကန်ဆေးနေစဉ်မှာပဲ ...

"ဂီဇို"

"ဗျာ ...ဦးမောင် ..."

"ဦးမောင်တို ရေတစ်ခွက်ပေးစမ်း".

"ဟုတ်··· လာပြီ ဦးမောင်"

ဂီဇိုက မတ်ခွက်ကြီးနှင့်ရေ အပြည့်ခပ်ပြီးဦးမောင်ကိုရှေ့မှာ ချပေးလိုက် သည်။

ထို့နောက် ဦးမောင်ကိုအနားမှာ အသာလေးဝင်ထိုင်လိုက်၏။

ဦးမောင်ကိုက ပုလင်းထဲမှအရက်ကို ဖန်ခွက်ထဲသို့နည်းနည်းငှဲ့ထည့် ၏။ ထို့နောက်ရေရောတာ ဖြည်းဖြည်းချင်းမျှင်း၍ သောက်၏။

ထို့နောက် ဆိတ်သားခြောက်ကြော် တစ်ချောင်းယူပြီး သံပုရာသီးစိတ် လေးနှင့် ပွတ်ကာဝါး၏။



"ကောင်းလိုက်တာကွာ··· ဘီအီး (BE)လေးနဲ့ ဆိတ်သားခြောက် ကြော်လေးနဲ့ ရိုက်မှလိုက်··· သွား··· ဂီဇို··· ဆိတ်သားခြောက်ကြော် ...းလေကွာ··· ကောင်းတယ်..."

ဂီဇို့ခံပင်ခွေခွေလိပ်လိပ်လေးတွေကို တယုတယပွတ်သပ်ရင်းပြော၏။

"အရက်က ကောင်းလား ဦးမောင် ..."

"အင်း ··· ကောင်းတယ်။ အရမ်းကောင်းတယ် ··· အင် ···မင်းဘာ ...မေးလိုက်တာလဲ။ မှတ်ထား ···အရက်ဆိုတာ ငါ့အတွက်ပဲကောင်းတာကွ ...င်းအတွက်ဆိုရင်ဘယ်တော့မှ မကောင်းဘူး မင်းကြီးလာရင် အရက်သောက် ...ို့ လုံးဝမစဉ်းစားနဲ့။ သောက်ရင် မင်းကိုငါအသေရိုက်မယ် ကြားလား ... ..."

"ဟုတ်ကဲ့ ..."

"ဟုတ်ကဲ့ဆို သွားတော့ အိပ်ချေတော့ ···ဒီနားမှာ ဘာထိုင်လုပ်နေတာ ...လဲ ··မနက်ကျရင်ကျောင်းသွားရဦးမယ် မဟုတ်လား ···အိပ်ချေတော့ ..."

ဂီဇိုက ဆက်ပြီးထိုင်နေ၏။ သူ့ရင်ထဲမှာမေးစရာတွေရှိနေသည်။

"ဂီဇို ···အိပ်ချေတော့လို့သားကို ပြောနေတယ်လေ ···သွား ...ိပ်တော့···"

"ဦးမောင်ကို သားမေးစရာရှိလို့ဗျ ..."

"မေးစမ်း ···ဘာမေးမလို့လဲ ···သား ဘာသိချင်လဲ"

"ဟို ···သားရဲ့ အဖေနဲ့အမေအကြောင်းပြောပြ ··· ဒီတစ်ခါမငြင်း ... ဦးမောင်၊ ပြောပြနော် သားသိချင်လို့ပါ ..."

"မသိချင်စမ်းပါနဲ့သားရာ ··· စိတ်ညစ်စရာတွေချည်းပဲကွ။ သိလို့ ...ပြီး ဘာမှထူးခြားလာမှာမှ မဟုတ်တာကွာ ··· သွား သွား···အိပ်ချေတော့ ...ာ် ··· သားကလည်းမှာတယ် ..."

တူတော်မောင်ရဲ့နောက်ကျောလေးကို အသာအယာပွတ်သပ်ရင်းပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"မရှာနဲ့ ပြောပြ ဒီတစ်ခါပြောမပြရင် ဦးမောင်အရက်တွေကို သား,ိုးသောက်ပစ်မယ်"

"ဟာ … တော့ကောင် …အဲဒီလိုတော့မလုပ်နဲ့ သားကြီးလာရင် ဦးမောင်ပြောပြမယ်ကွာ ဟုတ်ပြီလား …သွား အိပ်ချေတော့နော် …"

"ကြီးလာမှပြောလည်း ဒီအကြောင်းပဲ အခုပြောလည်း ဒီအကြောင်းပဲ ရှာနဲ့အခုပဲသိချင်တယ်။ ဦးမောင်ပြောမပြရင်သား မအိပ်တော့ဘူး …"

ပြောမပြလို့မရတော့ဘူးဟု ဦးမောင်ကို နားလည်လိုက်သည်။

ဂီမိုပုံစံက ဘယ်လိုချော့ချော့ရမည်ပုံမပေါ …

ဦးလေးဖြစ်သူကို ရှုတ်ခမ်းလေးစူပြီး ကျင်တစ်တစ်နှင့် စိုက်ကြည့်နေ၏၊

"ဟင်း… ခက်တယ်ကွာ…"

ဦးမောင်ကို သက်ပြင်းလေးတန့်ရှာချရင်း ငြီးတွား၏။

တကယ်တော့ စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှ မထူးခြားလှမှာ မဟုတ်တဲ့ ဒီအကြောင်းတွေကို ကြိုးစားပြီးမေ့ပစ်ထားတာကြာပါပြီကော လေ…

"ကောင်းပြီ …ဒါဆိုရင် သားသိချင်နေတဲ့အကြောင်းတွေကို ပြောလို့ရသလောက် ဦးမောင်ပြောပြမယ်၊ ပြောပြီးရင် ဘာမှထပ်ပြီးမေး ရတော့ဘူး ကြားလား"

ဂီမို ခေါင်းညိတ်၏။

သိချင်တာတွေသိရတော့မယ်ဆိုတော့ မျက်နှာလေးကပြုံးနေသည်။

ဦးမောင်ကိုရဲ့ မျက်လုံးတွေမှာ ရုတ်တရက်ယှက်သမ်းလာသောက ဝေးမြေ့ကြေကွဲခြင်း အရိပ်အယောင်တွေပါ …

မပြောချင်တဲ့ အကြောင်းတွေကို ပြောရတော့မယ်လေ …

တူလေးကိုတစ်ချက်ကြည့်ပြီး ပြတင်းပေါက်မှနေအဝေးသို့ မျှော်ကြည့်ရင်း ဦးမောင်ကို သက်ပြင်းချ၏။ ထို့နောက်…



"ဒီလိုကွ ဂီမိုရေ… ဦးမောင်တို့ အဖေနဲ့ အမေရှိစဉ်တုန်းကအိမ်မှာ လေထိုး ကျတ်ဖာနဲ့ သံဂဟေဆက်တဲ့လုပ်ငန်းလေးရှိတယ်…"

"ပိုင်ဘက်လမ်းထဲက 'လေရှိပြီ သံဂဟေ' ဆိုတဲ့ ဆိုင်မျိုးလားဦးမောင်"

"အေး… ဟုတ်တယ် အဲဒီဆိုင်လောက်တော့မကြီးကျယ်ဘူး။ ဆိုင်သေး လေးပေါ့ကွာ… မင်းအဖိုးနဲ့အဖွားက တစ်ယောက်ကိုတစ်ယောက်သိပ် ကြတာကွ အလုပ်လုပ်ရင်လည်း လင်မယားနှစ်ယောက်တက်ညီလက်ညီ ကြတယ်။ အမေက အဖေ့အနားကနေ ဘယ်တော့မှမခွာဘူး။ တစ်နေ့မှာ 'ဂန်' ထည့်တဲ့အလုပ်ပိတ် ပေပါတစ်လုံးကို မစူးစမ်းပဲဖါကြရင်း အလုပ်ထဲ ပေါက်ကွဲမှုဖြစ်တယ်… အဖေရော အမေရော ပွဲချင်းပြီးပဲ …"

"ပွဲချင်းပြီးဆိုတာ ဘာလဲဦးမောင်"

"အဲဒီနေ့ရာမှာတင် ဆုံးသွားတာလို့ပြောတာသားရဲ့။ အဲဒီအချိန်မှာ ောင်နဲ့ မင်းအမေက ကျောင်းကိုရောက်နေကြတယ်လေကွာ။ ဦးမောင်က ကျောင်းနေကာစပဲရှိသေးတယ် မင်းအဖေ ငါ့အစ်ကိုကြီးကတော့ ရှစ်တန်း ောက်နေပြီပေါ့။ အဖေနဲ့အမေဆုံးတော့ ဦးမောင်တို့ညီအစ်ကိုလေး ယောက် အားကိုးရာမဲ့ခဲ့ကြတာပေါ့ကွာ… ဆွေမရှိမျိုးမရှိဆိုတော့ ဘယ်သူ့ကို ကိုးရမှန်းတောင် မသိခဲ့ကြဘူး။ အိမ်နီးနားချင်းတွေရဲ့ကောင်းမှုနဲ့ပဲ အဖိုးနဲ့အဖွားကို သင်္ဂြိုဟ်လိုက်ရတယ်"

"အဖိုးနဲ့အဖွားမရှိတော့ ဦးမောင်တို့ကို ဘယ်သူထမင်းကျွေးလဲ"

"ဦးမောင်တို့ကို ကယ်တင်မယ့်သူမရှိဘူး သား … အဲဒီတော့အစ်ကိုကြီး ကျောင်းထွက်ပြီး အလုပ်လုပ်ကျွေးခဲ့ရတယ်…"

"သားအဖေက ဘာအလုပ်လုပ်ခဲ့တာလဲ ဦးမောင်"

"လေထိုးကျတ်ဖာနဲ့ သံဂဟေအလုပ်ပဲပေါ့ကွာ၊ အစ်ကိုကြီးက အဖေနဲ့ ရှိတုန်းကတည်းက အဖေနဲ့အမေကို ကူလုပ်ခဲ့ရတာဆိုတော့ အဲဒီ လုပ်ငန်း ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်နေတယ်လေ… ဦးမောင်ကိုတော့ အဲဒီ ကာစပြီး ဘွဲ့ရတဲ့အထိ ကျောင်းဆက်တာပေးခဲ့တယ်ပေါ့သားရယ်…"

www.burmeseclassic.com

www.burmeseclassic.com



ဂီဒီလေးက ဦးမောင်ကိုပြောသည်ကို စိတ်ဝင်စားစွာ နားထောင်နေ၏။

""ဦးမောင်က ကံကောင်းပါတယ်ကွာ မိဘတွေရှိတော့ပေမယ့် ပညာကို အေးအေးချမ်းချမ်း ဆက်သင်ခွင့်ရခဲ့တယ်။ ကံဆိုးတာက မင်းအမေ… လူငယ်ပီပီ အရွယ်ရောက်လာတော့ မင်းအမေနဲ့ရည်ငံခဲ့ကြတယ် …""

""ရည်ငံတယ်ဆိုတာဘာလဲဦးမောင် …""

""ရည်ငံတယ်ဆိုတာ… ချစ်တာကြိုက်တာကိုပြောတာကွ ဂီဒီရေ၊ သမီး၊ ရည်းစားတွေ ဘာတွေဖြစ်တာကိုပြောတာ၊ မင်းအမေကအရာရှိကြီးရဲ့သမီး၊ သူ့အမေက မြို့ပိုင်ကြီး၊ မင်းအဖေက ခြောင့်တယ် ချောတယ်ဆိုတော့ သူကစပြီးကြိုက်တာ၊ ငါ့အစ်ကိုလူရိုးကြီးက မင်းအမေလို သူဌေးသမီး၊ အချောအလှကိုစပြီး မကြိုက်ရဲရှာပါဘူး""

'မြို့ပိုင်ကြီး' ဆိုတဲ့ဂုဏ်ပုဒ်ကို ဂီဒီနားမလည်… ရာထူးကြီးကြီး တစ်ခုပဲ နေမှာပေါ့ဟုသာ သဘောပေါက်၏။

""အဲဒီတော့ အဖေနဲ့အမေနဲ့ရလား ဦးမောင်…""

""ရလို့ မင်းကိုမွေးခဲ့တာပေါ့သားရဲ့… မင်းအမေရဲ့ မိဘတွေက အစ်ကိုကြီးကိုမင်းအမေနဲ့ လုံးဝသဘောမတူကြဘူး။ အဲဒီတော့ ခိုးပြေးကြတယ်၊ ဒါပေမယ့် မင်းအဖေကဆင်းရဲတဲ့ဒဏ်ကိုလုံးဝမခံနိုင်ဘူးကွ။ မင်းကိုလည်း မွေးပြီးရော လင်ကိုရောသားကိုပါပစ်ပြီး သူ့မိဘတွေဆီလိုက်သွားတော့တာပဲ၊ အစ်ကိုကြီးက သူ့ဝင်ငွေလေးထဲကနေ ဦးမောင်အတွက် ကျောင်းစားရိတ် ထောက်ရသေးတယ်မဟုတ်လားကွ အဲဒီတော့ ငါတို့မိသားစုလေး သိပ်ဆင်းရဲခဲ့တာပေါ့…

မင်းအမေတော်တော်ရက်စက်တာကွ ဘာအပြစ်မှမရှိပဲ မင်းအဖေ မင်းကိုရက်ရက်စက်စက်ထားပစ်ခဲ့ပြီး ခြေရာပျောက်သွားခဲ့တယ်။ အဲဒီအချိန် ဦးမောင် တက္ကသိုလ်ရောက်နေပြီ၊ ကျောင်းပြီးတော့မှ ဒီအလုပ်ဝင်လုပ်ခဲ့တာ။



အစ်ကိုကြီးက သူ့မိန်းမကို သိပ်ချစ်တာကွ ဂီဒီ၊ အဲဒီစိတ်နဲ့ပဲ ဖောက်သမားဖြစ်သွားခဲ့ရတာ။ အရက်တွေသောက် ဆေးလိပ်တွေသောက်နဲ့ နောက်ဆုံး တီဘီရောဂါနဲ့ သေခဲ့ရတယ် …""

""တီဘီရောဂါဆိုတာ ဘာလဲ ဦးမောင်""

""တီဘီဆိုတာ 'အဆုတ်ကင်ဆာ' ရောဂါပေါ့သားရဲ့ … ဦးမောင်တို့ ရင်ဘတ်ထဲမှာ လေတွေကိုရှူသွင်းလိုက် ရှူထုတ်လိုက်လုပ်နေတဲ့ အဆုတ်ဆို တာရှိတယ် ။အဲဒီအဆုတ်မှာရောဂါရပြီး သေရတာ။ သံဂပေါဆက်နေတဲ့အချိန် မှာ ထွက်လာတဲ့ အငွေ့တွေကိုအမြဲရှူနေရလို့ ဒီရောဂါရတယ်ထင်ပါရဲ့ကွာ။ ဦးမောင် ဒီအလုပ်စဝင်နေတဲ့အချိန်မှာ အစ်ကိုကြီးရောဂါရင့်နေပြီ၊ တစ်ခုဆိုး တာက ဦးမောင်စိတ်ဆင်းရဲစရာကောင်းတဲ့ မင်းအဖေဟာ သူ့ရောဂါအကြောင်း လုံးဝ သိမပေးခဲ့ဘူး။ သူကမပြောတော့ တစ်ခါတလေမှ မင်းအဖေဆီပြန်လာ တတ်တဲ့ ဦးမောင်လည်းမသိဘူးပေါ့ကွာ… အရက်ကြောင့် ပိန်နေတယ်လို့ပဲ ထင်ခဲ့မိတယ်။ အင်း….သားနှင်း၊ နှစ်သားလောက်မှာ အစ်ကိုကြီး ဦးမောင်ဆီကို ရောက်လာခဲ့တယ်။ အဲဒီအချိန်မှာ မင်းအမေက နောက်အိမ်ထောင်နဲ့ ကလေး တစ်ယောက်တောင်ရနေပြီတဲ့လေကွာ… ဘယ်လောက်ယုတ်မာတဲ့မိန်းမလဲ။ ဆင်းရဲတဲ့လင်နဲ့သားကို ပစ်သွားပြီး ချမ်းသာတဲ့ယောကျ်ားကို ထပ်ယူခဲ့ တယ်တဲ့…""

ဂီဒီ့ မျက်ဝန်းမှာ မျက်ရည်လေးတွေစို့လာတာကို ဦးမောင်ကိုမမြင်… စိတ်နာစရာအကြောင်းတွေကို အားနှင့်မာန်နှင့် ဆက်ပြောနေ၏။

""သူ့ စိတ်ကြောင့် အစ်ကိုကြီးအသေစောခဲ့ရတာကွ ဒီမိန်းမကို ငါ့တစ် သက်ဘယ်တော့မှ မကြေဘူး။ အစကတည်းက ငါ့အစ်ကိုကို ဆင်းရဲမှန်းသိ လျက်နဲ့ ယူပြီးကလေးတစ်ယောက်ရမှ စွန့်ပစ်သွားတာ၊ အကြင်နာတစ်စက် လေးမှမရှိတဲ့မိန်းမ။ ကိုယ်မွေးထားတဲ့ ကလေးလေးမျက်နှာတောင် မထောက် ဘူး။ အလွန်ရက်စက်တဲ့မိန်းမ… ဒီလိုပဲကွ…သားရ မိန်းမတွေတစ်ယောက်မှ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး။ ငါ့ရည်းစားကလည်း ချစ်သောဟဲ့ကလေးကိုယူပြီး ငါ့ကိုပစ်သွားခဲ့တာပဲ၊ ဒါပေမယ့် ငါက မင်းအမေလိုဗိုက်ခံမပူဘူးကွ.. သူတို့မိန်းမတွေက ဘာတွေမို့လို့လည်းကွာ.. ဟုတ်တယ်မို့လား လောကကြီးမှာ မိန်းမ ရဲရဲ သေတဲ့မသာဆိုတာမရှိပါဘူး၊ ရှိရှင်ကလည်း ဒီအခါ ထွေညှိလို့သေရမှာဘာ အနေကော ဘာထူးလို့လဲ.. ငါ့မှာမိန်းမ မရှိပေမယ့် တစ်ယောက်တည်းလည်း နေလို့ရတာပဲ၊ နားထောင်အေးသေးတယ် ကိုယ်ရတဲ့ပိုက်ဆံကိုယ့်ဘာသာသုံး၊ ကိုယ့်ဘာသာစား၊ သူများသားသမီးကို လုပ်ကျွေးနေစရာတောင်မလိုတော့ဘူး၊ ပါတိတ်ဖိုးလည်းမပူရဘူး။ စိန်နားကပ်ဝယ်ပေးဖို့ ပူဆာတာလည်း မခံရတော့ဘူး။ မှားကိုအေးလို့ ဟား... ဟား... ဟား ကိုယ့်ဒိဂ်ကိုယ်နိုင်မို့ပဲလိုတာကွ သားရေ... ဟား... ဟား... ဟား...ဘာအပူမှမရှိတော့ဘူး ကောင်းတယ်..."

ဦးမောင်ကိုက အားရပါးရပြောရင်းအရက်ခွက်ကို ကော်မော့၏။

ဂီဇိုကတော့ တရှုပ်ရှုပ်နှင့် ငိုနေပါတော့သည်။

"ဟင်... ဂီဇို... သား၊ မင်းငိုနေတာပေါ့ ဟုတ်လား... လာစမ်း..."

ဦးမောင်ကိုက ဂီဇိုခန္ဓာကိုယ်လေးကို ဆွဲကာနဲ့ပြီး ရင်ခွင်ထဲမှာထွေးဖက်ထားလိုက်၏။

"ဘာလို့ငိုရတာလဲ သားရေ ... ယောက်ျားဆိုတာ မငိုရဘူးကွ၊ ခံနိုင်ရည်ရှိရတယ်.. ငိုတယ်ဆိုတာ ယောက်ျားတွေလုပ်တဲ့ အလုပ်မဟုတ်ဘူး။ တိတ်တိတ်... မငိုနဲ့ သားမှာဦးမောင်တစ်ယောက်လုံးရှိတယ်။ ဘာမှ အားမငယ်နဲ့ ဦးမောင်ဘဝမှာ တွယ်တာစရာဆိုလို့ သားပဲရှိတာ။ ဦးမောင်ကသားကို ဘွဲ့ရတဲ့အထိ ကျောင်းထားပေးမှာကွ မငိုနဲ့ပေါ့ကွာ ... တိတ်တော့ ဦးမောင်က အဲဒီလိုငိုတာကို မကြိုက်ဘူး ...သားတိတ်တော့နော်"

ရင်ခွင်ထဲမှာထွေးဖက်ပြီး မျက်ရည်တွေကိုသုတ်ပေးကာ ချော့သော်ငြား ဂီဇိုအငိုမရပ် ... တသိမ့်သိမ့်ရှိုက်ငိုရင်းသိချင်တာကို မေးပြန်၏။



"ဒါ...ဒါဆို ... သား... သား အမေကအခုရှိသေးတယ်ပေါ့နော်။ အမေ ဘယ်မှာနေလဲဟင်.. ဦးမောင် သိတယ်မဟုတ်လား ..."

ထိုမေးခွန်းကြောင့် ဦးမောင်ကို မျက်နှာခက်ထန်မာကျောသွား၏။

"တော်ပြီ ဂီဇို... ဦးမောင်ပြောပြီးရင် ဘာမှထပ်မမေးရဘူးလို့ ပြောထားတယ်မဟုတ်လား။ နောက်ကိုဘယ်တော့မှ ဒီမေးခွန်းမျိုးမမေးနဲ့၊ ငါဘယ်တော့မှ ပြောမှာမဟုတ်ဘူး။ ချင်း (ချေး)မိန်းမနဲ့ မိတ်သလင်း သူကြင်မှ ကိုယ်ကြင်ဟ... ဘာသံယောဇဉ်မှ မထားနဲ့။ အခုကတည်းက မင်းအမေသာ မင်းကိုထည့်တွက် ခဲ့ရင် ဒီလိုတောင်မနေရဘူး"

"ဒါ... ဒါဆို... ဦးမောင်နဲ့အမေ ဘယ်တုန်းက ဘယ်မှာနေကြတာလဲ..."

ဦးမောင်ကို သဘောကျစွာရယ်၏။

"ဟား... ဟား... ဟား... ခင်ဗျားလေးတစ်ကွာတစ်ပိုက်နဲ့ စကားနိုင်ပြီး သဲလွန်စရှာသလိုမေးပါဟုတ်လား။ မှတ်ထားသား.. အတိတ်ဆိုတဲ့အရာတွေကို ဘယ်တော့မှ မြေကြီးထဲက ပြန်မဖော်ဖို့ မကြိုးစားနဲ့ ဦးမောင်ဘဝလုံးကို ပြည့်ပုံအားအဆုံးထိ ပိုက်ပြီ။ မင်းဘယ်လိုမေးမေး ဦးမောင်သေတဲ့အထိ ပြောပြမှာမဟုတ်ဘူး။ ဒီအကြောင်းတွေကိုကြားခြင်းလို့ သဲလွန်စအားလုံးကို ပျောက်ပစ်လိုက်တာကြာပြီကွ၊ ဦးမောင်နှုတ်ပိတ်ကိုတောင် ရန်ကုန်မှတ်ပုံတင်ပဲပြောင်းလုပ်ထားတာ၊ လက်ဖျောက်တီးသေးလို့ မင်းကြီးလာတဲ့အခါ ကြိုက်သလောက်ရှာစမ်း ဘာသဲလွန်စမှမရှိစေရဘူး ...ကဲ ပါသားရယ် ညဉ့်လည်းနက်နေပြီ ဘာမှ လည်း စိတ်မနေတော့နဲ့ လောကကြီးမှာ သားရယ် ဦးမောင်ရယ်ပဲ ရှိတယ်လို့ အောက်မေ့။ ဦးမောင်တို့ကာလနာလေးဟာ ချမ်းသာပေမယ့် ပြည့်စုံပါတယ်ကွယ်... အေး... မင်းအရွယ်ရောက်လာရင်တော့ မင်းကို ဦးမောင်ကိုယ်တိုင် မိန်းမပေးစားမယ်ပေါ့ ...ဟုတ်ပြီလား ..."

"မယူချင်ပါဘူး ဦးမောင်ရာ၊ ဦးမောင်ပဲပြောတယ်လေ.. မိန်းမတွေကောင်းဘူးဆို"

www.burmeseclassic.com

www.burmeseclassic.com



""ဟော့ …ဟော့ …ဒီလိုတော့လည်း ဟုတ်ဘူးလေကွာ၊ မိန်းမတွေ မကောင်းဘူးဆိုပေမယ့်။ မင်းအဖွား ငါ့အမေလို… ဟိုဘက်အိမ်က ကိုစိုးနိုင် မိန်းမလို… ဆင်းရဲပေမယ့် ကိုယ့်ယောကျ်ားကို သစ္စာရှိရှိပေါင်းတဲ့ မိန်းမတွေ လည်းရှိပါသေးတယ်ကွ။ ပြီးတော့ငါတို့မျိုးဆက်ဆိုတာလည်း ရှိသေးတယ်။ အဲဒီတော့ မင်းအမေလိုမဟုတ်တဲ့ မိန်းမကိုရှာပြီး ပေးစားရမယ်ကွ ဟား… ဟား …ဟား""

ဦးမောင်ကိုက သူ့စကားကို သူသဘောကျပြီး ရယ်နေပြန်၏။ သူပြောနေတာတွေအားလုံးကို ဂီဇိုနားမလည် …

""မျိုးဆက်ဆိုတာ ဘာလဲဦးမောင် …""

""သား နားလည်ဖို့ မလိုသေးပါဘူးကွာ… သားက, ကလေးပဲရှိသေးတာ သားအရွယ်ရောက်တော့ ဦးမောင်ရှင်းပြမှာပေါ့ …ကဲကဲသားလေး အိပ်တော့နော် … ဦးမောင်လည်းအိပ်ချင်ပြီ …သွားအိပ်တော့ ဦးမောင်အိပ်ယာ ခင်းထားတယ်၊ ခြင်တွေမဝင်အောင် ခြင်ထောင်ကိုဖျာနဲ့သေချာဖိပြီးမှအိပ် ဟုတ်ပြီလား …သွားတော့""

ဦးလေးဖြစ်သူနားမှ လေးကန်စွာထလာပြီး အိပ်ယာဝင်လိုက်ရပေမယ့် ဂီဇိုအိပ်မပျော်ပါ၊ စိတ်ကူးထဲမှာ မိခင်ဖြစ်သူကိုသာ အမျိုးမျိုးပုံဖော်မြင်ယောင် ကြည့်နေမိတော့သည်။

""အမေ့ကိုတွေ့ဖူးချင်လိုက်တာ …""

* * * * *



( * )

ဂီဇို့ခြေလှမ်းတွေ တက်ကြွနေသည်။

သူမကတော့ ဂီဇို့ဘေးမှာ ကုပ်ကုပ်ကလေးလိုက်ပါလာ၏။ တစ်ချက် တစ်ချက်လည်း ဂီဇို့လွယ်အိတ်ဖောင်းဖောင်းကြီးကို မဝံ့မရဲကြည့်နေလိုက် သေးသည်။

ဟန်ပါပါစလွယ်သိုင်းပြီး လွယ်ထားတဲ့ ဂီဇို့လွယ်အိတ်ထဲမှာ ကျွတ်ကျွတ် အိတ်ဖြင့် လူကြီးတွေမမြင်အောင် ဝှက်ယူခဲ့သောခရေပန်းကုံးလေးတွေရှိနေ ကြ၏။ တကယ်တမ်း ပန်းရောင်းရမည်ဆိုတော့ သူမ, မရောင်းရဲ… ရှက်နေ သည်။

""ပျော်စရာကြီးနော် …မီကူး ပန်းတွေကုန်သွားရင် ပိုက်ဆံတွေရ မှာ""

""အင်း… နော်""

ဂီဇိုက တက်တက်ကြွကြွပြောပေမယ့် သူမ, မပွင့်တပွင့်ဖြေ၏။

ကားဂိတ်ရောက်တော့ ဂီဇိုကခရေပန်းကုံးအချို့ကိုခွဲပြီးပေး၏။

""ရော့မီကူး… နင်ကတစ်ဖက်ယူ ကားတွေရပ်မိရင် ပန်းယူဦးမလားလို့ မေးမေး… ယူမယ်ဆိုတဲ့ကုံးကို တစ်ဆယ်နဲ့ရောင်း။ ပိုက်ဆံကိုသေချာရေပြီး မှ ပန်းကုံးတွေပို့ပါမသွားစေနဲ့။ အပိုတောင်းရင်လည်း 'မရဘူး' လို့ပြော… ကြားလား …""

""အင်း… အင်း""

""လမ်းကူးရင်ကားတွေကို သေချာကြည့်ပြီးမှကူးနော်… မပျာနဲ့""

www.burmeseclassic.com

www.burmeseclassic.com



"အင်း... အင်း..."

"မိကျွး... ဗိုက်ဆာအရွတ်ကြီးကြီးပေးပြီး ပန်းနှည်းနည်းပဲဝယ်ရင် ငါဆယ်ဖိုးယူလိုက်ပါလား အစ်မရယ်၊ တစ်ရာတိုးယူလိုက်ပါလား အစ်မရယ်လို့ ပြောရတယ်ဟာ.. နည်းနည်းပဲယူမယ်ဆိုရင်လည်း အကြွေပဲပေးပါ ဘာညာ ပြောရတယ်သိလား.. ငါတို့မှာ ပြန်အမ်းစရာဗိုက်ဆံမပါဘူး။ ရှောင်းရှင်း ရှောင်းရှင်းနဲ့မှ ပြန်အမ်းစရာရမှာ"

"အင်းပါ ..."

"ဗိုက်ဆံ အမြန်ယူ၊ ပန်းအမြန်ပေး.. ပြီးရင် နောက်တစ်ကားကို သွားရောင်း။ သွက်သွက်လက်လက်လုပ်နော်၊ ကြောင်တောင်တောင်လုပ်မနေနဲ့ ကြောက်စရာမလိုဘူး။ နားလည်လား ..."

"နားပါတယ် ... ငါသိပါတယ် ..."

"အေးပါလုပ်ခနေနဲ့ ဟိုမှာ မီးနီနေပြီ ...လာ ..."

ပြောပြောဆိုဆိုဖြင့် ဂီဇိုက ရှိုင့်မိနေသော ကားတစ်စီးအနားကို လှစ်ကနဲ ပြေးသွား၏။

ကံကောင်းထောက်မစွာဖြင့် ဂီဇိုပထမဆုံးသွားရောင်းသောကားက ငါးဆယ်ဖိုးဝယ်ပြီး ရှေ့ဦးပေါက်သွား၏။

ဝမ်းသာအားရဖြင့် ပိုက်ဆံယူပြီးတော့ နောက်တစ်စီးဆီသို့ ဂီဇိုပြေးကာ ပြန်၏။

ဂီဇိုတစ်ယောက် ကိုးကားမှာပြေးရောင်းလိုက် ဒီကားမှာ ပြေးရောင်းလိုက်နဲ့ ပျော်ပျော်နေချိန်အထိ သူကတော့ ပလက်ဖောင်းပေါ်မှာ တုတ်တုတ်မှမလှုပ် ... ခေါင်းငင်းငင်းလေးရပ်နေဆဲ...

မီးပြိုင့်စိမ်းသွားတော့ ကားတွေ ပြေးထွက်၏။

ဂီဇိုက ကားသွားကားလာကိုကြည့်ပြီး လှစ်ကနဲ လှစ်ကနဲလမ်းကာ ပလက်ဖောင်းပေါ်ပြန်ရောက်လာသည်။



သူမက ဂီဇို့ကို မျက်လုံးလေးအဝိုင်းသားနှင့် ကြောင်ပြီးကြည့်နေဆဲ...

"ဂီဇို... ဂီဇို... ငါ...ငါ"

"နင်ဘာလုပ်နေတာလဲ မိကျွး.. ရောင်းလဲမရောင်းဘူး။ ဒီမှာကြည့် ငါ့ဆယ်ကြီးတောင်ရပြီ။ သုံးမီးပဲဝယ်သွားတာဆရာ ဟဲ ...ဟဲ ဒီတစ်ခါ ဝါးနိုင်ပြေးရောင်းဟာ.. ငယ်တယ် ရှေးမဆစ်ကြဘူး။ ဟော ...နင်ဘာဖြစ်နေတာလဲ၊ ငါပြောတာ ကြားရဲ့လား၊ ကြောင်တောင်တောင်နဲ့ ..."

"ဂီဇို... ငါ... ငါ... မရောင်းရဲဘူး..."

"ဘာဖြစ်လို့လဲဟ။ မကြောက်နဲ့၊ အစ်မကြီးတွေ့ရင်.. အစ်မပန်းယူဦးမလား လို့မေးလိုက်.. အစ်ကိုကြီးတွေ့ရင်.. အစ်ကိုကြီး ပန်းယူဦးမလား လို့သာမေးလိုက်။ ဘာမှကြောက်စရာမရှိဘူး။ ပျော်စရာတောင် ကောင်းသေးတယ်.. တွေ့လား ရှစ်ဆယ်ရပြီ... ဟား... ဟား... ဟား..."

"ငါ... ငါ... မရောင်းရဲဘူးဂီဇို ..."

"ဘာဖြစ်လို့ မရောင်းရဲတာလဲ ..."

"ငါ ...ငါ... ရှက်တယ်..."

တုန်တုန်ရီရီနှင့်ပြောတာလေးကို ကြည့်ပြီး သူမကိုသနားသွားမိသည်။ အားလေ... မိကျွးက မိန်းကလေးဆိုတော့ ရှက်ရှာမှာပေါ့...

"ကဲ... ကဲ... နင့်လက်ထဲက ပန်းတွေငါ့ကိုပဲပေးလိုက်တော့.. ငါပဲ ရောင်းလိုက်တော့မယ်။ ရော.. ငါ့လွယ်အိတ်နဲ့ ထမင်းဘူး ခဏယူထား၊ နင်ဒီ နားလေးမှာပဲရပ်နေ ကြားလား.. ကျောင်းချိန်က အဝေးကြီးလိုပါ သေးတယ်"

"အေးပါ... ငါဒီနားကစောင့်နေမယ်..."

"ယော... မီးနီပြန်ပြီ... ငါသွားရောင်းလိုက်ဦးမယ်..."

ဂီဇို ပြောပြောဆိုဆိုနှင့် ပြေးထွက်သွားတော့ သူမမျက်လုံးလေးက ဟယ်ကာလယ်နှင့် ကျန်ရစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဂီဇိုက ပွိုင့်မိနေတဲ့ကားတွေဆီမှာ အပြေးအလွှားပန်းသွားရောင်းပြန်၏။ ဒီလိုနဲ့ မီးပွိုင့်သုံးခါလောက်နီတော့ . . ဂီဇိုလက်ထဲမှာ ဘာမှမကျန်တော့ . . .

ဂီဇို့ ရှက်နှာလေးက ဝမ်းသာမှုကြောင့် ပြုံးရွှင်လို့နေလေသည်။

"ဟား. . . ဟား. . . ပန်းတွေကုန်သွားပြီ။ ကြည့်စမ်းပိုက်ဆံတွေ ဟိုကား ပေါ်က အစ်ကိုကြီးဆိုပိုဝဲ့ပိုက်ဆံတောင်ပြန်ယူမသွားဘူးဟ. . တစ်ဆယ် နှစ်ဆယ် သုံးဆယ် ရှစ်ဆယ် . . .တစ်ရာ . . ."

ဝမ်းသာအားရပြောရင်း လက်ထဲကပိုက်ဆံတွေကို ရေတွက်နေပြန်သည်။

"ဟာ. . . မိကျွး နှစ်ရာငါးဆယ်တောင်ရတယ်ကြည့်စမ်း တစ်ရာက်တည်း နဲ့ နှစ်ရာငါးဆယ်ရတယ်။ ဒါဆိုတစ်ပတ်လောက်ရောင်းပြီးရင် နင်လုံချည်ဝယ် လို့ရပြီ ဟား. . . ဟား. . . ပျော်လိုက်တာကွာ. . ."

"အေးနော်. . . နင်လည်း တစ်ခုခုဝယ်လေ. . .နော် ဂီဇို"

"မလိုပါဘူးဟာ ငါလိုရင် ဦးမောင်ကိုဝယ်ခိုင်းမှာပေါ့၊ နင့်အတွက် လုံချည်ဝယ်ပြီးလို့ ပိုက်ဆံတွေပိုသေးတယ်ဆိုရင် သိမ်းထားမှာပေါ့၊ နင်လိုတဲ့ အခါ အဆင်သင့်ဖြစ်တာပေါ့ဟ. . ."

"ကောင်းတယ်ဂီဇို. . . နင်ပဲသိမ်းထားနော်၊ နင်စားချင်တာလည်း ဝယ်စားပေါ့"

"အေးပါ . . .လာ . . .သွားကြမယ် . . ."

နှစ်ယောက်သား ပေါ့ပါးသောခြေလှမ်းများဖြင့် ကျောင်းသို့ချီတက်သွား ကြလေတော့သည်။



( * )

ဂီဇိုပန်းရောင်းတာ ငါးရက်ရှိပြီ. . .

ငါးရက်အတွင်းမှာ ပိုက်ဆံတစ်ထောင့်နှစ်ရာတိတိ စုမိနေပြီဖြစ်သည်။

မနေ့ကကျောင်းပိတ်ရက်မှာ သူတို့နှစ်ယောက် လုံချည်ဝယ်ဖို့ သွားခဲ့ကြ သည်။ သို့သော် မဝယ်ဖြစ်ခဲ့။ မိကျွးလိုချင်သော လုံချည်လေးက ဈေး ကြီးသွားပြီ. . .

တစ်ထောင့်ငါးရာ. . . တဲ့. . .

သို့သော် သူတို့နှစ်ယောက်လုံး စိတ်မညစ်ကြ . . . နောက်နှစ်ရက်ဆို ပိုင်ပြီပဲ၊ အခုလည်းပန်းရောင်းထားတာ တစ်ရာလောက်ရနေပြီဖြစ်သည်။ ထဲမှာလည်း တစ်ရာကျော်ကျော်ဖိုးလောက် ကျန်သေးသည်။

"အင်း. . . မနက်ဖန်ဆိုဝယ်လို့ရပြီ. . ."

တွေးနေစဉ်မှာပဲ မီးပွိုင့်ကနီသွားပြီး အလယ်ယာဉ် ကြောရှိကားပေါ်မှ ကြီးတစ်ယောက်က သူ့ကိုလက်ယပ်ခေါ်၏။

ဝမ်းသာအားရ ပြေးသွားလိုက်မိသည်မှို ပလက်ဖောင်းနှင့် အနီးဆုံးယာဉ် မှ ရှောတနဲ့ဝင်လာသော ကားကိုမမြင်လိုက်. . .

"အား. . ."

"ကျွီ" (ကားဘရိတ်အုပ်သံ)

အရှိန်လျှော့ပြီးဝင်လာသောကားက အချိန်မီ ဘရိတ်အုပ်လိုက်နိုင်သည်။ သို့သော် ကားရပ်လိုက်သည့် အချိန်မှာပင် ဂီဇို့ကို ပွတ်ဆွဲလိုက်သလို သွား၏။ ကံကောင်းသည်ဟုဆိုရမည်။

"ဘာဖြစ်သွားသေးလဲ ညီလေး . . ."

www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းအောက်မှာ လဲကျနေသော ဂီဇိုထံသို့ကားပေါ်မှ လှမ်းပြေးလာပြီး ဆွဲထူပေးလိုက်သည်။

"ဟာ ...အစ်ကိုကြီး ... ရတယ်တကယ်မဖြစ်ပါဘူး။ ကျွန်တော်ဘာမှမဖြစ်ပါဘူး..."

ကားပေါ်မှဆင်းလာသူက ပန်းဝယ်နေကျအစ်ကိုသည် ..ဂီဇို မှတ်မိသည့် ပိုတဲ့ပိုက်ဆံကို ပြန်မယူမသွားတတ်သည့် အစ်ကိုကြီး။

"ဟုတ်ရဲ့လား ငါ့ညီရယ်.. ဖြစ်ရတယ်ကွာ။ ကံကောင်းလို့.. ကားရပ်လိုက် တဲ့အချိန်နဲ့ ကြုံသွားလို့.. ဂရုမိုက်ငါ့ညီ လမ်းမကူးခင် ကားသွားကားလာကို အရင်ကြည့်ရတယ်ကွ"

ကားဆရာက သူ့လက်ကောင်းလေးကို ဆိုးရိမ်စွာ ဆုပ်ကိုင်ရင်းပြော၏။

"ဟုတ်ကဲ့ပါ အစ်ကို ကျွန်တော် ဘာမှမဖြစ်ပါဘူး။"

"ဘာမှမဖြစ်ဘူးသာပြောတယ် မင်းတံတောင်ဆစ်သွေး ပေါက်ပြီကုန်ပြီ၊ ကြည့်စမ်းသွေးတွေတောင်စို့နေပြီ တော်တော်ပွန်းသွားတယ်..."

"ရပါတယ် အစ်ကိုရ ဘာမှမဖြစ်ဘူး.. ခဏနေပျောက်သွားမှာ ကျွန်တော် ပန်းသွားရောင်းလိုက်ဦးမယ်။ အစ်ကိုရော ဒီနေ့ပန်းမဝယ်တော့ဘူးလား ..."

"နေဦး... အဲဒီပန်းတွေငါ့ကိုအကုန်ပေး... ရော့... မီးစိမ်းတော့မယ် သွားတော့"

အိတ်ကပ်ထဲကို ပိုက်ဆံထိုးထည့်ပေးပြီး တွန်းလွှတ်တော့.. မီကူးဆီပြေးလာခဲ့ရ၏။

ကူးကူးက ပလက်ဖောင်းပေါ်မှာ ငုတ်တုတ်လေးထိုင်ပြီး တဆတ်ဆတ်တုန်နေ၏။

မျက်စေ့ကိုလည်း စုံမှိတ်ထားလိုက်သေးသည်။ ဂီဇိုသူ့မနားရောက်လာတာကိုမမြင်...



"ဟော့... မီကူး နင်ဘာဖြစ်နေတာလဲ"

"ဟင် ဂီဇို... နင်... နင်ဘာမဖြစ်ဘူးလား... နင်သေပြီအောက်မေ့ငါငိုနေတာ.. မကြည့်ရဲလို့ မျက်စေ့တောင် မှိတ်ထားတာ။ နင်... ဘာမှ မဖြစ်ဘူးနော်"

"အေး... ဘာမှမဖြစ်ဘူး ကားရပ်လိုက်တဲ့အချိန်နဲ့ အံကိုက်ဖြစ်သွားလို့။ ဟဲ ...ဟဲ လက်တော့နည်းနည်းပွန်းသွားတယ်။ ပန်းတွေကုန်ပြီဟ၊ အစ်ကိုကြီးပဲ အကုန်ဝယ်သွားတယ်။ မနက်ဖန်ဆို လုံချည်ဖိုးပြည့်ပြီ။ ...ငါရေကြည့်လိုက်ဦးမယ်"

ပြောရင်း အိတ်ကပ်ထဲက ပိုက်ဆံတွေကို ထုတ်ရေ၏။

"ဟာ... တစ်ထောင်တန်ကြီးဟ... တစ်ရွက် နှစ်ရွက်... သုံးရွက်၊ ... သုံးထောင်ကြီးများတောင်... အဲဒါပိုအစ်ကိုကြီးပေးသွားတာ... ...ငွေတာပဲ။ မီကူး နင်လုံချည်နှစ်ထည်တောင် ဝယ်လို့ရပြီဟ... အိုး... ...ဟိုး... သုံးထောင်ကြီးများတောင်ဆရာ..."

ပိုက်ဆံတွေကိုကိုင်ပြီး ဂီဇိုက, နေတော့.. ကူးကူးနိုင် တစ်ယောက်ငိုရ...သည်။

"ဂီဇို... နင်မနာဘူးလားဟင်... ဒီမှာသွေးတွေတောင်စို့နေပြီ၊ ငါဘာလုပ်...ရမလဲ..."

"ရပါတယ်ဟာ... မနာပါဘူး။ လာ... ကျောင်းသွားမယ် နင်ဘာစား...မလဲ"

"ဟင့် အင်း... မစားတော့ဘူး"

"ဒါဆိုလည်းသွားစို့ ...နင်လုံချည်နှစ်ထည်ဝယ်လိုက်တော့ မီကူး.. ...ဝယ်ပြီးရင် ပိုက်ဆံတွေပိုတောင်ပိုနေသေးတယ်။ သိမ်းထားရမယ်ဟ"

"အေးပါ... နင်ပဲသိမ်းထားလိုက်လေဟယ်... နော်... ဂီဇို"

"အင်းပါ..."

www.burmeseclassic.com

www.burmeseclassic.com



( * )

"ရှော့မိကျူး နှင့်ဘာသာပဲကိုင်ခဲ့တော့"

လှံချည်အစိမ်းလေးနှစ်ထည်ကို လက်ထဲထည့်ပေးလိုက်တော့မိကျူး မျက်နှာလေးက ပြုံးလို့...

"ဝမ်းသာလိုက်တာဂီဇီရယ် နှင်းထည်ကြီးတောင်နော်.. မနက်ဖန်ကျောင်းသွားရင် လုံချည်အသစ်လေးဝတ်သွားရမယ်၊ ငါတို့နောက်နေ့ဆိုယင်းကောက်စရာ မလိုတော့ဘူးနော်... ဂီဇီ..."

"ကောက်ရဦးမှာပေါ့ဟ"

"ဘာလုပ်ဖို့လဲ.. ဒီမှာလုံချည်ရှိပြီလေ၊ ပိုက်ဆံကပိုတောင်ပိုနေသေးတယ် မဟုတ်လား။ မလိုတော့ဘူးလေ"

"အခုမလိုလည်း နောက်လိုချင်လိုလာမှာပေါ့.. စာအုပ်ဖိုးတွေဘာတွေ လိုရင် ဘယ်လိုလုပ်မလဲ။ ငါကတော့ ဆက်ရောင်းမှာပဲ၊ နှင်သာနိုင်အောင် သိပေး..."

"အေးပါ... သိပေးပါ့မယ်။ ညောင်းတော့ညောင်းတယ်ဟ.. ညဆိုအေး မသိအောင်ခြင်ထောင်ထဲမှာ ခိုးလုပ်ရတာ"

"မိကျူး"

"ဘာလဲ"

"နောက်နေ့တွေ ငါပန်းသွားရောင်းရင် နှင်လိုက်မနေနဲ့တော့.. ငါဘာသာ တစ်ယောက်တည်းပဲ သွားတော့မယ်။ နှင်လိုက်လာလို့လည်း ဘာမှမထူး ဘူး..."



"အေးလေ... ဒါဆိုလည်းမလိုက်တော့ဘူး။ နှင်ပန်းရောင်းပြီရင်ကား ...က်ကစောင့်လေ ငါလာခဲ့ ကျောင်းကိုအတူသွားတာပေါ့ ..."

"အေး... ငါပန်းရောင်းပြီးရင် ကားဂိတ်ကစောင့်နေမယ်"

"ဟဲ့... ဂီဇီ... အမေက ဒီလုံချည်တွေဘယ်ကရတာလဲလို့ မေးရင် ...ယ်လိုပြောမလဲ..."

"ဆရာမပေးတာလို့ ပြောပေါ့ဟ.. ဒါလေးတောင်မသိဘူးလား ... ...က်ပြီးငါတို့ ပန်းရောင်းတာကို ဘယ်သူမှမသိစေနဲ့။ ငါ့ဦးလေးသိသွားရင် ...ယ်ဘူးကြားလား"

"အင်းပါ ...နှင်လည်းကြာကြာမရောင်းရတော့ပါဘူး။ ခရေပန်းတွေက ...တော့မှာ၊ အခုတောင်ပန်းသိပ်မရတော့ဘူး"

"ခရေပန်းကုန်းရင် ဗျာနှယ်တွေသတင်းစာတွေရောင်းမှာပေါ့ မိကျူးရ၊ ...ဂိတ်ကဗျာနှယ်ရောင်းတဲ့ လူကြီးကိုတောင် ပြောထားပြီးပြီ။ ယူရောင်းလို့ ...ယ်"

"ဟဲ့ဂီဇီ... နှင်ဘာလို့ အဲဒီလိုတွေအရမ်းလုပ်ချင်နေရတာလဲ။ ပိုက်ဆံ ...ရတော့ ဘာလုပ်မှာမို့လိုလဲ"

"စုထားမှာပေါ့ဟ၊ လိုရင်သုံးလို့ရတာပေါ့"

တကယ်တမ်းကျတော့ ဂီဇီအတွက်ဘာမှ မလိုအပ်ပါ။

ဦးမောင်ကိုဆိုတဲ့ ဦးလေးဖြစ်သူရဲ့ရင်ခွင်မှာ သားတစ်ယောက်လိုခိုလှုံ ...နေတဲ့ ဂီဇီ့အတွက် ဘာလိုအပ်ချက်မှမရှိ။ အချိန်တန်လျှင် ကျောင်းတက်.. ...ပြင် စာကျက်နေရုံပဲရှိသည်။

ကျူးကျူးနိုင်တို့ မိသားစုလေးစားဝတ်နေရေး ကျပ်တည်းလွန်းသဖြင့် ...းလိုအပ်တဲ့အချိန်မှာ ပိုက်ဆံအဆင်သင့်ရှိနေစေချင်တာ.. ဂီဇီ့ရင်ထဲက ...တဲ့နှလုံးသားလေးတစ်ခုရဲ့ စေတနာမျိုးစေ့လေးပါ။

ကျူးကျူးပျော်လျှင် သူပျော်သည်။

ကျူးကျူးစိတ်ညစ်လျှင် သူလည်းစိတ်ညစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကူးကူးနိုင်ကို အမြဲတမ်းပျော်ရွှင်နေစေချင်တာက… ဂီဇိုရဲ့ပြင်းပြသော ဆန္ဒလေးတစ်ခု ဖြစ်နေတော့သည်။

ထိုမျှအထိ ကူးကူးကို ဂီဇိုခင်မင်သည်။ တွယ်တာသည်။

စကားတပြောပြောနဲ့ လျှောက်လာကြသော သူတို့နှစ်ယောက်ရုံးဆင်းပြီ ရဲ့ အဝကို ရောက်လာကြသည်။

တံခါးဝမှာ ကူးကူးအဖေဦးစိုးနိုင်နှင့်ဆုံ၏။ ဦးစိုးနိုင်က…

"သမီးဘယ်တွေလျှောက်သွားနေတာလဲ.. ဟိုမှာ နှင့်အမေ နေမကောင်း ဘူး။ အမေ့မှာအမောနေစမ်း… အဖေဆေးပြေးဝယ်လိုက်ဦးမယ်…"

"ဟုတ်ကဲ့အဖေ…"

ကူးကူး အိမ်ထဲကိုပြေးသွားတော့ သူပါလိုက်လာခဲ့လေသည်။ ကူးကူး ရဲ့အမေက ရင်ကျပ်ရောဂါရှိသည်မို့ တစ်ခါတစ်ခါ ရင်ကျပ်ပြီးမောတတ်သည်။

အခုလည်း ငုတ်တုတ်လေးထိုင်ပြီး အမောဖြေနေပုံရသည်။

အသက်ရှူသံတွေကို အတိုင်းသားကြားနေကြရ၏။

အိမ်ထဲဝင်လာသော သူတို့နှစ်ယောက်ကို စကားပင်မပြောနိုင်အော မောနေခြင်းဖြစ်သည်။

"အမေ…အမေ…သမီးဘာလုပ်ပေးရမလဲဟင်…နှိပ်ပေးရမလား"

သမီးဖြစ်သူရဲ့ အမေးစကားကိုပင် ပြန်မဖြေနိုင်အား.. လက်ကလေးပြ ပြီး ခေါင်းလေးခါ၏။

"ဆေးခန်းပို့မှ ကောင်းမယ်ထင်တယ်မိကူး။ နှင့်အမေကို စောင့်ကြည့် ထား၊ ငါဦးစိုးကိုသွားပြောလိုက်မယ်"

ပြောပြီး.. ဦးစိုးနိုင်နောက်သို့ လှစ်ကနဲပြေးလိုက်သွားတော့သည်။ အပြင် ပြေးလိုက်ခဲ့တာမို့ ဦးစိုးနိုင်ကို လမ်းမှာပင် မီသွား၏။

"ဦးစိုး… ဦးစိုး…"

"ဟော… ဂီဇို… ဘာဖြစ်လို့လဲကွ"

"ဘာမှမဖြစ်ဘူး။ ဦးစိုးကိုလာခေါ်တာ"

"ဟာ… ငါဆေးသွားဝယ်မလို့ကွ"

"သွားဝယ်မနေတော့နဲ့ဦးစိုး.. ဒေါ်လေးပုံစံက ဆေးခန်းသွားမှသက်သာ မယ့်ပုံပဲ"

"ဟာကောင်… တိုးတိုးပြောစမ်း ငါ့မှာပိုက်ဆံမရှိဘူးကွ။ ဒီပိုက်ဆံ တောင် မင်းဦးလေးဆီက ချေးလာတာ"

"ဦးစိုး ဘယ်လောက်ချေးလာတာလဲ"

"ငါးရာ"

ဂီဇိုက အိတ်ကပ်ထဲကပိုက်ဆံတွေကိုထုတ်ပြီးပေး၏။

"ရော့ ဦးစိုး… ဆေးခန်းသွားလိုက်၊ ဆိုက္ကားငှားပြီးသွားပြလိုက်"

"ဟာကောင်ဂီဇို.. မင်းဒီပိုက်ဆံတွေ ဘယ်ကရလာတာလဲ"

"ကျွန်တော်စုထားတာ၊ သုံးလိုက်ဦးစိုး ပြန်မပေးနဲ့"

"ဟော…"

ဦးစိုးနိုင်သူ့ကိုကြည့်ပြီးအံ့ဩနေ၏။

ကလေးတစ်ယောက်ရဲ့စေတနာကိုအသိအမှတ်ပြုမိပေမယ့် ယူရမှာကို ကြောက်မလို့။ ဇနီးသည်ကိုလည်း ဆေးခန်းပို့ချင်သည်။ ဘာလုပ်ရမလဲမဝေခွဲ ပါတော့…

"ဂီဇို… မင်း"

"သွားပါတော့ဦးစိုးရာ… ဟိုမှာဒေါ်လေးကတစ်အားဖြစ်နေတာ"

"သြော်… အေး… အေး… ငါ ဆိုက္ကားသွားငှားလိုက်ဦးမယ်။ မင်း ငါပြန်ပေးပါ့မယ်ကွာ ကျေးဇူးတင်ပါတယ်…"

"ရတယ်.. ဦးစိုး ပြန်ပေးမနေနဲ့။ ဦးစိုးဆိုက္ကားငှားပြီး ပြန်ခဲ့၊ ကျွန်တော် စောင့်နေမယ်"

"အေး.. အေး.. ပြန်နှင့်၊ ငါအခုပြန်လာခဲ့မယ်"

ဆိုက္ကားငှားဖို့ထွက်သွားသော ဦးစိုးနိုင်ကိုကြည့်ပြီး.. သူ့ရင်ထဲမှာ ကျေနပ်လို့မဆုံး။ ကူညီခွင့်ရလိုက်တာကိုလည်း ကြည်နူးလို့မဆုံး ဖြစ်နေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



( း )

ဦးမောင်ကိုက တိုက်ပုံအင်္ကျီကိုချွတ်ပြီး ခုတင်ပေါ်သို့ဒေါသတကြီး ပစ်တင်လိုက်၏။

"တောက်! "

ဦးလေးဖြစ်သူရဲ့ 'တက်ခေါက်သံ' ကြောင့် ဂီဇိုဆတ်ကနဲတုန့်သွား ရသည်။ ဦးမောင်ကို ခုတင်ပေါ်ဝုန်းကနဲထိုင်ချလိုက်သည်အထိ အိမ်ထဲ မဝင်ရဲသေး… တံခါးဝမှာခေါင်းငုံ့ပြီးရပ်နေဆဲ…

"ဟောကောင်… အထဲကိုဝင်စမ်း…"

ဂီဇိုမရဲတရဲဖြင့် အိမ်ထဲသို့ဝင်၏။ ဦးမောင်ကိုနားအထိ မသွားရဲ…

"ရှေ့တိုးခမ်း …"

ကြောက်ကြောက်နှင့် ဦးလေးဖြစ်သူရှေ့နားအထိတိုးသွားရပြန်သည်။ ရွှေရောင်ကိုင်းတပ်မျက်မှန်အောက်က ဦးမောင်ကိုရဲ့မျက်လုံးတွေကို သူ မဆိုင်ရဲ…

ကျွန်ကာရစ်ကြမ်းပြင်ကိုသာ ငုံ့ကြည့်နေ၏။

"ဂီဇို… "

"ခင်ဗျာ… "

"ငါ့ကိုကြည့်စမ်း… "

မရဲတရဲနှင့် မော့်ကြည့်၏။

"မင်း… အဲဒါဘာလုပ်တာလဲ"



"သား… သား… အဲဒါ သား ဟာတွေမဟုတ်ဘူး ဦးမောင်… ကို… အဲဒါတွေက သားသူငယ်ချင်းဥစ္စာတွေ… သူက ခဏကိုင်ခိုင်းထားလို့။ ကို… သူအိမ်သာခဏသွားချင်လို့ဆိုပြီး သားကိုကိုင်ခိုင်းထားခဲ့တာ… ဟုတ် ကယ်…"

"ဟေ့ကောင်… ငါ့ကိုမလိမ်နဲ့။ ငါရောက်နေတာကြာပြီ… ကားသုံး လေးစီးလောက်ရောင်းပြီးအောင် စောင့်ကြည့်ပြီးမှ မင်းကိုလာခေါ်တာကွ ၊ ဘာလည်းလား…"

"ခင်ဗျာ…"

"ဘာခင်ဗျာလဲ… ရုံးကလူတွေပြောနေတာကြာပြီ …မဖြစ်နိုင်ပါဘူးဆို ပြီး နေ့နေတာကွ။ ဒီနေ့တော့ ဟော့ဒီငါ့မျက်စေ့ကြီးနဲ့ ကိုယ်တိုင်မြင်ခဲ့တာ။ သေချာအောင် စောင့်ကြည့်ပြီးမှ အပိုင်ဖမ်းတာ… ကဲ… မင်းဘာဆက် ငြင်းဦးမလဲ…"

သူ့မှာ ပြောစရာစကားမရှိတော့… ငြင်းစရာစကား မရှိတော့… ခေါင်းကိုသာ တွင်တွင်ငုံ့လို့ထားလေသည်။

"ငါ့ကို ရှင်ကွဲအောင်လုပ်နေတာလား ဂီဇို … ငါ့ရင်ကိုခွဲနေတာလားကွ ကောင်။ ပြောစမ်းပါဦး … ရုံးအုပ်စာရေးကြီး ဦးမောင်ကိုရဲ့တူက ကားဂိတ် မှာ ခရေပန်းရောင်းစရာလားကွ…ဟင်… မင်းကပန်းရောင်းမှ ထမင်းစား ရမယ့် ကောင်လား။ ငါ့ရင်ကို ဓားထက်ထက်နဲ့သာ ခွဲချလိုက်ပါတော့ ကွရယ်… သေသွားတဲ့ အစ်ကိုကြီးမြင်ရင် သင်္ချိုင်းကနေထ,လာပြီး ငါ့ကို လုပ်ချိုးသတ်လိမ့်မယ်ကွ သိလား ဂီဇိုရ… ငါ့မှာ တွယ်တာစရာဆိုလို့ မင်းတစ်ယောက်ပဲရှိတော့တာ… မတော်ဟာဆကားတိုက်ပြီး တစ်ခုခုဖြစ်သွား ရင်… တောက် ! ကွာ… စဉ်းတောင်မစဉ်းစားရဲဘူး။ မင်းငါ့ကို ရူးဖြစ်အောင်လုပ် လိုက်တာပေါ့ဟုတ်လား ဂီဇို…"

"မ…ဟုတ်ပါဘူး ဦးမောင်ရယ် သား… သား…"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တာလည်းကွ… မင်းလုပ်တဲ့အချိုးက ငါ့ရှေ့လုံးလုံးဖြစ်နေပြီ၊ မင်းကိုငါမှန့်ဖိုးဘယ်လောက်ပေးလဲ ဂီဇို…"

"ငါးဆယ်ပါ ဦးမောင်…"

"တစ်နေ့ငါးဆယ်မလောက်ဘူးလား ဂီဇို၊ မင်းတစ်နေ့ကို ဘယ်လောက်သုံးချင်သလဲ ပြောစမ်း… မင်းတောင်းသလောက်ငါပေးမယ်…"

"လောက်ပါတယ် ဦးမောင်…"

"ကျောင်းစာအုပ်တွေဘာတွေရော လိုတာရှိလား၊ ကျောင်းကြေးတွေရော ပေးစရာရှိနေလို့လား… မင်းလိုသမျှ ငါပေးနေတာပဲ မဟုတ်ဘူးလား… ပြောစမ်း ဂီဇို…"

"ဟုတ်ပါတယ် ဦးမောင်၊ ဘာမှမလိုပါဘူး…"

"ဒါဆိုဘာလို့ ကားဂိတ်မှာ ပန်းသွားရောင်းရတာလဲကွ"

ခုတင်ကို လက်ဝါးဖြင့် ခေါက်ကြီးစွာပုတ်ရင်း ပြော၏။

ဂီဇိုဆတ်ကနဲ တွန့်သွားရပြန်သည်။

"ပြောလေ ဟောကောင်… မင်းဘာဖြစ်လို့ ပန်းရောင်းရတာလဲလို့ မေးနေတယ်…"

ဘာပြန်ပြောရမလဲ ?… ဦးမောင်ကို ဘယ်လိုပြန်ဖြေရမလဲ ?…

မိကျူးအတွက် ရောင်းရတာပါလို့ အမှန်တိုင်းပြောရင်လည်း ပြဿနာက ဒီမှာတင်အဆုံးသတ်မည် မဟုတ်ဟုတွေးမိ၏။

မိကျူးကလည်း မရောင်းခိုင်းခဲ့၊ ကိုယ့်ဘာသာရောင်းခဲ့မိတာ…

"ဟောကောင် ဂီဇို… မေးနေတယ်လေကွာ…"

"ဟို… ဟို… သားမလုပ်ဖူးလို့ လုပ်ကြည့်တာပါ ဦးမောင်… ခရေပန်းတွေက ဒီအတိုင်းကြွေကျပြီး ခြောက်ခြောက်သွားတာဆိုတော့ နှမြော… လို့ပါ…"

"ဘာကွ မလုပ်ဖူးလို့ လုပ်ကြည့်တာဟုတ်လား… ဒီလောက်သွားလာနေကြတဲ့ကားတွေကြားထဲမှာ မင်းတစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲဂီဇို၊ ငါတစ်သက်လုံး ဖြေလို့ရတော့မှာမဟုတ်ဘူး။ သူ့ဘာသာသူကြွေကျပြီး



ခြောက်သွားတဲ့ပန်းတွေကို မင်းကနှမြောစရာလားကွ… လာ… ရှေ့တိုးစမ်း… ကိုဘက်လှည့်…"

ဦးမောင်ကိုက အမိုးရှိကြက်မွေးကိုကောက်ယူပြီး အပြစ်ပေးပါတော့သည်။

ကြိမ်လုံးက ဂီဇိုတင်ပါးနုနုလေးပေါ်သို့ အချက်ပေါင်းများစွာ ကျဆင်းလာသည့်တိုင် …အသည်းခိုက်အောင်နာကျင်မှုတွေကို အဆက်မပြတ် ခံစားနေရသည့်တိုင်… ဂီဇို တစ်ချက်လေးမျှ မအော်… တစ်စက်လေးမျှ မငို…

ဦးလေးဖြစ်သူရဲ့ ဂရုဏာဒေါသတွေကို ကျေနပ်စွာခံယူ၏။

"နောက်ကို ဒီလိုလုပ်ဦးမလားကွ"

"မလုပ်တော့ပါဘူး ဦးမောင်…"

"နောက်ကို ပန်းရောင်းဦးမလားကွ"

"မရောင်းတော့ပါဘူး ဦးမောင်…"

"နောက်ကို… …"

"မလုပ်တော့ပါဘူး …"

"…………………………"

"…………………………"

ဒေါသတွေနဲ့ အချက်ပေါင်းများစွာ ရိုက်နေမိတာကိုသတိထားမိတဲ့အခါ …ဟင်ကို ဆတ်ခနဲရပ်တော့…

တစ်ချက်လေးမျှ အော်ဟစ်ငိုယိုခြင်းမရှိတဲ့ တူလေးကိုကြည့်ပြီး အံ့ဩသွားရ၏။

ဝမ်းနည်းခြင်းတွေရင်ထဲမှာ တလှိုက်လှိုက်တက်လာတဲ့အခါ… ဂီဇိုလေး …ပွေ့ပြီး၊ ရင်ထဲမှာ တင်းကျပ်စွာဖက်ထားလိုက်တော့သည်။

"သားရယ်… ဂီဇိုရယ်… ဦးမောင်ကြောင့် သားလေးသိပ်နာသွားပြီ… …ကို ခွင့်လွှတ်ပါသားရယ်… ဦးမောင်သားကို သိပ်ချစ်လို့ ရိုက်မိတာ… ဦးမောင်ကို မနာကြည်းပါနဲ့ကွာ…"

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှက်ဆုံးမသူမှာ ဦးမောင်ကိုဖြစ်ပြီး၊ ဝမ်းနည်းတနည်း ငိုသူမှာလည်း ဦးမောင်ကိုပင် ဖြစ်နေတော့သည်။

ထိုအခါ အရိုက်ခံရသော ဂီဂီကပင် ဦးလေးဖြစ်သူကို စာနာနားလည်မှု ချော့ရ ရှာလေသည်။

"မငိုပါနဲ့ ဦးမောင်ရာ... ဦးမောင်ကိုသားမမုန်းပါဘူး... သားကို ချစ်လို့ဆုံးမတာ သားသိပါတယ်... မငိုနဲ့နော်... တိတ်... တိတ် ဦးမောင်ရိုက်တာ မနာပါဘူးဗျ... ဟဲ... ဟဲ..."

မနာပါဘူးဟုသာ ပြောသည်။

ပရုတ်ဆီလိမ်းပေးဖို့ ဘောင်းဘီလေးကိုလှန်ကြည့်လိုက်တော့... ဂီဂီ့တင် ပါးညိုညိုလေးမှာ ဦးမောင်ကိုရဲ့ရိုက်ချက်တွေကြောင့် သွေးချားပင်စို့နေ၏။

ပရုတ်ဆီလိမ်းပေးဖို့ပြင်လိုက်သော ဦးမောင်ကိုလက်တွေ တဆတ် ဆတ်တုန်ရင်နေ၏။

ပရုတ်ဆီလိမ်းပေးဖို့ တင်ပါးလေးကိုထိလိုက်တယ်ဆိုရင်ပဲ...

"အ..."

ကျိတ်အော်ရင်း ဂီဂီခန္ဓာကိုယ်လေးဆတ်ကနဲ တွန့်သွား၏။

ဦးမောင်ကို စိတ်ကိုထိန်းမထားနိုင်တော့...

"သားရယ်... ဂီဂီရယ်..."

ဂီဂီ့ကို တင်းကျပ်စွာပွေ့ဖက်ပြီး စိတ်မကောင်းစွာငိုနေပြန်သည်။

"နောက်ဆိုသားလေးကို ဦးမောင်ဘယ်တော့မှ မရိုက်တော့ဘူး သားရေ... ဦးမောင်ရင်တွေနာလိုက်တာ... ဦးမောင်သားကို တစ်အားရိုက်ပစ်လိုက် မိပြီကွာ..."

မချိတင်ကဲရေရွတ်လိုက်မိခြင်းဖြစ်သည်။ စိတ်ထဲမှာလည်း... သေဆုံး သွားခဲ့ပြီဖြစ်သော ကျေးဇူးရှင်အစ်ကိုကြီးကို ဆွတ်ဆွတ်ကျင်ကျင်သတိရနေ သည်၊ ရင်ခွင်ထဲမှာ ငြိမ်ငြိမ်ကလေးရှိနေသည့် ဂီဂီ့ခေါင်းလေးတွေကို ယုယ သာစွာပွတ်သပ်ရင်း... တစ်ချိန်က အစ်ကိုကြီးပြောခဲ့ဖူးတဲ့စကားတချို့ကို ပြန်လည်ကြားယောင်နေမိတော့သည်။



ထိုစဉ်က ...အစ်ကိုကြီး ရန်ကုန်သို့ ရောက်လာခါစအချိန် ဖြစ်၏။ နေရာက ယခုထိုင်နေသော ခုတင်လေးပေါ်မှာပင် ဖြစ်၏။

"နေပါဦး အစ်ကိုကြီးရ... ညီလေး မရှင်းတာတစ်ခုမေးပါရစေဦး။ သားလေးရဲ့နာမည်ကို ဘာဖြစ်လို့ 'ဂီဂီ' လို့ပေးထားရတာလဲ... အဓိပ္ပါယ်က ဘာလဲ... ဗမာနာမည်မျိုးတော့မဟုတ်ဘူး..."

ဖန်ခွက်ထဲကို ရမ် (Rum) နည်းနည်းငှဲ့ပေးရင်းမေးလိုက်ခြင်း ဖြစ်သည်။ အစ်ကိုကြီးက သူ့ဘေးနားမှာ အိပ်ပျော်နေတဲ့ သားလေးကိုကြည့်ပြီး ပြုံး၏။

"သားလေး ခြောက်လသားလောက်ပေါ့ကွာ... ရတနာ ပေးခဲ့တဲ့ဝေဒနာတွေကိုခံပြီး ခံစားနေရတဲ့အချိန်ကပေါ့... စိတ်ပြေလက်ပျောက်ဆိုပြီး သားလေးကိုချီပြီး ဗီဒီယိုသွားကြည့်မိတယ်ကွ... ဇာတ်လမ်းက ဂျပန်အချစ် ဇာတ်လမ်းလေး၊ အရမ်းကောင်းတာကွ ရင်ထဲမှာခံစားချက်တွေကလည်း ပြည့်နေတာဆိုတော့ မျက်ရည်တောင်ကျမိတယ်... အဲဒီ ဇာတ်လမ်းလေးကို ကြိုက်လွန်းလို့၊ ဇာတ်ကားထဲက မင်းသားနာမည်လေးကို ပေးခဲ့တာပါကွာ ထူးထူးထွေထွေတော့ မဟုတ်ပါဘူး၊ သားလေးကလည်း တနင်္လာသားလေးဆို တော့ နေနဲ့လည်းကိုက်တယ်ဆိုပြီးတော့ပေါ့ကွာ..."

"ဘာ ဇာတ်ကားများလည်း အစ်ကိုကြီးရ"

"ON THE ROAD လေကွာ မင်းကြည့်ဖူးလား..."

"ဟာ... သိပ်ကြည့်ဖူးတာပေါ့အစ်ကိုကြီးရာ... ကျွန်တော်လည်း အဲဒီ ဇာတ်လမ်းလေးကို ကြိုက်တယ်။ နှစ်ခါတောင်ပြန်ကြည့်ထားတာဗျာ... အစ်ကိုက အရမ်းကဗျာဆန်တာပဲကိုး... ဟား... ဟား... ဟား..."

"နှလုံးသားရှိတဲ့ လူတိုင်း၊ ခံစားတတ်တဲ့လူတိုင်း ကဗျာဆန်ကြပါ တယ်ကွာ... ကိုယ့်ကိုယ်ကိုယ် သတိမထားမိကြရင်သာရှိမှာ။ အရက်ရှိသေးလား ...စေက ကျန်သေးလားလို့ပါ... ပေးပါဦးကွညီလေးရ..."

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီအစ်ကိုကြီး။ ကျန်းမာရေးလည်း သိပ်ကောင်းတာမဟုတ်ဘဲနဲ့ တော်တော့နော်... အိပ်ကြရအောင်၊ ညီလေး ခြင်ထောင်ထောင်ပေးမယ် ..."

"အေးပါကွာ... မင်းအိပ်ဆိုလည်း အိပ်တာပေါ့... ကြည့်ပါဦးကွာ မင်းတို့လေးအိပ်နေတာ ဘယ်လောက်ချစ်စရာကောင်းလိုက်သလဲလို့..."

အစ်ကိုကြီးက သူ့သားလေးကို ဖွဖွလေးနမ်းလိုက်တဲ့အခါ... သူ့သားလည်း ပါးဖေါင်းဖေါင်းလေးကို အသာလေးနမ်းခဲ့ဖူးလေသည်။

အခုတော့ အစ်ကိုကြီးတစ်ယောက် လောကကြီးထဲမှာ မရှိတော့ပါ...

သားလေးကို ညီတော်မောင်ရဲ့လက်ထဲမှာ စိတ်ချလက်ချအပ်ပြီး လောကကြီးကိုစွန့်ခွာသွားခဲ့လေပြီ...

ကိုယ်ကိုယ်တိုင်ကလည်း လောကကြီးမှာ တစ်ဦးတည်းသော တွယ်တာစရာဖြစ်တဲ့ ဂီဇီလေးကို ငုံ့ထားအသာချစ်ပါသည်။

"ဪ... အစ်ကိုကြီးရယ်... လောကကြီးထဲမှာ ညီလေးတစ်ယောက်တည်း အဖော်မဲ့နေမနေအောင် သားလေးကို လက်ဆောင်အဖြစ်ပေးခဲ့သေးတယ်နော်၊ ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ်... ကျေးဇူးတင်ပါတယ်ဗျာ..."

အတွေးထဲမှာ ငေးမှုန်းမျှော်နေမိသည်မသိ...

သတိရတဲ့အချိန်မှာ ဂီဇီက သူ့ရင်ခွင်ထဲမှာ အိပ်ပျော်နေလေပြီ...

ဦးမောင်ကို... ဂီဇီ့ပါးဖေါင်းဖေါင်းလေးကို အသာလေးနမ်းပြီး ခေါင်းအုံးပေါ် အသာအယာ ချပေးလိုက်သည်။ ထို့နောက်ခြင်ထောင်ချကာ ရုံးအခန်းသို့ ထွက်သွားလေတော့သည်။

ဒီနေ့ဂီဇီကျောင်းပေါက်ဖြစ်တော့ပါ...



ခရေပန်းလေးတွေက တဖြုတ်ဖြုတ်ကြွေကျနေ၏။

ကူးကူးက သူ့မအနားမှာ ကြွေကျလာသော ခရေပန်းလေးတစ်ပွင့်ကို ကောက်ယူပြီး နမ်းလိုက်သည်။

"နင်ဒီနေ့ ဘာဖြစ်လို့ ကျောင်းမတက်တာလဲ ဂီဇီ"

"ငါသိပ်နေမကောင်းလို့ဟ"

"ဘာလို့ ငါ့ကိုခွင့်စာပေးလိုက်တာလဲ၊ ကြိုလည်းမပြောဘူး။ ငါကတော့ …ကို စားကီအံ့မှာရှာလို့... နင့်ကိုတွေ့တော့သွားနင့်ပြီထင်တာပေါ့။ ကျောင်းရောက်တော့လည်း နင့်ကိုလိုက်ရှာနေသေးတယ်။ ကျောင်းတက်ချိန်ရောက်မှ …ကျောင်းမလာတော့ဘူးဆိုတာ သိလိုက်တာ။ ဘာလို့ခွင့်မတိုင်တာလဲ ဂီဇီ၊ …ကိုင်ရင်အရိုက်ခံရမယ်ဆိုတာ နင်မသိဘူးလား... မိဘတွေခေါ်…ရင် ဦးမောင်လည်းအလုပ်ရှုပ်ဦးမယ်။ ခက်တယ် နင်နဲ့တော့ ..."

"အေးဟာ... ငါလည်း မေ့သွားတယ်"

"လာလေ ထိုင်ပါလား... မိုးတိုးမတ်တတ်နဲ့ ဘာလုပ်နေတာလဲ"

ကူးကူးက ထိုင်ခိုင်းတော့ အမှတ်တမဲ့နဲ့ သူ့မအနားမှာ ထိုင်ချလိုက်…မိ။ သို့သော် ချက်ချင်းပင်ပြန်ထလိုက်ရ၏။

အရိုက်ခံထားရတဲ့ ဒဏ်ရာတွေကြောင့် ဂီဇီထိုင်လို့မရ...

"အဟဲ... ငါထိုင်လို့မရဘူးဟ..."

"ဘာဖြစ်လို့လဲ..."

"ဟိုဟာ... အနာပေါက်နေလို့..."

"အနာပေါက်နေတယ်ဟုတ်လား။ ဘာလဲ... သွေးစုနာလား..."

"ဟေ... သွေးစုနာဟုတ်လား... အေး... ဟုတ်တယ်"

"ဒီနေ့ အေးမြင့်တို့ ငါဝါတို့နဲ့ ထုပ်ဆီးတိုးတမ်းကစားတာ အရမ်းပျော်…ကောင်းတာပဲဟာ... ဟဲ့ ဂီဇီ... ကြည့်စမ်း အခုမှသတိရတယ်၊ ဒီနေ့…ပိုင်းက လပတ်စာမေးပွဲ ဖြေတယ်နော်... နင်တော့ လပတ်စာမေးပွဲပျက်ပြီ။ …ဆရာမသေချာခေါ်ထားရဲ့သားနဲ့ ဘယ်လိုဖြစ်ရတာလဲ..."

www.burmeseclassic.com

www.burmeseclassic.com



"လငတ်ပဲဟာ… ကျကျပေါ့။ အဘန်းဘင်မှာ အောင်ရင်ပြီးတာပဲ"

"နင်ဟာလေ… စာဆိုရင်စိတ်ကိုမဝင်စားဘူး။ ငါ့ဘယ်လောက်ပြောပြော ရကိုမရဘူး။ ပညာတတ်ရင် ကြီးလာတဲ့အခါ ဆင်းဆင်းရဲရဲနေရတာတဲ့တယ် နော်… အဲဒါတော့သိရဲ့လား ဂီဇို"

"ငါသိပါတယ်ဟာ… တစ်နှစ်တစ်တန်းအောင်ရင်ပြီးတာပဲ"

"သိရင်လည်း ပြီးရော။ ဒါနဲ့နင်ဒီနေ့ပန်းသွားရောင်းသေးလား ဂီဇို"

"အေး… ရောင်းတယ်။ ဒါပေမယ့် နောက်နေ့ဆို ရောင်းလို့မရတော့ ဘူး…"

"ဘာဖြစ်လို့လဲ"

"ဦးမောင် သိသွားပြီဟာ၊ ငါကားဂိတ်မှာ ပန်းရောင်းတာမိသွားတယ် ဟဲ…ဟဲ…"

"ဟယ်… ဒါကြောင့် နင်ကျောင်းမတက်တာမဟုတ်လား… နင့်ကို ဦးမောင်က ရိုက်သေးလား…"

"မရိုက်ပါဘူး… ဦးမောင်က ငါ့ကိုအရမ်းချစ်တာ နင်သိသားပဲ၊ ဒါပေမယ့် နောက်ကိုမလုပ်ရဘူးလို့တော့ ပြောတယ် သူလိုက်ကြည့်နေမှာတဲ့"

"ဟုတ်လို့လား… နင်မညာနဲ့။ နင့်ကိုဦးမောင်ရိုက်တယ်မဟုတ်လား… ဒါကြောင့် နင်ကျောင်းမတက်တာ စာဆောကမဆိုင်နိုင်တာလည်း ဒါကြောင့်ပဲ ဖြစ်မယ် ဟုတ်တယ်မို့လား…"

"မရိုက်ပါဘူးဆိုဟာ အနာပေါက်နေလို့ပါဆို နင်ကလည်း…"

"အေးပါ… မရိုက်ဘူးဆိုလည်း ပြီးတာပါပဲ။ ထမင်းစားပြီးရင် အိမ်လာခဲ့ ဒီနေ့သင်တဲ့စာတွေကို ငါပြန်ရှင်းပြမယ်…"

"အေးပါ… ပြီးရင်ငါ့ကို စာအုပ်တွေလည်းငှားဦး။ စာတွေပြန်ကူးရမယ်"

"စာတွေက ငါပြန်ကူးပေးပါ့မယ်။ နင်သာထမင်းစားပြီး အိမ်ကိုလာခဲ့ ဒင်း… ပန်းမရောင်းရဘူးဆိုတော့ ပိုက်ဆံမရတော့ဘူးပေါ့နော် ဂီဇို၊ ငါကလည်း မရောင်းရဲ့ဘူး။ စာအုပ်ဖိုး လိုရင်တော့ ခက်ပြီပဲ…"



"ငါတွေးထားတာ တစ်ခုတော့ရှိတယ်မိကျူး"

"ဘာလဲဟာ…"

"ငါတို့ ကိုယ်တိုင်တော့ မရောင်းတော့ဘူးလေ… ဒါပေမယ့် ခရေပန်းတွေ ကားဂိတ်က ကိုခင်ဝင်းကို ပြန်ရောင်းမယ်။ ကိုယ်တိုင်ရောင်းတာလောက် တော့ မရတော့ဘူးပေါ့"

"ကိုခင်ဝင်းဆိုတာ ဘယ်သူလဲ…"

"စံပယ်ပန်းတွေ နှင်းပန်းတွေရောင်းတဲ့လူလေဟာ၊ အရင်တစ်ခါကငါ့ကို ကုံးငါးကျပ်နဲ့ ပြန်ရောင်းဖို့လာ ပြောသေးတယ်။ သူ့ကိုသွားပေးစရာ ဘင်မလိုဘူး၊ ဒီအထိလာယူလိမ့်မယ်။ တစ်ကုံးကိုငါးကျပ်ပဲ ရမှာနော် လုပ်မလား"

"လုပ်ရမှာပေါ့ဟဲ့… ငါးကျပ်ဆိုလည်း ငါးကျပ်ပဲ။ အလကားနေရင်း ယ်ဟာကို"

"အေး… ဒါဆို ငါ ကိုခင်ဝင်းကို ပြောပေးမယ်။ မနက်ဖြန်တော့ ဂိတ်မှာ သွားပေးလိုက်မယ်။ နောက်နေ့တွေ အိမ်ကိုလာယူလို့ပြောလိုက် မယ်…"

ပြောရင်း ဂီဇိုက ပန်းလေးတွေစ, ကောက်၏။

ကူးကူးကလည်း ခရေပန်းလေးတွေကို အပြေးအလွှားကောက်၏။

ခရေပန်း လှကောက်ကြရင်း ခေါင်းချင်းဆောင့်မိတဲ့အခါ နှစ်ယောက်လုံး တိုင်လျှက်သားလဲ၏။

ကူးကူးက တဟားဟားရယ်၏။

ဂီဇိုတစ်ယောက်ဖြင့် မရယ်နိုင်ပါချေ။

"အား… နာလိုက်တာ…"

www.burmeseclassic.com

www.burmeseclassic.com



( * )

ခရေပန်းလေးတွေ အကြိမ်ကြိမ်ဝေဖြာ၊

ထိုနောက် အကြိမ်ကြိမ်ကြွေကျ၏၊

အချိန်တွေတခဲ့ခဲ့ကုန်ဆုံးလာပေမယ့် ခရေပွင့်လေးတွေကတော့ အရင်ကအရွယ်အစားအတိုင်းပင်ရှိနေပါသည်၊

သို့သော်…

ခရေပန်းအောက်တဲ့ လက်ကလေးနှစ်စုံကတော့ဖြင့် ဖွံဖြိုးဖြည်းဖြည်းနှင့် အရွယ်အစားလေးတွေ ကြီးမားလာခဲ့ကြပြီဖြစ်သည်။

ဂီဇိုနှင့် ကူးကူးနိုင်တို့ ရှစ်တန်းသို့ရောက်ခဲ့ကြပြီ။

ရှစ်တန်းဆိုတော့ ကူးကူးနိုင်တစ်ယောက် အပျိုဘော်ဝင်ခပြုပြီပေါ့…

ဂီဇိုလည်း လူပျိုဝင်စပြုခဲ့ပြီပေါ့…

ပန်းကောက်ရင်းကူးကူး, ကမေး၏။

"ဟဲ့… ဂီဇို… နင်ကျော်ဇေနဲ့ ရန်ဖြစ်တယ်ဆို"

"နင့်ကို ဘယ်သူပြောလဲ"

"ဒါဝါကပြောတာ၊ နင်ငါနဲ့အတူမပြန်တဲ့နေ့က သူတို့အုပ်စုနဲ့ရန်တွေ ဖြစ်ကြတယ်တဲ့… အောသုံးကွင်းထဲမှာ ချိန်းပြီး…ထိုးကြကြိတ်ကြတာတဲ့၊ ဟုတ်တယ်မို့လား။ နင့်ပါးက အညိုကွက်ကြီးက ကျော်ဇေထိုးလွှတ်လိုက်တာ မဟုတ်လား… ငါ့ကိုမညာနဲ့"

"အံမယ်၊ ငါထိုးလိုက်လို့ ကျော်ဇေသွားကျိုးသွားတာကျတော့ နင်မသိဘူး မဟုတ်လား။ ငါ့ဒီအကောင့်ကို မိမိရရထိုးပစ်လိုက်တာဟ… အေးရတယ်"



"ဟယ်… နင်တော်တော်ဆိုးတာပဲ။ ဘာလို့သူများကို အဲဒီလောက်လုပ် ရတာလဲ။ ပြီးတော့ သူတို့က အုပ်စုနဲ့လာတာဆို… နင်မကြောက်ဘူးလား"

"ဘာလို့ကြောက်ရမှာလဲဟ… ဂီဇို့သွေးထဲမှာ ကြောက်သွေးတစ်စက်မှမပါ ။ ရဲရဲတောက်သွေးတွေ အပြည့်ရှိတယ်"

"သူတို့ ဒိုင်းလုပ်ရင် နင်ခံရမှာပေါ့…"

"ဒီကောင်တွေက ငါတို့ချတာကြည့်ဖို့လိုက်လာတာ… ဝင်မလုပ်ပါဘူး။ ဝင်လုပ်ရဲမလဲဟ… ငါကဝါးရင်းတုတ်ကိုခါးကြားမှာ ထိုးသွားတာ။ ရှု တဲ့ကောင်တော့အကွဲပဲလို့ ပြောပြီးမှ ကျော်ဇေနဲ့ချတာ။ ဒီကောင်တွေ ကြောက်တွေပါဟာ…ဟား…ဟား…ဟား"

"ဘာရယ်တာလဲ ဒါရယ်စရာလား… ရန်တွေမဖြစ်စမ်းပါနဲ့ဂီဇို ရယ် ဟိုတစ်ခါကလည်း အတန်းပြတွေသိသွားရင် ကျောင်းထုတ်ခံရမယ်နော်။ အဲဒီတုန်းက ငါဖြင့် ရဲကျော်ကိုထိုးပစ်လို့ နှာခေါင်းရိုးကျိုးသွားတယ်။ အဲဒီတုန်းက ငါဖြင့် ညှိတောင်မကြည့်ရဲဘူး။ ရဲကျော်အင်္ကျီမှာသွေးတွေကို ခွဲလို့… နောက် ဒါမျိုးဖြစ်ရင် ကျောင်းထုတ်မယ်လို့ ဆရာပြောထားတာ မမေ့နဲ့။ ကျောင်းထုတ်ခံရရင် ရှက်စရာကြီး၊ ပညာရေးလည်းဆုံးရှုံးဦးမယ်…"

"အေးပါဟာ… ဆရာလုပ်လိုက်တာ"

"ဘာ အေးပါလည်း… အခုကျော်ဇေနဲ့ဖြစ်တဲ့ကိစ္စက ကျောင်းအပြင်မှာ ဒါတောင် ဆရာတွေပြန်ကြားရင်မလွယ်ဘူး"

"မကြားပါဘူး… ငါတို့က ဘယ်သူခံရခံရ ပြန်မတိုင်ကြ ပြန်မပြော ကြားလုပ်ပြီးမှ ရန်ဖြစ်တာ။ နင်သာ ပြန်မတိုင်နဲ့…"

"မတိုင်ပါဘူး။ ဒါနဲ့နေပါဦး ဂီဇိုရဲ့… နင်သူတို့ကို အဲဒီလောက်ကြီး လိုက်လုပ်ပစ်ရတာလဲ။ နင့်ကို သူတို့က ဘာလာလုပ်လို့လဲ…"

"ဘာမှမလုပ်ပါဘူး။ ယောက်ျားလေးဆိုတာဒီလိုပဲ အရွယ်ရောက်လာရင် ပြိုင်ဘက်မြှမ်းပြုချင်တယ်၊ သတ္တိပြိုင်ချင်ကြတယ်။ အခုဆိုဒီကောင်တွေ ငါ့ ကြောင်းကောင်းကောင်းသိသွားကြပြီ။ မစမ်းရဲတော့ဘူး ဟား…ဟား ရတယ်၊ ဂီဇိုကိုလာယှဉ်လို့မရဘူးဆိုတာ ဒီကောင်တွေသဘောပေါက် ပြီ…"

www.burmeseclassic.com

www.burmeseclassic.com



"ရှန့်ဖြစ်တယ်ဆိုတာ မကောင်းပါဘူးဟာ… အောက်တန်းကျတယ် နင် နောက်ကိုရှန့်မဖြစ်နဲ့နော်၊ ငါလုံးဝမကြိုက်ဘူးသိလား …"

"အေးပါဟာ ရှန့်မဖြစ်အောင်နေပါ့မယ်"

ပြောမယ့်သာပြောရတယ် ဘာကြောင့်ရှန့်ဖြစ်ရတယ်ဆိုတာ မိကျူး မသိ…

"ဟောဒီကောင်ဂီနို ငါ့ကူးကူးနိုင်ကို ချစ်တယ်ကွာ… ဒီစာလေးပေးပေးပါ လား" လို့ ပြောတဲ့ရဲကျော်ကို ဘာမပြောညာမပြောနဲ့ နှာခေါင်းကို တည့်တည့် ထိုးချပစ်လိုက်တာ…

ဒီကိစ္စကို သူနဲ့ရဲကျော်ကလွဲပြီး ဘယ်သူမှမသိ။ မိကျူးလည်း မသိ…

အဲဒီကုန်းက ရဲကျော်ရဲ့ကော်လံကိုဆွဲပြီး…

"ဒီမှာ ရဲကျော်… မင်းငါ့ကိုယှဉ်နိုင်မှ မိကျူးနားကိုကပ်လို့ရမယ်ဆိုတာ မြဲမြဲမှတ်ထား"… လို့ ကျိန်းပြီး သပိုးပေးခဲ့သေးသည်။

ထိုစကားကို ရဲကျော်ပြန်ပြော၍ သိခဲ့ရသော ကျော်အောက လက်ရုံးချင်း ယှဉ်ဖို့ စိန်ခေါ်လာခဲ့ခြင်းဖြစ်သည်။

"မင်းနဲ့တွေ့ချင်တယ် ဂီနို… ငါ ကူးကူးနိုင်ကို ချစ်မိနေပြီ… ကျောင်း ကပြန်ရင် ရပ်ကွက်ဘောလုံးကွင်းထဲလာခဲ့။ တစ်ယောက်ချင်းယှဉ်မယ်၊ မင်းရှုံး ရင်… ကူးကူးနိုင် နားကဖယ်ပေးရမယ်။ ဘယ်လိုလဲ…" တဲ့…

အဲဒီလိုစိန်ခေါ်လာလို့… ကျော်အောကို ရဲရဲဝံ့ဝံ့ အနိုင်ယူခဲ့တာကိုလည်း မိကျူးမသိစေချင်ပါ…

ဘာဖြစ်လို့လဲဆိုတော့… မိကျူးကို ဘာမှနားမလည်သေးတဲ့ ကလေး လေးတစ်ယောက်လို ဖြူဖြူစင်စင်လေးရှိနေစေချင်လို့ပါ…

ဟုတ်တယ် မိကျူး… ငါနင့်ကို ကလေးတစ်ယောက်လိုပဲမြင်နေချင် သေးတယ်၊ အချစ်ဆိုတဲ့ ခံစားချက်တွေ နင့်စိတ်ထဲကို မရောက်စေချင်သေးဘူး၊

* * * * *



( * )

"ကူးကူးနိုင်" ကို ကောင်လေးတွေစိတ်ဝင်စားနေကြပြီဆိုတာ …လိုက်ရကတည်းက "ဂီနို" ကျောင်းမပျက်တော့ပါ…

နေမကောင်းထိုင်မသာဖြစ်ရင်တောင် ကျောင်းပျက်မခံခဲ့…

ဦးအောင်ကိုကတော့ ဂီနိုကျောင်းတက်မှန်တာကို အကျေနပ်ကြီး ကျေနပ် …ရှာလေသည်။

နေမကောင်းတာတောင် ဆေးတွေသောက်ပြီး ကျောင်းကိုသွား ဖြစ်အောင် …သွားတဲ့ ဗူတော်မောင်အတွက် ဂုဏ်ယူလို့မဆုံး…

"ဟဲ့… ဂီနို… နင်ဘာတွေစဉ်းစားနေတာလဲ"

ပခုံးကိုပုတ်ရင်းပြောမှ တစ်ယောက်တည်းတွေးနေမိတာကို သတိထား …ရ၏။

"အသဲ… ဘာမှမစဉ်းစားပါဘူးဟာ… ခရေပန်းလေးတွေကို ကြည့်နေ …တာ လှတယ်နော် မိကျူး…"

"ခရေပန်းများဟာယ်… မမြင်ဖူးတာကျနေတာပဲ… အင်း… ခရေ …တောင် တုံးတော့မယ်နော် သိပ်မရတော့ဘူး။ မနေ့ကဆို ရှစ်ကုံးပဲရ …ယ်။ ခရေပန်းတုံးရင် ငါ့မှာဝင်ငွေမရှိတော့ပြန်ဘူး။ ဘာလုပ်ရမှန်း …တင်မသိဘူးဟာ၊ ကျောင်းစရိတ်ကလည်း အတန်းကြီးလာတော့ ပိုပိုများများ …တယ်… အဖေတောင် ညပိုင်းဆိုက္ကားထွက်နင်းမလို့တဲ့။ အိမ်စရိတ် …ယောက်ရဲ့…"

www.burmeseclassic.com

www.burmeseclassic.com



"နေဦးဟာ... ငါ့မှာ နင့်ကိုပြောစရာရှိတယ်။ ဘာလဲမသိဘူး"

"ဘာများလဲ ဟဲ့..."

"နေပါဦးဟာ ငါစဉ်းစားလိုက်ပါဦးမယ်။ မနေ့ကတည်းက ပြောမလို့ ဟာ မေ့သွားလို့..."

"ဘာအကြောင်းနဲ့ ပတ်သက်လဲ... ကျောင်းကိစ္စလား..."

ဂီဇို မျက်ခွံလေးမှေးပြီး အသည်းအသန်စဉ်းစား၏။

"ဪ... ဟုတ်ပြီ သတိရပြီ၊ နင်ဝိုက်ဆံရမယ့် အလုပ်ရှိတယ်၊ ဘာခုပ္ပစရာမလိုတော့ဘူး။ ငါနင့်အတွက်အလုပ်ရှာလာတာယ်"

"ဟယ်... ပြောစမ်းဘာအလုပ်လဲ၊ ဘယ်မှာလုပ်ရမှာလဲ၊ ဘယ်အချိန်လဲ"

"နေစမ်းပါဦးဟာ.. မစလာပါနဲ့။ ပြောပါ့မယ်..."

"မြန်မြန်ပြောဟာ... သိချင်ပြီ"

"နင်တို့ ဘယ်မှသွားစရာမလိုဘူး။ ကိုယ့်အိမ်မှာပဲလုပ်လို့ရတဲ့အလုပ်"

"အိမ်မှာပဲလုပ်ရမယ်၊ ဟယ်...ကောင်းတာပေါ့ ဘာအလုပ်လဲ"

"ငါ့သူငယ်ချင်းဆီက အကူအညီတောင်းလာတာဟ သူတို့အိမ်က မဆလာလုပ်ငန်းလုပ်တယ်လေ"

"မဆလာလုပ်ရမှာပေါ့ ဟုတ်လား... ကောင်းတယ် ကောင်းတယ်၊ ဟဲ့ နေပါဦး မဆလာနဲ့တွေနဲ့ဆိုတော့ အမေ့ရောဂါနဲ့ ဖြစ်ပါ့မလား"

"ဆုံးအောင်နားထောင်ပါဦး မိကူးရဲ့ နင်ကချည်းရှေ့က ပြောနေတော့တာပဲ"

"အေးပါဟယ်... ငါကဝမ်းသာလို့ပါ... ပြော..."

"နင်တို့မဆလာထောင်းရပါဘူး၊ မဆလာထုပ်ချင်ရင်လည်း သူတို့အလုပ်ရုံကို သွားထုပ်မှရမှာ..."

"ဒါဆိုဘာလုပ်ရမှာလဲ"



"မဆလာအိတ်လေးတွေလုပ်ပေးရမှာ။ သူတို့က တံဆိပ်ရိုက်ပြီးသား ...ူတွေပေးလိမ့်မယ်။ နင်တို့က သူတို့ပေးတဲ့ပုံစံအတိုင်းကိုက်ပြီး အိတ်လေး ...ဖြစ်အောင် ကော်ကပ်ပေးရမှာ.. အိတ်တစ်ရာပြီးရင် တစ်ဆယ်ရမယ်။ ...ိတ်တစ်ထောင်ဆိုရင် တစ်ရာရမယ်။ ငါ့သူငယ်ချင်း ထွန်းထွန်းတို့အိမ်မှာဆို ...အမေနဲ့ သူ့ညီမ တွေဝိုင်းကပ်တာတစ်နေ့ကို ရှစ်ရာလောက်ရတယ်တဲ့ ..."

"ဟယ်... ဒါဆိုငါလည်းလုပ်ချင်တယ် ဂီဇို"

"အေး...ခက်ပြီ လုပ်ရပါမယ်ဆို၊ ငါပြောထားတယ်... ဒီတစ်ပတ်ထဲမှာ ...ုပ်ရလိမ့်မယ်..."

"လုပ်မယ်... ဂီဇို။ နင်ရအောင်ပြောပေးနော်.. အမေဆိုလည်း ...ကနဲ့ အားနေတာပဲ၊ ငါကျောင်းကပြန်လာရင်လည်း ဝိုင်းလုပ်လို့ရတယ်။ ...နေ့ကို နှစ်ရာသုံးရာလောက်ရရင်လည်း မဆိုးဘူး။ နင်သေချာအောင် ...လေး ဟယ်..."

"လုပ်ရမှာပါဆို မိကူးရာ"

"ဒါဆိုလည်းပြီးဟာပဲ၊ ဟဲ... ဟဲ ခရေတွေတုံးတာနဲ့ အံကိုက်ပဲနော်"

"အင်း ..."

"ဟဲ့...နင့်သူငယ်ချင်းဆိုတာ ဘယ်သူလဲ.. စက္ကူတွေဘယ်ကိုသွားယူ ...လဲ... အမေ့ကိုသွားယူခိုင်းရမယ်။ ပြန်ပို့ရင်တော့ ငါသွားပို့လည်းရ ..."

"အဲဒါနင့် အလုပ်မဟုတ်ပါဘူး။ နင့်အလုပ်က ကိုယ့်ဘာသာအိမ်ထဲ ...ပြီး ကော်ကပ်ပေးရုံပဲ။ သွားယူတာရော ပြန်ပို့တာရောငါလုပ်ပေးမယ်။ ...ထဲမှာပဲနေပါအစ်မရယ် ပြဿနာမရှာပါနဲ့။ ငါ့သူငယ်ချင်းဆိုတာလည်း ...ျင်ပါနဲ့နော် ခေါင်းရှုပ်လို့ပါ... တောင်းပန်ပါတယ်.... အစ်မရယ် ...အေးဆေးဆေးနေပါရစေ"

ဂီဇို... ပြောင်စပ်စပ်ပြောတော့ သူမသဘောကျစွာရယ်၏။

www.burmeseclassic.com

www.burmeseclassic.com


"ကိုစိုး… နင်တမြည်းမြည်းနဲ့ ပြောင်ဖြစ်လာတယ်နော်၊ ငယ်ငယ်က နဲ့မတူတော့ဘူး …"

"ဟုတ်လို့လားဟ… ငါမပြောင်သေးပါဘူး၊ ငယ်ငယ်ကလးပဲ ရှိသေးတယ်"

ငယ်ထိပ်ကို ပွတ်ရင်းပြောတော့ မိကျူးရယ်ပြန်၏၊

"ဟဲ့… ထိပ်ပြောင်တာကိုပြောတာမဟုတ်ဘူး၊ ပြောင်ချော်ချော်ဖြစ်လာ တာကို ပြောတာ ခွေးစုတ်ရဲ့… ကဲ… ကဲ… ပန်းကောက်ရအောင်၊ တကျကျ ရှိးမှာ"

"အေးပါဟ…"

✿ ✿ ✿ ✿ ✿

( * )

အိမ်တံခါးကို အသာလေးလှပ်လိုက်တာဖြစ်ပေမယ့် ဆီခြောက်နေသော ပဏ္ဍာက "ကျိကနဲ" အသံမြည်သွား၏။

အိမ်ထဲကို မဝင်သေးပဲ အပြင်မှာခဏရပ်ပြီး ဦးမောင်အခြေအနေကို အကဲခတ်လိုက်သည်။

အိပ်မပျော်သေးသော ဦးမောင်ကိုက နာရီကိုထကြည့်၏။

ဆယ့်တစ်နာရီထိုးပြီ…

"ကိုစိုး၊ အိမ်ထဲဝင်လေ… အပြင်မှာဘာလုပ်နေတာလဲ"

အသံမြည်သွားတဲ့ တံခါးရွက်ကို စိတ်ထဲကနေဆဲရင်း အသာလေးဝင် ခဲ့ရသည်။

"ကိုစိုးနိုင်တို့အိမ်က ပြန်လာတာလားကွ"

"ဟုတ်ကဲ့ ဦးမောင်"

"နောက်ကျလှချေလား သားရဲ့။ အိတ်တွေကော်ကပ်ကူနေတာမဟုတ် လား…"

"အဟဲ… ပျင်းလို့ပါ ဦးမောင်ရာ… ဦးစိုးပြောတဲ့စကားတွေက စိတ်ဝင်စားစရာ ကောင်းတာနဲ့ နားထောင်နေတာ…"

"မပြေလည်တဲ့ မိသားစုကို လုပ်ကူတာကောင်းပါတယ်ကွာ၊ ဒါပေမယ့် ကျူးစာကြည့်ရင်တော့… မင်းလည်းကိုယ့်အိမ်ပြန်ပြီး စာကြည့်ရမယ်ကွ ညောင်းတွေ ဘာတွေမိရင် မကောင်းဘူး။ ထမင်းကောစားပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဦးမောင်.. မိကူးတို့အိမ်က လေးလာခဲ့တယ်"

"အေးအေး... ဒါဆိုလည်းအိပ်တော့ အိပ်တော့..."

ဦးမောင်ဆူမှာစိုးလို့သာ ညာလိုက်ရသည်။ တကယ်တော့ ထမင်းမ... ရသေး.. မိကူးတို့က ကျွေးပေမယ့်အားနာပြီး မစားခဲ့...

ဗိုက်ထဲက တဂွီဂွီနဲ့ဆာနေပြီ။ ဗိုက်ဆာလို့လည်းပြန်လာခဲ့ခြင်းဖြစ်သည်... အခုမှ ထမင်းအိုးလှပ်လို့လည်း မဖြစ်တော့...

ရေတစ်ခွက်သောက်ပြီး အခန်းထဲဝင်အိပ်လိုက်ရ၏။

"တော်ပြီ... ဦးမောင်အိပ်ပျော်ရင်တော့ အသံလေးထထားတော့မယ်..."

⊛ ⊛ ⊛ ⊛ ⊛



( ၅ )

"လေ" အခွေ့မှာ ခရေပွင့်လေးတွေ တဖြောဖြောကြွေကျနေ၏။

"မြွေးလိုက်တာ ဂီဂီရယ်.. ကြည့်ပါဦး ခြံထဲမှာ ပန်းတွေအများကြီးရ ...ပြီ၊ မြက်ခင်းပေါ်မှာလည်း အများကြီးရှိသေးတယ်... ဒီနှစ် ခရေတွေအရမ်း ...ငှံတာပဲနော်... မွှေးလိုက်တာ။ မနေ့ကဆိုငါးရာတောင်ရတယ်...။ ...ခုပန်းဈေးတက်သွားပြီဖော့၊ တစ်ကုံးကို တစ်ဆယ်ရတယ်။ ကိုခင်ဝင်းကြီး က ဆယ့်ငါးကျပ်နဲ့ ခြိန်ရောင်းတာတဲ့။ ကိုခင်ဝင်းကြီးက ဘာပြောလဲသိလား ဂီဂီ.. ငါ့ခရေကုံးတွေတိုသွားတယ်တဲ့... ဟင်း...ဟင်း ငါလူလည်ကျတာ ...လ.. အကုံးပိုထွက်အောင်လုပ်တာ။ ဒါပေမယ့် သူက ယူပါတယ်.. ရောင်းလို့ ...နေတာပဲ။ ကြည့်ပါဦး ပန်းတွေကကြွေလို့ကို မပြီးတော့ဘူး..."

စကားတွေပြောလိုက် တစ်ခါတစ်ခါ ရယ်လိုက်နှင့်.. ပန်းကောက် ...သော မိကူးကို မျက်တောင်မခတ်တမ်း လိုက်ကြည့်နေမိသည်။

ခုနှစ်တန်းတုန်းကတောင် ခါးအထိရောက်နေပြီဖြစ်တဲ့မိကူးဆံပင်တွေက ...သို တင်ပါးတောင်ဖုံးလုလု... ကိုယ်လေးတစ်ချက်လှုပ်လိုက်တိုင်း အိကနဲ ...ကနဲ လှုပ်ခါသွားတဲ့ ပိုးသားလိုနက်နက်စင်းစင်း ဆံပင်တွေက မြက်ခင်းနှင့် ...င်ထိလုလု...

အိတ်တွေကော်ကပ်လို့ပြီးလျှင် အညောင်းမိလို့ဆိုပြီး မိကူးလေ့ကျင့်ခန်း ...မြလုပ်သည်... တဲ့...

ခြေထောက်တွေ ညောင်းလို့ဆိုပြီး မိကူးထိုင်ထလုပ်သည် ...တဲ့...

ခါးတွေညောင်းလို့ မိကူးအိပ်ထမတ်တင်လုပ်သည်... တဲ့..

www.burmeseclassic.com

www.burmeseclassic.com



ကော်တွေပြောင်းလို့ မိကျူးလည်ပင်းလေ့ကျင့်ခန်းတွေရသည်... တဲ့

အချိန့်ရှေ့ချင် ရသလိုကြိုးလည်းခုန်လိုက်သေးသည်... တဲ့...

ဘဝပေးအခြေအနေအရ မဖြစ်မနေလုပ်ရရှာတဲ့ လေ့ကျင့်ခန်းတွေ နှစ်နှစ်ဆိုတဲ့ကာလကို ကျော်ဖြတ်လာပြီးတဲ့အခါ... မိကျူးရဲ့ခန္ဓာကိုယ်အ အဆစ်တွေကို ပန်းပုရုပ်တစ်ခုလို သွယ်လျှချပ်ရပ်ကာ ကျစ်လျစ်သေသ သွားစေတော့သည်။

ထိုအခါ ရှိုက်ကြီးဖိုင်ယာ်အသွယ်သွယ်တို့က ထင်ရှားပြတ်သားစွာပေါ်ထွ လာကြတော့၏။

ကျောင်းမှသူငယ်ချင်းတွေက မိကျူးမျက်လုံးတွေကို ညှို့မျက်ဝန်းတွေ တင်စားကြသည်။

မျက်ခွံအိမ်ကျယ်ကျယ်ကို တစ်ဝက်မှီးပါးခန့် အမြဲဖုံးအုပ်နေတတ်ေ မျက်ခွံတွေ...

အပြာရောင်မျက်သားတွေကို နောက်ခံထားပြီး တည်တည်ငြိမ်ငြိမ်အေ ရှိနေတဲ့ အနက်ရောင်စိုစိုမျက်ဆံကြီးတွေ...

တူထဲစွာ ဝန်းရံထားတဲ့ မျက်တောင်စင်းစင်းတွေနဲ့ မျက်ခုံးထူထူ တစ်စုံ...

ဒါတွေရဲ့ ပေါင်းစည်းညီညွတ်မှုက ဆွဲအားပြင်းသော ညှို့ဓာတ်တွေ ကို ဖြစ်ပေါ်လာစေခဲ့တာဖြစ်မည်။

ထင်ရှားပြတ်သားတဲ့ နှာတံစင်းစင်းက အဖျားမှာ ယောင်ယောင်လေး ကော့နေ၏။ ရဲရဲစိုစိုနှုတ်ခမ်းထူထူတစ်စုံက ခပ်တည်တည်နေတဲ့အချိန်မှ တောင် အပြုံးတစ်ချက်တစ်ချိုးရှုန်းကန်ထွက်ပေါ်နေသည်ဟု ထင်ရလျှင်၊ ညီညာ သွယ်တန်းတဲ့ သွားလေးတွေပေါ် အောင်မျှား ပြုံးရယ်လိုက်မည်ဆိုလျှင်...

ခပ်ယောင်ယောင်လေး မြင့်တက်နေတဲ့ ပါးရိုးကလည်း သူမမျက်နှာ ဆွဲဆောင်အား ကောင်းမှုတွေ၏ အကြောင်းတရားတစ်ခုဖြစ်မည်။



သနပ်ခါးကို ပါးကွက်လေးကွက်ပြီး နှာတံစင်းစင်းလေးမှာ သနပ်ခါး လေး တင်ထားသော အိမ်နေရင်းဝတ်စုံနွမ်းနွမ်းလေးနှင့် သူမအလှကို ကြည့်နူးနူးလေး ငေးကြည့်နေမိပါတော့သည်။

လှလိုက်တာမိကျူးရယ်... နင်ဘာလို့ ဒီလောက်တောင် လှနေရတာ ... နင်ကဆော်ဝင်ရတာနဲ့တစ်ပါးလို အဖိုးဖြတ်လို့မရနိုင်အောင် ရက်ရက် ...ာတ်လှနေတော့ နှင့်အနားမှာ ကိုယ်ရံတော်တစ်ယောက်လို နေ့နေရတဲ့ငါ ...ွက် ဘယ်လောက်ရင်မောရတယ်ဆိုတာ နင်သိရဲ့လား မိကျူး...

"ဂီဂီ... နင်ဘာလုပ်နေတာလဲ၊ ပန်းကောက်ကူလေဟာ..."

သူမပြောတာ ဂီဂီမကြား...

သူ့အတွေးနှင့် သူနှစ်မျောနေ၏။

"ဂီဂို... နင်ရှိနေလို့ အားကိုးရမလား မှတ်တယ်။ ရောက်ကတည်း ငုတ်တုတ်ကို ထိုင်နေတော့တာပဲနော်... တော်တယ်..."

ဂီဂို မကြား...

ဂီဂိုထံမှ တုံ့ပြန်သံကြောင်းရသဖြင့် ပန်းကောက်နေရာမှ လှည့်ကြည့်၏။

"ယောတော်... နင်ဘာဖြစ်တာလဲ ဂီဂို။ ရော်... ပြုံးပြုံးကြီး ...နေတယ်တော့်... ဟဲ့.. ဂီဂို..."

ဂီဂို ဆတ်ကနဲတွန့်သွား၏။

"အင်... ဟင်...ဘာလဲ၊ ဘာလဲဟာ လန့်လိုက်တာ... ဘာဖြစ်တာ ..."

"အမလေး... ငါခေါ်နေတာကြာလှပြီ။ နင်ဘာထိုင်လုပ်နေတာလဲ၊ ...ပန်းကောက်မကူတော့ဘူးလား... ဒါဆိုလည်း ပြန်တော့..."

"ဩော်... အေး... အေး... ကောက်မယ် ကောက်မယ် ..."

အယောင်ယောင် အမှားမှားနှင့် တွေသမျှပန်းတွေကိုကောက်ယူ၏။

"ဟဲ့...လန်းတဲ့အပွင့်လေးတွေကိုပဲကောက်လေ.. ဘာလို့အညှိုးတွေ ...ကာက်နေရတာလဲ ဒုက္ခပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဪ... အေးပါဟာ... ပြီးမှ မယ်ပစ်လည်းရှာတာပဲ၊ မိကျူးကလည်း"

"ဟင်း... ကိုဗို တင်ယောက်နဲ့တော့ခက်ပါတယ် ဘာဖြစ်နေမှန်းကို မသိဘူး။ ယောင်တောင်တောင်နဲ့"

သူမက ပွစိပွစိလေးရေရွတ်၏။

ပြောတော့ မိကျူးရေ...

ငါလေ ...နှင့်ရဲ့ အလှတရားတွေမှာကြောင်တောင်တောင်ကို ဖြစ်နေပြီ ဟော့...

❀ ❀ ❀ ❀ ❀



( * )

လှကိုကိုနှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီး ညကိုးနာရီလောက်မှ လမ်းခွဲလာ...ည်။ လှကိုကိုဆိုတာက... မိကျူးတို့အိတ်တွေကပ်ပေးနေသော မဆလာ...မှ သူငယ်ချင်းဖြစ်သည်။

အိမ်အပြန် လမ်းတစ်လျှောက်လုံး မိကျူးအကြောင်းတွေတွေးလာခဲ့မိသည်။

မိကျူးရဲ့အလှတရားတွေကို မြင်ယောင်ရင်း ကိုယ့်ကိုယ်ကိုယ်လည်းပြန် ...ည်ဆန်းစစ်မိ၏။

"ဂီဇို" တဲ့...

ငါးပေဆယ်လက်မ ကျော့ကျော့ရှိသော အရပ်အမောင်းနှင့် ကျစ်လျစ် ...ဟတောင့်တင်းသော ခန္ဓာကိုယ်တစ်ခုကလွဲပြီး၊ မိမိရဲ့ရုပ်ဆင်းသွင်ပြင် ...တင့်တယ်ခြင်းအလျဉ်းမရှိ...

ဆံပင်က ကောက်ကောက်...

နှဖူးက ကျယ်ကျယ်...

မျက်လုံးက သေးသေး...

နှုတ်ခမ်းက ထူထူ...

ဒီကြားထဲအသားက ညိုလိုက်သေးသည်။

ခပ်စင်းစင်းပေါ်သော နှာတံမြင့်မြင့်သာ မကယ်လျှင် မိမိရုပ်ကကြည့်... ...ပ်မှာမဟုတ်တော့...

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဘီလေး ဘာလေးမှ တပ်မထားလျှင် တကယ့်အလှပ်ကြမ်းသမား တစ်ယောက်ရဲ့ပုံစံမျိုး…

သည်လိုရုပ်မျိုးနဲ့ လူဖြစ်လာခဲ့တဲ့ ကုသိုလ်ကံကို တော်တော်စိတ်နာ၏ သည်။

မင်္ဂလာဆောင်တွေ ပိုစတာတွေထဲက နိုင်ငံခြားမင်းသားတွေ မော်ဒယ်ဘွိုင်တွေလို ရုပ်မျိုးတွေကို အားကျသည်။

သူတို့လိုသာ ချောချောလှလှ လူဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲဟု တွေးမိ၏။

"တောက် ! "

တွေးရင်းတွေးရင်း စိတ်တိုလာတာနဲ့ "တက်" မြည်းမြည်းခေါက်မိ၏၊

ဂီဇိုတက်ခေါက်လိုက်သောနေရာမှာ… လှကိုကိုတို့ရင်ကွက်နှင့် ဂီဇိုတို့ ရပ်ကွက်ကိုခြားထားသော မြောင်းကျော်ကွန့်ကရစ်တံတားလေးတစ်ခုပေါ်မှာ ဖြစ်ပြီး… တံတားပေါ်ရှိ အုတ်ခုံလေးမှာ ဂစ်တာတီးရင်းသီချင်းဆိုနေကြသော လူငယ်တစ်စုရှိနေတာကို ဂီဇိုမသိ… ကိုယ့်အတွေးနဲ့ ကိုယ်နစ်မျောပြီး လျှောက်လာတာမို့ ဘယ်သူ့ကိုမှလည်း မမြင်… ဘာသံကိုမှလည်း မကြား…

ထိုလူငယ်တစ်စုက ဂစ်တာတီးခြင်းကို တီကာနဲ့ရပ်ပစ်လိုက်ပြီး သူ့နောက်ကလိုက်လာတာကိုလည်း မသိ…

လရောင်မှိုတဝါးလင်းနေသော လမ်းလေးအတိုင်း ဆက်လျှောက်လာ၏၊

"ဟောကောင် ရပ်စမ်း"

အသံနှင့် အတူလူငယ်ငါးယောက်သူ့အနားသို့ရောက်လာကြ၏။

အခုမှ ဂီဇိုသူတို့ကိုမြင်၏၊

"ဘာလဲ…"

"မင်း… ဘယ်သူ့ကို တောက်ခေါက်လိုက်တာလဲ …"

"ဟာ… ဘာလိုင်းကြီးပါလား… ငါဘယ်တုန်းကတောက်ခေါက်လို့လဲ"



"ဟောကောင်… မင်းမြောင်မလီမ်နဲ့။ စောစောကတံတားပေါ်မှာ တောက်ခေါက်လိုက်တယ် …"

"သြော်… ဒါလား… အဲဒါငါ့ဘာသာခေါက်တာကွ။ ကိုယ့်ကိုယ်ကိုယ် ကျနပ်လို့ခေါက်တာ… မင်းတို့ရှိနေတာ သတိတောင်မထားမိဘူး။ အမှန် ပြောတာနော် ငါလုံးဝမကြောက်တတ်ဘူး…"

"မင်းအခုမှကြောက်ပြီး မလီမ်နဲ့။ ငါတို့အဖွဲ့ဂစ်တာတီးပြီး သီချင်းဆိုနေကို တခင်လုပ်သွားတာ မဟုတ်လား…"

"ခေတ်နီးပဲ… လုံးဝမဟုတ်ဘူး။ ငါတစ်ခုခုကိုတွေးနေရင် ဘာမှမမြင် ကြားလည်းမကြားဘူး။ ဘာလဲ… မင်းတို့က ငါတစ်ယောက်တည်း လာရင်တာလား၊ ဂီဇိုဆိုတဲ့ကောင်က ဘာမှမကြောက်တတ်ဘူးနော်…"

"ဘာ… ဂီဇို ဟုတ်လား… ဟောကောင်တွေ သေချာကြည့်စမ်း ဒီကောင် ကူးနိုင်ရဲ့ ဆော်ဒီဂတ်မဟုတ်လား"

ကျန်တဲ့လေးယောက်က သူ့ကိုသေသေချာချာကြည့်၏။

"အေး… ဟုတ်တယ်ကွ ဒီကောင်ပဲ"

"ကောင်းပြီ မင်းကိုဘူးကူးနိုင်မျက်နှာကြောင့် ချမ်းသာပေးလိုက်မယ် ပေမယ့် တစ်ခုတော့ပြောလိုက်မယ်။ မင်း… ကူးကူးနိုင်နဲ့ ဝေးဝေးနေစမ်း ကို ကူးကူးနိုင်နားမှာ လုံးဝမမြင်ချင်ဘူးကြားလား"

"ဘာဖြစ်လို့…"

"ဘာဖြစ်လို့လဲဆိုတော့ …ကူးကူးနိုင်ဆိုတာ ငါတို့လို ရာမမင်းသားတွေ ရွက်ကွ… မင်းလိုဒဿဂီရိ… အား…"

စကားမဆုံးလိုက်…

အဲဒီတစ်ယောက်ပြောနေတဲ့ စကား… အဆုံးအထိမရောက်လိုက်တော့… လျှင်မြန်လှန်းလှတဲ့ ဂီဇို့ရဲ့ဖြောင့်လက်သီးတစ်လုံးက နှာနုသို့တည့်တည့် သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အထိုးခံလိုက်ရတဲ့ သူ့ရဲ့နှာခေါင်းထဲက.. သွေးတွေပျော်ကာနဲ့တွယ်ကျလာတဲ့အချိန်နဲ့ ကျန့်တဲ့လေးယောက်ဂီမို့ကို ဝင်ရောက်သတ်ဖုတ်ချိန်က တစ်ထပ်တည်း...

"ဟာ... ချသွား ချ..."

"အသေလုပ်တွာ..."

"........................."

"........................."

လရောင်မှိန်မှိန် စေတီတိုင်မီးရောင်မှိန်မှိန်အောက်မှာ လူခြောက်ယောက်လုံးတွေ့ သတ်ပုတ်နေကြတော့သည်။

ငါးယောက် တစ်ယောက်ဆိုတော့ အခြေကရှင်းနေသည်။

မိနစ်အနည်းငယ်ကြာတော့ ကိတ်ကဲတိုးနေတဲ့ အုပ်စုက ဂီမိုဖျောက်လာခဲ့ရာ ဘက်သို့ပြေးထွက်သွားကြ၏။

ဂီမိုကလမ်းမအလယ်မှာ မှောက်လျက်သား...

မလှမ်းမကမ်းမှာ သစ်သားတုတ်တစ်ချောင်း...

မှောက်လျက်လဲကျနေတဲ့ ဂီမိုရဲ့ ဂျီစောင်း (ချီစောင်း)မှ စီးကျလာသော သွေးတွေက နားထင်မှတစ်ဆင့် မျက်နှာပေါ်သို့ခပ်စောင်းစောင်း စီးကျ၏။

ထို့နောက် မေးရိုးမှတစ်ဆင့် ကတ္တရာလမ်းမပေါ်သို့ စီးကျ၏။

ဂီမိုဘာဆိုဘာမျှ မသိတော့...

အရာရာသည် သူ့အတွက် အမှောင်အတိပြီး၏။

❀ ❀ ❀ ❀ ❀

ပထမဆုံးသတိထားမိတာက ခေါင်းတစ်ခုလုံးမခံမရပ်နိုင်အောင် အုံခဲထိုးကိုက်နေခြင်းနှင့်၊ နားထင်မှာသွေးတို့တဒိတ်ဒိတ်တိုးနေခြင်းဖြစ်သည်။ မျက်စေ့ထဲမှာ အမှောင်ထုကြီးကိုသာမြင်နေရ၏။



"အား... ကိုက်လိုက်တာ..."

မျက်လုံးတွေကို ဖွင့်ကြည့်ရန်သတိရ၏။

မျက်စေ့နှစ်လုံးကို ဖွင့်ဖွင့်ချင်းပထမဆုံးမြင်လိုက်ရတာက မိကူးရဲ့ ...ဇလေးဖြစ်နေခြင်းကြောင့် ဝမ်းသာသွားရသည်။

သို့သော်ပထမဆုံးကြားလိုက်ရတဲ့ အသံတွေက.. ပြစ်တင်ရှုတ်ချသံတွေ ...နေခြင်းကြောင့် ထိုဝမ်းသာမှုတွေအားလုံး ပျောက်ဆုံးသွားရပြန်သည်။

မျက်လုံးတွေဖွင့်လိုက်တယ်ဆိုရင်ပဲ....

"ဘယ်လိုဖြစ်ရတာလဲ ဂီမိုရယ်... ကျော်မကောင်းကြားမကောင်း ...က်ရပ်ကွက်ထဲအထိသွားပြီး ရန်ဖြစ်ရသလား။ ကံကောင်းလို့ပေါ့.. ...င်းလှည့်တဲ့ရဲတွေနဲ့သာ အချိန်မှီမတွေ့ရင် နင်သေပြီ။ သွေးတွေ ...်နေတာ မနည်းဘူးတဲ့... နင် ငါတို့အားလုံးကို စိတ်ဒုက္ခပေးနေတာပါလား။ ...ယ် ဦးအောင်ခမျာအသက်ကြီးခါမှ ရပ်ကွက်ရုံးရောက်လိုက် ရဲစခန်းရောက် ...်နဲ့ နင်နည်းနည်းမှ မညှာဘူး။ ဟိုတစ်လောကလည်း ရန်ဖြစ်လို့ဆိုပြီး ...ဆေးကနေ အာမခံနဲ့ထုတ်ထားရတာ မဟုတ်လား။ ရန်တွေခဏခဏဖြစ် ...ဘာ သဘောလဲဂီမို။ နင်ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီးထင်နေလား... ...ကြာနဲ့ မိုက်တာနဲ့မတူဘူးနော်၊ နင့်ရဲ့လုပ်ရပ်က လူမိုက်တွေရဲ့လုပ်ရပ်"

"ဘယ်သူက အလကားနေရင်း ရန်ဖြစ်ချင်မှာလဲမိကူးရာ နင်ကလည်း"

"အပိုတွေမပြောနဲ့။ ဒါဆိုဘာလို့ခဏခဏရန်ဖြစ်နေရတာလဲ"

"ဖြစ်လို့ ဖြစ်နေရတာပေါ့ဟ.. နင်နားမလည်ပါဘူး..."

"ဘာလို့ နားမလည်မရမှာလဲ ဂီမို.. ရန်ဖြစ်တယ်ဆိုတာ ကြိုက်ကြိုက်ချင်း ...်မိကြတာ။ အခုဟာက လူတွေသာပြောင်းသွားတယ် နင်မပြောင်းဘူး။ ...ကိုင်ါက ဘယ်လိုနားလည်ရမလဲ။ အားလုံးရဲ့အပြစ်ပါ နင့်အပြစ်မဟုတ် ...ပြောချင်တာလား။ အရပ်ထဲမှာရော ကျောင်းမှာရော နင်နာမည်အရမ်း ...နေပြီနော်.. ငါ့သိက္ခာကိုလည်း ထည့်တွက်ဦး။ နင်ကငါ့နားမှာ အမြဲ...

www.burmeseclassic.com

www.burmeseclassic.com



"ငါဘယ်သူ့ကြောင့် ရန်တွေဖြစ်နေရတယ်ဆိုတာ နင်သိလားမိကျူး ..."

စိတ်ထဲက ပြောလိုက်မိတဲ့စကားလုံးတွေက.. အသံအဖြစ်ထွက်ပေါ်လာခြင်းမရှိခဲ့...

ငါရန်ဖြစ်လို့ နင်သိက္ခာကျတယ်လို့ဆိုချင်တာလား မိကျူးရယ်...

"အေးပါဟာ... ဒီကရှေ့ဆိုငါဆင်ခြင်ပါ့မယ်..."

"နင့်ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ အခုဘယ်လိုနေသေးလဲ.... ခေါင်းတွေ ကိုက်နေသေးလား..."

"အင်း... ကိုက်တော့ကိုက်တယ်"

"ကိုက်မှာပေါ့ ကွဲသွားတာကိုး။ ငါးချက်တောင်ချုပ်ထားရတာဟဲ့... နေပါဦး.. ဒီတစ်ခါနင်နဲ့ ရန်ဖြစ်တာဘယ်သူတွေလဲ"

"ငါလည်းမသိဘူးဟ အမှောင်ထဲမှာဆိုတော့ သဲသဲကွဲကွဲမမြင်ရဘူး၊ ကြည့်မြင်တိုင်ဘက်က ကောင်တွေပဲ နေမှာပေါ့"

"ဘုရားရေ... အံ့သြရပါ့ရဲ။ ကိုယ်နဲ့ရန်ဖြစ်ခဲ့တာတောင် ဘယ်သူတွေမှန်းမသိဘူးဆိုတော့၊ နင့်မှာရန်သူတွေများလှချေလား ကိုခိုရယ်... ငါစိတ်ညစ်လိုက်တာ"

"စိတ်ညစ်ရင်လည်း ပြန်တော့မကူး။ ငါလည်းနင်ပြောမှ စိတ်တွေညစ်လာပြီ.. ခေါင်းကွဲတာတောင် ဒီလောက်မခံစားရဘူး..."

စိတ်ရှုပ်လာတာနဲ့ မိကျူးကို ဘုပြောပစ်လိုက်မိသည်။

"နင်ငါ့ကို နင်မထုတ်နဲ့ကိုခို။ ငါနင့်ဆီလာတာများ အောက်မေ့နေလား ဦးမောင်ဘာမှစားမသွားရသေးလို့ ထမင်းချိုင့်လာပို့တာသိလား... ငါ့စကားကိုတောင် အကောင်းမမြင်တဲ့ နင့်ကိုလူတွေဘာကြောင့် အမြင်ကတ်တယ်ဆိုတာ ငါနားလည်သွားပြီ"

"နင့်ပါးစပ်ပိတ်ထားစမ်းပါမိကျူးရာ.. ငါခေါင်းတွေအရမ်းကိုက်လာပြီ။ ငါကလူမှာနော် မေ့မနေနဲ့ဦး... အိမ်ပြန်ရောက်မှ နင်ပြောချင်တာပြော



ဟော့.. ဟုတ်ပြီလား။ တကယ်ဆို.. နင်သိပ်နာနေလားကိုခိုရယ်.. ငါဘာလုပ်ပေး ရမလဲဟင်... ငါစိတ်ပူလိုက်တာဟယ်... တို့ဘာတို့ပြောရင်ဘယ်လောက်ကောင်းမလဲ... နင့်ပုံစံက လူနာဆီလာတာနဲ့မတူဘူး။ ပြောနေတာမနားတော့ဘူး။ နားငြီးလာပြီ.. ကြင်ကြင်နာနာကိုမရှိဘူး..."

ပြောပြီး.. ကိုယ့်စကားကို သဘောကျ စွာရယ်မိသည်။ ရယ်လိုက်တော့ ခေါင်းထဲက မခံမရပ်နိုင်အောင်နာလာ၏။

"အံမယ်... အံမယ်... ဘာလို့ ပြောရမှာလဲ။ အဲ့လိုပြောရအောင် နင်က ငါ့ရည်းစားလား။ နင့်ဘာသာ ဂလေရိုက်ပြီး ဖြစ်ချင်ရာဖြစ်နေတာကို ငါက ဘာလို့ကြင်နာနေရမှာလဲ သေသေပေါ့..."

"နင်က ငါ့ရည်းစားလား..." တဲ့...

မိကျူးပြောလိုက်တဲ့စကား...

ရင်ထဲမှာ ဒုတ်ကနဲလှုပ်ခတ်စွာ ခံစားလိုက်ရသည်။ ဒါပေမယ့် ...

"သေသေပေါ့..." လို့လည်း စကားကိုအဆုံးသတ်လိုက်ရော ဝမ်းနည်းမှုတွေဟာ ရင်ကိုကျဉ်ကနဲ နာစေ၏။

ပျက်ယွင်းသွားတဲ့မျက်နှာကို ချက်ချင်းထိန်းပြီး မိကျူးကိုဆက်စနေလိုက်သည်။

"နင်ငါ့ကိုသိပ်ကြင်နာချင်နေရင်လည်း ငါ့ရည်းစားလုပ်လိုက်ပေါ့ဟာ ..ပင်ပန်းခံမနေနဲ့"

"ဘာပြောတယ် ကိုခို၊ နင်ပါးစပ်ပုပ်ကြီးကို ခုနစ်ရက်လောက် ရေဆေးပစ်..ဦး.. နင့်ပါးစပ်ဝဲစွဲမယ်သိလား။ တဖြည်းဖြည်းနဲ့ နင့်ကိုကြည့်လို့ကိုမရ..ဘူး ငါပြန်တော့မယ်။ နောက်နေ့တွေမလာတော့ဘူး။ စာတွေတော့ကူးပေး..မယ်သိလား ဂျလေဘီ၊ ဟိုမှာဦးမောင်လာနေပြီ ငါသွားတော့မယ်... ..ဦးမောင်ဖို့ထမင်းချိုင့်။ ဓာတ်ဘူးထဲက နွားနို့ကခွေးသောက်ဖို့သိလား ..တာကိုလိုက်ကိုက်နေတဲ့ ခွေးကောင်သောက်ဖို့..."

www.burmeseclassic.com

www.burmeseclassic.com



အားရအောင်ပြောပြီးတာနဲ့ မိကျူးချာကနဲ့ လှည့်ပြန်သွားတော့သ ဦးခေါင်းကိုဆွတ်ဆက်ပြီး ထွက်ခွာသွားတဲ့ မိကျူးကိုလိုက်ငေးနေမိတော့သ

"လာလိုက်တာမိကျူးရယ်…"

တိုးတိုးလေးရေရွတ်လိုက်မိခြင်းပါ…

ငါ့ပါးစပ်ထဲစွဲမယ်တဲ့လား မိကျူး…

ငါ့ကိုကြည့်လို့မရတော့ဘူးတဲ့လား မိကျူးရယ်…

ငါက ဂျလေဘီတဲ့လား ဟာ…

(ဂျလေဘီ = အသုံးမကျသည့် လူပေ လူတေ၊ ယခုခေတ် လူငယ် ဗန်းစကားတစ်ခု)

ဝမ်းနည်းစွာတွေးမိ ပြီးတော့… ကျန့်တဲ့စကားလေးတွေကို ကြားယော ရင်း ပြုံးမိပြန်သည်။

"စာတွေတော့ကူးပေးသားမယ်" တဲ့…

"ခေတ်ဘူးထဲကနွားနိုးက ခွေးသေကောက်ဖို့" တဲ့…

ဟူး… ငါဘာတွေဖြစ်နေမှန်း မသိတော့ဘူး…မိကျူး

ငါ့ရင်ထဲက သံယောဇဉ်တွေ အရောင်ပြောင်းနေပြီထင်တယ်…

ငါရင်တွေခုန်တယ်မိကျူးရယ်… နှင်းသိပ်လှလွန်းနေတယ်… …

❀ ❀ ❀ ❀ ❀



( * )

သေချာတယ် မိကျူးရယ်…

ငါနှင့်ကို သိပ်ချစ်နေမိပြီ…

ဟိုး… ငယ်ငယ်လေးကတည်းက တစ်ရစ်ချင်း တစ်ရစ်ချင်းချည်နှောင် ခဲ့တဲ့ သံယောဇဉ်တွေကို အခြေခံပြီး အခုအချိန်မှာ ငါနှင့်ကိုရင်ခုန်တတ် မိကျူး…

အံ့ဩစရာတော့ မရှိပါဘူး။

အချစ်ဆိုတာကို မသိနားမလည်ခင် ကလေးဘဝကတည်းက နှင့်ကိုပျော် ချင်ခဲ့တာတွေ…

နှင်လိုအပ်တာမှန်သမျှ ဖြည့်ဆည်းပေးချင်ခဲ့တာတွေ…

နှင့်မျက်နှာလေး ညှိုးနေရင်၊ နှင်စိတ်ညစ်နေရင်… နေမထိ ထိုင်မသာ ရတာတွေဟာ… ရင်ခုန်သံတွေမပါသေးတဲ့ အချစ်တွေပဲပေါ့…

အခု … ငါ့ရင်တွေခုန်နေပြီမိကျူး…

ဘာကြောင့် အဲဒီလိုရင်တွေခုန်တတ်လာရတာလဲလို့ ငါ့ကိုယ်ငါသေသေ ချာ ဆန်းစစ်ကြည့်မိတယ်…

ရေရာ သေချာတဲ့အဖြေကို မရဘူး…

နှင့်ရဲ့ဆံပင်တွေ အိကနဲလှုပ်သွားတာမြင်ရင်လည်း ငါရင်ခုန်တာပဲ…

ရှုံ့းကြွနေတဲ့ အပြုံးခေတ်တွေနဲ့ နှင့်နှုတ်ခမ်းလေးတွေကိုမြင်ရင်လည်း ခုန်တာပဲ…

www.burmeseclassic.com

www.burmeseclassic.com



နင့်ရဲ့နုသေးဖူးအချိန်ချိန်ကော့ကော့လေး နေရောင်မှာ လက်ကာနဲ့ ဖြစ်သူ ရင်လည်း ငါရင်ခုန်တာပဲ…

ယုတ်စွအဆုံး…

နင့်ရဲ့ ဖေါင်းအိအိသွယ်ပျောင်းတဲ့ လက်ချောင်းလေးတွေနဲ့ ခရေပွင့်လေး တွေကို ကောက်ယူလိုက်တာမြင်ရရင်လည်း ငါ့ရင်တွေခုန်တာပါပဲ မိကူး·

နင်ပိုင်ဆိုင်သမျှ အလှစာမျက်နှာတွေနဲ့ နင့်ရဲ့လှုပ်ရှားမှုမှန်သမျှမှာ ရင် ခြင်းတွေနဲ့ စီးမျောပျော်ဝင်နေတာ ငါပါပဲ… …

ရင်မောတယ် မိကူး…

အမွှေးရနံ့တွေထုံအီပြီး ဝတ်ရည်ချိုချိုတွေနဲ့ ပန်းလေးတစ်ပွင့်နှာ ရစ်ဝဲနေတဲ့ လိပ်ပြာတွေကို ငါထိတ်လန့်စွာ ခြောက်ထုတ်နေမိတယ်…

ပန်းခူးလက်တွေကို ငါအညိုးတကြီးနဲ့ ရိုက်ချနေမိတယ်…

အဲဒီပန်းလေးကို ဘယ်သူမှ မမြင်မတွေ့နိုင်အောင် လုံခြုံစွာ ဖွက်ထား စိတ်ကြိုက်နေရာတစ်ခုကို လိုက်ရှာမိတော့·· အဲဒီနေရာဟာ ငါ့ရင်ခွင်ဖြစ် တယ်…

ရင်ခုန်သံတွေနဲ့မြတ်နိုးခြင်းတွေ·· တန်ဖိုးထားခြင်းတွေနဲ့ ချစ်ခြင်းတာ တွေ·· သံယောဇဉ်တွေနဲ့ တွယ်တာခြင်းတွေ··· အဲဒီအရာတွေနဲ့ အခမ်း ဆုံးပြင်ဆင်ထားတဲ့ ငါ့ရဲ့နှလုံးသားနန်းတော်မှာ "နင်" စံပျော်မှာလား မိကူး·

အဲဒီအခါ··· ငါ့ရဲ့သံယောဇဉ်တွေကို ဆောင်းကြိုးတွေအဖြစ် ဖန်တီး အသာယာဆုံး ရင်ခုန်သံစဉ်တွေနဲ့ အလှပဆုံးအကြင်နာဘွဲ့တစ်ပုဒ်ကို နင့် နှလုံးသားဆီအရောက် ချွေမြှားတော်သွင်းမယ်လေ…

နှုးသောတဆင်လို့ ကျေနပ်အားရမှုရှိခဲ့ရင်တော့·· ဆုတော်လာဘ် အဖြစ် ညှို့အားပြင်းလှတဲ့ နင့်ရဲ့မျက်လုံးလေးတွေကို ဖွဖွကလေးနမ်းရှိုက် ပေးပါမိကူး…



အလင်းမှုန်းနဲ့ ခရီးနှင်တတ်တဲ့ အိပ်မက်ယာဉ်ကြီးကိုစီးပြီး စကြာဝဠာ ခရီးဆန့်ကြတဲ့အခါ ···နင်မောပန်းနွမ်းလျှခဲ့ရင်ဖြင့် မေ့းစက်ဖို့အတွက် ပုန်းလေးတွေကို မွေ့ယာတစ်ခုအဖြစ် ဖန်ဆင်းပေးမယ်လေ…

နင့်ရဲ့နှုတ်ခမ်းပြင် ဝင်းမွတ်မွတ်လေးမှာ ချွေးစက်ကလေးတွေ ခိုသီးလာတဲ့ ··· ငါက အဲဒီချွေးစက်လေးတွေကို အာဟာရ အဖြစ်မှီဝဲမယ့် ဝတ်ရည် ငှက်လို ငှက်သေးသေးလေးဖြစ်ချင်သေးတယ်…

ပြီးတော့ အသံပါးပါးလေးနဲ့ ခပ်မျှင်းမျှင်းလေး နင်ရယ်တဲ့အခါ·· နင့်နှုတ် ကထွက်ပေါ်လာတဲ့ အသေးငယ်ဆုံးသော အသံလှိုင်းလေးတွေကိုတောင် နိုင်စွမ်းရှိတဲ့ လင်းနို့တစ်ကောင်ရဲ့ အကြားအာရုံတွေလည်း ငါက, ရချင် သေးတယ်…

ဖြစ်နိုင်ရင်…

နင့်ရဲ့ အာရုံကြောလေးတွေအနှံ့ခရီးဆန့်နိုင်တဲ့··· အသေးငယ်ဆုံးသော လ်လေးတွေလည်း ဖြစ်ချင်သေးတယ်··· …

မိကူးရယ် ···နင့်ကို ငါချစ်မိနေပြီ။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



( * )

အသည်းထဲအေးကနဲဖြစ်သွားတယ် ..... မတွေးပဲ မနေနိုင်ဘူး အချစ်ရယ် ..... မင်းအကြောင်း ခေါင်းထဲမှာအမြဲ ..... ဘယ် နေရမှန်း မသိဘူး ..... ဘယ်သူနဲ့မှ လေ့နိုင်ဘူး ..... ဘယ်သူ့တားတ နောက်မဆုတ်ဘူး ..... ဘာလာ ပေးပေး မရချင်ဘူး ..... ဘယ်သူ မှ မလဲနိုင်ဘူး ..... ချစ်မိနေပြီ ..... ချစ်မိနေပြီ ..... အို ဟိုး ..... အို ဟိုး ..... ချစ်မိနေပြီ ..... ချစ်မိနေပြီ .....

နလုံးသားထဲ အမြဲကြည့်ထားတွယ် ..... မင်းတစ်ယောက်ထဲနေ အပြည့်အချစ်ရယ် ..... စိတ်ချလက်ချနေပါရစေ ..... ဝေးနေမှာမခံနိုင်ဘူး ..... ဘယ်သူနဲ့မလဲနိုင်ဘူး ..... ဘယ်သူတားတား ..... နောက်မဆုတ်ဘူး ..... ဘာလာပေးပေးမရချင်ဘူး ..... ဘယ်သူနဲ့ မလဲနိုင်ဘူး ..... ချစ်မိနေပြီ ..... ချစ်မိနေပြီ ..... အိုဟိုးဟို ... ဟိုဟိုး ..... ချစ်မိနေပြီ ..... ချစ်မိနေပြီ ... ... ...

ရှည်ရှည်လျားလျားမရှိလှတဲ့သီချင်းလေးကို အထပ်ထပ်အခါခါပြန်ဆိုရင်း ကျေနပ်နေမိတော့သည်။

သီချင်းကိုအဆုံးသတ်ချိန်မှာ မိကူးရောက်လာ၏။

"ထင်သားပဲ... နင်ပဲဖြစ်မှာလို့.. ဂစ်တာသံကြားလို့ ထွက်လာတာ"

အနုပဟုတ်လိုက်ရင်းပြော၏။

"မိကူး... နင်မအိပ်သေးဘူးလား ..."



"မအိပ်သေးပါဘူး။ ဘယ်အချိန်ရှိသေးလို့လဲ... အခုမှဆယ့်တစ်နာရီ ရှိသေးတယ်။ စာကျက်ပြီး မျက်စေ့ညောင်းလို့ထွက်လာတာ။ နင့်သီချင်းသံ ကြားလို့..."

"ဪ... ဟုတ်လား..."

မရိုးသားသူပီပီ ရင်ထဲမှာ ပြောစရာစကားလုံးတို့ရှားပါးနေ၏။

တဒိတ်ဒိတ်ခုန်နေတဲ့ ရင်ခုန်သံတွေကို ထိန်းချုပ်ရင်း ဂစ်တာကြိုး တွေကို ဆော့ကစားနေမိသည်။

"အတာတ်ကောင်းတွေဟတ်နေတယ်။ ဟုတ်လား ဂီဂို"

"နင်ဘာပြောတာလဲ...မိကူး"

"ဂစ်တာတီးတတ်နေတာကို ပြောတာလေ.. ဘယ်တုန်းကဂစ်တာ တီးတတ်လိုက်တာလဲ"

"ဟဲ ဟဲ... သိပ်မကြာသေးဘူး... ဘာဖြစ်လို့လဲ"

"ရုန့်ဖြစ်တယ် ဆေးလိပ်သောက်တယ် အရက်သောက်တယ် ဂစ်တာ တီးတယ်။ နင်မတတ်တဲ့ မကောင်းတာ ဘာရှိသေးလဲ ပြောစမ်းဂီဂို။ စာကျ တော့ ကောင်းကောင်း မကျက်ဘူး..."

"ငါ... ငါ... အရက်မသောက်ပါဘူးဟ..."

"အေး ..ငါမကြိုက်တဲ့အကျင့်တွေထဲမှာ အဲဒီလိမ်တဲ့အကျင့်လည်းပါ တယ်။ ဟိုတစ်နေ့က နင်အိမ်ကိုလာတယ် မဟုတ်လား။ နင့်ဆီက ငါအရက်နံ့ ရတယ်.. မပြောချင်လို့ သိလားဂီဂို။ အမေကလည်းပြောတယ်... 'ဂီဂိုအရက် သောက်လာတယ်ထင်တယ်၊ အနံ့ရတယ်' တဲ့။ ပြော... ဘာငြင်းဦးမလဲ"

"ဟဲ ...ဟဲ ...နည်းနည်းပါးပါးပါဟာ ...စိတ်ညစ်လို့"

"နည်းနည်းလည်း အရက်ပဲ၊ များများလည်း အရက်ကအရက်ပဲ ပြောစမ်းပါဦး နင့်မှာဘာစိတ်ညစ်စရာရှိလဲ။ ထမင်းစားဖို့လည်း မပူရဘူး ပိုးခိုလည်း မပူရဘူး၊ ကျောင်းစရိတ်လည်း မပူရဘူး။ ငါလိုသာဆိုအခက် ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါဘာတွေဖြစ်နေတယ်ဆိုတာနင် နားမလည်ပါဘူး မိကျူးရာ… ငါ့ င်ထဲမှာ မီးတွေတောက်နေတယ်"

"အလိုတော်… မီးတွေတောင်တောက်နေတယ်ဆိုပါလား… ပြောဦးမယ်ပါဦး၊ ဘာကြောင့်မီးတွေတောက်နေရတာလဲ"

သူမကိုစေ့စေ့ကြည့်ကာ သက်ပြင်းချလိုက်မိသည်။

ပြောလိုက်ရရင် ကောင်းမလား? …

မဖြစ်သေးပါဘူး။ မိကျူးစိတ်ဆိုးမှာ ကြောက်တယ်…

ပြောလို့လည်း မထွက်ဘူး…

"ဟဲ့… ပြောလေ ဘာကြောင့်လဲလို့မေးနေတယ်…"

သူမ လက်ကလေးနဲ့ ပခုံးကို ဖျန်းကနဲရိုက်ရင်း ပြောတဲ့အခါ အဲဒီဝယ်ဖျော့ ဖျဉ်းနာကျင်မှုမှာ သာသာခနမိပြန်သည်၊

"နင် ဇာကြီးအားဖို့ကောင်းတယ် ဂီခို …ဆယ်တန်းဆိုတာ လွယ်လွယ် လေးမအောက်မေ့နဲ့… အရင်တုန်းကဖြေခဲ့ဖူးတဲ့ စာမေးပွဲတွေနဲ့မတူဘူးနော် … ဘဝမှာအရေးကြီးဆုံးစာမေးပွဲ … နင့်ကိုကြည့်ရတာ ငါအားမရဘူး။ ဦးခေါင်ကလည်း ပြောနေတယ် 'နင့်သူငယ်ချင်းကို စာကြည့်နိုင်းစမ်းပါဦး' …တဲ့။ ငါနဲ့စာအတူလာကျက်ပါလား ဂီခို၊ အပြင်ထွက်လည်လိုက် ဂစ်တာတီး လိုက်နဲ့ နင်စာမေးပွဲကျသိမ့်မယ်…"

"လွယ်မယ်ထင်လားမိကျူး… ပြဿနာရှာပါနဲ့ဟာ… ရင်ထဲ ခုနစ်နေအောင် ရှုပ်ပြီးသားစာတွေတောင် မေ့သွားနိုင်တယ်…" ဆိုတဲ့စကား ရင်ထဲမှာသာ တိတ်တိတ်ကလေးဆိုရင်း မိကျူးကို ရယ်သံနှင့် တုံ့ပြန်မိ၏။

"ဟင်း… ဟင်း"

"ဘာ… ဟင်းဟင်းလဲ၊ နင်ဘာရယ်တာလဲ"

"ကိုယ့်အကြောင်းကိုယ်သိပါတယ် မိကျူးရာ… နှစ်ပေါက်လုံး ဒု တွေရောက်ကုန်လိမ့်မယ်၊ ငါ့ဘာသာအေးအေး ဆေးဆေး တစ်ယောက်တည်း စာကြည့်ပါရစေနော်… ကျေးဇူးတင်ပါတယ်"



"အံမယ်… ဘာဒုက္ခရောက်စရာရှိလဲ… စာကျက်တာပဲ။ နင်နားမလည် ဗျိုရင်ရှင်းပြမလို့ စေတနာနဲ့ပြောတာ နင့်အတွက်ပြောတာဟဲ့… သဘော ပါက်"

"အေးပါ… သဘောပေါက်ပါတယ်။ သဘောမပေါက်တာကနင်…"

"ဟဲ့… ငါက ဘာသဘောမပေါက်လို့လဲ… ပြောစမ်းနင်ပြောတာ ရှင်းဘူး"

"မရှင်းရင် ပုလင်းထဲထည့်ထားလိုက်တော့ဟာ… နေပါဦး ငါ့ကို ရှင်းပြမယ်ဆိုတော့ နင်ကဘယ်လောက်များတော်နေလို့လဲ"

ပြောမိပြောရာ ပြောလိုက်တဲ့စကားလမ်းကြောင်းက မကောင်းတဲ့ဘက် ဦးတည်သွား၏၊ သတိထားမိချိန်မှာ ပြောပြီးသွားပြီ…

မိကျူးမျက်နှာလေးတင်းကနဲ ဖြစ်သွားလေသည်။

"ဒီမှာ ဂီခို… နင့်ကိုစေတနာနဲ့ပြောနေတာနော် မစော်ကားနဲ့။ ငါ့ကိုယ်ငါ ယ်ဘယ် တော်တယ်လို့ မဆိုလိုဘူး။ ဒါပေမယ့် နင့်ထက်တော့ အများ းသာတယ်၊ အဲဒါနင်လက်ခံတယ်မို့လား…"

"လက်ခံပါတယ် လူတော်မကြီးရယ်… လက်ခံပါတယ်။ နင့်ထက် အများကြီးညံ့ပါတယ်… ဟား… ဟား… ဟား…"

"တော်ပြီဂီဇို နင်ဘာမှမပြောတော့နဲ့။ နင်ဟာလေ ငယ်ငယ်ကနဲ့ လုံးဝ တူတော့ဘူး။ စကားပြောလိုက်ရင် ခနဲ့သလိုလို ရွဲ့သလိုလိုနဲ့ အနေအထိုင် ပြောအဆိုဘာစိစက်မှုကို တန်ဖိုးမရှိတော့ဘူး။ နင်ဟာ ငါအံရမ်းချစ်ခဲ့တဲ့ ဘာ ကိုနိ်ပြောရမလို့တောင်ဖြစ်နေပြီ… အရမ်းကိုပျက်စီးနေပြီ၊ နင့်ကို းတစ်ခါလောက်ပြောမိတိုင်း ငါအမြဲနောင်တရတယ်။ နောက်ကိုနင်ဘာ စေတနာမထားမိအောင် ငါ့ကိုယ်ငါထိန်းရမယ်။ ကဲ …ကဲ ငါသွား ကျွဲပါးစောင်းတီးနေလည်းအပိုပဲ ငဂီဇိုရေ …"

မိကျူးကပြစ်တင်စကားတွေကို ရှည်လျားစွာပြောပြီး ဘောက်ဆတ် ဆတ်နှင့် ပြန်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်ဆိုးသွားပြီလေ…

မိကူးရဲ့နောက်ပိုင်းအလှတွေကို မေးကြည့်ရင်း…
ရင်ခုန်သံတွေဆူပွက်လာ ကြပြန်သည်။

"နင်ဟာ… ငါအချစ်ခံတဲ့ကိုဆိုတာ ကိုယ့်ကိုပြောရမလိုတောင်ဖြစ်နေ
ပြီ"… တဲ့…

ထိုစကားလေးက, ရင်တစ်ခုလုံးကို အကြီးအကျယ်ပူလောင်စေလိုက်သည်။

ငါက နင်အရမ်းချစ်ခဲ့တဲ့ ကိုကိုတဲ့လား မိကူး…

ငါပျော်လိုက်တာဟာ… ရင်တွေလည်းခုန်နေတယ်…

ရင်ထဲမှာဖျော့တော့ဖွာ ရှင်သန်နေသော နှလုံးသားမီးအိမ်ကလေးက
ပျော်လင့်ချက်များဖြင့် ရုတ်တရက် တောက်ပထွန်းလင်းသွားတော့သည်။

"ငါ… ငါ… မိကူးကို ချစ်တယ်လို့ဖွင့်ပြောလိုက်ရရင်ကောင်း
လား…"

( * )

အိမ်ကိုရောက်ရောက်ချင်း လွယ်အိတ်ကို ခုတင်ပေါ်ပစ်တင်လိုက်
ကျွန်ုပ်ဖွာပြုံးလိုက်သည်။

ခဏနေလျှင် မိကူးတစ်ယောက် ဒေါသတွေနဲ့ ရောက်လာတော့မည်။

ဒီလိုဖြစ်အောင်လည်း တမင်ဖန်တီးခဲ့တာ…

မိကူးပြောလာမယ့်စကားတွေကိုလည်း ကြိုသိနေသည်။

မိကူးကို ပြန်ပြောရာစကားလုံးတွေလည်း အဆင်သင့်ရှိနေသည်။

ထိုသို့ပြုလုပ်ခဲ့ခြင်းကို ခေါင်းစဉ်လေးတစ်ခု ကြိုတင်ပေးခဲ့ပြီးဖြစ်သည်။

အဲဒီခေါင်းစဉ်လေးရဲ့ အမည်က 'မိကူးရဲ့ နှလုံးသားစောင်းကြိုးလေး
ကို မသိမသာလေးတီးခတ်ကြည့်ခြင်း' …ပါတဲ့…

ဟုတ်တယ်။ ကျွန်တော်မိကူးရဲ့နှလုံးသားစောင်းကြိုးလေးတွေကို
မသိမသာ လေးတီးခတ်ကြည့်မလို့…

မိကူးရေ ငါရင်တွေခုန်နေတယ်…

ခြံဝင်းတံခါးဝနား ဝင်လာတဲ့သူမကိုမြင်လိုက်တာနဲ့ ရင်ထဲမှာ ဒိန်းကနဲ
ပြုလှမ်းလာတဲ့ခြေလှမ်းတွေကို ကြည့်တာနဲ့ မိကူးဒေါသထွက်နေပြီ
ဆိုတာသိသာ၏၊ ထိုင်ရမလို ထရမလိုဖြစ်နေခြင်းကို ထိန်းချုပ်ပြီး ဦးမောင်
ကုလားထိုင်ခုံပေါ်မှာ ခပ်တည်တည်ထိုင်ချလိုက်ရသည်။

ဂြုန်းကနဲဆို အခန်းဝနားရောက်လာပြီး ခါးထောက်ရပ်လိုက်တဲ့အခါ
မှာ ပူကနဲနေ၏၊

www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်လိုလုပ်လိုက်တာလဲ ဂီဇို"

သည့်လိုပြောလိမ့်မည်ဟု ကြိုတင်တွေးပြီးသား...

"ငါ... ငါ ဘာလုပ်လို့လဲဟ..."

ထိန်းထားသည့်ကြားက အသံတွေတုန်နေချင်သေးသည်။

မဖြစ်ဘူး ခပ်တည်တည်ပြောမှ...

"တောက် !... အရကြောင်းကြောင်းလုပ်မနေနဲ့... နင်ဘာလို့ ငါ့ကိုတ
ယောက်တည်းထားသွားတာလဲ၊ ငါ့မှာတော့ နင့်ကိုမတွေ့လို့ ဟိုရှာဒီရှာ
အရူးမကျနေတာပဲ။ ကျောင်းထဲမှာ တစ်ယောက်မှမကျန်တော့တဲ့အထိ
လိုက်ရှာနေတာ၊ တစ်နေရာရာများသွားတာလား.. ပြန်တော့လာမှာပါဆို
ကျောင်း ရှေ့မှာအကြာကြီးရပ်စောင့်နေသေးတယ်။ အခု နင်က အိမ်ပြန်ရော
နှင့်နေတယ်... အဲဒါဘာသဘောလဲ၊ သွားစရာရှိရင်လည်း ကြိုပြောထားပါလ
ဘာမပြောညာမပြောနဲ့ ပြန်နှင့်တာ ဘာသဘောလဲ။ ပြော ...ငါ့ကိုပြော
ဂီဇို အဲဒါဘာလုပ်တာလဲ"

ပြောရင်း ဒေါသတွေကို မထိန်းနိုင်ဘွာ ကျွန်တော့်ကို လွယ်အိတ်
ပစ်ပေါက်၏။

"ဖြေးဖြေးပြောပါဟ... ဘယ်လိုဖြစ်တာလဲ"

"ဘာလဲ... နင်ကငါနဲ့အတူမသွားချင်တဲ့ သဘောလားဂီဇို၊ ဒါ
လည်း ရတယ်နောက်နေ့ကစပြီး ငါဘာသာပဲ တစ်ယောက်တည်းသွားတေ
မယ်။ နင်... နင်ဒီလိုလုပ်လိမ့်မယ်လို့ ငါလုံးဝမထင်ဘူးသိလား နင့်
အရမ်းစိတ်ဆိုးတယ်..."

ပြောရင်းပြောရင်း သူမမျက်ဝန်းတွေမှာ မျက်ရည်တွေဝဲလာတော့ စိ
ကောင်းမိ။

"မဟုတ်ဘူးမိကူး နင်မသိဘူး။ ငါ့မှာအကြောင်းရှိလို့ပါ... တက
တော့ ငါနင့်အနားက ဘယ်ဖဝါးမှ မခွာချင်ပါဘူးဟာ... ငါ့ကိုစိတ်မဆိုးပါ



ကြိုတင်ကြံစည်ထားတဲ့စကားကို ခပ်တည်တည်နှင့် ပြောချလိုက်သည်။

"ဘာတစ်ဖဝါးမှ မခွာချင်တာလဲ၊ အပြောနဲ့ အလုပ်နဲ့တခြားစီပဲ။ ပြောစမ်း
ဘာကြောင့်လဲ.. နင့်အကြောင်းပြချက်မခိုင်လုံရင်တော့ နင်သေပြီသာမှတ်၊
တ်ပြတ်နေအောင် ကုတ်ခွဲပစ်မယ်"

တွေ့လား..သူမစကားတွေက ဆင်ထားတဲ့အကွက်ထဲကိုကွက်တိ ပဲ...

နေဦး... ပိပြင်သွားအောင် နည်းနည်းတော့အိုက်တင်ခံဦးမှ...

"ငါမပြောချင်ဘူးဟာ နင့်ကိုအားနာတယ်..."

"အပိုတွေမပြောနဲ့ဂီဇို။ နင်နဲ့ငါကြားမှာ အားနာစရာဆိုတာရှိလို့လား
ပြော အခုပြော... နင်ငါ့အကြောင်းသိတယ်နော် ငါစိတ်တိုလာပြီ..."

ပြောရင်း လက်ထဲကသူမလွယ်အိတ်ကို ပြန်လုယူ၏။

"နင်... နင်ပြောဆိုလို့ ပြောရမှာနော်။ ပြီးမှ နောင်တမရနဲ့"

"ရှာမရှည်နဲ့... ပြောမှာပြော"

"ဟို..ဟိုဟာ..ငါ့သူငယ်ချင်းတွေပြောတဲ့စကားတွေကနင့်သိက္ခာကို
ထိခိုက်နေလို့ဟ။ အဲ့ဒါ..နင်ငါ့ကြောင့်သိက္ခာကျမှာစိုးလို့စိတ်တိုတိုနဲ့
လာခဲ့တာ..."

"ဘာစကားမို့လို့လဲ လိုရင်းကိုပြောစမ်းပါ။ ဝေ့ဝိုက်မနေနဲ့"

"သူတို့ကပြောတယ်..."

"အင်း... ဘာတဲ့လဲ"

"နင်နဲ့ ငါကချစ်သူတွေဖြစ်နေပြီတဲ့။ အဲဒါကြောင့် ငါတို့နှစ်ယောက်
တွဲတွဲဖြစ်နေတာတဲ့..."

ပြောရင်း မိကူးမျက်နှာပေါ်က, ပြောင်းလဲသွားမယ့်အရိပ်အခြည်တွေကို
တ်တမ်းအဆဲခတ်လှေလာနေလိုက်သည်။

"အဲ့ဒီတော့နင်က ဘာပြန်ပြောလိုက်လဲ"

"မဟုတ်ဘူးလို့ ပြောလိုက်တာပေါ့ဟ..."

"အေးလေ... ဟုတ်မှမဟုတ်ပဲ၊ အဲဒီလိုပဲပြောရမှာပေါ့..."

www.burmeseclassic.com

www.burmeseclassic.com



"မရဘူးဟာ ဒီကောင်တွေ ငါပြောတာကို လက်မခံဘူး။ ငါ့စွဲ အတင်းငြင်းတော့ ဒီကောင်တွေက ဘာပြန်ပြောတယ်မှတ်လဲ"

"အင်း… ဘာပြန်ပြောလဲ"

"ညာဖနေစမ်းပါနဲ့ကွာ မင်းတို့ချက်လုံးတွေကို ငါတို့အကုန်ရိပ်မိ တယ်… တဲ့။ အခုချစ်သူတွေမဖြစ်သေးရင်လည်း နောက်ဆိုဖြစ်သွားမှာပဲတဲ့၊ မင်းတို့နှစ်ယောက်ကြားက သံယောဇဉ်တွေကို မင်းတို့မရိပ်မိသေးလို့ ချစ်သူ တွေမဖြစ်ကြသေးတာတဲ့"

"ဒါပဲလား… ပြီးတော့ဘာတွေပြောသေးလဲ…"

"ဒီနေ့အထိ နှင့်အနားကို ဘယ်သူ့မှကပ်လို့မရအောင် ဘာလို့ကာကွယ် ပေးနေရတာလဲတဲ့၊ အဲဒါဘာသဘောလဲတဲ့။ နှင်ကရော ဘယ်သူ့ကိုမှ စိတ်မဝင် စားပဲနေ နေနိုင်လာ ဘာသဘောလဲတဲ့… မယုံရင်မင်းသူ့ကို ချစ်တယ်လို့ ပြောကြည့်ပါလား လက်ခံမှာပဲတဲ့ …။ ဟာ… ငါဒေါသတွေထွက်လိုက်တာ အရမ်းပဲ အကုန်လုံးကို ဆွဲထိုးပစ်မလို့၊ နှင်က၊ ရန်မဖြစ်ရဘူးဆိုလို့ စိတ်ကို မနည်းထိန်းပြီး ပြန်လာခဲ့ရဟာ။ သူတို့ပြောတဲ့စကားတွေကြောင့် နှင်နဲ့အတူ ပြန်ရင် နှင်သိကွာကျမှာစိုးလို့ပါဟာ"

"ဒါပဲလား… ကုန်ပြီလား"

"အဲဒါပဲ မိကူး။ သူ… သူတို့ပြောတာဟုတ်လား ဟင်…"

မိကူးက ဟက်ဟက်ပက်ပက်ရယ်၏။

"ဟား… ဟား… ဟား… ဟား… ဖြစ်မှဖြစ်ရတယ် ဂီဇိုရယ် အ၊ လိုက်တာဟာ၊ နှင့်မှာ ဦးနှောက်မရှိဘူးလားဟဲ့… ဦးနှောက်မရှိတဲ့လူတွေ အရူးထပြီးပြောတဲ့စကားတွေကို နှင်ကဦးနှောက်နဲ့ မစဉ်းစားတတ်ဘူးလား… ရယ်ရတယ်ဟာ… ကူးကူးနိုင်ကို ဦးနှောက်မရှိတဲ့လူလို့ နှင့်သူငယ်ချင်းတွေက လင်နေတာကိုး… သူတို့နည်းနည်းလေး စဉ်းစားတတ်မယ်ဆိုရင် ကူးကူးနိုင် ဟာ ဂီဇိုကို ချစ်သူအဖြစ်လက်ခံနိုင်သလား လက်မခံနိုင်ဘူးလား ဆိုတာ အရှင်းကြီး၊ နေပါဦး ဂီဇိုရဲ့… နှင်တကယ်ပဲ မစဉ်းစားမိတာလား၊ သူတို့တာသာ

…ထပြီး ရေလွှားပြောနေတာကို ဘာတုန့်လှုပ်နေစရာလိုလဲ၊ နှင်နဲ့ငါနဲ့ကြား …တဲ့ သူငယ်ချင်းဆိုတဲ့ ဖြူစင်မှုတွေထဲမှာ သူတို့ ပြောသလို မရိုးမသားစိတ် … နှမ်းစေ့လေးလောက်တောင် ရှိနေလို့လား။ တစ်ယောက် အပေါ်မှာ …ယောက်… တစ်ဖအေတည်း တစ်မအေတည်းက မွေးခဲ့ကြသလို ရှိခဲ့တဲ့ …င်မှုတွေကို နှင်မေ့တာလား။ အေးလေ… နှင်ကစိတ်ဆတ်တဲ့ လူဆိုတော့ …သထွက်မှာပေါ့… ဒီမှာ ဂီဇို… ဘယ်သူတွေဘာပြောပြောလုံးဝ ဂရုစိုက်စရာ …ဘူး။ ကိုယ့်ဘာသာနေမြဲအတိုင်း နေစမ်းပါဟာ ပုံစံပြောင်းသွားမှ သူတို့ …တာကို ငြင်းခံသလိုတောင်ဖြစ်သွားဦးမယ်… ဟား… ဟား… ဟား …တယ်… နှင်ပြန်သွားတော့ ဒီပြဿနာကြောင့်ကိုး… ဒါဆိုလည်း ပြီးတာပဲ …ို ငါခွင့်လွှတ်လိုက်မယ်။ ကဲကဲ… ငါသွားတော့မယ် အမေရုံးက ပြန် …ည်အမေ့ကို ဆေးခန်းပို့ရဦးမှာဟ…"

"နေ… နေပါဦး… မိကူး… ငါမေးစရာ ရှိသေးတယ်…"

"ဘာလဲ… ပြော"

"နှင်… နှင်… သူတို့ပြောတာတွေကို ဘယ်လိုမှမခံစားရဘူးလား …"

"ဟင့်အင်း… လုံးဝပဲ။ ဟုတ်မှမဟုတ်တာ ဘာမှမခံစားရပါဘူး။ …ဒီစကားတွေကို အရူးကြားရတာ ငါဖြင့်ရိုးနေပြီ …ငါ့သူငယ်ချင်းတွေက …ဒီစကားတွေ ငါ့ကိုပြောခဲ့တာကြာလှပြီ။ ကိုးတန်းနှစ်ကတည်းက"

"ဟော …ဟုတ်လား …အဲဒီတော့နှင်ဘာပြန်ပြောလိုက်လဲ"

"သိပ်များများစားစား မပြောပါဘူး 'စောင့်ကြည့်' လို့ တစ်ခွန်းတည်း …လိုက်တယ်။ အခုသူတို့လက်ခံသွားကြပြီ၊ သွားမယ် … ဟဲ့ …အကျီ …ကြီးနဲ့ မနေနဲ့၊ အအေးပတ်မယ်"

ပေါ့ပေါ့ပါးပါးလွှန်းစွာပွက်သွားတဲ့ မိကူးကိုကြည့်ပြီး ရင်ထဲမှာ တစ်မျိုး …ဝ်ကျန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မိကျူးရဲ့မျက်နှာမှာ အရိပ်အခြည်တွေဘယ်လိုပြောင်းလဲ သွားမလဲ စက္ကန့်မလပ် အကဲခတ်နေမိခဲ့တဲ့ နှလုံးသားပွင့်ရဲ့အဖြေက သုညတဲ့။ (ZERO) တဲ့...

သူမရဲ့မျက်နှာဟာ ချစ်ခြင်းနဲ့ရင်ခုန်သံတွေရဲ့ ရောင်ဝဥ်တွေ ရာနှုန်းပြည့် ကင်းစင်လို့ နေခဲ့ပါတယ်...

အတွက်ချကြဲစီထားမိတဲ့ စကားလုံးတွေဟာသူမနှလုံးသားကို နည်းနည်း လေးမှ လှုပ်ခတ်မသွားစေခဲ့တာ သေချာပါတယ်...

တိတ်တိတ်ကလေးနှာခွင့်နေခဲ့တဲ့ သူမရဲ့နှလုံးသားအောင်းကြီးလှုပ် သံတွေကို သဲ့သဲ့လေးတောင်မကြားလိုက်ရပါလား...

ဒါ့အပြင်.. သူမဟာစကားတစ်ခွန်းနဲ့ နှလုံးသားကို ကုတ်ဖွဲ့သွား ပါသေးတယ်...

"သူတို့ နည်းနည်းလေးစဉ်းစားတတ်မယ်ဆိုရင် ကူးကူးနိုင်ဟာ ကို ချစ်သူအဖြစ် လက်ခံနိုင်သလား လက်မခံနိုင်ဘူးလားဆိုတာ အရှင်းကြီး" တဲ့...

ဒါဟာ ...ငါ့ကိုချစ်သူအဖြစ် လက်မခံနိုင်ဘူးလို့ နင်ဆိုချင်တာလား မိကျူး...

နင့်ရဲ့ချစ်သူအဖြစ် လက်ခံနိုင်မယ့် သူဟာဘယ်လို လူစားမျိုးလဲ။ နင့် ငါနဲ့ကြားမှာ သူငယ်ချင်းဆိုတဲ့ အတန်းကလွဲပြီး ဘာမှမရှိဘူးလို့ ယူဆလိုက် တော့မှာလား... မိကျူးရယ်...

အားအင်ချိနဲ့စွာ မျက်စေ့ကိုမှိတ်ပြီး ခုတင်ပေါ်လှဲချပစ်လိုက်သည် ပိန်းပိန်းပိတ်နေတဲ့ အမှောင်ထဲမှာ သူမရဲ့နှလုံးသားကို နံရံတစ်ခုလို လက် နဲ့ လိုက်စမ်းနေမိတော့သည်။

အဝင်ပေါက်က ဘယ်မှာလဲ....

ဖြူစင်သန့်ရှင်းမှုတွေကို လက်နဲ့စမ်းမိတဲ့အခါ.. အဲဒါအချစ်တွေလို့ပြ မိရင် ပုံပြင်ထဲက မျက်မမြင်ပုဏ္ဏားတွေလို ယေဘုယျသတ္တဝါတစ်ကောင်ဖြစ် တော့မှာပေါ့...



နေပါဦး... မိကျူး...

နှလုံးသားဆိုတာ တစ်ခါတလေ အလွှာတွေအထပ်ထပ် ဖုံးနေတတ်တဲ့ ...ပြီးတဲ့...

ဥပမာ... သိစိတ်တွေ မသိစိတ်တွေ ကိုယ့်စိတ်ကိုနားမလည်မိသေး ...ုးတွေနဲ့ ဖြူစင်ခြင်းဆိုတဲ့ အရာတွေပေါ့...

နင့်ရဲ့သိစိတ်မှာ ငါ့ကိုမချစ်ပေမယ့်၊ မသိစိတ်မှာငါ့ကိုချစ်ချင်လည်း ချစ် ...သေးတယ်လေ...

အခုအချိန်မှာ... ငယ်သူငယ်ချင်းဆိုတဲ့ အမြင်ကြောင့် ငါ့ကိုမချစ်ဘူးလို့ ...နေပေမယ့်၊ တစ်ချိန်ချိန်မှာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြသွားရလောက် ...င် ငါ့ကိုချစ်နေမိတဲ့ အချစ်တွေနှင့်နှလုံးသားထဲမှာ ကိန်းအောင်းချင် ...အောင်း နေနိုင်သေးတယ်...

ငယ်ငယ်လေးကတည်းက လက်ပွန်းတတီးနေလာခဲ့ကြတာဆိုတော့ ...းလဲလာတဲ့ သံယောဇဉ်တွေကိုလည်း အဖြူရောင်တွေပဲလို့ သတ်မှတ် ...တာမျိုးလည်း ဖြစ်နိုင်သေးတယ်...

အဖြူရောင်တွေကြားထဲက ရောင်စဉ်ပါးပါးလေးတစ်ခုကို မမြင်မိတာ ...ဖြစ်နိုင်သေးတယ်...

အောအောကပဲ နင်ပြောသွားခဲ့သေးတယ် မဟုတ်လား...

"အကျီကျွတ်ကြီးနဲ့ မနေနဲ့၊ အအေးပတ်မယ်" တဲ့ ...

အဲဒီစကားလုံးလေးတွေထွက်ပေါ်လာတဲ့နေရာကို အနက်ရှိုင်းဆုံးအထိ ...ကြည့်မယ်ဆိုရင်... ငါလိုချင်တဲ့ နင့်ရဲ့ရင်ခုန်သံတွေကို တွေ့ချင်တွေ့နိုင် ...ယ်လေ...

ငါတို့ဖြတ်သန်းလာခဲ့ကြတဲ့ သံယောဇဉ်မှတ်တိုင်တွေက နှယ်နှ...ရ ...တ်တာမိကျူး...

www.burmeseclassic.com

www.burmeseclassic.com



အလျှား အနံ့မရှိပေမယ့် အသွားအပြန်ရှိတယ်ဆိုတဲ့ ချစ်ခြင်း မေတ္တာ သဘောတရားကိုလည်း ငါမေ့ထားလို့မရဘူး…

"ငါ… ဖွဲ့မလျှော့ပါဘူး… မိကူး…"

✿ ✿ ✿ ✿ ✿

( * )

စာကျက်ရင်း ဖျက်ခေ့တွေညောင်းလာတာနဲ့ ဂစ်တာဆွဲပြီး ခရေပင်တွေရှိ …ဆီသို့ ထွက်ခဲ့လိုက်သည်။

ခြေလှမ်းငါးလှမ်းခန့်လှမ်းမိတယ်ဆိုရင်ပဲ ခရေပင်တွေနားက စာတ်တိုင် …ကတ်မှာ ငုတ်တုတ်လေးထိုင်နေတဲ့ မိကူးကိုမြင်၏။

မိကူးဘာလုပ်နေတာလဲ‥လက်ထဲမှာလည်း စာအုပ်လေးတစ်အုပ် နဲ့‥ …ါင်းငုံ့ပြီးထိုင်နေတဲ့သူမက ခပ်လှမ်းလှမ်းရောက်မှမြင်၏။

"ဟယ်… ကိုဗို… လာ။ ဂစ်တာတီးမလို့လား‥ အတော်ပဲ ငါလည်း …းနေတာပဲ"

"နင် ဘာလုပ်နေတာလဲမိကူး…"

"စာကျက်နေတာလေ တစ်ပုဒ်တောင်ရသွားပြီ"

"အိမ်ထဲမှာ မကျက်ဘူးလား"

"နယ်က အဖေ့မိတ်ဆွေ ရောက်နေတယ်ပါ‥ သူတို့စကားပြောနေ …တာဆူလို့ ဒီနားမှာ စာလာကျက်တာ။ နင်ရော စာမကျက်ဘူးလား"

"ကျက်ပါတယ်။ ငါလည်းစာကျက်ရင်းဖျက်ခေ့တွေ ညောင်းလာတာနဲ့ …လာတာ ဂစ်တာတီးမလို့"

"ဟုတ်လား တီးစမ်းပါဦး။ နားထောင်ရတာပေါ့"

မိကူးအနားမှာဝင်ထိုင်ပြီး ဂစ်တာကြိုးတွေကို တစ်ချောင်းချင်း… …းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာသီချင်းတီးရမှန်း မသိ… စဉ်းစားလို့လည်းမရ…

အိမ်ကထွက်လာတုန်းက ဂစ်တာတီးချင်စိတ်တွေအပြည့်နဲ့ ထွက်… ခဲ့တာ…

အခုစိတ်မပါတော့ဘူး။ ဘယ်လိုဖြစ်တာလဲ မသိ…

မိကျူးတို့အိမ်လေးကို အဝေးကနေကြည့်ပြီး ဂစ်တာတီးတဲ့အခါတိုင်း အခုံမှာ တစ်ပုဒ်ပြီး တစ်ပုဒ်အလိုလိုပေါ်လာတတ်တဲ့ သီချင်းတွေအ… ကြီးရှိပါတယ်…

အခု မိကျူးကိုယ်တိုင်အနားမှာ ရောက်နေတော့ ဂစ်တာတီးရမှာ သီ… ဆိုရမှာကို မဝံ့မရဲဖြစ်နေ၏။

တကယ်ဆို မိကျူးမျက်နှာလေးကိုကြည့်ပြီး "တူးတူးရဲ့ သူငယ်ရ… အတွက်" ဆိုတဲ့ သီချင်းလေးကို ဆိုလိုက်ရရင် ဘယ်လောက်ကောင်းမလဲ… ဒါမှမဟုတ် "ထူးအိမ်သင်"ရဲ့ "မရိုးသားတော့ဘူး"ကိုပဲဖြစ်ဖြစ်ပေါ့… အခု… ဘာတွေဖြစ်နေမှန်းကို မသိတော့။ စိတ်ကို ဂစ်တာထဲမှာ သီချင်းထဲ… နှစ်လို့မရ…

အဲဒီခံစားချက်ဟာ ရင်ခုန်နေလို့ ဖြစ်လာတာတော့မဟုတ်တန်ရာဘူး… ထူးဆန်းဘာယ်…

"ဟဲ့ တီးလေ… ဘာလုပ်နေတာလဲ။ ဟိုသီချင်းလေးတီး "သူငယ်ချ… အတွက်" ဆိုတဲ့ သီချင်းလေ… နင်အမြဲဆိုတာ ငါမှတ်မိတယ်…"

အလို… မိကျူးနဲ့ကျွန်တော် စိတ်ချင်းများ ဆက်သွယ်နေရောသလား…

အခုပဲ အဲဒီသီချင်းလေးကို စဉ်းစားနေတာ…

မိကျူးကလည်း ဒီသီချင်းကိုပဲတောင်းဆိုလိုက်တယ်…

မိကျူးက ဘာလို့အဲဒီသီချင်းလေးကိုမှ နားထောင်ချင်ရတာလဲ…

လိုရာဆွဲတွေးမိတော့ ကြည်နူးစိတ်တွေ တစ်ကိုယ်လုံးသို့ ဖြန့်ကျက်… သို့ပေမယ့် မတီးဖြစ်ပါ။ တီးချင်ဆိုချင်စိတ်မရှိပါ…

ဂစ်တာကိုဘေးမှာ အသာချထားလိုက်မိလေသည်။



"ရော်… ဘယ်လိုဖြစ်တာလဲ။ တီးပါဆို"

"နေပါဦး… ငါနင့်ကိုမေးစရာရှိလို့ပါ…"

"ဘာမေးမလို့လဲ"

"အချစ်ဆိုတဲ့အကြောင်းတွေမေးချင်လို့"

"အလို…အထူးအဆန်းပါလား ဂီဇိုရဲ့ နင့်မေးခွန်းက"

"အချစ်ဆိုတာဘာလဲမိကျူး နင်သိလား…"

"ငါးရာနှစ်ဆယ့်ရှစ်ဆိုတဲ့အချစ်ကိုပြောတာလား ထောင့်ငါးရာအချစ်ကို …တာလား"

သူမစိတ်ပါလက်ပါပြောတော့ တော်တော်လေးအံ့ဩမိ၏။

မိကျူးကိုအဲဒီလိုများမေးလိုက်ရင်…

"ဟဲ့… ငါလည်းဘယ်သိမလဲ"

"နင်ဘာတွေလျှောက်မေးနေတာလဲ"

အဲဒီလိုတွေဖြေမယ်လို့ ထင်ထားခဲ့တာ…

အခုတော့ မိကျူးက "ငါးရာနှစ်ဆယ့်ရှစ်လား ထောင့်ငါးရာလား"တဲ့ ရင်ခုန်ခြင်း ဝမ်းသာခြင်းတွေက ဆက်ပြောရန်တွန်းအားပေးကြ၏။

"ထောင့်ငါးရာဆိုတဲ့အချစ်ကို ပြောတာ"

သူမက မျက်လုံးလေးမှေးစင်းပြီး စဉ်းစားဟန်ပြု၏။

မျက်မှောင်လေးကျုံ့ပြီး စဉ်းစားနေတာမို့ အသာလေးငြိမ်နေလိုက်ရသည်။

မိကျူးဘာတွေများပြောမှာပါလိမ့်…

"အင်း… ငါလည်းကျယ်ကျယ်ပြန့်ပြန့်တော့ သိပ်မသိပါဘူး။ ငါသိ …းတာတွေကို ငါနားလည်သလောက်ပြောပြမယ်လေ။ ဒီလိုဟ ဂီဇိုရ… …အချစ်ဆိုတဲ့အရာဟာ တော်တော်ဆန်းကြယ်တယ်တဲ့… အဲဒီအချစ်ဆိုတဲ့ …းချက်ကို ဦးနှောက်က လုပ်တာမဟုတ်ဘူးတဲ့။ ဦးနှောက်က ဖန်လည်း …နိုင်ဘူးတဲ့… အချစ်ဆိုတာ နှလုံးသားထဲမှာ သူ့အလိုလို ဖြစ်ပေါ… …တဲ့အရာတဲ့။ နှလုံးသားထဲမှာ အချစ်ဆိုတဲ့အရာ ဖြစ်ပေါ်လာပြီဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေကို ညာလို့ရချင်ရမယ် ကိုယ့်ကိုယ်ကိုယ် ညာလို့မရဘူး။

ဒီအချစ်ဆိုတဲ့အရာကြောင့် ရှာတွေရဲ့ရင်ထဲမှာ ထူးထူးဆန်းဆန်း ခုန်... ဘယ်တဲ့... ဦးနှောက်ဆိုတဲ့အရာက ခွင်းရဲ့ကာတွေ ချမ်းသာတာ... ဝုဏ်ရှိတာတွေ ရုဏ်မဲ့တာတွေ၊ ရုပ်ဆိုးတာတွေ ရုပ်ချောတာတွေ၊ ဖြစ်သင့်တာတွေ မဖြစ်သင့်တာတွေဆိုတဲ့ အခြေအနေတွေကို ခွဲဖြစ်နိုင်းခြားနိုင်ပေမဲ့ နှလုံးသားဆိုတဲ့အရာကတော့ ဘာကိုမှမမြင်ဘူးတဲ့။ ရင်ခုန်သံတွေနဲ့အတူ အ... ဆိုတဲ့အရာတွေကို မေ့မြှားလာစေတော့တာပဲတဲ့"

မိကူးပြောသမျှတွေကို နားထောင်ရင်း ရင်တွေတဒိုင်းဒိုင်းခုန်နေတဲ့ သူမတာတော့ လ, မရှိတဲ့ဘောင်းကင်ကကြယ်ပွင့်လေးတွေကို ငေးရင်းစိတ်... လက်ပါ ဆက်ပြောနေဆဲ...

"နှလုံးသားကနေ တစ်ယုံတစ်ယောက်ကို ချစ်မိပြီဆိုမှဖြင့် ရုပ်ချော... တွေ ရုပ်ဆိုးတာတွေ ဆင်းရဲချမ်းသာတွေ အနိမ့်အမြင့်တွေ... အို... ဘာ... ဘာကိုမှမမြင်တော့ဘူးတဲ့ဂိနိုရဲ့... ငါကတော့အချစ်ဆိုတာကို နားလည်ရခက်... ထိန်းချုပ်ဖို့မလွယ်ကူတဲ့ နှလုံးသားရဲ့ ဆန္ဒတစ်ခုလို့ ထင်တာပဲ။ အချစ်ဆို... အရာဟာ တော်တော်အင်အားကြီးမားပြီး အဆွဲမ်းယက်တဲ့အရာလို့လည်း... ထင်တယ်။ ပြီးတော့ အချစ်ဆိုတာ ဖန်တီးလို့လည်းမရဘူး ဖျောက်ဖျက်လို့လည်း... မရဘူးတဲ့ဟာ... အသေချာဆုံးတစ်ခုက လူတစ်ယောက်ဆိုပါတော့ဟာ အဲဒီလူဟာ တစ်စုံတစ်ယောက်ကို ချစ်နေတယ်လို့ သိလိုက်တဲ့အချိ... ဒါမှမဟုတ် ချစ်တယ်ဆိုတဲ့ စကားလုံးကို စတင်အသုံးပြုလိုက်တဲ့ အချိန်မှာ... သူ့ရဲ့နှလုံးသားတွေက အဲဒီတစ်စုံတစ်ယောက်ကို ချစ်ပြီးနှင့်နေပြီ ဆိုတာပဲ... သူ့ရဲ့နှလုံးသားထဲမှာ အဲဒီအချစ်ဆိုတဲ့အရာလေးစတင်ခိုဝင်လိုက်တဲ့အချိန်ကို... သူဘယ်လိုမှ မသိလိုက်နိုင်ဘူး"

"ဟုတ်ပါ့မလား ဆရာမရဲ့.. မြင်မြင်ချင်းချစ်မိသွားတယ်ဆိုတဲ့ စကား... ဘယ်သွားထားမလဲ..."



"အဲဒါ မှားတယ် ဂီနို။ နင်လည်း ရူပဗေဒ (Physics)သင်ဖူးသားပဲ ...တက အလင်းရဲ့နှုန်းနဲ့ မြင်တာ၊ ကြားတာက အသံရဲ့နှုန်းနဲ့ကြားတာလေ ...။ မြင်မြင်ချင်းချစ်မိသွားတယ်ဆိုရင်ပဲ မြင်လိုက်တဲ့အချိန်လေးနဲ့ ချစ်မိသွား ...တာကို သိလိုက်တဲ့အချိန်လေးနှစ်ခုရှိနေတယ်။ အလင်းနှုန်းနဲ့ပဲသွားဦး ... အဲဒီအချိန်လေးနှစ်ခုကြားထဲမှာ ခရီးဆိုတာရှိတယ်။ နှလုံးသားထဲကို ...ဆိုတဲ့အရာလေး စတင်ခိုဝင်တဲ့အချိန်က အဲဒီအချိန်နှစ်ခုရဲ့ကြားထဲမှာ ...။ နှုန်းကသိပ်မြန်လွန်းတော့ အဲဒီအချိန်လေးကို လူတွေမသိလိုက်ကြဘူး။ ...အချစ်ဆိုတဲ့အရာလေး ခိုဝင်လိုက်ပြီး ရင်တွေခုန်တော့မှ ချစ်မိသွားပြီဆို ...ကို သိလိုက်ကြရတာ။ ရင်ခုန်သံဆိုတာက အချစ်ခိုဝင်တွယ်ငြိနေပြီး ...ကြောင်း အချက်ပြတဲ့သင်္ကေတတစ်ခုပဲ။ ဒါကြောင့် ရင်ခုန်သံမရှိရင် ...မဟုတ်ဘူးလို့ ကျိန်းသေပေါက်ပြောနိုင်တယ်... သိလား ဂီနို။ ငါထင် ...မှန်လားဟင်..."

အံ့သြမှုတွေက တမ်းကုန်သွားတော့သည်။

"နင် ...နင် ...ပြောတာတော်တော်ချေလား မိကူး ... နင်ဒါတွေကို ...တယ်... ဘယ်လိုလုပ်ပြီး သိနေရတာလဲ"

"ဟဲ ...ဟဲ ...မဆန်းပါဘူး ဂီနိုရာ၊ ငယ်ငယ်လေးကတည်းက နွေ...ချင်းတွေပိတ်ရင် ငါဝတ္ထုစာအုပ်တွေ ဖတ်တတ်တာ နင်သိသားပဲ။ ဖတ်ရင် ...း အချစ်ဝတ္ထုတွေချည်းဖတ်တာမျိုး လျှော့မတွက်နဲ့ ။ပြီးတော့... အတန်း... ငါနဲ့အတူတူထိုင်တဲ့ သူငယ်ချင်းတွေအားလုံးမှာ ရည်းစားတွေရှိတယ်ဟဲ့ ...ို့ ရည်းစားစာတွေကို ငါအကုန်ဖတ်ရတယ်။ သူတို့တစ်တွေ အချစ် ...ကြောင်းတွေပြောတာမျိုး စိတ်ဝင်စားဖို့ အရမ်းကောင်းတာပဲ... နားထောင် ...ကြိုက်သီးတွေထောင်ထတယ်။ တစ်ခါတစ်ခါ သူတို့က အချစ်ဒဿန ...ုပ်တွေ အချစ်ကဗျာစာအုပ်တွေ ယူလာတယ်ဟ.. အရမ်းဖတ်လို့ ...င်းတာ ဟီး... ဟီး... နင်ငါ့ကို မဆူနဲ့နော် ဂီနို..."

www.burmeseclassic.com

www.burmeseclassic.com



"ငါအံ့သြနေတာ မိကျူး။ နင်ဒါတွေကို သိနေလိမ့်မယ်လို့ လုံးဝ ... ထားခဲ့ဘူး"

"အံ့မယ်.. ငါလည်းလူပဲ ဒီအရွယ်ရောက်နေပြီ ဒီလောက်တော့ သိ... ပေါ့ဟ... အံ့သြစရာမရှိပါဘူး..."

"ငါမိုးရိပ်ဘယ်မိကျူး နင်ဒါတွေကိုသိနေ နားလည်နေရင် နင့်ပညာ... သိမိုက်နိုင်တယ်... ဆော်ကြာ"

"ဟော... ဟော... ဆက်မပြောတော့နဲ့၊ နင်ဘာပြောမယ်ဆို... ငါသိတယ်။ ဒီမှာကိုဗို လူဆိုတာသူ့အရွယ်နဲ့ သူ့အတွေ့အကြုံဆိုတာရှိကြ... ချည်းပဲ။ အရေးကြီးတာက ကိုယ့်ဘဝကိုယ်နားလည်ဖို့ပဲ။ အချစ်ဆိုတာ 'ဘဝအတွက် အန္တရာယ်' ဆိုတဲ့ အယူအဆက, မမှန်ပါဘူးဟာ.. အဲဒါ... အမှန်ကို မဝေဖန်မပိုင်းခြားတတ်တဲ့လူတွေအတွက်ထားခဲ့တဲ့စကား။ ဘယ်... ပဲဖြစ်ဖြစ် ချစ်ချင်သလောက် ချစ်လို့ရတယ် ဂီဇို.. အဓိကတာ ပညာရေး... ဘဝကိုမထိခိုက်အောင် အလိုက်သင့်ထိန်းချုပ်တတ်ဖို့ပဲလိုတာ။ ဘာတွေပြီး... ချစ်ချင်သလောက်ချစ်ပစ်မယ်ဆိုတဲ့ ဆင်ကန်းတောတိုး စိတ်မျိုးမွေးရင်... ဘယ်သူမဆို ဒုက္ခရောက်မှာပဲ။ အချစ်ကိုဘဝရဲ့ အင်အားတစ်ခုအ... အချိုးကျကျပြဲပြီး ဘဝမှာအောင်မြင်မှုတွေရသွားတဲ့ လူတွေအများကြီး..."

"ဟုတ်ပါပြီ ...ဒါဆိုလည်းပြီးတာပါပဲ.. ငါနင့်ကို တစ်ခုထပ်မေး... မယ် ။ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် အမှန်အတိုင်းဖြေမယ်လို့ ... ပေးမလား..."

"မေးလေ.. ငါအမှန်တိုင်းဖြေမယ်..."

"ဘယ်လိုအကြောင်းကြောင့်မှ ညာပြီးမဖြေရဘူးနော်..."

"စိတ်ချ ငါမညာဘူး။ လုံးဝမညာဘူး..."

"နင်... နင်အချစ်ဆိုတာကို ခံစားဖူးပြီလားဟင်... ရင်ခုန... မှုပြီလား"



"အမလေး ...ဒါလေးမေးဖို့များ ဇာတ်တွေတောင်းနေရသေးတယ်လို့ ...ပ်.. ငါက ဘာလို့ညာပြောရမှာလဲ။ အမှန်အတိုင်းဖြေမယ်နော်.. ငါအချစ် ...ကို လုံးဝမခံစားဖူးသေးဘူး ဂီဇို၊ ရင်လည်းမခုန်ဖူးသေးဘူး။ အေး...မှန် ...ပြာရရင် ဝတ္ထုထဲမှာတော့ ခံစားဖူးတယ်။ ဇာတ်လမ်းထဲမှာ မျောပါသွားပြီး ...သလိုလို ဘာလိုလိုလည်းခံစားဖူးတယ်။ ဝမ်းနည်းစရာကောင်းရင် ...ခင်ငိုမိသေးတယ်။ စိတ်ဝင်တစားဖတ်တော့ ငါကဇာတ်လမ်းထဲက ...မီးပြန်ဖြစ်သွားတာကိုးဟာ.. ငါသရုပ်ဆိုမိလိုက်သွားတာ နင်မှတ်မိလား ...တို့အိမ်မှာ အလျှရှိတဲ့နေ့က, လေဟာ..."

"မှတ်မိတယ်... အဲဒီညနေက ငါလာကြိုရတာမဟုတ်လား ..."

"အင်း ...အဲဒီနေ့က ငါတို့အုပ်စု သရုပ်တို့အိမ်မှာ ဗီဒီယိုကြည့်ကြသေး ...ဟာ... နင်သိလားမသိဘူး TITANIC ဆိုတဲ့ ဇာတ်ကားလေ.. အရမ်း ...းတာပဲဟာ ဝမ်းနည်းလွန်းလို့ ငိုတောင်ငိုမိတယ်။ မင်းသားနဲ့မင်းသမီးက ...ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြတာပဲဟာ အားကျစရာကောင်း ..."

သူမပြောတဲ့စကားတွေကို နားထောင်ရင်း ကြက်သီးတို့ တဖြန်းဖြန်း ...

ဘုရား... ဘုရား... အချစ်ဆိုတဲ့အရာကို နင်ကောင်းကောင်းကြီး ...ည်နေပါလား မိကျူး....

"ဒါဆိုနင့်ကို နောက်တစ်ခုထပ်မေးဦးမယ် .."

"မေးလေ... နင်မေးသမျှအကုန်ဖြေမယ်။ ဒီနေ့ညနင်နဲ့ စကားပြောရ ...ဝင်ပြေတယ် စိတ်မတိုရဘူး..."

"ဟိုလေ... နင်ချစ်နေတဲ့သူရော ရှိနေပြီလား..."

"ယင့်အင်း... မရှိပါဘူး။ ရှိရင်နင့်ကိုပြောမှာပေါ့"

...သောလေးကိုတ်ပြီး သက်ပြင်းချလိုက်မိသည်။

...တော်ပါသေးရဲ့ မိကျူးမှာချစ်သူမရှိသေးဘူး... တဲ့...

www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်လိုလူမျိုးကို ချစ်မယ်လို့ ကြိုတင်စိတ်ကူးထားတာ ရှိ လား..."

သူ့ခန္ဓာတ်ခမ်းလေးကိုကိုက်ထား ပြုံး၏။

"ဟင်း... ဟင်းသိပ်ရှိတာပေါ့။ ဟဲ... ဟဲ... နင်မရယ်နဲ့နော် ငါ့ နင်မှိုလို့ပြောတာ"

"အေးပါ... မရယ်ပါဘူး ပြောမှာသာပြောပါ"

"ဟဲ...ဟဲ... ငါချစ်သူ အဲ... ငါချစ်မယ့်သူဆိုပါတော့ဟ ... ဟဲ... ဟဲ...။ အဲဒီလူဟာ နံပါတ်တစ်.. စိတ်ရင်းကောင်းရမယ်။ သဘော ဖြူရမယ်၊ ငါ့ကိုအလိုလိုက်တဲ့သူဖြစ်ရမယ်။ နံပါတ်နှစ်.. အသားဖြူရ မယ် အရပ်မြင့်ရမယ်၊ယောက်ျားပီသပြီး ချောရမယ်။ နဖူးကျယ်ကျယ် နှာ မြင့်မြင့်နဲ့ ရုပ်ရည်ချောမောတဲ့မျက်နှာကျရှိရမယ်။ ပြီးတော့ သူ့ရဲ့နှုတ်ခမ်းတွေက နီရဲ ပြီးသေသပ်နေရမယ်။ သွားတက်လေးပါရင် ပိုကောင်းတယ်ဟ.. ငါကသွား တက်လေးတွေဆို သိပ်ချစ်တာ မြေဆံလက်ဆံလေးတွေလည်း ယှဉ်ရမယ် နံပါတ်သုံး... သူဟာ ငါ့ထက်ငယ်တဲ့လူမဖြစ်စေရဘူး၊ အနည်းဆုံး ငါ့ထက် သုံးနှစ်လောက် ကြီးရမယ်၊ ပညာတတ်ရမယ်၊ ချမ်းသာရမယ်"

"နင်ငွေမက်လား မီးကူး..."

စကားဖြတ်ပြီးမေးမိ၏။

"အဲဒီလိုတော့ မဟုတ်ဘူး ဂီဂို ဘယ်လိုပြောရမလဲ... ယောက်ျားယူ မှ ဆင်းဆင်းရဲရဲနေရ မနေချင်ဘူးဟာ ဒီလောက်ပါပဲ..."

"ပုံပြင်ထဲက နတ်သားလေးကိုပဲ ကြိုက်လိုက်ပါတော့ဟာ၊ နင့်ချစ် သူဖြစ်မယ့်လူကိုငါတောင် မြင်ချင်လာပြီ။ ခြံဝက်ပြစ်ကင်းနေလို့... ဟား ... ဟား... ဟား..."

"နေဦးဂီဂို့ရဲ့ အရေးအကြီးဆုံးအချက်တစ်ခု ကျန်သေးတယ်"

"ဘာလဲ... နိုင်ငံခြားပြန်ဖြစ်ရမယ်လို့ ပြောမလို့လား ဟား...ဟား ...ဟား..."

"မဟုတ်ပါဘူး။ နင်သေချာနားထောင်.. အခုပြောမယ့် အချက်က အရေးကြီးဆုံးပဲ။ အဲဒါဘာလဲဆိုတော့.. သူက ငါ့ကိုရင်ခုန်သံတွေနဲ့ ချစ်ပြီး ငါလည်း သူ့ကိုရင်ခုန်သံတွေနဲ့ ချစ်တဲ့သူမျိုးဖြစ်ရမယ်။ အဲဒီအချက်တစ်ချက် ကိုရင် မေလောကပြောခဲ့တဲ့အချက်တွေကို ငါမေ့ပစ်နိုင်မယ်လို့ ထင်တယ်"

ရင်ထဲမှာ အပျော်တို့ဖြတ်စီးသွားကြ၏။

"နင်တကယ်ပြောတာလား မီကူး ..."

ဝမ်းသာအားရကြီးကို မေးမိလိုက်ခြင်းပါ...

"တကယ်ပေါ့ဟ အချစ်မှာ မျက်စေ့မရှိဘူးတဲ့ ဂီဂို... ရင်ခုန်ဖို့က အရေးအကြီးဆုံးပဲ"

ရင်ထဲမှာ ခုန်းကမ္ဘာ့ပျောက်ဆုံးသွားပြန်သည်။

မျက်မှောင်လေးကျုံ့ပြီး လေးလေးနက်နက်လေးပြောတဲ့မီကူးရဲ့ စကား။ စကားစရာ ကောင်းလိုက်တာ...

မီကူးရယ်... နင်တော်လိုက်တာဟာ...

"ဟင်း ...ဟင်း ...ရယ်ရတယ်နော် ဂီဂို၊ နင်ကလည်းဘာတွေလျှောက် တွေးနေမှန်း မသိဘူး၊ ငါလည်းဘာတွေလျှောက်ပြောနေမှန်းမသိဘူး။ ရင်ခုန်သံ အချစ်တို့ဆိုတာတွေကြောင့် ဘယ်ဆီနေမှန်းလည်းမသိ ဘယ်လိုခံစားချက် ဆိုတာလည်း မသိပဲနဲ့... ဟင်း... ဟင်း... အရူးတွေကျနေတာ ..."

ရှက်စနိုးလေးပြောတဲ့ မီကူးကိုကျုံ့တော်ချစ်လိုက်တာ...

"အခု... နင့်ကိုစိတ်ဝင်စားနေတဲ့ကောင်တွေကိုရော နင်ရင်မခုန်ဘူးလား ..."

"အို... သွားစမ်းပါ။ တစ်ယောက်မှ ရင်မခုန်ဘူး လုံးဝပဲ..."

"ငါ့ကိုရော... ဟင်..."

ဒီမေးခွန်းလေးကို လေးနက်နက်လေးမေးလိုက်ခြင်းပါ...

"ဟင်..ငါဂီ..ရွေးစုတ် အဲ့ဒါနင်မေးစရာလားဟဲ့..."

www.burmeseclassic.com

www.burmeseclassic.com



"ဟီး... ဟီး... မေးကြည့်တာပါဟာ..."

ရှက်ရှက်နှင့်ရောချပစ်လိုက်ရသည်။ တစ်ကိုယ်လုံးလည်း ထူထူပူပူဖြ(...) ခံစားလိုက်ရ၏။

ပြဿနာပဲ ...မိကျူးစိတ်ဆိုးသွားရင် ဒုက္ခကြီးအကျယ်ရောက်ပြီ... အတွေးမဆုံးခင်မှာပဲ မိကျူးက ဆက်ပြော၏။

"အေးလေ... နင်မေးတော့လည်းဖြေရမှာပေါ့... ဒီမှာကိုဖို့... သေသေချာချာမှတ်ထား။ နှင့်ကိုသာ ငါရင်ခုန်ခဲ့ရင် နင်ငါ့ချစ်သူဖြစ်နေ(...) ကြာလှပြီ..."

"ဟော... ဘယ်လို... ဘာဖြစ်လို့..."

"ဟုတ်တယ်လေ ...နှင့်လို ငယ်နိုင်ကို ငါကစပြီးဖွင့်မပြောခဲ့ရတာ(...) လဲ... အောင့်အည်းပြီးမျိုသိပ်ထားမှာ မပါဘူးနော်...သဘောပေါက်။ ဝ(...) တဲ... ညဉ့်နက်နေပြီ ငါပြန်တော့မယ်။ စာဘာသိမ့်လောက်ရအောင် ကျက်ပြီး(...) အိပ်တော့မယ်။ နင်လည်းစာကျက်လိုက်ဦး ဂစ်တာမတီးနဲ့တော့ ..."

မိကျူးကအပြေးကလေးလှမ်းကာ ကျွန်တော့်အပါးမှ ထွက်ခွါ၏။

ရှိုးရှိုးတန်းတန်းထွက်ခွာသွားခြင်းမဟုတ်။ ကျွန်တော့် ဆံပင်တွေကို(...) အမီအရဆွဲဆောင့်ပြီးမှ ပြေးထွက်သွားခြင်းဖြစ်သည်။

ရင်ခုန်သံတွေ တဒိုင်းဒိုင်းနဲ့ ကျွန်ရစ်ခဲ့တဲ့ကျွန်တော်...

ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား မသိတော့ပါ...

မိကျူးနဲ့ စကားတွေအများကြီးပြောဖြစ်သွားတဲ့ ယောဒီညလေးကတော့(...) လင်းကြီးမရှိပေမယ့် သိပ်ကိုလှပနေပါသည်။

သူမပြန်သွားပြီး တော်တော်ကြာတဲ့အထိ ခရေပင်ကြီးတွေအောက်မှ(...) ဆက်ထိုင်နေမိ၏။

ငါကြားဖူးတာပဲ မိကျူး၊ လူတွေဟာ ကိုယ့်အနားမှာ အလွယ်တကူ(...) ရနိုင်တဲ့ပစ္စည်းတွေကို တောက်ပနေမြတ်နိုးဖို့ သတိမထားမိကြဘူးတဲ့... တခြား(...) တစ်ယောက် အဲဒီပစ္စည်းလေးကို ရယူသွားပြီဆိုမှ ငမ်းငမ်းတက်လိုချ(...) လာတတ်ကြတယ်တဲ့...

အဲဒီလိုပဲ ...ငါ့အချစ်တွေကို တစ်ယောက်ယောက်က ပိုင်ဆိုင်သွားပြီ (...)မှ နင့်နှလုံးသားတွေထပြီး အလုဖ်လုပ်ကြမယ်ထင်ပါတယ်။

နင့်ရဲ့နှလုံးသားပေါ်မှာ ငါ့အချစ်တွေကို မမြင်မိအောင် ဖုံးအုပ်ထား(...)ယ်လို့ ထင်ရတဲ့ (နင့်နှလုံးသားကို နင်မမြင်နိုင်အောင် ဖုံးအုပ်ထားတယ် (...) ထင်ရတဲ့) အလွှာတစ်ခုကို ခွာချပစ်ဖို့ ငါကြိုးစားကြည့်လိုက်ဦးမယ် (...)ူးရေ...

နင်ပြောခဲ့တဲ့ စကားလေးတွေက ငါ့ရင်ထဲမှာ စွဲနေပြီမိကျူး ...

ဘာတဲ့... အချစ်မှာ မျက်စိမရှိဘူး... တဲ့။ ရင်ခုန်ဖို့က အရေးကြီး (...)ုံးပဲ... တဲ့...

ရတယ်မိကျူး ...

အခုအချိန်မှာ နင်ရင်ခုန်ဖူးသေးတာ သိရလို့ငါကျေနပ်တယ် ...

တစ်ခါမှ မခုန်သေးဖူးသေးတဲ့ နင့်ရဲ့ရင်ခုန်သံတွေကို အသက်သွင်းနိုင် (...)ဲလူဟာ ငါလည်း ဖြစ်ချင်ဖြစ်နေနိုင်သေးတယ်လေ... ...

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



( ၉ )

သူမရဲ့နှလုံးသားကို ဖုံးအုပ်နေတဲ့အလွှာတစ်ခုကို ခွာချပစ်ရန်အတွက် သူမရဲ့အရင်းနှီးဆုံးသူငယ်ချင်း 'သရဖီ' ကို စစ်မှတ်အဖြစ် ရွေးချယ်ပစ်လိုက်သည်။

သရဖီက အတန်းထဲမှာ မိကျူးနှင့်အတူကပ်ထိုင်သူဖြစ်ပြီး သူမနဲ့ အရင်းနှီးဆုံးသူငယ်ချင်းလည်းဖြစ်သည်။

အသားအရေဝင်းဝင်းလေးနှင့် သရဖီက မိကျူးလောက်မလှပေမယ့် သွယ်သွယ်လျလျနှင့် ချောမောပြေပြစ်သူလေးပါ…

သို့သော်… မိကျူးမနာလိုဖြစ်စေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သရဖီကို ချစ်ရေးဆိုခဲ့မိခြင်းသည် လုံးဝမှားယွင်းနေသော တွက်ကိန်းတစ်ခုဖြစ်ခဲ့ပြီး ပေါ်တော်လေး တုန်လှုပ်ခြောက်ခြားစရာကောင်းနေခဲ့ ၏။

မိကျူးက မနာလိုမဖြစ်သည့်အပြင် စေတနာတွေဗလပွနှင့် အကူအညီတွေ ပေးခဲ့ခြင်းဟာ စံနေတဲ့စေတနာတွေပါ …

သရဖီဆီက ချစ်ပါတယ်ဆိုတဲ့အဖြေကို ဝမ်းပန်းတသာသယ်ဆောင် လာခဲ့သူက မိကျူးတဲ့…

အံ့ဩထိတ်လန့်စွာ ဆွံ့အနေတဲ့အချိန်မှာ မိကျူးကိုယ်တိုင်ကဖြင့် ကျွန်တော့် အတွက် ဝမ်းသာပျော်ရွှင်နေခဲ့တော့သည်။

"ငါအရမ်းဝမ်းသာတယ် ဂီဇို… နင်ကငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း၊ သရဖီကလည်း ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပဲ။ နင်တို့နှစ်ယောက်ချစ်သူတွေ ဖြစ်သွားတာ ငါအရမ်းပျော်တယ် ဂီဇို" … တဲ့…



သူမရဲ့ ဝကောဒ်ကြည်လင်နေတဲ့ မျက်နှာလေးကိုကြည့်ပြီးရင်ထဲမှာ ဖြစ်ပေါ် …တာ နောင်တတရားတွေပါ..

"မှားသွားပြီ" ဆိုတဲ့ အသိတရားခေါင်းတွေကို နောက်ကျိသွားစေပြီး ချွေး …သတွေ ပြန်စေခဲ့၏။

တကယ်ဆို ချစ်တယ်ဆိုတဲ့ အဖြေကိုရတဲ့လူတစ်ယောက်ရဲ့ ပျော်ရွှင် …ကင်းမဲ့နေခြင်းကို သူမရိပ်မိဖို့ ကောင်းပါတယ် …

"နင်… နင်ဘယ်လိုမှ မခံစားရဘူးလား… မိကျူး နင်တကယ်ပြော …တာလား…"

"ဟဲ့… ငါက ဘာကိုခံစားရမှာလဲ… တကယ်ပြောတာ ငါအရမ်း …်းသာတယ်… နင်ကကောင်းတယ် ဂီဇို… သရဖီက နင့်ကိုချစ်နေတာကြာ …တဲ့သော်… ငါ့ရဲ့တွန်းအားတွေလည်းပါတယ်နော် ကျေးဇူးမမေ့နဲ့ ကောင်စုတ် …။ ဟဲ့ဂီဇို..သရဖီတို့အရမ်းချမ်းသာတာတော့.. အဖေတစ်ခုသမီး တစ်ခု …းတော့ သူ့အဖေက အဆင့်အတန်းလည်း မခွဲခြားတတ်ဘူး အရမ်းလည်း …သဘောကောင်းတာ… သရဖီ့ဆန္ဒမှန်သမျှ အကုန်လိုက်လျောမှာတဲ့သရော.. …တော့ နင့်အတွက် အရမ်းဝမ်းသာတာပဲ၊ နင်သူဌေးဖြစ်သွားရင် ငါ့ကိုမမေ့ …ဘူးနော်… သိလား…"

ကျေးဇူးပြုပြီး ဆက်မပြောပါနဲ့တော့ မိကျူးရယ်…

ငါရင်တွေနာလွန်းလို့ပါး… နင့်ရဲ့အချစ်ကို လိုချင်လွန်းလို့ နင်မနာ …ဖြစ်လေမလားဆိုတဲ့ ရည်ရွယ်ချက်နဲ့ သရဖီ့ကိုချစ်ရေးဆိုခဲ့တာဆိုတာကို …င်သိအောင်ငါဘယ်လိုပြောရမလဲ မိကျူး…

နင့်လို ဘာအကူအညီမှမဖောင်းပဲ သရဖီနဲ့ ငါ့ကိုချစ်သူတွေဖြစ်သွား …အောင် ကြိုးစားပေးခဲ့တဲ့ နင့်ရဲ့စေတနာတွေဟာ… ငါ့ရဲ့နှလုံးသားတွေကို …စ်စစီ တစ်စစီဖြဲခြမ်းပေးတဲ့ ဓားချွေလက်တွေဖြစ်နေတယ်ဆိုတာ နင်မသိဘူး …လား…

ဒါဟာ ငါ့ရဲ့ညံ့ဖျင်းမှုလား နင့်ရဲ့ညံ့ဖျင်းမှုလား မိကျူး…

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့သရဖီ ချစ်သူတွေဖြစ်သွားအောင် ကူညီခဲ့တယ်ဆိုတော့ ငါသရဖီ… ချစ်ရေးဆိုတဲ့ အပေါ်မှာနင်တစ်စက်လေးမှ တုန့်ရည်မှုမရှိဘာသေချာနေပြီ…

ငါဝမ်းနည်းလိုက်တာ မိကူးရယ်…

"ဟဲ့… ဂီနို့ ဘာငိုင်နေတာလဲဟာ… နင့်ဖတ်နေတဲ့စာက မျှော်ရမယ့်… နော် ငါတောင်နင့်အတွက် အရှိန်မျှော်နေသေးတယ် နင်က ခေါင်းကောင်းတော… နဲ့… ဘာဖြစ်တာလဲ"

"သရဖီ့အဖြေကိုရတာနဲ့ ငါပျော်မယ်ထင်လားမိကူး…"

စကားကို ဒီလောက်နဲ့ပဲဖြတ်ပစ်ပြီး မိကူးအပေါ်မှထွက်လာခဲ့မိတော့ သည်။

ခရေပင်ကြီးတွေအောက်မှာ သူမဘယ်လိုပုံခံမျိုးနဲ့ ကျန်နေခဲ့မယ်ဆိုတာ… မသိချင်တော့ပါ …

လမ်းမပေါ်ရောက်တော့ သရဖီ့စာလေးကို လုံးချေပြီး လွှင့်ပစ်လိုက်သည်။

ငါ့ကိုခွင့်လွှတ်တော့ သရဖီရယ်…

နင်ဟာ… ငါ့ရဲ့နှလုံးသားစမ်းသပ်ချက်တစ်ခုမှာ အားစာခံဖြစ်သွားရပေ… အတွက် ငါလုံးဝစိတ်မကောင်းပါဘူး သရဖီ…

တကယ်တော့ ငါနင့်ကိုချစ်ပြဂိုလ်လောက်ပဲ ရည်ရွယ်ခဲ့တာ…

နင့်အချစ်ကို ရယူပိုင်ဆိုင်ဖို့အထိ ငါ့မှာရည်ရွယ်ချက်မရှိဘူး…

နင်လိုသိပ်ချမ်းသာတဲ့ မိန်းကလေးတစ်ယောက်က ငါလိုလူမျိုးကို မြန်ချ… နိုင်မှာ မဟုတ်ဘူးလို့လည်း ယုံကြည်မိလို့ပါ သရဖီ…

"နင် သရဖီကိုချစ်တယ်ပေါ့ဟုတ်လား ဂီနို့ ငါလုံးဝသဘောမတူဘူး၊ နင်သရဖီကို မချစ်ရဘူး၊ နင်ဘယ်သူ့ကိုမှ မချစ်ရဘူး"

"နင့်ကိုငါအရမ်းမုန်းတယ်ဂီနို့၊ သရဖီကိုချစ်ရင် နင့်ကိုငါတစ်သက်လုံး… မခေါ်တော့ဘူးသိလား… နင် သိပ်ရက်စက်တယ်… တကယ်ဆို ငါ့ကို… နည်းနည်းပါးပါးတော့ ကြိုပြီးအသိပေးသင့်တယ်…"

မိကူးရယ်… နင်ငါ့ကို အဲဒီလိုတွေပြောလာလိမ့်မယ်လို့ မျှော်လင့်ထား… ခဲ့တာ… အခုတော့ ငါထင်တာတွေနဲ့ တခြားစီဖြစ်နေခဲ့ပြီပေါ့…



ငါလိုချင်တာနဲ့ ငါရရှိတာတွေ တကယ့်ကို လွဲချော်နေခဲ့ပါပေါ့လား …ကူး…

ငါဟာ နင့်အတွက် တဘယ်ပဲရင်ခုန်သံတစ်ခု မဟုတ်တော့ဘူးလား …း…

နင် ငါ့ကိုဘာလို့ မနမြောရတာလဲ…

နင် ငါ့အတွက် ဘာလို့မခံစားရတာလဲ…

ငါလိုချင်တာ နင့်ရဲ့အချစ်တွေလေ…

နင့်အချစ်တွေကိုရဖို့ ငါဘာလုပ်ရမလဲမိကူး…

ချစ်ခြင်းတွေအပြည့်နဲ့ ငါ့မျက်လုံးတွေကို နင်တကယ်ပဲ နားမလည် …လား…

ဟိုး… ငယ်ငယ်လေးကတည်းက အထပ်ထပ်ရစ်ပတ်လာခဲ့တဲ့ …ယာဉ်တွေက နင့်နှလုံးသားတွေမှာ ရင်ခုန်ခံစားချက်တွေ ဘာကြောင့် …ခနေရတာလဲ…

ဒါပေမယ့် ငါ့မှာမျှော်လင့်ချက်ရှိသေးတယ်မိကူး…

ခုချိန်အထိ ရင်ခုန်သံကင်းမဲ့နေတဲ့ နင့်ရဲ့နှလုံးသားတွေဟာ၊ တစ်ချိန် …မှာ ငါ့အတွက်နဲ့ အသက်ဝင်လှုပ်ရှားလာနိုင်သေးတယ်လေ…

နင့်ရဲ့ နှလုံးသားကို 'ဂီနို့'ဆိုတဲ့ရင်ခုန်သံတွေနဲ့ နိုးထလာအောင် …ကြိုးစား နေဦးမှာ သေချာတယ်… မိကူးရေ…

www.burmeseclassic.com

www.burmeseclassic.com



( * )

ပစ်မှတ်နဲ့လွဲချော်ခဲ့တဲ့ အချစ်မြားချက်မှာ ဓားစာခံဖြစ်ခဲ့တဲ့ 'သရဖီ'ကို ငဲ့ညှာတဲ့အနေနဲ့ စာမေးပွဲကြီးပြီးတဲ့အထိ ချစ်သူတွေလိုနေရန် ဆုံးဖြတ်ခဲ့ပါသည်။

ဒါဟာ သရဖီ့ကို ကိုယ့်ကြောင့် ပညာရေးမထိခိုက်စေဖို့ ငဲ့ညှာလိုက်တဲ့ ပေးဆပ်ခြင်းပါ...

. သရဖီနဲ့ ဂီဇိုရဲ့ 'ချစ်သူ'ဆိုတဲ့ဘဝက စာပေးစာယူဆိုတဲ့ အဆင့်လောက်သာ ရှိတာမို့ သိပ်ဘော့ခက်ခက်ခဲခဲမရှိလှ...

သို့သော် မိကျူးကိုယ်တိုင်က ဂီဇိုနဲ့သရဖီဟာ ချစ်သူတွေလို့ သတ်မှတ်ထားခြင်းခံရတဲ့ အဲဒီကာလတွေကို ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရပါသည်။

'မြားပစ်လွဲခြင်း၏ အပြစ်ဒဏ်'ဟုလည်း ဖြေသိမ့်ရ၏။

ရင်ထဲမှာ မိကျူးတစ်ယောက်ပဲ ရှိနေတယ်ဆိုတာတော့ မိကျူးလည်းမသိ၊ သရဖီလည်းမသိ၊ ဘယ်သူမှလည်း မသိ...

ဂီဇို့ ရင်ထဲက နှလုံးသားယှသည် 'မိကျူးဆိုသော ရင်ခုန်သံတို့ကို မြတ်နိုးခြင်းကြီးစွာ သိုလှောင်သိမ်းဆည်းအပ်သောအရာ'ဆိုတာကို ခရေပွင့်လေးတွေသာ သိနိုင်ပေလိမ့်မည်။

အရောင်တွေရဲ့ သဘောတရားကို အဓိပ္ပါယ်မဖော်တတ်တဲ့ သရဖီ အစိမ်းရောင် စာအိတ်ကလေးကို ပြုံးပြုံးလေးယူပြီး ထွက်ခွာသွားတဲ့အခါ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းခြင်းများကို ပြန်လည်ရရှိလိုက်သလို ခံစားလိုက်ရ။



Blue Bird ဆိုတဲ့ စာတန်းလေးပါတဲ့ ကားအပြာရောင်လေးရဲ့နောက်ခန်းပြီး သရဖီ လက်ပြနှုတ်ဆက်တဲ့အခါ... ကျွန်တော်ပြန်နှုတ်ဆက်လိုက်တဲ့ လက်ပြခြင်းရဲ့ အဓိပ္ပါယ်ဟာ 'Good Bye!'ဆိုတဲ့ ထာဝရနှုတ်ဆက်ခြင်းဆို သရဖီ နားလည်မယ်ပုံမရပါဘူး...

ခွင့်လွှတ်ပါသရဖီ...

ဆက်လက်လိမ်ညာ ဟန်ဆောင်နေခြင်းတွေဟာ ငါ့အတွက် အဓိပ္ပါယ်မရှိသလို နင့်အတွက်လည်း အိမ်မက်လှလှတွေ ဘယ်တော့မှ ဖြစ်လာနိုင်မဟုတ်ဘူးလေ...

ငါ့နှလုံးသားရဲ့ တစ်ခုတည်းသော ထာဝရလိုအပ်ချက်က နင်မှမဟုတ်...

"ငါ နင့်ကို မချစ်ခဲ့ဘူး သရဖီ..."

⊛ ⊛ ⊛ ⊛ ⊛

www.burmeseclassic.com

www.burmeseclassic.com



( * )

မျက်ရည်တွေကို မြင်၏။

ငိုရှိုက်သံတွေကို… ကြား၏။

သို့သော် မည်သို့မျှ…မခံစားရ…

စိတ်မကောင်းဖြစ်မိတာတော့ဝန်ခံရမည်။

ဒေါသတွေအပြည့်နဲ့ မိကျူးရဲ့အကြည့်စူးစူးတွေကို ရင်မဆိုင်ရဲစွာ ခေါ်ငုံ့လိုက်မိသည်။

"ငါ့မှာ ဘာအပြစ်ရှိလို့လဲ ဂီဇိုရယ်… နင်ကြိုက်တာတွေရှိရင် ပြော… ငါအားလုံးပြင်ပါ့မယ်။ ငါနင့်ကို တကယ်ချစ်နဲ့တာပါ ဂီဇိုရယ်…"

"နင့်မှာအပြစ် မရှိပါဘူးမရှိပါဘူး သရဖီ"

"ဒါဆို ငါ့ကိုဘာပြစ်လို့ ဖြတ်ပစ်ရတာလဲဟင်…"

"နင်နဲ့ငါနဲ့ဆိုတာက မိုးနဲ့မြေလိုကွာခြားပါတယ်ဟာ မဖြစ်နိုင်ပါဘူး"

"ဟင့်အင်း…နင်အဲဒီလိုမပြောနဲ့ လူလူချင်းပဲ အားလုံးအတူတူပဲ။ အ… အတန်းခွဲခြားတဲ့စိတ်ဓာတ်မျိုး ငါ့မှာလည်းမရှိဘူး ဒက်ဒီမှာလည်း မရှိ… နင်သိလားဂီဇို… ငါနဲ့နင့်အကြောင်းကို ဒက်ဒီသိတယ်။ ဒက်ဒီက ငါ… ချမ်းသာမယ်ဆို ပြီးတာပဲတဲ့။ ငါတို့ဘွဲ့ရတဲ့အချိန်ကျရင် အားလုံးအဆ… အောင် လုပ်ပေးမယ်လို့တောင် ကတိပေးထားပြီးပြီဂီဇို…"

ခံစားချက်အတိုင်း အမှန်တိုင်းဖွင့်ပြောဖို့ အချိန်ကျပြီဟု နားလည်… သည်။

"ပြောလေဂီဇို… ငါတို့မှာဘာအခက်အခဲမှမရှိဘူးနော် နင်ဘာမှစိတ်မပူ… ။ ငါနင့်ကို စိတ်ချမ်းသာအောင်ထားမှာပါ…"

စကားတွေဆက်ပြောနေရှုလျှင် သရဖီ့ကို အားနာစရာတွေ ပိုပိုများလာ… ကာမယ်…

"မဟုတ်ဘူး သရဖီ…ငါ…ငါ…ငါ…နင့်ကို… မချစ်ဘူး…"

သရဖီမျက်လုံးကလေး အံ့ဩထိတ်လန့်စွာ ပြူးကျယ်သွားချိန်မှာ "ဂီဇို" …တဲ့အသံနဲ့အတူ ပါးပြင်ပေါ် အရှိန်ပြင်းပြင်းကျရောက်လာတာ မိကျူးရဲ့ …က်တစ်ဖက်ပေါ့…

မျက်စေ့ထဲမှာ အလင်းရောင်တွေကို လက်ကနဲမြင်လိုက်ရ၏။

စပ်ဖျဉ်းဖျဉ်းနာကျင်မှုကို အံကြိတ်ပြီးခံလိုက်ရသည်။

"ဟယ်…မလုပ်ပါနဲ့ ကျူးကျူးရယ်…"

သရဖီက သူမကို ဆွဲ၏။

"ဖယ်စမ်း…သရဖီ… ဒီကောင်လူစကားမပြောဘူး။ ဂီဇိုနင့်ကိုငါ သတ်… …သိလား… နင်လူမဟုတ်ဘူး…"

"ငါတောင်းပန်ပါတယ် ကျူးကျူးရယ် ဒေါသတွေ မကြီးပါနဲ့နော်။ …ခိုခင်ရင် အေးအေးဆေးဆေးပြောပါဟယ်"

သရဖီတောင်းပန်မှ မိကျူးငြိမ်သွားသည်။

အခုအချိန်မှာ မိကျူးကို ရှင်းပြစရာစကားလုံးတွေမရှိ။ သရဖီက…

"ဂီဇို နင်နာသွားလားဟင်"

"ရပါတယ်ဟာ… ငါမှားလို့ မိကျူးက ဆုံးမတာပဲ။ ခံနိုင်ပါတယ်…"

မိကျူး "တက်" ခေါက်၏။

သရဖီက မိကျူးလက်ကို ဆုပ်ကိုင်ရင်းပြော၏။

"နင် အေးအေးဆေးဆေးစဉ်းစားပါဦး ဂီဇို… နင့်မှာ အခက်အခဲ… …ရင် ငါ့ကိုပြောပြလေ နင်ဖြစ်ချင်တာတွေအားလုံး ဖြစ်စေရမယ်သိလား… …ချင်တာတွေ အကုန်လုပ်ပေးမယ်လို့ ငါကတိပေးပါတယ်။ နင်ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအကြောင်းကြောင့်ပဲချစ်ခဲ့ ချစ်ခဲ့ ငါတော့နှမြောပါတယ်၊ ငါနင့်ကို မေ့လို့ ...မယ်သိလား... ငါ့ကိုနင့်ရဲ့ ချစ်သူအဖြစ်လက်ခံနိုင်တဲ့ တစ်နေ့ကျရင် ...ဆီလာခဲ့ပါ ဂီဇို။ ငါ့ရင်ခွင်တံခါးကို နင့်အတွက် အမြဲတမ်းဖွင့်ထားပါတယ် ဂီဇို ရယ်... ငါသွားတော့မယ်ဟာ...”

ပြောရင်းပြောရင်း သည်းထန်စွာငိုကြွေးနေတဲ့သရဖီကို မျက်နှာလွှဲ ထားလိုက်ရသည်။

ရင်ထဲမှာ မကောင်း...

သို့သော် ဘာမျှ မတတ်နိုင်...

ရေငုံနှုတ်ပိတ်နေလိုက်တာ အကောင်းဆုံးဖြစ်မည်။

မိကျူးက သရဖီကို ချော့၏။

ကျွန်တော့်ကို စိမ်းစိမ်းကြီးကြည့်၏၊

“ငါ...ငါ...သွားတော့မယ်ကျူးကျူးရယ်...”

သရဖီက မိကျူးလက်ကလေးကို ဆွဲကာနဲ့ လှေဆိပ်ပြင်အပြင်ဘက် မှာ ရပ်ထားသော ကားလေးဆီသို့ ပြေးထွက်သွားတော့သည်။

မိကျူးက မပြေးနိုင်သေး...

“နင်... နင်... ရက်စက်လှချေလား ဂီဇို... နင်ငါ့သူငယ်ချင်းကို အသည်းခွဲတယ်။ နင်ဘာလို့ ဒီလိုလုပ်ရတာလဲ ဂီဇို ပြောစမ်း”

“ရှင်းပါတယ်ဟာ ငါ သူ့ကိုမှ မချစ်တာ”

“ဘာပြောတယ်.. နင်သူ့ကို မချစ်ပဲနဲ့ ဘာလို့ချစ်တယ်လို့ သွားပြော ရတာလဲ။ ဘာလို့သူ့ဆီက အခွင့်ကောင်းခဲ့ရတာလဲ...”

“အဲဒီပြောနဲ့ မိကျူး.. ငါသူ့ဆီက အဖြေလုံးဝမတောင်းခဲ့ဖူးဘူး။ နင့်သူ သာ မနေမဖြစ်ပဲ လျှောက်လုပ်လာတာ။ နင့်ကြောင့် ဒီပြဿနာတက်ရတာ”

“ဘာ...”

သူမအော်သံကြောင့် ဂီဇိုဆတ်ကနဲ တုန်သွား၏။



“နင်...နင်...ငါ့ရဲ့စေတနာကို စော်ကားလိုက်တာပေါ့ဟုတ်လား ဂီဇို၊ ...တော့ နင်စိတ်ချမ်းသာပါစေ... နင့်ဘဝတစ်ခုလုံးကောင်းစားပါစေဆိုပြီး ...ဒီ နင့်ကိုပြန်ကြိုက်အောင် အမျိုးမျိုးကြိုးစားခဲ့ရတာ။ အခုနင် ငါ့မျက်နှာ ...ိုးမဲသုတ်တယ်.. ငါ့စေတနာကိုလည်း စော်ကားတယ်။ ကြည့်စမ်း ...ယ်လမ်းမှာ ငါငိုလို့ဖြစ်သွားပြီ။ သရဖီခံစားနေရတာဟာ ငါ့ကြောင့်ဖြစ်သွား ...ဒ်... နင်... နင်... အောက်တန်းကျလှချေလား ဂီဇိုရယ်... ကိုယ် ...ယ်မချစ်ပဲနဲ့ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ သွားပြောတယ်။ ...ငါမှားသွားပြီ.. ငါနင့်ကို ဒီလောက်အောက်တန်းကျလိမ့်မယ်လို့ ...ထင်ခဲ့မိဘူး။ ဘာပဲဖြစ်ဖြစ် နင်ငါ့သိက္ခာကိုတော့ ထိန်းရမယ် ဂီဇို... ...ရဖီကို ပြန်ချစ်ရမယ်”

“မဖြစ်နိုင်ဘူး မိကျူး.. ငါသူ့ကို မချစ်ဘူး...”

“ဂီဇို !... နင်ငါ့စကားနားထောင်မှာလား မထောင်ဘူးလား ပြောစမ်း၊ ...ရဖီကို ချစ်ကိုချစ်ရမယ်”

“လုံးဝမချစ်နိုင်ဘူး မိကျူး၊ အဲဒါသေချာတယ်...”

“မဟုတ်သေးဘူး ဂီဇို၊ နင်စိတ်အေးအေးထားပြီး သေချာစဉ်းစားပါဦး ...နင်နဲ့သရဖီနဲ့ ရရင် နင်ကောင်းစားဖို့သေချာသည်ပဲ။ သရဖီနင့်ကို စိတ်ချမ်း ...ာင်ထားမှာပါဟာ.. နင်ဖြစ်ချင်တာတွေလည်း အကုန်လုပ်ပေးမယ်လို့ ...ကတိပေးတယ် မဟုတ်လား... တကယ်ဆို သရဖီလို မိန်းကလေးမျိုး ...မတွေ့ဘူးနော်၊ စိတ်ဓာတ်ရော ဥစ္စာဓနစည်းစိမ်ရော ဘာမှပြောစရာမရှိ ...”

...ကြမ်းနည်းနဲ့မရလို့ အနုနည်းနဲ့ နည်းပြောင်းခြင်းဟု နားလည်လိုက်သည်။

“နင်.. ငါ့ကို သိပ်ပြီး လျှော့မတွက်နဲ့မိကျူး။ ငါယောက်ျား.. ဘာစည်း ...မဟုတ်ဘူး။ လိုလည်း မလိုချင်ဘူး.. ငါချစ်ဖို့က အဓိကပဲ။ မချစ်ပဲနဲ့ ...ပူမှ မယူဘူး.. နင်နားလည်လား...”

“အေးလေဟာ နင်သူ့ကို အခုချက်ချင်းကြီးမယူရပါဘူး။ ကျောင်းတွေ ...ပြီးမှ လက်ထပ်ရမှာပဲ။ ဒီကြားထဲမှာ နင်သူ့ကိုလေ့လာကြည့်ဦးပေါ့။ ...နိုင်တဲ့အရည်အချင်းတွေပြည့်စုံတယ်ဆိုမှ လက်ထပ်ပေါ့ ဂီဇိုရယ်။ ...ထဲမှာ မတွေ့ရှုပ်တော့လည်းလမ်းခွဲလိုက်ပေါ့။ အခုလိုသစ်ချိုးကြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်တာကျတော့ သရဖီအခံရခက်တာပေါ့ဟာ.. သနားပါတယ်။ နင်သူ့ ပြန်ချစ်လိုက်ပါ ကိုရီရှယ် ငါတောင်းပန်ပါတယ်နော်…"

"အဲဒါ မိန်းကလေးတစ်ယောက်လုပ်ရမယ့်အလုပ်မိကျူး.. ငါသူ့ ရင်မခုန်တာသေချာတယ်… ဘာမှ လော့လာနေစရာမလိုဘူး။ ဆောက်လမ်း… ပြီးသွားပြီ။ နင်လည်းဘာမှပြောမနေနဲ့တော့ စိတ်ရှုပ်တယ်…"

"ကိုဒို ! …"

သူမအသံက ပျော့ပျောင်းနေရာမှ ခက်ထန်လာပြန်၏။

"ဘာလဲ"

"နင်သရဖီကို ပြန်ချစ်မလား မချစ်ဘူးလား ဒါပဲပြော…"

"လုံးဝမချစ်ဘူး…သေချာတယ်"

"ကောင်းပြီ… ဒါဆိုနင်နဲ့ငါဒီနေ့ကစပြီး သူငယ်ချင်းမဟုတ်တော့… နင်ငါ့ကို သေတဲ့အထိလာမခေါ်နဲ့"

"မခေါ်ဘူးဟာ…"

"အေး… နင်နဲ့ငါ သေခန်းပြတ်ပဲ မှတ်ထား…"

"ဟာ…နေဦး… မိကျူး ဒီကိစ္စကြောင့် နင်နဲ့ငါ…"

"ဘာမှဆက်မပြောနဲ့ ကိုဒို၊ နင်ငါ့စကားကို နားမထောင်ရင် နင်ရဲ့ လုံးဝခေါ်စရာမလိုတော့ဘူး.. နင်ငါ့အိမ်ကိုလည်း လာစရာမလိုဘူး။ ဘယ်… တွေ့တွေ့နှုတ်ဆက်စရာလည်းမလိုဘူး…"

"မခေါ်နဲ့ပေါ့ဟာ…"

စိတ်တိုတိုနဲ့ ဘုတောလိုက်တော့ဘျှန်တော့်ကို စူးစူးဝါးဝါးကြည့်က… ကနဲ လှည့်ထွက်သွားအေ၏။

ပြတ်သားတဲ့ အကြည့်ဒိမ်းစိမ်းတွေကြောင့် ရင်ထဲမှာ ဆစ်ကနဲ နာ… သွားရ၏။

"နင်နဲ့ငါ… သေခန်းပြတ်ပဲ" တဲ့လား… မိကူး…

နင်ငါ့ကို တကယ်ပဲ နားမလည်နိုင်တာပါလား မိကူးရယ်…

( * )

'ည' တွင် 'လ' ရှိ၏။
ကြယ်စင်တို့လည်းရှိ၏။
လေပြည်နှင့် ညဥ့်ငှက်တို့လည်းရှိ၏။
ခရေပင်တွေအောက်မှာ
ကျွန်တော် ရှိ၏။
လက်ထဲမှာတော့
ဂစ်တာတစ်လုံးရှိ၏။
သို့သော် …
သံစဥ်တွေမရှိ။
သို့ရာတွင်…
ရင်၌… လစ်ဟာခြင်းတို့ရှိ၏။
အလွမ်းတို့ ရှိ၏။
ကြေကွဲခြင်း တို့ရှိ၏။
တို့ကြောင့်…
ဂစ်တာလေးက, ရင်ခွင်ထဲသို့ တိုးဝင်၏။
ထိုအခါ…
မျက်လုံးတို့တွင်…
မျက်ရည်တို့ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားတွင်...

တမ်းတခြင်းတို့ ရှိကြကုန်၏။

သူမကတော့...

ချစ်ခြင်း၏အခြားသော အရပ်တွင် ရှိလေသည်။

ထိုအရပ်သည် သည်းခံချင်စရာ မကောင်းလောက်အောင်ကို

ဖြူစင်သန့်ရှင်းလွန်းနေ၏။

၏ ၏ ၏ ၏ ၏

'ည' သည်အေးချမ်းတိတ်ဆိတ်လွန်းနေ၏။

လမင်းနဲ့ကြယ်စင်တွေ စုံစုံလင်လင်ရှိနေသော ကောင်းကင်ပြင်...

မော့ကြည့်မိတော့ မိကူးကို သတိရနေ၏။

'လ' သည်ပင် ဂိုဒေါင်ခေါင်မိုးအထက်တည့်တည့်အရပ်ကို ကျော်ရွ...

သွားပြီဖြစ်သည်။ ညလေးကြည်ကာ တမ်းတမှုကို ပိုပိုပြင်းပြစေတဲ့အခါ အဆေး...

ညဉ့်နက်ခေါက်သံသဲ့သဲ့ကို ကြားရ၏။

ဒီအချိန် ဒီပတ်ဝန်းကျင်မှာ မအိပ်ဘက်သေးတဲ့သတ္တဝါဆိုလို့ ကိုယ်...

ညဉ့်ငှက်တစ်ကောင်ပဲ ရှိမည်ထင်သည်။

မိကူး ကျွန်တော့်ကို စကားမပြော။ အဆက်အဆံမလုပ်ပဲ စိမ်းစိမ်း...

ပြတ်ပြတ်နေနေ တာကြာပြီ။ အိမ်ကို သွားတော့လည်း စကားမပြော...

လမ်းမှာတွေ့လျှင်လည်း လှည့်၍ပင်မကြည့်...

အိတ်တွေ တယ်ကူဖို့ သွားတော့လည်း လှကိုခြင်တာနဲ့ အခန်းထဲဝင်သွား...

ပြီး ပြန်ထွက်မလာတော့...

ခရေပင်တွေနားကို မိကူးလုံးဝမလာတော့...

သူမရဲ့ အသွင်က "သောခန်းပြတ်ပြီ" ဆိုတဲ့ အသွင်ကို အတိအကျ

ဆောင်နေ၏။ တစ်ကိုင်းတည်းတစ်ခြံတည်းနေနေကြပြီး ကမ္ဘာခြားနေသလို

ခံစားရခြင်းက ရင်အစုံကို လစ်ဟာခြင်း နာကျင်ခြင်းတို့အတိပြီးနေစေ၏။

အနေနီးပါလျက်နဲ့ အလွမ်းမီးလောင်နေရပါတယ်ဆိုတဲ့အဖြစ်က ဆိုးဝါးလွန်း

လှချေ...



အလွမ်းစိတ်တွေနဲ့ ဂစ်တာတီးဖို့ထွက်လာခဲ့ပေမယ့် အချိန်တွေသာ

...ရွေ့ရွေ့ ကုန်သွားသည်။ ဂစ်တာလည်းတီးလို့မရ... သီချင်းလည်းမဆို

...ပ်... ဂစ်တာလေးကို မိကူးအမှတ်နဲ့ ယုယစွာတွေးပွေ့မိတဲ့အခါ တမ်းတ

...င်းမျက်ရည်တို့ဝေ့ကာနေခိုး၏။

ဆုနိုင်လိုက်တာ မိကူးရယ်...

ရက်စက်လိုက်တာဟာ...

မြက်ခင်းပြင်ပေါ်ကို ရုပ်ကြိုးပြတ်လှဲချလိုက်တဲ့အခါ မှောင်မှောင်မဲမဲ

...ရိပ်တွေနဲ့ ခရေပင်ကြီးတွေကို နာကျင်စွာမြင်တွေ့ရ၏။

စီးကျသွားသော မျက်ရည်တို့ မြက်ပင်လေးတွေကို စွန်းထင်းသွားကြ

...ည် ထင်သည်။

အခုနေမှား ကျွန်တော့်ပေါ်ကို ခရေပင်ကြီးတွေ တစ်ပင်ပြီးတစ်ပင်

...ပြိုကျလာလျှင် အလွန်ကောင်းလိမ့်မည်ထင်သည်။

လွမ်းတယ်...မိကူး...

၏ ၏ ၏ ၏ ၏

www.burmeseclassic.com

www.burmeseclassic.com



( ၈ )

တစ်ခါတစ်ခါကျတော့လည်း ကံကြမ္မာဆိုတဲ့အရာက ဆော်ဝော်ထွေး တင်စရာကောင်း၏။

မိကျူးရဲ့ သေခန်းပြတ်ဆန္ဒပြခြင်းကို သည်းမခံနိုင်တဲ့အဆုံးမှာ အ ကလိုသူငယ်ချင်းဘဝမျိုးလေး ပြန်ရဖို့အတွက် သူမရဲ့ဆန္ဒကို လိုက်လျော ဆုံးဖြတ်လိုက်ရသည်။

ဒီလိုဆိုတော့ ကျွန်တော်သရဖို့ကို ပြန်ချစ်ရမှာပေါ့...

မိကျူးရဲ့ ဝမ်းသာမှုဟာ ဝေဒနာတွေအဖြစ် ဦးဆင်းစပြုနေချိန်မှာ ကံကြမ္မာက ကျွန်တော့်ကို လှလှပပလေး မျက်နှာသာပေးခဲ့၏။

ကံကြမ္မာရဲ့ မျက်နှာသာပေးခြင်းဖြစ်သောကြောင့် မိကျူးလည်း ဘာ မတတ်နိုင်တော့ပါ...

သရဖိနိုင်ငံခြားကို ထွက်ခွာသွားခဲ့ပြီတဲ့...

"သရဖိတို့သားအဖ နှစ်ယောက်လုံး နိုင်ငံခြားကို အပြီးအပိုင်ရွှေ့ သွား ကြပြီ" ဆိုတဲ့ သရဖိတို့ခြံစောင့်ကြီးရဲ့စကားကို မိကျူးရော ကျွန်တော်ပါ လက်ခံလိုက် ကြရသည်။

ဒီသတင်းကိုကြားကြားခြင်း တခုန်မိမတတ်ဝမ်းသာသွားရတာက ကျွန်တော်...

မကျေမချမ်းနဲ့ ခံရခက်နေတဲ့သူက မိကျူး...

နှုတ်ခမ်းလေးကို စူလို့...

မျက်ခောင်းတခဲခဲနှင့် ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"နင်သူတို့ပြောင်းသွားတာသိလို့ ငါ့ကိုလာပြီး ကတိပေးတာ မဟုတ် ကိုစို... နင်လူလည်ကျတာယ်..." တဲ့...

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အလိုလိုရှင်းသွားတဲ့ ပြဿနာတစ်ခု ကြောင့် အလွန့်ပင်ဝမ်းမြောက်နေရဖေါ့။

ကတိအတိုင်း မိကျူးကျွန်တော့်ကို မခေါ်လို့မရတော့ဘူးလေ...

နင်ဘာတတ်နိုင်သေးလဲ...မိကျူး..

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



( * )

တာစေးမွှဲပြီးငြီးချွင်းခြင်းပြွာ ဖြစ်ပေါ်လာခဲ့တဲ့ ဆေးတာ အရှည်လျှော်ချင် စိတ်ဖြစ်၏။

အလုပ်တစ်ခုရဖို့အတွက် အသူတပြင်းလိုက်လံစုံစမ်းရင်း အောင်သ ကွင်းနား Smooth Dreams ဆိုသော KTV Lounge တစ်ခုမှာ အလုပ်ရခဲ့သည်

အနက်ရောင် ဘောင်းဘီနှင့် အဖြူရောင်အင်္ကျီကို ယူနီဖောင်းအဖြစ် ဝတ်ဆင်ရသည့် (Waiter) စိတ်ဘာအလုပ်ဖြစ်၏။ အလုပ်ချိန်က ညမိုင်း ညနေခြောက်နာရီမှ ညနှစ်နာရီခွဲအထိ အလုပ်ဝင်ရမည်ဖြစ်သည့်အတွ မိကျေးကို နေ့ခင်းပိုင်းတွေမှာပဲ တွေ့ခွင့်ရတော့သည်။

Smooth Dreams သည် နိုင်ငံခြားအရက်မျိုးစုံရနိုင်သော KTV Loung တစ်ခုဖြစ်ပြီး အစားအသောက်များကိုလည်း အဆင့်မြင့်မြင့်ရောင်းချသော ဆိုင်ဖြစ်သည်။ waiter လုပ်ရသည် ဆိုပေမယ့် ဝင်ငွေကောင်း၏။ တစ် တစ်ညကို Service Money နှစ်ထောင်ကျော်ကျော်လောက် အနည်းဆုံး သည်။ လစာအနေနဲ့ကတော့ မကော်ဝရေမရှိ တစ်သောင်းနှစ်ထောင်မျှသာ မိကျေး အပါအဝင်အားလုံးက Waiter တစ်ယောက်၏ ဝင်ငွေကို တစ်သော နှစ်ထောင်မျှသာရှိသည်ဟုပဲ သိထားကြသည်။

လစာရေးတစ်သောင်းနှစ်ထောင်ကိုသာ ဦးမောင်ထံပေးခဲ့ပြီး Servi Money တွေကို ဘယ်သူမှမသိအောင် တိတ်တိတ်ကလေးကျိတ်စုထားခဲ့ ဟာ ငည်းမြှယ်ချက်တစ်ခုရှိနေပြီပါ…



အလုပ်မှအိမ်ကိုပြန်ရောက်လျှင် နံနက်သုံးနာရီခန့်ရှိနေပြီဖြစ်သည်။ အချိန်မှစပြီး အိပ်ရာဝင်လိုက်လျှင် နံနက်ဆယ်နာရီကျော်ကျော်လောက်မှ ၏။ ကျောင်းပိတ်ရက်တွေမို့ မိကျေးကလည်း အိပ်တွေတစ်နေကုန် ထိုင်ကပ် ။ ဦးစိုးနဲ့ မိကျေးအခေကလည်း အချိန်ရလျှင်ရသလို ကပ်ကြသည်ဆိုတော့ စ်နေ့တစ်နေ့ကို အိတ်ကပ်ခ ငါးရာခြောက် ရာရဲ့အထက်မှာရှိ၏။

မိကျေးနဲ့အတူတူတစ်နေကုန် အိတ်တွေထိုင်ကပ်ရင်း စကားစမြည်တွေ ပြောရသည့် အခွင့်အရေးလေးက တန်ဖိုးမဖြတ်နိုင်တဲ့အခွင့်အရေးတစ်ခု…။ နေ့လေးနာရီထိုးလောက်မှာ ရေချိုးပြီးတာနဲ့ မိကျေးအမေ ဒေါ်လေးခင် ချူးကျွေး ညစာကို မိကျေးနဲ့အတူတူစားခွင့်ရသည်ကလည်း လောကနိဗ္ဗာန်တစ်ခုလို နေ၏။ ထမင်းစားပြီးတာနဲ့ အလုပ်သွားဖို့ပြင်ရတော့သည်။

ဤသည်ကား နေ့တိုင်းလိုဖြစ်၏။

မိကျေးတို့အိမ်လေးမှာ မိသားစုဝင်တစ်ယောက်လိုဝင်ထွက်သွားလာနေထိုင် ရတဲ့ အချိန်လေးတွေဟာ ကျွန်တော့်အတွက်တော့ တစ်သက်စာ မမေ့နိုင် မှာ အချိန်များပင်ဖြစ်တော့သည်။

အဲဒီအချိန်လေးတွေရဲ့ ပျော်စရာ ကြည်နူးစရာကောင်းပုံကိုဖြင့် ဘယ် ရနဲ့မှမလဲနိုင်လောက်အောင် တပ်မက်မိပါသည်။

အဲဒီလိုပုံစံလေးနဲ့တစ်သက်လုံးရှင်သန်နေထိုင်သွားရရင်ဘယ်လောက်များ ကောင်းလိုက်မလဲလို့ ကျေးဇူးတကာ အကြိမ်ကြိမ်… ဒီအခွင့်အရေးလေးတွေ ပျောက်ဆုံးပျက်စီးသွားခဲ့ရင်…ဆိုတဲ့အတွေးနဲ့သက်ပြင်းတွေချမိတာက ကြိမ်ကြိမ်…

အဲဒီလိုနဲ့ အချိန်တွေကုန်လာလိုက်တာ ကျိတ်စုထားတဲ့ Service Money တွေပင် သုံးသောင်းကျော်သွား၏။ ထိုအခါ မိကျေးကို ကွန်ပျူတာသင်တန်း ပို့ဖို့ စိစဉ်လိုက်သည်။ ကျွန်တော့်ပိုက်ဆံနဲ့ ကွန်ပျူတာသင်တန်းတက် ယ်ဆိုတဲ့အကြောင်းကို မိကျေးဒေါ်လေးခင်နဲ့ ဦးမောင်တို့ မသိစေချင် ကတော့နားအရင်းခံပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မိကူးအဖေဦးဖိုးကနေ့တစ်ခဝင့် ကွန်ပျူတာသင်တန်းတက်ဖို့ စီစဉ်လိုက်ရ၏။

ထိုကိစ္စကို ဘယ်သူ့မှ မပြောဖို့ကိုလည်း ဦးဖိုးထံမှ ကတိတောင်းရသေးသည်။

"ငါကွန်ပျူတာသင်တန်းတက်ချင်လိုက်တာ ဂီဇီရယ်... သူများတွေ ကျောင်းပိတ်ရက်မှာ ကွန်ပျူတာသင်တန်းတွေတက်နေကြတယ်..."တဲ့...

တစ်ခါက မိကူးပြောခဲ့ဖူးတဲ့စကားလေးတစ်ခွန်း...

"နင် ကွန်ပျူတာ သင်တန်းတက်ရတော့မှာပါ မိကူး..."



( * )

Servive Money (Tip Money) များများရသည့်နေ့ဆို ကျွန်တော်အလွန် ပျော်သည်။ တစ်ခါတစ်ရံ တစ်ညတည်းနှင့် Service Money တစ်သောင်းကျော် ကျော်ရတာဘ်သော ကျွန်တော့်ကို တခြား Waiter တွေ အားကျကြ၏။

ကျွန်တော်တာဝန်ကျသော အခန်းကိုအမြဲယူတတ်သော Customer (စားသုံးသူ) တစ်ယောက်ရှိသည်။

ဦးဝင်းမြင့်...တဲ့...

မိန်းမကိစ္စအလွန်ဝါသနာပါသော ထိုလူကြီးသည် အပေးအကမ်းလည်း အလွန်ရက်ရော၏။

သူ့အိတ်ထဲကိုလက်နှိုက်လိုက်ပြီးလျှင် လက်ထဲမှာပါလာသောပိုက်ဆံတွေ ကိုမရေတွက်ပဲ Service Money အဖြစ်ပေးတတ်သည်။ သူခိုင်းစေသမျှကို သေသေသပ်သပ်လုပ်ပေးမှ သဘောကျသူလည်းဖြစ်သည်။ တစ်ခါတစ်ရံသူပေး သော်ဖုန်းနံပါတ်များနှင့်အချိန်းအချက်လုပ်ပေးရသည်များလည်းရှိသည်။ Hand Phone ပါလွှက်သားနဲ့ ဘာလို့ကိုယ်တိုင် မဆက်ရတာလဲဆိုတာ ကျွန်တော် မတွေးတတ်.. သူခိုင်းစေသမျှကို စိတ်တိုင်းကျအောင်လုပ်ပေးတတ်သော ကျွန်တော့်ကို ထိုလူကြီးက သဘောကျခင်မင်၏။

ဦးဝင်းမြင့်က ကျွန်တော်တာဝန်ကျသောအခန်းတွေကိုသာ အမြဲယူတတ် သည်။ သူလာမည့်နေ့ဆို.. ညနေကတည်းကကြိုတင် ဘွတ်ကင် (Booking) လုပ်ထားလေ့ရှိသူဖြစ်လေသည်။ ဦးဝင်းမြင့်လာသည့်နေ့ဆိုလျှင် Ser-

www.burmeseclassic.com

www.burmeseclassic.com



vice Moneyမြိုးမြိုးမြက်မြက်ရသည့်အတွက် အလွန်ပျော်ရသည်။ ဦးဝင်းမြင့် ရောက်လာမှာကို ကျွန်တော်မျှော်လင့်သည်ဆိုလျှင်မမှား။ ဦးဝင်းမြင့် လာတိုင်း အမျိုးသမီးတစ်ယောက်အမြဲပါတတ်ပြီး ထိုအမျိုးသမီးကို နောက်တစ်ကြိမ် ထပ်မံပြီး မြင်တွေ့ရလေ့မရှိ။

"ငါက အင်္ကျီကိုတောင် နှစ်ခါပြန်မဝတ်ဘူးကွ ဂီဂိုရ...ဟား...ဟား...ဟား..."

ဦးဝင်းမြင့်အမြဲပြောတတ်တဲ့စကား...

ကျွန်တော်အတွက် အဆန်းမဟုတ်တော့...နားယဉ်နေပြီ။ အဲ... သူတစ်ယောက်တည်းလာတဲ့နေ့ ဆိုရင်တော့...

"ရှော... ဂီဂို"

ဆိုပြီး ဖုန်းနံပါတ်တစ်ခုကိုပေးမည်။ ပြီးလျှင် အမျိုးသမီးတစ်ယောက်ရဲ့ အမည်ကိုပြောမည်။ သို့ဆိုလျှင် ကျွန်တော်ကောင်တာကို ပြေးပေတော့...

"ဟဲလို... မ... ပါလား ဦးဝင်းမြင့် Smooth Dreamsကိုရောက်နေပါပြီ ခင်ဗျာ..."

ဒီလောက်ပါပဲ...

ကျွန်တော်ပြောရမယ့်စကားက ဒီလောက်ပါပဲ...

ဖုန်းဆက်ပြီး သိပ်မကြာလိုက်တဲ့အချိန်မှာပဲ အမျိုးသမီးတစ်ယောက် ယောက် ဦးဝင်းမြင့်ဆီ ရောက်လာတော့သည်။ ဦးဝင်းမြင့်နဲ့ အဲဒီအမျိုးသမီး တွေ ဘယ်လိုပတ်သက်ကြသလဲ... အဲဒါကျွန်တော့်အလုပ်မဟုတ်ဘူး။ စိတ်လည်းမဝင်စားဘူး...

ကျွန်တော်သိတာက ကိုယ့်တာဝန်ကို ကျေပွန်အောင်လုပ်ပေးဖို့နဲ့ ပိုက်ဆံ များများရဖို့ တစ်ခုတည်းပါပဲ။

အံ့သြစရာတော့ကောင်း၏။

တစ်ခါတလေဆို.. အသက်လေးဆယ်ဝန်းကျင်ရှိသော အမျိုးသမီးများရဲ့ ပိုင်းတွေကိုလည်း ကိုင်ရတတ်သေးသည်။ တစ်ယောက်နဲ့တစ်ယောက် "ယူ"



"အိုင်"တွေသုံးနှုန်းပြီး စကားပြောတတ်ကြသော ထိုအမျိုးသမီးကြီးတွေ ...ည်း အပေးအကမ်းရက်ရောသူများ ဖြစ်ကြပါသည်။

တစ်ခါတစ်ရံ သူတို့ရဲ့ ဖုန်းနံပါတ်တွေ လိပ်စာကဒ်တွေကိုလည်း ပေး ...ကြပြန်သည်။

ထိုအပြင်...အဓိပ္ပါယ်နှစ်ခွထွက်သော ရိသွဲ့သွဲ့စကားများကိုလည်း အရှက် ...မဲ့စွာ ပြောတတ်ကြသေးသည်။

ရောင်စုံခြယ်သထားတဲ့မျက်နှာတွေနဲ့ထိုအမျိုးသမီးကြီးတွေမှ ကျွန်တော့် ...ည်ကို ချွဲချွဲနွဲ့နွဲ့ပျစ်ပျစ်ကြီးတွေခေါ်တာခံရလျှင် တော်တော်အသည်းယားစရာ ...င်း၏။ ကျောထဲမှာစိမ့်ကနဲ စိမ့်ကနဲနေ၏။ သို့သော်... Service Money ...ား ရတတ်သော သူမတို့ပိုင်းတွေဆိုလျှင်လည်း ကျွန်တော်အစွမ်းကုန် ...က်ရ၏။

အဓိကက Service Money များများရဖို့ပဲ မဟုတ်လား...

မီကူးက ဆယ်တန်းကိုသေချာပေါက်အောင်မှာ...

တက္ကသိုလ်တွေဖွင့်လျှင် မီကူးအတွက် ကျောင်းစရိတ်ပေးနိုင်ဖို့ အရေး ...ယ်လေ...

ကျွန်တော်က...မီကူးကို တက္ကသိုလ်ဆက်တက်တာမြင်ချင်သေး ...... မီကူးဘဝလေးလှပပြည့်စုံနေအောင် ကျွန်တော်ရဲ့လက်တွေနဲ့ ဖန်တီး ...တာဟာ ကျွန်တော်ရဲ့ ရူးသွပ်မှုတစ်ခု...

အဲဒီအတွက် မီကူးဆီက တုံ့ပြန်မှု တစ်စုံတစ်ရာကို အလိုမရှိပါ ...ားပါ။ မငဲ့ရဲ့ပြာ တိတ်တိတ်လေးမျှော်လင့်နေမိတာက မီကူးနှလုံးသား ...မှာ ကျွန်တော့်အတွက် အလိုအလျောက် မွေးဖွားကိန်းအောင်းလာမယ့် ...ခြင်းတွေပါ...

သူမရင်ခုန်သံတွေကို မျှော်လင့်ခြင်းနဲ့ သူမအပေါ်ထားရှိတဲ့ ကျွန်တော့် ...ကနာတွေက ဘယ်လိုမှမပတ်သက်...

www.burmeseclassic.com

www.burmeseclassic.com



စေတနာကိုအကြောင်းပြုပြီးမှ ဖြစ်ပေါ်လာမယ့် ငုံညှာခြင်းတွေကိုလ... ကျွန်တော် အလိုမရှိ··· ခုချိန်အထိတော့ မိကျူးရဲ့နှလုံးသားတွေ အေး··· ငြိမ်းသက်နေဆဲ···

အောင်စာရင်းတွေထွက်တော့ သူမက ဂုဏ်ထူးနှစ်ဘာသာနှင့် အေ... သည်။ ကျွန်တော်စာမေးပွဲကျသည်။

ကျေမှာပေါ့ စာမေးပွဲခန်းထဲကို ဝင်ထိုင်ပြီး မြေပုံမပြေခဲ့တာကိုး။ ကျွန်တော် စာမေးပွဲကျတော့ မိကျူးငိုချ၏။ ဦးမောင်စိတ်မကောင်းဖြစ်ရှာ၏။ မိကျူး ရဲ့အ... အမေလည်း စိတ်မကောင်းဖြစ်ကြရှာ၏။

ဦးမောင်ကကျောင်းပြန်တက်ဖို့ ပြောပေးမယ့် ကျွန်တော်ကတော့ အ... လုပ်ရင်း အပြင်ကပဲ ပြန်ဖြေဖို့ ဆုံးဖြတ်လိုက်သည်။

မိကျူးအတွက် ပိုက်ဆံရှာရဦးမည်။ ကျွန်တော်အလုပ်လုပ်မှဖြစ်မည်။

❀ ❀ ❀ ❀ ❀





( * )

"ဒေါ်လေး···မိကျူးရော···"

"စောစောကပဲ ထွက်သွားလေရဲ့···· ခရေပင်တွေ အောက်မှာများ ...လားမသိဘူး··· မတွေ့ခဲ့ဘူးလားသားရဲ့···"

"ဂိုဒေါင်နောက်က ပေါက်လာတာ ဒေါ်လေးရ၊ သွားကြည့်လိုက်ဦး ...···"

"အေး···အေးနင့်သူငယ်ချင်းဘာ အရူးထနေလဲ မသိပါဘူး ဂီဇိုရယ်··· ...ကိုပေါက်က ဟုတ်ကာတွေ လာပြောနေတယ်···"

"မိကျူးက ဘာပြောလို့လဲဒေါ်လေး"

"မော်ဒယ်ဂဲဆိုလားဘာလားပါဟယ်···အဲဒါ···ပြိုင်ပွဲရှိတယ်တဲ့။ ...ကျူးက အရူးထပြီး ဝင်ပြိုင်ချင်လို့တဲ့ဟော့··· ဘာတွေမှန်း မသိပါဘူး။ ...ဆိုင်တာတွေ လျှောက်ပြောနေတယ် သားရဲ့···"

"ဟုတ်လား ဒေါ်လေး ဟား···ဟား···မိကျူးအရူးထပြီနဲ့ တူတယ်။ ...တော် သူ့ဆီသွားလိုက်ဦးမယ် ဒေါ်လေး၊ ပြီးမှပြန်လာခဲ့မယ်။ ဒီနေ့ ...ကပ်ဘူးလား···"

"ကပ်မှာပေါ့···ဒီမှာ ဟင်းမကျက်သေးလို့။ ဟင်းကျက်ရင် ကော်ကို ...ယ်···"

ဒေါ်လေးစကားဆုံးအောင်ပင် မစောင့်တော့ပဲ ခရေပင်တွေဘက်... ...လာခဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


မီကူးက ခရေရိုပ်မှာ ငုတ်တုတ်လေးလေးထိုင်နေ၏။

ဒူးလေးနှစ်လုံးကို လက်တစ်ဖက်ဖြင့် ပိုက်ပြီး ဒူးခေါင်းပေါ် မျက်နှာလေးကို ငုံ့တင်ထားတာမို့... ဖိုးသားတွေလို နက်နက်မည်းမည်း ရှည်ရှည်တွေက သူမခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းခြုံထားသလိုဖြစ်နေ...

ဆံပင်တွေကြားက ပေါ်ထွက်နေတဲ့ လက်မောင်းသားဝင်းဝင်းလေး အခွံချွတ်ထားတဲ့သီးမွှေးငှက်ပျောသီးကဲ့သို့ နူတ်စင်ဖွာရှိနေ၏။

နုတ်ခမ်းလေးစူပြီး မြက်ပင်တွေကို သခီပွါယ်ခဲ့စွာ ဆွဲနုတ်နေ... သူမ အနားကို ဝင်ထိုင်လိုက်သည်အထိ နှုတ်ဆက်စကားဆိုဖော်မရ...

"မီကူး..."

လှည့်မကြည့်...

"မီကူး..."

လှည့်မကြည့်...

"ဟော့...မီကူး...ဘာဖြစ်နေတာလဲဟာ..."

သူမငယ်ထိပ်လေးကို လက်ဝါးနှင့်ဖိပြီး ခပ်ကျူးကျူးယ်မေးလိုက်ဖြစ်သည်။

"ကျစ်!... အသာနေစမ်းပါ... ဒီမှာငါစိတ်ညစ်နေလို့..."

"အလို...စိတ်ညစ်တယ်ဆိုပါလား... ဘာဖြစ်လို့လဲ ငါ့ကိုပြောစမ်း..."

"နင့်ကို ပြောလို့ဘာထူးမှာလဲ...အသာနေစမ်းပါ...ငါတကယ်ညစ်နေတာ..."

"အံမာ...ဂီဇိုပါဟာ လက်ညှိုးညွှန်ရာ ရေဖြစ်တယ်... ဖျံလား ဟား... ဟား"

"သွားစမ်းပါ...လာနောက်မနေနဲ့..."

"မနောက်ပါဘူးဟာ...ပြောစမ်းနင်ဘာဖြစ်နေတာလဲ"

သူမက ချက်ချင်းမဖြေ...




စဉ်းစားနေသည့်ဟန်ဖြင့် ငြိမ်နေပြီးမှ ဆတ်ကနဲ ထရပ်လိုက်၏။

"ငါ...လှလားဂီဇို"

"ဟော..."

ရုတ်တရက်မေးချလိုက်တဲ့ စကားကလူကိုကြောင်တောင်တောင်ဖြစ်သွားသည်။

"ဟဲ့...ငါလှလားလို့ မေးနေတယ်လေ..."

"အင်း...လှပါတယ်..."

"ငါ့ရဲ့အလှက တော်ရုံတန်ရုံ သာမန်အလှမျိုးလား ဂီဇို... ထင်ထင်ရှားရှားလှတဲ့အလှမျိုး မဟုတ်ဘူးလား..."

လူကိုစေ့စေ့ကြီးကြည့်ပြီး မာန်ပါပါနှင့် မေးခြင်းဖြစ်၏။

ဪ...မီကူး ဘာတွေလျှောက်ပြောနေတာလဲ...

ရယ်ချင်လာ၏။

"ဟဲ့... ဖြေလေ..."

"ရက်ရက်စက်စက်ကိုလှတဲ့ အလှမျိုးပါ အစ်မရယ်...နင် သိပ်လှတာပဲ ဟဲ...ဟဲ..."

ပြက်ချော်ချော်ပြောလိုက်ခြင်းဖြစ်ပေမေ့... အဲဒီစကားက ရာနှုန်းပြည့်မှန်ကန်တာရှားတစ်ခုပါ။

"ရုပ်ပဲလှတာလား ဂီဇို၊ ဘော်ဒီ (Body)ရော မလှဘူးလား... ဒီမှာ ကြည့်စမ်း..."

နည်းနည်းလေးခွာရပ်ပြီး... သူမခန္ဓာကိုယ်ကို ဟိုဘက်လှည့်ဒီဘက် လှည့်ပြလိုက်လုပ်နေပြန်သည်။

ကျွန်တော် သူမကို ရဲရဲမကြည့်ရဲ...

ရင်တွေတဒိုင်းဒိုင်းခုန်လာ၏။

မီကူး ကျွန်တော့်ကို ဒုက္ခရောက်အောင်လုပ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



အပွင့်သေးသေးလေးတွေပါသော ရင်ဖုံးလက်ပြတ်အင်္ကျီပါးပါး ပျော့ပျော့အိအိ (ရှန်သားဟုထင်ပါသည်) ထဘီလေးကို စတ်ထား… ကိုယ်အချိုးအစားတွေက တကယ့်ကို ထင်ထင်ရှားရှား အချိုးအစား… စွာ လှနေတာပါ…

"ပြောစမ်းကိုဖို ငါတကယ်လှတာလား…"

ဆောင့်ဆောင့်အောင့်အောင့်နှင့် ပြန်ထိုင်ရင်း ပခုံးကိုဖျန်းကနဲ… ထိုအခါ… သူမရဲ့လက်မောင်းသားအိအိလေးနှင့် ကိုင်းပြတ်ခွပ်ကျယ်ဝတ်… ကျွန်တော့်လက်မောင်းတို့ အိကနဲထိတွေ့ကြ၏။

လက်မောင်းတစ်လျှောက်မှစတင်ပြီး တစ်ကိုယ်လုံးထူထူပူပူ… စေတာ… နောက်ကျောတစ်လျှောက် ဖျင်းကနဲပြေးသွားစေတာဟာ လျှ… သော လျှပ်စစ်ဓာတ်တစ်မျိုး၏ အစွမ်းဖြစ်မည်ထင်ပါသည်။

ဝမ်းဗိုက်သားတို့ ဘာတွေဖြစ်နေသည်မသိတော့…

"ဟဲ့…ငကိုး…ငါပြောတာမကြားဘူးလား…"

"ဟော…ဟို…ဟို…အေး…တ…တကယ်လှတာပါ…"

"တောက် !… ပိုက်ဆံမရှိတာနဲ့ အခွင့်အရေးမှန်သမျှ ဆုံးရှုံးတော့… ဂိုဖိုရယ်… ငါတကယ်စိတ်နာတယ်ဟာ…"

မကျေမနပ်ရေရွတ်ရင်း အသာကလေးအောင် ပြန်ငြိမ်ထိုင်လိုက်တော့… နေတဲ့ လက်မောင်းနှစ်ခုနည်းနည်း ကွာသွား၏။

အခုမှ အသက်ခလင်လင်ရှူနိုင်တော့သည်။

သို့သော် စောစောကအခြေအနေလေးကို လွမ်းသလိုလိုဖြစ်ရ၏။ မောင်းကို မသိမသာကားကြည့်ပေမယ့် သူမငြိမ်ထိုင်လိုက်တဲ့ နေရာ… တော့… စိတ်ထဲမှာ မချင့်မရဲနေ၏။

"နင်…နင်ဘာကို စိတ်နာတာလဲ မိကျူး… နင်ဘာဖြစ်နေတာ…"

"လုပ်ချင်တာလုပ်ရလို့ ကိုယ့်ကိုယ်ကိုယ်စိတ်နာတာပေါ့…ဒီမှာ… လေ…"



…ကြ်ခင်းပေါ်မှာချထားတဲ့ ဂျာနယ်တစ်စောင်ကို ယူပြီး ကြော်ငြာတစ်ခု… ၏။

"တွေ့လား…"

သူမထောက်ပြတဲ့ ကြော်ငြာကို အမြန်ဖတ်လိုက်ရသည်။

"အဲဒါ…ဘာဖြစ်လဲ"

"နင်မတွေ့ဘူးလား…ပြိုင်ပွဲဝင်ဖို့ ကြော်ငြာထားတာ… ကြည့်စမ်း… အလှမယ်တဲ့… Miss Fashion တဲ့… Miss Skin တဲ့ အဲဒါအသား… လှပြိုင်ရမှာ၊ ဒါက ဆံပင်အလှပြိုင်ရမှာ၊ ဒါက မျက်လုံးအလှပြိုင်ရမှာ" Miss Style (Hair) ဆိုတဲ့နံပါတ်နှင့် Miss Magic Eye ဆိုတဲ့နံပါတ်တွေ… ထောက်ပြရင်း မကျေမနပ်ပြော၏။

"နင်… ဝင်ပြိုင်ချင်လို့လား…"

"ငါအရမ်းပြိုင်ချင်တာပဲဟာ… ဆုတစ်ခုခုတော့ရနိုင်တယ်လို့လည်း… …ငါယုံနေတယ်… ဆုငွေတွေကလည်းကြည့်ဦး တစ်ဆုကိုသုံးသိန်း… …တောင်… အဲဒီ Soul ဆိုတဲ့ ကုမ္ပဏီက အမျိုးသမီးအလှကုန်တွေထုတ်… …ဆီဟာ အရမ်းနာမည်ကြီးတာ ပြင်သစ်မှာထုတ်တဲ့ပစ္စည်းတွေ။ Soul… …ပစ္စည်းတွေက အရမ်းဈေးကြီးတာ။ အနိမ့်ဆုံး လက်သည်းနီ… …တစ်ဗူးကို နှစ်သောင်းလောက်ရှိတာယ်။ စိတ်ညစ်တယ်ဟာ… ငါအရမ်း… …တာပဲ… ဝင်ကြေးကလည်းငါးသောင်းကြီးများတောင်…"

"ငါးသောင်း… ဟုတ်လား မိကျူး…"

"အေးလေ… ဒီမှာမတွေ့ဘူးလား…ရေးထားတာ။ ဒါတောင် ငါး… …ဆိုမပြီးသေးဘူး။ အဝတ်အစားဖိုးတွေ ဒီကာကပ်ဖိုးတွေ ရှိသေးတယ်။ !… စိတ်ညစ်တယ်ဂိုဖိုရယ်…ငွေမရှိတဲ့ဘဝက အခွင့်အရေးမှန်သမျှ… …သွားတာပဲနော်… ငါဝမ်းနည်းတယ်ဟာ…"

ဆွေးဆွေးမြေ့မြေ့လေးပြောတော့ စိတ်မကောင်းဖြစ်ရ၏။ သူမလိုအပ်နေ… …ကြေးပမာဏကို စိတ်မှန်းနဲ့တွက်ကြည့်တဲ့အခါ လုံးဝမဖြစ်နိုင်ဘူး… …ည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ မြင်ယောင်လာတာက နိုင်ငံခြားဖက်ရှင်ရှိုးပွဲတွေ Smooth Dreams ရဲ့ ခန်းမှာ ကြည့်ခဲ့ဖူးသော ပြိုးပြက်တောက်လောင်းမှ သည့် ဖက်ရှင်ရှိုးတွေ...

အလှအပကို မြတ်နိုးတတ်သူပီပီ... ရည်သည့်ရှင်းသည့်အချိန်တို့ မျက်တောင်မခတ်တမ်း ငေးမောနေခဲ့ဖူးသည့် ဖက်ရှင်ရှိုးတွေ...

ဟုတ်တယ်...ဖြစ်နိုင်တာပေါ့... မိကျူးပုံစံနဲ့ဆို သိပ်ဖြစ်နိုင်တာပေါ့ မိကျူးအရပ်က ငါးပေခုနစ်လက်မတောင်ရှိတာ...

အချိုးအမောင်း ကိုယ်လုံးကိုယ်ပေါက် ဆံပင် မျက်လုံး အသားအ ဘာတစ်ခုမှ အပြစ်ပြောစရာမရှိဘူး...

သို့ပေမယ့်...လှရုံနဲ့ပြီးမှာတဲ့လား... ငွေရှိဦးမှ... ဝင်ကြေး ငါးသောင်းကြီးတောင်...

လောလောဆယ်ဝင်ကြေးရှိတယ်ပဲထားဦး... နောက်ထပ်ကုန်စရိတ်တွေ ဝင်ကြေးထက်မက။ ဒီလိုပြိုင်ပွဲမျိုးဆိုတာက ပြိုင်ပွဲဝင်တဲ့သူတွေအားလုံး အလှ ကုန်ဝတ်စားပြီး လာပြိုင်ကြမှာ...

မလွယ်ပါဘူး... လက်ထဲမှာလည်း ငွေလေးသုံးသောင်းလောက် တော့တယ်။

ဒါတောင်.. ဒီလကုန်ရင် မိကျူးအတွက် ကွန်ပျူတာသင်တန်းကြေး ဖို့ မထားရက်မသောက်ရက် စုထားရတာ...

သက်ပြင်းကို လေးကန်စွာချရင်း မှောင်းငဲ့ကြည့်လိုက်တဲ့အခါ ညှိုးငယ် ဝမ်းနည်းရိပ်တွေ သန်းနေတဲ့ သူမမျက်လုံးတွေနှင့် အကြည့်ချင်းဆုံ၏။

မိကျူးက အရည်ကြည်တို့ ခပ်ပါးပါးဝဲနေသော မျက်ဝန်းကြီးတွေ ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း မချိပြုံးလေးပြုံးဆဲ၊ ရင်ထဲမှာနင့်ကနဲ ခံစားလိုက် ရလေသည်။

နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ခေါင်းလေးကို မော့လိုက်တဲ့အခါ အရော ပါးပါးတို့ဖြင့် ဖွဲ့နည်းထားသော သူမရဲ့လည်မျိုလေး အထက်အော တစ်ကြိမ် လှုပ်ရှားသွား၏။

ကျွန်တော်သိတယ်...



အဲဒါ...သူမရဲ့ ဆန္ဒလေးတွေကို မျိုသိပ်လိုက်တာ...

မိကျူးရယ်...

"ထားပါဟာ...ကံတရားပေါ့... ကံစီမံရာပေါ့ဟာ... ငါသွားတော့ အိတ်တွေကပ်ရဦးမယ်..."

မိကျူးပြန်သွားတော့ ခရေပင်တွေအောက်မှာ ဆက်ထိုင်နေမိသည်။

အိတ်တွေကပ် ဖို့လိုက်မသွားမိတော့...

ရင်ထဲမှာ မိကျူးရဲ့ဆန္ဒတစ်ခုကို ဖြည့်ဆည်းပေးချင်စိတ်တွေသာ ကြီးမိုး ။ လိုအပ်နေတဲ့ ငွေကြေးပမာဏက ဘယ်လိုမှ မတတ်နိုင်တဲ့အနေ း... ဒီလိုငွေကြေးပမာဏတစ်ခုကိုရဖို့ ဘယ်လိုမှမတတ်နိုင်ပါ...

ခရေပင်တွေအောက်မှ ထပြန်လာတဲ့အခါ စိတ်မကောင်းခြင်းများစွာ ၌ လေးလေးလံလံကြီးဖြစ်နေ၏။ အိမ်ထဲရောက်တော့ စာကြည့်စားပွဲ ထိုင်ပြီးငေါင်နေပြန်၏။

မျက်လုံးထဲမှာ Satellite က လွှင့်တဲ့ဖက်ရှင်ရှိုးပွဲတွေနဲ့ မိကျူးပုံစံလေးတွေ မြင်ယောင်လာတော့ စိတ်ပြေတဲ့အနေနဲ့ စာရွက်အလွတ်လေးတွေမှာ ခဲ လေးတွေ ရေးခြစ်နေမိတော့သည်။

မိကျူးရဲ့ဆန္ဒကို ဖြည့်ဆည်းမပေးနိုင်တဲ့ ကျွန်တော်ဟာ... စာရွက်တွေ မှာ ဆံပင်ရှည်ရှည်လေးနဲ့ ကောင်မလေးတစ်ယောက်ကို မြင်ဖူးတွေ့ ဖူး စိတ်ကူးရသလို ဝတ်စုံတွေ အမျိုးမျိုးဝတ်ဆင်ပေးနေမိတော့သည်။ ပုံထဲမှာ မိကျူးဟာ တီဗီဖန်သားပြင်မှာပေါ်နေတဲ့ မော်ဒယ်ဂဲလ် (Model လေးတစ်ယောက် ဘာကယ်ပင် ဖြစ်သွားတော့သည်။

စာရွက်တွေပေါ်မှာတော့...မိကျူးက... အတောင်ပံလေးတစ်စုံပါသော ယ် (Angel) လေးဖြစ်နေ၏။ လေထဲမှာ ဝဲနေသော လနတ်သမီးလေး ဖြစ်နေ၏။ အမြီးလေးတစ်ခုပါသော ရေသူမလေးလည်းဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မီကူးရဲ့ အလှအချက်နာတွေကို ထင်ထင်ရှားရှားပေါ်လွင်စေတဲ့ ပေ အမျိုးမျိုးကို ပုံစံအမျိုးမျိုးနှင့် စိတ်ကြိုက်ကျရေးဆွဲနေမိတော့သည်။

တချို့ပုံလေးတွေမှာဆို ခြေထောက်မှာ ဖိနပ်စီးပေးမထားပါ. သွယ်လျှမောင်းအိပြီး ဝင်းမွတ်ဖြူစင်နေတဲ့ ခြေထောက်လေးမှာ ဖိနပ်ပေ ပေးမထားလျှင် ပိုကောင်းမယ်လို့ ထျွန်တော်ထင်သည်။ ရဲရဲနီနေတဲ့ ခြေဖ လေးတွေရဲ့ အရောင်အဖြစ် အလင်းအမှောင်ကို အနုစိတ်လေး ခြယ်မှုံ လိုက်ပါသေးသည်။

ပုံလေးတွေရေးဆွဲနေမိခြင်းထဲမှာ ဘယ်လောက်များ ရှာနဲ့ဝင်သွားသ မသိ…

ဆတ်ကာနဲ့ သတိရတဲ့အချိန်မှာ ငါးနာရီခွဲနေပြီ။

ရေချိုးဖို့ အချိန်မရတော့…

ယူနီဖောင်းအမြန်လဲပြီး ကားဂိတ်ကို ပြေးထွက်လာခဲ့ရတော့သည်။

ညစာစားမလာခဲ့မိဘာကို ကားပေါ်ရောက်မှ သတိရ၏။ သို့သော် ပူစရာမရှိ…

စားသောက်ဆိုင်မှာ အလုပ်လုပ်တဲ့ ဝိတ်တာဆိုတာဘယ်တော့မှ ထမင်း ငတ်လေ့မရှိ….

တော်ရုံတန်ရုံ လူမျိုးတွေဘယ်လိုမှ ငယ်စားနိုင်မှာမဟုတ်တဲ့၊ တော ပေ့ဈေးကြီးပေ့ဆိုတဲ့ အစားအစာတွေကို တစ်နေ့တည်းနှင့်ပင် အမျိုးမျိုး စားသောက်နိုင်သည်။

ဗိုက်ဆာလည်းတစ်ပြားမှ ကုန်စရာမလို…

တစ်ပွဲတစ်ပွဲကို ထောင်နှင့်သောင်းနှင့် ချီပြီးတန်တဲ့ အစားအစာ အမျိုးမျိုးကို အလကားစားရသည်ဆိုပြီး အထင်မကြီးလိုက်ပါနှင့်ဦး။

Waiter တစ်ယောက်တွင် ဖျှော်လင့်ချက်သုံးခုရှိတတ်၏။ ပထမမျှော် ချက်မှာ Service Money ဖြစ်သည်။



ထိုမျှော်လင့်ချက်သည် Waiter တစ်ယောက်၏ အကြီးမားဆုံး မျှော်လင့် ချက်ဖြစ်၏။ Customer ကို ပြုစုတာကောင်လျှင် တော်သလို Service Money များများရတတ်ကြသည်မို့ Waiter အားလုံး Customer ကို ကောင်းကောင်းပြု ပြုမည်ဟု နားလည်ထားကြသည်။ ကြိုးစားပမ်းစား Service ပေးကြသည်။

ထို့ကြောင့် မိမိ Service ပေးလျှင် ပေးသလောက် အကျိုးခံစားခွင့်ရ မှုများရှိ၏။

တစ်ခါတလေ ကြိုးစားပေမယ့် ထင်သလောက်မရကြ…

တစ်ခါတလေ Service ပေးရာမှာ ကြိုးစားမှုမရှိသော်ငြား မြိုးမြိုး မြက်မြက် ပေးရတတ်ကြ၏။

တစ်ခါတလေများ အသေအလဲကြိုးစားပေမယ့် တစ်ပြားမှ မရတတ်တာ တွေလည်းရှိ၏။

Customer ရဲ့ အထာကို အထူအပါးနားလည်တဲ့ Waiter တွေရှိသလို၊ Customer ရဲ့အထာကို နားမလည်ပဲ Service Money လိုချင်ဇောတွေကပ်ပြီး ပြုစုလွန်ကဲလို့ ပြဿနာတက်ရတဲ့ Waiter တွေလည်း ရှိ၏။

Customer ကို ပြုံးပြုံးရွှင်ရွှင်ဆက်ဆံရမည်ဆိုတဲ့ စည်းကမ်းကို လွန်အကျုံကြီး လိုက်နာသစ်တဲ့ Waiter တွေရဲ့ပြဿနာတွေက မသေးလှ… Customer နဲ့ မျက်လုံးချင်းဆုံတိုင်း သွားကို သုံးဆယ့်နှစ်ချောင်းမကပေါ်အောင် ပြုံးပြုံးပြနေတဲ့ Waiter ကို ဒုးနေပြီဖြစ်သော Customer က…

"ယောကောင်… မင်းဘာကောင်လဲ။ မင်းကိုငါ ကြည့်နေတာကြာ ။ ငါ့ကို ရယ်စရာများမှတ်နေလား…" ဟုဆိုပြီး ခွဲထိုးသဖြင့် မနည်းဖြေရှင်း ရဖူးသည်။ အဲဒီနောက်ပိုင်းမှာ အစည်းအဝေးလုပ်တိုင်း မန်နေဂျာက…

"မင်းတို့ ကောင်တွေနော်… ဗိုက်ဆံလိုချင်ဇောအားကြီးပြီး အသေအလဲ ပြုံးပြဖို့ မကြိုးစားကြနဲ့။ ဥာဏ်ကိုသုံးပြီး ပြုံးသင့်သလောက်ပဲ ပြုံးပြကြပါ ကောင်းသန့်ပါတယ်…" ဟု သတိအမြဲပေးရ၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့ Waiterတွေဆေတာမှာလွန်ကဲပြီး အရက်ငှဲ့ပေးတဲ့အခါ လျှံကျကျန် သည် များလည်းရှိ၏။

တစ်ပုလင်းကို သိမ်းချိုပြီးတန်တဲ့ နိုင်ငံခြားဖြစ် အရက်အကောင်းစားတွေ နှိ Customer က ပြဿနာရှာလာအခါ သူတို့ မှားနေအောင် ဖြေရှင်းကြရ၏၊

အချို့က ရှုပ်ယှက်ရှုပ်ပုရာလုပ်ရင်း Customerပေါ်ကို ဟင်းပွဲတွေမှောက်ကျ ကျန်သည်များလည်း ရှိ၏။

သဘောကောင်းတဲ့ Customerတွေက သည်းခံခွင့်လွှတ်ကြ၏။ အချို့က ပြဿနာရှာကြ၏။

အကောင်းဆုံးပြီး ဘာပြဿနာမှ မတက်အောင် Serviceပေးတတ်သော Waiterများရှိသလို… ပြဿနာတွေတစ်ခုပြီးတစ်ခု ကြောခကာတက် လေ့ရှိသော Waiterများလည်းရှိ၏။

လူမျိုးတစ်ရာ့သာစ်ပါးနှင့် အဆင်ပြေအောင် ဆက်ဆံရတဲ့ Waiterအလုပ် က လွယ်တော့ မလွယ်ကူပါ။

တစ်ခါတလေဆို အမူးလွန်နေတဲ့ Customer ကို အိမ်သာအထိလိုက် ပို့ပေးကြရ၏။ ကိုယ့်ကိစ္စကို ပြီးအောင် စီးအောင်စွမ်းဆောင်နိုင်သည် Custome တွေရှိသလို၊ တချို့ Customer တွေ အပေါ့အပါးသွားပြီး ဘောင်းဘီတောင် ပြန်မဝတ်နိုင်အောင် မူးနေလို့ Waiterက ဘောင်းဘီပြန်ဝတ်ပေးရ၊ ကြယ်သီး ပြန်တပ်ပေးရ၊ ခါးပတ်ပြန်ပတ်ပေးရသည်အထိ Serviceပေးရသည် များလည်း ရှိ၏။

ဒီထက်ဆိုးတာက အချို့ Customerတွေဆို အိမ်သာတက်ရင်း အိမ်သာ ထဲမှာ မူးလဲနေလို့ သန့်ရှင်းရေးကအစ ကူညီပေးလိုက်ရသည်များလည်း ဆိုးဆိုးရွားရွား ရှိတတ်လေသည်။ ဒီလို Customerမျိုးတွေဆီက ဘာ Service Money မှ မရခဲ့ကြသည့်အခါမျိုးတွေလည်းရှိ၏။

အဲဒီလိုတွေ ကြုံတွေ့ပြီးမှ တစ်ပြားတစ်ချပ်တောင် မရဘူးဆိုလျှင်တော့ အဲဒီ Waiterရဲ့ ဘာဖြစ်တောက်တောက် ညည်းညူသံတွေကို လုပ်ဖော်ကိုင်ဖက် Waiterတွေ မပြတ်တမ်းကြားရမည်မှတ်စေတော့…



ဆိုင်သိမ်းလို့ အိမ်ပြန်ဖို့ ပြင်ကြပြီဆိုရင်ဖြင့်…

"မဆိုးဘူးဟေ့…ဒီညတော့ ဘယ်နှစ်ပုလင်းရတယ်" လို့ပြောတဲ့ Waiterကပြော…

"မရပါဘူးကွာ…ဘယ်နှစ်ချိန်းပဲရတယ်…" လို့ပြောတဲ့ Waiter …ပြော…

ဘာမှမပြောပဲအသာလေးပြန့်တဲ့ Waiterက ပြန်…

"တောက် !… ရေးထုပ်တွေ ချည်းပဲကွာ…ဒီညကိုင်ရတဲ့ ဝိုင်းတွေလုံးဝ …ပိုက်ဘူး။ တစ်ပြားမှ မရဘူးဟေ့… ငါ့မှာတော့ ပြုစုလိုက်ရတာ ဖတ်ဖတ် …ိုမောလို့…" လို့…ရေရွတ်တဲ့ Waiterက ရေရွတ်…

မိမိရတဲ့ Service Moneyကို လျှော့ပြီးပြောတဲ့သူကပြော၊ အမှန်တိုင်း …ပြောတဲ့သူကပြော… ပိုပြောတဲ့သူကပြော… ပိုက်ဆံမရလို့ အပြန့်လမ်းစရိတ် …တဲ့လူကရေးနဲ့… Waiter ဆိုတဲ့ဘဝ က ပုဏ္ဏတစ်ခုလိုပါ…

Waiter တွေရဲ့ ဒုတိယမျှော်လင့်ချက်ကတော့ ဝိုင်းကျန် (Customer …သွားတဲ့အခါ စားပွဲပေါ်မှာ ကျန်ရစ်ခဲ့တဲ့ အစားအသောက်၊ အရက်တို့) ဖြစ်သည်။

အချိုရည်ကိုတော့ Waiter တွေမက်မက်သက်သက် မရှိတတ်ကြ။ …သော် အရသာအလွန်ရှိပြီး ဈေးနှင့်သောင်းနှင့်ချီပြီးတန်တဲ့ အစားကောင်း၊ …သောက်ကောင်းတွေကိုတော့ မက်မောကြသည်။

သို့သော် ထိုအစားအစာတွေကို တာဝန်ချိန်မပြီးမချင်း မည်သည့် Waiter …မှ ဝိုင်းစားသုံးခွင့်မရှိ။ ဒါက Smooth Dreams ရဲ့ စည်းကမ်းတစ်ခု။

ထို့ကြောင့် ဝိုင်းတစ်ဝိုင်းသိမ်းပြီးလျှင် ကိုယ်စားချင်တဲ့ အစားအသောက် …တွေကို ကျွတ်ကျွတ်အိတ်ကလေးတွေနဲ့ လုံအောင်ထုပ်ပြီးအမှတ်အသားလုပ် …ဖွက်ထားကြရ၏။ အဖွက်မကောင်းလို့ တခြားသူဆွဲသွားရင်တော့ …ိုးတ်တာ ငတ်ပေတော့…

ဝိုင်းကျန်တွေကို Waiter တွေမှဲ့စားသောက်ကြသည်ဆိုပြီး အထင်သေး …ရတော့မရှိပါ…

www.burmeseclassic.com

www.burmeseclassic.com



Smooth Dreams ရဲ့ Customer တွေအားလုံးချမ်းသာကြွယ်ဝတဲ့ လူကုံထံတွေချည်းဖြစ်သည်ဟု ဆိုလျှင်မမှား…

ထို့ကြောင့် စားကြ သောက်ကြရာမှာ သေသေသပ်သပ် စားကြ သောက်ကြတဲ့သူများပါသည်။ တချို့ဆို တန်ဖိုးကြီးတဲ့ အစားအစာတွေကို တစ်ခုပြီး တစ်ခုမှာပြီး ဘာမှ မက်မက်သက်သက်မစားကြ။ တို့တယ်ထိတယ်ဆိုရုံ လောက်သာ အလှစား စားပြီး ထပြန်၏။

အချို့ဟင်းပွဲတွေဆို အရာပင်မယွင်း…

အဲဒီတော့ ဒီလိုအစားအစာတွေကို Waiter တွေ ဘွန်မပစ်ရက်ကာ၊ စားကြသောက်ကြတာ၊ မက်မက်မောမောရှိတာကို အပြစ်ပြောစရာမရှိ… အထင်သေးစရာမရှိ။

ကိုယ့်ဗိုက်ဆာဖို့ ကိုယ်သာဆို အနံ့တောင်ရှူနိုင်ဖို့ မလွယ်…

အစား အသောက်ပြီးတော့ အရက်နှင့် Cocktail ဖြစ်၏။ Smooth Dreams မှ ရောင်းသော နိုင်ငံခြားအရက်များ အလွန်ဈေးကြီး၏။ Cocktail များဈေး ကြီး၏။ အရသာရှိ၏။ ထို့ကြောင့် Waiter အချို့သောက်ဖူးတယ်ရှိအောင်ဆိုပြီး သိမ်းကြ၏။ Waiter အချို့ ကြိုက်နှစ်သက်၍ မှီဝဲကြ၏။ အချို့က သိမ်းထားပြီး သောက်ချင်တဲ့ Waiter ကိုဈေးနည်းနည်းဖြင့် ပြန်ရောင်းကြပြီး၊ အချို့က မန်နေဂျာနှင့် Head Waiter (ဝိတ်တာခေါင်းဆောင်)ကို မျက်နှာလုပ်ပြီးတိုက်ကြ၏။

ဝိုင်းကျန်စားရသောက်ရတဲ့အခါတွေရှိသလို… အကျန်အလွန်နည်းသဖြင့် မစားဖြစ်ကြသည်များလည်းရှိ၏။ တစ်ခါတလေ Customer တွေက အပြောင် ရှင်းသွားကြသည်များလည်း ရှိကြ၏။

"မောင်လေးရယ် ဒါလေးတွေကို အိတ်ကလေးနဲ့ ထည့်ပေးပါနော်… အိမ်ကကြောင်လေးတွေကို ကျွေးချင်လို့ပါ" ဆိုပြီး ပြန်သယ်သွားတတ်ကြတဲ့ Customer များလည်းရှိ၏။



"ညီလေး…ဒါလေးတွေအိတ်နဲ့ ထည့်ပေးလိုက်ကွာ…ငါတို့က အိမ် ရောက်ရင် ထပ်သောက်ကြဦးမှာကွ ဟဲ…ဟဲ…ဟဲ…" ဆိုတဲ့ လူတွေလည်း ရှိ၏။

အမူးလွန်ပြီး သပ်သပ်ရပ်ရပ်စားသုံးထားခြင်းမရှိသော ဝိုင်းကျန်တွေကို လည်း Waiter တွေ ရှောင်ကြပါသည်။

အချို့ Waiter တွေက ,ပါး၏။

အစားအသောက်တွေ များများကျန်အောင် ဟိုဟာလေးစားပါလား၊ ဒီဟာလေး စားပါလား၊ သိပ်ကောင်းတာပဲ၊ ဘယ်လိုအရသာရှိတယ်ဆိုပြီး ဟင်းပွဲ တွေအများကြီးမှာခိုင်း တတ်ကြ၏။

ဟင်းပွဲများများမှာလေလေ ဝိုင်းကျန်များလေလေမဟုတ်လား… ဗိုက်ဆာ ဆိုတာက ကိုယ့်အိတ်ထဲက စိုက်ရှင်းရတာမှမဟုတ်တာ… တချို့ Waiter တွေလည်းပုံက… အစားအသောက်တွေမစားနိုင်အောင် အရက်ကိုတစ်ခွက်ပြီး တစ်ခွက်မနားတမ်းငှဲ့ပေး၏။ မြန်မြန်မူးလေလေ အစားနည်းလေလေ မဟုတ်ပါ လား။ ရေချိန်ကိုက်ပြီး မြန်မြန်ပြန်လျှင် ဟင်းပွဲလည်းစားရသေးသည် နောက် တစ်ဝိုင်းလည်း မြန်မြန်ကိုင်ရသေးသည်ဆိုတော့ သူတို့အတွက် အမြတ်ချည်း ပင်…

ဆိုင်ပိတ်ချိန်ရောက်တော့ ကိုယ်စီကိုယ်စီ မှတ်ထားတဲ့ အထုပ်လေးတွေ ကို ထုတ်စားကြရင်း…

"ရှယ်ပဲဟေ့…ဒီညတော့ ဗိုက်ကို ခွေးနမ်းတာပဲ" လို့ ပြောတဲ့လူက ပြောရဲ့…

"ဟီး…ဟီး…ဟင်းပွဲတွေအများကြီးမှာ ခိုင်းပစ်လိုက်တာ…သူတို့ စားနိုင်ကြတော့ဘူး။ ကြည့်ပါဦးကွာ… ပုစွန်ထုပ်ကြီးကို လက်မောင်းလောက် ကြီးရှိတယ်" လို့ပြောတဲ့ လူကပြောရဲ့…

"ဟော့ကောင် မင်းနဲ့ငါနဲ့လဲ စားရအောင် ငါပြည်ကြီးငါးမကြီး လို့" လို့ပြောတဲ့လူက ပြောရဲ့…

www.burmeseclassic.com

www.burmeseclassic.com



""ဗိုလ်သောရိုက်တာကွာ ငါဒီနေ့ ပိုင်းကျန်မရဘူး၊ ကျွေးပါဦးနည်းနည်းလောက်"" လို့တောင်းစားတဲ့သူက တောင်းစားရဲ့...

""တောက်!...ကွာ... ပိုင်းကျန်လေးများထားရမလားလို့ မေးတာမ်းကိုင်နှဲ့ပေးတာ၊ သောက်လိုက်တာလည်း ကြွက်တွင်းကျနေတာပဲ... ဟီး...ဟီး အမူးပါကြီး ဆရာ... ပြန်တော့ အကုန်လုံးထုပ်ပြီး ယူသွားတယ်။ ငတ်နေတာ...ဟား...ဟား...ဟား..."" လို့ မုန်းချက်နဲ့ နှမ်းထွက်မကိုက်သူတွေလည်း ရှိရဲ့...

""ငါတို့ကတော့ သူများအကျန်ကို လုံးဝမစားဘူးဟေ့"" ဆိုပြီး ဂုဏ်ရှာပြီး အငတ်ခံတဲ့လူကခံရဲ့...

""လုပ်မနေနဲ့ ဟေ့ကောင် ဒီဆိုင်ကိုလာတဲ့ Customer တွေအားလုံး အသန့်တွေ အလှတွေ (ပိုက်ဆံချမ်းသာသူတွေ)ချည်းပဲ၊ ရောဂါပိုးသွားမတိုက်လက်သည်းကြားမှာ ရေးအတစ်လိုက်နဲ့ လူတစ်ယောက်မှမပါဘူး၊ Waiter လုပ်ပြီး ပိုင်းကျန်စားဖို့ ရှက်နေရင် ငတ်မှာပဲ၊ မင်းသိတယ်မဟုတ်... ဟင်းတွေရဲ့ တန်ဖိုးကို..."" လို့ စည်းရုံးတဲ့လူကလည်း စည်းရုံးရဲ့...

သူတို့ဘဝတွေပဲ ပြောပြော ကျွန်တော်ကတော့ အပြင်မှာဝယ်စားရင် ပိုက်ဆံကုန်မှာ ဖြစ်တဲ့အပြင် အာဟာရလည်းရှိမှာ မဟုတ်ဘူးလို့ ယူဆတဲ့ အတွက် အလကားရတဲ့အစားကောင်းအသောက်ကောင်းတွေကို မှီဝဲပါသည်။

Waiter တွေရဲ့ တတိယမျှော်လင့်ချက်ကတော့ Customer မေ့ကျန်ခဲ့သော ပိုက်ဆံ၊ ပိုက်ဆံအိတ်နှင့် မီးခြစ်ကဲ့သို့သော အဖိုးတန်ပစ္စည်းမျိုးတွေဖြစ်သည်။ အချို့ Customer တွေ အမူးလွန်ပြီး ပိုက်ဆံထွက်ကျကျန်ရစ်တတ်၏။ အချို့ပိုက်ဆံအိတ်ပါ မေ့ကျန်တတ်ကြ၏။ အချို့ဘောလ်ပင်နှင့်(Ballpen ဆိုပေမဲ့ သူငွေးတွေကိုင်တဲ့ ဘောလ်ပင်နဲ့ရဲ့တန်ဘိုးက တစ်ခါတလေ သိန်းဂဏန်းအထက်မှာရှိ၏။) ဖောင်တိန်အစရှိသည်တို့ မေ့ကျန်ခဲ့ကြ၏။

အချို့က ဇစ်ပို (Zippo)မီးခြစ်လို ပစ္စည်းမျိုးတွေမေ့ ကျန်ခဲ့တတ်ကြ၏။



ဤတတိယမျှော်လင့်ချက်ကိုထားသူ waiter အရေအတွက်မှာ မရှိသလောက်အောင်ပင် ရှားပါးပါသည်။ waiter အယောက်တစ်ရာတွင် ...ယောက်ပင် မရှိတတ်ပါချေ။

ကိုယ့်ကို Service Money ပေးနေတဲ့ Cuestomer တွေအပေါ်မှာ တတ်...နိုင်သမျှ အစွမ်းကုန်ရှိုးသားကြပါသည်။

ဒီလိုစရိုက်ရှိသောကောင်းတဲ့ waiter မျိုးကို တစ်ယောက်ပဲကြုံဖူးသည်။

Customer ကမူးမူးနဲ့ လက်မှာပတ်ထားတဲ့နာရီကို စားပွဲပေါ်ချွတ်တင်...ထားမိရာမှ ပြန်သောအခါ မေ့ကျန်ခဲ့၏။ ထိုဝိုင်းကိုကိုင်ရသော waiter က ...သာလေးယူထားလိုက်သည်။

နောက်တစ်နေ့ကျတော့ Customer ကလာပြီးပြဿနာရှာတဲ့အခါ သူ့ရဲ့...ရင်ရုပ်ပေါ်သွားပြီး အလုပ်ထုတ်ခံရလေသည်။

ဆိုင်ရှင်၏ပြောစကားအရ ဆိုင်သက်တမ်းငါးနှစ်အတွင်းမှာ ဒီလိုပြဿနာ...မျိုး တစ်ခါမှမဖြစ်ဘူးခဲ့ဟုကြားသိရ၏။

ထို့ကြောင့် waiter လောက၏ ၉၉.၉%လောက်သည် ရိုးသားဖြောင့်မတ်...။ စာရိတ္တကောင်းမွန်ကြသည် ဟုဆိုလျှင်မှန်၏။

ကျွန်တော် Smooth Dreams မှာလုပ်နေတဲ့ သက်တမ်းတစ်လျှောက်မှာ ...လုပ်ထုတ်ခံရတဲ့ waiter သုံးယောက်သာကြုံဘူး၏။

ပထမတစ်ယောက်က အလုပ်ချိန်မလေးစား။

နေ့တိုင်း နေ့တိုင်း အလုပ်ချိန်နောက်ကျ၏။

ထို့ကြောင့် အလုပ်ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။

ဒုတိယတစ်ယောက်က အရက်ပုလင်းကျကွဲသွားသောကြောင့် အလုပ်...ခံရခြင်းဖြစ်ပြီး...

တတိယတစ်ယောက် အလုပ်ထုတ်ခံရခြင်းက တော်တော်ရယ်စရာ...၏။

ထိုလူသည်အနုမှ waiter လောကကို ဝင်ရောက်လာခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့ရဲ့အဖြစ်က ရယ်စရာကောင်း၏။

သနားစရာလည်းကောင်း၏။

အလုပ်စဝင်သည့်နေ့မှာပင် အလုပ်ထုတ်ခံရခြင်းဖြစ်လေသည်။

"ကိုတောက်တောက်" ဆိုသောထို waiter ရဲ့အားနည်းချက်က သူစား...တဲ့အရာတစ်ခုကိုမြင်နေရလျှင်ဖြစ်စေ.. ချဉ်သည့်အရသာရှိသော အစား...တစ်ခုကိုမြင်နေရလျှင်ဖြစ်စေ.. သူ့ပါးစပ်ထဲတွင် သွားရည်များ ထိန်းလို့...မရအောင် ပြည့်လျှံလာတတ်ခြင်းဖြစ်သည်။

ဖြစ်ချင်တော့ အဲဒီနေ့က ကိုတောက်တောက်ကိုင်သောဗိုင်းသည် အ...ငါးဆယ်ခန့်ရှိသော အမျိုးသမီးကြီးတွေရဲ့ဝိုင်းဖြစ်နေ၏။ ဟင်းပွဲတွေမှာတ...က အဲဒီဟင်းပွဲကို ကိုတောက်တောက်စားချင်စိတ်တွေ ဖြစ်ပေါ်နေပုံရ...

မှာသည့်ဟင်းက.. ကကတစ်ငါးအသားကို အလွှာလိုက်တွေဖြစ်...လီးပြီး.. ရှောက်ချိုသီးတွေနှင့် ပေါင်းထားသောဟင်းဖြစ်သည်။

တကယ်တော့.. အဲဒီတိုက်ဆိုင်မှုသာမရှိလျှင် ကိုတောက်တောက်အ...မထွက်ရ...

ဟင်းခပ်ထည့်ပေးနေတဲ့အချိန်မှာဖြစ်သည်။

ကိုတောက်တောက် သူ့အကြောင်းသူသိလို့ ပါးစပ်ကိုတင်းတင်းစေ...သည့် အချိန်လည်းဖြစ်သည်။

Customer အဒေါ်ကြီးတစ်ယောက်က စကားစ၏။

"မောင်လေးက waiter အသစ်လားကွဲ.."

"ဟုတ်ကဲ့"

ရုတ်တရက်မေးလိုက်တာဆိုတော့ အမှတ်တမဲ့ "ဟုတ်ကဲ့" လို့ အ...ကိုတောက်တောက်ပါးစပ်ဟ သွား၏။

ရုတ်တရက်ပါးစပ်ထဲကလျှံထွက်စီးကျသွားတဲ့ "သွားရည်" တွေ...ထိန်းလိုက်ချိန်မရတော့...

ကျိုချွဲချွဲအရည်ကြည်ကြည်တွေက ဟင်းပန်းကန်ထဲသို့ အတည့်ကျ၏။

"ဟာ..." ဆိုပြီး သွားရည်တွေကို ထိန်းလိုက်တော့ ပါးစပ်မှသွားရည်...သံထွက်သွားပြန်သည်။

"ရှလွှတ်..."

အဖွားကြီးလေးယောက်စလုံးရဲ့ မျက်နှာတွေရှုံ့မဲ့သွားကြ၏။

ဘာမှဆက်မစားကြတော့...

တင်ယောက်တအန်၏။

ထိုကိစ္စကို မန်နေဂျာသိသွားတော့ ကိုတောက်တောက်အပါအဝင် waiter...အားလုံးကို ရုံးခန်းမှာချက်ချင်းခေါ်တွေ၏။

ကိုတောက်တောက်ကို အာမခံပြီးသွင်းပေးသော waiter ကိုလည်းဆူ၏။

"မင်းနှယ်ကွာ သွားရည်မနိုင်တဲ့ကောင်ကို waiter လုပ်ဖို့ခေါ်လာရတယ်...အဖွားကြီးတွေကို ငါမနည်းတောင်းပန်လိုက်ရတယ်။ တော်ပါသေးရဲ့...ဆုံးရှင်းသွားလို့။ ပိုက်ဆံမပေးနိုင်ဘူးဆိုလည်း ခံရတော့မှာ..."

"ကျွန်တော်.. တောင်းပန်ပါတယ်ဆရာ။ တစ်ရွာတည်းသားတွေဆိုတော့...ပ်ဆရို အကိုင်မရှိ ဖြစ်နေလို့ခေါ်ခဲ့မိတာပါဆရာရယ်... အခုဟာကလည်း...ဆိုင်လို့ဖြစ်သွားရတာပါ"

ကိုတောက်တောက်ကိုခေါ်လာသော waiter က မန်နေဂျာကို တောင်းပန်...ကိုတောက်တောက်ကိုလည်းပြော၏။

"မင်းကလဲကွာ သွားရည်တွေထိန်းပါလို့သေချာမှာထားလျက်နဲ့"

"ငါလည်းထိန်းပါတယ်ကွာ ရုတ်တရက်ဆိုတော့ သူမေးတာကိုပြန်ဖြေ...တ်တုန်း စီးကျသွားတာ။ သူငါ့ကို စကားလာမပြောရင်ဘာမှမဖြစ်ဘူး"

သူတို့နှစ်ယောက်ကိုကြည့်ပြီး မန်နေဂျာတစ်ခုခုကိုသဘောပေါက်သွား၏။

"နေပါဦးကွ.. မင်းက သွားရည်အမြဲယိုတတ်လား"

"အမြဲတော့မဟုတ်ပါဘူးဆရာ.. ချဉ်တဲ့အရာသာရှိတဲ့အစားအစာတို့...ယ်စားချင်တဲ့အစားအစာတို့ကိုမြင်မှ ဖြစ်တာပါ။ အခုဟာက အချဉ်နဲ့ချက်...တဲ့ဟင်းကို စားချင်စိတ်တွေပေါက်ပြီး ထွက်ကျသွားတာပါ"

www.burmeseclassic.com

www.burmeseclassic.com

မန်နေဂျာက ရယ်၏။

Waiter တွေလည်း ရယ်ကြ၏။

"မင်းနယ်ကွာ မကြီးမယ်နဲ့ သွားရည်ယိုနေတယ်လို့ပဲ။ လိုက်လဲလိုက်တယ်ကွာ ရှူးကာ သွားရည်ယိုတတ်တယ်။ နာမည်က ကိုတောက်တောက်တဲ့။ သွားရည်တွေ တတောက်တောက်ထွက်ကျတတ်လို့များ 'တောက်တောက်' လို့နာမည်ပေးခဲ့သလားပဲ... ဟား... ဟား... ဟား..."

"ဟုတ်တယ်ဆရာ ကျွန်တော့်ငယ်ငယ်လေးကတည်းက သွားရည်တွေ တတောက်တောက်ထွက်ကျတယ်ဆိုပြီး အဘွားကိုယ်တိုင်ပေးခဲ့တဲ့နာမည်ပါ.."

"ဟော... ဟုတ်လားကွ ဟား...ဟား...ဟား"

မန်နေဂျာက သဘောကျပြီးရယ်ပြန်၏။

သူ့အပြောင်အပြက်ပြောလိုက်တဲ့စကားက တကယ့်အမှန်တရားဖြစ်နေတာကိုး...

"ကဲပါကွာ ဘာမှမထူးတော့ပါနဲ့.. မင်းနဲ့အဆင်ပြေမယ့်တာဝန်တစ်ခုကို ငါစီစဉ်ပေးပါဦးမယ်" ဟုမန်နေဂျာကြီးကပြော၏။

❀ ❀ ❀ ❀ ❀



( * )

Smooth Dreams ကိုရောက်တော့ ခြောက်နာရီကျော်နေပြီ။ အလုပ်ချိန် ...ကျော်သဖြင့် မန်နေဂျာကသွား၏။

တင်းကျပ်တဲ့စည်းကမ်းတွေအရ ဒဏ်ငွေလည်းရိုက်၏။

စိတ်တွေရှုပ်နေပါတယ်ဆိုမှ ပထမဆုံးစကိုင်ရသည့်ဝိုင်းက မိန်းမလျှာ ...ဖြစ်နေသည်။

"မောင်လေးနာမည်က ဘယ်လိုခေါ်လဲဟင်"

အရက်ငှဲ့ပေးနေသည့်အချိန်မှာ ခါးကိုလာကိုင်ပြီး မေးခြင်းဖြစ်သည်။

...ရိုက်ချလိုက်ချင်စိတ်တွေကို အနည်းငယ်ထိန်းထားလိုက်ရသည်။

Customer ဆိုတဲ့အသိကို သတိမပြတ်နှလုံးသွင်းနေရ၏။

"မေးတာဖြေဦးလေ မောင်လေးရဲ့"

အသက်ကြီးကြီးမိန်းမလျှာကြီးက တမင်လုပ်ယူထားသော မိန်းမသံကြီး ...ဖြင့်ပြန်၏။

ယောက်ျားကြီးတစ်ယောက်က ကိုယ့်ကို မောင်လေးလို့ခေါ်တာကို ...စိတ်ကတော့နဲ့ရွံပြီး ဖြေပစ်လိုက်သည်။

"ဂိုဇိုပါဦးကြီး"

"ဟယ်... ဟယ်... ဦးကြီးတဲ့... ဘုရား ဘုရား... ဘယ်လိုခေါ်လိုက် ...မောင်လေးရယ်၊ မေလို့ခေါ်ပါကွယ်... ခေါ်စမ်း... ခေါ်စမ်း အခုပြန်ပြင် ...ခေါ်လိုက်စမ်းပါ.."

www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှကြီးက ဘဝမှန်အတိုင်းသုံးနှုန်းပြီးအခေါ်ခံရတာကို မကျေနပ်လို့ ဖျတ်ဖျတ်လူးနေ၏။

စိတ်ကျေနပ်အောင် "မမ" လို့ပြန်ခေါ်ပေးလိုက်မှ နေသာထိုင်သာရှိသွားရ၏။ တော်ကြာ မကျေနပ်လို့ ဆံနှံရေဂျာနဲ့သွားတိုင်နေရင် ခက်မည်။

"ပြန်ပြောပါဦး… မောင်လေးရဲ့နာမည်လေးကို"

"ဂီနိုပါခင်ဗျာ"

"ဟယ်… ဂီနိုတဲ့တော့၊ အဲဒါကူးယန်းနာမည်လေး… On The Ro… ဇာတ်ကားထဲက မင်းသားရဲ့နာမည်ပေါ့… ချစ်လိုက်တာဟယ်… နာ… လေးကို…"

မိန်းမသံဖြစ်အောင် ဘယ်လောက်ပဲ အနှိတ်ပြီးပြောပြော နဂို… ယောကျ်ားသံကြီးကို ဖုံးကွယ်လို့မရ… ခပ်ချွဲချွဲကြီးပြောပုံက သေတော့မ… ကောင်းလှ၏။

"လှုကိုခရာမချင်းဘူးလား မာမိရဲ့…ဟင်း…ဟင်း…ဟင်း"

အသံသေးသွောင်သွောင်နှင့် တစ်ယောက်က ပြောပြန်၏။

သူတို့ရဲ့ နှုတ်ခမ်းတွေကို စိတ်ကုန်ခြင်း အကြိမ်ကြိမ်တိုးပင်နေမိတော့သ… သူတို့စကားတစ်ခွန်းပြောလိုက်တိုင်း စိတ်တွေဖောလိုလိုနေ ရှင်း တိုနေမိသ…

"မေးနေရသေးလား ဒိုင်သနာရယ်…မာမီ့အကြိုက်လည်းသိသ… ဟင်းဟင်း…"

သူတို့နှင့်ခပ်ခွာခွာနေရပုံရင်း သူတို့ပြောသမျှကို မကြားချင်ယောင်ဆေ… နေလိုက်ရသည်။

စိတ်တွေကတော့ မိကူးဆီကိုပဲ ရောက်နေ၏။

"သားရေ…ဂီနို လာပါဦးကွယ်"

"ဟုတ်ကဲ့ ဘာလိုလို့ပါလဲခင်ဗျ…"

"မလိုပါဘူးကွယ်… ဂီနိုရှိနေရင်အားလုံးပြည့်စုံပါတယ်။ သ… မိတ်ဆက်ပေးရအောင်… သားနဲ့တောရယ်နော်… မာမီတို့ နောက်ဆို ဒီ… အမြဲလာတော့မှာ… သားကို မုန့်ဖိုးတွေလည်း အများကြီးပေးမှာသိ…"



"ဟုတ်ကဲ့ပါခင်ဗျ။ ကျေးဇူးတင်ပါတယ်…"

"သူက ဒိုင်ယာနာတဲ့၊ ဗိုလ်ချုပ်လမ်းမှာ Beauty Sloon ဖွင့်ထားတယ်။ … က တိတ်ဝင်းလေကတဲ့၊ သူလည်း ကမ်းနားလမ်းမှာဆိုင်ဖွင့်ထားတယ်… … က မတ်ဒေါ်နား၊ ရွှေဂုံတိုင်က… သူတို့အားလုံးအလှဖန်တီးရှင်တွေချည် … …ကိုခရာသိလား…"

ကိုမနေ

"ဟင့်အင်း… မသိဘူးခင်ဗျ…"

"ဟင်း… ဟင်း…အခုက လတ်စ်တေလာတဲ့ ဟောလီးဝုဒ် … သာကျုံးတွေအများကြီးယူတဲ့ မင်းသမီးကြီးကို သိတယ်မဟုတ်တော့ … ဒီတော့ … …ဟ်လုံးခရန်းရောင်နဲ့လေ"

"ဪ… ဟုတ်ကဲ့ သိပါတယ်…"

"အဲဒါ မာမီပေါ့ ဂီနိုရဲ့…ဟင်း…ဟင်း…ဟင်း…ဟင်း"

အခုမှသတိထားမိတော့သည်။

ပလက်တီနမ်ရောင်ကောက်ကောက်ကွေးကွေး ဆံပင်အတုကြီးစွပ်ပြီး …က်တင်မှန်ခရမ်းရောင်ကို ဝတ်ထားတာက အဲလစ်(ဇ်)ဘက်တေလာဆိုတဲ့ … …င်းသမီးကြီး ဒီနိုင်းအတိုင်းလှုပ်ထားတာဖြစ်မည်။

"မာမီကတော့ သူတို့နဲ့ လိုင်းမတူဘူး။ မာမီက ဖက်ရှင်ဒီဇိုင်နာ (Fash-… …n Designer) သားရဲ့ ခင်မင်ရင်းနှီးတဲ့လူတွေက အဲလစ်(ဇ်)လို့လည်း … …ါကြတယ် ဟင်း…ဟင်း…"

ဪ…အဲလစ်(ဇ်)ဆိုတဲ့နာမည်ကြီး ဖက်ရှင်ဒီဇိုင်နာဆိုတာ ဒီဟာကြီး … …ိုး…

စိတ်ထဲမှ ရေရွတ်ရင်း ခေါင်းညိတ်လိုက်ရသည်။

"ကြိုက်တတ်ရင် ငင်သောက်ပါလားသားရဲ့…"

လက်မောင်းကို ဆွဲပြီးတိုင်ခိုင်း၏။

"တော်ပါပြီ ခင်ဗျ… ကျွန်တော်မကြိုက်တတ်ပါဘူး။ စည်းကမ်းအရ… …ဲ့သည်နဲ့ အတူတူထိုင်ခွင့်သောက်ခွင့် မရှိပါဘူး… ကျေးဇူးတင်ပါ… …ယ်…"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နောက်ပြန်လှည့်တော့ ယောက်ကို ချွဲထားပြန်သည်။

"နေပါဦး သားရယ်… ကြည့်လို့ကောင်းပလေသေးဘူး…"

"ဟုတ်တယ်နော်… ဂီဇိုက ချွဲဆောင်မှုရှိတယ်…"

"မော်ဒယ်ဘ်ချိုင်း… လုပ်ရင် ဖြစ်နိုင်တယ်မာမီရေ…"

အောက်!… စိတ်ညစ်လိုက်တာကွာ… ဘယ်လိုဟာကြီးတွေပါလိမ့်

"ဟုတ်တယ်နော် နိုင်ငံ ယာဉ… ဂီဇိုဖြစ်နိုင်တယ်…"

"ဖြစ်ကိုဖြစ်နိုင်တယ်… မာမီရဲ့၊ အဲဒါကြောင့်ပြောတာ… ကျွန်တော် ရှာတယ်"

"သား… မော်ဒယ်ဘ်ချိုင်းလုပ်မလား… မာမီကူညီမယ်လေ…"

"ဒီရုပ်ကြီးက မော်ဒယ်ဘ်ချိုင်းဖြစ်နိုင်မလားဗျ၊ လူရယ်ခံရပါဦးမယ် စိတ်တိုတိုနှင့် ခပ်ဆတ်ဆတ်ပြောပစ်လိုက်သည်။

"အမလေး… သားရုပ်က ဘာဖြစ်နေလို့လည်း… မော်ဒယ်ဆိုတာ ချောမနေရမှလို့ပါဘူး ချွဲဆောင်မှုရှိဖို့ပဲလိုတာ… အရုပ်အချောင်းနဲ့ သော် မော်ဒယ်ပဲ ဖြစ်နိုင်လို့ ပြောနေတာ သားရဲ့ စိတ်ကူးမယွင်နဲ့ မာမီအားလုံးကျ တယ်… လာမယ့်အပတ်ထဲမှာ Soul ကုမ္ပဏီက ပွဲတင်ပွဲရှိတယ် ဝင်ပြိုင် လား၊ ဆုရွေကသည်းမငြိမ်းဘူးနော်… ကံကောင်းရင်အခွင့်အရေးတွေ ကြီးရနိုင်တယ်…"

"Soul ကုမ္ပဏီ… ဟုတ်လား…"

"ဟုတ်တယ်သားရဲ့… သားစိတ်ဝင်စားလို့လား…"

"ဗျာ… အဲ… စိတ်မဝင်စားပါဘူး ခင်ဗျ အဲ… မာမီက အဲဒီကုမ္ပဏီ သိလို့လား…"

"အိုး… ဘယ်လိုပြောလိုက်တာလဲ သားရယ်… အဲဒီပြိုင်ပွဲက အစပ်အစပ်တွေပြီးဖို့ မာမီစီစဉ်ပေးရတာလေ… ပြိုင်ပွဲဝင်မယ့်ကောင်လေး တွေ ငါးယောက်ကို ဝတ်စုံလေ့လာပြင်ဆင်ပေးထားရတာနော်… ဟင်း… ဟင်း…"



မိကျွဲကို ဖျော်ကာရုံသတိရလိုက်၏။

အဲဒီလိုနဲ့… သူတို့ပေါက်ဟတ်ကာရတွေပြောသမျှကို အောင့်အည်း ညည်းခံပြီး လိုအပ်တာတွေ လုပ်ပေးနေရတော့သည်။

ပြောလိုက်ကြကဲ့ စကားတွေ… ရေပက်လို့မဝင်မည်မထင်ရ…

လူ့ကိုလည်း နှာခေါင်းကိုင်လိုက် အကျိုးဆွဲလိုက်နှင့် ငြိမ်ငြိမ်ကိုမနေ … စိတ်ဒုက္ခအမျိုးမျိုးပေးကြလို့ အားရပြီဆိုမှ ပြန်ဖို့ပြင်ကြ၏။

သူတို့တစ်ဖွဲ့လုံး ပြန်သွားပြီဆိုမှ သက်ပြင်းကိုအလုံးလိုက်ချနိုင်တော့ သည်။ Service Money တွေနှင့်အတူ ပေးသွားသောလိပ်စာကဒ်တွေကိုတော့ လှတ်မထင် အိပ်ကပ်ထဲထည့်ထားလိုက်မိသည်။

"ဘာပဲလိုလို လာခဲ့နော်…" တဲ့…

ကျွန်တော်က ဘာလို့လို့ သူတို့ဆီဘာသွားလုပ်ရမှာလဲ… ဒုက္ခ… ဒုက္ခ… ဆိုးတော့မဆိုးပါဘူး… သူတို့တစ်ဝိုင်းတည်းနဲ့ Service Money တစ် ဝင်းလောက်ရခဲ့သည်။ ပိုက်ဆံတွေရေတွက်ရင်း မိကျွဲကို သတိရလိုက်မိ ၏။

"ဝင်ကြေးက ငါးသောင်းကြီးများတောင် ဂီဇိုရဲ့…" …တဲ့…

မိကျွဲရယ်… ငါ့မှာရှိတဲ့ပိုက်ဆံက ဝင်ကြေးတောင် မပြည့်သေးပါလား … ငါနင့်ကို စိတ်ချမ်းသာစေချင်လိုက်တာ…

စိတ်မကောင်းစွာ တွေးနေမိရင်း အခန်းကို ခပ်သွက်သွက်လေးရှင်း လိုက်သည်။

အခန်းကိုသန့်ရှင်းပြီးလို့ Air Freshener ဖျန်းနေစဉ်မှာပဲ ဧည့်သည်ထပ် ရောက်လာ၏။ လာနေကျ Customer ဦးဝင်းမြင့် ဖြစ်၏။

စိတ်ညစ်စရာတွေကို ဘေးဖယ်ပြီး ဝတ္တရားအရ ပြုံးရွှင်စွာကြိုဆိုရ သည်။

ဒီဧည့်သည်က Service Money သေချာပေါက်ရမည့် ဧည့်သည်… ကံထပ်တစ်သောင်းလောက်ထပ်ရဖို့ သေချာသွားပြီဆိုတဲ့ အသိက လူကို လှုပ်လတ်တက်ကြွသွားစေ၏။

www.burmeseclassic.com

www.burmeseclassic.com



"လာ…အစ်ကိုကြီး အခုပဲ အစ်ကိုကြီးကို သတိရနေတာဗျ။ ရေ
လည်း မလာဘူးဆိုတော့ ဒီနေ့တော့ရောက်လာမှာသေချာတယ်လို့…"

"အေးကွ… ငါမနေ့က သူငယ်ချင်းတွေနဲ့ လိုက်သွားတာနဲ့ မင်း
ဆိုင်မရောက်ခဲ့တာဘူး…"

ဦးဝင်းမြင့်ကပြောရင်း ထိုင်ခုံမှာဝင်ထိုင်လိုက်၏။ အတူပါလာသော
သမီးက ဦးဝင်းမြင့်ကို မှီပြီးမှုန့်ကွာသိုင်၏။

မှာချင်တာတွေမှာလို့ရအောင် အသင့်ရပ်စောင့်နေလိုက်ရသည်။ ထို
ဦးဝင်းမြင့်က ထုံးစံအတိုင်း သူနဲ့ပါလာသော အမျိုးသမီးနှင့် မိတ်ဆက်ပေ

သူနဲ့ပါလာတဲ့မိန်းမတိုင်းနှင့် မိတ်ဆက်ပေးတတ်သော ဦးဝင်းမြ
အကျင့်။ တစ်ယောက်ပြီးတစ်ယောက် မထပ်အောင်တွဲနိုင်တာကို ကြွား
ခြင်းလည်း ဖြစ်နိုင်၏။

တကယ်ဆို နောက်တစ်ကြိမ်ပြန်တွေ့ဖို့ အကြောင်းမရှိတဲ့ လူတွေ
မိတ်ဆက်ပေးနေစရာ အကြောင်းမရှိ…

တစ်ခေါက်လာတိုင်း တစ်ယောက်ပြောင်းနေတဲ့ ဦးဝင်းမြင့်ရဲ့ အဖေ
ကို (သူတို့ရဲ့နာမည်တွေကို)မှတ်မိနေလောက်အောင်လည်း ကျွန်
မှတ်ဉာဏ်မကောင်းပါ။

"ဒါက…နောက်တစ်ယောက်… အသစ်" ဟု မှတ်ချက်ချလို
လုံလောက်နေပါပြီ…

ဦးဝင်းမြင့်ကိုယ်တိုင်ကလည်း အဲဒီလောက်ပဲ ရည်ရွယ်တာဖြစ်။
ဒီတစ်ခါပါလာတဲ့ အမျိုးသမီးက ချော်ချော်ငယ်ငယ်။

သူမရဲ့ မျက်နှာနှင့် ပခုံးတွေမှာ အရောင်တွေတလက်လက်ထ
အမှုန့်တွေကို ကြဲပက်ထားသဖြင့် နဂိုရုပ်ကို ခန့်မှန်းဖို့မလွယ်…

သူမဝတ်ဆင်ထားတဲ့ အနက်ရောင်ဝတ်စုံက သူမခန္ဓာကိုယ်ရဲ့
အစိတ်အပိုင်းတိုင်းကိုပင် ပြည့်ပြည့်ဝဝလုံခြုံအောင် ဘာဝန်မှ မယူနိုင်ပုံမရ

"ဂိုဇီရေ…သီချင်းလေးတစ်ပုဒ်လောက်ဆိုမယ်ကွာ… စုံတွဲသီချ
ဆိုမယ်… ဘာဆိုရင်ကောင်းမလဲ ကြည့်လုပ်ပေးအုံးပါဦး…"



ဦးဝင်းမြင့် ဒီစကားပဲပြောမှာဟု ကြိုသိနေပြီးသား…

"ငါလာရင် ပထမဆုံးနေ့" ဆိုတဲ့သီချင်းတစ်ပုဒ်ပဲဆိုမယ်ကွ ဂိုဇီရ
ဒီတစ်ပုဒ်အဆင်ပြေပြေဆိုရအောင် အသင့်လုပ်ထားပေး" လို့ ဟိုးအရင်
တည်းက မှာထားပြီးသား…

ဦးဝင်းမြင့်ဆိုလွန်းလို့ ဆိုင်က VCD အချပ်ပင် ထစ်နေပြီ…

ထိုသီချင်းကို ဦးဝင်းမြင့်ဘာကြောင့် ဒီလောက်စွဲစွဲမြဲမြဲ ဆိုရသလဲဆိုတာ
ကျွန်တော် နားမလည်…

ကျွန်တော် နားလည်တာက ဆိုင်က VCD အချပ်ထစ်နေလို့ နောက်
တစ်ချပ်ကိုယ့်ပိုက်ဆံနဲ့ ကိုယ်အသင့်ဝယ်ထားတယ်ဟုဆိုကိုင်း Service Money
ပိုပြီးရတတ်ခြင်းပင်…

"ငါက အဲဒီတစ်ပုဒ်ပဲ ဆိုချင်တာကွ။ အထစ်အငေါ့မရှိအောင် အမြဲ
ချိုက်… ကြားလားဂိုဇီ…"

လို့ပြောဖူးတာနဲ့ အဲဒီလိုအခွေတွေကို ဆယ်ချပ်လောက် အသင့်ဝယ်ထား
လိုက်ရ၏။ တစ်လတစ်ချပ်လောက်လဲ နိုင်အောင်ကြိုးစားရ၏။ တစ်ထောင့်
ငါးရာတန် သီချင်း VCD တစ်ချပ်ကို အရင်းပြုပြီး တစ်လတစ်ခါ တစ်သောင်း
လောက်အမြတ်ကျန်သည်ဆိုတော့ ဦးဝင်းမြင့်ဟာ ကျွန်တော်အတွက် အရေး
ကြီးဆုံး Customer ဖြစ်နေတာပေါ့ဆန်း…

သီချင်းဆိုဖို့ ပြင်ဆင်ပေးပြီးတာနဲ့ ဦးဝင်းမြင့် စားဖို့သောက်ဖို့ ပြင်ဆင်
ပြန်၏။

ဦးဝင်းမြင့်က Jonnie Walker Blue Label (Premium Scotch Whisky)
ကို နှစ်ခြိုက်စွာ ရဏ်ယူစွာသောက်တတ်၏။ တစ်ခါတစ်ရံလည်း မက္ကဆီကန်
ရက်တာဒ်မျိုးကို ဦးဝင်းမြင့်သောက်တတ်သေးသည်။

ထိုအရက်တွေရဲ့ အရသာကို ကျွန်တော်မသိ။

ကျွန်တော်သိတာ ထိုအရက်၏ တန်ဖိုးနှင့် ဦးဝင်းမြင့်ဟာ အရက်
ကော်တော် သောက်နိုင်တဲ့သူတစ်ယောက် ဖြစ်ခြင်းပင်…

www.burmeseclassic.com

www.burmeseclassic.com



ခဏတဒေါ့ချေးယမ်းနီးစေနေစေဖို့အတွက် အသည်းတစ်ခုလိုကြီးသော အရာကို ဘာကြောင့်သောက်ရတယ်ဆိုတာလည်း ကျွန်တော်နားမလည်ပါ။

အစားအသောက်ကိုတော့ ကျွန်တော်ကပဲ စားလို့အဆင်ပြေအောင် အပြောင်းအလဲလေး လုပ်ပြီးစီစဉ်ပေးရသည်။

ဦးဝင်းမြင့် စိတ်တော့ချမ်းအောင် ဂရုတစိုက်ဆောင်ရွက်ပေးရခြင်းသော တော့ ဘယ်တော့မှ မေတ္တာနာမဖျက်ပါ…

Service ပေးသလောက်လည်း အကျိုးရှိသည်မဟုတ်ပါလား…

ဦးဝင်းမြင့်အတွက် လိုအပ်တာတွေလုပ်ပေးပြီးတာနဲ့ အခန်းပြော (ဦး မြင့်တို့ကို နောက်ကျောပေးလျက်) ရပ်နေလိုက်တော့သည်။

ကျွန်တော့်အတွက် မြင်ရ ကြားရတာရိုးနေပြီဖြစ်သော်လြား ဆူအတော့ အမြဲသန်းသစ်နေပုံရသည့် ဦးဝင်းမြင့်ရဲ့ အကဲပိုပုံတွေကို မမြင်ချင်တော့လို့ပါ…

သို့သော် ခေါ်လျှင် ခေါ်ခြင်းကြားနိုင်အောင်တော့ သတိထားရ…

ကိုယ်က Waiter လေ… Customer ကို Service ပေးဖို့ အမြဲအသင့်ရှိနေဖို့က Waiter တစ်ယောက်ရဲ့ တာဝန်မဟုတ်လား…

ကျောပေးပြီးရပ်နေတယ်ဆိုပေမယ့်… တစ်ခုခုကို စဉ်းစားနေရပါသည်။

"ဂျိုးရေ… ဒီဟာကြီးက စားလို့မကောင်းဘူးကွာ။ ငါက ချဉ်ချဉ်လေးစားချင်တာ"

အဲဒီလိုပြောလေ… ဘယ်လိုလေး ဘာအရသာလေး စားချင်တာကွ၊ ဘာရရင်ကောင်းမလဲ… ဟု အမြဲမေးတတ်သည့် ဦးဝင်းမြင့်အတွက် ခံတွင်းကောင်းအောင်ပြုရမည့် အစားအသောက်တစ်ခုခုကို ကြိုပြီးစဉ်းစားနေရသည်။

"ငါ့မှာ သွေးတိုးနဲ့ နှလုံးရောဂါရှိတယ်ကွ" လို့ ပြောထားသော အခ်ီအဆိမ့် အငံလွန်ကဲတဲ့ အစားအစာတွေ မဖြစ်အောင်လည်း သတိ… ရပြန်သည်။



အဲဒီလို ဂရုတစိုက်ရှိမှုသည်ပင် ဦးဝင်းမြင့်ကျွန်တော့် အပေါ်မှာအပေး… ကာမ်းရက်ရောခြင်း၏ အကြောင်းအရင်းတစ်ခုဖြစ်ပြီး၊ ကျွန်တော့်ကို ထူးထူး… ခြား ခင်မင်နေခြင်း၏ အကြောင်းအရင်းတစ်ခုဖြစ်၏။

ထို့အပြင် ထိုအကြောင်းအရာသည်ပင် ဦးဝင်းမြင့်တစ်ယောက် Smooth Dreams ကို မကြာခဏ ရောက်ရောက်လာစေခြင်း၏ အဓိကအကြောင်းတရား… ဖြစ်တော့သည်။

"ခင်းနောက်တစ်ဆိုင်ပြောင်းရင် ငါအဲဒီဆိုင်ကိုပဲ လာခဲ့မယ်ကွ သိလား… ကိုရ" ဟုလည်း ရေချိန်ကိုက်တိုင်း ပြောတတ်သေး၏။

ဦးဝင်းမြင့်က အချိန်ကို အကျိုးရှိရှိ အသုံးချတတ်သူဖြစ်သည်။

Smooth Dreams မှာ အချိန်တွေ အကြာကြီးဖြုန်းလေ့မရှိ…

စားလို့သောက်လို့ ပြီးတာနဲ့ ပြန်ဖို့ပြင်တော့သည်။

ယနေ့လည်း စိတ်တိုင်းကျ စားသောက်ပြီးတာနဲ့ ကျွန်တော်ကို နှုတ်ဆက်… သည်။

"ဂျိုးရေ… ငါပြန်တော့မယ်ဟေ့။ နှစ်ရက်သုံးရက်နေမှ လာခဲ့ဦးမယ်… ကျူးရှုပဲ…"

"ဟုတ်ကဲ့ အစ်ကိုကြီး ကျေးဇူးတင်ပါတယ်ခင်ဗျာ… "

Waiter ဆိုတာက အခေါ်အဝေါ်အသုံးအနှုန်းလည်း တတ်ဖို့လိုသည်။ …ကြုံဖူးပြီးသား Customer ဆိုလျှင် သူတို့ကြိုက်တတ်တဲ့ အခေါ်အဝေါ်ကို …ပ်သားထားရသည်။

အခုမှ စပြီးတွေ့တဲ့ Customer ဆိုလျှင် ဘယ်လိုအခေါ်အဝေါ်မျိုးနဲ့ …ခေါ်မလဲဆိုတာ အတော်ခက်ရသည်။

အသက်ငါးဆယ်ကျော် လောက်တော့ရှိမှာပါဆိုပြီး 'အန်တီ' လို့များ …သိဘာမသိ သွားခေါ်မိရင်တော့ခံ၊ 'မမ' လို့ခေါ်မှ ကြိုက်တဲ့ Customer …ဆိုလျှင် Service Money နဲ့ ပေးပြီသာမှတ်…

www.burmeseclassic.com

www.burmeseclassic.com



အခန်းယူထားသည့် အချိန်မစေ့ခင် "မမ" ချင်းမိုးမွှန်အောင်ခေါ်တော့...

တချို့ကပြန်တော့လည်း ဂျင်းဘောင်းဘီတွေ တီရှပ်တွေဝတ်ထားဆိုပြီး မလေ့လာပဲနဲ့ "အစ်ကိုကြီး" လို့များသွားမခေါ်မိလိုက်နဲ့...

"ဟောကောင်... ငပွန်းဆက်ဆံ... ငါ့အသက် ခြောက်ဆယ်ကျော်ပြီ အရွယ်နဲ့ ဒီအရွယ်အစ်ကိုကြီးလို့ ခေါ်ရအောင် သူငယ်ပြန်နေတဲ့ကောင် မဟုတ်ဘူးကွ။ အသက်ငယ်ချင်ယောင်ဆောင်မှ ရုပ်ရှားလို့ရတာ မဟုတ်ပါဘူးကောင်ရ.. ဖူးဟာဓကောင်းဖို့ပဲရိုတာ..." ဟု ဘုဘောဖောက်ကြပြီးသည်။

လူတွေက အမျိုးမျိုး...

စိတ်တွေက အထွေထွေဆိုတော့ Waiterတွေအတွက် လူကြခတ်ပေါ့ပါနေပ်ဖို့ တစ်ခုမှအမှားလုပ်မိပြီဆိုလျှင် အမြန်ဆုံးပြေလည်အောင် ဖြေရှင်းဖို့.. ဆိုတဲ့ အရည်အချင်းတွေ မရှိမဖြစ်လိုအပ်ပါသည်။

ဦးဝင်းမြင့်ကတော့ သူ့ကို အင်ကိုကြီးဟု ခေါ်မှကြိုက်သည်။ ဦးဝင်းနဲ့ ထိုအမျိုးသမီးတို့ ပြန်သွားတော့ အိတ်ကပ်ထဲက ပိုက်ဆံတွေကို ထုတ်ရေတွက်လိုက်သည်။

ဘာမှမပြောပဲ အိတ်ကပ်ထဲကို ထိုးထည့်ပေးသွားသော ပိုက်ဆံဖြစ်သည်။ တစ်ထောင်တန်တွေချည်း ခြောက်ရွက်ဆိုတော့ တစ်ထောင်ခြောက်ထောင်ပေါ့...

ပိုက်ဆံတွေကို အိတ်ကပ်ထဲပြန်ထည့်ပြီးတော့ သန့်ရှင်းရေးလုပ်ပို့ရ၏။

"အင်း... တော်တော် တကျော်ကြီးတဲ့ လူကြီးပဲ..."

စားပွဲပေါ်က ပန်းကန်တွေကို ရှင်းရင်းတွေးလိုက်မိ၏။

ကြမ်းပြင်ပေါ်က တစ်ရှူးစတွေရှင်းပြီးတဲ့အချိန်မှာ အခန်းဝင်မယ့် Customerမရှိသေးတာနဲ့ ဧည့်ခန်းမှာ သွားရပ်နေလိုက်မိသည်။



Customerကို ကြိုဆိုဖို့ အသင့်စောင့်နေရခြင်းဖြစ်၏။ ထိုအချိန်မှာ ...ခန်း မျက်နှာချက်မှာချိတ်ဆွဲထားသော TVကို (ရပ်ရင်း) ကြည့်ခွင့်ရှိ...

TV မှာလာနေတာက ကြိုလိုက်စုစလောင်းမှ Fashion Showတွေမို့ စိတ်...ထား စွာကြည့်နေမိ၏။

ကြည့်ရင်းကြည့်ရင်း... လှမ်းလျှောက်နေကြတဲ့ ကောင်မလေးတွေ...လုံး မိကူးတွေချည်းဖြစ်လှန်ကြ၏။

Fashion Show ထဲမှာ မည်မျှစိတ်ရောက်နေမိသည်မသိတော့... တစ်စုံ...ယောက်က နား, နားကို တို့တို့လေးကပ်ပြောလိုက်မှ ပတ်ဝန်းကျင်ကို ...ထားမိတော့သည်။

"အခန်းအားပြီးလား..."

"ဟာ...မမ..."

"ဟင်း...ဟင်း...ဘာတွေများစိတ်ဝင်စားနေတာလဲ ဂီဖိုရဲ့ မမရောက်လာတောင် မမြင်ဘူး..."

"ဟဲ...ဟဲ ဟုတ်လား...ကျွန်တော် TVထဲမှာ စိတ်ရောက်နေတာ။ ...ယူမှာလား မမ...လာလေ..."

လိုက်လံပူပူငွေ့ငွေ့ ကြိုဆိုရင်း သူမကို စိတ်ခေါ်လာခဲ့ရ၏။

သူမအသင့် ထိုင်နိုင်ဖို့ ခုံကို နည်းနည်း ပြင်ပေးလိုက်ရသည်။

"ထိုင်ပါမေ။ မမတစ်ယောက်တည်းပဲလား.. ဟိုအစ်မတွေရော မပါဘူး..."

"တစ်ယောက်တည်းပဲ ဂီဖို... သူတို့တွေ Pioneerမှာ ကျန်ရစ်ခဲ့ကြ...။ ခေအောက မနတစ်ခေါက်လာသေးတယ်။ မင်းအခန်း မအားသေး...လို့ Asia...မှာ အချိန်ဖြုန်းပြီးမှ ပြန်လာတာ... တစ်ယောက်တည်း...တာ Relax ကောင်းကောင်းလုပ်ရတာပေါ့ ဂီဖိုရယ်... ဟင်း... ဟင်း... ဟင်း..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မျက်လုံး မှေးမှေးအဆင်းစင်းတွေနဲ့ ကြည့်ပြီး ခပ်သဲ့သဲ့ရယ်၏။

စကားပြောပြီးတိုင်း ပုခုံးတစ်ဖက်ကို ဟန်ပါပါနှင့် တွန့်၏။ တချို့တည်းမှာပင် မျက်စေ့တစ်ဖက်မှိတ်ပြီး လျှာကိုတစ်လစ်လစ်လေးကိုက်ပြီး ပြုံးသွင်းလိုက်တဲ့ပုံစံက တခင်ဖန်တီးယူထားတဲ့ ဇာတ်ကောင်တစ်ခုဖြစ်မည်။ စကားတခွန်းပြောပြီးတိုင်း… ခေါင်းကိုမော့ပြီး ရွှေရွှေလိပ်လိပ် ဆံပင်အကောက်တွေကို ခါပစ်တတ်တာကိုလည်း ကျွန်တော်ရဲ့ (အသေးဒိတ်ကို မြင်တတ်တဲ့) မျက်လုံးတွေက မြင်၏။

အသာယာဆုံးဖြစ်အောင် တခင်လုပ်ယူပြီး ပြောနေတဲ့ သူမအသံ၌ အဓိပ္ပါယ်တစ်မျိုးထွက်နေတယ်လို့ ထင်ရတဲ့ ရယ်သံက ကျွန်တော့်ကို နေ၍ တိုင်ရောက်စေ၏။

သူမက… အသင့်ပြင်ပေးလိုက်တဲ့နံမှာ ဟန်ပါပါဝင်ထိုင်ပြီး ကျွန်တော့်ကို မှိုရီဝေဝေ မျက်လုံးတွေနဲ့ကြည့်နေပြန်ပါသည်။

"ခဏလေးနော်…မမ…"

နှုတ်ဆက်ပြီး သူမကြိုက်တတ်တဲ့ အစားအသောက်တွေယူရန် အခန်းထဲက ပြန်ထွက်လာခဲ့လိုက်သည်။

Customerအမျိုးမျိုးရှိသည်။

တချို့က သီချင်းဆိုသည်။

တချို့က သီချင်းဆိုလေ့ မရှိ…

တချို့က တင်းနေ့တစ်မျိုး ဓမ္မိုးအောင်စားတတ်၏။

တချို့က စားနေကျကိုပဲ အမြဲတမ်းလိုလိုစား၏။

တချို့က ဘာစားရမှန်းမသိလို့ Waiter ကို အကြံတောင်းတတ်ကြ၏။ တချို့က သူတို့စားချင်သည့်အချိန်ကျမှ မှာတတ်ပြီး…

တချို့က သူတို့ကြိုက်တတ်တာတွေကို မှာစရာမလိုပဲ အလိုက်တသိ ချပေးတာကို နှစ်သက်၏။



သူမကတော့ သူမ ကြိုက်တတ်တဲ့ အစားအသောက်တွေကို ပုံသေမှိုဝဲသူဖြစ်ပြီး၊ မှာစရာမလိုပဲ အလိုက်တသိချပေးမှ သဘောကျတတ်သူဖြစ်

"မမက အစားအသောက်ပြောင်းချင်ရင် ဆိုင်ပြောင်းလိုက်တာပဲ။ ဒီကိုတော့ ဒါတွေစားချင်လို့ပဲ။ မှတ်ထားနော်…"

သူမနဲ့ စတွေ့ခါးစတွေ့သည့်နေ့က ပြောခဲ့ဖူးတဲ့စကား…

တင်းပါးနစ်ရွာ… သူမအကြိုက်တွေကို အလွတ်တောင်ကျက်ထားခဲ့ Waiter လုပ်ရတာလည်း လွယ်တော့မလွယ်…

လူအမျိုးမျိုးနှင့် ပြေလည်အောင် ဆက်ဆံရသည်။ သည်းခံရသည်။ လာတတ်တဲ့ Regular Customer တွေရဲ့ အကြိုက်ကို သေသေချာချာ နိုင်ရှိုလိုသည်။ တစ်ခါတလေလာတဲ့ Customer ဆိုလျှင်လည်း စိတ်ချေအောင်… အဆင်ပြေအောင်… နောင်ကိုအမြဲတမ်းလာချင် စိတ်ရှိလာကြိုးစားရသည်။

ါမှ အလုပ်လုပ်ရာမှာ မျက်နှာပန်းလှပြီး Service Money များများရမှာပါ။

"ရပြီ… မမ…"

"အိုတေ… ကိုမို…"

သူမအကြိုက်တွေကို တစ်ခုချင်းစားပွဲပေါ်ချပေးတော့ ပြုံးပြုံးကြီးနှင့်ရ၏။

သူမက Cocktail နှစ်သက်သူ တစ်ဦးဖြစ်သည်။

Long Island Tea ဟုခေါ်သော Cocktail ကို အမြဲသောက်လေ့ရှိသည်။

ငါးမျိုး (Bacadi White Rum. Vodka. Gin. Triple Sec. Tequila) ကိုစပ်စီသည့်ပြီး၊ သကြားရည်တစ်အောင်စ၊ သံပုရာရည် (သံပုရာသီးလိုက်ညှစ်ယူရရှိသောအရည်) အောင်စဝက်တို့ကို ရေခဲတုံးလေးများ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အေးမြအောင် Shake လုပ်ပြီး ကိုးအောင်စခန်းဆန့်သည့် ဖန်ခွက်ရှည်ရှ ရေခဲမပါစေဘဲ ထည့်ကာ... Fresh Coke ကို ခွက်ပြည့်သည်အထိ ထပ်ဖြ ထားသော Cocktail အမျိုးအစား ဖြစ်သည်။

"ကိုကို မေအကြိုက်ကို နောကျေနေတာပါလား... ဟင်း... ဟင်း... ဒါကြောင့် မမဒီ ဆိုင်က မခွာနိုင်တာဖြစ်မယ်... ချစ်ဖို့ကောင်းလိုက်တ ကွယ်..."

ဓကာသံနှင့်တူ ဘောင်းဘီအိတ်ကပ်ထဲသို့ ငွေစက္ကူအချို့ရောက်ရှိ ၏။

Customer အမျိုးမျိုးရှိသည်။

Waiter ကို Service Money ပေးပုံချင်းတွေကြ... တချို့က ပြန်ခါ မှ ပေးတတ်၏။ တချို့က ကောင်းကောင်းပြုစုစေရန် ရောက်ရောက်ချ ပေးတတ်၏။

တချို့က ငွေရှင်းပြီးပိုသောပိုက်ဆံကို 'ယူလိုက်တော့' ဆိုပြီး ပေးတတ်၏

တချို့က ရက်ရက်ရောရော စေတနာအပြည့်နှင့် ပေးကြပြီး...

တချို့က တွန့်တွန့်တိုတိုနှင့် ပေးတတ်၏။

ဘာ Service Money မှ မပေးဘဲ ထပြန်သွားတတ်ကြသူများလ ရှိ၏။

Waiter ရဲ့ ချောင်လင့်ချက်ဟာ Service Money ဆိုပေမယ့် တစ်ပြ မရလျှင်လည်း ကျွန်တော်တို့ အပြုံးမပျက်ကြပါ...

သူမကတော့ အချဲ့ရလျှင်ရသလို ခဏ၊ ခဏခေါ်ပြီး Service Mo ပေးတတ်သူဖြစ်သည်။

"လာထိုင်ဦး ကိုကို... ခမနဲ့ စကားလာပြောခမ်း... မမတစ်ယေ တည်းပျင်းလာပြီ..."

သူမနဲ့ မျက်နှာချင်းဆိုင်ရှိခုံသို့ လှမ်းလိုက်သည့်အခါ...




"လာ... ဒီမှာထိုင်"

လက်ကိုလှမ်းဆွဲလိုက်ပြီး သူမနှင့်ကပ်လျက် ခုံမှာပင် ထိုင်စေ၏။

Waiter များ ဧည့်သည်တိုက်သော အရက်ကိုမသောက်ရ...။ ဧည့်သည် နှင့်အတူ မထိုင်ရ... ဆိုတဲ့ စည်းကမ်းက သူမနှင့် မပတ်သက်။

သူမသည် Smooth Dreams ရဲ့ စည်းကမ်းတွေကို ကြိုက်သလို ချိုးဖျက် နိုင်ရှိသူဖြစ်သည်။

Smooth Dreams ရဲ့ ပိုင်ရှင်ကိုယ်တိုင်သည်ပင် သူမရောက်လာလျှင် ပျာယာခတ်နေအောင် ဧည့်ခံတတ်သည်ကို တွေ့ဖူးထားသည်။

ဒီဆိုင်ထောင်ဖို့အတွက် သူမဆီက အကူအညီတွေအများကြီး ယူခဲ့ ဖူးသည်ဟုလည်း... လုပ်သက်ကြာပြီဖြစ်တဲ့ ဝန်ထမ်းတွေအချင်းချင်း တိုးတိုး ပြောတာကို ကြားဖူးထားသည်။

ဆိုင်ပိုင်ရှင် ကိုယ်တိုင်က သူမခိုင်းတာမှန်သမျှလုပ်ပေးခွင့်ရှိသည်ဟု Waiter တွေကို သေချာချာမှာထားဖူးသည်ဆိုတော့... သူမရဲ့ပါဝါ (Power) က မသေး။

အဲဒီတော့ သူမထိုင်ဆိုလျှင် ထိုင်လိုက်ရုံပဲပေါ့...

သူမကစားပွဲဘက်ကို မျက်နှာမူပြီး ထိုင်နေရာမှ၊ ကျွန်တော့်ဘက်သို့ လှည့်ထိုင်လိုက်သည်။

ခြေထောက်ကို ဟန်ပါပါချိတ်ထိုင်ပြီး သူမလက်မောင်းကို မှန်စားပွဲ ပေါ်မှာ မှီတင်လိုက်တဲ့အခါ အဆီပိုတွေနဲ့ လက်မောင်းသားကြီးအိကနဲ လှုပ် သွား၏။

"ကိုကို ဆံပင်လေးတွေက ချစ်စရာကောင်းလိုက်တာ ခွေခွေလိပ်လိပ် လေးတွေ... မမကိုင်ကြည့်မယ်နော်..."

"ရပါတယ်..ကိုင်ပါ"

မကိုင်ပါနဲ့လို့ ပြောလို့ကောရမည်တဲ့လား...

ခေါင်းကိုအလိုက်သင့် ငုံ့ပေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်!…မကြစ်ဘူးတော့… ဆံပင်လေးတွေက နူးညံ့လိုက်တာ… မှန်းစမ်း ဘာခေါင်းလိမ်းဆီလိမ်းလဲ…"

ခေါင်းကို ဆွဲငုံ့ပြီး ဆံပင်တွေရဲ့ အနံ့ကို ရှူကမ်းနေပြန်သည်။ ထိုအခါ ကျွန်တော့်မျက်နှာက သူမရင်နှာတိုယ်ရဲ့ ရှေ့ပိုင်းနံရံတွေနှင့် ထိလုလု…

မျက်စေ့တွေကို မှိတ်ထစ်လိုက်ရသည်။

သူမရဲ့ ထွက်သက်လေအချို့ ငယ်ထိပ်ကိုလာရောက်တိုးဝှေ့သွားကြ… စက္ကန့်အနည်းငယ်ကြာမှ ခေါင်းကိုပြန်လွှတ်ပေး၏။

"ဘာခေါင်းလိမ်းဆီလဲ ဂီဇိုရဲ့… အနံ့လည်းမကောင်းဘူး…"

အမြဲလိမ်းသော ခေါင်းလိမ်းဆီရဲ့ နာမည်ကိုရွတ်ပြလိုက်ရသည်။

သူမပြောတာမှန်ပါတယ်…

ပိုက်ဆံကုန်မှာကြောက်လို့ ကျွန်တော်ဘာသယ်တော့မှ ခေါင်းလိမ်းဆီကောင်းကောင်း ဝယ်မသုံးဘူး…

အရင်တုန်းကဆို ဘာမှတောင် လိမ်းတာမဟုတ်ဘူး…

အငုပ်ငင်ပြီဆိုမှ သပ်သပ်ရပ်ရပ်ဖြစ်အောင်ဆိုပြီး လိမ်းနေရတာ…

"Lolane လောက်တော့ သုံးပါဂီဇိုရယ်… အနံ့လေးလည်းကောင်းတယ်… နေဦး… နောက်တစ်ခါလာရင် မမ ဝယ်လာပေးမယ်သိလား…"

ဘာမှမပြောချင်တော့တာနဲ့ ငြိမ်နေလိုက်မိသည်။

"ဂီဇို သောက်ဦးမလား…"

တောက်တေးလ်ခွက်ကို တိုင်ရင်းမေး၏။

"တော်ပါပြီမမ… ကျွန်တော့်မသောက်တတ်ဘူး…"

"ဒါဖြင့် ဒါတွေစား…"

ရေခူသုပ်နှင့် ငါးကင်ပန်းကန်ကို ကျွန်တော်ဘက်သို့ တိုးပေးပြန်၏။

"တော်ပြီ မေ ကျွန်တော် ဗိုက်ပြည့်နေလို့"

"ဟင့်အင်း… မရဘူး၊ စားခိုင်းမယ်… ဘာလဲ… မေခွံကျွေးမှစားမှာလား"



"အဲ… အဲ… စားမယ်… စားမယ်…"

ခွံကျွေးဖို့ပြင်လိုက်တာမို့ ကိုယ့်ဘာသာအမြန်ယူစားလိုက်ရသည်။ ငှတ်တောင်းခွံ့ကျွေးနေလျှင် အခက်တွေ့ဦးမည်…

"ဟင်း…ဟင်း…ဟင်း…ဂီဇိုကလေ… ကလေးလေးကျနေတာပဲ ချစ်ဖို့ကောင်းလိုက်တာ…"

Cocktail ခွက်ကို မော့ရင်းပြောပြန်၏။

သူမပါးစပ်ကနေ ချစ်စရာကောင်းတယ်လို့ပြောတာခံရတိုင်း… ရင်ထဲမှာ တစ်ချိုးကြီးဖြစ်ဖြစ်သွား၏။ အီလည်လည်ကြီး ခံစားရ၏။

"ဂီဇိုရာ… ရည်းစားရှိလားဟင်…"

"ဟင့်အင်း… မရှိပါဘူးခင်ဗျ"

"အိုး…ဒီအရွယ်ကြီးရောက်နေပြီး ရည်းစားမရှိဘူး… ညာတယ်… ဟုတ်လား… ပြော"

"ရှိပါတယ်… မမရယ်… ကျွန်တော့်ဘာသာ အေးအေးဆေးဆေးပဲနေချင်လို့"

"အိုး…ဘယ်လိုပြောလိုက်တာလဲ… ရည်းစားရှိရင်အေးအေးဆေးဆေး မနေရဘူးလို့ ပြောချင်တာလားဂီဇို… မင်းမှားနေပြီ…"

သူမခေါင်းလေး မှန်နေပြီထင်သည်။

ဘောင်းဘီအိတ်ကပ်ထဲကို ပိုက်ဆံတွေ တိုးသိုးထည့်နေသည့် အကြိမ်တွေလည်း တော်တော်များနေပြီ…

"ဂီဇို… မမအိမ်ကိုလိုက်လာမလား…"

ဘုရား… ဘုရား…

ကျောထဲမှာစိမ့်သွား၏။

တုန်ပြန်ဖို့စရာအကောင်းဆုံးစကားလုံးတွေကို အသည်းအသန်ရှာဖွေနေစဉ် ကျွန်တော်မျက်နှာနားအထိကပ်ကာ စကားတစ်ခွန်းကို တိုးတိုးကလေး ဆို၏။

ထို့နောက် ကျွန်တော့်ဆံပင်တွေကို ဆွဲဖွပြီး အခန်းထဲမှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမတွေ့က်သွားပြီး တော်တော်ကြာသည်အထိ မလှုပ်မယှက်ကြီး ထိုင်နေ
မိတော့သည်။

နားထဲမှာ မိကျွးပြောလိုက်တဲ့ စကားတစ်ခွန်းကို ဖျော်ဘာရဲကြားနေသေး
လိုက်ပေသေးသည်။

"မနက်ဖန်ဆို ရှောက်လွှာပိတ်တော့မှာ ကိုမိုးရယ်..."တဲ့...

ကျွန်တော်ဘာလုပ်ရမလဲ? ... ...

❀ ❀ ❀ ❀ ❀

ဆိုင်စောစောပိတ်ဖို့ကို Waiter တိုင်းအမြဲအလို ဖြိုကြသည်။ သို့သော်
ဒီညအဖို့ ဆိုင်စောစောပိတ်စေချင်သည့် Waiter စာရင်းမှာ ကျွန်တော်မပါ။

"ဆိုင်စောစော မပိတ်ပါစေနဲ့... ခါတိုင်း ပိတ်တတ်သည့် အချိန်ထက်
နောက်ကျပြီးမှ ပိတ်ပါစေ"...ဟု အကြိမ်ကြိမ် ဆုတောင်းနေမိသည်။

အလုပ်ဝင်ပါပြီဆိုကတည်းက အမြဲတောင့်တခဲ့သောဆန္ဒကား... ဒီနေ့
တိုက်တိုက်ဆိုင်ဆိုင်သာပြည့်၏။

ဧည့်သည်တွေအားလုံး စောစောပြန်ကြသဖြင့် ဆိုင်စောစောပိတ်
ရသည်။

ဆိုင်ပိတ်တော့ ညတစ်နာရီတောင်မထိုးသေး...

ခါတိုင်းနေ့တွေဆိုလျှင် ကျောပိုးအိတ်ဆွဲပြီး အရင်ဆုံးပြန်သွား
ကျွန်တော်... အခုတော့ဆိုင်ထဲကနေ အပြင်ကိုထွက်ရမှာ ကြောက်သလို
ခံစားနေရ၏။ လုပ်ဖော်ကိုင်ဖက်တွေ တစ်ယောက်ပြီး တစ်ယောက် နှုတ်ဆက်
သွားကြတာကို ပြန်နှုတ်ဆက်ခဲ့ရဲ့လား မသိတော့...



ဆိုင်ထဲမှာလည်း... ဆိုင်မှာအိပ်နေကျ ဝန်ထမ်းအချို့နှင့် မန်နေဂျာပဲ
ကျန်တော့၏။ ကျွန်တော် ကောင်တာရှေ့က ခုံမြင့်လေးမှာ ငေါင်တောင်တောင်
ထိုင်နေမိဆဲ...

"ဟေ့ကောင် ကိုမို... မပြန်သေးဘူးလားကွ... ဘာလဲ ဒီမှာအိပ်မ
လို့လား...စည်းကမ်းမဖောက်နဲ့ကွာ၊ Waiter တွေ ဆိုင်မှာ အိပ်ခွင့်မရှိဘူးဆိုတာ
မေ့နေ့ ပြဿနာတစ်ခုခုတက်ရင် ရှင်းရခက်နေဦးမယ်..."

မန်နေဂျာက ဆိုင်မှာအိပ်မည်ထင်ပြီးပြောသည်ထင်၏။

"ကျွန်တော် ပြန်မှာပါ ဆရာ..."

ကျောပိုးအိတ်လေးကို ဆွဲပြီးဆိုင်ပြင်သို့ ထွက်ခဲ့ရတော့သည်။

လေးကန်တဲ့ခြေလှမ်းတွေကို စတင်ရင်း ကောင်းကင်ကိုမော့ကြည့်လိုက်
တော့... ကောင်းကင်မှာ လမင်းပျောက်နေ၏။ မှောင်မဲထူထပ်စွာ ဖုံးအုပ်နေတဲ့
တိမ်တွေကို ကျိန်ဆဲပစ်လိုက်သည်။ တုန်လှုပ်ချောက်ခြားတဲ့ စိတ်တွေနဲ့
နှလုံးတစ်ခုကို ဆုံးဖြတ်ရခက်စွာ တစ်လှမ်းချင်း လျှောက်လာခဲ့မိတော့သည်။

ခြေထောက်တွေမှာ အလွန်လေးလံတဲ့အရာဝတ္ထုတွေ ချည်ဆွဲထားသလို
ဖြစ်နေရ၏။

ဘောင်းဘီအိတ်ကပ်တွေထဲကို နှိုက်ထားတဲ့လက်တွေက လက်သီးဆုပ်
လျက်ပြန့်ပြန့်လိုက်ရှိ၏။

လက်တို့တွင် ချွေးစက်တို့ စိုသီးကြ၏။

ရင်တွေတဒိတ်ဒိတ်ခုန်သည်။

နောက် ပြန်လှည့်ချင်စိတ်တွေ ကြီးစိုးနေသည့် ခြေလှမ်းတွေကို လေးကန်
စွာသို့ ဆက်လှမ်းရင်း အားငယ်ပျော့တော့ခြင်းများနှင့် မိကျွးမျက်နှာလေး
ပြင်ယောင်လာ၏။

အညိုကြည်တို့ ခင်ပါးပါးဝဲနေသော မျက်ဝန်းကြီးတွေမှ သိမ်ငယ်ခြင်း
မိုးအရောင်တွေ...

www.burmeseclassic.com

www.burmeseclassic.com



"တောက်!... ဗိုက်ဆံမရှိတာနဲ့ အခွင့်အရေးရှုံးသမျှ ဆုံးရှုံးတော့တာ ဂီနီရယ်... ငါဘာလယ် ဆိတ်နာဘာယ်ဟာ..." ဆိုတဲ့... ခံစားချက် ရေရွတ်သံလေးကို ကြားယောင်လိုက်မိပြန်သည်။

ထိုအခါ... မည်သည့် ဆုံးရှုံးမှုကိုမျှ ဂရုမထားတော့သော ထူးဆန်းသည့် အားအင်တို့ နှလုံးသားမှာ ကိန်းဝပ်ကြလေသည်။

ထိုအခါ... "ဂီနီ" ဆိုသော ရုပ်သားတစ်ယောက်... အရှင်လတ်လတ် ပင် Cocktail တစ်ခွက် ဖြစ်သွားတော့၏။

သေချာတာက...

နင်ပျော်မှသာ... ငါပျော်ရွှင်ပါမိကွ။

❁ ❁ ❁ ❁ ❁

လူချမ်းသာတွေရဲ့ အညွှန်းကျန် ပြုပြင်မွမ်းမံခြင်းများနှင့် ထုံမွှမ်းထား သော ဧည့်ခန်းကြီးထဲမှာ စိတ်ဝင်စားစရာ မကောင်းဆုံးသော စကားသံတို့က ခွဲထောင်မှု ကင်းမဲ့လျက် ပျံလွှင့်လို့နေ၏။

ဘာတွေပြောနေတာလဲ...

ဘာမဟုတ်တာတွေပြောနေတာလဲ...

ဂီနီဆိုတဲ့ကောင်ဟာ ဘာကိုမှ မမက်မောတော့တာ...

ဘာကိုမှ အလကားမလိုချင်ဘူးဆိုဟာ သူမ၊ မသိဘူးလား...

ဘဝတစ်ခုကို Cocktail တစ်ခွက်လို သောက်ချင်တိုင်း သောက်လို့မ ဘူးဆိုတာ သူမနားမလည်ဘူးလား...

အင်းလေ... လူတစ်ယောက်ဟာ သူပြောချင်တာတွေကို လွတ်လွတ် လပ်လပ် ပြောခွင့်ရှိတာပဲ ပြောပါစေ...

"မင်းအတွက်... [illegible] စကား [illegible] တစ်စောင်နှင့် G.S.M ဖုန်းကော ကို လည်းကောင်း...



"မင်းလိုတာသုံးဖို့..." ဆိုတဲ့ Cheque စာအုပ်လေးကိုလည်းကောင်း၊ ပစ်ချက်ခြင်းကင်းစွာ ငေးကြည့်နေရင်း မဲ့ပြုံးတစ်ချက် ပြုံးလိုက်မိ၏။

သူမက ပြုံးမြင်ခြင်းတွေကို အခြေမခံခဲ့တဲ့စကားတွေကို မနားတမ်း ဆက်ပြောနေဆဲ...

"... ... လောကကြီးမှာ လူဆိုတာ ကိုယ်လိုချင်တာကို ရအောင်ယူ ရတယ် ဂီနီ... မမက မင်းကို ခပ်ညံ့ညံ့လူတစ်ယောက် မဖြစ်စေချင်ဘူး။ Waiter လုပ်တယ်ဆိုတာ ကောင်းပါတယ်... ရိုးရိုးသားသား လုပ်ကိုင်စား တာကတာပဲ။ ဒါပေမယ့် ယောကျ်ားတစ်ယောက်ဟာ Waiter ဘဝနဲ့တော့ ဆုံးမသွားသင့်ဘူး၊ Waiter ဘဝမှာ ပျော်မွေ့မနေသင့်ဘူး။ မင်း ဆယ်တန်း အောင်ပြီလား ဂီနီ..."

"ဟင့်အင်း..."

"ထင်တယ်.. ဒါပေမယ့် မင်းညံ့လို့တော့ ဟုတ်မယ်မထင်ဘူး။ မင်း က Smart ဖြစ်ပါတယ်။ မင်းဟာ သွေးရင်သွေးသလို အဖိုးတန်လာမယ့် ကျောက်ရိုင်းတုံးလေးပဲ ဂီနီ..."

"မမ ကျွန်တော့်အကြောင်း ဘယ်လောက်သိလို့လဲ..."

"သိစရာလိုလို့လား ဂီနီ... မမစိတ်မဝင်စားဘူး။ မမစိတ်ဝင်စားတာက မင်းရဲ့အနာဂတ်.. အခုတော့ မင်းဆယ်တန်းအောင်အောင် ဖြေရမယ်.. ပြီးရင် U.S မှာ ကျောင်းဆက်တက်ရမယ်.."

"U.S မှာ ကျောင်းဆက်တက်ရမယ်.."

အံ့သြစွာ ရေရွတ်လိုက်မိ၏။

"ဟုတ်တယ်.. အံ့သြနဲ့ဂီနီ.. မမမှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး.. မဖြစ်နိုင်တဲ့စကားကို မမပြောလေ့ပြောထ မရှိဘူး။ အဓိက,က မင်းကြိုးစား ဖို့..."

"ကျွန်တော့်ဘဝအတွက် ငွေတွေ၊ ဂုဏ်တွေ မလိုပါဘူး မမ... ကို ထာဝရရှုတ်ဆက်ခဲ့ပါတယ်... ကျွန်တော်သွားတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com





အုံညြတဲ့မျက်လုံးတွေနဲ့ သူမကို တိကျပြတ်သားစွာ တစ်လုံးချင်းပြော...ခမ်းနားတည်ဝါလှသော ခြံဝင်းကြီးထဲမှ ပြေးထွက်လာခဲ့မိတော့သည်။

နံနက်ခင်းသည် အကျည်းတန်နေသယောင်ရှိ၏။

လေတိုး၍ တဖျတ်ဖျတ်ခါနေသော အိတ်ကပ်လဲမှာတော့ Cocktail တစ်ခွက်၏ တန်ဖိုးနှင့်ညီမျှသော Cheque လက်မှတ်လေးတစ်စောင် ရှိနေ၏။

"မိကူးရေ... နင်.. ပျော်တော့"

❀ ❀ ❀ ❀ ❀



( * )

ကြိုဆိုမှုက လိုက်လှဲခြင်းတွေ အတိပြီး၏။

တံခါးဖွင့်ပြီး ဆိုင်ထဲဝင်လိုက်တယ်ဆိုလျှင်ပဲ...

"ဟယ်... ဂီဗို! မာမီ့ဆီလာလည်တာလား... လာ.. လာ.. ...သာလိုက်တာသားရယ်..."

"ဟုတ်တယ်မာမီ... မာမီ့ကို အကူအညီတောင်းစရာရှိလို့..."

"ပြော... ဘာကူညီရမလဲ..."

"Soul ကလုပ်မယ့် ပြိုင်ပွဲတွေမှာ ကျွန်တော့်ညီမလေးဝင်ပြိုင်ချင်လို့... အဲဒါစာရင်းအချိန်မီသွင်းပေးနိုင်မလား.. လျှောက်လွှာတွေဘာတွေ ဘာမှ ...ပ်ရသေးဘူး။ ဓာတ်ပုံတွေ ဘာတွေကောလိုလား... ဝင်ကြေးကိုတော့ ...ပဲ သွင်းမယ်... အဲဒါ မာမီဖြစ်အောင်ကူညီပေးနိုင်မလား..."

"သိပ်ကူညီနိုင်တာပေါ့သားရဲ့။ ချက်ချင်းဖုန်းဆက်လိုက်လို့ရတယ်..."

"ပြော... သား ညီမနာမည်..."

"ကူးကူးနိုင်ပါ..."

"ကူးကူးနိုင်.. ဟုတ်လား နာမည်လေးကချစ်စရာလေးပဲ.. မာမီအခုပဲ ...းဆက်ပြီး စာရင်းပေးလိုက်မယ်.. သားခဏထိုင်ဦး..."

မာမီကြီးက ချက်ချင်းပင် ဖုန်းထဆက်၏။

တစ်ဖက်နှင့် ဖုန်းပြောနေတဲ့ အသံတွေကို ကြားရပေမယ့် မ...ချာ ...းရိပ်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုကေတယ်...သားရေ... တရုတ်သင်သွားပြီ၊ ဝင်ကြေးကို ပေး ကျွန်ုပ်သွင်းလိုက်တော့မယ်... မာမီအဲ့ဒီကို သွားရောက်ဖို့တယ်... အရပ်အမောင်နဲ့ မနောကိုယ်အတိုင်းအတာ ယူလာအောင်း ဆေးစစ်တာတွေကို ပြိုင်ပွဲမတင် တစ်ရက်မှာလုပ်လိမ့်မယ်..."

"သေချာမှဲလား မာမီ ကွန့်တော်ဝီဘ်ပဲလို"

"သေချာပါတယ် ဂီနိုရယ်... မာမီတာဝန်ယူတယ်ဘာမှမပူနဲ့"

"ဒါဆိုလည်းပြီးတာပဲလေ... ရော့မာမီ...ငါးသောင်း"

"သားရေမှာ ဖုန်းဆက်တာပဲလေ ဂီနိုရဲ့.. တရုတ်သင်သွားပါပြီ မျက်နှာကြောင့် လုပ်ပေးတာနော်... သဘောတူပေါက်ရ လျှောက်လွှာပေါ် သားနဲ့ ဖုန်းလေးနဲ့ပဲ ဆက်ပြီးစာရင်းသွင်းနိုင်အောင်လိုက်တာ..."

"ကျေးဇူးတင်ပါတယ်မာမီရာ တကယ်ပြောတာပါ..."

"ရပါတယ်သားရယ်... ဝတ်စုံတွေဘာတွေရော အဆင်သင့်ဖြစ်ပြီလား"

"မဖြစ်သေးဘူး၊ ဝတ်စုံကို မာမီဆီမှာပဲ အပ်မယ်ဖြစ်မလား..."

"ဘာလို့ မဖြစ်ရမှာလဲ၊ အဲဒီအတွက်တစ်ပြားမှ ပေးစရာမလိုဘူး သဘောပေါက်..."

"ချုပ်ခကို ယူနေကျအတိုင်းယူပါ။ ကျွန်တော်သိချင်တာတွေ သေးတယ်"

"ပြော...သားဘာသိချင်လည်း..."

"ဝတ်စုံက ဘယ်နှစ်စုံဝတ်ရမှာလဲ..."

"သားညီမက ဘာတွေပြိုင်မှာလဲ... ဆော်ဒီလား ဖက်ရှင်လား၊ ဆံ လား မျက်လုံးလား၊ ပြီးတော့ အသားအရေလည်းပြိုင်လို့ရသေးတယ်..."

"အကုန်ပြိုင်မှာပေါ့... ဝင်ကြေးကတော့ ငါးသောင်းပဲမဟုတ်လား..."

"ဟုတ်တယ်... ဝင်ကြေးကတော့ ငါးသောင်းပဲ သွင်းရမယ်။ အကုန် ပြိုင်မှာဆိုရင် ဝတ်စုံက နှစ်စုံပဲလိုတာပါ... ကာယအလှမယ်ပြိုင်ဖို့...



လိုတယ်... ဖက်ရှင်ပြိုင်ဖို့ တစ်စုံလိုတယ် ကျန်တာတွေအတွက် မလိုပါဘူး။ အနီးကပ် စစ်ဆေးပြီး သုံးသပ်မှာ..."

"ဒါဆိုရင် သူတို့ပြိုင်ပွဲဝင်တဲ့အခါ ရောက်ခံအတိုင်းလုံးတွေ ဘာတွေပါ ..."

"ပါတာပေါ့ ဂီနိုရဲ့ ရောက်ခံအတိုင်းလုံး မပါလို့မရဘူးလေ..."

"အဲဒီရောက်ခံအတိုင်းလုံးကို ကိုယ့်စိတ်ကြိုက် အတိုင်းလုံးတွေ သုံးခွင့် ...မာမီ..."

"ကာယအလှမယ်ပြိုင်ရင်တော့ သတ်မှတ်ထားတဲ့ အတိုင်းလုံးနဲ့ပဲ ပြိုင် ...။ ဖက်ရှင်ပြိုင်ဖို့အတွက်တော့ ကိုယ့်စိတ်ကြိုက်အတိုင်းလုံးတွေ ...ရှိတယ်။ ထူးတော့ထူးခြားတယ်သားရဲ့.. သူတို့အစီအစဉ်တွေက ...ပြိုင်ပွဲတွေနဲ့မတူဘူး။ နိုင်ငံခြားမှာဆိုရင် ဖက်ရှင်ပြိုင်တဲ့ မော်ဒယ် ...ကို တစ်ယောက်ပြီး တစ်ယောက်ဆက်တိုက်လျှောက်နိုင်းတယ် မဟုတ် ...အခုပြိုင်ပွဲက တစ်ယောက်ချင်းအေးအေးဆေးဆေး Showပြရမှာ... ...တဲ့ အလှတရားတွေ.. မြန်မာနိုင်ငံရဲ့ အလှတရားတွေကို အသေး ...လာအောင်ကြည့်ချင်လို့ စီစဉ်ထားတာဖြစ်မယ်... ပြင်သစ်က ...ဒိုင်ရှင် တွေကိုယ်တိုင်လာကြမှာလေသားရဲ့... တကယ့်ကို ထူးခြားတဲ့ ...ခမ်းအနားတွေကအဲ့ သူတို့ကိုယ်တိုင် ပြင်ကြမှာ... မာမီတို့က ...ပေးရုံသက်သက်ပဲ...

အဲဒီနေ့ကျရင်သားတွေ့ပါလိမ့်မယ်... Showတွေ ...ကြိုးစွလည်း ...။ အပြင်အဆင်တွေကလည်း ဘာခမ်းနား ...အောင်"

"ပန်းကြီးတွေ တပ်ထားမယ်ဟုတ်လား မာမီ.. ဘာလုပ်မလို့လဲ"

"သားဟေလည်း ညံ့လိုက်တာ အရမ်းပါပဲလား။ ဖက်ရှင်မယ်တွေက ...မျိုးမျိုးနဲ့ လျှောက်ကြမှာလေ၊ အဲဒီပန်းကြီးတွေ ပွင့်လိုက်ရင် သူတို့ရဲ့ ...တွေ ဆံပင်တွေက ဒေါသမှာ ရှင်နေမယ်မဟုတ်လား... ပိုပြီး ကြည့်ကောင်း ...ကာပေါ့။ တကယ့်ကို ပိပိပြင်ပြင်အသေးစိတ် စီစဉ်ထားတာနော်...

www.burmeseclassic.com

www.burmeseclassic.com



အရွေးခံရတဲ့ သူတွေကို ဆုငွေအပြင် နောက်ထပ်ခံစားခွင့်တွေ ထပ်း... မှာ...''

''အင်း…မာမီပြောသလိုဆို ဆောင်ဝတ်ကြီးကုယ်ဖယ့်ပွဲပဲ။ဒါနဲ့ ကျ... ညီမမိတ်ကပ်လိမ်းဖို့ ဘယ်သူနဲ့ အပ်ရင်ကောင်းမလဲမာမီ''

''ဒိုင်ယာနာတို့ ကီတ်ဝင်းစလက်တို့ ရှိသားပဲ… မာမီပြောပေး… သားညီမဆိုရင် အလကားဆောင်လုပ်ပေးကြမှာ။ ဖက်ရှင်ဝတ်စုံကို မ… တိုင်းကျ ချုပ်ခိုက်ရမလား… ဝတ်စုံမိုးရော အဆင်ပြေရဲ့လား…''

''အဆင်ပြေပါတယ်မာမီ။ ဝတ်စုံကိုတော့ ကျွန်တော့်စိတ်ကြိုက်… ချုပ်မယ်။ ကျွန်တော် သူ့အတွက်စဉ်းစားထားတဲ့ ဒီဇိုင်းရှိတယ် ဟဲ… ကျွန်တော့် စိတ်ကူးနဲ့ ဆွဲထားတာလေ''

''အံ့ဖယ်…သားက ဒါတွေလည်းရတယ်ပေါ့ ဟုတ်လား… ပြ… မာမီကိုပြစမ်း''

ကျောပိုးအိတ်ထဲမှာ ပေယင်မှတ်ပဲ ထည့်ယူလာခဲ့မိတဲ့ (မနေ့တ… ကုန်လုံးရေးခြစ်နေခဲ့မိတဲ့) ပုံလေးတွေထဲက စိတ်ကြိုက်အဖြစ်ဆုံး တ… ထုတ်ယူလိုက်ပြီး…

''ဒီလို ဒီဇိုင်းမျိုး ချုပ်ချင်တယ်မာမီ…''

''အလို…''

မာမီကြီးက စာရွက်လေးကို ကိုင်ကြည့်ပြီး ကအံ့အသြရေရွတ်…

''သားညီမလေးက အဲဒီလိုပုံစံလေးလား… ခါးပင်က အရှည်… လား…''

''ဟုတ်တယ် မာမီ အဲဒီထက်ပိုလှတယ်။ ကျွန်တော်က ဒီလေ… ဆွဲတာတက်လို့…''

''အရပ်ကော ရှည်လား…''

''ရှည်တယ်… သူ့အရပ်က ငါးပေခုနစ်လက်မရှိတယ်…''



''အဲဒါ အမိုက်ပဲ။ ဒီဝတ်စုံက အရပ်ရှည်မှဖြစ်မှာ… ပြောစမ်း… ပြချင်တဲ့ ပုံစံကို အသေးစိတ်ပြောပြစမ်း။ မာမီဒီဝတ်စုံကို သဘောကျ… ပ်…''

''ဒီလိုမာမီရ…ဝတ်စုံက အပေါ်နဲ့အောက်နဲ့ တစ်ဆက်တည်းဝတ်စုံ… ပါပဲ။ ဒါပေမယ့် ရင်ဘတ်အပေါ်ပိုင်းမှာ ဘာမှမပါဘူး။ ပုခုံးသားနဲ့… က်ကျော့သားလေးတွေပေါ်နေရမယ်… ဒီဂါဝန်ရဲ့ အောက်အနားကိုတော့… ီးနည်းသတိထားရမယ်…''

''အဲဒါ ဂါဝန်လို့မခေါ်ဘူးသားရဲ့…ဂါဝန်ဆိုတာက ကားကားကြီး''

''အင်းပါ…ထားပါတော့ ကျွန်တော်မပြောတတ်လို့ အဲဒီအောက်နားစ… ဒီလိုတစ်ပုံစံတည်းဖြစ်ချင်တယ်။ အရှေ့ခြမ်းက ကြမ်းပြင်ပေါ်မှာ ပုံတယ်… လေးပဲ၊ ဂါဝန်ကိုမပြီးလမ်းလျှောက်ရင် ခြေထောက်လေးတွေကို မြင်နေရ… ပုံစံမျိုးလေးဗျာ… ဟောဒီအနောက်အနားစကတော့ နောက်ဘက်ကို… တော်ရှည်ရှည်လေးကျန်နေတဲ့အထိကို ရှည်ချင်တယ်။ လမ်းလျှောက်ရင်… ်းပြင်ပေါ်မှာ အရွတ်တိုက်ပြီး ပါလာတဲ့ပုံစံမျိုးလေ…''

''သဘောပေါက်တယ် ဆက်ပြောဦး''

''လက်အိတ်တွေ ဘာတွေလုံးဝမဝတ်ဘူး''

''ဘာဖြစ်လို့…''

''ဘာဖြစ်လို့လဲဆိုတော့ သူ့အသားအရေကို ထင်ထင်ရှားရှားမြင်နေရ… င်လို့လေ… အဝကိုတော့ ပျော့ပျော့အိအိဖြစ်နေတဲ့ အစမျိုးပဲ သုံးချင်တယ်၊ …ရောင်သိပ်မလာတဲ့အစမျိုးပဲသုံးမယ်။ အရေးကြီးတာက ဟောဒီရင်ဘတ်… ချုပ်ထားတဲ့ပုဝါ… အဲဒီပုဝါက အထောင့်ကြီးလဲမဟုတ်ဘူး၊ အပျော့… …လည်းမဟုတ်ဘူး။ ဒီဂါဝန်မှာ သုံးထားတဲ့ အစမျိုးလည်းမဖြစ်ချင်ဘူး၊ …နဲ့ အရောင်တစ်ထပ်တည်း… ဒါမှမဟုတ်တခြားအရောင်ဆိုရင်လည်း… တယ်… ဒီမှာကြည့် အဲဒီပုဝါအစကလည်း အရှည်ကြီးပဲဖြစ်ရမယ်။ …းလျှောက်ရင် ပုဝါစက ဂါဝန်ထက်ရှည်နေရမယ်။ အသားကိုတော့… …ှင်းကို ပကတိအတိုင်း ပေါက်ပြီးမြင်နေရတဲ့ အပါးစမျိုးပဲ သုံးချင်တယ်''

www.burmeseclassic.com

www.burmeseclassic.com



"အင်း…ကောင်းတယ်… ပရုန်းကောင်းတယ်… ဘာအရောင်တွေသုံးမယ်စိတ်ကူးထားလဲ"

"ဝတ်စုံကို ဆင်စွယ်ရောင်ပဲ သုံးမယ်မာမီ…"

"သားက အိန်ဂျယ်(Angel) လေးကို ဝတ်ခိုင်းချင်တာဆိုရင် အဖြူရောင်လေး သုံးရင်မကောင်းဘူးလား… အဖြူဖွေးဖွေးလေးလေ…"

"အဖြူရောင်မသုံးချင်ဘူးဗျ… သူ့အသားအရေက ဆင်စွယ်ရောင်ဆိုတော့ ဆင်စွယ်ရောင်ပဲသုံးမယ်… ဒါမှ သူ့အသားအရေကို လူတွေ သတိထားမိသွားမှာ။ အဖြူရောင်ဆိုရင်အသားက အရောင်နဲ့ညီနေပြီး ညစ်နိုင်တယ်… ကျွန်တော်ညီမက အသားအရေသိပ်လှတာ…"

"အင်း…ကောင်းတယ်။ ဒါဆို ပုဝါကရော ဘာအရောင်လဲ"

"နက်ပြာရောင်ရင့်ရင့်လေးစိတ်ကူးထားတယ် မာမီ… ကောင်းလား…"

"ကောင်းတယ်…ဆင်စွယ်ပေါ်မှာ နက်ပြာရောင်လေးဆိုတော့ ပိုပြီး တာပေါ့ ထင်းနေမှာပဲ… လက်ဝတ်လက်စားလည်းလိုမယ်နော်… ရှိရဲ့လား မရှိရင် မာမီငှားပေးမယ်။ စိန်အစစ်တွေငှားပေးမယ်သိလား…"

"မလိုဘူးမာမီ… ကျွန်တော် သူ့ကို ဘာလက်ဝတ်လက်စားမှ မ ချင်ဘူး။ ရတနာတွေရဲ့ အရောင်က သူ့အလှကို ဖုံးသွားမှာမို့မဖြစ်စေချင် ဒီအတိုင်းရှင်းရှင်းလေးပဲဝတ်ခိုင်းမယ်။ အဲ…လက်မှာတော့ ပန်းရောင်နု ပွင့်သေးသေးလေးတွေကို သီပြီးပတ်ခိုင်းထားမယ်…တစ်ဖက်ပဲ နောက်တစ်ဖက်က ဒီအတိုင်းထားမယ်။ ဒါဆိုရင် ဘာကျန်သေးလဲ…

… ဘာကျန်သေးလဲ … ပြော …ဟုတ်ပြီ … ဖိနပ်… ဖိနပ်ကျန် တယ်။ ဒါနဲ့ မာမီကိုမေးရဦးမယ် ဖက်ရှင်ပြိုင်တာ ဖိနပ်မစီးလို့ရလား …

"အလို … ဖက်ရှင်ပြိုင်ပါတယ်ဆိုမှ ဖိနပ်မစီးရင် ဘယ်ကောင်း သားရဲ့… မစီးရင်လည်း ဖြစ်တော့ဖြစ်ပါတယ်။ ဘာလဲ မတတ်နိုင်လို့ စိတ်မဆိုးနဲ့ဦး။ မာမီက ကူညီရအောင်လို့မေးတာ"



"တတ်နိုင်တယ် မာမီ … ငယ်လို့ရတယ်။ ကျွန်တော်က သူ့ကိုဖိနပ်မစီး နိုင်းရင် ပိုကောင်းမယ်ထင်လို့ပါ… ဘာကြောင့်လဲဆိုတော့ သူ့ခြေ လေးတွေက သိပ်လှတာ… ဖိနပ်စီးလိုက်ရင် အဲဒီအလှကိုကွယ်သွား တယ်။ အကဲဖြတ်တဲ့လူတွေနဲ့ ပရိတ်သတ်တွေကို သူ့ခြေထောက်လေး က အစသတိထားမိသွားတာမျိုး လိုချင်လို့။ အရပ်ကမြင့်မြင့်ဆိုတော့ ကျ်တွေ ဘာတွေစီးဖို့လည်း မလိုဘူးလေ …"

"ခြေထောက်ချောင်းကြီးဖြစ်နေရင်တော့ သိပ်မကောင်းဘူးထင်တာပဲ၊ နေတော့ ဖြည့်ပေးမှကောင်းမယ်ထင်တယ်သားရဲ့ စဉ်းစားပါဦး …"

"ဒါဆိုလဲ ဒီလိုလုပ်ဗျာ… နက်ပြာရောင်ကျောက်လေးတွေစီထားတဲ့ ကြိုးတစ်ချောင်းလောက်ကို ခြေဖမိုးပေါ်မှာ ဖိနပ်သဲကြိုးလေးလိုဖြစ် င် ချည်ထားလိုက်မယ်။ နှစ်ဖက်လုံးတော့ မဟုတ်ဘူးတစ်ဖက်ပဲချည် ဒိုကောမလား …"

"အမလေး ဂီနီရယ် …သားကို မာမီတကယ်လက်လန်သွားပြီ။ KTV မှာ Waiter မလုပ်ပဲ၊ ဖက်ရှင်ဒီဇိုင်နာပဲလုပ်စားပါတော့ကွယ်… ပြောတဲ့ ဒီဇိုင်းတွေ အိုင်ဒီယာတွေ (Idea)တွေကို မာမီတောင်လိုက်လို့ ဘူး။ ပြိုင်မယ့်လူကို မမြင်ရသေးဘူး အခုကတည်းက ဆုတောင် လိုက်ချင်ပြီ။ ပြောစမ်း … ဒါတွေဘယ်ကနေ ဘယ်လိုတတ်နေရတာ ဒီဇိုင်းနာလောကထဲရောက်တဲ့နေ့ အဲလစ်တို့ ထမင်းငတ်တဲ့နေ့ပဲ "

"ဟဲ… ဟဲ… ဟဲ… ဒီလိုပဲပေါ့ မာမီရာ စိတ်ကူးနဲ့ ပုံဖော်ကြည့် ပါ။ တကယ်တော့ ကျွန်တော်ဒါတွေဝါသနာမပါပါဘူး"

"ဟုတ်ရဲ့လား ဂီနီရယ်… သားပြောနေတာတွေ သားစိတ်ကူးတွေက အဆင့်ရောက်နေပြီနော် …ဟင်း …ဟင်း …"

"ဗွီမှာ ဖက်ရှင်ရှိုးပွဲတွေအမြဲကြည့်ရတယ် မာမီရ။ အခုကျွန်တော့် က ပြိုင်ချင်တယ်ဆိုတော့၊ မြင်ဖူးတာတွေနဲ့ ကိုယ့်စိတ်ကူးနဲ့ ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



မိသွားတဲ့ သဘောပါ၊ ဪ …ဒါနဲ့… သူတို့လျှောက်ရမယ့် ဘယ်လောက် ရှည်မလဲ မာမိ …"

"ဘာလုပ်မလို့လဲ …သားရဲ့"

"ဟဲ …ဟဲ …လမ်းလျှောက်တာ၊ ပိုစ်လုပ်တာတွေ ကျင့်ခိုင်း လေ …"

"ဪ …ဟုတ်တာပေါ့ အဲဒါအရေးကြီးတယ်။ အဲ …စတိ ပေ လေးဆယ်ကျော်မယ်ထင်တယ်။ အင်း- မကာလောက်ဘူး။ ဒီလိုလု မာမိသွားရင် သားလိုက်ကြည့်လေ… အတိအကျသိရတာပေါ့၊ ပြိုင်ပွဲ ပြတဲ့ လက်မှတ်လည်းတစ်ခါတည်း ယူသွားလိုက်ပေါ့။ တစ်ခါတည်း ဈေးမှာ အဝင်ကြည့်လိုက်မယ်လေ… မရရင် တခြားနေရာတွေမှာ ရှာ သားရဲ့… ဒီနေ့ဝယ်မှဖြစ်မှာ ရက်ကသိပ်မလိုတော့ဘူး…"

"ဒိုကေ ကျွန်တော်လိုက်ခဲ့မယ်… မီတာကပ်ဖိုးနဲ့ ဝတ်စုံဖိုးအ သုံးသိန်းလောက်ဆိုရင် လောက်တယ်မဟုတ်လား"

"လောက်တယ်… လောက်တယ်…လိုရင် မာမိစိုက်ပေးမ ကဲခဏထိုင်ဦး… မာမိရေချိုးအဝတ်စားလဲလိုက်ဦးမယ်… ဂီဗိုမာမီ အလုပ်လုပ်မယ်ဆိုရင် တစ်လတစ်သိန်းပေးမယ်ဟေ့… တကယ်ပြော…

မာမီကြီး ဘာတွေပြောသွားတယ်ဆိုတာ မသိတော့…

ရင်ထဲမှာတော့ မိကူး၏ ဆန္ဒတစ်ခုကို ဖြည့်ဆည်းပေးနိုင်တော့ အကျေနပ်ကြီး ကျေနပ်နေမိတော့သည်။

* * * * *



( * )

မိကူး…ဆိုသော အရာသည် အရိပ်သဏ္ဌာန်လေးကို မြင်လိုက်ရုံဖြင့်ပင် သမျှသော အမောတွေကို ပြေစေနိုင်စွမ်းရှိသောအရာတည်း…

ခရေပင်တွေအောက်မှာ ကျုံ့ကျုံ့လေးထိုင်နေတဲ့ သူမကို လှမ်းမြင်လိုက် ခဏမှာပင် တစ်နေ့လုံးမောပန်းလာသမျှတို့ မြူစမျှမကျန်အောင် လွင့်စင် ပျောက်ကြကုန်၏။

မိကူးက ကျုံ့ကျုံ့လေးထိုင်ပြီး တုတ်တစ်ချောင်းဖြင့် မြေကြီးကို ခြစ် ၏။ သူမကျွန်တော့်ကို မမြင်…

တုတ်ချောင်းဖြင့် မြေကြီးကိုသာ သဲကြီး မဲကြီးရေးခြစ်နေ၏။ ခရေပင် ကို ကွယ်ပြီး သူမနောက်နားအထိ အသာလေးချည်းကပ်လာလိုက်သည်။

ခြေသံလုံလုံဖြင့် အနားအထိချည်းကပ်သွားလိုက်ပြီးမှ…

"ဟဲ့တ် ! … မိကူး…"

"အမလေး မော်ဒယ်ဂဲ…။ ဟယ်…ဂီဗို… ခွေးစုတ်- ဘာလုပ် တာလဲ မပေးဘာပေးနဲ့ လန့်လိုက်တာ…"

"ဟား…ဟား….ဟား… နင် မော်ဒယ်ဂဲလ် သိပ်ဖြစ်ချင်နေတယ်ပေါ့ လား မိကူး။ ယောင်တာတောင် မော်ဒယ်ဂဲတဲ့…မော်ဒယ်ဂဲတဲ့ ဟား အသံထွက်တောင် မမှန်တော့ဘူး။ ငပိသံကြီးနဲ့ ဟား…ဟား…ဟား ရတယ်…"

နှုတ်ခမ်းမှုန်အစ်အစ်လေးဖြစ်နေတဲ့ မိကူးမျက်နှာလေး သိသိသာသာညိုး ၏။ ခါတိုင်းလို ရန်မတွေ့…

www.burmeseclassic.com

www.burmeseclassic.com



"ပြောင်ပါ ဂီဇိုရယ်...ပြောပါ။ နင်ငါ့ကို ဘယ်လိုယ်ချင်းအောင့်မလဲ"

သူမစကားကြောင့် ကျွန်တော် မရယ်နိုင်တော့...

စောစောက သူမရေးခြစ်နေတဲ့ မြေပြင်လေးကို ကြည့်လိုက်တော့ ဆိုတဲ့ စာလုံးလေးကို တွေ့လိုက်ရ၏။

ဘယ်အချိန်ကတည်းကများ ထိုင်ပြီးရေးခြစ်နေသည်မသိ... စာလုံး တွေကို ရေးခြစ်ထားတာ မြေကြီးထဲမှာ တော်တော်လေးပင် နက်ရှိုင်း ဖြစ်သည်။

ဒါ...ဒါဆိုရင် ကျွန်တော်လုပ်ခဲ့တာတွေ အားလုံးမှန်တာပေါ့...ပြ ပါဦး သူမ ဒီပွဲကို သိပ်ပြီးပြိုင်ချင်နေရှာတာပါလား...

နင်...ပြိုင်ခွင့်ရမှာပါ မိကူးရယ်...

"ဒီမှာ ကြည့်စမ်း မိကူး..."

မိကူး ကျွန်တော့်ကို ကြေည့်...

Soulဆိုတဲ့ စာလုံးလေးကိုပဲ တုတ်ချောင်းလေးဖြင့် ဆက်ခြစ်နေ

"ဟော... ဒီမှာကြည့်စမ်းပါဆို...ဘာလဲလို့..."

"မကြည့်ချင်ဘူးဟာ.. ငါဘာမှစိတ်မဝင်စားဘူး..."

"နင်စိတ်ဝင်စားမယ်ဟာမျိုးလို့ ပြနေတာပေါ့ဟ..ကြည့်မှာသာကြည့် ပါ"

"နင်ပြန်တော့ ဂီဇိုရယ်...ငါတောင်းပန်ပါတယ်။ ငါ့ဘာသာ အေး နေပါရစေ"

ကျွန်တော် စိတ်မရှည်တော့ဘူး...

သူမလက်ကလေးကို ဆက်ကနဲဆွဲယူပြီး ပြိုင်ပွဲဝင်ခွင့်ကတ်ပြားလေး ထည့်ပေးလိုက်တော့သည်။

မိကူးက စိတ်မပါလက်မပါနှင့် ကတ်ပြားလေးကို ကြည့်၏။

"ဟယ်...ဒါလေးက... Soulက ပြိုင်ပွဲဝင်ခွင့် ကတ်ပြားလေး နင်ဘယ်ကရတာလဲ"



"နောက်ကို လှမ်းကြည့်လိုက်ပါဦးအစ်မရဲ့..."

သူမက ကတ်ပြားလေးကို လှန်ပြီးကြည့်၏။

"ဟွဲ! ...မကူးကူးနိုင်တဲ့တော့...ဟယ်...ဂီဇို...ဒါ...ဒါ...ငါလား... ငါလားဟင်..."

"အေးပေါ့ဟ"

"ဟယ်...ဝမ်းသာလိုက်တာအါဆိုပြိုင်ပွဲဝင်ခွင့်ရပြီပေါ့..."

မိကူးဝမ်းသာအားရထခုန်၏။

"ပျော်လိုက်တာ ဂီဇိုရယ်... နင်...နင်ဘယ်လိုကနေ ဘယ်လိုလုပ်ပြီး ကတ်ပြားလေးရ လာတာလဲ...ဟင်..."

ကလေးလေးတစ်ယောက်လို ခုန်ပေါက်နေတဲ့ သူမကိုကြည့်ပြီး မျက်ရည် ပင် ဝဲပါးပါးခဲ၏။ ရင်ထဲမှာ နွေးထွေးလိုက်တာ.. ကျွန်တော်က သူမကို ဒီလို ပြုံးရွှင်နေတာပဲမြင်ချင်တာလေ...

"ဒီလိုပဲပေါ့ ဂီဇိုလေးဟာ... သိတယ်မဟုတ်လား... နင်ပျော်ရဲ့လား မကူး..."

"အင်း... ပျော်တယ်...အရမ်းပျော်တယ်ဂီဇို..."

ကျွန်တော့်ကို ကြည့်ပြီးပြုံးပြုံးလေးနှင့်ပြော၏။

သို့သော် သူမမျက်နှာလေးချက်ချင်းပြန်တည်သွား၏။

"ဘယ်လိုဖြစ်ရပြန်တာလဲ"

"ပျော်တော့ပျော်ပါတယ် ဂီဇိုရယ်... ဒါပေမယ့် ငါ့မှာပြိုင်ပွဲဝင်ဖို့ ဝတ်စုံ မရှိတာဟာ.. ဘာလုပ်ရမှာလဲ..."

ပြောရင်း.. တစ်ဘက်ကို လှည့်ရပ်၏။

"နင်ပါ့ကို အထင်သေးတာပဲ မိကူး"

"ဘာဆိုင်လို့လဲ...ငါဘာပြောလို့လဲ"

"ပြိုင်ပွဲဝင်ဖို့ ဝတ်စုံမရှိဘူးလို့ပြောတယ်လေ..."

"အဲဒါ ဟုတ်တာပဲ... ရှိမှမရှိတာ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြိုင်ပွဲဝင်ဖို့ ဓာတ်ခုံတစ်ခုငဲလို့ဘာယ်ထင်လား။ မိတ်ကပ်ငါ ဖိနပ်ဝယ်ဖို့ရောမလိုဘူးလား..."

"အေးလေ.. အဲဒါကြောင့် ပြောနေတာပေါ့"

"အဲဒါတွေ အားလုံးစီစဉ်မပေးနိုင်ရင် အဲဒီကဒ်ပြားဆောင်ယူလေ မိကူးရေ... နင်ငါ့ကိုတော်တော်အထင်သေးတယ်။ တော်ပြီ...ဟာ ငါ မှမပြော ချင်တော့ဘူး..."

မိကူးကိုစ, ချင်လာတာနဲ့ စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ လေသံ ပြောရင်း လှည့်ထွက်လိုက်သော ကျောပိုးအိတ်ကို ဆွဲထားၵါ။

"ဟယ်...ဂီဂီ။ နင်ဘာပြောလိုက်တယ်..."

"ပြန်မှာအသံက နှစ်ခါမကြားဘူးဟေ့...တစ်ခါပဲ။ ငါထမင်း စားလိုက်ဦးမယ်.. တစ်နေ့ကုန်နှင့်ကိစ္စတွေလိုက်လုပ်နေတာ ဘာမှမ သေးဘူး..."

"ဟော့အေး မရဘူး။ ငါ့ကို သေချာပြန်ပြောဦး"

"ပြောပြီးပြီလေ.. လွှတ်စမ်းပါ..."

"မလွှတ်ဘူး။ ပြန်ပြောပြ.."

"ဘာပြန်ပြောပြရမှာလဲဟ"

"စောစောက နင်ပြောတာကို ပြောတာလေ"

"ငါ ဘာပြောမိလို့လဲ..."

"နင်ငါ့အတွက် ဓာတ်ခုံတွေဘာတွေ စီစဉ်ပြီးပြီလို့ ပြောတယ်လေ နင်မညစ်နဲ့ဟာ ပြန်ပြောပြ..."

"အေး...ဟုတ်တယ်လေ..နင်ပြောတာအမှန်ပဲ။လွှတ်ဒါ.. ငါအရမ်း နေပြီ"

"မရဘူး.. နင့်ပါးစပ်က ပြောတဲ့အသံကို ကြားချင်တယ်။ ဂီဂီ ငါ့ငိုလိုက်မှာနော်..."

ပြောရင်းသူမနှုတ်ခမ်းကြီး ရှုံ့မဲ့လာ၏။

"ဟော့...ဟော့...မငိုနဲ့။ နင့်ကိုယ် နင်ကလေးလေးမှတ်နေလား"

"ငိုမှာပဲ...နင်ငါ့ကို မကလိနဲ့ဟာ...အသည်းတွေယားလာပြီ။ ပြောပြ ...ရယ်... ငါတောင်းပန်နေတာပါ..."

"ကဲဒါဆိုလည်း ပြောပြမယ်...သေချာနားထောင်...နင်ပြိုင်ပွဲဝင်ဖို့ ...အားလုံး စီစဉ်ပြီးပြီ။ ဓာတ်စုံချုပ်ဖို့အစတွေလည်း ဝယ်ပြီးပြီ။ မနက်ဖန် ...ရင် ဒီဇိုင်နာဆီမှာ ကိုယ်တိုင်းသွားပေးရမယ်... ဖိနပ်ဝယ်ရမယ် တ ...လိုတာတွေလည်း ဝယ်ရမယ်...ရှင်းတယ်နော်..."

"နင်... နင်တကယ်ပြောတာလားဂီဂီ...နင်တကယ်ပြောတာနော်"

"ဒေါ်...ညာစရာလားဟာ...ရော...ဒါက နင်ပြိုင်ပွဲဝင်ရမယ့်အတီးလုံး ...ဒါက ကက်ဆက်.. အတီးလုံးကို နားယဉ်နေအောင်နား... ...ပြီလား..."

လှကိုကိုဆီက ငှားလာခဲ့သော CD နှင့် အခုမှဝယ်လာခဲ့သော CD ...alk Man လေးကိုပါ ကျောပိုးအိတ်ထဲမှ ထုတ်ပေးလိုက်သည်။

"ရော့ အဲဒ... ဒါက ဓာတ်ခဲ။ ပြည့်စုံပါပြီနော်..."

"ဟယ်...ဒါဆို...ဒါဆို ငါတကယ်ကြီးကို ဝင်ပြိုင်ရတော့မှာပေါ့ ...ပ်... ဝမ်းသာလိုက်တာဂီဂီရယ်...ငါဝင်မပြိုင်ရတော့ဘူးဆိုပြီး ဝမ်းနည်းနေ ...ဟာ.. အခုတော့အရမ်းပျော်သွားပြီ။နင်အရမ်းတော်တာပဲဂီဂီရယ် ...ယ်လိုလုပ်ပြီး ဒါတွေဖြစ်လာတာလဲဟင်...ပြောပြ"

လက်မောင်းကို သူမရဲ့လက်လေးနှစ်ဖက်နှင့် ဆုပ်ကိုင်ပြီးမေးတော့ ...ထဲမှာ ကြည်နူးခြင်းတို့ လှပစွာဖြစ်တည်ကြ၏။

မိကူးမျှော ပျော်လွန်းလို့ အသံလေးတွေပင်တုန်နေရှာ၏။

"ငါ့မိတ်ဆွေတစ်ယောက်ကငါ့ကိုခင်လို့ကူညီတာ။ သူက ဒီဇိုင်နာလေ.. ...အတွက်ဓာတ်စုံကိုသူပဲချုပ်ပေးလိမ့်မယ်။သူ့ဒီဇိုင်းတွေကို ကြော်ငြာတဲ့ ...တာပေါ့ဟာ...အခုပွဲမှာနိုင်ငံခြားသားတွေပါ အကဲဖြတ် အမှတ်ပေးကြမှာ ...တော့ သူ့လက်ရာနဲ့ဝင်ပြိုင်မှာလေ... အဆင်ပြေရင် သူက နိုင်ငံခြားအထိ ...လုပ်စားဖို့ ရည်ရွယ်ထားတာဟာ..."

www.burmeseclassic.com

www.burmeseclassic.com



ယုတ္တိရှိအောင် ဟုတ်တာတွေရော မဟုတ်တာတွေရော ဖွတ်ပြောလို့ မိမတော့သည်။

မိကျူးအတွက် စီစဉ်ခဲ့သမျှတွေအားလုံးကို မာမီကြီးက ဆေတနှာနဲ့ ညီခဲ့တာဆိုတဲ့ ပုံစံမျိုးဖြစ်အောင်လည်း မာမီကြီးနဲ့ စည်းဝါးရိုက်ခဲ့ပြီးပြီမဟုတ် ပါလား...

နင်ပျော်ဖို့ပဲ အရေးကြီးတာပါ မိကျူးရယ်...ငါ့ဂုဏ်ဖော်ဖို့ မဟုတ်ဘူး... နင့်ရဲ့ ပျော်ရွှင်မှုသာ ငါ့အတွက် အရေးအကြီးဆုံးအလိုဆန္ဒပါ...

"နင်မာမီကြီးတို့နဲ့ တွေ့ရင် ငါ့ညီမလိုပြောနော်... ငါ့ညီမဆိုလို့ သူ က ကူညီတာ"

မိကျူးရဲ့ ယုံကြည်မှုကို ထိုစကားနှင့် ထပ်မံခိုင်မာစေလိုက်၏။

"အေးပါ...စိတ်ချပါ..."

"ကဲ...ဒါဆိုလည်းပါ ထမင်းသွားစားလိုက်ဦးမယ်..ဆာနေပြီဟ"

"ဟဲ့...အိမ်မှာ လိုက်စားပါလား... ဆိတ်သားဟင်းတွေချက်ထား တယ်..."

"တော်ပါပြီဟာ...အိမ်မှာပဲစားလိုက်တော့မယ်...တော်ကြာ ဦးမော် က ထမင်းပြန်မစားဘူးဆိုပြီး ဆူနေဦးမယ်။ အလုပ်လည်းသွားရဦးမှာ· နင် ဟဲ့ဒီအထီးလုံးတွေကို နားယဲ့ဦးအောင်နားထောင်ထား အရေးကြီးတယ်· ဟုတ်ပြီလား..."

"အေးပါဟဲ့...ငါသိပါတယ်..."

အိမ်ကိုလှမ်းလာခဲ့တဲ့ ခြေလှမ်းတွေက ကျေနပ်ခြင်းပီတိတွေကြော ပေါ့ပါးလို့နေကြ၏။

မိကျူးရဲ့ ဆန္ဒလေးကို ဖြည့်ဆည်းပေးလိုက်နိုင်ပြီဆိုတဲ့ အတွေး ကြည်နူးခြင်းတွေကို အဆက်မပြတ်စွာ ဖြစ်ပေါ်နေစေတော့သည်။ အိမ် ရောက်တော့ ဆာဆာနှင့် ထမင်းတွေအများကြီးစားပစ်လိုက်သည်။



ထမင်းစားနေတုန်းမှာ ဦးမောင်က စာမေးပွဲပြန်ဖြေဖို့နှင့် စာကျက်ဖို့ ပေး၏။

"အင်း...ဦးမောင်စိတ်ချမ်းသာဖို့လည်း ကြိုးစားရဦးမယ်..."

www.burmeseclassic.com

www.burmeseclassic.com



( ၉ )

"ဟယ်..ဒါလေးက...ဒါလေး...တာ"

မိကူးကို ကြည့်ပြီးစကားပင်ဆက်နိုင်တော့...

"ဒါ...ကျွန်တော့်ညီမလေး မာမီ.. ကူးကူးနိုင်ဆိုတာသူပဲ"

"အုရှား...အုရှား...ရက်ရက်စက်စက်ကိုလှတာပါလား... ရယ်... လာပါဦးကွယ်..."

မာမီကြီးက မိကူးကို ပြတင်းပေါက်အနားအထိ ဆွဲခေါ်သွား၏။

"ကြည့်ပါဦး...ဆံပင်တွေက မိုးသားတွေလိုပါပဲလား... သောင်မီ ... ရော အသားအရေရော မျက်လုံးကြီးတွေရော အို... ဆုတွေ... ကြီးရိုက်မှာမြင်ယောင်သေးတော့တယ်... ကိုရွှေ့တိုနီ ဒါကြောင့် သူ... အတွက်အကဲပိုနေရတာကိုး... လာလာ... ကိုယ်တိုင်း ယူရအောင်။ ... အင်ကိုပြောတဲ့ဒီဇိုင်းဟာ သမီးနဲ့ကွက်တိပဲ... အလုပ်လုပ်ရမှာ အားတွေ... တာ သမီးလေးရယ်... ဆုတွေအများကြီးရိုက်နိုင်မှာ သေချာတယ် အရေးကြီးတာက သတ္တိရှိဖို့ပဲ ကြားလားသမီးလေး..."

"ဟုတ်ကဲ့ရှင်..."

မိကူးရဲ့ ကိုယ်တိုင်းတွေယူပြီးတော့ မာမီကြီးကားနှင့်ပင် ကိတ်ဝင်း... ဆိုသော အလှဖန်တီးရှင်ထံသို့ လိုက်ပို့ပေး၏။

မိကူးကိုမြင်တော့ ကိတ်ဝင်းစလက်လည်း အံ့သြနေပြန်၏။ သူ... ပါးစပ်က လျှိုကုလာတဲ့ မိကူးရဲ့အလှတရားချီးမွမ်းခန်းတွေကို နား...

...ရတာထပ်ခါထပ်ခါရှိနေပေမယ့် ရိုးအီသွားခြင်းမရှိ။ ရင်ထဲမှာတစိမ့်စိမ့်နှင့် ကြည်နူးနေမိတော့သည်။

ထိုကြည်နူးမှုသည် ကာယကံရှင်ဖြစ်တဲ့ မိကူးခံစားရတာထက်အဆ ပေါင်းများစွာသာတယ်ဆိုတာကိုနှိုင်းယှဉ်ပြောဆိုရပါသည်။

"ဒီမှာ မကီဟင်ဒင်းစလက် အဲ...ကိတ်ဝင်းစလက်။ ဟာ... ခင်ဗျား ကို ဘယ်လိုခေါ်ရမှန်းမသိတော့ဘူး..."

"အမလေးကိုနိုရယ်...မမလို့ပဲခေါ်ပေါ့...ဒါမှမဟုတ်ရင်လည်း အင်နာ လို့ပဲခေါ်လိုက်တော့"

မမ...တဲ့...

ယောကျ်ားကြီးကို မမလို့ခေါ်ရမလား.. မခေါ်တတ်ပါဘူး။ အင်နာလို့ ခေါ်တာပဲ ကောင်းတယ်...

"ဟဲ့...ဟဲ့...မအင်နာ... သူ့မျက်နှာကိုမိတ်ကပ်တွေအများကြီး ...လိမ်းဘူးနော်။ မိတ်ကပ် အရောင်ရင့်ရင့်တွေလည်း မသုံးနဲ့။ မျက်ခွံတွေ ...တွေမှာအရောင်တောက်တောက်တွေလုံးဝမလိမ်းဘူး...

နဂိုရှိပြီးသားအလှကို ပို့ပိုးပေးတဲ့အရောင်မျိုးပဲလိမ်းပေးပါ။ မျက်ခွံတွေနဲ့ ပါးတွေကို ဆင်ဖွယ်ရောင်လေးပဲလိမ်းရင်ကောင်းမလား မသိဘူး။ အပြာရောင် ဖျော့ဖျော့လေးလဲ မဆိုးဘူး။ ပန်းရောင်ဖျော့ဖျော့လေးဆို ပိုကောင်းမယ်ထင် တယ်... ဟုတ်တယ်...ပန်းရောင်ဖျော့ဖျော့လေးပဲ လုပ်မယ်ဗျာ။ နှုတ်ခမ်း ကိုလည်း ပန်းရောင်အဖျော့လေးပဲ လိမ်းမယ်။ ဒါပေမယ့် အဲဒီပန်းရောင်လေး ကို ပြိုးပြက်နေအောင်တော့ လုပ်ပေးဗျာ။ အရောင်နုနုလေးနဲ့ လက်လက်လေး ဖြစ်နေတာမျိုးကိုပြောတာနော်...အင်နာ.. ကျွန်တော်ပြောတာသဘောပေါက် လား..."

ဒီဇိုင်နာနှင့် အလှဖန်တီးရှင်တို့ ဖျတ်ကနဲအကြည့်ချင်းဆုံကြ၏။

ထို့နောက် ပခုံးတွေကို တွန့်လိုက်ကြပြန်သည်။

"ဘယ်လိုလဲ မာမီ... သမီးက အလှဖန်တီးရှင်လား... ဂီဇိုက အလှ ဖန်တီးရှင်လား ဟင်။ ဂီဇို...နှင့်ငါ့သမီးလုပ်မလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ… ဘာတွေလျှောက်ပြောနေတာလဲ…"

"ဟယ်…နင်ငါ့သမီးဆိုရင်အရေးယူအားကိုးရမှာပေါ့…"

"အဲဒါပဲ ကိတ်ဝင်းလေက်ရေ… ငါလည်းနားလည်ပြီးပြီ။ နင်သူ့စိတ်တိုင်းကျသာလုပ်ပေးလိုက်ပေတော့…"

သူတို့နှစ်ယောက်ကိုကြည့်ပြီး မိကျူးသဘောကျစွာ ရယ်၏။ မာမီကြီးက

"နေပါဦး။ နင့်နာမည်က ဘယ်လိုကနေဘယ်လိုလုပ်ပြီး ဒင်နရဖြစ်သွားရပြန်တာလဲ ကိတ်ဝင်းလေက်ရဲ့"

"ဟင်း…ဟင်း…အဲဒါ ကိုနိုတစ်ယောက်တည်းခေါ်ဖို့လေးနာမည်အောင်ပေါ့…"

"နင့်နာမည်ကအဓိပ္ပါယ်… အဓိပ္ပါယ်က ဘာတဲ့လဲ"

"ပြောရ…မာမီရေ့…ဒင်နာဆိုတာက Boss mouse ဆိုတဲ့ စကားလုံးရဲ့ အတိုကောက်ပေါ့။ အဓိပ္ပါယ်က ချစ်သူတဲ့… Lover ပေါ့… ဟင်း…ဟင်း… ဟင်း…"

ကိုနိုသူ့နှုတ်ခမ်းကို သူခပ်ပြုံးပြုံးရှိက်၏။

"သေဟာ!…"

❀ ❀ ❀ ❀ ❀



( * )

"မဟုတ်သေးပါဘူး…မိကူးရာ…ငါပြတုန်းက သေချာကြည့်မထား ဘူးလား။ ဂါဝန်လေးကို ခြေထောက်ပေါ်အောင်မ, ရှမှာ…ခြေသလုံးအလယ် လောက်ရောက်အောင်အထိ မ,ရမှာ။ အဲဒါမှ နင့်ခြေထောက်ရဲ့အလှကိုသတိ ထားမိကြမှာ… ဂါဝန်စကို ရွရွလေးမရမှာနော်…တအားကြီးဆုပ်မထားနဲ့ လက်ထဲမှာ ပန်းပွင့်ချည်ထားတယ်လို့ သဘောသားလိုက်။ လမ်းလျှောက် လက်ကိုလွှဲတော့လွှဲမယ်… ဒါပေမယ့် တအားကြီးမလွှဲဘူး… သာသာလေး ကဗျာဆန်ဆန်လေးလွှဲ…လက်ကိုကိုယ်နဲ့တအားကြီးလည်းခွာပြီးမလွှဲနဲ့ ပြီးလည်း မလွှဲနဲ့။ မျက်နှာလေးကိုချိုထား… အရမ်းကြီးလည်း မမော့နဲ့ ညည်းမငုံ့မိစေနဲ့ ဟုတ်ပြီလား… ကဲ လျှောက်ကြည့်စမ်း…"

ကိုနိုက ဂိုဒေါင်ရှေ့ရှိမြေကွက်လပ်မှာ ပေလေးဆယ်ခန့်ရှည်သော စည်း ကြောင်း ဆွဲပေးထား၏။

ကျူးကျူးနိုင်က ဆိုစည်းအတိုင်း ဟန်ပါပါနှင့် လမ်းလျှောက်၏။

ပြိုင်ပွဲဝင်ဖို့အတွက် ကြိုတင်လေ့ကျင့်နေကြခြင်းဖြစ်သည်။

လျှောက်မှုလျှောက်နည်းကို မာမီကြီးတို့ကသင်ပြပေးလိုက်ပေမယ့် ကျူးနိုင်သေသေချာချာမမှတ်မိ…

ဘေးကထိုင်ကြည့်ပြီး မှတ်မိနေတဲ့ ကိုနိုက ဆရာပြန်လုပ်ပြီး သင်ပြနေ ခြင်းဖြစ်သည်။

CD Walkman လေးကို တပ်ထားသဖြင့် သူမနားထဲမှာ ပြိုင်ပွဲဝင် အတီးလုံးတွေကိုကြားနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂီဇိုပြောတဲ့အတိုင်း သူမလှမ်းလျှောက်လာ၏။ အချိုးမကျသေး…

"မဟုတ်သေးဘူးမီကူး ရှေ့ဦး…"

ဂီဇိုပြောတာကို သူမ မကြား…

နားကြပ်ကို နားမှာတပ်ထားသဖြင့် သူမဘာမှမကြားပါ။

"ဟော!… နေဦးဆို"

စိတ်တိုတိုနှင့် သူမခါးမှာချည်းထားသော ဂုန်နီအိတ်ကြီးစကို ဆွဲဖြစ်လိုက်သည်။

ခန်းဆီးလိုက်ကာစရှည်ရှည်ကိုပြိုင်ပွဲဝင်စတ်ဝုံအဖြစ်ဖန်တီးပြီး၊ ခါးမှာဂုန်နီအိတ်ကြီးစဖြင့် ချည်ပေးခြင်းခံထားရတဲ့… ညဘက်လက်ကောက်ဝတ်မှာ သစ်ကိုင်းငယ်တစ်ခုကိုလက်ပတ်အဖြစ်ချည်ပေးထားခြင်းခံထားရတဲ့… ကူးကူးနိုင်ပုံစံက လောလောဆယ်တော့ အရူးမတော်ယောက် အသွင်အပြင်ပြီးနေ၏။

ဂီဇိုက ခါးမှာချည်ထားတဲ့ ဂုန်နီစကို ဆွဲလိုက်မှ လမ်းလျှောက်တာရပ်၏။

"ဟဲ့… ဒလုတ်တုတ်။ဘာလဲ ဟဲ့…"

"ငါပြောနေတာ မကြားဘူးလား…"

"ဘာပြောတာလဲ"

"ရပ်ဦးလို့ ပြောနေတာလေ"

"မကြားဘူးဟဲ့… နားကြပ်တပ်ထားတယ်"

"အေး… ဒါဆိုဖောဖြုတ်ထားဦး။ အချိုးကျပြီဆိုမှအတီးလုံးနဲ့ လျှောက်တော့… ဒီမှာပြောစရာရှိတယ်"

"ပြောလေ… ဘာပြင်ရဦးမှာလဲ"

"နင်လျှောက်တာ ခါးနည်းနည်းကုန်းနေတယ်… ရင်ကိုချီထားရမှာ"

သူမက ဂီဇိုပြောတဲ့အတိုင်းလိုက်လုပ်၏။

"ဟုတ်ပြီ… မျက်နှာကိုပြုံးပြုံးလေးထား…"



"ဒီလိုလေးလား…"

"ဟာ… မဟုတ်ပါဘူး။ ပြုံးပါဆို… ဘာလို့သွားကြီးတွေပေါ်လာရတာလဲ… အဲဒါရယ်တာ… သေချာမှားတောင်စမ်းမီကူး။ ပြုံးတယ်ဆိုတာက အရမ်းကြီးပြုံးပစ်လိုက်ဖို့ မဟုတ်ဘူး။ခပ်တည်တည်နေရမယ်… ဒါပေမယ့် နှုတ်ခမ်းမှာပြုံး တတ်တွေပစည့်ခိုင်းထားတာ"

"ဒီလိုလေးလား ဂီဇို…"

"အေး… ဟုတ်တယ်… အဲဒီလိုမျိုး။လမ်းလျှောက်တဲ့အခါကျရင်ခြေလှမ်းကို ဖြည်းဖြည်းလေးလှမ်း… ပြီးရင် ဖြည်းဖြည်းလေးပြန်ချ။ဟုတ်ပြီလား…"

"ငါလျှောက်ပြမယ်နော်… ဒီလိုလား…"

"ဟား… မဟုတ်သေးပါဘူးမီကူးရာ… နင့်ပုံစံကရုပ်ရှင်ထဲကလိုအနှေးလျှောက်တဲ့ (Slow Motion) ပုံစံမျိုးကြီးဖြစ်နေတယ်…"

"ဟား… ဟား… ဟား… သိပါတယ် …နင့်ကိုစ, နေတာ။ ဒီမှာကြည့် ပြန်လျှောက်ပြမယ်…"

သူမက ဂီဇိုပြောတဲ့အတိုင်း ပြန်လျှောက်ပြ၏။

"ဟုတ်လား… ဒီလိုမျိုး"

"အေးဟုတ်တယ်… အဲဒီလိုလျှောက်ရမှာ… အကျင့်ရအောင်ဆယ်ခေါက်လောက်ပြန်လျှောက်ကြည့်လိုက်ဦး…"

"ငါညောင်းနေပြီ ဂီဇိုရာ… ဟိုနဲ့ဒီနဲ့လျှောက်တာ အခေါက်ငါးဆယ်လောက်ရှိနေပြီ…"

"မရဘူး။ ပြန်လျှောက်ဆိုလျှောက်… ပြီးရင် ထိပ်မှာ ပို့(စ်) (Position)သုံးမျိုးလုပ်တာကျင့်ရဦးမယ်။လုပ်စမ်းပါဟာ… သွား… သွား"

ဂီဇိုက သူမကို တွန်းလွှတ်၏။

"နေပါဦးဟဲ့။ဒီမှာနားကြပ်ပြန်တပ်လိုက်ပါဦးမယ်… ဘယ်လိုဖြစ်နေတာလဲ"

"မြန်မြန်လုပ်ပါဟာ.အချိန်မရှိဘူး။ငါဒီတစ်ညပဲ ခွင့်ရထားတာနော်…"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်နေတာအခြင်ဘူးလားဟဲ့ ငကိုရဲ့"

ညဆယ်နာရီခန့်အချိန်…ပိုဒေါင်ရှေ့ကမြေကွက်လပ်မှာကူးကူးနိုင်လမ်းလျှောက်သင်ပေးနေတဲ့ မြင်ကွင်းက ရှုယ်ချင်စရာအတိပြီးမေး။

လမ်းလျှောက်ခေါက်ခေါက်အခါခါ လျှောက်ရလွန်းလို့ ကူးကူးနိုင်…နေပြီ… နဖူးမှာလည်း ချွေးတွေစို့နေပြီ ဖြစ်သည်။

"ငါလျှောက်ပြီနော် ဂီနို့…ဘာလိုလဲသေချာကြည့်…"

ကူးကူးနိုင်က ခါးမှာချည်ထားတဲ့ခန်းဆီးစကိုဟန်ပါပါကိုင်ပြီး…လျှောက်၏။

"မ,လေ…ဂါဝန်ကိုနည်းနည်းမ,ဦး… ဟုတ်ပြီ ရှေ့ပြီးဆိုင်ရေး…နေရာကို မှတ်ထားနော်…ဟုတ်ပြီဒိုတောတယ်… အိုကေတယ်… ချက်…လေးကို နည်းနည်းချိုထားမယ်… နှုတ်ခမ်းမှာ အပြုံးတတ်ထည့်ဖို့မမေ့…မျက်လုံးတွေထဲမှာလည်း ညှို့ဓာတ်တွေထည့်ရဦးမယ်မိကူး… နင့်မျက်လုံး…သေနေ တယ်…"

"ဟယ်…နှုတ်ခမ်းမှာ အပြုံးတတ်ထည့်တာက, ရပါတယ်။မျက်…ထဲမှာ ညှို့ဓာတ်ကဘယ်လိုထည့်ရမှာလဲ…ငါမသုပ်တတ်ဘူးနော်…ပါ…လိုထည့်လို့ကောရရဲ့လား ဂီဇို့ရဲ့"

"ရတာပေါ့…သိပ်ရတာပေါ့…သေသေချာချာနားထောင်စမ်းမိကူး…သာမန်မျက်ဝန်းပျော့နေတဲ့မျက်ဝန်း၊ငမ်းနည်းနေတဲ့မျက်ဝန်း၊ခေါ်သာထွက်…မျက်ဝန်း ဆိုပြီးမျက်လုံးရဲ့အနက်အစ်ပွါးယ်တွေအမျိုးမျိုးရှိတယ်… အဲ…မျက်ဝန်းတွေရဲ့အနေအထားကို မျက်ဆံတွေနဲ့မျက်အိမ်တွေက အဓိပ္ပါ…ဖေါ်ဆောင်တယ်။ နင်လုပ်ရမှာက… နင့်မျက်ဝန်းတွေမှာ ညှို့ဓာတ်တွေ စီး…တဲ့ မျက်ဝန်းမျိုး…"

"ဒါဆိုတယ်လိုလုပ်ရမှာလဲ ဂီဇို့ရေ…ငါမလုပ်တတ်ဘူး… မျက်လုံး…လုပြီးသားပဲ… ကိုယ်ထက်လှတဲ့သူရှိရင် ဆုမရဘူး… ကိုယ့်လောက်လှ…မရှိရင် ဆုရမှာပေါ့… မဟုတ်ဘူးလား…"



"ထင်လားမိကူး။ နင်ကဘယ်လောက်ပဲလှနေနေ အဲဒီအလှမှာ အသက်…ပါရင်အလကားပဲ။ အဲဒီတော့ နင့်မျက်ဝန်းတွေက ညှို့ဓာတ်တွေနဲ့အသက်…င်နေဖို့လိုတယ်။ အဲဒီလိုမျက်ဝန်းမျိုးဖြစ်အောင်နင်ကြိုးစားရမယ်…ဘာမှမခက်ဘူး။ သဘောပေါက်ရင်လွယ်လွယ်လေးပဲ…"

"ဒါဆိုလည်း နင်သင်ပေးလေ… နင်ပြောသလိုလုပ်ကြည့်မယ်…"

"နင်ပထမဆုံးလုပ်ရမှာက နင့်ရဲ့အာရုံတွေကိုတစ်နေရာတည်းမှာ…စုစည်းနိုင်ဖို့ပဲ။ အာရုံတွေဟိုရောက်ဒီရောက်ဖြစ်နေရင်ဘယ်လိုမှအသက်ပါမှာ…ဟုတ်ဘူး… အဲဒီတော့ နင့်အာရုံတွေကိုစုစည်းကြည့်လိုက်စမ်း…"

ကူးကူးက စိတ်ကိုဟည်ငြိမ်အောင်အရင်ကြိုးစားလိုက်၏။

ထို့နောက်အသက်ကိုမျှင်းရှူပြီး အာရုံတွေကိုတစ်နေရာတည်းမှာ…စုစည်းထားလိုက်၏။

"အဲဒီလိုအာရုံတွေကို စုစည်းပြီးပြီဆိုရင်… နင့်ရဲ့မျက်ခုံးတွေကို စိတ်ထဲ…နည်းနည်းလေးပင့်တင်ထားကြည့်လိုက်…စိတ်နဲ့လုပ်ရမှာနော်…နင့်မျက်…တွေတကယ်မြင့်တက်မသွားရဘူး။စိတ်ထဲမှာပဲလုပ်ရမှာ… နင့်ရဲ့မျက်ခုံး…ရာကို နည်းနည်းလေးပင့်တင်ထားကြည့်လိုက်…စိတ်နဲ့လုပ်ရမှာနော်။…ျက်ခုံးတွေ တကယ်မြင့်တက်မသွားရဘူး… စိတ်ထဲမှာပဲလုပ်ရမှာ… အာရုံပြု…ပြီးရင် အဲဒီလိုပဲ မျက်လုံးတွေရဲ့ အပြင်ဘက်အစွန်းလေးတွေကို ခပ်လေး…ခပ်တင်းတင်းလေးဖြစ်လာအောင်စိတ်နဲ့ဆွဲတင်ထားလိုက်… လုပ်ကြည့်…"

ကူးကူးက သူပြောသလို လုပ်ကြည့်၏။

"ဒီလိုလား ဂီဇို့"

"မဟုတ်သေးဘူး မျက်ခုံးကြီးအပေါ်တက်သွားတယ်…မျက်စေ့လည်း…သွားတယ်၊အပြင်ကမျက်ခုံးနဲ့မျက်လုံးတွေရဲ့အနေအထားဘာမှ မပြောင်း…လေးဟာ… အပြင်ကမျက်လုံးတွေ မျက်ခုံးတွေကို ပုံသေပဲထားလိုက်…မျက်ခုံးနဲ့ မျက်လုံးအစပ်ရဲ့ အောက်နားလေးက အာရုံကြောလေးတွေကို…ဆွဲတင်းခိုင်းတာ…"

www.burmeseclassic.com

www.burmeseclassic.com



"အပြင်ကပါဘာတွေ လှုပ်ရှားမှုမရှိဘဲ ဘာထူးမှာမို့လို့လဲကိုဦးရာ… နှင်ပြ… သလို လုပ်လို့ရတယ်ပဲထားပါဦး။ ငါအဲဒီလိုလုပ်တာကို နှင်ဘယ်လိုလုပ်… သိနိုင်မှာလဲ"

"သိပ်သိတာပေါ့ဟ…ငါပြောသလိုနှင်တကယ်လုပ်တယ်ဆိုရင်… မျက်လုံးတွေရဲ့ အကြည့်တွေကထူးထူးခြားခြားကိုပြောင်းလဲသွားမှာ…သာ… ကြည့်တဲ့အကြည့်နဲ့ ညှိပြီးကြည့်တဲ့အကြည့် တူကိုမတူဘူး… သိကိုသိ… တယ်။ ငါပြောသလိုသာ ကြည့်တတ်အောင် ကြည့်စမ်းပါ… ချက်ချ… သိတယ်"

"ကောင်းပြီလေ လုပ်ကြည့်မယ်။ ဒီလိုလား…"

"ဟင့်အင်း မဟုတ်သေးဘူး…"

"ဒါဆို ဒီလိုလား…"

"ဟင့်အင်း…"

"ငါလုပ်တတ်တော့ဘူးဟာ…နှင်ဖြစ်စေချင်တာ ငါသဘောကိုမပေါ… ဘူး"

"ကုစ်!…မိကူးရာ နှင်ငါပြောတာကိုသဘောမပေါက်တာဟ… သေချာနားထောင် ငါအသေးစိတ်ပြောပြမယ်။ နှင်ရဲ့မျက်ခုံးအောက်နားနဲ့… လုံးအပြင်ဘက်ရဲ့ အစပ်နားက အရေပြားလေးရဲ့အောက်မှာ အလွှာပါးပါး… တစ်ခု ရှိနေတယ်လို့သဘောထားပြီးနှင်စိတ်ထဲမှာမြင်အောင်ကြည့်လိုက်… ပြီးရင်နှင့်ရဲ့ စိတ်ထဲကနေ မျက်ခုံးလေးကိုသင့် ချီထားတယ်လို့ သတ်မှတ်… ကဲ…အာရုံယူပြီးတွေးကြည့်လိုက်စမ်း…မျက်ခုံးနားက အရေပြား… အောက်နားမှာ၊ မျက်ဝန်းအစင်က အရေပြားလေးရဲ့အောက်နားမှာ၊ … ပါးပါးလေးတစ်ခုရှိနေတယ်… အဲဒီအလွှာပါးပါးလေးက နှင့်ရဲ့မျက်ခုံး… ဝန်းအစပ်နေရာလေးတွေကို ဆက်သွယ်ထားတယ်…ဟုတ်ပြီနော်…"

ကူးကူးကသူပြောတဲ့အတိုင်း နေခဲ့ကလေးတွေးပြီး မြင်ယောင်… ၏။



"မြင်ပြီလား… မြင်လာပြီလား…"

"အင်း… မြင်သလိုလိုပဲ ကိုဖို…"

"မြင်လာရင်ထင်ရှားအောင် စိတ်ကိုစုစည်းပြီးကြည့်လိုက်… နှင့်စိတ်ထဲမှာ …င်လာပြီဆိုရင် အဲဒီအလွှာပါးပါးလေးကို စိတ်ထဲကနေ ဆွဲရှုံ့ပစ်လိုက်စမ်း။ …ရှမ်းကြီးလည်းမဟုတ်ဘူး…ခပ်တင်းတင်းလေးဖြစ်လာတယ်ဆိုရုံလေးပဲ။ …အခါကျရင် မျက်ခုံးနဲ့ မျက်ခမ်းတွေရဲ့အစပ်နေရာလေးတွေမှာခပ်တင်း …င်းအရသာလေး ခံစားလာရလိမ့်မယ်…အဲဒါညှို့တတ်ပဲ၊ လူတစ်ဖက်သားကို …ဆင်လိုက်တဲ့ညှို့တတ်ပဲ၊ အဲဒီအကြည့်မျိုးကို ခံရတဲ့လူရဲ့အာရုံ တွေဟာ …ယ့်နောက်ကိုပါလာမှာပဲ… အပြင်ကမျက်ခုံးတွေမျက်ခမ်းတွေကဘာမှ …ုပ်ရှားဘူးနော်…အာရုံယူကြည့်စမ်း။ အရေးကြီးဆုံးကစိတ်ပဲ စိတ်ကိုငြိမ်နေ …ာင်ထားရမယ်။အဲဒီလိုခပ်တင်းတင်းခပ်လေးလေး ခံစားနေရပြီဆိုရင် နှင့်ရဲ့ …က်လုံးတွေထဲက နေကြိုးမျှင်လေးတွေထွက်လာပြီး နှင့်ကို ကြည့်နေတဲ့ …တွေရဲ့ စိတ်အာရုံတွေကို၊ သူတို့ရဲ့ ခံစားချက်တွေကို ချည်နှောင်ထားတယ်လို့ …ဘာထားလိုက်ရမယ်။ ပြီးရင်စောစောက ငါပြောတဲ့ အလွှာပါးပါးလေး …တင်းအားနဲ့၊ ဆွဲအားနဲ့၊ သူတို့ရဲ့စိတ်တွေကို နှင့်အပေါ်မှာ တိမ်းညွတ်လာ …ာင်ဆွဲယူပစ်လိုက်တယ်လို့ နှလုံးသွင်းထားရမယ်။ငါပြောတာ သဘော …က်လား။အဲဒီလိုအကြည့်တွေနဲ့ အဲဒီလိုမျက်ဝန်းတွေနဲ့ကြည့်ရမှာ… အဲဒါ …မျက်ဝန်းတွေပဲ ညှို့ငင်တဲ့အကြည့်တွေပဲ။ အဲဒီအကြည့်တွေမှာ အသက်ပါ …ယ် ညှို့တတ်တွေပါတယ်…"

ကူးကူးစိတ်ထဲမှာ သူပြောနေတာတွေကို တဖြည်းဖြည်းသဘောပေါက် …၏။

သဘောပေါက်တဲ့အတိုင်း သေသေချာချာလုပ်ကြည့်တဲ့အခါ မျက်ခုံးနဲ့ …ဝန်းအပြင်ဘက် အစပ်လေးတွေမှာ ခပ်တင်းတင်းလေးဖြစ်လာသည့် …သာမျိုးကို ခံစားလာရ၏။

အင်း …နှုတ်ခမ်းတွေမှာလည်း အပြုံးတတ်ကိုထည့်ရဦးမယ်…

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်…ကိုယ့်ဘာသာပဲသိတယ်။ မျက်နှာမှာခံစားလာ…အာရုံတွေ စောစောကနဲ့မတူတော့ဘူး… အဓိပ္ပါယ်တစ်ခုခုရှိလာသလို…

အဲဒါအသက်စေတ်ဆိုတာဖြစ်မယ်။ ဟုတ်တယ်ဒါဟာညို့…ခဲ့မယ်…

"ဒီလိုလား ဂီဇို…"

ပြောရင်းသူ့ရှေ့တည့်တည့်မှာရပ်ပြီး အဲဒီအကြည့်တွေနဲ့ခပ်စူးစူးကြည့်ပစ်လိုက်တော့သည်။

❀ ❀ ❀ ❀ ❀

သဘောပေါက်…အောင် နားလည်အောင်ဘယ်လိုစကားလုံးတွေနဲ့မှန်းမသိဖြစ်နေတဲ့အချိန်မှာ …သူမကရှေ့တည့်တည့်မှာလာပြီးရပ်၏။ တို့…သူမရဲ့မျက်ဝန်းတွေနဲ့ စူးစူးစိုက်စိုက်ကြည့်လာ၏။

ထိတ်လန့်အံ့သြစွာမြင်လိုက်ရတာက …သူမမျက်ဝန်းတွေမှာ ပြ…နေတဲ့ညို့စေတ်တွေ… အသက်စေတ်တွေ…ဘုရား… ဘုရား …

ရင်ထဲမှာလှိုက်ကနဲဖြစ်သွား၏။

ဟာကနဲဖြစ်သွား၏။

တစ်စုံတစ်ရာဟာ ကျွန်တော်ရင်ထဲကိုအရှိန်အဟုန်နဲ့တိုးဝှေ့ဝင်ရောက်ပြီး… ရှိုက်သမျှ အားအင်တို့ကို ရုတ်ချည်းပူဆောင်ကာ လျှင်မြန်စွာ ပြန်ထွက်ခွာသွားသလို ရုတ်တရက် လှုပ်ကနဲ… နုံးကနဲ…ခံစားလိုက်ရလေ…

အဲဒီတစ်စုံတစ်ရာဟာ တဖျတ်ဖျတ်ခါနေသောအမောစေတ်…တချို့ကို (ခြေရာအဖြစ်) ရင်ထဲနေရာအနှံ့ပက်ကြဲ ချန်ရစ်တတ်တာကို…သတိထားမိတော့သည်။

အဲဒီတစ်စုံတစ်ရာရဲ့ဆောင့်ဝင်လာတဲ့အရှိန်နဲ့ ဆောင့်ပြီးပြန်ထွက်…အရှိန်တို့က နှလုံးအိမ်ကို ဦးတည်ရိုက်ခတ်ကြရာ… ရင်ခုန်သံတွေ ပ…ဖြစ်ပေါ်လာ၏။



ထူးဆန်းလိုက်တာ… အဲဒီခံစားချက်တွေအားလုံးကိုဝေဖန်ပိုင်းခြားတတ်တဲ့ဦးနှောက်ကလည်း နှစ်သက်နေပြန်တယ်…

"မိကူး… နင်… နင်…ငါ့ကိုအဲဒီလိုမကြည့်နဲ့…"

"ဘာလဲ… ငါကြည့်တာမဟုတ်ပြန်ဘူးလား။ဟဲ့ဂီဇို…နင်ဘယ်လိုကြီးဖြစ်သွားတာလဲ… နင့်မျက်နှာကြီးဖျော့ကျသွားသလိုပဲ"

မိကူးရယ်…နင့်အကြည့်တွေ ညို့အားပြင်းလှချေလား…

ဒီလိုဘာ ခဏခဏအကြည့်ခံရရင်…ငါ ရွှေးရချေရဲ့ မိကူးရယ်…

ကြည့်ပါဦးဟာ…ငါ့နှလုံးသားတွေ တဆတ်ဆတ်ခါနေကြတယ်…

ခါတ်ဘိုင်နားမှာ ချထားတဲ့ရေဘူးလေးကိုကောက်ယူပြီးမော့သောက်ပစ်လိုက်ရ၏။

"ဟဲ့ဂီဇို…ငါကြည့်တာမဟုတ်သေးဘူးလား…ဒါဆိုဘယ်လို ကြည့်ရမလဲ"

ပခုံးကိုပုတ်ပြီးမေး၏။

ပါးစပ်ထဲက ရေတွေကိုမြန်မြန်မြိုချပစ်လိုက်ရလေသည်။

"အိုကေ… မိကူး… အဲဒီအကြည့်ပဲ ကွက်တိပဲ…"

"ဟင် !.. ဟုတ်လား။ဒါဆိုငါကြည့်တတ်ပြီပေါ့"

"အင်း… အင်းကြည့်တတ်ပြီ ကြည့်တတ်ပြီ…"

"ဟယ်…ဝမ်းသာလိုက်တာဂီဇိုရယ်… နင်ပြောသလို ညို့ပြီးကြည့်လိုက်တာကို နင်သိတယ်ပေါ့..ဟုတ်လား ဂီဇို"

"အင်း… အင်း…သိတယ်။သိသာတယ်…အဲဒီအကြည့်ပဲ"

"ဒါဆို အဲဒီလိုဖြစ်အောင် ဘယ်လိုကြည့်ရမယ်ဆိုတာ ငါကောင်းကောင်း…သွားပြီ။ဒီမှာကြည့်စမ်း.. ငါပြန်လုပ်ပြမယ် …"

"ဟိုး… ဟိုး… ရပြီ။ နင်မှတ်မိဟယ်ဆို ပြီးတာပဲ ပြိုင်ပွဲမှာနင်ကြည့်…မယ့် အကြည့်က အဲဒီအကြည့်ပဲ။ မှတ်မိတယ်မဟုတ်လား"

"မှတ်မိတယ်ဂီဇို.. ဒီအတွက်နင်လုံးဝမပူနဲ့တော့…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ..အဲဒီအကြည့်တွေနဲ့..အရှတ်ပေးတဲ့နေရာမှာထိုင်နေတဲ့လူ... ပရိတ်သတ်တွေကို တစ်ယောက်ချင်းခွဲပြီးကြည့်သွားရမယ်။ မျက်လုံး တွေ... မကစားဘူးနော်.. အကြည့်ရဲ့နောက်ကိုခေါင်းလေးကမသိမသာလိုက်သွား... နင်သဘောပေါက်ရဲ့လားမိကျူး။ အဲဒီလိုကြည့်ပြီး ပို့စ်(Pose) လုပ်ရ... နော်..သတိထား ပို့(စ်)ကသုံးမျိုးဆိုတော့သုံးခါကြည့်ရမှာ။မှာမိကြီးလုပ်ပြ... ပို့(စ်)တွေမှတ်မိတယ်နော်"

"မှတ်မိပါတယ်..ပို့(စ်)လုပ်တာက လွယ်ပါတယ်။ မခက်ဘူး"

"ဒါဆိုလည်းပြီးရော။ စင်ပေါ်မှာ နင်လျှောက်လာရင် ပန်ကာတွေ... ထားမှာ ပန်ကာလေကြောင့် နင့်ရဲ့ဆံပင်တွေ နင်ဝတ်ထားတဲ့ဝတ်စုံက အနား... နဲ့ပုဝါစတွေက လေထဲမှာလွင့်နေမှာ..ပန်ကာနားကိုတအားကြီးကပ်မရပ် မိ... ပန်ကာနဲ့ကွယ်ပြီးနင့်ကို မမြင်ရပဲဖြစ်သွားဦးမယ်..."

"အေးပါ...နင်ပြောတာတွေ ငါမှတ်ထားပါတယ်..."

"ကဲ...ဒါဆိုလည်း အစကနေအဆုံးအထိလုပ်ပြစမ်း။နင့်ကို... သုံးနေရာကနေပြောင်းပြီးကြည့်မယ်..."

မိကျူးက.. အစနေရာအထိပြန်လျှောက်သွားဖေါ်၊

မကြာခင်မှာပဲ မိကျူးလျှောက်လာတော့မည်...

ရှိရှိသမျှအင်အားတွေကိုစုစည်းပြီး သူမရဲ့အကြည့်တွေကိုရင်ဆိုင်... ကြံ့ကြံ့ခံနိုင်ဖို့ အသင့်ပြင်ထားလိုက်ရသည်။

စိတ်ကိုတင်းထားသည့်ကြားက သူမရဲ့အကြည့်တွေကိုသုံးခါ... ခံလိုက်ရပြီးတဲ့အခါ အားအင်ဟူသမျှမကျန်တော့လောက်အောင် နုံးလျ... တော့သည်။

"ရပြီလားဂိုဇီ..ဒီလောက်ဆိုရပြီလားဟင်..."

မြေကြီးပေါ်ထိုင်ချလိုက်ရတဲ့အထိ ဖြစ်နေတာကို အလိုက်မသိစွာ မေး... ပြန်၏။

"ဟဲ့...ဂိုဇီ၊ ရပြီလားလို့ မေးနေတယ်လေ..."



"ရပါပြီမိကျူးရယ်.. ရလောက်ပါပြီ..."

"မောလိုက်တာဟာယ်... ချွေးတောင်ပြန်တယ်။ နေပါဦးဂိုဇီရဲ့.. နင် ...ပညာတွေကို ဘယ်တုန်းက သင်လိုက်လို့ တတ်နေရတာလဲ။ နင် သိပ်တော်နေ ...လား ဂိုဇီ..နင်ဟာငါ့မျက်လုံးတွေရဲ့ ဆရာပဲ..ငါအံ့သြတယ်သိလား"

"နင်သင်လို့တတ်တာပေါ့မိကျူး..."

"ဘယ်လို... ဘယ်လို"

"ကဲပါ... ဒီလောက်ဆိုရပြီ။ ငါပြန်အိပ်တော့မယ် နင်လည်းအိပ်တော့"

"ဟဲ့... နေပါဦး။ ဘယ်လိုဖြစ်တာလဲမြန်မြန်စားကြီး..ဒီမှာငါထပ်ကျင့် ...လို့..ကြည့်ပေးဦး..."

"ငါအရမ်းနုံးနေပြီမိကျူးရာ..စိတ်ပင်ပန်းတာကလူပင်ပန်းတာထက် ...းတယ်ဟာ..နင့်ဘာသာပဲကျင့်နေခဲ့တော့။မနက်ဖန်ဝတ်စုံတွေရမယ်... ...းဝတ်ကြည့်ပြီး လိုအပ်ရင်ပြန်ပြင်ရဦးမယ်... ငါသွားပြီ"

ဘဒိန်းဒိန်းလှုပ်ခါနေတဲ့ရင်တွေကိုထိန်းရင်းအိမ်ထဲရောက်အောင် ...းစားပမ်းစားပြန်လာခဲ့ရ၏။

မိကျူးကို တစ်ချက်မျှ လှည့်မကြည့်ခဲ့တော့...

သူမနားမှာဆက်နေဖို့ ဘယ်လိုမှမဖြစ်တော့ဘူးဆိုတာ ကိုယ့်ကိုယ် ...ယ်အသိဆုံး...

"နင်ဒီပညာတွေကို ဘယ်တုန်းက သင်လိုက်လို့တတ်နေရတာလဲ"...

...

သူမရဲ့ အမေးစကား...

နင်သင်လို့တတ်တာပေါ့ မိကျူး။ နင့်ကြောင့်တတ်သွားခဲ့ရတယ်ဆိုရင် ...မှာမဟုတ်ဘူးနော်၊ ဒါတွေအားလုံးဟာ နင့်ရဲ့အလှတွေကို တစိမ့်စိမ့် ...တမ်းခံစားနေခဲ့မိတဲ့ စိတ်ကူးယဉ်အိပ်မက်တွေထဲက ပုံရိပ်တွေပါမိကျူး

www.burmeseclassic.com

www.burmeseclassic.com



ရယ်..ဒါဟာပညာတစ်ခုမဟုတ်ပါဘူး။ နင်မဟုတ်တဲ့ တခြားတစ်ယောက် အတွက် ငါ့မှာ ဘာအိုင်ဒီယာ (Idea)မှ မရှိပါဘူး မိကူး...

ငါရူးတော့မယ်ထင်ပါရဲ့ဟာ... ...

❀ ❀ ❀ ❀ ❀

( * )

မာမိကြီးပေးလိုက်တဲ့ထိုင်ခုံနေရာကိုရောက်တော့ မိကူးတို့အစီစဉ်ကို ကြေငြာပြီးနေပြီဖြစ်သည်။

နေရာက VIP တန်းမို့ မော်ဒယ်လျှောက်ကြမည့်ခင်းမြင့်ကို ရှင်းရှင်း လင်းလင်းမြင်နေရ၏။

မိကူးကို လိုအပ်တာတွေမှာနေရတာမို့ ရှေ့ပိုင်းအစီအစဉ်တွေကိုမပါ လိုက်တော့...

ရှေ့ပိုင်းအစီအစဉ်တွေမှာအမျိုးသားတွေ Model ရွေးချယ်ခြင်းနှင့် နှစ်ယောက်တွဲ မင်္ဂလာဝတ်စုံဖက်ရှင်ပြိုင်ပွဲအစီအစဉ်လည်းပါ၏။

အရှေ့တိုင်းနှင့်အနောက်တိုင်းယဉ်ကျေးမှုအကအခုန်ဖျော်ဖြေတင် ဆက်သည့်အစီအစဉ်တွေလည်းပါ၏။

ကြိုက်နှစ်သက်သောအဆိုတော်အချို့ရဲ့ အစီအစဉ်တွေလွတ်သွားတာ ကို စိတ်ထဲမှာဘယ်လိုမှမနေ...

မိကူးအဆင်မပြေပါ့မလား... ဆိုတဲ့ စိုးရိမ်စိတ်တွေသာ ရင်ထဲမှာငြိ စိုးနေ၏။

အခုအစီအစဉ်က ကာယအလှမယ်ရွေးချယ်မည့်အစီအစဉ်ဖြစ်သည်။



ဒီအစီအစဉ်မှာလည်း မိကူးက ဆင်စွယ်ရောင်ဝတ်စုံကိုပဲဝတ်မည်။ ဝင်ဝတ်စုံနှစ်ခုရဲ့အရောင်အသွေးတူညီမှုက မိကူးကိုလူတွေထူးခြားစွာ တားမိစေမည်ဟုတွေးမိသဖြင့် ထိုသို့ရွေးချယ်ဝတ်ဆင်စေခဲ့ခြင်းဖြစ်သည်။ ထိုအစီအစဉ်အတွက် ပြိုင်ပွဲဝင်ကိုယ်ဟန်ပြကွက်တွေကိုတော့မာမိ ကြီးနဲ့ ဝင်းလေးကတို့အဖွဲ့က ကြိုးစားပမ်းစားသင်ပေးခဲ့ကြ၏။

ဒီအစီအစဉ် နည်းနည်းစိုးရိမ်ရသည်။

ဒေါက်ပါသောဖိနပ်ကို တစ်ခါမျှ မစီးခဲ့ဖူးသော မိကူး... ဒီအစီအစဉ် က် ဖိနပ်စီးပြီး လမ်းလျှောက်ကျင့်ချိန်ကောင်းကောင်းမရခဲ့...

မိကူးထွက်လာတော့ ခြေထောက်ကိုပဲ စိုးရိမ်စွာ လိုက်ကြည့်နေမိတော့

ဘယ်အချိန်မှာခြေခေါက်ပြီးလဲလိုက်မလဲ...

ဘယ်အချိန်မှာ ဟန်ချက်ပျက်ပြီးလဲလိုက်မလဲနဲ့ တထိတ်ထိတ်ဖြစ်နေ ူမရဲ့ရှေ့တွင်နှင့် အပေါ်ပိုင်းအလှတွေကိုသေသေချာချာကြည့်ဖြစ်တော့... ထိုင်ခုံနှင့်တန်းလောက်ပဲရှိတာမို့ စင်မြင့်တစ်ခုလုံးကိုထင်ထင်ရှားရှား နေသည်။

အရေးထဲ...ကျွန်တော့်ရှေ့တည့်တည့်ခုံမှလူက ကင်မရာ(Camera) ုံးဖြင့် ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ယူနေသေးသည်။

ထိုင်လိုက်ထလိုက် ကုန်းလိုက်ကွလိုက်ဖြစ်နေသော အဲဒီလူရဲ့ခန္ဓာ ဂ ...မြင်ကွင်းကိုလာလာကွယ်နေသဖြင့် သူ့ကိုရှောင်ပြီးကြည့်နေရပြန်

လက်ခုပ်သံတွေကြားမှ မိကူးရဲ့ခန္ဓာကိုယ်အပေါ်ပိုင်းနဲ့ မျက်နှာလေးကို ကြည့်ဖြစ်၏။

ပေါက်နှစ်ဖက်ကို ကုပ်ပိုးအောက်နားမှာပင့်တင်ထားတဲ့ ခပ်ကော့ကော့ ရာကို ကျွန်တော်သိပ်သဘောမကျ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပြကွက်မျိုးကမှ ခန္ဓာကိုယ်ရဲ့အရိုးအဆစ်တွေပေါ်ရ...သားရဲ..." ဟု မာမီကြီးက ပြောခဲ့ဖူးသည်။

ထိုအစီအစဉ်အတွက် ရယ်ပြဖို့လိုသည်ဟုလည်းပြောခဲ့သေးသည်။

မဆိုးပါဘူး။ လှတော့လှပါတယ်...

ထိုစဉ်မှာပဲ...လက်ခုပ်သံတွေနဲ့အတူ မထင်မှတ်တဲ့မှားယွင်းမှုက ဖြစ်...သွားခဲ့လေသည်။

ကုပ်ပိုးနောက်နားမှာ ရှုရှုလေး ပင့်တင်ထားတဲ့လက်ချောင်း...တွေကိုပြန်အချမှာ နောက်တွဲခံထုံးလိုထုံးဖွဲ့ထားတဲ့မိကျူးဆံပင်တွေ ဖျေ...ပြေကျသွားခြင်းဖြစ်သည်။

ပိုးသားလိုဆံပင်နက်နက်စင်းစင်းတွေ အိကနဲပြေကျတဲ့အခါ...

မိကျူးခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံးကို ဆံပင်တွေမဲမှောင်စွာ ဖုံးအုပ်...ခြင်းနှင့်အတူ... ဆံညှပ်များကလစ်များတစ်ခုပြီးတစ်ခု စင်မြင့်ပေါ်သို့ပြု...သွားလေတော့သည်။

"ဟာ! ..."

အမေဋ္ဌိတ်သံတွေကို ဒီကနဲကြားလိုက်ရတဲ့အခါ မျက်လုံးတွေကို ...ထားလိုက်မိတော့သည်။ နောက်ဆုံးမြင်လိုက်မိတာက ဟန်ချက်ပျ...ယိမ်းယိုင်သွားတဲ့ မိကျူးရဲ့ခန္ဓာကိုယ်ဖြစ်၏။

မဖွင့်ရဲ...

မျက်လုံးတွေကို တော်တော်နှင့် ပြန်မဖွင့်ရဲ...

အဲဒီမြင်ကွင်းကို ကျွန်တော် မကြည့်ရဲဘူး။

"ဖြစ်မှ ဖြစ်ရတယ် မိကျူးရယ်..."

"တောက်!..ဘယ်လိုဖြစ်တာလဲ.. ကျိန်းသေပေါက်ဖော့(စ်)...ချိတ်နိုင်တယ်။ တော်တော်လေးကို ရုပ်ပျက်သွားတာပဲ.. ဆိုးဘယ်ကျ...

အဲဒါ... ခေတ်ပုံတွေရိုက်ယူနေတဲ့ ရှေ့ကလူရေရွှတ်လိုက်...မယ်...



မျက်လုံးတွေပြန်ဖွင့်လိုက်တဲ့အချိန်ကျတော့ စင်ပေါ်မှာ မိကျူးမရှိ တော့...

...ပွဲကြည့်လူတွေ ကိုယ်ဟန်ပြနေကြပြီ...

မိကျူးရှိရာ စင်မြင့်ရဲ့နောက်က ယောခန်းထဲသို့ ပြေးဝင်လာခဲ့မိတော့သည်။

"ဘယ်လိုဖြစ်သွားတာလဲမသိပါဘူး ဂီဇိုရယ်...ငါရှက်လိုက်တာဟာ"

ကျူးကျူးက သူ့ကိုမြင်မြင်ချင်း ဆီးပြော၏။

"နင်...နင်တော်တော်လေး ရုပ်ပျက်သွားတယ်မိကျူး။ ဆံပင်တွေက...ျက်နှာကိုပါ ကွယ်သွားတာ..."

"တောက်... ဒီလက်စွပ်ကြောင့်ဖြစ်ရတာ... သွား!.. အသုံးမကျ...ဘူး..."

စရင်လက်စွပ်သေးသေးလေးက ကြမ်းပြင်နှင့် အရှိန်ပြင်းစွာ ထိတွေ့...ပြီး ခပ်ဝေးဝေးအထိလွင့်စင်သွားတော့သည်။

ဘုရား...ဘုရား...အဲဒါ မနေ့ကမှဝယ်လာခဲ့တဲ့လက်စွပ်လေး...ဒါးသောင်းတောင်ပေးခဲ့ရတာ။... အဲဒီလက်စွပ်ကြောင့်တဲ့...

မာမီကြီးက လက်စွပ်လေးကို ပြန်ကောက်လာ၏။

"မာမီရာ...ဆံပင်ကို သေချာထုံးမပေးလိုက်ဘူးလားဗျာ..."

"ဟယ်...သားရယ်...မာမီသေချာထုံးပေးလိုက်တာပါ... သူ့ဆံပင်...တွေက လျှောနေတာဆိုတော့ ထုံးရတာမလွယ်ဘူး။ ကလစ်တွေ ပြန်ပြန်ကျွတ်...နေလို့ မနည်းကိုလုပ်ပေးလိုက်ရတာ။ ပြီးတော့ ဆံပင်တွေက အများ ကြီးသားရဲ့...ခေါက်လက်စွပ်လေးဆိုတော့ ဟာ,နေတဲ့အစွန်းနဲ့ ငြိသွားတာနေမှာပေါ့ မာမီ...သက်တမ်းမှာ ဒါမျိုးတစ်ခါမှမဖြစ်ဖူးဘူး။ နောက်ထပ်ပြိုင်ပွဲရှိနေ သေးတာဆိုတော့...ကော်လည်းသိပ်မသုံးရဲဘူးလေ...မာမီစိတ်မကောင်းလိုက်တာ ဂီဇိုရယ်...ရော့... ရော့လက်စွပ်လေးပြန်သိမ်းထားလိုက်ဦး..."

"မာမီပဲ ယူလိုက်တော့ဗျာ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…မဟုတ်တာ…ရှေ့ပါသွားရယ်"

"ယူဆိုယူလိုက်တော့ဗျာ… ကျွန်တော့်ကိုလာပေးရင် လှည့်ပစ်လိုက်မှာ ကကယ်ပြောတာ… မာမီကိုကို ကန်တော့တယ်လို့ပဲ မှတ်လိုက်တော့…"

မိကူးက အံတကြိတ်ကြိတ်နှင့် ရှိ၏။

ကဲ…ရှိစေတော့…

"မိကူး နင်ဒေါ်သတွေထွက်မနေနဲ့တော့။ နောက်အစီအစဉ်ကျန်သေးတယ်… ရေသောက်လိုက်ဦး၊ စိတ်ကိုလျှော့ချလိုက်စမ်းမိကူး နင့်စိတ်တွေကို အေးအေးဆေးဆေးဖြစ်အောင်ကြိုးစားစမ်း…စိတ်တည်ငြိမ်မှ အကောင်းဆုံးဖြစ်မှာ…"

အသင့်ဝယ်ထားတဲ့ 100 PLUS တစ်ဘူးဖောက်ပြီး သူမလက်ထဲထည့်ပေးလိုက်ရသည်။

"အေးအေး… ငါသိတယ်ဂီဂီ…"

သူမက 100 PLUS တစ်ကျိုက်နှစ်ကျိုက်ခန့် မော့်ပြီး မျက်လုံးလေးတွေမှိတ်ထားလိုက်၏။

စိတ်တည်ငြိမ်မှုရအောင်ကြိုးစားနေခြင်းဟု နားလည်လိုက်သည်။ မျက်ရည်ကျတာတွေ ငိုတာတွေ မဖြစ်တာကိုတော့ ချီးကျူးတင်နေသေးသည်။

"မိကူး… ငါပြောတာတွေကိုသေချာနားထောင်၊ နင့်စိတ်တွေကိုပျော့ပျော့ပျောင်းပျောင်းလေးထား…စောစောကဖြစ်ခဲ့တာတွေ ခေါင်းထဲကထုတ်ပစ်လိုက်တော့… အာရုံတွေကိုစုစည်းပြီး နောက်အစီအစဉ်အတွက်ဘာတွေလုပ်ရမယ်ဆိုတာ ခေါင်းထဲမှာကစ်ခုချင်းစဉ်ထားစမ်း…"

"ဟုတ်တယ်…သမီးစိတ်ကိုအေးအေးဆေးဆေးထားလိုက်တော့။ နောက်အစီအစဉ်အတွက် အားသစ်မွေးထားနော် သမီးလေး။ သောက်လိုက်ဦး အအေးလေးသောက်လိုက်ဦး ရင်ထဲမှာငြိမ်သွားအောင်လို့…"

"ဟုတ်ကဲ့ မာမီ…"

"နောက်အစီအစဉ်အတွက် အသင့်ပြင်ထားလိုက်တော့ မာမီ…"



"ရယ်ဒီ (Ready)ပဲ ဂီဂီ။ ဘာမီဘက်က အသင့်ပဲ…"

"မိကူး အိုကေတယ်နော်"

သူမလက်ကလေးကို ခပ်တင်းတင်းဆုပ်ပြီး အားပေးလိုက်သည်။

"စိတ်ချ…ဂီဂီ ငါအစွမ်းကုန် ကြိုးစားမယ်။ ငါ့ဆုဘာစ်ခုခုတော့ ရိုက်ရမယ်…"

"မိကူး လမ်းလျှောက်ရင် ကခြေဝင့်တည်းကြီး မလျှောက်ဘူးနော်… …းလုံးနဲ့လိုက်အောင် မသိမသာလေးငွေ့ဝိုက်ပြီး လျှောက်ရမယ်လို့ မာမီ …သင်ပေးထားတာ မမေ့နဲ့ဦး…"

"စိတ်ချဂီဂီ၊ ငါမှတ်မိတယ်…"

"ဒါဆိုငါသွားမယ်မိကူး Good Luck …. ဘြော… မာမီ.. အားလုံး …ယူမယ်နော်"

"စိတ်ချသား။ မာမီ့ဘက်ကဘာလိုအပ်ချက်မှမရှိစေရဘူး…စိတ်ချ"

"အိုကေ…ဒါဆိုကျွန်တော်သွားပြီ…"

ထိုင်ခုံမှာပြန်ထိုင်လိုက်တဲ့အချိန်အထိ ကာယအလှမယ်ရွေးချယ်ကဲ့ …စဉ်မပြီးသေး…

တစ်ယောက်ပြီး တစ်ယောက်ကိုယ် ဟန်ပြနေကြဆဲ…

အစီအစဉ်ပြီးသွားတော့…အကအဖွဲ့သုံးလေးဖွဲ့ ဖျော်ဖြေတင်ဆက်ကြပြန်… …သန်းပြားလှတဲ့ဇာကွက်တွေနဲ့ တင်ဆက်သွားကြတဲ့ မြန်မာ့အကအဖွဲ့ …ခဲ့အကအဖွဲ့တွေမှာ စိတ်မရောက်…

မိကူးအတွက်အားရိုမ်လှုပ်နေတဲ့စိတ်တွေကြောင့် ဂဏှာမငြိမ်ဖြစ်နေ၏။

"မိကူး အစဉ်အဆင်ပြေပါစေ…အမှားအယွင်းမဖြစ်ပါစေနဲ့…"

ဟု နေ့ဘားတာစ်းဆုတောင်းရင်း…ထိုင်ရမလို ထရမလို၊ ထပြေးချင်သလို …ဖြစ်နေ၏။

…အကအဖွဲ့တွေရဲ့ ဖျော်ဖြေတင်ဆက်တဲ့အစီအစဉ်ပြီးတော့ Soul ကမ္ဘာ… …လုပ်တဲ့ အလှကုန်ပစ္စည်းတွေကြော်ငြာခြင်း အစီအစဉ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စည်းတစ်မျိုးချင်းစီရဲ့ အစည်အဆွေးတွေ အကျိုးအနိုသင်တွေ အ... စိတ်ရှင်းပြနေတာကိုလည်း စိတ်ဝင်စားလို့ရ...

ထိုအစီအစဉ်ပြီးမှ ဖက်ရှင်ပြိုင်ပွဲရဲ့အစီအစဉ်ကို ကြေငြာ၏။ ဒီအစီ... မှာ Miss Fashion ဆုအပြင် တခြားဆုတွေကိုလည်း တစ်ပါတည်း... ဖြတ်ရွေးချယ်ကြမှာဖြစ်သည်။

ပရိတ်သတ်တွေရဲ့ စိတ်အဝင်စားဆုံး အစီအစဉ်လည်းဖြစ်၏။

အစီအစဉ်ကြေငြာပြီးသည်နှင့် ခန်းမကြီးတစ်ခုလုံး မီးမှောင်ကျသွား... ပင်မစင်မြင့်နဲ့ (Stage) နှင့် ပရိတ်သတ်တွေကြားထဲအထိ ထုတ်ထား... လျှောက်လမ်း စင်မြင့်ခုံပေါ်မှာ စပေါ့လိုက် (Spot Light) တစ်ခုက နေရာ... ရွေ့လျားနေ၏။

ထို့နောက် ပြိုင်ကြိုင်ဆိုင်ဆိုင်ရှိလှသောအဖွင့်ဂီတအတီးလုံး (Mi... Impossible II ဇာတ်ကားထဲမှ ဓာတ်ဝင်အတီးလုံး/ နေပြည်တော်ရုံရှ ... အဖွင့်အတီးလုံး) နှင့်အတူ ပင်မ Stage ရဲ့နောက်နားမှာ Projection Sc... အဖြူရောင်ကြီးတစ်ခု ဆင်းသက်လာ၏။

ခဏနေတော့ အဲဒီ Projection Screen ကြီးပေါ်မှာထင်ဟပ်လာတဲ့ ပုံ... တွေကြောင့် လခြမ်းကွေးကွေးကြီးနှင့် ကြယ်တွေတဖျတ်ဖျတ်လင်းလာ... သော ကောင်းကင်ကြီးတစ်ခုဖြစ်သွားတော့သည်။

တန်ပြိုင်တည်းမှာပင် Soul ကုမ္ပဏီမှ ထုတ်လုပ်သည့် အလှကုန်ပစ္စ... တွေကလည်း ပင်မစင်မြင့်ခုံကြီးရဲ့တစ်ဖက်တစ်ချက်မှာ ရှိနေတဲ့ ... ခြောက်ဆယ်ခန့်ရှိ Projection TV ကြီးနှစ်လုံးမှာ တစ်ခုပြီးတစ်ခုပေါ်လာ... ၏။ တပြိုင်တည်းမှာပင် စင်မြင့်တစ်ခုလုံးပေါ်သို့ ရောင်စုံဆပ်ပြာပူဖောင်း... တဖြေးဖြေးသက်ဆင်းလာပြီး... ပရိတ်သတ်တွေထဲအထိ ရောက်ရှိ... နေကြတော့သည်။

ခမ်းနားထည်ဝါ ကြည်တဲ့ Soul ကုမ္ပဏီရဲ့ အဖွင့်အစီအစဉ်ကို ပရိတ်သ... တွေက လက်ခုပ်သံများဖြင့် ဂုဏ်ပြုကြ၏။

အဖွင့်အတီးလုံးက ရိုင်းစိုင်းကြမ်းတမ်းစွာ ဆူပွက်နေဆဲ...



သို့သော် ထိုအတီးလုံးတွေရဲ့တုန်ခါမှုက ကျန်တော့်ရင်ခုန်သံတွေရဲ့ ...ခါမှုကို မှီမည်မထင်...

ထိုရင်ခုန်သံသည် တာအေးပွဲတွေဖြေခဲ့စဉ်က တာမေးပွဲခန်းထဲဝင်ရန် အချက် ...သော ဘဲ(လ်) Bell သံကြောင့် ခံစားခဲ့ရဖူးသောရင်ခုန်သံတွေထက် ...ပေါင်းများစွာသာပါသည်။

နဖူးနှင့် ခန္ဓာကိုယ်အနှံ့ချွေးတို့ ပြိုက်ပြိုက်ထွက်၏။ ခြေဖျားလက်ဖျား ...အေးစက်နေ၏။

မကြာခင်မှာပဲ ဖက်ရှင်မယ်တွေ တစ်ယောက်ပြီး တစ်ယောက်ထွက်လာ ...တော့သည်။

စင်မြင့်ရဲ့ အပေါ်အောက်နဲ့ ဘေးပတ်လည် နေရာအနှံ့မှာ ရှုထောင့်အမျိုးမျိုး ...ချိန်ရွယ်တပ်ဆင်ထားတဲ့ Digital Video Camera တွေက ပြိုင်ပွဲဝင်တွေ ...အလှတရားတွေကို ရှုထောင့်အမျိုးမျိုးမှနေပြီး မှတ်တမ်းတင်နေကြ၏။

Soul ကုမ္ပဏီရဲ့ တင်ဆက်မှုတို့ အင်မတန်သေသပ်လှပပါသည်။ ပြိုင်ပွဲ ...တစ်ယောက်ချင်းစီရဲ့ မျက်နှာနီးကပ်အလှကို Digital Video Camera တွေမှ ...ဆင့်ရယူပြီး Projection TV ကြီးတစ်လုံးမှာ Pause ဖမ်း (ရပ်သေဖမ်း) ...ထား၏။

ထို့နောက် မျက်လုံးတွေရဲ့ အနီးကပ်အလှကို နောက်ထပ် Projec- ...TV ကြီးတစ်လုံးမှာ Pause ဖမ်းပြထားလေသည်။

အနီးကပ်ပုံကြီးချဲ့ ပြထားတဲ့အတွက် အကဲဖြတ်အဖွဲ့နှင့် ပရိသတ်တွေ ...လုံးက ပြိုင်ပွဲဝင်တစ်ယောက်ချင်းစီရဲ့အလှကို ထင်ရှားပြတ်သားစွာ ...နိုင်ကြ၏။

ပြိုင်ပွဲဝင်တစ်ယောက် နောက်ထဲပြန်ဝင်သွားပြီး...နောက်ထပ်တစ် ...ကက် ထွက်မလာခင် ထိုပုံတွေကို ပြသထား၏။

ပုံစံအမျိုးမျိုး ဒီဇိုင်းအမျိုးမျိုးနှင့် ပြိုင်ပွဲဝင်တွေရဲ့အလှတရားတွေကို ...ရှင်း စိတ်တွေလှုပ်ရှားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ခံအတီးလုံး အရှိုးရှိုးနှင့် ကိုယ်ဟန်ပြနေကြတာတွေကို ကြ
မိကူးအတွက် စိုးရိမ်စိတ်တွေ ကြီးထွားလာ၏။

မိကူး သူတို့ကိုကျော်မှ ကျော်နိုင်ပါ့မလား..ဘုရား..ဘုရား...

တထိတ်ထိတ်နဲ့ ကြည့်နေရင်း..အစီအစဉ်ကြေငြာတဲ့အမျိုးသ
'မကူးကူးနိုင် ဖြစ်ပါတယ်' ဆိုတဲ့အသံကိုကြားလိုက်ရတဲ့အချိန်မှာ
ရင်ထဲမှာ မီးလုံးကြီးတစ်ခုပြုတ်ကျလိုက်သလို ခံစားလိုက်ရလေသည်။

ပူကနဲ နေ၏။

ဒုန်းကနဲ နေ၏။

နားထင်မှာ သွေးတို့ တဒိတ်ဒိတ်တိုးကြ၏။

တုန်ရင်လာတဲ့ လက်နှစ်ဖက်ကို ပူးယှက်ပြီးတင်းကျပ်စွာ ဆုပ်
လိုက်မိတော့သည်။

Spot Light မီးက မိကူးထွက်လာမယ့် အပေါက်လေးကို ထိုးပြ
တဲ့အချိန်မှာ ပြိုင်ပွဲဝင်အတီးလုံးသံကို စတင်ကြားရ၏။

ဂျွန်တော်၊ ချွေးပြန်နေပြီ...

"ဒီအတီးလုံးက နည်းနည်းထူးခြားတယ်နော် ငြိမ့်ငြိမ့်လေးပျ"

ရှေ့ထိုင်ခုံမှ ကင်မရာနှင့် လူက သူ့အဖော်ကို ခပ်တိုးတိုးပြော

စမ်းရေစီးသံလေးတွေ သစ်ရွက်ကြွေသံလေးတွေ လေတိုးသံလေး
ကျေးငှက်မြည်သံလေးတွေပါတဲ့ အဲဒီအတီးလုံးကို မိကူးအတွက် စိတ်
ရွေးချယ်ခဲ့တာ...

"အစ်ကိုကြီး ဓာတ်ပုံရိုက်ရင် ငြိမ်ငြိမ်လေးထိုင်ပြီး ရိုက်ပါနော်.. 
တင်ပါတယ်..."

ကင်မရာနှင့်လူကို အသာလေးကပ်ပြီး တောင်းတောင်းပန်ပန်ပြေ

ဟုတ်တယ်... တခြားသူတွေအလှည့်တုန်းကလို ဂျွန်တော့်မြင်
နှောက်ယှက်နေမှာစိုးလို့...



လာပါပြီ...

မိကူးထွက်လာပါပြီ...

လခြမ်းကွေးကွေး ဝါဝါကြီးနဲ့ ကြယ်တွေ တဖျတ်ဖျတ်လက်နေတဲ့
နက်ပြာရောင်ကောင်းကင်ကြီးကို နောက်ခံပြုလို့ သူမလှမ်းလာနေပါပြီ...
ပန်ကာလေရဲ့ အရှိန်ကြောင့် ပျော့ပျော့အိအိဝတ်စုံရှည်နဲ့ ပုဝါစရှည်ရှည်က
လူးလွန့်လို့...

ပိုးသားတွေလို ပျော့စင်းနေတဲ့ ဆံပင်တွေက ဝှေ့ယမ်းလွင့်လို့... ဆင်ဖွယ်
ရောင်ဝတ်စုံနဲ့ နက်ပြာရောင်ပုဝါစတို့ရဲ့ တင့်တယ်မှုတွေနဲ့ မိကူးလှမ်းလာ
နေပါပြီ...

Spot Light က ဘာအကာအကွယ်မှ မပါတဲ့ ခြေထောက်လေးကို
တစ်လှည့်...နက်ပြာရောင် Fancy ကျောက်ကြိုးလေးချည်နှောင်ထားတဲ့ ခြေ
ထောက်လေးကိုတစ်လှည့်...ပန်ကာလေမှာဝှေ့လွင့်နေတဲ့ဆံပင်တွေကို
တစ်လှည့်...ယောင်ယောင်လေးပင့်ချိုထားတဲ့ မျက်နှာလေးကိုတစ်လှည့်
...ထိုးပြနေ၏။

Projection TV ကြီးတွေမှာ သူမရဲ့မျက်နှာနှင့် မျက်လုံးတို့ ဖျတ်ကနဲ
ပေါ်လာ၏။

လျှောက်လှမ်းလာတဲ့ ပုံစံက တကယ့်ကို ပေါ့ပေါ့ပါးပါးလေး.. ငြိမ့်ငြိမ့်
လေးဖြစ်သည်။

ဝတ်စုံရှည်ရှည်ကို လက်ကလေးနဲ့ မ, ကိုင်ထားတာ...

နှင်းဆီဖြူလေးတွေသီပြီးချည်ထားတဲ့ လက်ကလေးကိုလွှဲတာ...

ခြေလှမ်းလှမ်းတာ...

ပန်းသွေးရောင်နှုတ်ခမ်းလွှာကအပြုံး...

ခန္ဓာကိုယ်အနေအထား...

အားလုံးသင်ထားတဲ့အတိုင်းကွက်တိ...

ခန်းမကြီးတစ်ခုလုံး အပ်ကျသံပင် မကြားရတော့...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရော အသက်မှရှုံးရဲ့လား…

"ညှို့မျက်ဝန်းတွေမီကူး… ညှို့မျက်ဝန်းတွေ… အဲဒီမျက်ဝန်းတွေ အားလုံးကို သိမ်းကျုံးဆွဲဆောင်ရဦးမယ်…"

စိတ်ထဲမှ ကျိတ်ပြီး ရေရွတ်လိုက်မိသည်။

သူမမျက်ဝန်းတွေအတွက်ဒီးရိမ်နေမိတဲ့ ကျွန်တော်ဟာ ပြိုင်ပွဲဝင်ပြကွက် တွေနဲ့အတူ သူမရဲ့ အကြည့်တွေ အကဲဖြတ်လူကြီးတွေထံ ရောက်နေကုသွား အခါ၊ ပရိတ်သံတွေဆီကို ရောက်နေကျလာတဲ့အခါကျမှ သက်ပြင်းချနိုင်ပေ သည်။

ကျွန်တော်ရဲ့ 'ဟင်း' ကနဲသက်ပြင်းချသံနှင့်အတူ တစ်ဆုံတစ်ခုကြ ပြင်ပေါ် ပြုတ်ကျသွားတဲ့ အသံကိုပါကြားလိုက်ရပါသေးသည်။ သို့သော် မစူးစမ်းမိ… အာရုံတွေ မီကူးထံမှ တစ်ချက်ကလေးမရွေ့…

ပရိတ်သတ်တွေနဲ့ အကဲဖြတ်လူကြီးရဲ့အာရုံတွေကို မီကူးအကြည့် က သိမ်းကျုံးဆွဲငင်လိုက်ပြီဟု နားလည်လိုက်သည်။ မီကူးစင်ထိပ်မှ ပြန်လ ထွက်ခွာတော့ သူမရဲ့ မျက်နှာအနီးကပ်ပုံရိပ်နှင့် ညှို့မျက်ဝန်းတစ်စုံရဲ့ အနီး ပုံရိပ်တို့က Projection TV ကြီးတွေမှာ ရုပ်သေအဖြစ် ကျန်ရစ်ခဲ့၏။

လက်ခုပ်သံတွေ လက်ခေါက်မှုတ်သံတွေ ဝေါကနဲ ပြိုကျလာ သည်။

"ကူးကူးနိုင်ကွ" လို့အော်တဲ့ အသံတွေကိုလည်း ကြားရ၏။

"လနတ်သမီးလေးကွ" တဲ့…

အဲဒါ ဘယ်သူအော်တာလဲ…

ဟိုး… နောက်နားခပ်ဝေးဝေးက အော်လိုက်တာဖြစ်မည်။ လက်ခုပ်ဩ ပေးတဲ့အသံတွေ တော်တော်နဲ့မစဲ…

ဝမ်းသာမှုတို့သာ အစိုင်အခဲဖြစ်မည်ဆိုလျှင် ကျွန်တော်ရင်တစ်ပု ပွင့်ထွက်သွားပါလိမ့်မည်။



လက်ခုပ်သံတွေ တဖြည်းဖြည်းစဲသွားပြီး နောက်ဆုံးလက်ခုပ်သံနှစ်ခု ကျန်တော့၏။ ထိုလက်ခုပ်သံနှစ်ခု၏ ပိုင်ရှင်မှာ တစ်ဦးကကျွန်တော်ဖြစ် နောက်တစ်ဦးက ရှေ့ထိုင်ခုံမှ Camera နှင့်လူဖြစ်၏။

ထိုသူက လက်ခုပ်တီးရင်းနောက်လှည့်ကာ ပြုံးပြသဖြင့် ပြန်ပြုံးပြလိုက် ည်။

တော်တော်လေးကြာမှ လက်ခုပ်တီးတာရပ်မိကြ၏။

ထိုလူက ဆက်ကနဲထရပ်ပြီး ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်၏။ နှစ်ယောက်သားတိုင်ပင်မထားဘဲ ပြိုင်တူရယ်မိကြလေသည်။

"တအားယံလှတယ်ဗျား ဓာတ်ပုံရိုက်ဖို့တောင် မေ့သွားတယ်… ဟဲ… "

လက်ဆွဲနှုတ်ဆက်ပြီးတော့ ထိုလူတစ်ခုခုကို ကုန်းကောက်လိုက်၏။ ထို့နောက် ကျွန်တော့်ကိုရယ်ကျဲကျဲဖြင့်ကြည့်ပြီး ခုံမှာပြန်ထိုင်၏။ ထိုလူ့လက်ထဲက ကင်မရာကိုမြင်တော့ ကျွန်တော်ခပ်တိုးတိုးရယ်မိ၏။ စောစောကကြားလိုက်အသံဟာ ကင်မရာနှင့်ကြမ်းပြင်ထိတွေ့တဲ့အသံ မည်။

ခပ်တိုးတိုးရယ်သံကို ထိုလူကြားဖြစ်အောင် ကြားသွားသည်ထင်၏။ ကျွန်တော့်ကို သမင်လည်ပြန်ကြည့်ပြီး စကားတစ်ခွန်းခပ်တိုးတိုးပြော၏။

"မျက်ရည်တွေသုတ်လိုက်ဦး ကိုယ့်လူ…"

"ဗျာ…"

ယောင်ယမ်းပြီး မျက်စေ့ကို ပွတ်လိုက်မိတဲ့အခါ… လက်ကို အရည်တချို့ ထင်းသွား၏။

"ဟင်… မျက်ရည်တွေ…"

ခပ်တိုးတိုးရေရွတ်ရင်း ရှေ့ကလူကို ကြည့်လိုက်တော့ ထိုလူ့ပုခုံးတွေ သိမ့်သိမ့်ခါနေ၏။ မျက်နှာကို မမြင်ရပေမယ့် ထိုလူကျိတ်ပြီးရယ်နေတာ ကို ကျွန်တော်သိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူကင်မရာ လွှတ်ကျတာကို ရယ်လို့ချက်ချင်းလက်စားချေလိုက် ဟု နားလည်လိုက်သည်။

ငါ...ပျော်လို့ပါ မိကူး... ...

ပြိုင်ပွဲဝင်တွေတစ်ယောက်ချင်း အလှပြတဲ့ အစီအစဉ်ပြီးတော့... ယောက်ပြီး တစ်ယောက်ဆက်တိုက် အလှပြတဲ့ အစီအစဉ်ဖြစ်၏။

အားလုံးထဲမှာ ထင်ထင်ရှားရှားကို လှနေတဲ့ မိကူးအတွက် ကျေနပ် မဆုံးဖြစ်ရ၏။

နားထဲမှာ ကြားနေရတဲ့ ကူးကူးနိုင်ဆိုတဲ့ ခေါ်သံတွေ လက်ခုပ်သံ အတွက် ဂုဏ်ယူလို့ မဆုံးဖြစ်ရ၏။ ရှေ့ခုံမှလူ ဓာတ်ပုံတွေရိုက်သူ ကင်မရာပြုတ်ကျပြန်သည်။

လက်ခုပ်တီးသံနဲ့အတူ လက်ဖဝါးတွေဝင် ကျိန်းစပ်လာ၏။

လိုက်ကနဲ လိုက်ကနဲ ထက်လာသော ကြည်နူးမှု၊ ဝမ်းသာမှု၊ ဂုဏ်ယူ မှုတို့ရဲ့ အဟုန်တွေကြောင့် ရင်တစ်ခုလုံး ပွင့်ထွက်သွားမတက်ခံစားနေရသည်။

Video ရိုက်ယူတဲ့၊ ဓာတ်ပုံရိုက်ယူတဲ့ကင်မရာမင်း (Camera Man) စင်ပေါ်မှာ ခြေချင်းလိမ်နေကြ၏၊

တဖျတ်ဖျတ်လက်နေတဲ့ မီးရောင်တွေကြားက ဆုတွေတာသီတာ ကြီးနဲ့ မိကူးကို ခပ်ဝါးဝါးသာမြင်ရတော့တဲ့အချိန်မှာ ခန်းမထဲကနေ ပြေး လာခဲ့မိတော့သည်၊

ဝမ်းသာမှုတွေကြောင့် မျက်ဝန်းထဲက ပီတိတွေ အရည်ပျော်စီးကျ မိ အမြန်ဆုံးပြေးထွက်လာခဲ့မိခြင်းပါ...

မိကူးက Miss Fashion...... တဲ့၊

မိကူးက Miss Hair Style... တဲ့။

မိကူးက Miss Skin........ တဲ့။



ပြီးတော့ Magic Eye ဘွဲ့ကိုလည်း မိကူးရသည်တဲ့...

ဆုတွေအများကြီးရတဲ့ မိကူးကို ကုမ္ပဏီပိုင်ရှင်ရဲ့ ထပ်လောင်းဂုဏ်ပြု ကြင်းက အမြင့်ဆုံးဆုတံဆိပ်ဖြစ်သော 'Miss Soul'... ပါတဲ့...။

လောလောဆယ်ဝမ်းသာခြင်းတွေကို ပေါက်ကွဲပစ်လိုက်ဖို့ လူရှင်းသည့် ကြွအကွယ် နေရာလေးကို ရွေးချယ်လိုက်ရသည်။

"မိကူး... မိကူးရယ်...ငါဝမ်းသာလိုက်တာဟာ..."

နံရံကို လက်သီးတွေနဲ့ စိတ်ရှိတိုင်းထိုးပစ်နေမိတော့သည်။

ချက်ရည်တွေ စီးကျနေတယ်... ဒါပေမယ့် ကျွန်တော်ငိုနေတာ တ်ဘူး။

ပျော်နေတာ။ ကျွန်တော် မိကူးအတွက်ပျော်နေတာ...

လက်သီးတွေမှ တစ်ဆင့်ခံစားနေရတဲ့ နာကျင်မှုတွေကို ကျေနပ်စွာ နေမိ၏။

ဒါဟာ...မိကူးကို ဂုဏ်ပြုနေတာလေ...

"တောက်!...ဆံပင်တွေသာ မပြုမကျရင် နင်ကာယအလှမယ်လည်း င်ဖြစ်နေဦးမှာ မိကူးရာ..."

စိတ်ရှိလက်ရှိပေါက်ကွဲ ပင်လိုက်ပြီး ကျေနပ်သွားတော့မှ ခန်းမထဲသို့ င်လာခဲ့တော့သည်။

ခန်းမထဲရောက်တော့ ဇာတ်မြင့်ပေါ်မှာ မိကူးမရှိတော့ဘူး။

မိကူးဘယ်ရောက်သွားလဲ...နောက်ထဲကိုဆင်းသွားတာဖြစ်မယ်။ ကို အပြေးအလွှားလိုက်သွားမိတော့... မာမီကြီးနဲ့ ကိတ်ဝင်းစလက်က တာအားရနှုန်းပေါက် ဆီးကြို၏။

သူတို့လည်း မိကူးအတွက်ပျော်နေကြမှာပေါ့...

"သားရယ်... ငါနိုးငယ် မာမီဝမ်းသာလိုက်တာကွယ်..."

www.burmeseclassic.com

www.burmeseclassic.com



"ဆုတွေအကုန်လုံးကို တစ်ယောက်တည်းသိမ်းယူပစ်လိုက်တာ အကဲဖြတ်အဖွဲ့ရဲ့ တညီတညွတ်တည်းထောက်ခံချက်တွေကို အပိုင်ပစ်လိုက်တာ။ပျော်လိုက်တာ ဂီဒိုရယ် ..."

"ဟုတ်တယ် ကျွန်တော်လည်း အရမ်းပျော်နေတာ ဟား... ဟား မာဒီ ...အဲဒါ ကျွန်တော့်မိကူးဗျ ... ကျွန်တော့်မိကူး... မိကူးရော... ဘယ်မလဲ ... မတွေ့ပါလား ..."

"လာလိမ့်မယ် သားရဲ့ ခဏစောင့်...ကူးကူးကို ကုမ္ပဏီပိုင်ရှင်ခေါ်တွေ့နေတယ်..."

"ဘာလုပ်ဖို့လဲ မာဒီ။ မာဒီလိုက်မသွားဘူးလား..တစ်ယောက်တည်းဘာလို့လွှတ်လိုက်ရတာလဲ..ဒုက္ခပဲ ..."

"ဘာဒုက္ခမှမဖြစ်ပါဘူး သားရယ်...ဝန်ထမ်းကောင်မလေးတွေခေါ်သွားတာပါ။ ရော... သားသောက်လိုက်ဦး။ ပြီးရင်ဒီမှာပဲခဏစောင့်လိုက်။ မာဒီတို့ ရုပ်စရာရှိတာလေးတွေ သွားလုပ်လိုက်ဦးမယ်..ပြန်မသွားနဲ့ဦးနော်..ဓာတ်ပုံရိုက်ချင်သေးလို့..."

မာဒီကြီးက ကျွန်တော့်ကို 100 Plus တစ်ဘူးပေးပြီး ထွက်သွားပြီ။

100 Plus ဘူးကိုဖောက်သောက်လိုက်တော့မှ လှုပ်ရှားလွန်းနေ၍ စိတ်တွေအတန်ငယ်ငြိမ်သက်သွား၏။

ကုလားထိုင်လေးမှာ ခြေစုံလက်စုံထိုင်ချပစ်လိုက်သည်။

ထိုင်ခုံနောက်မှီပေါ်မှီပြီး မျက်လုံးတွေမှိတ်ထားလိုက်မိရာ..လက်ခုပ်သံတွေနားထဲသို့ဝင်ရောက်လာကြပြန်၏။

မိကူးကို အားပေးလိုက်ကြတဲ့ ပရိတ်သတ်တွေ မျက်လုံးထဲသို့ဝင်ရောက်လာကြပြန်၏။

"နင်ဟာ တကယ်ကို လနတ်သမီးလေးပါ မိကူးရယ်..."

ထိုစဉ်မှာပဲ...

"ဂီဒို..."



မိကူးခေါ်သံကြောင့် အလိုလို ထရပ်မိလေသည်။

မိကူးက ကျွန်တော့်ထံပြေးလာနေ၏။

"ဂီဒို..."

"မိကူး..."

"ဂီဒို... ဂီဒိုရယ်... ငါဝမ်းသာလိုက်တာ။ဝမ်းသာလိုက်တာ"

ကျွန်တော့် အင်္ကျီရင်ဘတ်ကိုဆုပ်ကိုင်ပြီး ကလေးလေးလိုပြော၏။

"ငါ... ငါလည်း အရမ်းဝမ်းသာတာပဲ မိကူးရာ...."

ဝမ်းသာခြင်း မျက်ရည်တို့ နောက်တစ်ကြိမ်စို့ပြန်၏။

စိတ်မထိန်းနိုင်စွာ သူမရဲ့ငယ်ထိပ်လေးကို ခပ်ကြမ်းကြမ်းလေးနမ်းရှိုက်လိုက်မိပါသည်။ ထိုအခါ ... မျက်ရည်တို့ သူမငယ်ထိပ်လေးတွင် စွန်းထင်သွား၏။

ကြည်နူးခြင်းပီတိတို့ဖြင့် ဖွဲ့တည်သော ထိုအနမ်းက ရာနှုန်းပြည့် သန့်စင်ပါသည်။

"ငါယုံပါတယ် ဂီဒိုရယ်... ငါ... ငါ... ဒီဆုတွေရတာနင့်ကြောင့်ပါလား ဂီဒို"

ပါးပေါ်မှမျက်ရည်တို့ကို သူမလက်ကလေးနှင့် သုတ်ပေးရင်း ပြော၏။

ထို့နောက် နှာခေါင်းကို သူမလက်နုနုလေးဖြင့် ဆွဲလိမ်၏။

"ဂီဒို... ဂီဒို... နင့်ကိုပြောစရာရှိတယ်... ဟိုလေ ကုမ္ပဏီပိုင်ရှင်တွေက ငါ့ကိုခေါ်တွေ့တယ်။တစ်ယောက်က နိုင်ငံခြားသားသိလား..ပြင်သစ်ကြီး။ Soul ကုမ္ပဏီကြီးရဲ့ပိုင်ရှင်ပေါ့..နာမည်က Mr;Soul တဲ့ ..."

"ဟော! ... ဟုတ်လား... ဘာလုပ်တာလဲ"

"ဘာလုပ်တယ်ထင်လဲ ဂီဒို။ သိလား..."

"ဘယ်သိမလဲဟ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါပျော်လိုက်တာကိုဗိုရယ်… သူတို့က… သူတို့က… ဒီဝေးဝေး ကပစ္စည်းတွေကို ငါနဲ့ကြော်ငြာမလို့တဲ့… အဲဒါမေခါ်ပြောတာ"

"ဟော!… တကယ်…"

"တကယ်ပေါ့"

"ဟိုက်ရှားဘား… အူးပဲ… မိကူးကွ… အူး ပဲ…"

သတိလက်လွှတ်နှင့် လက်သီးလက်မောင်းဆန့်တန်းပြီး ဟစ်အော် မိတော့သည်။ ပတ်ဝန်းကျင်ကို သတိမရ…

"အဲဒီတော့… အဲဒီတော့ ဖုန်းကဘာပြန်ပြောခဲ့လဲ"

"ငါသဘောတူပါတယ်လို့ ပြောခဲ့တယ်… ဂီဗို"

"ဟာ… ချက်ချင်းကြီးအဖြေပေးခဲ့ရသလား အတုံးမရဲ့ နည်းနည်း ပါးစဉ်းစားဦးမယ်လေး ဘာလေးမပြောခဲ့ဘူးလား… ဈေးကြော်နှင့်ကို ဈေး ကောင်းလုပ်နေဦးမယ်…"

"အဲဒီအတွက် လုံးဝမပူနဲ့ ဂိဗို၊ ငါ့ကိုထိုက်ထိုက်တန်တန်ပေးမယ် ပြောတယ်။သူတို့သဘောကောင်းပုံရပါတယ်…ငါလည်းသေချာစဉ်းစား လုပ်မှာ။အရေးမ်းပင်ပန်းနေပြီဟာ… ပစ္စည်းတွေသိမ်းပြီးပြန်ရအောင်…"

"မာမီကြီးတို့ကို စောင့်ဦးလေဟာ"

"သြော် …ဟုတ်သားပဲ… ဘယ်မှာလဲ"

"ပြန်လာပါလိမ့်မယ်…"

"သြော်… အေးအေး… ဒါဆိုလည်း ငါအဝတ်အစားတွေသွားလဲ မယ်"

"အဝတ်တွေလဲမပစ်နဲ့ဦးလေ ဓာတ်ပုံရိုက်မှာပါဆို…"

"သြော်… ဟုတ်သားပဲ။ ဟီး ဟီး …ငါလည်း တယောင်တ တွေဖြစ်နေပါပြီဂီဗိုရယ်… နေ့ပါတယ်ဆို ဂျာနယ်ဂလင် (စ်) Journal တွေမေးတာတွေကို ဖြေဖို့ရှေးသားဘယ်ဂီဗိုရယ် အမြန်ဖြတ်ပြီးလစ်လာ တော်ပါသေးရဲ့ ဒီအထိလိုက်မမေးကြလို့၊ ဒေါ်ဒေါ်အမောဖြေဦးမယ်ဟာ…"



အမောဖြေဦးမယ်ဆိုတော့ သူမကိုမေးချင်နေတာတွေ ပြောချင်နေတာ ကို အလိုက်သိစွာ မျိုသိပ်လိုက်ရ၏။

မာမီကြီးတို့ပြန်ရောက်လာတော့ မိကူးက တစ်ယောက်တစ်သိန်းစီ တော့အါ။

သူမရဲ့ကျေးဇူးသိတတ်မှုကို ကျေနပ်ပီတိဖြစ်ရပြန်သည်။

မိကူးရဲ့အောင်မြင်မှုသတင်းတွေကို ပြောပြတော့ သူတို့လည်းတအံ့တသြ နေကြရ၏။

"အောင်မြင်မှုကတော့ အံ့မခန်းပါပဲလားသမီးရယ်…မာမီဝမ်းသာလိုက် …"

"ဟုတ်တယ်နော် …နာမည်ကြီးသွားရင် မာမီတို့ကို မမေ့ရဘူးနော်"

"စိတ်ချပါမာမီရယ် ကူးကူးက ဘဝမေ့တတ်ပါဘူး။ ဒီဂက်အောင်မြင် ရင် မာမီတို့နဲ့ပဲ အလုပ်ဆက်လုပ်မှာပါ။ တကယ်လို့ ကူးကူးမင်းသမီး ရင် မာမီကမိတ်ကပ်လိုက်လိမ်းပေးလေ…"

"အမလေး…ကိုယ့်ဆိုင်နဲ့ကိုယ် မအားပါဘူးသမီးလေးရယ်…မာမီတို့ကို ရင်ပဲ ကျေနပ်လှပါပြီ"

"စိတ်ချ… စိတ်ချ… ဘယ်တော့မှမမေ့ဘူး"

"ငါ့သားလေးဂီဗိုတော့ ဆန္ဒတွေပြည့်ဝသွားပြီပေါ့"

"ပြည့်မှဖြစ်မှာမာမီရေ… ခုသာမရရင် ကူးကူးကဘာမှမဖြစ်ဘူး။ ဂီဗိုက ကိဖြူဆိုက်ပြီးသေမှာ…ကျုပ်တို့လည်း မျက်နှာကောင်းရမှာမဟုတ်တော့ဘူး"

သူတို့ကို ဘာတစ်ခွန်းမှ မတုံ့ပြန်နိုင်တော့…

အင်တိုက်အားတိုက်ကူညီခဲ့ကြသမျှအတွက် ကျေးဇူးတင်ပါတယ်ဆိုတဲ့ အားကိုသာ ထပ်ခါထပ်ခါပြောနေမိတော့သည်။

အမှတ်တရဓာတ်ပုံတွေရိုက်ပြီးတော့…အသင့်ငှားထားတဲ့ ကားလေး ပြန်ခဲ့လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုတွေနဲ့ ပြန်ရောက်လာတဲ့ သမီးဖြစ်သူအတွက် မိကူး နဲ့အမေရှိလိုက်တာကတော့ အံ့သြခြင်းတွေပဲပေါ့..ဝမ်းသာခြင်းတွေပဲ

မိကူးတို့မိသားစုနဲ့ စကားတွေတော်တော်ကြာသည်အထိပြောပြီး အိမ်ကိုပြန်ခဲ့လိုက်သည်။

ရေချိုးထမင်းစားပြီး အိမ်ယာထဲ တန်းဝင်ခဲ့ပေမယ့် အိပ်လို့မရ မျက်စေ့တွေကြောင်နေ၏။

စိတ်အစဉ်တစ်ခုလုံးက ကြည်နူးပီတိတွေနဲ့ လန်းဆန်းလို့နေ၏။

စင်မြင့်ပေါ်က မိကူးရဲ့ပြိုင်ပွဲဝင် ကိုယ်ဟန်ပြကွက်တွေကို ပြန်ပြီး ယောင်နေမိတော့သည်။

လက်ခုပ်သံတွေကို ပြန်လည်ကြားယောင်ရင်း မနက်ဖန်အလုပ်ဆင်းကို သတိရတော့ Waiter Uniform လေးကို မီးပူတထိုးလိုက်ရသည်၊

အိပ်မပျော်မယ့်အတူတူ အလုပ်တစ်ခုပြီးသွားတာပေါ့လေ...

မီးပူတိုက်ရင်း တစ်တောင်ကျော်ကျော်မြင့်တဲ့မွေ့ယာကြီးတိုသ တော့... ခေါင်းထဲမှာစိမ့်တနဲ့နေ၏။

သို့သော် နောင်တမရ...

"ငါ... ကျေနပ်တယ် မိကူး..."

* * * * *



( * )

အတိကျလာပြီးတိုက်ဆိုင်နေတဲ့ ကံနိုးဂဏန်းတွေကို ရေရွတ်ရင်း အံ့သြ မိသည်။

ဝမ်းနည်းမှုတို့တစ်ကိုယ်လုံးသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွား၏။

ခြောက်ခြားခြင်းအငွေ့အရောင်တွေကို သူမ,မြင်မှာ စိုးရိမ်စွာ မျက်နှာလွှဲ လိုက်မိတော့သည်။

လေးသိန်း... တဲ့...

ဒါ... ဒါဟာ... ဆူးတစ်ချောင်းရဲ့... နစ်နာကြေး...

ဒါဟာ... မီးသင့်ခဲ့တဲ့ နှင်းဆီဖူးတွေရဲ့ တန်ဖိုး...

ဒါဟာ... ကျွေးသွတ်သွားတဲ့မြားတွေရဲ့ ဆုလာဘ်...

ဒါဟာ...ယမမင်းပိုင်ဆိုင်သွားတဲ့အိုအစစ်တွေအတွက် သဒ္ဒါကြေး...

ဒါဟာ... အလမ္ပယ်ဆရာရဲ့ ဧတနာမြွေစာဘိုး...

နှင့်ရဲ့ဓေတနာက ငါ့ဒဏ်ရာကို တည့်တည့်ကြီးဝင်တိုးတော့တာပါလား ကူးရယ်...

ဟင့်အင်း... ငါမယူချင်ဘူး...

ငါဟာအဖြူရောင်စာမျက်နှာတစ်ခုကို ပြန်အမ်းယူလို့ မရနိုင်တော့ဘူး။

"ခေတ်ပျဉ်" ဆိုတာ ကြားဖူးလားမိကူး...

ပန်းတိမ်ဆရာတွေ အသုံးပြုလေ့ရှိတဲ့ပျဉ်ချပ်လေးကိုခေါ်တဲ့စည် ခုပေါ့...

www.burmeseclassic.com

www.burmeseclassic.com



ပန်းတိမ်ဆရာတွေဟာ ရွှေဂဟေဆက်ဖို့အတွက် အဲဒီဆော်ပုဉ်လေး တွေပေါ်မှာ ရွှေဆည်လေးတွေတင်ပြီး မီးနဲ့မှုတ်ကြရတယ်…

လက်ရာမြောက်တဲ့ ရွှေထည်ပစ္စည်းလေးတစ်ခုပြီးမြောက်သွားတဲ့ အ တိုင်း အဲဒီဆော်ပုဉ်လေးတွေဟာ မီးသင့်လောင်ကျွမ်းကျွန်ရစ်နေခဲ့ကြတယ်…

ငါ့ရဲ့နှလုံးသားက အဲဒီဆော်ပုဉ်လေးပေါ့ မိကူး…

ကူးကူးနိုင်ဆိုတဲ့လက်ရာမြောက်ရတနာပစ္စည်းလေးတစ်ခုဖြစ်လာဖို့ အတွက် ငါ့နှလုံးသားတွေ မီးသင့်ခဲ့ရတာကို ငါကျေနပ်တယ်…

ငါဘယ်တော့မှ နောင်တမရဘူး…

ငါ့နှလုံးသားဟာ ဆော်ပုဉ်လေးတစ်ခုလို ပြာမှုန်အဖြစ်နဲ့ပဲ အဆုံးသပ် စေဦးတော့ ငါကျေနပ်ဖွာပြုံးနေမယ်မိကူး…

ဘာဖြစ်လို့လဲဆိုတော့ ပန်းတိမ်သမားဟာ ငါကိုယ်တိုင်ပဲဖြစ်နေလို့ပေါ့…

ဘယ်ပန်းတိမ်သမားမှ ဆော်ပုဉ်အပေါ်မှာ နှမြောတဲ့စိတ်ထားတာမျိုး ထုံးစံမရှိပါဘူးဟာ…

မီးသင့်လောင်ကျွမ်းပြီးခဲ့တဲ့ ဆော်ပုဉ်လေးတွေကို စနစ်တကျသိမ်းဆည်း ထားခဲ့ရင်တောင်…လောင်စာအဖြစ် ဆက်လက်အသုံးပြုဖို့ပါပဲ…

အဲဒီတော့… ဆော်ပုဉ်တစ်ခုအတွက် မီးသင့်ခတွေကို နှင်ပြန်မပေးပါ လား မိကူး …

ထိုက်တန်တဲ့ကြေးအဖြစ် နှင့်ရဲ့အောင်မြင်မှုတွေကို ငါမြင်ခဲ့ရပြီး လေ…

သူမက ရှေ့တည့်တည့်မှာ လာရပ်ပြန်သည်။

"ဟဲ့ …ဂီဇို …နှင်ဘာဖြစ်သွားတာလဲ။ ဟင်! …မျက်ရည်တွေ နေတယ်…ဘာဖြစ်တာလဲဟာ ငါစိတ်မကောင်းအောင် မလုပ်နဲ့…"

"ငါ… ငါ…ဝမ်းသာလို့ပါဟာ--နှင် ငါ့ကိုအဲဒီလောက်အထိ စေ ရှိလိမ့်မယ်လို့ မထင်မိခဲ့လို့ပါ… ဟဲ… ဟဲ… ငိုတာမဟုတ်ပါဘူး ပျော်တား ပျော်တာ… ဟဲ… ဟဲ"



ပြောရင်း ပြောရင်း အဆက်မပြတ်စီးကျလာတဲ့ မျက်ရည်တွေကို ိုး လို့မရနိုင်ခဲ့…

"ပျော်တာပဲ… ငိုရတယ်လို့ ဂီဇိုရယ်။ ကဲ… ရော့ပါ…"

လက်ထဲကို ပိုက်ဆံတွေထည့်လိုက်တော့ ထိတ်လန့်စွာလွှတ်ချလိုက်မိ ည်။

"ဟဲ့… ဂီဇို… နှင်ဘာဖြစ်နေတာလဲ ဒုက္ခပါပဲဟာ…နှင်မယူလို့ ဝမရဘူးနော်။ငါဒီလိုအောင်မြင်ခဲ့တာ နှင့်ကြောင့်…ငါစိတ်မကောင်းအောင် လုပ်နဲ့…"

သူမက ပိုက်ဆံတွေပြန်ကောက်ရင်းပြော၏။

"ငါ… ငါ… မယူရပါရစေနဲ့ မိကူး… တောင်းပန်ပါတယ်…"

"မရဘူးဂီဇို။ငါစိတ်တိုလာပြီနော်… ယူမလား မယူဘူးလား ပြော ရှင်းရှင်းပဲလိုက်မှာ။ နှင်ကိုလည်း တစ်သက်လုံးမခေါ်တော့ဘူး။ သေခန်း တ် သူငယ်ချင်းပဲ…ငါ့ကိုမစမ်းနဲ့… ရော့… ယူ"

လက်ကိုဆွဲပြီး ထည့်ပေးပြန်သည်။

"မယူပါရစေနဲ့ မိကူးရယ် ဒီလောက်များတဲ့ပိုက်ဆံတွေကို ငါကဘာလုပ် လဲဟာ--နှင့်အတွက်ပဲ လိုတာ။ ဒီကရှေ့ဆို နှင့်အတွက်အဝတ်အစားဖိုးတွေ တွေမှာ။ ပြီးတော့ရှင်… နှင်ကြော်ငြာရိုက်စရာတွေလည်း ရှိသေးတယ် "

"အဝတ်အစားဖိုးအတွက် ဘာမှပူစရာမရှိဘူးဂီဇို…ငါနှင့်ကိုအဲဒီ ကြောင်းတွေပြောပြမလို့ စောင့်နေတာ… လာထိုင်"

သူမက သူ့လက်ကိုဆွဲပြီး ခရေပင်ကြီးတွေအောက်မှာ ထိုင်စေလိုက်၏။

"နှင်သေချာမှားသောင်ဂီဇို…မနေ့က ငါ Soul က လူကြီးတွေနဲ့သွား တယ်"

"နှင် ငါ့ကိုဘာလို့မခေါ်တာလဲမိကူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သမထွက်နဲ့ဦး ဆုံးအောင်နှားထောင်၊ နှင့်ကိုခေါ်သွားမလို့ နှင်အိပ်နေလို့ မနှိုးရက်တာနဲ့ ငါ့ဘာသာ ကားငှားပြီး သွားလိုက်တာ"

"ဘာလုပ်ဖို့သွားတာလဲ‥အရှင်နေ့ကတည်းက ကြိုပြောတာထား မဟုတ်ဘူး။ ငါလိုက်ပို့မှာပေါ့…"

"ဟဲ့… အရေးတကြီးခေါ်တာဟာ ငါလည်းကြိုသိမထားဘူး"

"သူတို့လာခေါ်တာလား…"

"မဟုတ်ဘူး‥ ဖုန်းဆက်ပြီး အခုချက်ချင်းလာခဲ့ပါလို့ ပြော အမြန် သွားရတာ…"

"ဘယ်ဖုန်းနဲ့ခေါ်တာလဲ‥ရုံးဖုန်းကနေခေါ်တာလား‥ဖုန်းနံပါ သူတို့ ဘယ်လိုသိတာလဲ"

"ရုံးဖုန်းနံပါတ်ကိုငါပေးခဲ့တာလေ‥ပြိုင်ပွဲနေ့ကတည်းက ပေးခဲ့"

"တစ်ယောက်တည်းသွားရတယ်လို့ပဲ မိကူးရာ"

"ဟဲ့… ဘာဖြစ်လို့လဲ၊ ရုံးခန်းကို ခေါ်တွေ့တာပဲဥစ္စာ"

"ထားပါတော့ နှင်ရောက်သွားတော့ သူတို့ဘာဘာတွေပြောလဲ"

"ငါရောက်သွားတော့ ကုမ္ပဏီပိုင်ရှင်ပြင်သစ်ကြီးရော ဒီကကိုယ်စားလှယ်ယူထားတဲ့ ဗမာသူဌေးရော ငါ့ကိုစောင့်နေကြတာဟ"

"ပြင်သစ်ကြီးဆိုတော့ ယောက်ျားကြီးပေါ့…"

"အင်း… ဟုတ်တယ်…"

"ဗမာသူဌေးကရောယောက်ျားပဲမဟုတ်လား… ခက်တယ်ဟာ"

"ဘာမှမခက်ဘူး ဂီဒို‥ ဘာမှစိတ်မပူနေနဲ့‥သူဌေးက မိန်းမ သဘောကောင်းမယ့်ပုံကြီးကိုရဲ့‥ဒါပေမယ့် စကားပြောတာပြတ်တယ်။ လည်းမိတယ်"

"ထားပါတော့ သူတို့ကဘာတွေပြောလဲ"

"ဟီး… ဟီး…နှင့်ကိုပြောရင် အံ့သြသွားမယ်ဂီဒို။ငါ့ကိုကြ ရိုက်ဖို့ခေါ်တာ…"

"ဟော… တကယ်…"



"တကယ်ပေါ့ …ဒီက ကုမ္ပဏီပိုင်ရှင်ကလည်း ငါနဲ့ကြော်ငြာရိုက်မယ် ပြင်သစ်ကြီးကလည်း သူတို့နိုင်ငံမှာ ကြော်ငြာဖို့ငါ့ကိုပဲ ရွေးလိုက်တာတဲ့ ‥ ပြင်သစ်ကြီးကတော်တော်သဘောကောင်းတယ်တော့‥ကြော်ငြာခ ဒီမှာလို အပြတ်ပေးမှာမဟုတ်ဘူး"

"အပြတ်မပေးဘူး …ဒါဆိုခွဲပေးမှာပေါ့။ မနိပ်ပါဘူး"

"လွဲသွားပြီ ဂီဒို၊ ဒီမှာ ကြော်ငြာဖို့အတွက် ကြော်ငြာအားလုံးကို သိန်းငါး ယ်နဲ့ရိုက်ပေးရမှာ၊ ပိုစတာတွေရော TV မှာ ကြော်ငြာဖို့အတွက်ရော းလုံးမှ သိန်းငါးဆယ်ပဲရမှာ၊ ကြော်ငြာပြောင်းချင်တိုင်းလည်း အလကား က်ပေးရဦးမှာ‥အဲဒါအပြတ်ပဲ။ ပြင်သစ်ကြီးက အဲဒီလိုမဟုတ်ဘူး။ အခု န်းခုနစ်ဆယ်ပေးမယ်‥ပြီးရင် ငါ့ပုံတွေနဲ့ ကြော်ငြာနေသမျှလည်းရဦးမှာ။ ကြော်ငြာတစ်ခုရိုးသွားလို့ ပြောင်းရိုက်ရင် အဲဒီကြော်ငြာအသစ်အတွက် ထပ်ပေး မှာတဲ့… ဟဲ… ဟဲပြီးတော့ ငါစီးဖို့ ကားတစ်စီးလည်း ပေးလိမ့်မယ်"

"အလကားပေးတာပေါ့…"

"မဟုတ်ဘူး အရစ်ကျပြန်ဆပ်ရမှာ၊သူတို့ငါ့ကိုပေးမယ့် ကြော်ငြာခထဲက ည်းဖြည်းခြင်း ဖြတ်ယူသွားမှာတဲ့‥ငါ့ဘက်က ကတိတစ်ခုတော့ ပေးခဲ့ရ တယ် …"

"ဘာကတိလည်း မိကူး"

"သူတို့ရိုက်မယ့်ကြော်ငြာတွေမပြီးမချင်း ဘယ်ကြော်ငြာမှ လက်မခံဖို့ ဘယ်သူ့အလုပ်ကိုမှ လက်မခံပါဘူးဆိုတဲ့ ကတိလေ …"

"အဲဒါ နှင်နာမည်ကြီးမှာကိုသိလို့ ချုပ်ကိုင်ထားတာ မိကူး‥သေချာ ယ်‥နှင့်နောက်ကို စီးပွားရေးသမားတွေ လိုက်လာတော့မှာ၊သူတို့ အမြင်မရှိပဲနဲ့ ရုံးခံ ပြီးဘယ်တော့မှ အလုပ်မလုပ်ဘူး …"

"ဘာပဲဖြစ်ဖြစ်လေ ဂီဒို Saul ဆိုတာက ငါ့အောင်မြင်မှုရဲ့ လမ်းကြောင်း ခ်ချပဲ‥ငါသူတို့ကိုသိတတ်ရမယ်။ နှင်ပြောတဲ့ စီးပွားရေးသမားတွေ ပ်ရောက်မလာသေးပါဘူး၊ ပြီးတော့ ငါ့ကိုလည်း တန်ရာတန်ကြေးပေးပြ ာပဲမဟုတ်လား‥နှင်စဉ်းစားကြည့် ဒီလိုငွေကြေးပမာဏတွေဆိုတာ ငါ့အတွက် ပ်မက်တောင်မမက်ဖူးဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"မကြာခင်ရောက်လာကြတော့မှာ မိကူး။ လုပ်ငန်းရှင်တွေ နင့်လိပ်
ကို လိုက်စုံစမ်းနေကြတယ်လို့ မာမီကပြောတယ်..."

"ဟယ် ... ဟုတ်လား နင်မာမီကြီးနဲ့ တွေ့သေးလား..."

"မတွေ့ပါဘူး...ဖုန်းဆက်ပြီးပြောတာ။ငါနင့်လိပ်စာတွေပေးလို
တယ်..."

"ဘာပဲဖြစ်ဖြစ် ဂီဂို...Soul က ငါ့ကိုမြေတောင်မြှောက်ပေးခဲ့
ငါ့ကို အရင်ဆုံးဆက်သွယ်ခဲ့တာ။ငါ..Soul ကိုပဲဦးစားပေးရလိမ့်မယ်"

"အင်းပါ... နင်ပြောတာမှန်ပါတယ်..."

"ကံတရားက ဆန်းသိပ်ကြယ်တယ်နော်ဂီဂို၊ ငါဟာ... အရင်တုန်း
ကူးကူးနိုင် မဟုတ်တော့ဘူး။အိတ်တွေကော်ကပ် ခရေပန်းလေးတွေ
ထမင်းတစ်လုတ်စားရတဲ့ ကူးကူးနိုင်မဟုတ်တော့ဘူး။ ကြော်ငြာမယ်ဖြစ်
ပြီ..မော်ဒယ်ဂဲ(လ်) (Model Girl)ဖြစ်သွားပြီ။မကြာခင်မှာ ငါ့ရဲ့ပုံရိပ်
က, နေရာအနှံ့ကို ပျံ့နှံ့သွားတော့မယ်၊ ကြည့်စမ်း ငါ့ကြော်ငြာတွေ ပြင်
အထိပေါက်ရောက်သွားဦးမှာတဲ့..ငါအရမ်းပျော်တာပဲဂီဂိုရယ်..ရင်ထဲ
တလှပ်လှပ်နဲ့ တိမ်တွေကို လေဟုန်စီးနေရသလိုပဲ။ဝတ်ချင်တာဝတ်
စားချင်တာစားစမ်း၊ သွားချင်ရာသွားစမ်း၊ ကားနဲ့ ဘာနဲ့တောင်ဖြစ်သွား
သြော်... ကားဆိုလို့ မနက်ဖန်ကားလာပို့လိမ့်မယ်သိလား၊ အဆင်ပြေတ
နော်..နင်ကကောင်းမောင်းကျွမ်းကျင်နေပြီဆိုတော့ မောင်းပေးမယ့်လူလ
အသင့်ပဲ။ နင်အလုပ်ထွက်လိုက်တော့ ဂီဂို..ဘာမှမလုပ်တော့နဲ့။ နင်ငါ့
မှာပဲနေတော့..နင့်ကိုငါလစာကောင်းကောင်း ပေးထားမယ်။နင်ငါ့ရဲ့ဒရိုင်
ပဲလုပ်တော့"

"အံမာ...နင်ကငါ့ကိုလစာဘယ်လောက်ပေးမှာမို့လဲ။အခုငါလုပ်
အလုပ်ကတစ်လကိုလေးသောင်းလောက်ရတယ်နော်... ဒီကြော်ငြာ
ပဲရိုက်စရာရှိတယ်ဆိုရင်တော့ ငါအလုပ်မထွက်ပါရစေနဲ့။နင်ဘယ်မှသွား
မရှိတော့ဘူးဆို ငါငတ်နေပါဦးမယ်"



"စကားကိုဆုံးအောင်နားထောင်ပါဦး မောင်လေးရာ... ဒီကြော်ငြာ
ပြီးရင် နောက်ထပ်ကြော်ငြာတွေရိုက်ဦးမယ်..VCDတွေလည်း ရိုက်ရဦး
ယ်။Soul ကနေတစ်ဆင့်ကမ်းလှမ်းလာကြတာလေ...ငါ့မှာအလုပ်တွေမှ
က်တိုက်ပဲတော်..."

"နင်ပြောတော့ သူတို့အရင် ဘယ်သူနဲ့မှအလုပ်မလုပ်ရဘူးဆိုဟာ..."

"အဲဒါ... တခြားလူတွေကိုပြောတာ...အခုဟာကသူတို့လူတွေပဲ။
ပေမယ့် Soulက ကြော်ငြာထွက်ပြီးမှ ထုတ်ခွင့်ရှိတယ်...သူတို့နဲ့ဆိုဘယ်
ဖြစ်ဖြစ်လုပ်ခွင့်ရှိတယ်။အားလုံးကလည်း Soul ရဲ့ စီးပွားရေးလုပ်ငန်း
တွချည်းပဲ..အဲဒါကြောင့် ခွင့်ပြုတာသဘောပေါက်လား"

"သြော်... သြော်... ဒီလိုလား... ငါသဘောပေါက်ပြီ..."

"သဘောပေါက်ရင်... ရော့.. ဒီပိုက်ဆံတွေကိုယူ...မယူလို့မရဘူး။
လှပသားသားနားနားနေဖို့လိုတယ်ဂီဂိုရဲ့...နင်ဂျင်းဘောင်းဘီလေး
ထည်တည်းနဲ့ နွမ်းပါးသွားနေတာမမြင်ချင်တော့ဘူး...အရင်တုန်းကငါ့မှာ
လက်ပိုက်ကြည့်နေရတာ။အခုရှိလာပြီ... ဝယ်ချင်သလောက် ဝယ်ဝတ်ပစ်
ဂီဂို။ ငါနင့်ကိုလက်ပတ်နာရီကောင်းကောင်းလေးတစ်လုံး ဝယ်ပေးဦးမယ်
လား"

ငြင်းဆန်နိုင်စွမ်းမဲ့စွာ လက်ခံလိုက်ရပေမယ့် အဲဒီပိုက်ဆံတွေကိုရှုနေ၏။
ပိုက်ဆံထုပ်တွေကို အဆိပ်ပြင်းသည့်မြွေတစ်ကောင်ဟုမြင်နေမိသည်။
ပိုက်ဆံထုပ်တွေကနေ မြွေဟောက်တစ်ကောင်ဖြစ်သွားလျှင် သိပ်ကောင်း
။ ထိုအခါသူအေါသတကြီးပေါက်ချပစ်လိုက်ဖို့ ကျွန်တော့်နှုံးသားတည်ရှိ
နေရာကို ညွှန်ပြပစ်လိုက်မည်။

"ဟဲ့ဂီဂို...နင်ဘာငိုင်နေတာလဲ...ဘယ်လိုဖြစ်နေတာလဲဟာ..ဒီနေ
ကြည့်ရတာ တစ်မျိုးပဲ..."

"ဟင်... သြော်... အဲ... ဘာမှမဖြစ်ပါဘူးဟ..နင်နဲ့အတူတူ
ပြီး ဟိုသွားလိုက်ဒီသွားလိုက်လုပ်ရမှာကိုတွေးမိလို့ပါ... ကိုယ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



ကားလေးနဲ့ဆိုတော့ ဖိမ်ပဲနော်မိကူး။နင်ဝတ်စုံတွေရော စဉ်းစား ထားပြီပြီး မာမီကြီးနဲ့ပဲချုပ်မှာ မဟုတ်လား။ငါလည်းစဉ်းစားပေးမယ်…ပေါ့ပေါ့ဆဆ မရဘူးဟာ ပွဲဦးထွက်ဆိုတော့ အရေးကြီးတယ်…''

''မလိုဘူးဂီဂီ အားလုံးကိုကုမ္ပဏီကတာဝန်ယူပြီး စီစဉ်ပေးလိမ့် သူတို့လိုချင်တဲ့ပုံစံရဖို့ အဝတ်အစားကအစ သူတို့ပဲဒီဇိုင်းဆွဲကြလိမ့်မယ် သူတို့က ငါတို့ထက်ပိုပြီးမြင်တတ်မှာပါ။ ကဲ… ကဲ… ငါအဝတ်တွေ စရာ ရှိသေးတယ်။နင်လည်းပြန်အိပ်လိုက်ဦး… ညနေအလုပ်သွားရဦးမှာ လား။ နင့်ဘက်ကပြင်ဆင်စရာရှိတာတွေအသင့်ဖြစ်အောင်လုပ်ထားလိုက် ဂီဂီ…ကြော်ငြာတွေရိုက်ဖို့က နည်းနည်းလိုသေးတယ်။ VCDတွေကို ဒီတ အတွင်းမှာ ရိုက်ဖြစ်လိမ့်မယ်။ ကားရောက်ရင် နင်နဲ့ငါ Shopping ထွက်မယ် သိလား…''

သူမထွက်သွားပြီး တော်တော်ကြာတဲ့အထိ ခရေပင်အောက်မှာ မပဟ်ရပ်နေမိတော့သည်။

ပြောင်းလဲမှုတွေရဲ့မြန်ဆန်ခြင်းကိုမယုံနိုင်အောင်ဖြစ်နေရသည်။ လက် ကိုင်ထားမိတဲ့ငွေတွေမှ ညီစို့စို့အနံ့ကိုရ၏။

ငါက နင့်ရဲ့ဒရိုင်ဘာတဲ့လား မိကူး…

နင့်ငါကိုတကယ်နားမလည်ပါလား မိကူးရယ်…

ဘာပဲဖြစ်ဖြစ်နင့်အနားမှာ အမြဲရှိနေခွင့်ရတဲ့ ဒရိုင်ဘာဆိုတဲ့ ဘ ကိုလည်း ငါကျေနပ်ဂုဏ်ယူမိပါတယ်ဟာ…

ကြည့်စမ်း…

မိကူးဟာ အသက်မသေ ခန္ဓာမကြေပဲ၊ အရှင်လတ်လတ်ကနေ ကိုတက်ပြီး နေရာယူတဲ့ ကြယ်လေးတစ်ပွင့်တကယ်ဖြစ်သွားခဲ့ပြီပဲ…

အဲဒီကြယ်လေးကို ကျွန်တော်သိပ်ချစ်သည်။

❀ ❀ ❀ ❀ ❀



( * )

ကာရာအိုကေသီချင်းခွေမှာ မော်ဒယ်အဖြစ် သရုပ်ဆောင်ရန် လက်ခံခဲ့ င်းသည် ပြဿနာ၏အရင်းခံဖြစ်၏။

အစကတည်းက သူမနဲ့အဖော်လိုက်ပေးဖို့ ဒရိုင်ဘာလုပ်ပေးဖို့သဘော ကူခဲ့၊ လက်မခံခဲ့လျှင် အကောင်းသားဟုတွေးမိသည်။

သို့သော် မျက်စေ့ကွယ်ရာ နားကွယ်ရာမှာ သူမကို စိတ်ချလက်ချပစ်ထား သိုတာကတော့ လုံးဝမဖြစ်နိုင်ပါ။

အခုလည်း မိကူးဗီဒီယိုရိုက်နေတာကိုကြည့်ရင်း ဒေါသတွေအချောင်း က် အချောင်းလိုက်ထွက်နေရ၏။

ဒါရိုက်တာဆိုတဲ့လူက မိကူးကို ကိုင်လှချေလား…

''ခေါင်းမော့''…ဆိုလည်းပြီးတာပဲ။ ဘာလို့ မေးစေ့ကိုကိုင်ရတာ …

''ဒီဘက်ကို နည်းနည်းလှည့်''ဆိုလည်း ပြီးတာပဲ။ ဘာလို့ပခုံးကို င်ရတာလဲ…

ပိုင်စိုးပိုင်နင်းနဲ့ ဆံပင်တွေကိုကိုင်ပြီး ရှေ့ပို့လိုက် နောက်ပို့လိုက်လုပ်နေ ပးသည်။ မြက်ခင်းပေါ်မှာ ခပ်ကော့ကော့လေးထိုင်နေတဲ့ မိကူးရဲ့နောက်ကျော က်မှာ ကပ်ရပ်ပြီး ငုံ့ကြည့်နေတာ ဘာသဘောလဲ…

မျက်ခွက်ကို ပြေးကန်ပစ်ချင်စိတ်တွေကို မနည်းထိန်းထားရသည်။

စိတ်ကူးထဲမှာ ကျွန်တော်စီးထားတဲ့ ဖိနပ်အချွန်နဲ့ရင်ဝကို မနားတမ်းပြေး န်ပစ်တဲ့အခါ အဲဒီဒါရိုက်တာရဲ့ ပါးစပ်မှသွေးတွေ ပွက်ပွက်ပြီးကျလာ၏။

မကြာခင်မှာပဲ ထိုလူဆန့်ငင်ဆန့်ငင်နှင့် သေသွား၏။

''အဲဒီလိုမဟုတ်သေးဘူး… ကူးကူး…''

ဟော… တွေ့လား။ မိကူးနား ကပ်သွားပြန်ပြီ၊ တို့ဦး ထိဦးတော့ ၁…

''ဆံပင်တွေမြက်ခင်းပေါ်ပုံကျတဲ့အထိ ခေါင်းကိုမော့ရမှာ၊ လက်က က်ကို ခပ်ကျဲကျဲလေးထောက်ထား၊ မျက်နှာလေးကိုမော့၊ ပြီးရင် ါးကိုကော့ထား…''

www.burmeseclassic.com

www.burmeseclassic.com



မိကူးက သူပြောတဲ့အတိုင်း ခါးကိုဆက်ကော့၏။

ဘယ်လို Position လည်းတော့မသိ။ ကြည့်ရတာ သက်တောင့်သက်
ရှိ… တောင့်တောင့်ကော့ကော့ကြီး…

"ကော့ပါကူးကူးရဲ့ နည်းနည်းကော့ဦး… ဟုတ်ပြီ"

ဟာ!…ခါးကိုကိုင်တယ်… ဒါဟော့လွန်ပြီ…

အတွေးမဆုံးခင်မှာပဲ သူတို့နားကို လှားကနဲရောက်သွား၏။

"ဟော့လူ… ဟော့လူ… ပါးစပ်ကပြောလို့မရဘူးလားဗျ၊ ဟိုကို
ကိုင်မလုပ်နဲ့။ မိကူး…နင်ကလည်း သဘောမပေါက်ဘူးလား..မနေ့က
ဒီလိုပဲ..သဘောကိုမပေါက်နိုင်ဘူး။ နင်သဘောမပေါက်တာက အရေး
ဘူး။ ဟင်း… အာရုံကို အလုပ်ထဲမှာ နှစ်ထားစမ်းဟာ…အခုနင့်ကို
ကော့ခိုင်းနေတာမဟုတ်လား ရသလောက်ကော့ပေးလိုက်လေ ဒါတော
မလည်ဘူးလား"

ရိုက်ကွင်းထဲကို လှားကနဲရောက်လာသော ဂီဇိုကို ဒါရိုက်တာ
က စူးစူးဝါးဝါး ကြည့်၏။

"ဟော့ကောင်… မင်းဘယ်သူလဲ…. ကူးကူး.. သူဘယ်သူလဲ"

"အဲ …အဲဒါ …ကူးကူးအစ်ကိုပါဆရာ…"

သူမအသံက ထစ်အအဖြစ်နေသည်။

"အရင်းလား၊ အစ်ကိုအရင်းလား…"

"ရှင်… ဟို… အရင်းတော့မဟုတ်ပါဘူး။ ဝမ်းကွဲပါဆရာ…"

"ကောင်းပြီ… ဒီမှာ ငါ့ညီ… ကိုယ်တို့အလုပ်လုပ်နေတာ။ အကေ
ဆုံးရိုက်ချက်ရအောင်လို့ ကူးကူးရဲ့အလှတရားတွေကိုဖော်ထုတ်နေ
တစ်ဆိတ်နားလည်မှုထားပေးပါ… ဒါ VIDEO ရိုက်နေတာညီ၊ တရား
နေတာမဟုတ်ဘူး။ နောက်ကိုရိုက်ကွင်းထဲ ဇွတ်ဇွတ်ဝင်မလာပါနဲ့…"

"ဆောရီးပဲဗျာ… ကျွန်တော် တောင်းပန်ပါတယ်… ကျေးဇူး
သူ့ကိုပါးစပ်နဲ့ပဲ သဘောပေါက်အောင် သင်လို့မရဘူးလား။ ဒါမှမဟု
ခင်ဗျား လိုချင်တဲ့ပုံစံကျွန်တော့်ကို ပြောလေ ကျွန်တော်သူ့ကိုရအောင်ခိုင်း
ပါ့မယ်…"



"ဟဲ့… ဂီဇို…"

"ကျွတ်!… မင်းဘယ်လိုလူလဲကွာ နှာမည်ကြီးမင်းသမီးတွေနဲ့… အလုပ်
ပ်တုန်းကတောင် ဘာသံမှမထွက်ဘူး။ မင်းသိထားဖို့က ဒါကစားနေတာ
ဟုတ်ဘူးနော်..အလုပ်လုပ်နေတာ။ အချိန်တွေ ပညာတွေ ငွေတွေနဲ့ရင်းပြီး
လုပ်လုပ်နေတာ။ ကိုယ်လုပ်နေတာ မင်းညီမအတွက်ကွ တစ်ခွေလုံးကို
တစ်ယောက်တည်းနဲ့ ရိုက်ဖို့ဆိုတာ ဘယ်လောက်အထိ စွန့်စားထားရတယ်
င်လဲ…ဘယ်သူမှ မရိုက်ရဲဘူး။ သူ့နာမည်တစ်လုံးက ကိုယ့်လက်ထဲမှာ
နေတယ်…ဒါဟာ သူ့အတွက် ပွဲဦးထွက်အခွေ အရမ်းအရေးကြီးတယ်
ိုယ်ကြိုးစားနေတာသူ့အတွက်ချည်းပဲ။ ကဲပါ… အချိန်မရှိဘူး၊ အိုကေ…
က်မယ် ရယ်ဒီ… မှန်ထိုးမယ်ဟော့… ဟော့ကောင်မောင်ဦး ခပ်စိုက်စိုက်လေး
ိုးပေး"

ဒါရိုက်တာကကျွန်တော့်ကို အလေးမထားသလိုပုံစံဖြင့် မှန်ထိုးသည့်
ကာင်လေးကိုပါ တစ်ဆက်တည်းလှမ်းပြော၏။

"ဟုတ်ကဲ့ပါဆရာ…" (မှန်ထိုးသည့်ကောင်လေး၏အသံ)

"ဟုတ်ကဲ့ဆိုလည်းထလေကွာ အလုပ်မလုပ်ရသေးဘူး ငုတ်တုတ်
ိုင်နေပြီ…ဟိုကောင်ကနေရာပြောင်းလေ..နေနည်းနည်းစောင်းသွား
ာမမြင်ဘူးလား။ အလုပ်ကို စိတ်ပါလက်ပါလုပ်ကြ၊ မှန်လေးနှစ်ဆင့်ထိုးတာ
ို ခုထိပြောနေရတုန်းပဲ။ ဦးနှောက်နဲ့ အလုပ်လုပ်ကြစမ်း..နေရာတကာ
ိုက်ပြောနေရရင် ငါသေပြီပေါ့ကွ။ မော့ကားတဲ့မျက်နှာကို ဒီဘက်ခြမ်း
နေထိုးမယ်။ ဟုတ်ပြီ… သူ့မျက်နှာကင်မရာဘက်လှည့်လာရင် နည်းနည်း
း လိုက်ပြီးနှိမ့်ထိုးမယ်..မျက်နှာကို လုံးဝအမှောင်ရိပ်မကျစေနဲ့။ ကဲ… စမယ်
ူးကူး ရယ်ဒီပဲနော် အဲဒီအတိုင်း လေးပဲနေမယ်…သီချင်းစာသားက
'ပိုက်ဖိုရင်မော' ဆိုတာနဲ့ ခေါင်းကို ကင်မရာဘက်ဖြည်းဖြည်းလေးလှည့်
ယ်… 'အကြည့်တစ်ချက် ပင့်သက်တို့ကြွေ' ဆိုတာနဲ့ ကင်မရာကို
ည့်ပြီးသားဖြစ်ရမယ်။ အဲဒီအချိန်မှာ မျက်တောင်လုံးဝမခတ်နဲ့…နှုတ်ခမ်းကို
ဟာဟာလေးလုပ်ထားမယ် အိုကေနော်… မှတ်မိတယ်နော်…"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါဆရာ..."

"အိုကေ...စ မယ် ကက်ဆက်ဖွင့်တော့။ ကူးကူးသီချင်းကို သေ... နားထောင်...ပြုံးစရာမလိုဘူး ခပ်တည်တည်လေးပဲ။အိုကေ... ဝမ်း... တူး... သရီး... အက်ရှင်(Action)"

တစ်ယောက်တည်းပါးစပ်ကလည်းပြော..အမူအရာတွေလည်းလုပ်... သော ဒါရိုက်တာကိုကြည့်ပြီး မျက်စေ့နောက်လာ၏။

နိုင်ငံခြားကားတွေလို ကားချင်းတိုက်မိတာတွေ လေယာဉ်ပေါ်... ခုန်ချတာတွေများ ရိုက်ရရင်အခက်ပဲ...

မိကူးကရော ဘာထူးလဲ... ကင်မရာကိုလှည့်ကြည့်ရတာလေးတော... အခါတစ်ရာလောက်ပြောနေရတယ်... ဟူး... ကြာရင်အသက်တိုလိမ့်... ထင်တယ်...

နောက်ထပ်တစ်ခန်းရိုက်တော့ ပိုတောင်ဆိုးသေးသည်။

ဒီလောက်နေကြီး ကျွက်ကျွက်ဆူအောင်ပူနေတဲ့အချိန်မှာ မိကူး... အနွေးထည်အရှည်ကြီးဝတ်ပြီး လမ်းလျှောက်ရမည်တဲ့...

မိကူးနားမှာ ဝေ့ဝဲနေမယ့်အခိုးအငွေ့တွေအဖြစ်... သစ်ရွက်ခြောက်တွေ... မီးပုံရှို့နေကြပြန်သည်။

အစိပ္ပါယ်မရှိဘူး...

ဒီအတိုင်းရိုက်တော့ ဘာဖြစ်လဲ။နေပူပူကြီးမှာ အနွေးထည်ကြီးဝတ်... ရပါတယ်ဆိုမှ မီးခိုးတွေကြားထဲမှာ လမ်းလျှောက်ရဦးမယ်တဲ့...

မီးခိုးတွေမွှန်ပြီး ချောင်းဆိုးရင်ဘယ်လိုလုပ်မလဲ...

"ဘုရားသိကြားမလို့ လေတွေငြိမ်ပြီးတိုက်လိုက်ပါစေဗျာ..."ဟု... ကျိတ်ပြီးဆုတောင်းလိုက်မိ၏။

ဟုတ်တယ်!... ဒါမှ ချွေးတွေပြန်နေတဲ့ မိကူးတစ်ယောက်မီးခိုး... သက်သာမှာ...



အကောင်းမြင်စိတ် ကင်းမဲ့စွာတောင်းလိုက်မိတဲ့ ဆုတောင်းက တကယ် ...ပြည့်သွားခဲ့လေသည်။

စောစောကတောင်ဘက်မှ တိုက်ခတ်နေသောလေက အရှေ့ဘက်မှ ...ိုက်လာသောကြောင့် မီးခိုးတို့ အနောက်ဘက်သို့ ပါသွားကြ၏။

"ကောင်းတယ်... မှတ်ကရော..."

အားရပါးရ ရေရွတ်ရင်း ပျာယာခတ်သွားတဲ့ ဒါရိုက်တာ ကိုပျာယာကို ကြည့်ပြီး တော်တော်လေး ကျေနပ်သွားရ၏။

သို့သော်....

မကောင်းမှုဟူသည် မိမိထံသို့ ပြန်လာစမြဲဆိုတဲ့ အတိုင်း ထိုကိစ္စက ...ထံသို့သာ မြားဦးလှည့်လာတော့သည်။

ရိုက်ကွင်းကို ကျောပေးပြီး ရယ်နေတဲ့သူ့ပုခုံးကို လာပုတ်သူက ဒါရိုက် ...ာ ကိုပျာယာ...

"ဒီမှာ ညီ..."

"ဘာလဲ... ဟီး... ဟီး"

"မင်း... မင်းဘာရယ်နေတာလဲ..."

"ဗျာ... ဘာရယ်ရယ်ပေါ့ဗျ...ကိုယ့်ဘာသာရယ်ချင်လို့ ရယ်တာ ...ဘာလို့ပြောရမှာလဲ"

"ဟုတ်ပါပြီ... ဒီမှာ... ကိုယ့်ကိုတစ်ခုလောက် ကူညီစမ်းပါ..."

"ဘာကူညီရမှာလဲဗျ... ဟီး... ဟီး..."

"အဲဒီ မီးခိုးတွေ ကူးကူးဘက်ကိုရောက်သွားအောင် ဒါလေးနဲ့ ယပ်ထုတ် ...းစမ်းပါ..."

"ဗျာ"

ကိုပျာယာလက်ထဲက ဝါးနှင့်ယက်လုပ်ထားသော ဆန်ကောကြီးကို ...ည့်ပြီး မျက်လုံးပြူးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆန်ကောကြီးနဲ့ မီးခိုးတွေကို မိကူးဘက်သွားအောင် ယပ်ထုတ်ပေးရမယ်တဲ့… ဟိုက်ရှားဘား…

"အာ… မလုပ်ချင်ပါဘူး။တခြားလူကို ခိုင်းပါလားဗျ…"

"မြင်တဲ့အတိုင်းပဲညီ…ဘယ်သူမှ မအားကြဘူး။ ခြံထဲမှာလည်း ငါတို့အဖွဲ့ပဲရှိတယ်‥ရောပါလုပ်လိုက်ပါ။ ခဏလေးပဲ ကူးကူးလျှောက်လာတဲ့အချိန်လေးပဲ…"

"ဟာဗျာ… ပန်ကာလေး ဘာလေးနဲ့ လုပ်ပေါ့ဗျ…"

"ပန်ကာရှာနေရင် နောက်ထပ်တစ်နာရီလောက်ကြာသွားမယ်၊ ရိုက်စရာ တွေကျန်သေးတယ်။ နေကျသွားမှာစိုးလို့ပါကွာရောပါ ကူညီပါ…"

"ဒါဆိုလည်း မီးပုံကိုလေအထက်ရွှေလိုက်ပေါ့"

"ပြောရကျပ်လိုက်တာကွာ မင်းညီမအတွက် ဒါလေးတောင် မကူညီနိုင်ဘူးလားကွ"

အမြင်ကတ်ကတ်နဲ့ "မကူညီနိုင်ဘူး"လို့ပြောမည်လုပ်တုန်းမှာ မိကူးရောက်လာသဖြင့် ကိုပျာယာလက်ထဲက ဆန်ကောကြီးကို ဆောင့်ဆွဲပြီး မီးပုံရှိရာကို ထွက်လာခဲ့ရတော့၏။

မီးပုံနားရောက်တော့ စိတ်တိုတိုနဲ့ မီးခိုးတွေကို တစ်အားယပ်ထုတ်လိုက်မိသည်။

"အိုကေ အိုကေ‥အဆင်ပြေတယ်ညီရေ…"

စပီကာ (Speaker)လေးနဲ့ လှမ်းပြောတဲ့ ကိုပျာယာကို ဂျိုကြည့် (ချိုကြည့်) ကြည့်ပစ်လိုက်၏။

ရွှဲပြီး လုပ်နေတာကို သူက "အိုကေ‥အိုကေ"တဲ့…

"တောက်!… ကွာ… ဟွန်း…" ဒေါသတွေကို မျိုချနေရ၏။

လက်တွေညောင်းနေပြီ။ ဆန်ကောကြီးက နည်းတာကြီးမဟုတ်ဘူး။

"ကဲကွာ… ကဲကွာ…"



စိတ်တိုတိုနှင့် အားကုန်ယပ်ထုတ်နေမိတော့သည်။

မီးခိုးများက Long Coat အရှည်ကြီးဝတ်ဆင်ထားသော သူမထံသို့ အိအိမျောလွင့်နေကြ၏။

❀ ❀ ❀ ❀ ❀

ဒီတစ်ခန်းက နည်းနည်းရင်တုန်ဖို့ကောင်းသည်။

မျက်နှာချင်းဆိုင်လျှောက်လာကြတဲ့ မော်ဒယ်ဘွိုင်းဆိုတဲ့ကောင်နဲ့ မိကူးတို့ မိုး‌ရွက်ကြီးနားမှာ ဆုံတွေ့ကြ၏။

သူတို့နှစ်ယောက်မျက်နှာချင်းဆိုင်ဆုံတွေ့ကြတော့…တစ်ယောက်နဲ့ တစ်ယောက် ရိဝေတဲ့အကြည့်တွေနဲ့ စိုက်ကြည့်နေကြပြန်သည်။

သူတို့မျက်လုံးတွေကို ကြည့်ရင်း ရင်ထဲမှာ ကျလိ ကျလိဖြစ်လာ၏။ မိကူးမျက်လုံးတွေက အသက်ပါလှချေလား…

မျက်နှာနှစ်ခုတဖြည်းဖြည်းနီးကပ်သွားပြီး‥သူတို့မျက်နှာတွေကို ပိန်းရွက်တစ်ရွက်နဲ့ ဆွဲကွယ်လိုက်တဲ့အချိန်မှာ စိတ်ထိန်းလို့မရတော့…

ပိန်းပင်ရဲ့ဟိုဘက်မှာရှိနေတဲ့ သူတို့နားကို လွှားကနဲရောက်ရှိသွားတော့သည်။

"ဟေ့ကောင်… မင်း… မင်း… မိကူးကိုနမ်းလိုက်သေးလား။ ပြောစမ်း ပြောစမ်း"

အင်္ကျီကုပ်ပိုးစကို ဆုပ်ကိုင်ပြီးမေးတော့‥‥မော်ဒယ်ဘွိုင်းဆိုတဲ့ကောင်ဆတ်ဆတ်တုန်နေ၏။

"ဗျာ… မ…မနမ်းပါဘူးဗျာ… လုံးဝမနမ်းပါဘူး‥"

"ဟဲ့… နမ်းစရာလား… ဂီဇိုနင်ဘာတွေလျှောက်ပြောနေတာလဲ နင်…"

www.burmeseclassic.com

www.burmeseclassic.com



မိကူးစကားမဆုံးခင် ခရာ(Whistle)သံ စူးစူးဝါးဝါးကိုကြားလိုက်ရ...

လည်ပင်းမှာကြိုးနဲ့ဆွဲထားတဲ့ Whistle ကြီးကို မနားတမ်းမှုတ်ရ... ဒေါ်သတကြီးရောက်ရှိလာသူက ကိုပျာယာ…

မျက်လုံးကြီးကပြူးလို့… လူကို စားတော့မတတ် ဝါးတော့မတတ်...

"ရှီး… ရှီး… ရှီး…" (ခရာသံ)

ကျွန်တော့်မျက်နှာနားအထိကပ်ပြီး မနားတမ်းမှုတ်နေခြင်းဖြစ်သ...

"ဘာလုပ်တာလဲ… ဘာလုပ်တာလဲ… တောက်! ပြီးခါနီးမှ ကျ... မင်း… ဘာဝင်လုပ်တာလဲ… ဟင်း… ကွာ…"

"ဟို… ဟို… ဒီကောင် မိကူးကို နမ်း… နမ်း…"

"အို… မနမ်းပါဘူး…"

သူမကထိတ်လန့်စွာငြင်းဆန်၏။ မော်ဒယ်ဘွိုင်းကလည်း ငြင်း...

"ဟာ… ဆရာ… ကျွန်တော်မနမ်းဘူး… ဆရာခိုင်းတဲ့အတိုင်း... တာပါဆရာ"

"တောက်!… မင်းကွာ… ဒါ တမင်သက်သက်လုပ်တာမဟုတ်... သွားပြီ…ပြန်ရိုက်ရဦးတော့မယ်…"

ကိုပျာယာကိုဘာပြောရမှန်းမသိဖြစ်နေစဉ် မိကူးကဝင်ပြော၏။

"ဆရာ… ဆရာရယ်… သူတမင်လုပ်တာ မဟုတ်ပါဘူး။ ... တောင်းပန်ပါတယ်နော်… ဆရာ… နော်…"

"အဟဲ… ဟုတ်ပါတယ်… မထင်မှတ်ပဲဖြစ်သွားတာ… ဟဲ..."

ကိုပျာကကျွန်တော့် ကိုတစ်လှည့် မိကူးကိုတစ်လှည့်ကြည့်ပြီး ... ကြီးရှုံ့မဲ့ကာခေါင်းကို တဖျင်းဖျင်းကုတ်၏။

"ငါ …သေသာသေလိုက်ချင်တော့တယ်ကွာ ဘယ်လိုသတ္တဝါ... မသိဘူး။ ရှစ်ကြီးနီးပါတယ်ကျေးဇူးရှင်ရယ် ဝေးဝေးမှာသွားနေပါ... မင်းညီမဘာမှမဖြစ်စေရပါဘူးလို့ ဂတိပေးပါတယ်။ ကူးကူး နင့်အ... ကြည့်ပြောပါဦးဟာ..သူလုပ်တာနဲ့ဘာမှပြီးတော့မှာမဟုတ်ဘူး…"



ကိုပျာယာကခရာကို ဒေါ်သတကြီးမှုတ်ရင်း ကင်မရာရှိရာသို့ပြန်သွား...ယတော့သည်။

"ရှီး…ရှီး… ရှီး…" (ခရာသံ…)

မိကူးက…

"ဂိုဇို… နင်ဘယ်လိုဖြစ်နေတာလဲ ဂိုဇိုရယ် ငါ့မျက်နှာကိုလည်း ...ထောက်ပါဦးဟာ… နင် ရိုက်ကွင်းနဲ့ဝေးဝေးမှာသွားနေစမ်းဟာ။ ကားပေါ်မှာ သွားထိုင်နေပါဟယ်… ငါတောင်းပန်ပါတယ်"

မိကူးစိတ်ချမ်းသာအောင် လှည့်ထွက်ခဲ့ပေမယ့် ခဏနေတော့ကျွန်တော် ရိုက်ကွင်းနားပြန်ရောက်၏။

မဖြစ်ဘူး… မိကူးကိုစိတ်မချဘူး…

စောစောကလို မဖြစ်အောင်တော့ သတိထားပြီးနေရ၏။ သို့သော် …သတိထားပြီးနေ နေတဲ့ကြားက စိတ်တိုရပြန်သည်။ ကြည့်ပါဦး…မော်ဒယ်ဘွိုင်းဆိုတဲ့ကောင် ဘာလုပ်နေတာလဲ…

မိကူးလက်ကိုဆွဲပြီး မြက်ခင်းကျဉ်းကျဉ်းလေးမှာ ပတ်ပြေးနေပါလား…

တောက်…! လက်ကို အပိုကိုင်ထားတာ တွေ့လား…

မိကူးကလည်း ပြုံးလို့ ရယ်လို့…

စိတ်တိုတိုနှင့် ကြည့်နေမိစဉ်မှာပဲ မိကူးကမြက်ခင်းပေါ်မှာထိုင်ချလိုက်လေသည်။

ဘသားချောက မိကူးအနားမှာကပ်ထိုင်လိုက်ပြန်သည်။

ထို့နောက်မြက်ခင်းပေါ်လှဲအိပ်လိုက်၏။

"ဟာ… သွားပြီ… ဟား… ဟား ကောင်းတယ်"

ကျေကျေနပ်နပ်ကြီး ရေရွတ်လိုက်တာ ကျွန်တော်ပါ …

မော်ဒယ်ဘွိုင်းဆိုတဲ့ ခပ်ချောချော ခပ်ခွဲ့ခွဲ့ကောင် အိပ်ချလိုက်သ... နေရာမှာ ရှိနေတာက ခွေးချေးပုံကြီး…

www.burmeseclassic.com

www.burmeseclassic.com



ခပ်ပျော့ပျော့ခွေးချေးပုံက မြက်ပင်ရှည်ရှည်တွေကြားမှာ ထိုးထိုးထော…
ထောင်ဖြစ်မနေတာကို သတိမထားဘာလား…မိကူးလက်ကိုကိုင်ခွင့်ရ…
အချိန်မို့ ဘာကိုမှမမြင်တော့လား မသိ…

ခတက်ကနဲပြန့်ထလိုက်တဲ့ မော်ဒယ်တို့ချိုင်းခေါင်းမှာ ခွေးချေးတွေအပုံလိုက်
ကပ်လျှက်ပါလာ၏။

ကောင်းတယ်… မိကူးလက်ကို ကိုင်ချင်ဦးလေကွာ…

ဝမ်းသာလွန်းအားကြီးတဲ့စိတ်တွေက လက်ခုပ်သံကျယ်ကျယ်ကို ပြန်…
စေ၏။

သတိလက်လွတ် လက်ခုပ်တီးပစ်လိုက်မိခြင်း ဖြစ်မည်။

မော်ဒယ်တို့င်းက ဂီဇိုကိုစူးစူးဝါးဝါးကြည့်ပြီး ပြေးထွက်သွား၏။ ခပ်…
စေးနှိုပ်ရသော ခွေးချေးပုံက ချေးနေတာတောင်ပြုတ်မကျ…

ဂီဇို ရယ်သံက ခပ်ကျယ်ကျယ်ထွက်ပေါ်၏။

VIDEO ရိုက်နေတဲ့ အဖွဲ့သားတွေ ခပ်အုပ်အုပ်ရယ်ကြ၏။

ကူးကူးလည်းရယ်၏။

ကိုပျာယာလည်း ရယ်၏။ သို့သော် ချက်ချင်းတည်ပစ်ကာ ဂီဇိုကိုဒေါ…
မျက်လုံးတွေနဲ့ ကြည့်ပြီး…လက်ထဲက စပီကာ (Speaker) လေးကို ပေါက်…
ပစ်လိုက်လေသည်။

မကြာခင် အပေါက်ခံရဦးတော့မှာကို ကြိုသိနေ၏။

"ငါ… ဘာမှမလုပ်ဘူးနော်… မိကူး…"

✽ ✽ ✽ ✽ ✽



( * )

"သေချာနားထောင်နော်… ကူးကူးက သူ့ပါးကိုရိုက်ပစ်ရမယ်…
"သေချာနားထောင်နော်… ကူးကူးက သူ့ပါးကိုရိုက်ပစ်ရမယ်…
…မယ့် လုံးဝအားသုံးစရာမလိုဘူး။ မျက်နှာနဲ့လက်နဲ့ထိရုံပဲ၊ မျက်နှာမှာ
…သာထွက်နေတဲ့ Mood ပါရမယ်…တကယ်စိတ်ဆိုးမာန်ဆိုးနဲ့ ရိုက်လိုက်တဲ့
…ပုံဖြစ်နေရမယ်။ မျက်လုံးတွေက ကင်မရာဆီရောက်မသွားနဲ့ဦး"

"ဟုတ်ကဲ့ပါဆရာ…"

"မင်းက… သူ့လက်နဲ့မင်းပါးထိပြီဆိုတာနဲ့ နာကျင်သွားတဲ့ပုံစံနဲ့မျက်နှာ
…ရှာကနဲလှည့်ပစ်ရမယ်။ ပါးကိုရိုက်လိုက်လို့ မျက်နှာလည်ထွက်သွားတဲ့ပုံစံ
ပီပြင်ပါစေ… ဟုတ်ပြီလား။ မှတ်မိပြီနော်…"

"ဟုတ်ကဲ့ပါဆရာ…"

ရုပ်ပြီးနားထောင်နေသော ဂီဇိုက, ဝင်ပါပြန်၏။

"သဘာဝကျအောင် တကယ်ရိုက်ခိုင်းပါလားဆရာ…မိကူးကအားကုန်
…ပြီး တကယ်သာရိုက်ချလိုက်၊ သူ့မျက်နှာက အော်တိုလည်ထွက်သွားမှာပဲ
…သို ပိုပြီးပီပြင်သွားမယ်ထင်တယ်…"

ဒါရိုက်တာ ကိုပျာယာက သူ့ကိုစွေကနဲကြည့်၏။

"မင်းအလုပ်လား…"

"ကျွန်တော့်အလုပ်တော့မဟုတ်ဘူးပေါ့ ဆရာရယ်… ဟို… ဟို… ပိုပြီး
…သဘာဝကျအောင် ပြောပြတာပါ။ အကြံပေးတာ… ဟဲ… ဟဲ…"

"မလိုဘူး။ အိုကေ… အဆင်သင့်ဖြစ်ရင်စမယ်…ကူးကူးကိုပြောပြီးသား
…မနေ့ကလိုဖြစ်ရင် နောက်တစ်ခွေမှာ ကိုယ်…လူပြောင်းရ…မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုပျာယာက ကူးကူးကိုပါတဆက်တည်း သတိပေးစကားပြေ
ကင်မရာဆီလျှောက်သွား၏။

"ဟဲ့ ဂီဂို ပြောသွားတာကြားတယ်နော်..နင်မနောက်ယှက်ဧမ်းပါနဲ့
ကိုယ့်ဘာသာ အေးအေးဆေးဆေးနေစမ်းပါ။ဝေးဝေးသွားနေပါဂီဂိုရယ်
ငါသေချင်တယ်အဟုတ်..."

"မသေချင်ပါနဲ့မိကူးရာ... စိတ်ချ မနေ့ကလိုလုံးဝမဖြစ်စေရဘူး။
ငါကတိပေးတယ်"

ပြောသာပြောလိုက်ရသည်။ စိတ်ထဲမှာသိပ်မကျေနပ်...

အလကားရတယ်ဆိုပြီး လက်ရဲဇက်ရဲနိုင်လွန်းလှသော ကိုပျာယာကို
အဲဒီမော်ဒယ်ဘွိုင်းဆိုတဲ့ ခပ်ချောချော ပျော့စိစိကောင်ကိုပါ ခေါင်းတွေချည်
ခွဲပစ်ချင်နေတာ...

အလုပ် လုပ်သလိုလို ဘာလိုလိုနဲ့ တော်တော်အသားယူတဲ့ကောင်တွေ

လူရှေ့သူရှေ့မှာတောင် ဒီလောက်ရဲတင်းနေကြရင်..နည်းနည်းလေး
ကွယ်သွားရင် မတွေးဝံ့စရာ...

အမှုအရာတွေလုပ်ပြီး ထမင်းစားနေကြတဲ့လူတွေဆိုတော့ မိန်းက
တွေသဘောကျအောင် ပလီပလာစကားတွေလည်း ပြောတတ်ကြဦးမှာ

အလုပ်သဘောအရ စိတ်ထဲကမပါဘဲနဲ့ ပွေ့ရ ဖက်ရ ဆွဲရ ရမ်းရ
ဆိုတဲ့လူတကာ လက်ခံနိုင်လောက်တဲ့အကာအကွယ်တစ်ခုကို အသုံး
ဆွဲကိုင်ထားပြီး..အလွန်အဖိုးတန်တဲ့အရာတွေကို ဖောချင်း သသချင်း စား
ကြတာ။ လူလည်တွေ...

ဒါရိုက်တာက ကတ်(Cut)လို့အော်လိုက်တာနဲ့ စောစောကအသား
နေတဲ့လူဟာ သူမဟုတ်သလိုလို ဘာလိုလိုလုပ်သွားတဲ့ ပုံစံကို အခံရ
သည်။

ကုပ်ပိုးစကိုဆွဲကိုင်ပြီး ...



"ယောကောင်အပိုတွေလုပ်မနေနဲ့..မြွေမြွေချင်းခြေမြင်ပြီးသားကွ" ဟုပြော
ကိုက်ချင်သည်။

ပြီးတော့... 'ကျွန်တော်တို့သရုပ်ဆောင်တွေဆိုတာက ကျန်တဲ့အချိန်
မှာပဲ ပင်ကိုယ်စိတ်နဲ့နေနိုင်ပြီး သရုပ်ဆောင်နေတဲ့အချိန်မှာ သရုပ်ဆောင်
ကဲ့စိတ်နဲ့ ခန္ဓာကိုယ်ကိုရော စိတ်နှလုံးသားကိုပါ သီးခြားခွဲပြီးနေကြရတဲ့
တွေပါ ခင်ဗျာ' လို့ ပလီပလာ ပြောကြဦးမည်။

သွားစမ်းပါ။ ဒီစိတ်နဲ့ဒီကိုယ်တစ်ခုတည်းကို ဘယ်လိုမှနှစ်ကိုယ် နှစ်စိတ်
ရပါဘူး... လက်မခံဘူး။

ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမတိုင်းသာ ကျွန်တော့်လိုစိတ်ဓာတ်မျိုးတွေချည်း
ယ်ဆိုရင်..ဒီကောင်တွေမိန်းမတောင်ရကြမှာ မဟုတ်ဘူး...

ကြည့်ဦးလေ...

ယောကျ်ားဖြစ်ပြီး မိတ်ကပ်တွေလိမ်းလားလိမ်းရဲ့...

နှုတ်ခမ်းနီတွေဆိုးလား ဆိုးရဲ့...

အားအားရှိ အဝတ်အစားပဲလဲနေတဲ့ကောင်တွေကို ဘယ်လိုအကြောင်းနဲ့
တွေအားပေးနှစ်သက်ကြနေတယ်ဆိုတာ စဉ်းစားလို့ကိုမရဘူး...

အခု... မိကူးနဲ့တွဲရိုက်နေတဲ့ကောင်ကိုပဲကြည့်...

မိတ်ကပ်လိမ်းတယ် နှုတ်ခမ်းနီဆိုးတယ် မျက်ခွံတွေမှာတောင် အရောင်
င်ပါးပါးတွေခြယ်လိုက်သေးတယ်...

ဆံပင်ရှည်ရှည် ပျော့ပျော့စင်းစင်းတွေနဲ့... ကျွန်တော့်ဆံပင်တွေလို
ခွေလိပ်လိပ်လေးတွေလည်း မဟုတ်ဘူး...

မျက်ခုံးတွေ မဲမှောင်နေတာများ အကောင်းမထင်နဲ့။ စောစောက
တော့်ရှေ့မှာတောင် ခဲတံနဲ့သေသေချာချာခြစ်ထားတာ...

နှာခေါင်းကလည်း ဖြောင့်စင်းနေသေးတယ်... ကျွန်တော့်နှာခေါင်း
ကြည့်... ပွပွလေး...

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကလည်း ပါးပါးလေး…ကျွန်တော့်နှုတ်ခမ်းလိုထူထူလေး မဟုတ်ဘူး။ နှုတ်ခမ်းထူရင် ကြင်နာတတ်တယ်တဲ့ …ဒီကောင်ရက်စက် တဲ့ ကောင်မျိုးဖြစ်မယ်…

မျက်လုံးတွေကလည်း ဝိုင်းစက်နေသေးသည်။ ကျွန်တော့်မျက်လုံး လို ခပ်သေးသေးလေးတွေလည်း မဟုတ်ဘူး…

အသားအရေကလည်း ဝင်းနှစ်နေတာပဲ‥ယောကျ်ားဆိုတာ ကျွန် အသားညိုတာပဲကောင်းတာပါ…

ဝတ်လိုက်တဲ့အဝတ်အစားတွေကလည်း လှမှလှ ကောင်းမှကော တစ်ဆိတ်… ဒီကောင်အင်္ကျီလဲတာ လွန်ပြီထင်တယ်… သီချင်းလေးတ သရုပ်ဆောင်ဖို့ အင်္ကျီဘယ်နှစ်ခါလောက်များလဲနေဦးမှာလည်းမသိ… တောင် မိန်းကလေးဖြစ်ပြီး သူ့လောက်အင်္ကျီမလဲပါဘူး…

သူတို့လို အင်္ကျီအဝတ်အစားတွေခဏခဏလဲ…မိတ်ကပ်တွေလိမ်း နှုတ်ခမ်းနီတွေဆိုး… သူများ သားသမီးတွေကို ဟိုတို့လိုက် ဒီတို့ ဟိုထိလိုက် ဒီထိလိုက်လုပ်ရတဲ့ မော်ဒယ်ဘွိုင်းလုပ်ရတာနဲ့စာလျှင်… Lounge မှာ Waiter လုပ်ရတာမှ အဆင့်ရှိဦးမည်ထင်သည်။

ဒီလိုကောင်တွေနဲ့ တွေ့ကြုံရမယ်မှန်းသိရင် မိကျူးကိုအောင်မြင်မှု ရအောင် လုပ်ပေးခဲ့မိမှာမဟုတ်…

မိကျူး ဒီ့ထက်များအောင်မြင်လာရင် တွေးတောင်မတွေးရဲ…

မိကျူးပြောထားလို့ အမှားအယွင်းမရှိအောင် သတိနဲ့နေရပေမယ့် ကိုပျ တစ်ယောက် ခေါင်းကိုတဖျင်းဖျင်းကုတ်ပြီး မီးထိုးတဲ့ကောင်လေးကို ပွစိတွေပြောနေတာမြင်လိုက်တော့ သူတို့နားအထိ ချည်းကပ်သွားလိုက် သည်။

ကိုပျာယာ တစ်ခုခုဖြစ်နေပုံရ၏။

"တောက်!…သေသေချာချာမှာထားရဲ့သားနဲ့ကွာ…ဆယ့်နှစ်နာရီအ လာခဲ့မယ်ဆိုပြီး အခု ငါးနာရီတောင်ကျော်နေပြီ။ခွေးကောင်တွေတစ် မှ ရောက်မလာကြသေးဘူး…"



တဖျစ်တောက်တောက်ပြောရင်း ကိုပျာယာတစ်ယောက် ဟိုလျှောက် လျှောက်လုပ်နေပြန်၏။

"ကိုပျာယာဘာတွေဖြစ်နေတာလဲကွ ညီလေးရ"

မှန်းထိုးတဲ့ကောင်လေးကို ကပ်ပြီးမေးလိုက်သည်။

"ဗျာ… ကိုပျာယာဟုတ်လား… အစ်ကို ဘယ်သူ့ကိုပြောတာလဲ"

"မင်းတို့ဆရာ ဒါရိုက်တာကြီးကိုပြောတာလေကွာ။ဟိုမှာခေါင်းတွေ တ်နေတယ်… တွေ့လား ဘာဖြစ်နေတာလဲ"

မှန်ထိုးတဲ့ကောင်လေး သဘောကျသွားရယ်၏။

"လူကြမ်းအဖွဲ့ရောက်မလာလို့တဲ့အစ်ကို"

"လူကြမ်း… ဟုတ်လား ဘာလုပ်ဖို့လဲကွ"

"မင်းသားကို လူကြမ်းတွေဝိုင်းရိုက်တဲ့အခန်းရိုက်မလို့အစ်ကိုရ။လူကြမ်း တော့ နေ့တွက်ရတာနည်းတယ်လေ…ဟိုပြေးရိုက်လိုက် ဒီပြေးရိုက် က်လုပ်နေကြရတာဆိုတော့ နောက်ကျတာပေါ့‥ဟိုဘက်ရိုက်ကွင်းမှာမပြတ် းလို့ ရောက်မလာသေးတာနေမှာပေါ့"

ဂီဇိုတစ်ယောက် ကိုပျာယာ့နားသို့ ဖျတ်ကနဲရောက်သွား၏။

"ဒီမှာ… အစ်ကို…"

"ဘာလဲ… ဘာနောက်ယှက်ဦးမလို့လဲ"

"အဟဲ… မနောက်ယှက်ပါဘူး အစ်ကိုရ… ကူညီမလို့ပါ…"

"ဘာကူညီမှာလည်းပြော‥ ဒီမှာ လူကြမ်းတွေရောက်မလာသေးလို့ က်တိုနေပါတယ်ဆို …"

"ဟဲ… ဟဲ… အဲဒါပြောမလို့အစ်ကို။ကျွန်တော်လူကြမ်းအခမဲ့လုပ် းမယ်လေဗျာ‥ကူညီမလို့ပါ… ဟဲ… ဟဲ… အစ်ကိုပြောသလို ကျွန်တော့် အတွက်လေ… ဟဲ… ဟဲ…"

"ဖြစ်ပါ့မလား…"

ကိုပျာယာကသူ့ကိုကြည့်ပြီး ဇဝေဇဝါနှင့်ရေရွတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်အစ်ကိုရ... အေးဆေး...ကျွန်တော်ရန်ခဏခဏ... တယ်။မင်းသားကို တုတ်နဲ့ရိုက်တာများ ဘာခက်တာမှတ်လို့..."

"အင်း... မင်းရုပ်နဲ့ဆိုဖြစ်နိုင်ပါတယ်။ မင်းရယ် မှန်ထိုးတဲ့ကောင်... ကက်ဆက်ကိုင်တဲ့ကောင်ရယ်ဆို သုံးယောက်..အင်း... ဖြစ်တယ်...

ချမယ်ကွာ...အချိန်မရှိတော့ဘူး။နေဦး...ငါဟိုနှစ်ကောင်အ... ဘောင်းဘီလေးဘာလေးစီစဉ်လိုက်ဦးမယ်..."

ကိုပျာယာက ကျန်တဲ့နှစ်ယောက်အတွက်ဘောင်းဘီကို မော်ဒယ်... ဆီမှ ငှားယူလိုက်၏။

ထို့နောက် သူတို့သုံးယောက်ကို ဘယ်လိုတွေ သရုပ်ဆောင်ရမ... တာ သင်ပြ၏။

"သဘောကတော့ကွာ...မင်းတို့ကမင်းသမီးရဲ့အစ်ကိုတွေပေါ့ သူ့ရည်းစားကိုခိုးဖို့ ခြံထဲကိုကျော် ပြီးဝင်လာတဲ့ မင်းသားကို မင်း... သုံးယောက်က တုတ်တွေနဲ့ ဝိုင်းရိုက်တဲ့ ပုံစံမျိုးလိုချင်တာ။ ညီမ... လိုက်ပြေးမယ့်အစီအစဉ်ကို ကြိုသိလို့စောင့်နေတဲ့ပုံစံမျိုး... ဟုတ်ပြီလား သဘောပေါက်လား..."

"သဘောပေါက်ပါတယ် ဆရာ..."

သုံးယောက်ပြိုင်တူဖြေကြ၏။

"ဟုတ်ပြီ... မင်းတို့က ဟောဟိုက ခြံနောက်ဖေးအုတ်တံတိုင်း... ရပ်ပြီး စောင့်နေကြမယ်...မင်းသားက အုတ်တံတိုင်းပေါ်ကနေ ခုန်ဆင်း... လိမ့်မယ်..သူဆင်းလာတာနဲ့ မင်းတို့က ဝိုင်းရိုက်ရမယ်။ ငါကတ်... လို့... ပြီးပြီ။ ဟော့... တုတ်တွေယူခဲ့တော့..."

ဒါရိုက်တာက သူ့အဖွဲ့ဆီမှာ တုတ်လှမ်းတောင်း၏။

ဂီဇိုက အသင့်ယူထားသော နှစ်တံစ် (2" x 1") ပျဉ်ချောင်းတစ်... ထောင်ပြရင်းပြော၏။

"ရတယ်အစ်ကို ကျွန်တော့်မှာတုတ်အသင့်ရှိတယ်..."

"အမလေး အဲဒီတုတ်နဲ့ရိုက်ရင်သေသွားမှာပေါ့ကွ။ပေးပေး မင်းတုတ် ...ပေး..မင်းရိုက်ဖို့တုတ်ငါပေးမယ်။ ဘုရား... ဘုရား... ကံကောင်းလို့..."

ကိုပျာယာက ဂီဇို့လက်ထဲမှတုတ်ကြီးကို အမြန်ဆွဲယူကာတုတ် ...စ်ချောင်းပြန်ပေး၏။

"ရော့ ...ဒီတုတ်နဲ့ရိုက်ရမှာကွ"

ဂီဇိုက သူ့လက်ထဲရောက်လာသော တုတ်ကြီးကို သေသေချာချာကြည့် ...။

"ဟာ... ဒါကတုတ်မှမဟုတ်ပဲဗျ၊ ရာဘာနဲ့လုပ်ထားတာကြီး... ...တ်အတုကြီး..."

"ကျေးဇူးရှင်..ဒါ VIDEO ရိုက်နေတာလေ။ တုတ်အစစ်နဲ့ရိုက်ရင် ...သကုန်မှာပေါ့ကွ"

"ဒါဆိုသွေးမထွက်တော့ဘူးပေါ့။ ဘယ်သဘာဝကျမလဲ..."

"အဲဒါ မင်းအလုပ်မဟုတ်ပါဘူး။ VIDEO ရိုက်နေတာကွ တကယ် ...ဖြစ်နေတာမဟုတ်ဘူး...သူတကယ်နာသွားအောင် လုပ်လို့မရဘူး။ ဟင်း... ...င်း... မင်းဘာလုပ်ချင်နေတယ်ဆိုတာ ငါသိတယ်။ ကဲ ကဲ မှောင်နေပြီ၊ ...င်းတို့က ဟိုနားမှာ အသာလေးဝပ်ပြီး ထိုင်နေကြတော့။မင်းသား အုတ်တံတိုင်း ...ပါကို ဟိုဘက်ကနေကျော်တက်လာမယ်..တက်ရမယ့်နေရာ မှတ်မိတယ် ...၊ မီးထိုးမယ်ဟေ့... ရှေ့ဆုံးကလူကို အမိကသားပြီးထိုးမယ် ဟုတ်ပြီ"

"ဖြစ်ပါ့မလားဆရာရယ် သူနဲ့ရိုက်လို့အဆင်ပြေပါ့မလား..."

မော်ဒယ်ဘွိုင်းက ကိုပျာယာ့ကို မျက်နှာငယ်လေးနှင့် ကပ်ပြော၏။

"ဖြစ်ပါတယ်ကွာ ကဲ... ကဲ... မင်းလည်းခြံအပြင်ထွက်တော့... ...ည်းရိုး ပေါ်ရောက်ရင် ငါ့ကိုတစ်ချက်ကြည့်ဦး။ငါလက်ပြမှ ခုန်ချ...သွား ...ား အချိန်မရှိတော့ဘူး။ ဒီတစ်ခန်းပြီးရင် ပြတ်ပြီ..."

မော်ဒယ်ဘွိုင်းက ဂီဇို့ကိုကွက်ကြည့် ကွက်ကြည့်နှင့် ခြံအပြင်သို့ ...က်သွားတော့သည်။ ဂီဇိုတို့သုံးယောက်က ကိုပျာယာပြသည့် နေရာလေး... ...ပ်ကုပ်ကလေးတွေ ထိုင်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုပျာယာက ကုပ်ကုပ်လေးတွေထိုင်နေတဲ့ သူတို့သုံးယောက် အရင်ဆုံးရိုက်ယူ၏။

"အိုကေတယ်..မင်းသားတားကဲ်ခဲ့ပေဘာ..."

စပီကာလေးနဲ့ လှမ်းပြောလိုက်သည်တွင် မင်းသားခြံစည်းရိုးပေါ်တက် ၏။

ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ခုန်နေ၏။

သို့သော် ချစ်ခြင်းဖြင့် လှုပ်ရှားခုန်နေခြင်းမျိုးမဟုတ်...

လျှို့ဝှက်သော အကြံအစီတစ်ခုကြောင့် မရိုးသားစွာခုန်နေခြင်းမျိုး သည်။

"အိုကေ... ခုန်ချတော့"ဆိုတဲ့ အသံနဲ့အတူ မော်ဒယ်ဘွိုင်းဆို အကောင် ခြံစည်းရိုးပေါ်မှ သွားကနဲခုန်ချလိုက်တာနဲ့..ကျွန်တော်တို့ သုံးယော ပိုင်းရိုက်ကြတော့သည်။

တုတ်အပျော့နဲ့ရိုက်တာဆိုပေမယ့် ရှိသမျှအားအကုန်သုံးပြီး ဝမ်းဗိုက် ဖြတ်ရိုက်ပစ်လိုက်တာမို့ ချက်ချင်းပြန်မထနိုင်...

"အား..."

မော်ဒယ်ဘွိုင်းရဲ့ မခိုမခန့်အော်လိုက်သံက နားဝင်ချိုလိုက်သည်ဖြစ်ခြ ပိုမိုပြင်းထန်လာတဲ့ အားသစ်လောင်းရိုက်ချက်တွေက မော်ဒယ်ဘွိုင်း လက်မောင်း၊ ကုပ်ပိုး၊ ခေါင်းနဲ့ နောက်ကျောပြင်တစ်လျှောက်သို့ သွက်လ မြန်ဆန်လွန်းလှစွာ တရစပ်ကျရောက်သွားတော့သည်။

ကျွန်တော့်ရဲ့သွက်လက်လွန်းတဲ့ ရိုက်ချက်တွေကြောင့် ကျ နှစ်ယောက်ဝင်ရိုက်ချိန်မရလိုက်...တုတ်တွေကိုင်ပြီးကြောင်နေကြ၏။

"ဟာ... ဟေ့... ကတ်... ကတ်... ကတ်..."

ကိုပျာယာ့အသံကိုကြားပေမယ့် အညှိုးတကြီးနဲ့ ဆက်ရိုက်နေမိ သည်။ မျက်စိလုံးထဲမှာ ဒီကောင်မိကျူးကို ကိုင်တာတွယ်တာတွေကိုပဲမြင် တော့ လက်တွေကိုရပ်လို့မရ...



"ဟင်... မင်း... မင်း... ငါ့ကို တကယ်ဆော်နေတာ..."

"အေးဟုတ်တယ်... ဆော်တယ်။ ဘာဖြစ်လဲ..."

"......................."

မော်ဒယ်ဘွိုင်းက ညစ်ညမ်းစွာဆဲရေးပြီး ဂီဇို့ကို ဝင်လုံး၏။

ထိုအခါ ဂီဇိုက လက်ထဲမှတုတ်အတုကိုပစ်ချပြီး အသုံးပြုနေကျ က်သီးတွေ လုတ်သုံးပစ်လိုက်တော့သည်။

အပွဲပွဲနွှဲလာခဲ့ဖူးတဲ့ သူ့လက်သီးတွေကို မော်ဒယ်ဘွိုင်းမယှဉ်သာ... ျင်းအကျွာမခံပဲ ဝင်လုံးနေရ၏။

အဖွဲ့သားအားလုံးရောက်လာပြီး သူတို့နှစ်ယောက်ကို ငိုင်းဖျဉ်ကြပေမယ့် က်ခင်းပေါ်မှာ လုံးထွေးသက်ပုတ်နေကြတဲ့ သူတို့နှစ်ယောက်ကို တော်တော် လှူချင်းခွဲလို့မရနိုင်ခဲ့...

"ဟေ့ကောင်မလုပ်နဲ့.. လွှတ်... လွှတ်စမ်း..."

"ဟေ့ကောင်... ဒါ လူသတ်ကွင်းမဟုတ်ဘူးကွ..."

ဂီဇို့မှုးဆဲမှာ ဘယ်သူပြောနေတာကို မှမကြား...

ဝင်ဆွဲတဲ့လူတွေကိုပါ ဗွတ်ထိုးနေတော့ ဂီဇို့အနားကို ဘယ်သူမှမကပ် ...

သန့်မာလှတဲ့လက်တွေက မော်ဒယ်ဘွိုင်းရဲ့ လည်ပင်းဆီမှမခွာ...

"အစ်... အစ်... အစ်..."

မော်ဒယ်ဘွိုင်းလျှာထွက်နေပြီ...

"ဂီဇို..."

"ဟင်... မိကျူး ..."

မိကျူးအသံလေးကိုကြားမှ သတိပြန်ဝင်လာပြီး လည်ပင်းကို ညှစ်ထားတဲ့ က်တွေကိုဖြေပေးလိုက်မိတော့သည်။

မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးအစုံတွေထဲမှာ မိကျူးမျက်လုံးတွေ ပိုးဆုံးဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မော်ဒယ်ဘွိုင်းဆိုတဲ့ကောင် သူ့လည်ပင်းကို သူကိုင်ပြီးစကားပင်...
နိုင်...

မော်ဒယ်ဘွိုင်းမျက်နှာမှာစွဲထင်နေတဲ့ အညှိုးအမည်းတွေကို ကြ...
ကျေနပ်စွာရယ်လိုက်မိ၏။

ထိုအခါ ကိုပျားယားက ကျွန်တော့်ကို စပီကာကြီးနှင့် ပစ်ပေါက်...

အတူတူ သရုပ်ဆောင်ရသော ကောင်လေးနှစ်ယောက်က ကျွန်...
လက်မောင်းတွေကို တစ်ဖက်တစ်ချက်မရဲတရဲ ဆုပ်ကိုင်ထားကြ၏။

နင်ပေးချင်တဲ့အပြစ်ကိုပေးတော့မိကျူး... နင့်ကို ဟိုကိုင် ဒီကိုင်...
ကောင်ကို ငါ့လက်နဲ့မိမိရရဆုံးမလိုက်နိုင်လို့ ငါကျေနပ်တယ်...

❀ ❀ ❀ ❀ ❀

( * )

မှားမှန်းသိသော်လည်း မှားတယ်ဟု မယူဆမိတဲ့ ထိုလုပ်ရပ်အတွက်
...ကူးရရှိလိုက်သောရလဒ်မှာ..ကိုပျားယားနှင့် မော်ဒယ်ဘွိုင်းကို (သူမကိုယ်တိုင်)
...ခြသလုံးဖက်မတတ်တောင်းပန်လိုက်ရခြင်းနှင့် ကိုပျားယားက သူမနှင့်
...ယ်သောအခါမှ VCD မရိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ကျွန်တော်ရရှိလိုက်သောရလဒ်ကတော့ သူမရဲ့ဒေါသတရားတွေ
...မျက်ရည်တွေနှင့် သူမရိုက်ကွင်းသွားသည့်အခါ အတူလိုက်ပါခွင့်တို့ကို
...တစ်သက်စာ ဆုံးရှုံးလိုက်ရခြင်းဖြစ်၏။

သို့သော် ကျွန်တော့်ရဲ့ အချောကောင်းမှု။သူမရဲ့ ခွင့်လွှတ်မှုတို့ကြောင့်
Soul ကုမ္ပဏီနှင့် ကြော်ငြာရိုက်ဖို့သွားသည့်အခါမှာတော့ သူမနှင့်အတူတူ
လိုက်ပါခွင့်ကို ကံကောင်းထောက်မစွာ ရရှိခဲ့ပါသည်။

ပြဿနာတက်ခဲ့တာတွေကို ဦးမောင်နှင့် သူမမိဘတွေကို ပြန်မပြော၊
ပြန်မတိုင်သည့်အတွက်လည်း သူမကိုကျေးဇူးတင်ရ၏။

"နင် ဒီတစ်ခါ ရှုတ်ရှုတ်ရှုတ်ရှုတ်လုပ်ရင်တော့ သေခန်းပြတ်ပဲ ဂိုဇို..."

ဆိုတဲ့တစ်ချက်လွှတ်ရာဇသံကြောင့် ဘာပြဿနာမှမတက်အောင် စိတ်ကို
...တ်အတင်း ထိန်းချုပ်ထားရပေမယ့် တချို့ကြော်ငြာ ရိုက်ကွက်တွေကို
...သဘောမကျ။ မြန်မာပြည်မှာကြော်ငြာမယ့် ကြော်ငြာအတွက် ကုမ္ပဏီက
...စဉ်ပေးထားတဲ့ ဝတ်စုံနဲ့ ရိုက်ချက်တွေက ယဉ်ကျေးပြီး အနုပညာ ဆန်သည်မို့
...ပြောစရာမရှိ။

နိုင်ငံခြားမှာ ကြော်ငြာမယ့် ကြော်ငြာကနှစ်မျိုး....

www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်မျိုးက မြန်မာနန်းတွင်းသူတစ်ယောက်လို ဝတ်... နန်းဆန်ဆန် မြန်မာဆန်ဆန် ရိုက်ယူကြသည်မို့ အပြစ်ပြောစရာမရှိ။

ယဉ်သည် လှသည် ဆွဲဆောင်မှုရှိသည်။

လုံ့လုံ့ခြုံခြုံ ယဉ်ယဉ်ကျေးကျေးနဲ့လည်း ခေတ်မီအောင်ရိုက်လို့ရ... ဆိုတဲ့အတွေးနဲ့ ကျေနပ်နေမိစဉ်မှာပဲ ဒုတိယကြော်ငြာအတွက် ပြင်ဆင်ကြ...

ပြင်သစ်က အနုပညာရှင်များ၏ အစီအစဉ်တွေမို့ အဆင့်အတန်း... တော်တော်မြင့်၏။

မြန်မာပြည်အထိ တကူးတကန့်လာပြီး ကြော်ငြာရိုက်ယူကြ... ဆိုတော့ တော်တော်လေး ငွေကုန်ကြေးကျခံနိုင်ကြတာပဲဟုလည်း တွေး...

သိမ်မွေ့သောပညာရပ်များနှင့် ခက်ခက်ခဲခဲဖန်တီးထားသော အခမ်း... အပြင်အဆင်တွေကိုလည်း အံ့သြစိတ်နှင့် ချီးကျူးမိလေသည်။

ဆလိုက်မီးတွေရဲ့ စွမ်းအားကြောင့် အလင်းရောင်တွေဖျာထွက်... အဖြူရောင်ခမ်းဆီးလိုက်ကာစ ရှည်ရှည်ကြီးတွေက ပန်ကာလေရဲ့တွန်း... ကြောင့် သိမ်မွေ့စွာ လှုပ်လှုပ်နေကြသည်။ ကြမ်းပြင်တစ်ခုလုံးမှာ အဖြူ... အခိုးအငွေ့တွေက တိမ်မှိုင်တွေလို တအိအိရွေ့လျားနေကြသည်ကို မြင်ရ... သစ်ရွက်ခြောက်တွေ မီးပုံရှို့ခဲ့ရတာကို ဖျတ်ကနဲသတိရပြီး တစ်ယော... တည်းကျိတ်ရယ်မိ၏။

ခရမ်းရောင်ဖျော့ဖျော့လင်းနေတဲ့ ဖန်သားတွေနဲ့တည်ဆောက်ထားပုံ... SOUL ဆိုတဲ့ စာလုံးကြီးက ခန်းမကြီးရဲ့အလယ်မှာ အဖြူရောင်အခိုးအငွေ့... ရဲ့ အလယ်မှာ ခပ်ဖြည်းဖြည်းလေးလည်နေ၏။

တစ်ချက် တစ်ချက်မှာ စာလုံးကြီးတွေရဲ့နေရာအချို့က ဖျတ်ကနဲ... သက်လာတတ်တဲ့ မာကျူရီရောင်လို မီးရောင်တွေ...

အတွင်းဘက်မှ မီးပေးထားပုံရသဖြင့် SOULဆိုတဲ့စာလုံးကြီး... မှာထွက်နေသော ခရမ်းရောင်ဖျော့ဖျော့အလင်းရောင်တွေက အနားတစ်ဝို... အဖြူရောင်အခိုးအငွေ့တွေကို ကာဗျာဆန်စွာ ဖြန်းပက်လို့နေပြန်သည်။



SOUL ဆိုတဲ့စာလုံးကြီးတွေကို ဇက်ပိုင်းပုံသဏ္ဍာန်ဆုံလည်စင်လေးတစ်ခု... ဖန်တီးထားသဖြင့် အလယ်မှာရှူတစ်ယောက်ကောင်းကောင်း တက်ထိုင်လို့ ...သည့်နေရာလေးဖြစ်နေသည်။

(ပြင်သစ်က မိတ်ကပ်ဆရာရဲ့ လက်စွမ်းဖြင့်) ခရမ်းနုရောင်သမ်းနေသော ...က်နှာလေးနှင့် မိကျူးက အဲဒီဆုံလည်စင်ပေါ်မှာ မော်ဒယ်ဆရာမတစ်ယောက်လို ...င့်ထည်စွာ တက်ထိုင်၏။

အသက်ရှူခြင်းတွေ ရပ်တံ့သွားလောက်အောင်ပင် မိကျူးရက်ရက် ...က်စက်လှနေပါသည်။

ဒါပေမယ့် (ပိုးသားလိုအစ ကြည်ကြည်တွေနဲ့ ဖန်တီးထားတဲ့)ရောင်စုံ ...င်းဆီပွင့်ကြီးတွေကို တစ်ပွင့်ချင်း တစ်ပွင့်ချင်းခပ်ကျဲကျဲဆက်ထားတဲ့ ဝတ်စုံက ...လုံခြုံမှုအပြည့်မရှိ ...

နှင်းဆီပွင့်ရှစ်ပွင့်ကို အကွက်တစ်ကွက်ဖေါ်ထားတဲ့အတွက် ထိုနှင်းဆီပွင့် ...တွေရဲ့ အလယ်မှာ ကွက်လပ်ဖြစ်နေသည်။ လစ်ဟာနေသည်။ ထိုလစ်ဟာ ...နေသော ကွက်လပ်မှနေ၍ မိကျူးရဲ့အသားရေကို အတိုင်းသားမြင်နေရလေသည်။

ဘယ်လိုဖန်တီးထားမှန်းမသိတဲ့ နှင်းဆီပွင့်တစ်ပွင့်ချင်းစီရဲ့ အတွင်းဘက် ...ကနေ လင်းလိုက် မှိန်လိုက်ဖြစ်နေတဲ့ မီးရောင်တွေကလည်း မိကျူးရဲ့ အသား ...အရေကို မီးမောင်းထိုးပြနေသလို ဖြစ်နေ၏။

ရင်ဘတ်နေရာတွေနှင့် ခါးအောက်ပိုင်းအမိကကျတဲ့နေရာတွေမှာ ...အသားအရေနဲ့ တစ်ရောင်တည်း တစ်ထပ်တည်းကျတဲ့အစမျိုးကိုခံပြီး ချုပ် ...ထားတာမို့ လုံခြုံမှုရှိသောဝတ်စုံဟုလည်း ဆိုနိုင်ပါသည်။ သို့သော် ...

ရုတ်တရက်ကြည့်လိုက်လျှင်ဖြစ်စေ အဝေးမှကြည့်လျှင်ဖြစ်စေ ထို ...အကာအကွယ်က မသိသာလှ ...

ဆိုးတော့မဆိုးဘူး။ မြန်မာတွေရဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံကို နားလည် ...ထားကြပုံရတဲ့ သူတို့က မိတ်ကပ်လိမ်းပေးဖို့နဲ့ ကိုယ်ဟန်အနေအထား ပြဖို့ ...အတွက် မိန်းမပညာရှင်တစ်ယောက်ကိုပဲ အသုံးပြုထား၏။

www.burmeseclassic.com

www.burmeseclassic.com



သဲသဲချာချာလှေလာကြည့်တော့လည်း သူတို့ပုံစံတွေက အလုပ်ဝ ကို လေးလေးနက်နက်လုပ်ကိုင်နေကြသည့်အသွင်ကိုသာ ဆောင်နေကြ သည်။

စကားလည်းသိပ်မပြောကြ…

စနစ်တကျကြိုတင်ပြင်ဆင်ထားကြတာမို့ သိပ်လည်းမကြာလိုက်…

အဲဒီကြော်ငြာရိုက်ယူပြီးတော့ နောက်ထပ်ကြော်ငြာတစ်မျိုးထပ်ရို ကြပြန်၏။

ထိုကြော်ငြာအတွက်ဝတ်ရတဲ့ ပန်းနုရောင်ပျော့ပျော့ ခပ်ပျော့ပျော့ ကိုတော့ တော်တော်လေးသဲဘောမကျဖြစ်ရသည်။

ခန္ဓာကိုယ်ရဲ့အချိုးအဆစ်တွေကို ပကတိအတိုင်းအပေါ်လွင်နေ ဝတ်စုံ မှာရင်ဘတ်အထက်ပိုင်းအတွက် ဘာအကာအကွယ်မှမပါ…

တဘက်လေးတစ်ထည်ခြုံပြီးလာတဲ့ မိကူးဟာ အလင်းရောင်တွေဖျာ နေတဲ့ ပန်းနုရောင်လွလွမွေ့ယာကြီးတစ်ခုပေါ်မှာ အိပ်ချလိုက်တဲ့အခါ ပြင် ကြီးက တဘက်လေးကို ဖြန့်ယူလိုက်၏။

ပြင်သစ်မကြီးထားပေးတဲ့ ကိုယ်ဟန်အနေအထားကို သဘောမ သူမက မိကူးကို ဒူးလေးတစ်ဖက်ထောင်ပြီး ပက်လက်အနေအထာ အိပ်စေ၏။

ထို့နောက် မွေ့ယာခေါင်းပေါ်မှာ ဇက်ကိုတင်ခိုင်းထားသည့်အ မိကူးမျက်နှာက မွေ့ယာအစွန်းမှနေ၍ အောက်သို့ လန်ကျနေလေသည်။

ထိုအခါ…ပိုးသားလို့အိပြီး လက်နေတဲ့ဆံပင်တွေက (မွေ့ယာ ကြမ်းပြင်ပေါ်မှ) ဆင်စွယ်ရောင်အခင်းစတွေန့်တွန့်တွေပေါ်မှာကားဖျာဆင် ကျနေတော့သည်။

ပြင်သစ်မကြီးက ပုံကျနေတဲ့ဆံပင်တွေကို စိတ်ကြိုက်အနေအ ပြုပြင်ယူ၏။



Shampoo, Hair Cream နှင့် Hair Conditioner တွေအတွက် ကြော်ငြာ ကျူးခြင်းဖြစ်သည့်အတွက် Idea တော်တော်ကောင်းတယ်လို့ ယူဆမိပေမယ့် ဒီလို ကိုယ်ဟန်အနေအထားမျိုးကို ကျွန်တော်လုံးလုံးသဘောမကျပါ။

ပုံစံပြောင်းဖို့ သွားပြောချင်စိတ်တွေကို မနည်းချိုးနှိမ်ထားလိုက်ရ၏။

သူတို့စိတ်ကြိုက်အနေအထားကိုရတော့ Video Camera Man တွေ… Photo Camera Man တွေက ထုံးစံအတိုင်း Digital Camera တွေဖြင့် ရှုထောင့် ပြုမှုနေပြီး စိတ်တိုင်းကျရိုက်ယူကြလေသည်။

ကျွန်တော်ကတော့ မိကူးရဲ့အလှတရားတွေမှာ လိုက်ဖိုရင်မောစွာ ခံစား ရင်း အသက်ရှူဖို့ပင် မေ့လျော့နေတော့သည်။

အဆင့်မြင့်နည်းပညာတွေ‥အဆင့်မြင့်ဖန်တီးမှုတွေ…အဆင့်မြင့် နည်းပညာတွေနဲ့ ပေါင်းစပ်ထားတဲ့ မိကူးရဲ့အလှကို ဘယ်လိုတင်စားရမှန်း မသိနိုင်တော့… လောလောဆယ်တော့ မိကူးဟူသည် အလင်းရောင်ဖြင့် ဖွဲ့သည်ဆောက်အပ်သော ဆွဲဆောင်ညှို့ငင်အားတို့ရဲ့ အစုအဝေးတစ်ခုဟုပဲ ဆိုကြ ပါစို့… …

www.burmeseclassic.com

www.burmeseclassic.com



( * )

ရုံးခန်းထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ.. ချယ်ရီရောင်ဖျော့ဖျော့လွှမ်း... အခန်းရဲ့အပြင်အဆင်တို့ကို ဦးစွာသတိထားမိ၏။

ချယ်ရီရောင်ဖျော့ဖျော့ အခန်း၏အရောင်နှင့် အဖြူရောင်ပရိဘောဂ... ကာရန်ညီညွတ်မှုတို့က Soulကုမ္ပဏီရဲ့ လုပ်ငန်းသဘာဝနှင့် လိုက်ဖက်နေ... သည်။

"လာ... သမီး...။ အန်တီတို့ သမီးကိုစောင့်နေကြတာ... လာ... ထိုင်ကြ"

သဘောကောင်းပုံရသော ခပ်ဝဝအမျိုးသမီးကြီးက လှိုက်လှဲပျူငှာ... ကြိုဆို၏။

မိကူးပြောတဲ့ကုမ္ပဏီပိုင်ရှင်ဟုနားလည်လိုက်သည်။

ထိုအမျိုးသမီးကြီးနှင့် အတူထိုင်နေသောပြင်သစ်ကြီးက မိကူးကိုပြုံး... ကြီးနှင့် လက်ဆွဲနှုတ်ဆက်၏။

သူ့ပါးစပ်ထဲက ထွက်ကျလာတာ ပြင်သစ်စကားလုံးတွေဖြစ်မည်...။

"သမီးရေ ညည်းတော့ကောင်းစားပြီပေါ့... မစ္စတာဆိုးလ် (Mr. Soul...) က သမီးပုံတွေကို အရမ်းသဘောကျနေတာ။ မြန်မာပြည်မှာ ဒီလို... တရားတွေရှိနေမယ်လို့ သူဘယ်တုန်းကမှ မတွေးမိခဲ့ဘူးတဲ့။ သမီးအ... ဂုဏ်ယူပါတယ်လို့ ပြောနေတယ်..."

"ကျေးဇူးတင်ပါတယ် အန်တီ။ မစ္စတာဆိုး(လ်)ကိုလည်း ကျေးဇူး... ကြောင်းပြောပြပေးပါနော်.. မာတ်ပုံတွေရပြီလား...အန်တီ"



"ရပြီသမီးရဲ့..အစမ်းထုတ်ကြည့်ထားတဲ့ပုံတွေရနေပြီ။ ဟိုမှာပြန်ပြီး Editလုပ်ဦးမယ်လို့ပြောတယ်။ ကြော်ငြာတွေကိုလည်း ဟိုမှာပဲ Editပြန်လုပ်ပြီး Computer Effect တွေထည့်ဦးမယ်ပြောတယ်"

"သမီး ဓါတ်ပုံတွေကြည့်လို့ရလား... အန်တီ..."

"ကြည့်ရမယ်သမီး.. ခဏစောင့်... သွားယူခိုင်းထားတယ်။ ဪ... ...ပီးကို စရံငွေနှမ်းထယ်ပဲပေးရသေးတာ မဟုတ်လား...ကျန်တဲ့ငွေကိုအခုပဲပေး... ...ိုက်မယ်။ ယူသွားနော် ...အားလုံးတစ်ရာသိန်း...ဘဏ်ကုတ်တွေရှည်းပဲ ...်ကြည့်လိုက်ပါဦး ..."

လက်ဆွဲအိတ်အနက်ရောင်ကြီးကို စားပွဲပေါ်တင်ပေးရင်း ပြော၏။

"ရပါတယ်အန်တီရယ်...ဒါကအရေးမကြီးပါဘူး..."

ဟိုက်ရှားဘား!... မိကူးကွ...

သိန်းတစ်ရာဆိုတဲ့ပိုက်ဆံတွေကို အရေးမကြီးပါဘူးလို့ဟန်ပါပါပြော... ...ဲ့သူမကိုသဘောကျစွာ(ရင်ထဲမှ) ရေရွတ်လိုက်မိ၏။

ချယ်ရီရောင်ပတ်စုံနှင့်ကောင်မလေးတစ်ယောက်က ကော်ဖီနှစ်ခွက်ချ... ...းပြီး ပြန်ထွက်သွား၏။

"ကော်ဖီသောက်လိုက်ပါဦး သမီးရဲ့..."

"ဟုတ်ကဲ့ပါအန်တီ..."

မိကူးက ကော်ဖီခွက်ကိုဟန်ပါပါနှင့်ယူသောက်ပေ့ာ ကျွန်ုပ်ကော်လည်း ...ပ်တည်တည်နှင့်ယူသောက်လိုက်၏။

အရောင်ကြည်ကြည်နှင့် ဖန်ခွက်လေးထဲမှ ကော်ဖီတစ်ငက်ကျိုးသွားသည့် ...ချိန်မှာ ရုံးခန်းထဲကိုအမျိုးသမီးတစ်ယောက်ဝင်လာပြန်၏။

သူမလက်ထဲမှာကိုင်ထားတာ ဓါတ်ပုံအိတ်ဖြစ်မည်။

ထိုအမျိုးသမီးက လက်ထဲမှာကိုင်ထားတဲ့အိတ်ကို စားပွဲပေါ်တင်ပြီး ...ထွက်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဟိုမှာကြော်ငြာဖို့အတွက် မစ္စတာဆိုးလ်ကိုယ်တိုင်ရွေး... ပုံတွေလေသမီးရဲ့ ကြည့်လိုက်ပါဦး ဘယ်လောက်လှသလဲလို့... ဟင်း ဟင်း... အန်တီ့ပုံတွေကတော့ မရသေးဘူး။ရှေ့မှကြည့်တော့"

ဓါတ်ပုံအိတ်ကို မိကျူးဘက်တိုးပေးရင်း ပြောတော့သနပ်တွေ... ကျွန်တော်က အရင်ဆုံး ယူကြည့်လိုက်သည်။

ပထမတစ်ပုံကိုကြည့်လိုက်တော့ တော်တော်လေးကျေနပ်သွားရ...

"လှလိုက်တာမိကျူးရယ်..." (စိတ်ထဲမှ ရေရွတ်လိုက်မိခြင်းပါ။)

မိကျူးက ကျွန်တော်နှင့် အတူလိုက်ကြည့်နေ၏။

ဒုတိယတစ်ပုံ...

အဲဒီပုံလည်းလှတာပဲ...

မိကျူးအလှနဲ့ သူတို့ပညာတွေရဲ့ပေါင်းစပ်မှုက အံ့သြစရာကောင်း...

မျက်တောင်မွေးလေးတွေက အစတစ်ချောင်းချင်းပြတ်သားတ... နေတဲ့၊ မွေးညှင်းပေါက်လေးတွေကအစ ပီပီပြင်ပြင်ထင်ပေါ်နေတဲ့ ဓါတ်ပုံ... မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိ၏။

သို့သော်...

တတိယတစ်ပုံကိုမြင်လိုက်ရတဲ့အခါမှာတော့ မျက်လုံးတွေကို... (ယောင်ပြီး) ပိတ်ထားလိုက်မိတော့သည်။

ဒီပုံကို... ဒီပုံကို... ဆံပင်နဲ့ပါတ်သက်တဲ့ ပစ္စည်းတွေ ကြော်... ရွေးချယ်ထားတာဖြစ်မယ်...

မွေ့ယာအစွန်းကနေ မျက်နှာလေးလန်ကျနေတဲ့မိကျူးကို ထိ... တည့်မှ ရိုက်ယူထားသောပုံဖြစ်သည်။

ဆင်ဖွယ်အရောင်အသင်းတွန့်တွန့်တွေပေါ်မှာ ပုံကျနေတဲ့ဆံ... အလှနဲ့ မျက်နှာဖောက်ထိုးဖြစ်နေတဲ့ မိကျူးအလှတွေရဲ့ ဆန်းသစ်မှုက ... မရှိအောင်ကိုလိုက်ဖက်နေပါသည်။

သို့သော်... ထိပ်တည့်တည့်မှ ရိုက်ယူထားတဲ့အတွက် ဝင်းမွတ်နေသည့် ...ညှိနှိုင်းလေးက ထင်ထင်ရှားရှားပေါ်နေ၏။ နဂိုက ဖွံ့ထွားတဲ့ ရင်သားနိုင်တို့က ...နုရောင်ဝတ်စုံရဲ့ အောက်မှာလုံခြုံစွာရှိသော်ငြား...ကင်မရာရဲ့ အယူအဆ ...ကြောင့် ဖိုမိုမြင့်တက်မို့မောက်နေသည်ဟု ထင်ရ၏။

ရိုင်းသည်ဟုမဆို သာသောအနေအထားဖြစ်နေပေမယ့် အဲဒီပုံကို ...ရှုံ့ချော် လုံးဝသဘောမကျ ...

ကြည့်ရင်း ကြည့်ရင်း အသားတွေတဆတ်ဆတ်တုန်လာပြီး...အသိစိတ် ...ကင်းသွားသွားတဲ့ခဏမှာ...လက်ထဲက ဓာတ်ပုံကြီးနှစ်ခြမ်းဖြစ်သွား၏။

"မရဘူး...ဒီလိုပုံမျိုးမလုပ်ရဘူး..."

သတိလက်လွတ်ရေရွတ်ရင်း ဓါတ်ပုံကြီးကို အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲ... ...မိတော့သည်။

မျက်လုံးထဲမှာ ဘာမှမမြင်တော့...

မိကျူးရဲ့ အံ့သြပိုင်းစက်နေတဲ့မျက်လုံးတွေ...

မိကျူးရဲ့ ဆွံ့အနေတဲ့ခပ်ဟဟ နှုတ်ခမ်းလွှာတွေ...

"မင်း ...ဘယ်လိုလုပ်လိုက်တာလဲ..."

ကုမ္ပဏီပိုင်ရှင်အဒေါ်ကြီးရဲ့ ဒေါသလွှမ်းတဲ့စကားသံတွေ...

ကုမ္ပဏီပိုင်ရှင်အဒေါ်ကြီးနဲ့ မစ္စတာဆိုးလ်ရဲ့ ရုတ်တရက်ထရပ်လိုက်ခြင်း ...တွေ...

ပျက်ယွင်းသွားတဲ့မျက်နှာကြီးနဲ့ ရေရွတ်လိုက်တဲ့ မစ္စတာဆိုး(လ်)ရဲ့ ...င်သစ်စကားလုံးတွေ...

ဒါတွေအားလုံးဟာ တစ်ချိန်တည်းမှာ ဖြစ်ပျက်သွားခဲ့တော့သည်။

တိတ်ဆိတ်ခြင်းက ရုံးခန်းလေးထဲမှာ ခေတ္တမျှကြီးစိုးသွား၏။

ပထမဆုံးသတိထားမိတာက မျက်ရည်တွေစို့ကနဲ့လျှံတက်လာတဲ့မိကျူး ...မျက်လုံးတွေ...

နှုတ်ခမ်းသားတို့နှင့် မျက်နှာရှိအသားစိုင်တို့တဆတ်ဆတ်လှုပ်ခါလာ... ...ကူးရဲ့ဒေါသမျက်နှာ...

www.burmeseclassic.com

www.burmeseclassic.com



"ဂီဇို… နင်… နင်… ယုတ်မာတယ်…"

"မယုတ်ဘူးမိကျူး…အဲဒီခါတ်သုံးလုံးဝမကောင်းဘူး…ရိုင်းတယ်…ရိုင်းတယ်"

"ဘာရိုင်းတာလဲ ဂီဇို၊ ငါလည်းသေသေချာချာကြည့်နေတာပဲ။ ပြော…

ဘာရိုင်းတာလဲ… နင်… နင်တခင်သက်သက်ငါ့ကို… ငါ့ကို… အရှက်…

တာ…"

"မယုတ်ဘူး …လုံးဝမယုတ်ဘူးမိကျူး …ရင်ဘတ်…အဲဒီပုံရဲ့ မှ…

ဘတ်"

"တော်စမ်း… ဂီဇို၊ ဒါ… ပြင်သစ်မှာ ကြော်ငြာမယ့်ပုံ…ဒီမှာတော…

ဒီထက်ဆိုးတဲ့ကြော်ငြာတွေအစ်ပုံကြီးပဲ။ နင် ငါ့ဘဝကိုလိုက်ဖျက်ဆီးနေ…

ကောင်ပဲ။ နေရာတကာမှာ ပြဿနာအမျိုးမျိုးရှာတယ်… နင်ယုတ်မာတာ…

ဂီဇို…"

ရုတ်တရက်ပေါက်ကွဲသွားတဲ့ သူ့အသံက တော်တော်ကျယ်၏။

"မိကျူး… နင် ငါ့စေတနာတွေကို မစော်ကားနဲ့"

"စေတနာ… ဟုတ်လား အံ့ဩစရာပဲ။နင်… နင်ငါ့ကိုမနာလိုဖြစ်…

တာလားဂီဇို…ဟုတ်တယ်… ဒါကြောင့် နင်ငါ့ကို အမျိုးမျိုးလိုက်နှောင့်ယှက်…

နေတာ… နင်ငါ့အောင်မြင်မှုတွေကို ဖျက်ဆီးနေတာ"

"မိကျူး"

"ဘာမှမပြောတော့နဲ့ဂီဇို… ငါသဘောပေါက်သွားပြီ နင်… ငါအောင်…

သွားမှာကိုကြောက်နေတာမဟုတ်လား။ နင်မကျေနပ်တာရှိရင် သူတို့ကွယ်ရာ…

ပြောလို့ရတယ်။ အခု… နင်လုပ်လိုက်တဲ့ပုံစံက…"

"မိကျူး…"

ထိတ်လန့်စွာရေရွတ်လိုက်မိတဲ့ ဂီဇို့အသံက တော်တော်ကိုတိုး…

"လူကြီးလူကောင်းတွေရှေ့မှာ ငါ့ဘာမှဆက်မဖြစ်ချင်ဘူးဂီဇို၊ ငါ့လက်…

နင့်ပါးပေါ်ရောက်မလာခင် နင်ဒီအခန်းထဲကထွက်သွားတော့…"

"မိကျူး"



"ဒီနေ့ကစပြီး နင်နဲ့ငါ သူငယ်ချင်းမဟုတ်တော့ဘူးဂီဇို…နင်သိပ်အောက်

…းကျတယ်၊ နင်ဟာ လုံးဝကလေကချေပဲ…နင့်မျက်နှာကို ငါလုံးဝမမြင်

…တော့ဘူး…"

"မိကျူး… ငါ… ငါ… ရှင်းပြ…"

"ထွက်သွားစမ်းဂီဇို၊ နင်လူစကားနားမလည်ဘူးလား…"

"ကျွန်တော်ရှင်းပြပါရစေဦး အန်တီရယ်"

ကုမ္ပဏီပိုင်ရှင်အဘေကြီးက မျက်နှာလွှဲသွား၏။

မျက်ဝန်းသေတွေနဲ့ စိုက်ကြည့်နေတဲ့ ပြင်သစ်ကြီးကို ကျွန်တော်ဘာ

…ရမလဲ…

"နင်နဲ့ငါ သေခန်းပြတ်ပြီဂီဇို"

သွားကိုစေ့ အံကိုကြိတ်ပြီး မျက်လုံးစိမ်းတွေနဲ့ အေးစက်စွာပြောလိုက်

မိကျူးအသံက ပြတ်သားခြင်းတို့အတိပြီးနေ၏။

ဝမ်းနည်းခြင်း ရှက်ရွံ့ခြင်း ယူကျုံးမရခြင်းများစွာနှင့် မိကျူးအပေါ်မှ

…ထွက်လာခဲ့မိတော့သည်။

မျက်ရည်တွေနဲ့ ပြေးထွက်လာတဲ့ ကျွန်တော့်ကို မီးတောက်တွေက

…ဝန်းတသာနှင့် ကြိုဆိုနေကြ၏။ သို့သော် ကျွန်တော်ဆက်ပြေးနေပါသည်။

"ငါ့ကို… တစ်မှုဟုတ်ချင်း ပြာကျသွားအောင် ကျွမ်းလိုက်စမ်း

…တောက်တွေရေ…"

ပြောရက်လိုက်တာမိကျူးရယ်…

ငါက…နင့်ကို အမျိုးမျိုးလိုက်နှောင့်ယှက်နေတာတဲ့လား…

ငါက… နင့်ဘဝကို လိုက်ဖျက်ဆီးနေတာတဲ့လား…

ငါက… နင့်အောင်မြင်မှုတွေကို ဖျက်ဆီးနေတာတဲ့လား…

ငါက… နင့်ကို မနာလိုဖြစ်နေတဲ့ကောင်တဲ့လား…

ငါက… သိပ်ကိုအောက်တန်းကျတဲ့ ကလေကချေကောင်တဲ့လား…

…ရယ်…

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတွက် စေတနာဆိုတဲ့အရာတွေနဲ့ ချည်းတည်ဆောက်ထားတဲ့ နှလုံးသားကို နင်ဘာလို့ မမြင်တာလဲ…

နင်…ငါ့ကို ဘာလို့နားမလည်ရတာလဲ…

နင်ငါ့ကို ဘာဖြစ်လို့ နားမလည်ရတာလဲ မိကျူး… …

⊛ ⊛ ⊛ ⊛ ⊛

( * )

လက်ကို စောင်းငဲ့လိုက်သောအခါ Jonnie Walker Bule Label ဟု ဆိပ်ကပ်ထားသော ပုလင်းထဲမှ အရည်တို့ ဖန်ခွက်ထဲသို့ စီးဆင်းသွားကြ၏။

နှလုံးသားတို့သည် Blue Label ပုလင်းလို ပုလင်းတစ်ခုဖြစ်သွားလျှင်ကောင်းမည်။

ထိုအခါ နှလုံးသားမှာ ခိုင်မြဲစွာနေရာယူလျှက်ရှိသော မီးတောက်ဝေဒနာတွေကို တစ်စက်မကျန်အောင် သွန်ချပစ်လိုက်မည်။

ထိုဝေဒနာတွေအတွက် ဘယ်လိုပုံသဏ္ဌာန်မျိုးရှိတဲ့ ခွက်နှင့် မျှခံယူထားနေစရာမလို… ဟု တွေးမိသည်။

"မိကျူးရေ…" လို့ပဲ…

နာကျင်တမ်းတစွာ (ရင်ထဲမှာပဲ) အကြိမ်ကြိမ်ပာစ်အော် ခေါ်ဆိုနေမိတော့သည်။

ဖန်ခွက်ကို မှန်စားပွဲပေါ် ချပေးလိုက်သည်တွင် ဦးဝင်းမြင့်က ရီဝေစွာပြုံးပြ၏။ ထို့နောက်ဖန်ခွက်ကို ယူပြီးမော့၏။

ဦးဝင်းမြင့်လိုအပ်တာတွေကို အလွဲအချော်မဖြစ်အောင် လုပ်ပေးနေရပေမယ့် စိတ်နှင့်လူနှင့်မကပ်ချင်…

စိတ်တွေက မိကျူးဆီပဲ ရောက်ရောက်နေ၏။

ဖြစ်ခဲ့သမျှတွေအားလုံးအတွက် မိကျူးကိုအပြစ် မမြင်မိ…

www.burmeseclassic.com

www.burmeseclassic.com



သူမဘာက်ကတွေးကြည့်တော့လည်း မှန်နေသည်။

"နင်မမှားပါဘူး မိကူးရယ်... ငါ့ဖိတ်တွေ မယိမ်းနိုင်လို့ဖြစ်ခဲ့ ...တာပါဟာ...နင်နဲ့ပတ်သက်လာရင် ရှည်းနည်းလေးမှ သည်းမခံနိုင်တဲ့ ငါ့... တွေပါမိကူး... "

အကြိမ်ကြိမ်တွေးမိသော ထိုအတွေးတို့အတွက် သက်ပြင်းမောတွေ... အဖတ်တင်၏။

လူကြီး လူကောင်းတွေရှေ့မှာ ခတ်ပုံကို ဆုတ်ဖြဲပစ်ခဲ့မိခြင်း... တော်တော်ကို ရုပ်ပျက် ဆင်းပျက်နိုင်တဲ့ ကိစ္စဟု နားလည်မိသည်။

ထိုအတွက် မိကူးပြောခဲ့တဲ့ စကားတွေမလွန်...

ဟုတ်တယ်...

ဒါတွေဟာ...ဖန်တီးလိုက်တဲ့လူတွေကြောင့် ဖြစ်ခဲ့ရတဲ့ ဒေါသ... သူတို့သာ အညီအဆောက်ကင်းအောင် အလုပ်လုပ်ခဲ့ကြမယ်ဆိုရင် ဒီလိုပြဿ... တွေဖြစ်လာစရာအကြောင်းမရှိဘူး...

ငါသာ ခတ်ပုံကောင်းကောင်းရိုက်တတ်တဲ့ ဗွီဒီယိုကောင်းကောင်းရိုက်... တတ်တဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ မိကူးရယ်...

ဒါဆိုရင် ငါရဲ့အနုပညာစွမ်းအားတွေနဲ့ နင့်ကိုအမြင့်ဆုံးရောက်... အောင်မြင်မှုတွေအမြဲရနေအောင် ဖန်တီးပေးနိုင်မှာ။

အင်း... အနုပညာ...

အနုပညာ... တဲ့...

ဒါဟာပညာတစ်ခုပဲ...

နှလုံးသားနဲ့ ရင်းပြီးဖန်တီးရတဲ့ ပညာတစ်ခုပဲ...

ဒါဟာ ပညာတစ်ခုဆိုရင် ငါလည်းဒီပညာကို သင်လို့ရတာပေါ့။

ဟာ... ဟုတ်တယ်...

ဒီပညာကို ငါသင်ယူလို့ရတယ်...



ကြည့်စမ်း... ငါဒီအတွေးကို မတွေးခဲ့မိဘူး...

ငါသာ ဒါရိုက်တာတစ်ယောက်ဖြစ်ခဲ့ရင် မိကူးရဲ့အနာဂတ်တွေကို ငါ့နှလုံးသားနဲ့ အကောင်းဆုံးတည်ဆောက်ပေးနိုင်တယ်။

ဟုတ်တယ်..သေချာတယ်။ ငါ... ငါ... ဒီပညာကိုရအောင် သင်မယ်။

ငါ့မှာ... ခံစားတတ်တဲ့နှလုံးသားတစ်ခုရှိနေတယ်။

ငါဒါရိုက်တာတစ်ယောက်ဖြစ်ကို ဖြစ်ရမယ်မိကူး...

ငါဟာ နင့်ရဲ့အောင်မြင်မှုတွေကို လိုက်ဖျက်ဆီးနေတာ.. ဆိုတဲ့ နင့်စကားတွေကို ချေဖျက်နိုင်ဖို့ ငါဒါရိုက်တာတစ်ယောက်ဖြစ်အောင် ကြိုးစား မယ်မိကူး... နင်ရဲ့ စွပ်စွဲချက်တွေအတွက် နောင်တရဖို့သာပြင်ထားပေတော့ မိကူးရေ...

'ဂီဂီ' ဆိုတာ မိကူးရဲ့ ပျော်ရွှင်မှုတွေ အောင်မြင်မှုတွေကိုသာ လိုလားတဲ့ လူသားတစ်ဦးဆိုတာ.. တစ်ချိန်မှာ အံ့ဩဖွယ်ရာတွေနဲ့ နင်လက်ခံလာရတဲ့အထိ ငါကြိုးစားပြမယ်... မိကူး။ ဒါဟာ..ငါ့ရင်ထဲက ကမ္ဘာတည်သရွေ့ မပြောင်း လဲမယ့်သစ္စာတရားပေါ့ မိကူး...

"ဟေ့ကောင် ဂီဂီ၊ ငိုင်လှချေလားကွ..ဘာတွေတွေးနေတာလဲ။ငါခေါ်တာ တောင် မကြားဘူး... "

ဦးဝင်းမြင့်အသံကိုကြားမှ တစ်ယောက်တည်းတွေးနေမိသော အတွေးစ တို့ပြတ်တောက်သွားရ၏။

"ဗျာ... အစ်ကိုကြီး... အဟဲ... မငိုင်ပါဘူး.... ဘာလိုလို့လဲ ကျွန်တော်ဘာလုပ်ပေးရမလဲခင်ဗျ... "

"မလိုပါဘူးကွာ..အားလုံးပြည့်စုံတယ်..ဒီမှာ သဲဆုလည်းရှိနေတာပဲ။ နော်... သဲဆု ဟား... ဟား... "

ဦးဝင်းမြင့်က ခေတ်လွန်တဲ့အပြင်အဆင်များနှင့် အမျိုးသမီးကို ခပ်ညှုညှု ပြော၏။

ဦးဝင်းမြင့်ရင်ခွင်ထဲက ခပ်ကဲကဲအမျိုးသမီးကို ကျွန်တော်ရဲ့ ကြည့် ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်လောက ဒီကိုရောက်သေးတယ် ဂီဇိုရ…မင်းအလုပ်ထွက်သွား တယ်ဆိုကွ"

"ဟုတ်တယ်အစ်ကိုကြီး..အခုပြန်ဝင်တာ။ ဟဲ… ဟဲ… အပြင်အလုပ်က အဆင်မပြေလို့"

"အေးကွာ ကောင်းပါတယ်။ အကူအညီလိုတာရှိရင်လည်း ပြောလေ ကွာ..အားမနာနဲ့ကွ.. ကြားလား…"

အကူအညီလိုရင်ပြောတဲ့…

စောစောကမှတွေးနေမိသော ဒါရိုက်တာဖြစ်ချင်သည့်ဆန္ဒကို ချက်ချင်း သတိရ၏။

"အကူအညီတော့တောင်းချင်တယ် အစ်ကိုကြီးရာ…ဒါပေမယ့် အစ်ကို ကြီးကူညီနိုင်ပါ့မလားလို့ စဉ်းစားနေတာဗျ…"

"ဟော… ဟုတ်လား။ ပြောစမ်း.. မင်းဘာလိုလို့လဲ လောကမှာ ဝင်းမြင့်မကူညီနိုင်တာဘာမှမရှိဘူးကွ ပြောမှာသာပြောစမ်း…ငွေလား အလုပ်လ မိန်းမလား… ဟဲ… ဟဲ… ဟဲ"

"မဟုတ်ပါဘူး အစ်ကိုကြီးရာ.. ကျွန်တော်က ရုပ်ရှင်တွေ ဗွီဒီယိုတွေ ရိုက်တဲ့ ဒါရိုက်တာ သိပ်ဖြစ်ချင်တာဗျ။ အဲဒါ ပညာသင်ချင်လို့ အဆက်အသွယ် လေးဘာလေးလိုချင်တာ…"

"ဟော… အဆန်းပါလားကွ ဂီဇိုရ…မင်းတကယ်ပြောတာလား"

"တကယ်ပေါ့အစ်ကိုကြီးရ..ကျွန်တော်အဲဒီပညာကို အရမ်းသင်ချင်နေ တာ"

"မပူနဲ့။ မင်း ဒါရိုက်တာ ကိုဖြူစင်ကိုသိလား"

"ဟာ… သိတာပေါ့..နာမည်ကြီးပဲ"

"အေး… သူနဲ့ငါက သူငယ်ချင်းကွ။မင်းကိုငါကိုယ်တိုင်လိုက်ပို့ ပေးမယ်"

"ဟာ… အစ်ကိုကြီးတကယ်ပြောတာနော်…"



"ပြော်… မင်းဗမာစကား နားမလည်ဘူးလားကွ"

"ဟာ… ဝမ်းသာလိုက်တာဗျာ"

မှန်ကန်တဲ့စေတနာဟာ ချက်ချင်းအကျိုးပေးတတ်တယ်ဆိုတာ ကျွန်တော် ယုံသွားပြီ။

အခုပဲတွေးနေမိတဲ့ အတွေးက အခုပဲအကောင်အထည်ပေါ်သွားခဲ့ပြီလေ။ ဦးဝင်းမြင့်ကို ထိုင်ကန်တော့မိမတတ် ကျေးဇူးတွေတင်နေမိတော့သည်။

"ကောင်းတယ်ဂီဇိုရေ သိပ်ကောင်းတယ်ကွ…မင်းဒါရိုက်တာဖြစ်ရင် ငါကပရိုဂျူဆာ(producer)လုပ်မယ်။ ဒါဆိုရင် မင်းသမီးဖြစ်ချင်လွန်းလို့ ငါတို့ နားမှာ ဝဲဝဲလည်နေမယ့်ပန်းပွင့်လေးတွေကို တစ်ပွင့်ချင်း တစ်ပွင့်ချင်း… ဟား… ဟား.. ဟား.. ဟား…"

ဦးဝင်းမြင့်က ဘူစကားကို သူ့သဘောတွေကျပြီး မနားတမ်းရယ်နေ တော့သည်။

ဒါပဲ…

ဦးဝင်းမြင့်ကတော့ဒါပဲ…

လောကကြီးမှာ သူသိတာ ငွေရှာဖို့နဲ့ ပန်းခူးဖို့ပဲဖြစ်ပုံရ၏။

ဦးဝင်းမြင့်စကားတွေကို သဘောမကျပေမယ့် အလိုက်အထိုက် ရယ်ပေး နေရပြန်၏။

ကျွန်တော်က ဝိတ်တာလေ.. ဝိတ်တာဆိုတော့ Customer ပြောတဲ့ စကားကိုလက်မခံနိုင်ရင်တောင် အလိုက်အထိုက်တော့ပြန်ပြောရမှာပဲပေါ့။

"ငါ…ရုပ်ရှင်နဲ့ ဗီဒီယိုဒါရိုက်တာကြီးတစ်ယောက်ဖြစ်အောင် ရောက်နေ ရေခမ်း ကြိုးစားတော့မယ် မိကူးရေ…နင်စောင့်ကြည့်လိုက်စမ်း…"

www.burmeseclassic.com

www.burmeseclassic.com



( * )

ဦးဝင်းမြင့်ရဲ့ ကောင်းမှုကြောင့် ဒါရိုက်တာဦးဖြူစင်က ကျွန်တော့်ကို တပည့်အဖြစ် လက်ခံခဲ့လေသည်။

ဒါရိုက်တာဦးဖြူစင်သည် သူ၏နာမည်နှင့် လိုက်ဖက်လွန်းစွာရှင်သန်ရပ်တည်နေသော ဒါရိုက်တာတစ်ယောက်ဖြစ်သည်။

အနုပညာကို ကမ္ဘာတစ်ခုအဖြစ် သတ်မှတ်ထားသော ဦးဖြူစင်မှာ ရွှေမင်ရုပ်ထုတွေကလွဲပြီး ပိုင်ဆိုင်တာဆိုလို့ တိုက်ခန်းကျဉ်းကျဉ်းလေးတစ်ခုသာရှိ၏။

တစ်ကိုယ်ရေတစ်ကာယသမားတစ်ဦးဖြစ်ပြီး ဘဝကို အနုပညာထဲမှာသာ အပြီးတိုင်နှစ်မြှုပ်ထားသူဖြစ်သည်။

ဦးဖြူစင်မှာ ရွှေမရှိ ငွေမရှိ တိုက်တာအဆောက်အဦးတွေမရှိ ကားမရှိ။ ထိုအရာတွေကို ဦးဖြူစင်မက်လည်းမမက်မော…

သို့သော်…ဦးဖြူစင်မှာ အညစ်အကြေးကင်းစင်သော အညီအဟောက်ကင်းသော ရာနှုန်းပြည့်ဖြူစင်သည့် နှလုံးသားတစ်ခုရှိ၏။

ထို့ကြောင့် ဦးဖြူစင်သည် ကျွန်တော့်အတွက် လေးစားစရာ အကောင်းဆုံး လူတစ်ယောက်ဖြစ်ခဲ့ပြီး၊ ဦးမောင်ပြီးလျှင် ကျွန်တော်အတွယ်တာရဆုံး ဆရာသမားတစ်ယောက်လည်း ဖြစ်ခဲ့လေသည်။

ဦးမောင်နှင့်ဦးဖြူစင်၏ တူညီချက်တစ်ခုမှာ…အရက်ကိုအဖော်အဖြစ် သတ်မှတ်ထားခြင်းပင်ဖြစ်၏။ အလွန်အကျွံမမှီပဲတတ်ကြွပုံချင်းလည်း တူညီကြ၏။



ဦးဖြူစင်ထံမှာ တပည့်အဖြစ်ခံယူပြီး ပညာသင်ယူခွင့်ရခဲ့ခြင်းကိုလည်း ဘဝ၏ကံကောင်းခြင်းတစ်ခုဟု သတ်မှတ်ထားလိုက်မိပါတော့သည်။

မိကျူးနဲ့ပြဿနာကွဲဘက်ခဲ့တဲ့နေ့ကစပြီး အိမ်မပြန်တော့တဲ့ ကျွန်တော့်အတွက် ဦးဖြူစင်ရဲ့အခန်းလေးက ကွန်းခိုရာဘုံဗိမာန်တစ်ခုလည်း ဖြစ်လေသည်။

ညပိုင်းအလုပ်ချိန်ပြီးတာနဲ့ ဦးဖြူစင်၏ အခန်းလေးရှိရာသို့ ကျွန်တော်ရောက်နေပြီ ဖြစ်သည်။

Smooth Dreams နှင့် သုံးဆယ့်ငါးလမ်းရှိ ထိုအခန်းလေးကြားတွင် ပန်းဆိုးတန်းဂုံးကျော်တံတားကြီးလောက်သာ ခြားထားသည်ဟု ထင်ရလေသည်။

တစ်ခါတစ်ရံ မိကျူးကိုဆွတ်ဆွတ်ကျင်ကျင်သတိရတဲ့ညမျိုးတွေမှာ… ပန်းဆိုးတန်းဂုံးကျော်တံတားကြီးပေါ်ထိုင်ရင်း…တောင်စဉ်ရေမရတဲ့စိတ်ကူးတွေထဲ အတွေးနယ်ချဲ့နေမိခြင်းသည်လည်း စိတ်၏ဖြေရာတစ်ခု၊ စိတ်ကျေနပ်မှုတစ်ခုဖြစ်ခဲ့၏။

ည၏ကျန်သလောက်အချိန်လေးတွေကိုတော့ အိပ်စက်အနားယူခြင်းဖြင့် ဦးဖြူစင်ရဲ့အခန်းလေးမှာပဲ ကုန်ဆုံးစေလိုက်တော့သည်။

အိပ်ယာထတဲ့အချိန်ကနေပြီး Smooth Dreams မှာအလုပ်ပြန်ဆင်းတဲ့အချိန်အထိ ကြားကာလတွေကိုတော့ ဦးဖြူစင်နဲ့အတူ ရိုက်ကွင်းတွေကိုလိုက်၍ ပညာယူတဲ့အချိန်အဖြစ် အသုံးချနေခဲ့မိ၏။

ဒါရိုက်တာပညာသင်ယူဖို့ ဦးဖြူစင်ဆီမှာ တပည့်ခံခဲ့ပေမယ့် လောလောဆယ်တော့ ကျွန်တော်ဟာ ဦးဖြူစင်တို့ရိုက်ကူးရေးအဖွဲ့သားတွေအားလုံးရဲ့ တပည့်တော်ပါ။

"မောနေပြီလား ဂီဇီရ အဲဒါပညာတွေကွမှတ်ထား…သူတို့ကများများခိုင်းလေ မင်းများများတတ်လေပဲလို့ အောက်မေ့။ ခိုင်းတယ်လို့ မအောက်မေ့နဲ့…ပညာတွေပေးနေတယ်လို့ နှလုံးသွင်းကွ ကြားလား…"

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးဖြူစင်ရဲ့စကားတွေက ဆေးတစ်လက်လို ခွန်အား မွေးဖွားစေခဲ့၏။ ဦးဖြူစင်ပြောသမျှကို ကျွန်တော်ယုံသည်။ ထို့ကြောင့် သမျှကို မညည်းမညူလုပ်ရင်း.. ရှင်ရှင်ဗွီဒီယိုရိုက်ကူးခြင်းသဘောတရား ကျွန်တော်နှင့်လက်ပွန်းတတီးရှိလာကြ၏။

နေ့စဉ်ရက်ဆက် အိမ်ကိုမပြန်ခဲ့ခြင်းအတွက် ဦးမောင်စိတ် သင်တန်းတစ်ခုတက်နေရသည်ဟု အကြောင်းပြထားပြီး..တစ်နေ့တစ် ဖြင့် ဆက်သွယ်ခြင်းဖြင့် ဦးမောင်စိတ်ကျေနပ်မှုပေးရန်လည်း ကျ မမေ့ပါ ...

"ဘာသင်တန်းတက်နေတာလည်း သားရယ်..." ဆိုတဲ့ မေး တော့ ကျွန်တော်အတိအကျမဖြေခဲ့...

"အသက်မွေးဝမ်းကျောင်းပညာတစ်ခုပေါ့ ဦးမောင်။ အဆင့်အ ဂုဏ်သိက္ခာရှိတဲ့ သားဝါသနာပါတဲ့ပညာတစ်ခုပေါ့...အချိန်တန်တော့ သိရမှာပါ။ ဦးမောင်ရဲ့ယုံကြည်မှုကို အလွဲသုံးစား ဘယ်တော့မှ မလုပ်ပါ စိတ်ချပါ..."

ဟုသာ ဝေ့လည်ကြောင်ပတ် ဖြေဖြစ်ခဲ့၏။

ရည်ရွယ်ချက်တွေအကောင်အထည်ပေါ်ပြီဆိုမှ အသိပေးဖွင့် မိတာဟာ ဦးမောင်အပါအဝင် အားလုံးအံ့သြဝမ်းသာ သွားစေလိုတဲ့ ဆ ပါ...

ဒီထက်ပိုသာတဲ့ဆန္ဒတစ်ခုကတော့ မိကူးမျက်နှာကို စေ့စေ့ သူမရဲ့အောင်မြင်မှုတွေအပေါ်မှာထားရှိတဲ့ ရင်ထဲကစေတနာတွေကို မာမာဖွင့်ဆိုပြလိုခြင်းပင်...

နေ့ခင်းပိုင်းတွေမှာ ဆရာဦးဖြူစင်နောက်လိုက်ပြီး ညပိုင်း အလုပ်ပြန်ဆင်းရသည့်အတွက် ကျွန်တော်, တော်တော်ပင်ပန်းပါ

အိပ်ချိန်နားရိုန်နည်းပါးသွားခြင်း၊ အစားအသောက်မမှန်ခြင်း လူကတော်တော်လေးပိန်ကျသွား၏။ဝတ်နေကျ တစ်ထည်တ ဂျင်းဘောင်းဘီလေးပင် ခါးပတ်မပါလျှင် ဝတ်လို့မရတော့...



သို့သော် လူကိုယ်တိုင်ကမူ...မျှော်လင့်ချက် ယုံကြည်ချက်တွေကို စားသုံးပြီး လန်းဆန်းတက်ကြွလို့နေ၏။

အနာဂတ်စိတ်ကူးယဉ်အိပ်မက်တွေထဲမှာ ကျွန်တော်ကနိုင်ငံကျော် ရုပ်ရှင်နဲ့ ဗွီဒီယိုဒါရိုက်တာကြီးပေါ့.. မိကူးကတော့ ကျွန်တော့်ရဲ့ သင်ပြမှုတွေနဲ့ ရွှေစင်ရုပ်ထုတွေ တစ်ခုပြီးတစ်ခုရရှိနေတဲ့ နိုင်ငံကျော်သရုပ်ဆောင်မင်းသမီး လေးပေါ့... ထို့အပြင် မင်းသမီးနဲ့ ဒါရိုက်တာတို့ ရွှေသွားနောက်လိုက်ညီစွာ ပေါင်းဖက်ကြလေသည်ဆိုတဲ့ မျှော်လင့်ချက်လေးလည်းပါသေး၏။

မိကူးကို လွမ်းသည့် တမ်းတသည့်စိတ်တို့ စတ္တန့်မလပ်ဖြစ်ပေါ်၏။

တစ်လနီးပါးကြာလာတဲ့အချိန်မှာတော့ ကျွန်တော့်အခြေအနေက ဆရာဦးဖြူစင်ကိုယ်တိုင်ပင် အသိအမှတ်ပြုလာရသည်အထိ တိုးတက်မြင့်မားလာလာခဲ့၏။ တချို့နေရာတွေမှာ ဆရာ့ကိုအကြံပေးနိုင်သည်အထိ တိုးတက်လာခဲ့သော ကျွန်တော့်ရဲ့ ကြိုးစားမှုတွေကို အသိအမှတ်ပြုတဲ့ဆရာက ဆက်လက်ကြိုးစားဖို့ အထပ်ထပ်သတိပေးရင်း.ပညာတွေကို လက်ချပ်သင်ပေး၏။

ဆန်းသစ်တဲ့ ကျွန်တော်ရဲ့အတွေးအခေါ်တွေကို ဆရာ အလွန်သဘောကျ၏။

"မီးထိုးတာမှန်ထိုးတာကအစ ဂီဇိုနဲ့မှစိတ်တိုင်းကျတယ်ဟေ့၊ ငါ့တပည့်က ငါ့ထက်သာမယ့်ကောင်ပဲ" ဆိုတဲ့ စကားသံကြောင့် မျှော်လင့်ရည်မှန်းချက်တို့ ပိုမိုနိုင်မာလာခဲ့တော့သည်။

'ဂီဇို' ဆိုတဲ့ နာမည်ကို ဆရာ့နှုတ်ဖျားကမချတဲ့အထိ ဖြစ်လာတော့ ရိုက်ကူးရေးအဖွဲ့သားအားလုံးက ဆရာနှင့် ကျွန်တော့်ကို 'ဂီဇိုတို့သားအဖ' ဟုပင် ခေါ်ဝေါ်သုံးနှုန်းလာကြလေသည်။

ဒီလိုနဲ့ အိမ်ကိုမပြန်သည့်ရက်တွေ တစ်လခွဲတိတိရှိလာတဲ့အခါ အိမ်ကို ခဏ ပြန်ခဲ့မိသည်။

မိကူးကိုလွမ်းတဲ့စိတ်တွေ တားဆီးလို့မရအောင် ခံစားလာရလို့ပြန် ခဲ့ခြင်းလည်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိကူးဘက်ကတဲ့ပြန်မှ ဘယ်လောက်ပဲဆိုးရွားနေပါစေ တွေ့လိုက်ရလျှင် ကျေနပ်ပြီဟုလည်း စိတ်ကိုအားတင်းထားခဲ့လိုက်ရသေးသည်။

အိမ်ပြန်ရောက်တော့ ဦးမောင်ကို အရက်အကောင်းစားတစ်လုံးနှင့် ကန်တော့ပြီး နှစ်သိမ့်ရ၏။

ယုံကြည်မှုတွေကို အလွဲသုံးစားမလုပ်ဖို့၊ ကိုယ့်ဘဝကို အမြင့်ဆုံးရောက်အောင် ရိုးသားကြိုးစားခြင်းတွေနဲ့ အားထုတ်ဖို့ ဆိုတဲ့စကားတွေဖြင့် ဦးမောင်က ရှည်လျားဖွာဆုံးမ၏။

'ဘာသင်တန်းတွေတက်နေတာလည်း' ဆိုတဲ့ မေးခွန်းကိုလည်း ခါတိုင်းလိုပင် ဝေ့လည်ကြောင်ပတ်ဖြေခဲ့ရ၏။

"အေးလေ ငါ့သားလေးမဟုတ်တာတွေ မလုပ်ဘူး··လမ်းမှားမရောက်ဘူး ဆိုရင်ပြီးတာပါပဲကွယ်။ ဒီအတွက်တော့ ဦးမောင်စိတ်ချပါရစေ··ကဲ··ကဲ··· ကူးကူးတို့အိမ်သွားမလို့မဟုတ်လား··· သွား··· သွား ဦးမောင်ကိုစိုးနိုင်နဲ့ ဘုရားသွားလိုက်ဦးမယ်···"

ဦးမောင်ရဲ့ ခွင့်ပြုချက်ရတာနဲ့ မိကူးဆီကို အပြေးလှမ်းလာခဲ့ မိတော့သည်။

မိကူးတို့အိမ်ရောက်တော့ မိကူးအမေ ဒေါ်လေးခင်ရဲ့ ပျူငှာမှုမရှိသောကြိုဆိုခြင်းအကွက် အထူးတလည် အံ့သြခံစားမနေမိတော့···

ဆရာဖြိုးငြိမ်းရဲ့ ဆုံးမစကားတွေထဲက 'လူတွေရဲ့ပြောင်းလဲတတ်တဲ့သဘောတွေ' ကို နားရည်ဝနေခဲ့ပြီလေ···

'သမီးလေးကျောင်းသွားတယ်ဂီဂီ' ဆိုတဲ့ အဖြေကိုရတာနဲ့ မိကူးရှိရာကိုတစ်ဟုန်ထိုးပြေးထွက်လာခဲ့မိတော့သည်။

"မိကူးက စီးပွားရေးတက္ကသိုလ်မှာ ကျောင်းတက်တာတဲ့ ···"

* * * * *



( * )

ခြေထောက်တွေလည်း ညောင်းနေပြီ···

ချွေးတွေလည်း ပြန်နေပြီဖြစ်သည်။

မိကူးကိုရှာလို့ မတွေ့သေး ···

နေရာအနှံ့လိုက်ရှာနေပေမယ့် မိကူးကိုမတွေ့ရ။

ကျောင်းနဲ့စိမ်းနေသည့်မို့ စာသင်ခန်းတွေထဲ အထိလည်း ဝင်မရှာရဲ···

အသိမိတ်ဆွေက မရှိ···

"ဟူး··· မောလိုက်တာကွာ·· ဘယ်များသွားနေပါလိမ့်"

မိကူးဘယ် ရောက်နေလဲ··ကျောင်းမှတက်ရဲ့လား။မထူးပါဘူး

မချင်းတော့ရှာရမှာပဲ···

နောက်တစ်ခေါက်ထပ်ရှာဖို့ပြင်လိုက်စဉ်မှာပဲ···

"ဟယ်··· ဂီဂီ···"

ဘဝအဆက်ဆက်ပြောင်းသည့်တိုင် နားထဲမှာဘယ်တော့မှ မမေ့နိုင်မယ့်လေးပါ···

တကိုယ်လုံးဖျဉ်းကနဲဖြစ်သွားခြင်းနှင့် အတူဝမ်းသာစိတ်ကမျက်ရည်းတို့ကို အဖော်အဖြစ်ခေါ်ဆောင်လာကြ၏။

အသံလာရာကို လှည့်ကြည့်လိုက်မိတော့ သူမကိုမြင်၏။

"ဂီဂီ··· ဂီဂီရယ်···"

တောင့်တောင့်ကြီးရပ်နေမိတဲ့ ကျွန်တော်ဆီ လှမ်းလာရင်း ခပ်တိုးတိုးရှုသံတာကို ကြားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိကူး…"

အပြာရောင်ဖျော့ဖျော့ဝတ်စုံလေးနဲ့ မိကူးလှမ်းလာနေပါသည်။

သူမမျက်နှာမှာ ဒေါသအရိပ်အယောင်တို့ ကင်းမဲ့နေ၏။

သူမမျက်နှာမှာ အပြုံးတို့တည်ရှိ၏။

သူမနှုတ်ခမ်းမှာ ဝမ်းသာပျော်ရွှင်ခြင်းတို့ရှိနေ၏။

ငြိမ်းချမ်းရေးသင်္ကေတတွေဟု ချက်ချင်းနားလည်လိုက်သည်။

အပြေးလေးလှမ်းလာတဲ့ သူမက ကျွန်တော့်လက်မောင်းကို တင်း ဆုပ်ကိုင်ရင်းမေး၏။

"ဂီနို… ဂီဇိုရယ်….နင်ငါ့ဆီလာတာမဟုတ်လား ဟင်… ငါ… ပျော်လိုက်တာ ဂီဇိုရယ်…"

ဖျဉ်းကနဲခံစားလိုက်ရတဲ့ ပျော်ရွှင်ဝမ်းမြောက်ခြင်းတို့က မျက် မှ ပျက်ရည်ထုကို ပိုမိုထူထဲလာစေ၏။

မျက်လုံးတွေကို မမြင်နိုင်တဲ့ မျက်မှန်အမဲတပ်ထားခဲ့မိတာကြေ တော့မြင်မိမည်မထင်ပါ။

"နင်… နင့်…ငါကို စိတ်မဆိုးတော့ဘူး။ ဟုတ်လား…မိ ငါ… ငါ ဝမ်းသာလိုက်ဟာ…"

"ဟင့် အင်း… ငါ နင့်ကိုဘယ်တော့မှ စိတ်မဆိုးဘူး ဂီဇို… စေတနာတွေကို နားလည်တယ်…"

ပြောရင်း ….သူမမျက်လုံးလေးတွေမှာလည်း မျက်ရည်တို့…

"နင်ဘယ်တွေလျှောက်သွားနေတာလဲ ဂီဇိုရယ်…ငါနင့်ကိုအ… တာပဲသိလား"

အို …မိကူးက ကျွန်တော့်ကိုလွမ်းတယ်ဆိုပါလား… ဘုရား…

"နင်… ငါပြောခဲ့တာတွေကို စွဲမယူနဲ့နော်။ အဲဒီနေ့က လှ… မှာဆိုတော့ ငါတကယ်သွေးပျက်သွားခဲ့တာ…နင်လုပ်ပုံကလည်း… လေဟာ၊ငါ့ဘက်ကလည်းစဉ်းစားကြည့်ဦး..ပိုက်ဆံတွေလက်ခံပြီး…



…ပဲရှိသေးတယ်ဆိုတော့ ပေါက်ကွဲသွားတာပေါ့။ အဲဒီနေ့က ငါတကယ် …သထွက်သွားတာဟာ..အိမ်ပြန်ရောက်တဲ့အထိမပြေဘူး။ နှစ်ရက်သုံးရက် …ကနေ့မှ ဒေါသပြေတယ်သိလားဂီဇို…တော်ပါသေးရဲ့ဟာ..အန်တီကြီးရော …Soul ရော ငါတို့ကိုနားလည်ပေးကြတယ်။ နင်မကြိုက်တဲ့ပုံကြီးကိုလည်း …လိုက်ကြတယ်… သိလား…"

"ဟော… တကယ်"

"တကယ်ပေါ့ဟ..ဘေးတစောင်းပုံလေးပဲရွေးလိုက်ကြတယ်။ငါ့ …ကြော်ငြာတွေ နင်မကြည့်ရသေးဘူးနော်..အိမ်ရောက်ရင် ပြမယ်သိလား။နင်တွေ့ …အရမ်းသဘောကျမှာ ဂီဇိုရယ်…ဟိုမှာ ကြော်ငြာနေပြီ ဂီဇိုရဲ့…နင်မနာလို …နော်…ပြင်သစ်မှာ ငါ့ကြော်ငြာအရမ်းပေါက်နေတယ်တဲ့….ဂီဇိုနင် …မသာဘူးလား"

"ဝမ်းသာလိုက်တာ မိကူးရာ…"

"ဒီ့ထက်ဝမ်းသာရဦးမယ် ဆရာရေ..မနေ့က ရှစ်မိုင်မှာငါ့ရဲ့ကြော်ငြာ …ဘုတ်ကြီးထောင်တယ်။ အကြီးကြီးတော်.. လှမှလှ.. နင်မတွေ့ရသေးဘူး …ဟုတ်လား…."

"ဟင့်အင်း ငါအဲဒီဘက်မရောက်ဖြစ်ဘူး…"

"သွားကြည့်ဦး ခေတ်နောက်ကျနေဦးမယ်။ ဆူးလေဘုရားလမ်းမှာ …ည်း အဲဒီလိုဘုတ်ကြီးထောင်ဦးမယ်တဲ့… TVမှာတော့ ရှေ့လမှ စပြီးပါလိမ့် …မ်…"

သူမရဲ့ အောင်မြင်မှုအတွက် ဘယ်လိုစကားလုံးတွေနဲ့ ဂုဏ်ပြုရမှန်း …ိတော့…

ရင်ထဲမှာ တနုံ့နုံ့ခံစားနေရတဲ့စကားတစ်ခွန်းကလည်း ယောင်ပြီး …က်သွားခဲ့လေသည်။

"ငါ …နင့်အတွက်အရမ်းဂုဏ်ယူပါတယ် မိကူးရယ်…ငါ့ရင်ထဲ… …ကိုမနာလိုစိတ်ဆိုတာ လုံးဝမရှိခဲ့ပါဘူး။ အဲဒါနင်ယုံပါ…"

www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာတွေပြောနေတာလဲဂီဂီ…ငါဒါသထွက်ပြီးပြောမိ…လျှောက်ပြောခဲ့မိတာပါဟာ‥ ငါ့ကိုဖွေမယူပါနဲ့လို့ တောင်းပန်ပါတယ်ဂီဂီ…နင့်ရင်ထဲက ငါ့အတွက်ထားတဲ့ စေတနာတွေကို ငါနားလည်ပါတယ် …ကိုစိတ်မဆိုးဘူး မဟုတ်လားဂီဂီ…"

သူမမျက်နှာလေး ချက်ချင်းညှိုးကျသွား၏။

"ငါ့ရင်ထဲမှာ နင့်ကိုစိတ်ဆိုးဖို့ ဖွေယူဖို့အသည်းနှလုံးမရှိပါဘူး ပိ…"

မျက်နှာလေးချက်ချင်းပြုံးရွှင်လာပြန်၏။

"ငါသိသားပဲ နင်ဒီလိုပြောမယ်ဆိုတာ… ပြီးခဲ့တာတွေမေ့ပစ်…ပါ ဂီဂီရယ်…နေပါဦး နင်ဘယ်တွေလျှောက်သွားနေတာလဲ။ ငါ့ကိုများ…သွားတာလားလို့… စိတ်ပူလိုက်ရတာဟာ‥အခုနင်ငါ့ဆီလိုက်လာတာ…လား…"

"အင်းပေါ့‥ငါနင့်ကိုလွမ်းလို့ပြေးလာတာ"

ဒီစကားကိုမဝံ့မရဲပြောလိုက်မိခြင်းပါ… ပြောပြီးပြီးချင်းပဲ ရှက်…လိုခံစားလိုက်ရ၏။

"ကျေးဇူးအရမ်းတင်တယ်ဂီဂီ။ ငါလည်းနင့်ကိုအရမ်းလွမ်းနေ…စကားတွေနောက်မှ ပြောရအောင်ဂီဂီ‥လာ…နင်ရောက်လာတာနဲ့ အ…နင့်ကိုလူတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်…အမြန်လာဟဲ့ သူကပြန်…

မိကူးခေါ်ဆောင်ရာသို့ ဝက်ကြွစွာလိုက်လာခဲ့မိ၏။

"ဘယ်သူလဲဟာ…"

"တွေ့ရင်သိရမှာပေါ့ဟဲ့… ဟဲ… ဟဲ…. နင့်မအံ့သြနဲ့နော် …

မိကူးက ခုံတန်းလျားလေးတစ်ခုနားမှ ရပ်၏။

ထိုခုံတန်းပေါ်မှာ ခပ်ချောချော ခပ်ဖြောင့်ဖြောင့် လူတစ်ယော…နေသည်။

ထိုလူကိုမြင်ဖူးသလိုလိုရှိတာနဲ့ မျက်မှန်ချွတ်ပြီးကြည့်လိုက်…



"ကိုကို… ဒါ… ကူးကူးပြောပြောနေတဲ့ ကူးကူးရဲ့ အချစ်ဆုံးသူငယ်ချင်း ဂီဂီ… လေ…"

ကိုကိုတဲ့…

မိကူးက အဲဒီလူကို ခေါ်လိုက်တာ…

သူ့နာမည်က ကိုကိုလား… မိကူးက ဘာလို့ဒီလိုခေါ်ရတာလဲ… ဆိုတဲ့ အတွေးက မိကူးဆက်ပြောတဲ့ မိတ်ဆက်စကားမှာ အဖြေထွက်သွားတော့သည်။

"ဂီဂီ… ဒါက ငါ့ရဲ့ချစ်သူ။ ကိုမြင့်မိုရ်တဲ့…"

ဒုံးကျည်တစ်ခုရဲ့ ထိပ်ဖူးနဲ့တူတဲ့ စကားသံက နှလုံးသားကို တည့်တည့်လာဆောင့်ချိန်မှာ…မြင့်မိုရ်ဆိုတဲ့လူကယဉ်ကျေးပျူငှာတဲ့အပြုံးတွေဖြင့် လက်ကမ်းလာ၏။

'မိကူးရဲ့ချစ်သူ' ဆိုတဲ့ စကားလုံးကို ရင်ထဲမှာ အကြိမ်ကြိမ်ရေရွတ်ရင်း လက်ကမ်းဖို့ မေ့လျော့နေ၏။

ကြောင်တောင်တောင်ဖြစ်သွားတဲ့ ထိုလူက သူ့လက်ကို မသိမသာပြန်ရုတ်သွား၏။

"တွေ့ရတာ ဝမ်းသာပါတယ် ဂီဂီ။ မင်းကို ကိုယ်တစ်နေရာမှာ ရင်းရင်းနှီးနှီးမြင်ဖူးနေသလိုပဲ…"

"ဟုတ်တယ်… ကျွန်တော်လည်း ခင်ဗျားကိုမြင်ဘူးသလိုလိုဖြစ်နေလို့ …ဦးစားနေတာ"

"ကဲ… သူငယ်ချင်းတွေစကားပြောကြဦး။ ကူးကူး… ကိုကို ပြန်မယ် Birthday မှာ ဖေဖေက ကူးကူးကိုခေါ်တွေ့လိမ့်မယ်‥ဘာတွေပြောမယ်ဆိုတာ …ကိုကိုလည်းမသိဘူး။ ကူးကူးကြိုတွေးထားနော်…သွားမယ်… မနက်ဖန် …ကို မအားဘူး‥နောက်တစ်နေ့မှ လာတော့မယ်"

"ဟုတ်ကဲ့… ကိုကို…"

အဖြူရောင် CYGNUS ကားကြီးနှင့် ထည်ဝါစွာ ထွက်သွားတဲ့ ကိုမြင့်မိုရ်ရဲ့ …ကြည့်ရင်း ကြေကွဲစွာဆွံ့အနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



မိကျူးရဲ့ ချစ်သူတဲ့…

ဒီလူဟာ မိကျူးရဲ့ ချစ်သူတဲ့…

ဒါဆိုငါက… ငါက မိကျူးရဲ့ချစ်သူမဖြစ်နိုင်တော့ဘူးပေါ့…

ကွဲကွာနေတဲ့ တစ်လခွဲဆိုတဲ့အချိန်လေးအတွင်းမှာ နင်… ချစ်သူ ရ သွားခဲ့တယ်တဲ့လား… မိကျူးရယ်…

"ဟဲ့… ဂီဇို၊ နင်ဘာဖြစ်နေတာလဲ လာဒီမှာထိုင်… စကားပြေ ပြောရအောင် ငါနင့်ကိုမေးစရာရှိတယ်…"

ခုံတန်းလေးမှာဝင်ထိုင်ရင်း သူမကိုနှမြောတသစွာ ငေးမောနေမိ၏။ နင်သိပ်လှတာပဲ မိကျူးရယ်…

"ဂီဇို… နင်တော်တော် ပိန်သွားတယ်…ပြောစမ်း နင်အခုဘာတွေလုပ် နေလဲ"

"ငါ… ငါ… ကြိုးစားနေတာမိကျူး…"

"ဟင်… ဘာကြိုးစားတာလဲ…"

"ဩော်… အောင်မြင်မှုတစ်ခုခုရအောင်ပေါ့ မိကျူးရာ… ငါ့ဘဝမှ အောင်မြင်မှုတစ်ခုရဖို့တော့ လိုတယ်မဟုတ်လား…"

"နင်အခုဘာလုပ်နေလဲလို့မေးတာ။ ဦးမောင်က ပြောတယ်… သင်တန်းတစ်ခုတက်နေတယ်ဆို…ဘာသင်တန်းလဲ… အိမ်ကိုပေ တစ်လခွဲလောက် ပြန်မလာနိုင်တဲ့ သင်တန်းက ဘာသင်တန်းမို့လိုလဲ ဂီဇို"

"နောက်တော့သိရမှာပေါ့ဟာ အခုတော့ ငါမပြောချင်သေးဘူး… ရည်ရွယ်ချက်တွေအောင်မြင်မှ ပြောပြတော့မယ်…"

"အံမယ်… ခွေးစုတ် ဒိုင်လှို့နေပြန်ပြီ။ အေးပါ နင်မပြောချင်ရင် မမေးတော့ပါဘူး။ လူတွေမှာ ရည်ရွယ်ချက်ဆိုတာရှိဖို့တော့ လိုအပ် ဂီဇို၊ ဘာပဲလုပ်လုပ် ရည်ရွယ်ချက်ရှိမှ အောင်မြင်တယ်။ နင်အခုလုပ် အလုပ်မှာ ရည်ရွယ်ချက်ကောရှိရဲ့လား…"

"ရှိတာပေါ့… သိပ်ရှိတာပေါ့မိကျူး…"



"ဒါဆို နင့်ရည်ရွယ်ချက်ကို ပြောပြ..ငါသိချင်တယ်…"

"ငါ့ရည်ရွယ်ချက ငါ့နှလုံးသားရဲ့ပြဋ္ဌာန်းချက်နဲ့ သစ္စာတရားတွေကို က်သေပြဖို့..လောကကြီးကို တစ်ဒေါင့်တစ်နေရာကနေ အလှဆင်နိုင်ဖို့.. ကျိုးပြုဖို့ပေါ့ မိကျူး"

"အလဲ့… တယ်ဟုတ်ပါလား… နင့်ရည်ရွယ်ချက်က တော်တော် တာပဲ… အေးလေ နင်ဘာလုပ်မယ်ဆိုတာ တစ်ချိန်တော့ ငါသိရမှာပဲ"

"နင်သိရမှာပါ မိကျူးရာ…"

"အေးပါဟယ် နင့်မှာ ရည်ရွယ်ချက်ရှိနေတယ်ဆိုရင်ပြီးတာပါပဲ။ ါနင့်အတွက် စိတ်ပူလို့ပြောတာပါ ဂီဇိုရယ်…နင့်မှာ စိတ်တိုတတ်တာ၊ ါသတကြီးတတ်တာ၊ရန်ဖြစ်တတ်တာကလွဲပြီး အပြစ်ပြောစရာမရှိပါဘူး။ ်ဟာ စိတ်ထားဖြူစင်ပြီး အရည်အချင်းရှိတဲ့ လူတစ်ယောက်ပါ ဂီဇို.. မေးပွဲမအောင်တာလည်း နင်မကြိုးစားလို့ပါ။ နင်ငါ့ထက် ဉာဏ်ကောင်းတယ် ပီလား…"

"ဟုတ်လို့လား မိကျူးရ ဘဝင်တောင်မြင့်ချင်လာပြီ…"

"နင့်အကြောင်းငါအသိဆုံးပါ ဂီဇိုရယ်…နင်သာကြိုးစားမယ်ဆိုရင် ဘမဆိုဖြစ်နိုင်တယ်လို့တောင် ငါပြောရဲတယ်။နင်ဘာပဲလိုလို ငါ့ကိုပြောနော်… ်လိုအပ်တာမှန်သမျှ ကူညီဖို့အသင့်ပဲ။ ဩော်… ဝမ်းသာစရာတွေပြောရဦး ယ် ဂီဇို..ငါကြော်ငြာတွေ VCDတွေရိုက်ဖို့ လက်ခံထားတာ အများကြီးပဲ။ ုပ်ရှင်တွေ ဗီဒီယိုတွေရိုက်ဖို့ ကမ်းလှမ်းထားတာတွေလည်း ရှိတယ်…စကား တော့မပြန်ရသေးဘူး။ အခုငါရိုက်နေတဲ့ကြော်ငြာက ………………

………………………………………………………………"

သူမ ပြောနေတဲ့စကားတွေကို နားထဲမှာ မကြားတစ်ချက်ကြား ာစ်ချက်ရှိ၏။

နှလုံးသားတွေက ရုတ်တရက်တွေ့ကြုံလိုက်ရတဲ့ ပြောင်းလဲမှုတစ်ခုကို လက်ခံဖို့ငြင်းဆန်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လခွဲဆိုတဲ့ကာလ လေးအတောအတွင်းမှာ မိကူးချစ်သူရသွား ကို ဦးနှောက်တွေက ဘယ်လိုမှလက်မခံနိုင်အောင်ဖြစ်နေ၏။

သေချာတာတစ်ခုကတော့ မိကူးမှာ ချစ်သူရှိသွားပြီ…

သူမက မနားတမ်း ဆက်ပြောနေဆဲ…

"အမေကတော့စံပဲ ဂီဇိုရေ…နင်မှာခဲ့တဲ့အတိုင်း ငါ့အနားက တစ်ဖဝါး ကိုမခွာဘူး။ မျက်စေ့အောက်နေ အပျောက်မခံပဲ ကပ်နေလွန်းလို့ ငါ စိတ်ညစ်ရတယ်။ ဒရိုင်ဘာအဘိုးကြီးကိုလည်း နင်ပဲရှာပေးခဲ့တာမဟုတ်လား ငါ့ကိုအမေပြောပါတယ်။ အဲဒီအဘိုးကြီးအရမ်းရိုးသားတယ် အလုပ်ကိုလ လေးစားတယ်။ ကျေးဇူးပဲဟာ… နင်ဟာငါ့ဘဝအတွက် တန်ဖိုးမဖြတ်နိုင် သူငယ်ချင်းတစ်ယောက်ပါ ဂီဇိုရယ် ငါနင့်ကို ဘယ်တော့မှ မမေ့ဘူးသိလ နင်ဟာ ငါ့ရဲ့အစ်ကိုတစ်ယောက်ဆိုလည်း… မမှားဘူး။ တကယ်လို့ ငါ့ အစ်ကိုရှိခဲ့ရင်တောင် နင့်လောက်အားကိုးရမှာ မဟုတ်တာသေချာတယ်။ ငါ ကို တကယ်ကျေးဇူးတင်တယ် ဂီဇို…"

"မိကူး… ကိုမြင့်မိုရ်ဆိုတာ နင့်ရဲ့ချစ်သူလို့ပြောတာ တကယ်လား…"

သူမပြောတဲ့စကားက တခြား…သူပြောတဲ့စကားကတခြား… သို့ နှစ်ယောက်လုံး သတိမထားမိကြ…

"အေးလေ… တကယ်ပေါ့…"

"နင်… နင် ငါ့ကို နောက်နေတာလား…"

"ဟဲ့… ဒါနောက်စရာလား… ကိုကိုက ဆရာဝန်ဟ သူ့အ အရမ်းချမ်းသာတယ် သားအဖနှစ်ယောက်ပဲရှိတာ…ကိုကို့အမေက ဆုံး ကြာပြီ။ အခုပါရမီမှာ နေကြတယ်။ ငါကံကောင်းတယ်နော် ဂီဇို၊ ငါ့ က ချမ်းသာတယ် ပညာတတ်တယ် အဆင့်အတန်းရှိတယ် မျိုးရိုး တယ် သဘောကောင်းပြီး ငါ့ကို အလိုလိုက်တယ်။ ပြီးတော့ ကိုကို တယ်… တည်ငြိမ်တယ်… ဟဲ့ ဂီဇို…ငါနဲ့ကိုကိုနဲ့ ရှေ့သွားနောက် မညီဘူးလား ဟဲ… ဟဲ… နေနဲ့လ ရွှေနဲ့မြနော်… ဟီး… ဟီး…



သူမရယ်ကျဲကျဲနှင့် ပြောပြနေတဲ့ ကိုမြင့်မိုရ်ရဲ့ ဂုဏ်ပုဒ်တွေက ကျွန်တော့် အတွက် သိမ်ငယ်မှုတွေကို တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဖန်တီးနေကြ ပါတယ်…

"နင်… သူ့ကို အဲဒါတွေမက်ပြီး ရွေးချယ်ခဲ့တာလား မိကူး…"

ထိုမေးခွန်းက သူမကိုခပ်တည်တည်လေး ဖြစ်သွားစေသည်။

"နင်မှားသွားပြီ ဂီဇို…ငါကိုကို့ကို ရင်ခုန်သံတွေနဲ့ရွေးချယ်ခဲ့တာ…"

"ဟုတ်ရဲ့လား မိကူး…စိတ်လှုပ်ရှားတာရော မဖြစ်နိုင်ဘူးလား…"

"ရင်ခုန်သံနဲ့ စိတ်လှုပ်ရှားမှုကို ငါကောင်းကောင်း ခွဲခြားတတ်တယ် ဂီဇို…ကိုကိုဟာ ငါ့နှလုံးသားတွေကို ဣန္ဒြေမဲ့သွားအောင် လှုပ်ခတ်သွားစေခဲ့တဲ့ သူပဲ။ အဲဒီရင်ခုန်သံတွေဟာ ဘယ်တော့မှ ရိုးအီမသွားဘူး၊ အမြဲတမ်းဆန်းသစ် နေတယ်။ နင်နားလည်အောင် ဘယ်လိုပြောရမှန်းမသိတော့ဘူးဟာ ငါ့ရင်ထဲမှာ ခံစားနေရတာကို ငါပဲသိတယ်…ကိုကိုရဲ့ ဂုဏ်ဒြပ်တွေကို ငါလုံးဝမမက်မော ဘူး။ တကယ်လို့ ကိုကိုဟာ လမ်းဘေးကအသုံးမကျတဲ့ လူတစ်ယောက် ဖြစ်နေပါစေ ငါသူ့ကို ချစ်တယ်သိလား ဂီဇို… ငါသူ့ကို အားကိုးမှီခို ချင်လို့ ချစ်ခဲ့တာ မဟုတ်ဘူး။ သူဘာမှ မလုပ်တတ်ရင်တောင် ငါတစ်သက် လုံး လုပ်ကျွေးသွားနိုင်တယ် နင်ယုံလား…"

သွားပြီ…။ ဒါဆို… မိကူး ဒီလူ့ကို တကယ်ချစ်နေတာပေါ့…

မျှော်လင့်ချက် ရောင်ခြည်တွေနဲ့ တောက်ပနေခဲ့တဲ့ နှလုံးသားကောင်းကင် တစ်ခုလုံး ရုတ်ချည်းမည်းမှောင်သွားခဲ့လေပြီ…

"အံ့ဩစရာကောင်းတယ် ကိုကိုကလည်း ငါ့ကိုမြင်မြင်ချင်းပဲချစ်မိ သွားခဲ့တာတဲ့။ အဲဒါ နင့် ကျေးဇူးကြောင့်ပဲ သိလား ဂီဇို…"

"ဘာ ! … နင်ဘာပြောလိုက်တယ်…"

"ဟုတ်တယ်ဟ…နင်သင်ပေးတဲ့ အကြည့်တွေကြောင့် ကိုကို့နှလုံးသား တွေမှာ ရင်ခုန်သံတွေဖြစ်ပေါ်သွားခဲ့တာ ဂီဇို…ပြိုင်ပွဲနေ့က အမှတ်ပေးတဲ့ ိုင်လူကြီးတွေနောက်နားမှာ ကိုကိုရှိနေခဲ့တယ်။ ငါ့ရဲ့မျက်လုံးတွေ ကိုကို့

www.burmeseclassic.com

www.burmeseclassic.com



ဆီရောက်သွားခဲ့တယ်တဲ့လေ… အဲဒါဟာ သူ့ရင်ခုန်သံတွေရဲ့ အစပဲ။ ကိုကို ပြိုင်ပွဲဝင်တဲ့ သူတွေအားလုံးကို ဓါတ်ပုံရိုက်ယူနေခဲ့တာဟာ‥ငါ့အလှည့်ကျတေ ဓါတ်ပုံတောင် မရိုက်နိုင်တော့ဘူးတဲ့‥ငါ့ကို လိုက်ကြည့်ရင်း ဓါတ်ပုံရိုက် တောင် မေ့နေခဲ့တယ်တဲ့တော်‥ အဲဒီအချိန်မှာ ငါ့မျက်လုံးတွေသူ့ဆီရောက် ခဲ့တယ်တဲ့။ ငါကတော့ သတိမထားမိပါဘူးဟာ အားလုံးကိုငေ့ပြီး ကြည့်ရို တာပါ ဟင်း…. ဟင်း… ရယ်ရတယ်… ငါ့အကြည့်တွေကြောင့် သ လက်လွတ်ဖြစ်ပြီး သူ့လက်ထဲက ကင်မရာကိုတောင် လွှတ်ချပစ်လိုက် တယ်တဲ့‥ ငါ့အကြည့်တွေက သူ့နှလုံးသားတွေကို အပြီးအပိုင်သိမ်းပို သွားခဲ့တယ်တဲ့။သူပြောတာပဲလေ… ငါတော့ ကိုယ့်ကိုယ်ကိုယ် အဲဒီလေ မထင်ပါဘူး… ဟီး… ဟီး…”

ပြိုင်ပွဲနေ့က ကင်မရာလွှတ်ကျသွားခဲ့သော ရှေ့ထိုင်ခုံမှလူကို ဖျတ် သတိရလိုက်သည်။

ဟုတ်တယ်… အဲဒီနေ့က ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ခဲ့တ ဟာ ကိုမြင့်မိုရ်ပဲ…

နှလုံးသားတွေကို တစ်စစီဖွဲ့ခြွေနေတဲ့ စကားသံတွေကို ဆက်ပြီး နေရ၏။

“ဆုတွေယူပြီးတော့ မစ္စတာဆိုးလ်တို့က ငါ့ကိုရုံးခန်းမှာခေါ်တွေ မဟုတ်လား…သူတို့နဲ့စကားတွေပြောပြီး ရုံးခန်းထဲကပြန်အထွက်မှာ သူနဲ့ ထိပ်တိုက်ဆုံတယ်။ ဟယ်… အံ့ဩစရာကောင်းလိုက်တာ…ငါ မြင်မြင်ချင်း ရင်တွေခုန်လိုက်တာ ဂီဇိုရယ်…သူငါ့ကို မိတ်လာဆက်တော့ ပျော်လိုက်တာအရမ်းပဲ။ဆုတွေရတာထက်တောင် ပျော်သေးတယ်…”

ဩော်… ငါသင်ပေးလိုက်တဲ့ အကြည့်တစ်ချက်က ငါ့နှလုံးသ ပြန်ခွဲမယ့် ဓါးတစ်လက်ဖြစ်နေပါပေါ့လား မိကူးရယ်… ရင်နာလိုက်

“အဲ့ဒီနောက်ပိုင်း သူငါ့နောက်မှာ အရိပ်လိုလိုက်နေခဲ့တယ်တဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲဟယ် နင်နဲ့ငါနဲ့ ပြဿနာတက်တဲ့နေ့က နင်



ပစောင့်ပဲ ပြန်သွားတယ် မဟုတ်လား။ ငါ့မှာ ကားတစ်စီးနဲ့ ဒုက္ခရောက်နေ တော့တာပေါ့… အဲဒီအချိန်မှာ သူရောက်လာတယ်။ဆက်တွေးကြည့်တော့ ဂီဇိုရေ… သူက ငါ့ကို လာနှုတ်ဆက်တယ်…ငါက သူ့ကိုအကူအညီတောင်း တယ်…အဲဒီမှာ သူ့ကားကို ခဏထားခဲ့ပြီး ငါ့ကားနဲ့ အိမ်ကိုလိုက်ပို့ပေး တယ်။ ဇာတ်လမ်းကအဲဒီမှာ စတွေတာပဲ…”

ပြောင်းလဲခြင်းဆိုတဲ့ အရာတွေက နည်းနည်းလေးလစ်တာနဲ့ တိုးဝင် လာဖို့ အချိန်ပြည့်စောင့်ကြည့်နေတာပါလား …ဟု နာကျင်စွာ တွေးမိ၏။

“ငါ့မှာ …နင့်ကိုဒေါသတွေထွက်နေတာက တစ်မျိုး သူ့ကြောင့် ရင်ခုန်နေမိတာက တစ်မျိုး ဘယ်လိုကြီးမှန်းကိုမသိပါဘူးဟယ်… တော်တော့် ကို အနေရခက်ခဲ့တာ။ ဟင်း… ဟင်း… အဲဒီတစ်ပတ်အတွင်းမှာပဲ သူငါ့ကို ဖွင့်ပြောခဲ့တယ်… ဖွင့်ပြောပြီးလို့ တစ်ပတ်လည်းနေရော ငါနဲ့သူနဲ့ ချစ်သူ တွေဖြစ်သွားကြတာပဲ… ဟီး…ဟီး…”

မြတ်စွာဘုရား… တစ်ပတ်တဲ့။ မြန်လိုက်တာ…

“မမြန်လွန်းဘူးလား… မိကူးရာ…”

“လုံးဝမဆိုင်ဘူး ဂီဇို။အချစ်မှာ မြန်တာ နှေးတာတွေမရှိဘူး၊ ရင်ခုန်ဖို့ အဓိကပဲ…အချိန်ဆွဲတာတွေ စဉ်းစားတာတွေဆိုတာက ဦးနှောက်နဲ့ပဲဆိုင်တယ်။ ဦးနှောက်ဆိုတာက မတိကျဘူး ဂီဇိုရဲ့…အပေါင်းအနှုတ်အမြှောက်အစားတွေ ဝင်လာရင် အခြေအနေတွေပြောင်းလဲသွားနိုင်သေးတယ်…မခိုင်မာဘူး။ နှလုံးသားက တိကျတယ်၊ ခိုင်မာတယ်၊ ဘာတွေဖြစ်နေနေ ချစ်ဖို့ဝန်မလေး ဘူး။ ငါ့ကိုကို့ကို အဲ့ဒီလိုအချစ်မျိုးနဲ့ချစ်တာ…ကိုကိုကလည်း ငါ့လိုအချစ်မျိုး နဲ့ပဲချစ်တာ။ နင်သဘောပေါက်လား…”

ကြွေကျလာတဲ့ ကံ့ကော်ပန်းလေးကို ကောက်ယူနမ်းရှိုက်ရင်း ချစ်ခြင်း ဒဿနတွေကို ဆက်လက်ပြဋ္ဌာန်းနေတဲ့ သူမကကျွန်တော့်ကို ကျောပေးပြီး ရပ်နေ၏။

စီးကျလာတဲ့ မျက်ရည်တွေကို အမြန်သုတ်ပစ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲခြင်းမျက်ဝန်းတွေကို သူမ မမြင်စေရန် မျက်မှန်ပြန်တပ်ထားလိုက်ရလေသည်။

နင်ငါ့ကို ကျောပေးပြီးရပ်နေပေမယ့် ငါကတော့နင့်ရဲ့နောက်ကျောလေးရှိရာကိုပဲ မျက်နှာမူနေပါတယ် မိကူး…

တိကျခိုင်မာတဲ့ရင်ခုန်သံတွေနဲ့ နင့်နှလုံးသားကို ငါမြင်လိုက်ပါပြီ မိကူးရယ်…

ဒါပေမယ့်…

တိကျခိုင်မာတဲ့ ငါ့နှလုံးသားကိုတော့ နင်မမြင်ဘူးနော်…

ရင်ခုန်သံတွေ မျက်နှာချင်းဆိုင်ခွင့်မရခဲ့တာ ဘာကြောင့်လဲမိကူး… …

❀ ❀ ❀ ❀ ❀



( * )

ခမ်းနားကြီးကျယ်လွန်းလှတဲ့ သုံးထပ်အဆောက်အဦကြီးနဲ့ ခြံဝင်းျယ်ကြီးကို ကြည့်ရင်းသက်ပြင်းမောတို့ အကြိမ်ကြိမ်ဖြစ်ပေါ်၏။

ကွာခြားလွန်းတဲ့ အခြေအနေတွေကို တွက်ဆမိတော့ သိမ်ငယ်ခြင်းတွေင်ဒွိကိန်းဝပ်ကြပြန်သည်။

မိကူးပြောတဲ့လိပ်စာအရဆိုလျှင်တော့ ဒီခြံဝင်းကြီးနဲ့ အဆောက်အဦကြီးာ ကိုမြင့်မိုရ်၏ဘုံဗိမာန်ဖြစ်မည်။

ကိုယ်တိုင်ဆွတ်ခူးခွင့်မရသော်ငြား… မြင့်မိုရ်ဆိုတဲ့ လူဟာမိကူးဆိုတဲ့န်းပွင့်လေးကို မြတ်နိုးယုယစွာနမ်းရှိုက်သိမ်းဆည်းမည့်သူလား…ဝတ်ရည်သောက်သုံးဖို့ ခဏတာခိုနားမည့်သူလား…ဆိုတာတိကျစွာ သိထားချင်သည်။

မိကူးက ပန်းလေးတစ်ပွင့်ဆိုလျှင် ဝတ်ရည်သောက်သုံးဖို့ သက်သက်ျဉ်းကပ်လာတဲ့ ပိတုန်းတစ်ကောင်ကို လက်ပိုက်ကြည့်နေရုံသာ တတ်နိုင်ည့် ဆူးတစ်ချောင်းဟာ… ‘ဂီဇို’ မဖြစ်စေရ။

ဝတ်ရည်သောက်သုံးရန် သက်သက်ရည်ရွယ်ချက်မျိုးနဲ့ ချဉ်းကပ်လာတဲ့ပ်ပြာတွေ ပိတုန်းတွေကို ကြိုတင်ဖမ်းဆီးနိုင်မယ့်…ပိုက်ကွန်တစ်ခုဖြစ်ရည်။

ပွင့်ဖတ်တွေကို ခြွေချမယ့်လက်တွေကို ဖြတ်တောက်ပစ်မယ့်…ဓါးတစ်က်ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတန်ဖိုးထားခြင်းမဲ့စွာ လှမ်းလာမယ့် ခြေထောက်တွေ ပေါက်သတ်ပစ်မယ့်…အဆိပ်အပြင်းဆုံးမြွေတစ်ကောင်ဖြစ်ရမည်လေ…

ဖြစ်နိုင်လျှင်…ကူးကူးနိုင်ဆိုတဲ့ ငန်းပွင့်လေးကို ထိုက်တန်သူသာ… အောင် စောင့်ရှောက်နေတဲ့…ဘီလူးကြီးတစ်ကောင်လည်း ဖြစ်ချင်သေးသ…

ဤသည်ကိုနှလုံးသား၏ သမိုင်းပေးတာဝန်ဟု ကျွန်တော်ခံယူ…

ဘာကြောင့်လည်းဆိုတော့… မိကူးဟာ ကျွန်တော့အတွက် ကမ္ဘာ့တစ်ထောင် ဝိုင်းရံစောင့်ရှောက်တဲ့ မဥ္စူသကနတ်ပန်းထက် … ပေါင်းများစွာ တန်ဖိုးကြီးမားနေလို့ပါပဲ…

မိကူးရေ…

ရင်ခုန်သံတွေကို ဖန်တီးနိုင်တဲ့…တားဆီးနိုင်တဲ့အစွမ်းတွေ ငါ့မှာရှိ… မယ့်၊ နင့်ရဲ့ရင်ခုန်သံတွေ တန်ဖိုးမဲ့မသွားအောင်တော့ ငါအစွမ်းထက်ပါတယ်…

ယုံလား… မိကူး…

ငါ့အသက်နဲ့ ခန္ဓာယှဉ်တွဲနေသ၍ မထိုက်တန်တဲ့ လူရဲ့လက်… နင်ရောက်မသွားစေရဘူး…

TAXI လေးထဲကနေ ခြံဝင်းကြီးတစ်ခုလုံးကို မပြတ်တမ်းအ… လှေ့လာရင်း အတွေးနယ်ချဲ့နေမိခြင်းပါ…

ထိုစဉ်မှာပဲ ခြံဝင်းတံခါးကြီး ပွင့်လာပြီး အဖြူရောင် CYGNUS ကား… တစ်စင်း ထွက်လာ၏။

"သေချာတယ် အဲဒါ ကိုမြင့်မိုရ်ရဲ့ ကားပဲ…"

"အဲဒီကားပဲ အစ်ကို…"

TAXI ဒရိုင်ဘာက ခေါင်းတစ်ချက်ညိတ်ပြီး ကြိုတင်မှာသ… အတိုင်း ခပ်လှမ်းလှမ်းမှ မောင်းလိုက်၏။

"မျက်ခြည်မပြတ်စေနဲ့ အစ်ကို…"

"စိတ်ချညီလေး…"



CYGNUS ကားအဖြူကြီးက ယောမင်းကြီးလမ်းထဲရှိ ကော်ဖီဆိုင် တစ်ဆိုင်ရှေ့မှာရပ်၏။

အလိုက်သိသော ဒရိုင်ဘာက ခပ်လှမ်းလှမ်းမှာပင် ကားကိုရပ်လိုက်၏။

ကိုမြင့်မိုရ်ကော်ဖီဆိုင်ထဲဝင်သွားသည်အထိ စောင့်ကြည့်ပြီးမှ မယောင် မလည်နှင့် ဆိုင်ထဲဝင်ခဲ့လိုက်သည်။ ဆိုင်ထဲရောက်တော့ ကိုမြင့်မိုရ်ရဲ့နောက် ကျောဘက်က စားပွဲမှာနေရာယူပြီး အခြေအနေတွေကို မပြတ်တမ်းအကဲခတ် နေမိတော့သည်။

ခပ်ချောချော ခေတ်ဆန်ဆန်အမျိုးသမီးတစ်ယောက်နှင့် အတူထိုင်နေတဲ့ ကိုမြင့်မိုရ်က ကျွန်တော့်ကိုမမြင်…

စကားတို့ ခပ်တိုးတိုးပဲပြောနေကြတာမို့ သဲသဲကွဲကွဲမကြားရ…

သို့သော် ရယ်ရယ်မောမောရှိနေကြတဲ့ သူတို့ပုံစံက တော်တော်ရင်းနှီး ကြပုံရ၏။

ပါရမီမှာနေတဲ့လူက လမ်းတစ်လျှောက်မှာရှိနေတဲ့ဆိုင်တွေကို ကျော်ဖြတ် ခဲ့ပြီးမှ ယောမင်းကြီးလမ်းထဲက ဒီဆိုင်ကိုတကူးတကန့် ကော်ဖီလာ သောက်ရ တာ ဘာကြောင့်လဲ…

အဲဒီအမျိုးသမီးက ဘာလို့ကြိုပြီးရောက်နှင့်နေရတာလဲ…

သိမ်မွေ့ညှာပြုံးရွှင်ရယ်မောနေခြင်းတွေရဲ့နောက်ကွယ်မှာမရိုးသားခြင်းတစ်ခုရှိ နေနိုင်သည်ဟု သံသယဖြစ်မိ၏။

ကြည့်နေစဉ်မှာပဲ…ကိုမြင့်မိုရ်က အဖြူရောင်အထုပ်လေးတစ်ခုကို ထိုအမျိုး သမီးထံပေးလိုက်ရာ သံသယစိတ်တို့ ပိုမိုကြီးထွားလာကြ၏။

ထိုစဉ်မှာ စားပွဲထိုးလေးက ကိုမြင့်မိုရ်အတွက်ကော်ဖီတစ်ခွက်လာချ ပေး၏။

ခပ်ချောချောအမျိုးသမီးက ထိုကော်ဖီခွက်ကိုယူပြီး ဖျော်ပေးနေပြန်သည်။ ကော်ဖီခွက်ကို …ားနှိုးနှင့်သကြားထည့်ပေးပုံ ဂရုတစိုက်ရှိလှန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်မိုရ်သောက်နေကျ ကော်ဖီတစ်ခွက်ရဲ့ နွားနို့နဲ့ သကြားအချိုး အစားကို သူမဘယ်လိုလုပ်ပြီး သိနေရတာလဲ…

ဖျော်ပြီးတဲ့ကော်ဖီခွက်ကို ကိုမြင့်မိုရ်ရှေ့ချပေးလိုက်ပုံက တယုတယ လုပ်ပေးနေတယ်ဆိုတဲ့ ပုံစံထဲကို ဝင်နေပြန်သည်။

ခပ်စောင်းစောင်းနေရာမှာ ထိုင်နေခြင်းဖြစ်၍ သူတို့မျက်လုံးတွေက ကောင်းကောင်းအကဲခတ်ခွင့်ရနေ၏။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီးပြုံးလိုက်တဲ့အချိန် မှာ ဒေါ်သတွေကို မထိန်းနိုင်တော့…

သူတို့ စားပွဲနားသို့ လှားကနဲ ရောက်ရှိသွားတော့သည်။

"ဒါဘာသဘောလဲ ကိုမြင့်မိုရ်… ခင်ဗျား ဘာငြင်းချင်သေးလဲ…"

မြင့်မိုရ်က သူ့ကိုအံ့သြစွာ မော့်ကြည့်၏။

"ဟာ… ဂီဇိုပါလား… လာထိုင် ကော်ဖီသောက်…"

ယဉ်ကျေးသိမ်မွေ့စွာ ကြိုဆိုမှုကို ဂရုမစိုက်နိုင်တော့…

"အပိုတွေ လုပ်မနေနဲ့ ကိုမြင့်မိုရ်‥ကျွန်တော် ကော်ဖီသောက်ဖို့ လာတာ မဟုတ်ဘူး။ ခင်ဗျားရဲ့ ခြေလှမ်းတွေကို ဖော်ထုတ်ဖို့လာခဲ့တာ။ ပြော…ခင်ဗျား မိကူးကို ဘာရည်ရွယ်ချက်နဲ့ ချဉ်းကပ်ခဲ့တာလဲ…"

"မင်း ဘာတွေပြောနေတာလဲ ဂီဇို‥ ကိုယ်နားမလည်ဘူး။ ပြောစရာရှိ ရင် အေးအေးဆေးဆေးပြောပါလား… လာပါထိုင်ပါ…"

"အူကြောင်ကြောင်လုပ်မနေနဲ့ ကိုမြင့်မိုရ်‥ကျွန်တော်မေးတာပဲဖြေပါ။ ခင်ဗျား… မိကူးကို ဖျက်ဆီးဖို့ ချဉ်းကပ်နေတာ မဟုတ်လား…"

မြင့်မိုရ်နှင့်အတူ ထိုင်နေသော အမျိုးသမီး မနေသာတော့…

"မောင်လေး မင်းဘာတွေပြောနေတာလဲ။ မင်းမှာ ပြောစရာရှိရင် ပြောသလို အေးအေးဆေးဆေး ဆွေးနွေးရင်ကောင်းမယ်ထင်တယ်။ ထိုင် လားကွယ်… လူတွေကြည့်နေပြီ ရှက်စရာကောင်းပါတယ်"



"ကျွန်တော် ခင်ဗျားကို မပြောဘူး‥ဝင်မပါ, ပါနဲ့။ ရိုးသားမှုအတွက်ဘာ ရှက်စရာမလိုဘူးဗျ။ကံကောင်းတယ်… သံသယရှိနေလို့ ခင်ဗျားကိုနောက် ယောင်ခံလိုက်ခဲ့တာ သိပ်မှန်သွားပြီ"

"မင်းတစ်ခုခုတော့ လွဲနေပြီဂီဇို‥ကိုယ်နားလည်အောင် ပြောပြပါလား… မင်းပြောချင်တာပြောလို့ရပါတယ်။ ထိုင်နော်ညီလေး… လာပါ… အေးအေး ဆေးဆေး ပြောရအောင်ပါ"

သူတို့ရဲ့ ယဉ်ကျေးသိမ်မွေ့မှုကို အသိအမှတ်မပြုလို့မရတော့… ဒေါ်သတွေကို ချုပ်ထိန်းပြီး ဝင်ထိုင်လိုက်ရလေသည်။

"ကဲ… ပြော… မင်းဘာပြောချင်တာလဲ …"

"ဘာမှပြောစရာမလိုဘူး ကိုမြင့်မိုရ်…ခင်ဗျား မိကူးကိုအပျော်ကြံဖို့ ချဉ်းကပ်နေတယ်ဆိုတာ ရှင်းနေပြီ…"

"ကျစ် !… ခက်ပြီ…ကဲထားပါတော့။ မင်းက ဘာကြောင့်ဒီလိုစွပ်စွဲ ရတာလဲ…"

"လက်တွေ့ပဲ ကိုမြင့်မိုရ်… မုန်လာဥမလုပ်နဲ့။ မိကူးရဲ့ကွယ်ရာမှာ ဆင့်အတန်းရှိတဲ့ အမျိုးသမီးတစ်ယောက်နဲ့ ခင်ဗျားနဲ့ ပျော်ရွှင်ကြည်နူးနေ ကြတယ်။ ထင်တော့ထင်တယ်… ခင်ဗျားလိုအဆင့်အတန်းရှိတဲ့လူ စ်ယောက်ဟာ မိကူးကို အတည်ကြံမှာမဟုတ်ဘူးလို့…"

"ဟယ်!… သူငါ့ကို ပြောနေတာမြင့်မိုရ်၊ ဒီမှာမောင်လေး… မင်းမှားနေ …"

"ခဏလေး ဟန်နီ ဒီကိစ္စကိုငါရှင်းမယ်…"

တွေ့လား ခေါ်တာကိုက 'ဟန်နီ' တဲ့။ဒါဟာ ပတ်သက်ဆက်စပ်မှုရဲ့ တိုင်းအတာကို ခန့်မှန်းလို့ရတဲ့အခေါ်အဝေါ်မျိုး…

'ဂီဇို… မင်းက သူနဲ့ကိုယ့်ကို စွပ်စွဲနေတာလား…'

"စွပ်စွဲတာမဟုတ်ဘူး‥အမှန်တရားကိုပြောနေတာ။ ဘာလဲခင်ဗျားက က်ပူးလက်ကြပ်မိနေတာကို ငြင်းချင်သေးလို့လား‥ ခေါ်တာကိုက ဟန်နီ …"

www.burmeseclassic.com

www.burmeseclassic.com



"အဲ… တော့ !"

ထိုအမျိုးသမီးအလန့်တကြားရေရွတ်၏။

မြင့်မိုရ်က ခပ်သဲ့သဲ့ရယ်၏။

"စကားနောက်မှပြောရအောင် ဂီဒို…မင်းကိုသူ့နဲ့ အရင်ဆုံးမိတ်ဆက် ပါရစေ။ ဟန်နီ… ဒါဂီဒိုတဲ့… ဘူးဘူးရဲ့ သူငယ်ချင်းလေး။ ဂီဒို… ဒေါက်တာဟန်နီဦး…သူ့ရဲ့အိမ်သားက ဒေါက်တာစည်သာတဲ့ ကိုယ့်ရဲ့အ ဆုံးသူငယ်ချင်းတွေ… ရွှေဘုံသာမှာ ဆေးခန်းဖွင့်ထားတယ်။ ချမ်းမြေ သာဆိုတဲ့ဆေးခန်းက သူတို့ဆေးခန်းလေ… ကျန်းမာရေးနဲ့ပတ်သက်ပြီး အ အညီလိုရင် သူတို့ ဆေးခန်းကိုသွားလို့ရတယ်ဂီဒို…"

"ဗျာ!…"

အံ့သြထိတ်လန့်စွာရေရွတ်မိ၏။

"… ခင်ဗျားတို့… ဒီမှာ နှစ်ယောက်တည်းထိုင်ပြီး ရယ်ရယ်မော… ဖြစ်နေကြတာက…"

"ဘယ်ကနှစ်ယောက်တည်းရမှာလဲ… ကိုယ်တို့ သုံးယောက်ဒီမှာ… ချိန်းထားကြတာ။စည်သာက သူ့သားလေးအရမ်းငိုနေလို့ အိမ်ပြန်ပို့နေတာ… ခဏနေပြန်လာမယ်။ကိုယ်တို့ကလေးအကြောင်းတွေ ပြောရင်း ရယ်နေ… ဂီဒို…"

"စော …စောက ခင်ဗျားသူ့ကို အထုပ်လေးတစ်ခုပေးလိုက်… ရော"

"အဲဒါဆေးထုပ်လေ ကိုယ့်အမေဖေနိုင်ငံခြားသွားတုန်းက သူတို့… တာ။မယုံရင် ယူပြီးဖွင့်ကြည့်လို့ရတယ်…"

"ဗျာ… "

မှားသွားပြီ…ဆိုတဲ့အသိက ယောင်းလောင်းကြီးပဲနေတဲ့ … ပြန်စေ့ ဖို့မေ့နေစေ၏။



"ဆောရီး… ဆောရီး… ကန်တော့ပါဗျာ။ ကျွန်တော် စိတ်လောသွား …တယ်…တောင်းပန်ပါတယ်အစ်မရယ်…"

"ရပါတယ်မောင်လေး… This is a piece of cake, forget it. Let me go Myint Moo… He's very difficult to stay with me. But I know. He's very very simple & clean as like as crystal. See you BYE! ကဲ … …မောင်လေး မမသွားမယ်နော် …အကူအညီလိုရင် မမဆီအချိန်မရွေးလာခဲ့သိ …လား…"

သူမ ကိုမြင့်မိုရ်ကိုဘာတွေပြောသွားတာလဲဆိုတာ ကျွန်တော်နားမ …လည်…

ကိုမြင့်မိုရ်က…

"ဂီဒို ဘာသောက်မလဲ… ကော်ဖီပဲလား…"

"ရပါတယ် မသောက်တော့ပါဘူး…"

"တစ်ခုခုသောက်ပါကွ အေးအေးဆေးဆေးစကား ပြောရအောင်လေ… …ချိန်ရပါတယ်။ ကိုယ်အလုပ်သွားဖို့ တစ်နာရီလောက် လိုသေးတယ်…"

ကိုမြင့်မိုရ်ရဲ့သဘောထားပြည့်ဝမှုနဲ့ အဆင့်အတန်းရှိတဲ့ ဆက်ဆံရေးက …ကျွန်တော့်မှာမသားတော်အောင်ဖြစ်နေခြင်းကို သက်သာပြေပျောက်စေ၏။

သို့သော် မစူးစမ်းပဲ တစ္ဆတ်ထိုးလုပ်လိုက်မိခြင်းအတွက် နောင်တရလို့ …ဆုံး…

"ပြောပါဂီဒို… မင်းရင်ထဲမှာ ကိုယ်နဲ့ပတ်သက်ပြီး ပြောချင်နေတဲ့စကား တွေရှိနေတယ်"

တံခါးတစ်ချပ်ကို အလိုက်သိစွာလှပ်ပေးတော့ အံ့သြရပြန်၏။

"ဟို… ဟို… ကျွန်တော်ခင်ဗျားကိုမေးစရာတွေရှိနေတယ်။ အမှန် …တိုင်းဖြေမလား…"

"မေးပါဂီဒို ကိုယ်မညာတတ်ဘူး"

"ခင်ဗျား ရင်ထဲက မီကူးအပေါ်ထားတဲ့ သဘောထားကိုသိချင် …ယ်…"

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာကိုဆိုလိုတာလဲ ဂီဇို... "

"ခင်ဗျား မိကူးကိုတကယ်ချစ်တာလား။ လက်ထပ်ဖို့အထိ ရည်ရွ တာလား...အပျော်ကြံရုံသက်သက်ပဲလား ဆိုတာ အတိအကျသိချင်တယ်..."

"ဒီမေးခွန်းက ညီလေးနဲ့ဆိုင်လို့လား ဂီဇို။ ဒါကကူးကူးနဲ့ပဲဆိုင် မေးခွန်းလေ"

"ပတ်သက်နေတယ်လို့ ပြောရင်ရပါတယ်... "

"ဘာဖြစ်လို့လဲ..."

"ဘာဖြစ်လို့လဲဆိုတော့ မိကူးဟာ ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ် ဖြစ်နေလို့ပါ"

"သြော်... သြော် ဟုတ်ပြီ... ဒါဆိုရင်ကိုယ်ကလည်း မင်းကိုပြန်ပြော မယ်ကွ။ကိုယ်... ကူးကူးကို တကယ်မချစ်ဘူး..အပျော်ကြံတာဆို မင်းဘာလုပ်မလဲ ဂီဇို... "

ဂီဇို စားပွဲကိုလက်ဖြင့် ဗျန်းကနဲပုတ်ပြီး ထရပ်၏။

"ဘာ... ဘာ... ပြောတယ်ဗျ။ ခင်ဗျား... ခင်ဗျား မယုတ် ခင်ဗျား... ခင်ဗျား... ခင်ဗျား... "

"တစ်ဆိတ်လောက် မင်းဒေါသတွေကို လျှော့ထားလိုက်ဂီဇို... ပြ စမ်းပါ... ကိုယ်တို့ အေးအေးဆေးဆေးဆွေးနွေးနေကြတာလေကွာ.. ကဲ ပြောပါဦး မင်းဘာလုပ်မလဲဆိုတာ"

ဂီဇို ပြန်ထိုင်လိုက်သည်။ ပြီးမှ...

"ခင်ဗျား... မိကူးကိုအပျော်ကြံတာဆိုရင် သတ်ပစ်မယ်သိလား

မြင့်မိုရ်မျက်နှာကို စေ့စေ့ကြည့်ကာ အံကြိတ်ပြီး ပြောလိုက်ခြင်းဖြစ် မြင့်မိုရ်က သဘောကျသွားရယ်၏။

"ခင်ဗျား ဘာရယ်တာလဲ... "

"မင်းဟာတကယ့်ကို သိုးကလေးပဲ...ဂီဇို"



"ခင်ဗျား... ကျွန်တော့်ကို တီရစ္ဆာန်နဲ့ မနှိုင်းပါနဲ့"

"ဆောရီး... ကိုယ်အဲ့ဒီလို မရည်ရွယ်ဘူး။ ဒေါသတွေကိုလျှော့ ထားလိုက်ဂီဇို... အသုံးမဝင်ဘူး။ မင်းမေးတဲ့မေးခွန်းကို ကိုယ်အတိအကျဖြေ ပယ် ကိုယ်က ကူးကူးကို..."

စကားကို ဆက်မပြောသေးပဲ ကျွန်တော့်မျက်လုံးတွေကို စေ့စေ့ကြည့်နေ ၏။

ပြောစမ်း... ခင်ဗျားပြောစမ်း။ ခင်ဗျားရဲ့ အဖြေမလှပခဲ့ရင် ခင်ဗျားကံ မကောင်းတော့ဘူးလို့ မှတ်လိုက်တော့...

"ကိုယ်က... ကူးကူးကို တကယ်ချစ်တာ နင့်နေအောင်ချစ်တာ ကိုယ့်ဘဝမှာ ကူးကူးနိုင်ဟာ အချစ်ဦးပဲ။ ကိုယ်ကူးကူးကိုပဲ လက်ထပ်မှာ ဘာကြောင့်လဲဆိုတော့ ကိုယ့်နှလုံးသားက ကူးကူးကိုပဲ လက်ခံတယ် ဂီဇို။ ပင်းကိုကြောက်လို့ ဒီစကားပြောတာမဟုတ်ဘူးနော်... ကိုယ်က မကြောက် ဟတ်ဘူးကွ...မင်းကြားဖူးလား... မှန်ကန်တဲ့လူတွေအမြဲတမ်း ရဲရင့် နေကြတယ်"

ပြောပြီး သိမ်မွေ့စွာရယ်၏။

"ဝမ်းသာလိုက်တာ ကိုမြင့်မိုရ်ရာ ကျွန်တော်ပျော်သွားပြီ...အရမ်းလည်း ကျေနပ်တယ်...ကျေးဇူးလည်းတင်တယ်။ ကျွန်တော်ဒီလိုတွေလာမေးတာ ကူးကိုပြန်မပြောပါနဲ့ဗျာ မိကူးသိရင် ကျွန်တော့်ကို ပြဿနာရှာမှာ စိုးလို့ပါ ကဲ... ကျွန်တော်ပြန်လိုက်ဦးမယ် "

"နေပါဦး ဂီဇိုရ...မင်းကမေးချင်တာမေးပြီးသွားပြီ။ ကိုယ်လည်းမင်းကို ပးစရာရှိနေသေးတယ်... "

ပြန်ထဖို့ စားပွဲပေါ်ထောက်ပြီး အားယူလိုက်တဲ့လက်ကိုဖိရင်းပြောလာ၏။

လက်တွေရဲ့ဖိအားက ကိုမြင့်မိုရ်၏ ရဲရင့်မှုကို ပြဆိုနေပါတယ်... သို့သော် ကိစ္စမရှိ။ သူဟာ ကျွန်တော့်ရဲ့ ရန်သူမဟုတ်တော့ဘူးလေ...

www.burmeseclassic.com

www.burmeseclassic.com



"မေးလေ.. မေးပါ။ ကျွန်တော့်ကိုခင်ဗျားဘာတွေမေးချင်လဲ..."

ထိုင်ခုံမှာပြန်ထိုင်ရင်းပြောသော ကျွန်တော့်ကို စေ့စေ့ကြည့်ပြီးမှမေး...။

"မင်းနဲ့ တိုက်ရိုက်မပတ်သက်တဲ့မေးခွန်းကို ဘာလို့မေးရတာလဲ ဂီဒို"

ရင်ကိုဖောက်ထွင်းသွားနိုင်တဲ့ ကိုမြင့်မိုရ်ရဲ့အကြည့်တို့ကို ရင်မဆိုင်ရဲ၍ ခေါင်းငုံ့ပစ်လိုက်ရ၏။

ရင်တွေ တဒိန်းဒိန်းခုန်လာ၏။

ကျွန်တော် ဘာပြန်ပြောရမလဲ...

"မဖြေနိုင်ဘူးလား ဂီဒို"

"ဖြေနိုင်ပါတယ် ကိုမြင့်မိုရ် သိပ်ဖြေနိုင်တာပေါ့။ မိကူးက ကျွန်တော့်... အချစ်ဆုံးသူငယ်ချင်းလေ...သူ့တစ်ခုခုထိခိုက်နစ်နာသွားမှာမျိုး ကျွန်တော်... အလိုမရှိဘူး။ သူ့နှလုံးသားကို ကျွန်တော်ကောင်းကောင်းနားလည်တယ် အရမ်းဖြူစင်တာ။ပြီးတော့ ခင်ဗျားကို သူဘာကာယ်ချစ်နေတာ၊ ခင်ဗျားက သူ့ကိုအပျော်ကြံသွားမယ်ဆိုရင် ဘာဖြစ်သွားနိုင်တယ်ကိုမြင့်မိုရ်...အဲဒါ... ခင်ဗျားရဲ့ သဘောထားကိုမေးမိတာပါ..."

"သူကမေးခိုင်းတာလား"

"မဟုတ်ပါဘူး... လုံးဝမမေးခိုင်းပါဘူး ကိုမြင့်မိုရ်...ကျွန်တော်... မေးလိမ့်မယ်ဆိုတာ သူမသိဘူး၊ သိရင်လည်းခွင့်ပြုမှာမဟုတ်ဘူး။ သူသိ... ပြဿနာရှာမှာဗျ။ ကျွန်တော်တောင်းပန်ပါတယ်..."

"စိတ်ချဂီဒို ကိုယ် လုံးဝပြန်မပြောဘူး။မင်းပြောတာတွေကို... အကြွင်းမဲ့ယုံထားလိုက်ပါမယ်..."

ဝမ်းသာအားရဖြင့် ကိုမြင့်မိုရ်ကိုလက်ဆွဲနှုတ်ဆက်လိုက်မိသော... ကြည်နူးစိတ်တွေကြောင့် မျက်ဝန်းမှာ မျက်ရည်တို့ပြည့်လျှံလာ... စီးကျမလာအောင် ထိန်းထားလိုက်ရ၏။

ဤသည်ကို... မြင့်မိုရ်က... မြင်ဖြစ်အောင်မြင်၏။

"ဟင် ! မင်းငိုတာလား ဂီဒို..အံ့သြစရာပဲ"



"အဟဲ.... ပျော်လို့ပါဗျ။ကြည်နူးစိတ်တွေဖြစ်လာရင် ကျွန်တော် ...ျက်ရည်ဝဲတတ်တယ်... ဟဲ... ဟဲ..."

"ကြည့်စမ်း... မင်းကို ကိုယ်မှတ်မိပြီ ဂီဒို...ကူးကူးပြိုင်ပွဲဝင်တဲ့နေ့က ...ျက်ရည်ကျနေတဲ့ တစ်ယောက်ပဲ။ အဲဒီနေ့က ကိုယ်တို့လက်ဆွဲနှုတ်ဆက်မိကြ ...သေးတယ် မဟုတ်လား... ဟား... ဟား... ဟား... ကိုယ်သဘောပေါက်ပြီ ဂီဒို"

"ဗျာ...ဘာသဘောပေါက်တာလဲ။ခင်ဗျားဘာကိုဆိုလိုတာလဲ"

စိုးရိမ်စိတ်ဖြင့် မေးမိ၏။

မေးတာကို မဖြေသေးပဲ ခပ်ပြုံးပြုံးစိုက်ကြည့်နေတော့ စိတ်ထဲမှာ မလုံ ချင်...

"ဘာကို သဘောပေါက်တာလဲဗျ ကိုမြင့်မိုရ်ရ..."

"တစ်စုံတစ်ခုကိုပေါ့ ဂီဒို.. ဒါပေမယ့် ပြဿနာမရှိပါဘူး။ ကိုယ်မင်းတို့ ရဲ့ ဖြူစင်တဲ့ နှလုံးသားလေးတွေကို နားလည်တယ်။ ယုံလည်းယုံတယ်... ကဲ... ကိုယ်တို့သွားကြရအောင် မင်းကိုလိုက်ပို့ပေးမယ်..."

"ရပါတယ် ကျွန်တော် TAXI ငှားလာတယ်။ သွားမယ်ကိုမြင့်မိုရ် အရာရာအတွက် ကျေးဇူးတင်ပါတယ်ဗျာ..."

ကိုမြင့်မိုရ်ကို နှုတ်ဆက်ပြီး ကော်ဖီဆိုင်ထဲမှ ပြန်ထွက်လာခဲ့မိတော့သည်။ မိကူးအတွက် စိုးရိမ်စိတ်တွေနဲ့ လေးလံနေခဲ့သော ရင်တစ်ခုလုံး အခုမှ ပေါ့ပါးလန်းဆန်းလို့ သွားရ၏။

သို့သော်... ရင်ထဲမှ အရာအားလုံးတို့သည် ကော်ဖီဆိုင်လေးထဲမှာပဲ ကျန်ရစ်ခဲ့ကြ၏။

ထိုအရာအားလုံးတို့သည် ကိုမြင့်မိုရ်ဟူသော လူတစ်ယောက်၏ ခြေ ထောက်အောက်တွင် ပြားပြားဝပ်စွာ ကျန်ရစ်ခဲ့ခြင်းမျိုး ဖြစ်လေသည်။

ကျေနပ်ပါတယ်...

မိကူးကို ခင်ဗျားတကယ်ချစ်မြတ်နိုးခဲ့တဲ့အတွက် ကျွန်တော် ဝမ်းသာ ကျေနပ်မိပါတယ် ကိုမြင့်မိုရ်...

www.burmeseclassic.com

www.burmeseclassic.com



( ✲ )

ကောင်းကင်တစ်ခုလုံးမှာ ကြယ်ခင်တွေ စုံလင်စွာ လင်းလက်လို့ ကြ၏။

သို့သော်… ထူးခြားစွာ လင်းလက်နေသော ကြယ်လေးတစ်ပွင့်ကို မြင်၏။

အဲဒီ ကြယ်ပွင့်လေးဟာ မိကျူးလား…

မိကျူးက ကြယ်ပွင့်လေးတစ်ပွင့်ဆိုရင်…ကိုမြင့်မိုရ်ဟာ အဲဒီကြယ်ပွင့်လေး တင့်တယ်စွာ စံမြန်းမယ့် ခမ်းနားခြင်းတွေအသီပြီးတဲ့ ကောင်းကင်ကြီးပေါ့…

ဒါဆိုရင် ကျွန်တော်က …သူတို့နဲ့အလှမ်းအလှမ်းဝေးကွာတဲ့နေရာ ပင်လယ်ပြင်ကြီးလား…

မဟုတ်သေးဘူး…

ပင်လယ်ပြင်ဆိုတာ ကြယ်ပွင့်တွေရဲ့ ပုံရိပ်တွေကို အချိန်ကာလ အခတ် အတာတစ်ခုအထိတော့ ပိုင်ဆိုင်ခွင့်ရှိတယ်…

မိကျူးရဲ့ ရင်ခုန်သံပုံရိပ်တွေကို စက္ကန့်လေးသော်မျှ ပိုင်ဆိုင်ခွင့်မရှိ… ကျွန်တော်ဟာ ပင်လယ်ပြင်ကြီးမဖြစ်နိုင်ဘူး။ ပြီးတော့…ပင်လယ်ပြင်ဆိုတာ မာယာများတယ်… တည်ငြိမ်မှုမရှိဘူး။

ကျွန်တော့်ရင်ထဲက ချစ်ခြင်းမေတ္တာတွေက တည်ငြိမ်တယ် မပြောင်း လဲ တတ်ဘူး။ မာယာမရှိဘူး…



သို့ဆိုလျှင် ကျွန်တော်နဲ့ ကျွန်တော့်နှလုံးသားတို့က တည်ငြိမ်ခြင်းတွေ ဖြင့် ဖွဲ့စည်းထားတဲ့ မြေပြင်တစ်ခုဖြစ်မည်။

ဟုတ်တယ်…မြေပြင်မှာ ကြယ်ရိပ်ထင်တယ်လို့ ထုံးစံမရှိဘူး…

မပြောင်းလဲခြင်းတွေနဲ့ ငါနင့်ကို အမြဲမော့ကြည့်နေပါ့မယ် မိကျူး… တစ်ခါတစ်ရံ လူသားအဖြစ်နဲ့ နင်လျှောက်လှမ်းတဲ့အခါ ငါ့နှလုံးသားတွေကို လမ်းအဖြစ်ခင်း ပေးဦးမယ်လေ…

နင်လှမ်းလျှောက်ရာ လမ်းတစ်လျှောက်မှာ ခရေပန်းလေးတွေကို တွေ့ ရင်တော့…ငါ့ရဲ့ အကြင်နာတွေ စေတနာတွေနဲ့ မေတ္တာတွေလို့ မှတ်လိုက်ပါ…

ရှဲရှဲ နင်းပါမိကျူး…

နင့်ဖဝါးနုနု သွေးခြည်မဥစေရပါဘူး…

နင့်ဖဝါးလှလှ ဆူးမခစေရပါဘူး…

ငါ့ရဲ့ချစ်ခြင်းတွေ ရှုံ့အဖြစ်ခေ့စဲလာတဲ့အခါ…

ခရေနုံလေးငံကျွအဖြင်း စိတ်သန့်သန့်နဲ့ ရှူရှိုက်လေဦး… မိရွှေကူးရေး… ငါကျေနပ်တယ်မိကျူး…

ခမ်းနားခြင်းတွေနဲ့ ပြည့်စုံနေတဲ့ ကိုမြင့်မိုရ်ရဲ့ ရင်ခွင်မှာ နင်တပ်မက်တဲ့ ချစ်ခြင်းတွေရှိနေတဲ့အတွက် ငါကျေနပ်တယ်…

ရင်ခုန်သံချင်းမျက်နှာချင်းဆိုင်နိုင်ခဲ့ကြတဲ့ နင်တို့ရဲ့ချစ်ခြင်းတွေအတွက် ငါဝမ်းမြောက်ပါတယ် မိကျူး…

အခုအချိန်မှာ… ကောင်းကင်ပေါ်က ကြယ်ပွင့်လေးဟာ စာနာသနား ခြင်းတွေနဲ့ ငါ့ရင်ခွင်ထဲကို ကြွေကျဆင်းသက်လာမယ်ဆိုရင်တောင် ငါလက်မခံ နိုင်တော့ပါဘူးမိကျူး…

ကောင်းကင်နဲ့ကြယ်ပွင့် တင့်တယ်စွာထာဝရရှိနေဖို့ ငါဆုတွေတောင်းနေ ပါတယ်…လားရာအတိအကျရှိနေတဲ့ရင်ခုန်သံတွေရဲ့သဘောကို ငါနားလည် ကျေနပ်ပါတယ်မိကျူးရယ်…

www.burmeseclassic.com

www.burmeseclassic.com



ဆုံမှတ်မရှိတဲ့ ရင်ခုန်သံတွေနဲ့ အစီပွာယ်မဲ့ဘဝခရီးကို ပင်ပန်းကြီး ဖြတ်သန်းရတဲ့အခါ…နှင့်ရဲ့ အပြုံးတွေက ငါ့ဘဝရဲ့မျှော်လင့်ချက်တွေပဲ မိကျူးရေ..။

အရှေ့ဘက်ကောင်းကင်ဆီမှ အရုဏ်ဦးအလင်းရောင်တွေကို မြင်လိုက် တဲ့အခါ…တစ်ညလုံးအတူတူရှိနေခဲ့တဲ့ ပန်းဆိုးတန်းဂုံးကျော်တံတားကြီး နှုတ်ဆက်ကာ သုံးဆယ့်ငါးလမ်းထဲကို လေးကန်စွာလျှောက်လာခဲ့မိတော့သ

ဆရာဦးဖြူစင်က ဒီနေ့သန်လျင်ဘက်ကိုသွားမည်တဲ့…

❀ ❀ ❀ ❀ ❀



( ✲ )

ပိုင်ရှင်မရှိတဲ့ ဟာတာတာရင်ခုန်သံတွေနဲ့ ကျွန်တော့်အတွက် အိပ်ချိန် ဆိုတာ အတိအကျမရှိသလို၊ အိပ်သည့်နေရာလည်း အတိအကျမရှိ။ မျက်လုံး တွေထိန်းလို့မရအောင် မှေးစင်းလာရင် ရောက်တဲ့နေရာမှာ အိပ်ပစ်လိုက်တာ ပါပဲ… ။

ပိုင်ရှင်မရှိတဲ့ နှောင်ကြိုးမဲ့ချစ်ခြင်းတွေနဲ့ ကျွန်တော့်အတွက် စားချိန်ဆို တာ အတိအကျမရှိသလို၊ စားသည့်နေရာလည်းအတိအကျမရှိ။

ဗိုက်ထဲမှာ မခံမရပ်နိုင်လောက်အောင်ဆာလာရင် ရောက်တဲ့နေရာမှာ ရှိနေတဲ့ တစ်ခုခုကို စားလိုက်တာပါပဲ…။

ဆာသည့်အချိန်နှင့် ဘာစားစရာမှမရနိုင်တဲ့ အခြေအနေတွေကိုကြုံကြိုက်လာ ခဲ့ရင်လည်း ကြိတ်မှိတ်ပြီး ဖြေသိမ့်လိုက်ရတာပါပဲ… ။

ဒီနေ့တော့ အလုပ်နားရက်လဲဖြစ် ဦးမောင်ကိုလည်း သတိရတာနဲ့ အိမ်ပြန်အိပ်ဖြစ်သည်။

ဦးမောင်နဲ့အတူထမင်းစားပြီးတော့ တူဝရီးနှစ်ယောက် စကားတွေပြော ဖြစ်ကြ၏။

"သားကို ဦးမောင်ပြောစရာတွေရှိတယ်"

"ပြောပါဦးမောင်"

"လောကကြီးမှာ ခွေရယ် မျိုးရယ် တွယ်တာစရာဆိုလို့ ပြေးကြည့် မှ ဒို့တူဝရီးလေးနှစ်ယောက်ပဲရှိတယ်သားရဲ… အဲဒါဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ဦးမောင်ရဲ့။ ဘာဖြစ်လို့လဲ..."

"သားကိုမြင်ရတာ ဦးမောင်စိတ်မချမ်းသာဘူး။ အရမ်းကိုပိန်သွားတ သားရယ်...သားအခုဘယ်မှာနေတယ် ဘာတွေလုပ်နေတယ်ဆိုတာ ဦးမေ အတိအကျသိချင်တယ်"

"အလုပ်က အရင်အလုပ်ပါပဲဦးမောင်ရဲ့၊ နေတာက ဆရာတစ်ယော အိမ်မှာ။ ဆရာနဲ့အနီးကပ်နေပြီး ပညာတွေကျိတ်သင်နေတာပါ ဦးမောင် ဘာမှစိတ်မပူပါနဲ့။ သားဘာမဟုတ်တာမှ မလုပ်ပါဘူး။ ဦးမောင်ကို သ ကတိပေးပါတယ်။ သားအရက်မသောက်ဘူး၊မူးယစ်ဆေးဝါးမသုံးဘူး လောင်းကစားလည်းမလုပ်ဘူး....သားဘဝအတွက် အဓိပ္ပာယ်ရှိဝ ပညာတွေသင်နေတာပါဦးမောင် သားကိုစိတ်ချပါ။ ဦးမောင်ရဲ့ယုံကြည်မှုကို သားဘယ်တော့မှ အလွဲသုံးစားမလုပ်ပါဘူး"

"ကောင်းပြီ...ဒါဆို သားသင်နေတယ်ဆိုတာ ဘာပညာတွေလဲ... ဦးမောင်သိချင်တယ်။သိလည်းသိထားသင့်တယ်...ဦးမောင်သားအတွက် ရင်ကွေ့ပူရတယ်သားရယ်... ကျန်းမာရေးသိပ်မကောင်းတော့ သားနောက်ကို တကောက်ကောက်လည်း မလိုက်နိုင်ဘူး။ ဦးမောင်ကြောင့် ငါ့သားလေး စိတ်အနှောင့်အယှက်ဖြစ်မှာလဲ စိုးရိမ်တယ်။ဦးမောင်ကိုချစ်ရင် သားဘယ်သူ့ ဆီမှာ ဘယ်လိုပညာတွေ သင်နေတယ်ဆိုတာ ပြောပြတော့ကွာ... ဦးမောင်စိတ် ဖြောင့်ဖြောင့်နေချင်တယ်"

ကျွန်တော်ဘာတွေလုပ်နေတယ်ဆိုတာ ဦးမောင်ကိုပြောပြဖို့ သင့်ပြီ ယူဆလိုက်မိသည်။

ဦးမောင်စိတ်ချမ်းသာစေချင်တာလည်းပါ၏။

"ဒါရိုက်တာဦးဖြူစင်ဆီမှာ ပညာသင်နေတာပါ ဦးမောင်...သားကို အသိတစ်ယောက်က အပ်ပေးတာ။ ဆရာက သားကိုအရမ်းချစ်ပါတယ်။ ပညာကုန်သင်ပေးမယ်လို့လည်း ပြောတယ်ဦးမောင်"



"ငါ့သားက ဒါရိုက်တာကြီးလုပ်တော့မယ်ပေါ့။ ဟုတ်လားကွ..."

ဦးမောင်က, ပြုံးပြီးမေး၏။

ထိုအပြုံးသည် ကျွန်တော့်အတွက် ဂုဏ်ယူကျေနပ်သောအပြုံးမျိုးဖြစ်၏။

"ဟုတ်တယ်ဦးမောင် သားဝါသနာလည်းပါတယ်"

"ကောင်းပါတယ်သားရယ် ပညာကိုကြိုးစားပြီးသင်ပေါ့... ကျန်းမာ း‌တော့မထိခိုက်စေနဲ့... အအိပ်အစားမှန်အောင် ဂရုစိုက်ကြားလား"

"ဟုတ်ကဲ့ပါဦးမောင်"

"အင်း.... ငါ့သားလေး ဒါရိုက်တာကြီးတစ်ယောက်ဖြစ်သွားမယ် ရင် ဦးမောင်သေပျော်ပါပြီကွယ်။ ဒါရိုက်တာဆိုတော့ မသိတဲ့လူမရှိအောင်ကို မည်ကြီးဦးမှာပေါ့ကွ... ဦးမောင်ဝမ်းသာတယ်ကွာ ကြိုးစားစမ်းသားရေ း‌မောင် အားပေးတယ်"

"စိတ်ချပါဦးမောင် သားကြိုးစားနေပါတယ်။ ဒါပေမယ့် ဒီပညာတွေ င်နေတယ်ဆိုတာ ဦးမောင်ကလွဲပြီး ဘယ်သူမှ မသိစေချင်သေးဘူး... အခုမှသင်တာဆိုတော့ ဘာမှမတတ်သေးဘူးလေ ဦးမောင်ရဲ့...ဆရာက ားကို အောက်ခြေသိမ်းကစပြီးသင်ပေးနေတာ။ဒါမှ အခြေခိုင်မယ် ည့်ခံမယ်တဲ့။ အဲဒါကြောင့်ဘယ်သူမှ မသိစေချင်သေးဘူး။ ဒါရိုက်တာကြီး ဖ်ပြီဆိုမှပဲ... ဟဲ... ဟဲ... ဟဲ... အဲဒါတော့ ဦးမောင်ဂတိပေးရမယ်..."

"ကောင်းပါပြီဗျာ... ဦးမောင်ဂတိပေးပါတယ်။ ဘယ်သူ့ကိုမှ မပြော ူး... ဟုတ်ပြီလား ကဲ ကဲ... သား အိပ်ချင်အိပ်တော့ ဦးမောင်အိပ်တော့ ယ်ကွာ... ကျွတ်ကျွတ်ကျွတ်..."

ဦးမောင်ကိုက ခါးကိုလက်နဲ့ထောက်ရင်း စုတ်သပ်ကာလှဲအိပ်လိုက်၏။

"ဘာဖြစ်လို့လဲ ဦးမောင်.. ခါးနာလို့လား..."

"မဟုတ်ပါဘူးကွာ... တစ်နေကုန်ထိုင်နေရတာဆိုတော့ ညောင်းလို့ ါ ..."

"သား... နင်းပေးမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



''နေပါစေသားရယ်... ဒီလောက်လည်းမဟုတ်ပါဘူး...''

''ဟာ... မရဘူး။နင်းပေးမယ်... မှောက်အိပ်လိုက်ဦးမောင်...''

''ရပါတယ်သားရာ...မင်းကိုအပူအတွေကူးနေပါ့မယ်''

ဦးမောင်ကိုတားပေမယ့် သူကဇွတ်အတင်းမှောက်အိပ်စေလိုက်၏။

ဂီဇို...နောက်ကျောပေါ်တက်ရပ်လိုက်တယ်ဆိုရင်ပဲ...ဦး... ကိုနောက်ကျောမှ အသံတွေ ဖြိုးဖြိုးဖြောက်ဖြောက်မြည်၏။

''တွေ့လား ဦးမောင်အရမ်းညောင်းနေတာ''

''သာဓု သာဓု သာဓု ငါ့သားအလိမ္မာတုံးလေးဘုန်းကြီးပါစေ သ... ပါစေ အနာမျိုးကိုးဆယ့်ခြောက်ပါးကင်းပါစေ ......... ........... ..................................''

ရှည်လျားသောဆုတွေကို ဦးမောင်က မနားတမ်းပေး၏။

ဦးမောင်ပေးတဲ့ ဆုတွေထဲမှာ ချစ်တဲ့သူနဲ့ ဆုံစည်းပေါင်းဖက် နိ... ဆိုတဲ့ ဆုလေးများပါလာ မလားလို့ နားစွင့်နေမိပါသည်။ သို့သော် နိုင်... ဒါရိုက်တာကြီး ဖြစ်ပါစေကွယ်... ဆိုပြီး အဆုံးသတ်သွားတဲ့ ဆုတွေ... ကျွန်တော့်နှလုံးသားအတွက် ဘာဆုတစ်ခုမျှပါမလာခဲ့...

နာကျင်စွာ ပြုံးရင်းဦးမောင်ကို စိတ်ပါလက်ပါ ဆက်နင်းပေးရ... သည်။

ခဏကြာတော့ ဦးမောင်ရဲ့ ဟောက်သံကိုကြားရ၏။

ဦးမောင်အိပ်ပျော်သွားပြီ...

ဦးမောင်ပေါ်က အသာလေးဆင်းပြီး ခြင်ထောင်ချပေးလို... ထို့နောက် အိပ်ချင်စိတ်မရှိသေးတာနဲ့ ခရေပင်ကြီးတွေဆီကို လှမ်းလာ... သည်။

အိမ်အပြင်ကို ရောက်တယ်ဆိုရင်ပဲ ခရေနံ့လေးတွေကိုရလို...

လေအဝှေ့မှာပါလာတဲ့ခရေနံ့ တွေက အတိတ်ကာလများဆီ... ကလေးဘဝလေးတွေကို သတိတရဖြစ်စေပြန်သည်။



အင်း ...တဖြည်းဖြည်းနဲ့ အချိန်တွေကုန်ပြီး ငါတို့ဘဝတွေသာပြောင်းလဲသွားကြတယ်...ခရေပင်ကြီးတွေကတော့ အရင်အတိုင်းပါပဲလား...

ဖြည်းညင်းစွာ လှမ်းလာခဲ့တဲ့ခြေလှမ်းတွေက ရုံးခေါင့်နားလေးအရောက်မှာ တုံ့ကနဲရပ်၏။

''မိကူး''

ဟုတ်ပါတယ်... ခရေပင်ကြီးတွေအောက်မှာ ကျုံ့ကျုံ့လေးထိုင်နေတဲ့ သဏ္ဌာန်ဟာ မိကူးပါ...

မိကူး... နင်ခရေပင်ကြီးတွေအောက်မှာ ထိုင်တတ်သေးတယ်တဲ့လား...

ကြည်နူးမှုအချို့ရင်ထဲသို့ ဖြတ်သန်းသွားကြ၏။

ဒီလိုအချိန် ဒီလိုနေရာမှာ သူမကိုတွေ့ရတော့မည်ဟု ထင်မထားခဲ့မိ။

ကျွန်တော့်ကိုမြင်တော့ မိကူးက...

''ဟယ်.... ဂီဇို၊ နင်ဒီနေ့အိမ်ပြန်အိပ်တယ် ဟုတ်လား''

ဟု... အံ့သြစွာဆီးကြိုနှုတ်ဆက်၏။

''အင်း... ဒီနေ့အလုပ်နားရက်လေ... အိပ်ခါနီးကျမှ ခရေပင်တွေကို သတိရတာနဲ့ ထွက်လာတာ။ နင်ခရေပင်ကြီးတွေကို မမေ့သေးဘူးနော်... ဝမ်းသာတယ်ဟာ...''

ပြောရင်း သူမဘေးမှာ ခပ်ခွာခွာဝင်ထိုင်လိုက်မိ၏။

ခရေပင်ကြီးတွေအောက်မှာ နှစ်ယောက်အတူတူရှိနေကြပေမယ့် ဟိုတုန်းက အနက်အဓိပ္ပါယ်တွေနဲ့ အကွာကြီးကွာခြားသွားခဲ့ပြီဟု နာကျင်စွာတွေးမိပြန်၏။

''နင်ငါ့ကို အထင်သေးတယ်နော်... ငါ... ခရေပင်ကြီးတွေကို ဘယ်တော့မှ မမေ့ဘူး။ ခရေပင်ယန်းလေးတွေကိုလည်း ဘယ်တော့မှ မမေ့ဘူး။ ငါ ဘဝမမေ့တတ်ဘူး ဂီဇို။အဲဒီလိုပဲ ခရေသူငယ်ချင်းလေးကိုလည်း ဘယ်တော့

www.burmeseclassic.com

www.burmeseclassic.com



မှ မမေ့ပါဘူးဟာ… ဒီမှာတွေ့လား…နင့်ကိုသတိရလို့ ခြင်းလေးတွေတော ယူလာခဲ့သေးတယ်”

သူမဘေးမှာချထားသည့် ခရေပန်းထည့်သည့် ခြင်းလေးနှစ်ခုကို ပြရင်းပြော၏။

“နင်… နင်… တကယ်… ပြောတာလား မိကူးရယ်… ငါဝမ်းသာ လိုက်တာဟာ‥ နင်ရောက်နေတာကြာပြီလား…နင်ရှိမှန်းသိရင် ငါဆော ကတည်းက ထွက်လာတယ်”

“ကြာပြီကိုမို…ငါစိတ်ညစ်လို့ ဒီနားလေးမှာ လာထိုင်နေတာ။ ငါ့ဘ နင်ရယ် ဒီခရေပင်ကြီးတွေရယ်က အဖော်ပဲလေ…နင်မရှိတော့ငါတစ်ယောက် တည်း ဒီနားမှာထိုင်နေရတာပေါ့… ခရေတွေတောင် ပွင့်နေပြီနော်…”

“ဟုတ်တယ် မိကူး…နင်တို့ငါတို့သာအရွယ်တွေရောက်လာပြီး အမျိုးမျိုး ပြောင်းလဲကုန်ကြတာ။ခရေပင်ကြီးတွေကတော့အရင်အတိုင်းပဲ‥ဘာမှ မပြောင်းလဲဘူး။ အချိန်တန်ရင် ခရေပန်းလေးတွေကို ခြွေချပေးနေတာပဲ။ နေပါဦးဟာ… နင်က ဘာတွေစိတ်ညစ်နေရပြန်တာလဲ… ခုလိုအချိန်မျိုးမှ ဒီစကား ကြားရတာ သိပ်သဘာဝမကျသလိုပဲ”

“နင်ဘာလို့ အဲဒီလိုပြောနိုင်တာလဲ ဂီဇို။ငါကဘာတွေဖြစ်နေလို့လဲ”

“ပြောနိုင်တာပေါ့ဟ‥ဒီအချိန်မှာ နင်က အောင်မြင်မှုတွေတစ်ခုပြီးတစ်ခု ငွေတွေတစ်ထပ်ပြီးတစ်ထပ်ရနေတဲ့ အချိန်လေ‥နင့်အောင်မြင်မှုတွေက အုံမခန်း ပဲ။ အခုဆိုရုပ်ရှင်တောင်ရိုက်တော့မယ်မဟုတ်လား…ငါမဂ္ဂဇင်းထဲမှာ ဖတ်ပြီးပြီ ပြီးတော့ ရင်ခုန်သံချင်းထပ်တူညီတဲ့ချစ်သူနဲ့ အလှဆုံး အိပ်မက်တွေ မက်ခွင့်ရနေတဲ့အချိန်လေ…ငါပြောတာမမှားဘူး မဟုတ်လား…”

“မှားတယ်ဂီဇို…အခြေအနေတွေဆိုတာ အမြဲပြောင်းလဲနေတယ်လေ အခု ရယ်နေရပေမယ့် ခဏနေတော့ ငိုချင်ငိုနေရတတ်တာ။ အခုငိုနေရပေမယ့် ခဏနေတော့ ရယ်ချင်ရယ်နေရပြန်ရော‥အဲဒီရယ်တာတွေငိုတာတွေကို ငါ



နိုင်းလို့မရဘူး…ကဲတရားကစီရင်နေတာ။အောင်မြင်မှုတွေနဲ့ လူတစ်ယောက် မှာ စိတ်ညစ်စရာတွေ ငိုစရာတွေမရှိဘူးလို့ ဘယ်သူအတတ်ပြောနိုင်လဲ”

“ငါ နားရှုပ်သွားပြီမိကူး…”

“ဟုတ်တယ် ဂီဇို။ တစ်ခါတစ်ခါ ဒီခရေပင်ကြီးတွေအောက်မှာ နင်နဲ့ တူတူ ခရေပန်းလေးတွေ ကောက်နေခဲ့တဲ့ အချိန်တွေကို ပြန်ရောက်သွား ချင်နေမိတယ်…”

သူမ စကားက ဒဏ်ရာတွေအပြည့်နဲ့ ရင်ကိုနင့်ကနဲဖြစ်သွားစေ၏။

မိကူးရယ်… နင်အဲဒီဘဝလေးတွေကို မြတ်နိုးတယ်ပေါ့…

တန်ခိုးရှင်တစ်ယောက်သာ ကျွန်တော်တို့ရှေ့မှာ ဝုန်းကနဲပေါ်လာပြီး ကူးဆန္ဒနဲ့ ကျွန်တော့်ဆန္ဒကို ဖြည့်ဆွမ်းပေးခဲ့ရင် သိပ်ကောင်းမှာပဲဟုတွေးလိုက် သည်။

မျက်လုံးထဲမှာ ခရေပန်းလေးတွေအလုအယက် ကောက်နေကြတဲ့ကလေး လေးနှစ်ယောက်ကို မြင်လိုက်ရသလိုလို… …

မပြန်နိုင်တော့ဘူးဆိုတဲ့ အတွေးက နာကျင်ခြင်းတွေကို သယ်ဆောင် လာခဲ့ပြန်၏။

“ခက်တယ် ဂီဇိုရယ်…အသက်တွေကြီးလာတာနဲ့အမျှ အတွေ့အကြုံ တွေများလာတာနဲ့ အမျှ ဆန္ဒဆိုတဲ့အရာတွေက အတောမသတ်တော့ဘူး။ အောင်မြင်မှုတစ်ခုရဲ့ နောက်ကွယ်မှာ အရင်းအနှီးတွေကလည်း အများကြီးပဲ။ ဟာ …အခု အချစ်ဆိုတဲ့အရာကို ပိုင်ဆိုင်ရပြန်တော့လည်း စိတ်ဆင်းရဲစရာ တွေက ကပ်ပါနေတုန်းပဲ… စိတ်ညစ်တယ်ဟာ… မပျော်ဘူး…”

“ဘာ… အချစ်နဲ့ ပတ်သက်ပြီးနင်စိတ်ညစ် နေရတယ်… ဟုတ်လား ဘူး‥ ဘာဖြစ်လို့လဲ။ ကိုမြင့်မိုရဲ့ သစ္စာမဲ့လို့လား…ပြောစမ်းပါဆိုငါနဲ့တွေ့ …”

“မဟုတ်ပါဘူးဟာ‥ ကိုးကိုနဲ့ မဆိုင်ပါဘူး။ ငါစိတ်ညစ်တာ သူ့အမေ ကြောင့်…”

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေက နင့်ကိုဘာပြောလို့လဲ"

"ဘာမှတော့မပြောသေးပါဘူးဟာ…ဒါပေမယ့် ပြောလာမယ့်စကား…ကို သိနေသလိုပဲ။ အဲဒါကြောင့် စိတ်ညစ်နေတာ။ မနက်ဖြန့်ကိုကို့ဆွေး…သူ့အဖေက ငါ့ကိုခေါ်တွေ့မလို့တဲ့။ စိတ်ညစ်တယ် ဂီဇီရယ်… ဘာတွေပြ…မလဲမသိဘူးနော်…"

"ဩော်…ဒါလေးများ မိကူးရယ်…အခုမှခေါ်တွေ့မှာပဲရှိသေး…ဘာလို့ကြိုပြီးစိတ်ညစ်နေရတာလဲ… အဓိပ္ပါယ်မရှိဘူး… ဘာမှတွေး…အဆင်ပြေသွားလိမ့်မယ်"

"နင်မသိဘူးနော် ဂီဇီ…သူ့အဖေကသိပ်ဆိုးတာတဲ့…ကိုကို့ကို …တန်ရုံ မိန်းမတစ်ယောက်နဲ့ လုံးဝမပေးစားနိုင်ဘူးလို့ ကြွေးကြော်ထား…ကိုကိုကလည်း သူ့အဖေကိုသိပ်ကြောက်ရတာတဲ့။ ငါရင်တုန်တယ်ပ…ကြောက်လည်းကြောက်နေတယ်…"

"ဘာမှမကြောက်နဲ့။ နင်ကတော်ရုံတန်ရုံမိန်းမတစ်ယောက်မှမဟုတ်…နင့်ရဲ့ပန်းပွင့်တွေ ဦးညွှတ်ရတဲ့အလှတွေကို ဘယ်သွားထားမလဲ။ ပြင်…တောင်အောင်မြင်နေတဲ့ နင့်နာမည်ကို ဘယ်သွားထားမလဲ။ ဝင်ငွေကို…ဦးမလား သူ့သားထက်အပုံကြီးသာတယ် စိတ်ချ… အဲဒီလူကြီး …သူ့သားနဲ့ သဘောတူကိုတူစေရမယ်ဟာ… ငါလောင်းရဲတယ်…"

"အေးနော်… နင်ပြောတော့လည်း ဟုတ်သလိုလိုပဲ…အား…တက်လာတယ်။ ဟုတ်တယ်နော်… ငါက တော်ရုံတန်ရုံမိန်းမတစ်…မဟုတ်ပဲ။ ငါပျော်သွားပြီ ဂီဇီရယ်…နင်နဲ့တွေ့လိုက်တိုင်း ငါအမြဲပျော်…တကယ် ပြောတာဂီဇီ တစ်ခါတလေများ ငါတစ်ယောက်တည်း …တဲ့ အခက်အခဲတွေ တွေ့ရင် နင့်ကိုအရမ်းတမ်းတမိတယ်။ နင့်ကို …ချင်လို့ ဘာမှမပြောခဲ့တာ…"

"အဲဒါတော့ ငါစိတ်ဆိုးတယ်မိကူး။ နင်ဘာပဲလိုလို ငါ့ကိုလှမ်း…ရောက်တဲ့နေရာကနေ ပြေးလာခဲ့မယ်။ ငါ့ဘဝမှာ နင့်ထက်အရေး…ဘာမှမရှိဘူး"



"ဟယ်… နင်တကယ်ပြောတာလား ဂီဇီ"

ကျွန်တော့်လက်မောင်းလေးကိုဆုပ်ကိုင်ရင်းမေးလာ၏။

နင့်နေတဲ့ရင်ထဲမှာဖြေစရာစကားလုံးမရှိ။

ဆက်မမေးနဲ့တော့မိကူးရယ်.. ငါမျက်ရည်မကျချင်ဘူး…

"နင် အပိုတွေပြောတာမဟုတ်လား…ငဂီဇီ ကောင်စုတ်။ ချစ်သူတွေ…ာတွေ့ရသွားရင် နင်ငါ့ကိုမေ့သွားမှာမဟုတ်လား… အခုတောင် နင့်ကိုတွေ့ရ…းလွယ်ဘူး။ အေးလေ… ဒါလည်း သဘာဝကျပါတယ်..ငါတောင် ကိုကိုနဲ့…တွေ့ပြီးတဲ့နောက်ပိုင်း နင့်ကိုမေ့နေတတ်ခဲ့သေးတာပဲ"

သူ့ဘာသာမေး သူ့ဘာသာဖြေနေတဲ့ မိကူးက အမှောင်ရိပ်ကျနေတဲ့ …နေရာလေးမှာထိုင်နေတဲ့ ကျွန်တော့်မျက်နှာပေါ်မှ မချိပြုံးကိုမြင်လိုက်ပုံမရ။

"ဘာပဲပြောပြော ရင်တော့တုန်တယ်ဟာ… ငါ့စိတ်ထဲမှာ တစ်မျိုး…ကြီးပဲ။ နောက်ဖန် ကိုကို့အဖေနဲ့သွားတွေ့ရင် နင်လိုက်ခဲ့ပါလားဂီဇီရယ်"

"ငါမလိုက်ပါရစေနဲ့မိကူးရယ်"

ကိုမြင့်မိုရ်တို့သားအဖရှေ့မှာ ဘာမှမခံစားရသလို နေနိုင်မယ်လို့ ငါ့ကိုယ်ငါ…အမ မခံရဲဘူး။ ငါ့ကြောင့် နင်ဆိုးကျိုးတွေ မရစေချင်လို့ပါမိကူးရယ်…ငါမလိုက်ပါရစေနဲ့…

"အေးပါလေ… နင်ကြောင်တောင်တောင်ဖြစ်နေပါလိမ့်မယ်။ ဟဲ့…ဂီဇီ နင်နဲ့တွေ့ရင် ပြောချင်နေတဲ့စကားတွေရှိတယ်ဟဲ့..ငါအခုမှသတိရတယ်။ …နင်ကိုယ်ပိုင်အလှပ်ဘာစ်ခုခုလုပ်စမ်းဟာ… လိုတဲ့အရင်းအနှီးကို ငါထုတ်ပေး…မယ်"

"အံမာ… အရင်းထုတ်ချေးမယ်ပေါ့။ ဟုတ်လားမိကူး"

"ချေးမှာမဟုတ်ဘူး ဂီဇီ… အပြီးပေးမှာ။ ငါကနင့်ကိုချေးစရာလားဟဲ့…ပူလို့ပြော..ငါအိမ်ဝယ်ဖို့ငွေထားတာဟာ..ကိုကိုက ဝယ်မနေနဲ့ဆိုလို့။ လက်ထပ်…ပြီးရင် သူ့အိမ်မှာလိုက်နေရမယ်ဆိုတော့ မလိုဘူးတဲ့လေ။ ပြောစမ်းဂီဇီ…

www.burmeseclassic.com

www.burmeseclassic.com



နင်ဘာလုပ်ချင်လဲ..နင်လုပ်ချင်တာလုပ်လို့ရတယ်။ ငါ့မှာရှိတာနဲ့ မလောက်ရင် ထပ်ရှာပေးမယ်သိလား"

ကြည်နူးခြင်း ပီတိတို့တစ်ကိုယ်လုံးသို့ ဖြာစိမ့်သွားတော့သည်။

နင့်ရင်ထဲမှာလည်း ငါ့အတွက်စေတနာတွေနဲ့ပါလား မိကူး...

ဆုံးရှုံးသွားခဲ့တဲ့ အဖြူရောင်စာမျက်နှာလေးတစ်ခုကို ငါမနှမြောတော့ မိကူးရယ်... အဲဒီစေတနာဟာ နင်နဲ့တကယ်ကိုထိုက်တန်ပါတယ်...

ဒါပေမယ့်မိကူးရယ်... ငါဟာ အသီးစားချင်လို့ရေလောင်း လူတစ်ယောက်.. အသားစားချင်လို့ အစာကျွေးခဲ့တဲ့လူတစ်ယောက်မှ မပ တာ။

ငါနင့်ဆီကဘာမှမလိုချင်ဘူး။

ဒါဟာရင်ခုန်သံတွေကို ဖယ်ထားတဲ့ ခရေသူငယ်ချင်းသစ္စာပါမိ

"ဟဲ့ ဂီဇို... ငါပြောတာကြားလား။ နင်အဆင့်အတန်းရှိတဲ့အ တစ်ခုခုလုပ်နေတာ ငါမြင်ချင်တယ်။ ငါ့မှာ သိန်းငါးရာလောက်စုမိနေပြီဂီဇို နင်လိုရင် အကုန်ယူသုံးသိလား"

မရတော့ဘူးမိကူး... ငါငိုမိပြီ။

အမှောင်ရိပ်အားကိုးဖြင့် စီးကျလာတဲ့ မျက်ရည်တွေကို ဒူးခေါင်း ပွတ်သုတ်လိုက်ရ၏။

"ငါလိုရင်ပြောမယ်မိကူး"

"အေး... ကြိုက်တဲ့အချိန်ပြော။အဲဒီငွေတွေကို ငါနင့်အတွက်သပ် ဖယ်ထားတာ..အသုံးလိုတာရှိရင်လည်းပြော။ ငါနင့်ကို အရမ်းခင်တာပဲ ရင်ခုန်သံတွေနဲ့ ရွေးချယ်ခဲ့တဲ့ ကိုကိုလို့ ချစ်သူတောင်မှ နင်လောက်မရင်း ဘူးလို့ ခံစားရတယ်။ တစ်ခါတစ်ခါ ငါနဲ့ကိုကို့ကြားမှာ အလွှာလေးတစ် ခြားနေသလိုပဲ။ နင်နဲ့ကျတော့ ဘာမှမလိုဘူးလေ..ငယ်ပေါင်းကြီးဖော် အ သိ အဆင်းသိ အားငယ်စရာလည်းမရှိဘူး...ဟန်ဆောင်နေစရာလည်း မလို



ကိုကိုက အထက်တန်းလွှာမှာပေါက်ဖွားလာတဲ့ သူဆိုတော့ အစစ အရာရာ အရမ်းသိမ်မွေ့တာဟာ..စည်းစနစ်လည်းကြီးတယ်။ နင်သိတဲ့အတိုင်းပဲ ငါက ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းသမား...ချစ်သူတွေဖြစ်လာကြပြီ ဆိုတော့ သူနဲ့လိုက်ဖက်အောင် ထိန်းထိန်းသိမ်းသိမ်းနေရတယ်မဟုတ်လား...စိတ်ကျဉ်း ကျပ်တာပေါ့ဟာ.. ဘယ်သူနဲ့တွေ့တွေ့ ဟုတ်ကဲ့ပါရှင့်..နေကောင်းပါတယ်ရှင့်... ား‌ပြီးပြီလားရှင့်... ကျေးဇူးတင်ပါတယ်ရှင့်... နဲ့ တရှင့်တည်းရှင့် နေရလို့ ပစင်စစ်ကနေ ရှဉ့်ဖြစ်ပြီး သစ်ပင်ပေါ်တက်နေရမလိုတောင် ဖြစ်နေပြီ။ ကားလဲ လွတ်လွတ်လပ်လပ်မပြောရ..ရယ်ရင်လည်း လွတ်လွတ်လပ်လပ် ရယ်ရနဲ့..သိပ်စိတ်ရှုပ်တာပဲ... ဟား..ဟား..ဟား"

တစ်ယောက်တည်း စကားတွေအားရပါးရပြောပြီး ရယ်နေပြန်၏။ မရယ်တော့ ကျွန်တော်လည်း လိုက်ရယ်မိတာပေါ့...

"ကဲ... ကဲ... ညဉ့်နက်နေပြီ...ငါပြန်တော့မယ်။ နင် ဘာပြောချင် သေးလဲ"

"ငါ... ငါ... နင်နဲ့အတူ ခရေပန်းလေးတွေကောက်ချင်တယ်မိကူး"

"ဟယ်... ဂီဇို..."

သူမမျက်နှာမှာ အံ့သြခြင်းတို့ လှပစွာဖြတ်သန်းသွားကြ၏။ ပြီးတော့ း၏။

ထိုအပြုံးသည် ဟိုးငယ်ငယ်လေးကတည်းက အမြဲမြင်တွေ့ခဲ့ရတဲ့ ယ်တော့မှမရိုးတဲ့ အပြုံးမျိုးဖြစ်သည်။

ခရေ သူငယ်ချင်းလေးက ပြုံးတာဆိုတော့ ခရေအပြုံးလေးပေါ့...

"ဟယ်... ကြည့်စမ်းဂီဇိုရယ်...နင်အရမ်းချစ်ဖို့ကောင်းတာပဲ။ နင့် ကားကြားရတာ ငါအရမ်းပျော်သွားတယ်။ လာ... ငါတို့ခရေပန်းလေးတွေ တူ ကောက်ကြမယ်..ပြီးရင် သီမယ်။မနက်ကျရင် မီးပွိုင့်မှာ သွားရောင်းမယ်။ တစ်ခါ ငါရောင်းမယ်သိလားဂီဇို... ငါရုပ်ဖျက်ပြီးရောင်းမယ်။ရတဲ့ပိုက်ဆံ ရွှေတိဂုံဘုရားမှာ သွားလှူကြမယ်လေ...လာ...ဂီဇို ခရေပန်းလေးတွေ ကောက်ကြစို့။ မနက်ဖန် ရှုတင်လုံးဝမရှိဘူး အတော်ပဲ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ကလေးလေးလို တခစ်ခစ်ရယ်ကာ ခရေပန်းလေး... လိုက်ကောက်နေပါတော့သည်။

သူမနဲ့အတူ ခရေပန်းတွေကောက်ရင်း ဟိုးငယ်စဉ်ကဘဝလေးတွေ... ပြန်ရလိုက်သလို ခံစားလာရ၏။

"ဒီမှာတစ်ပွင့် ဒီမှာတစ်ပွင့်...ငါတော့ပန်းတွေ အများကြီးရနေပြီ ကိုကို..."

"အံမာ ငါလည်း အများကြီးရနေပါပြီဟ"

"ဟော ...ဒီမှာလည်းတစ်ပွင့်... ယော့ ငကိုး ချေးစုတ်လုမကောက်နဲ့လေ... ဟဲ့... ပန်းတွေကို မနင်းမိစေနဲ့"

"အေးပါဟ မနင်းပါဘူး"

"ဘာ မနင်းပါဘူးလဲ...နင့်ခြေထောက်အောက်မှာ ခရေပွင့်လေးတွေ..."

"ဟော...ဟုတ်လား ဆောရီး ...ဆောရီး ..."

"ပျော်လိုက်တာ ကိုကိုရယ်... ငါတို့ ငယ်ငယ်တုန်းက ဒီအတိုင်း... ကောက်ခဲ့ ကြတာနော်..."

"အေးပေါ့ဟ..."

စကားတပြောပြောနှင့် ခရေပန်းလေးတွေကို အလုအယက်လိုက်... နေကြသော ဖြူစင်သန့်ရှင်းတဲ့ ချစ်ခြင်းတရားတွေနဲ့ သူငယ်ချင်းလေးနှစ်ယောက်... ကို ခရေပင်ကြီးတွေက ခရေပွင့်လေးတွေ ခြွေခြွေချပေး၏။

ခရေနံ့သင်းတဲ့ လေပြည်တွေကို ရှူရှိုက်ရင်း...ခရေသူငယ်ချင်း... နှစ်ယောက် ပျော်ရွှင်စွာ ခရေပန်းလေးတွေကောက်နေကြပါသည်၊

အခုအချိန် သူတို့ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့ခြင်းများနှင့် ခရေပန်း... တွေက လွဲပြီး ဘာဆိုဘာမျှမရှိကြပါ...

"ဟဲ့... ကိုကို...လုမကောက်နဲ့ဆို..."

"အေးပါဟ..."

"ရော်...လုပ်ပြန်ပြီ... ပြန်ပေး အဲဒီပန်းလေးပြန်ပေး... ငါကောက်... ပါဆို..."



"အေးပါဟာ...ရော့...ရော့... ပြန်ယူ"

"ဟင့်အင်း...ဒီအပွင့်မဟုတ်ဘူး...ဒီ့ထက်ကြီးတယ်"

"ကဲ...ရော့...နှစ်ပွင့်ယူ..."

"ပေး... ပေး... ဟီး... ဟီး...အများကြီးရနေပြီတော့..."

www.burmeseclassic.com

www.burmeseclassic.com

( * )

ကားကြိုကားကြားမှာ လှစ်ကနဲ လှစ်ကနဲ.. ဟိုကားဆီပြေးလိုက် ဒီကားဆီ ပြေးလိုက်နှင့် ပန်းလိုက်ရောင်းနေသောသူမကိုကြည့်နေရွာ ငေးငေး မိ၏။

ရှပ်အင်္ကျီအဟောင်းကြီးကစ်ထည်နှင့် လုံချည်အဟောင်းတစ်ထည် ဝတ်ဆင်ပြီး ပုဆိုးအဟောင်းစာခ်ထည်နှင့် ခေါင်းပေါင်းပေါင်းထားသော ပုံစံက တကယ့်ကို ပန်းသည်မလေးတစ်ယောက်၏ အသွင်ဆောင်နေပါ...

သနပ်ခါးတွေပိန်းနေအောင်လူးထားပြီး နှုတ်ခမ်းနီအပေါ်ထားကို မညီ... ဆိုးထားတဲ့ ပုံစံကြောင့် မိကူးကိုဘယ်သူမှ မှတ်မိနိုင်ခရာ အကြောင်း...

သူမကိုကြည့်ရင်း ရယ်ရတာ ဗိုက်တွေသင်နာလာ၏။

သူမကတော့ ခရေပန်းကုံးလေးတွေကိုင်ရင်း ဟိုပြေးလိုက် ဒီပြေး... ရှိနေတော့သည်။

ပန်းတွေကုန်သွားတော့ ရွှေတိဂုံဘုရားသို့ လိုင်းကားနှင့်ပင်ရောက်... ကြ၏။

ပန်းရောင်းလို့ရတဲ့ ပိုက်ဆံလေးတွေကို အလှူခံပုံးမှာ ထည့်ပြီး... နှစ်ယောက်အတူတူ ဘုရားဝင်ပြကြ၏။

ရင်ထဲမှာ ချမ်းမြေ့လွန်းလှ၏။

အေးချမ်းလွန်းလှတဲ့ ဒီအချိန်လေးကုန်ဆုံးသွားမှာကိုပင် စိုးရိမ်နေ... သည်။



ကျွန်တော် ဘုရားဝတ်ပြုပြီးသည့်အချိန်အထိ သူမဝတ်ပြုလို့ မပြီးသေး...

မျက်လုံးလေးမှိတ်ပြီး ဘုရားဝတ်ပြုနေတဲ့ သူမကိုမျက်တောင်မခတ်တမ်း ငေးနေမိပြန်၏။

ထူထဲတဲ့ သနပ်ခါးတို့ မလှမပစွာ ဖုံးအုပ်ထားသော်ငြား...သူမ မျက်နှာလေးရဲ့ ကြည်စင်မှုကို ဖေါက်ထွင်းပြီး မြင်နေရပါတယ်...

ပုဆိုးအဟောင်းလေးကို ပုခုံးပေါ်တင်ပြီး ကျုံ့ကျုံ့လေးထိုင်နေတဲ့အတွက် မိကူးဟုံခံဘာ ဆင်းဆင်းရဲရဲကောင်မလေးတစ်ယောက်၏ အသွင်ကိုဆောင်နေ၏။

" "နှင် အဲဒီလို နွမ်းနွမ်းပါးပါးကောင်မလေးတစ်ယောက်ပဲဖြစ်နေခဲ့ရင် သိပ်ကောင်းမှာပဲ မိကူးရယ်..." "

အတ္တဆန်သောအတွေးကို မဖြစ်နိုင်မှန်းသိလျက်တွေးမိ၏။

ကြည့်နေစဉ်မှာပဲ ပြုံးရောင်သမ်းနေတဲ့ နှုတ်ခမ်းဖူးလေးနှစ်လွှာက တလှပ်လှပ်ဖြစ်လာ၏။

ပွစိပွစိနဲ့ ဘာဆုတွေများတောင်းနေပါလိမ့်...

သူမနှုတ်ခမ်းလေး ခပ်ဘင်းတင်းပြန်စေ့သွားတော့ မျက်လုံးလေးတွေ ပြန်ပွင့်လာ၏။

ထိုအခါ...အေးချမ်းငြိမ်သက်ခြင်းတို့နှင့် မျက်လုံးအစုံတို့ သိမ်မွေ့စွာ ဆုံတွေ့ကြလေသည်။

" "နှင် ဘာဆုတောင်းလဲ ဂီဇီ..." "

သိတယ်..ဒီလိုမေးမယ်ဆိုတာ ကျွန်တော် သိနေတယ်...

" "နှင်အရင်ပြော" "

" "ဟာ့အေး.. နှင်အရင်ပြောရမယ်။မရဘူး...ပြောဆိုပြော" "

ထုံးစံအတိုင်း ကျွန်တော်ကပဲ အလျှော့ပေးရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"နင့်အတွက် စိတ်ချမ်းသာမှုတွေအမြဲတမ်း ဖန်တီးပေးနိုင်တဲ့ ကိုယ်ဖြစ်ပါ ရစေလို့ ငါဆုတောင်းတယ်..."

သူမ ကျေနပ်စွာ ဖွဖွလေးပြုံး၏။

"တကယ်လား... ဂီဇိုရဲ့"

"နင်မယုံဘူးလား..."

"အင်း ...ယုံပါတယ်။ ငါနင့်ကိုအမြဲတမ်းယုံတယ် သိလား ဂီဇို"

"ဒါဆို နင့်ဆုတောင်းကိုပြောလေဟာ... ဘာလဲ... ကိုမြင့်မိုရ်နဲ့ အမြဲ ရပါစေလို့ ဆုတောင်းတယ်ပေါ့ ဟုတ်လား မိကူး..."

"ငါ့ရင်ထဲမှာ အချစ်နဲ့ပတ်သတ်တာတွေပဲရှိနေတယ်လို့ထင်ရင်တော့ နင်မှားသွားပြီ ဂီဇို...ကိုကိုနဲ့ငါနဲ့ ဖူးစာမပါခဲ့ရင် ဆုတောင်းလည်းမရနိုင်ပါဘူး၊ ငါဘာဆုတွေတောင်းတယ်ဆိုတာ နင်သိလားဂီဇို..."

"သိဘူးလေ... ဟာ..."

"ဘဝဆက်တိုင်း နင်နဲ့ငါနဲ့အခုလို ဘဝမျိုးလေးတွေပိုင်ဆိုင်ဆုံတွေ့ရပါစေ လို့ ဆုတောင်းတယ်ဂီဇို၊ ငါလေ... နင့်ကိုအရမ်းသံယောဇဉ်ကြီးတယ်သိလား နင်ဟာငါ့အတွက် ဘုရားပေးတဲ့ သူငယ်ချင်းပါ ဂီဇိုရယ်...နောက်ဘဝကျရင် လည်း ငါတို့ဘဝလေးတွေကို ခရေပင်ကြီးတွေအောက်ကပဲ ပြန်စချင်တယ်၊ မချမ်းသာချင်နေပါစေဟယ်.. ငါကျေနပ်တယ်။ အရမ်းကို ကျေနပ်တယ် ဂီဇို... ဖြစ်နိုင်ရင် အဲဒီအချိန်လေးတွေကို ဒီဘဝမှာတောင် တစ်ကျော့ပြန်ရလို့ ချင်တယ် ဂီဇိုရယ်... ငါတကယ်ပြောတာပါ..."

"မိကူးရယ်...နင့်စကားကိုကြားရတာ ငါ...ငါအရမ်းဝမ်း တယ်ဟာ"

သူမလက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ပြောမိ၏။

သူမက ကြည်စင်စွာပြုံး၏။



ခွင့်လွှတ်ပါတော့ မိကူးရယ်...

"ဘဝဆက်တိုင်းနင်နဲ့ ရင်ခုန်သံချင်းဖျက်နှာချင်းဆိုင် ဆုံတွေ့နိုင်ရပါစေ" ဆိုတဲ့ ဆုကိုလည်း ငါတောင်းလိုက်မိသေးတယ်...

ငါ နင့်ကိုသိပ်ချစ်လွန်းလို့ပါ မိကူး...

www.burmeseclassic.com

www.burmeseclassic.com



( * )

အလုပ်လုပ်ရတာ ခါတိုင်းနှင့်မတူထူးခြားစွာ လန်းဆန်းတက်ကြွနေသည်။

စောစောစီးစီး ကိုင်လိုက်ရတဲ့ဗိုင်းက Service Money တစ်သောင်းလောက်ရတယ်ဆိုတော့ ဒီညလာဘ်ကောင်းသည်ဟု ဆိုရမည်။

မနက်က မိကူးနဲ့ ဘုရားကို အတူတူသွားခဲ့ရခြင်းအတွက် ရွှင်မြူးနေခြင်း လည်းဖြစ်နိုင်သည်။

နောက်ထပ်ဝင်လာသည့်ဗိုင်းက ဦးဝင်းမြင့်နှင့်အပေါင်းအပါတွေဆိုတော့ Service Money ရဦးမှာ သေချာနေ၏။

Photo Camera လေးတစ်လုံးဝယ်ချင်လို့ ပိုက်ဆံစုနေတာ နှစ်သိန်းပြည့်တော့မည်။

ကင်မရာဝယ်ပြီးရင်တော့ မိကူးကို စိတ်တိုင်းကျ ဓါတ်ပုံတွေရိုက်ပေးလိုက်မည်ဟု အားခဲထားခဲ့တာကြာပြီ…

Service Money လိုချင်စောနှင့် ဦးဝင်းမြင့်တို့ဗိုင်းကို ခါတိုင်းထက်ဂရုစိုက်ပေးနေမိ၏။

ဦးဝင်းမြင့်နှင့် အပေါင်းအပါတစ်ခုကတော့ ပျော်ပျော်ပါးပါးနှင့် သောက်နေကြလေသည်။

လွှတ်လွှတ်လပ်လပ်ပြောဆိုရယ်မောနေကြတဲ့ သူတို့အသံတွေက အခန်းလေးထဲမှာ ဆူပွက်နေ၏။



တစ်ခုခုနိုင်းလျှင် မကြားမှာစိုးတာနဲ့ နားစွင့်နေရသေးသည်။

"ဆိုပါဦး ကိုဝင်းမြင့်ရ…ခင်ဗျားသားရဲ့ကောင်မလေးဆိုတာ ဘယ်သူလဲ။ ဟော်ဒယ်ဂဲတွေထဲကဆို… ကျုပ်မသိတာက ခပ်ရှားရှားဗျ… ဟဲ… ဟဲ… ဟဲ…"

"ဆိုးတော့မဆိုးပါဘူး…ကျွန်တော့်သားက အမှန်အကန်ကို ကိုင်ထားတာဗျ။ ခင်ဗျားသိမှာပါ…အခုတစ်လော နာမည်ကြီးနေတဲ့ ကူးကူးနိုင်ဆိုတဲ့ ကောင်မလေးလေဗျာ…"

ကူးကူးနိုင် ဆိုတဲ့အသံကိုကြားလိုက်ရသဖြင့် မျက်လုံးပြူးသွား၏။ ဝင်းမြင့်သားက မိကူးရည်းစားတဲ့… ဒါဆို ကိုမြင့်မိုရ်ပေါ့။ ဦးဝင်းမြင့်က ကိုမြင့်မိုရ်ရဲ့ အဖေပေါ့…

ဦးဝင်းမြင့်ဆက်ပြောမယ့်စကားတွေကို နားစွင့်နေလိုက်မိသည်။

"ကူးကူးနိုင်ဟုတ်လား… Soul က ပစ္စည်းတွေကြော်ငြာနေတဲ့ ကောင်မလေးပဲဗျ။ သိပ်သိဘာပေါ့ အား… ပါး… ပါး… ရက်ရက်စက်စက်ပုံတာနော်…အပြင်မှာ ပိုလှတယ်။ ကျုပ်မြင်ဖူးတယ်…ဟီး…ဟီး…င်းကြိုက်စိုးကြိုက်ဗျနော်… ဟား… ဟား… ဟား…"

"ဟုတ်တယ်ဗျ။ အဲဒီကောင်မလေးကို စိတ်ဝင်စားနေတာကြာပြီ…ခုချင်တော့ ကျွန်တော့်သားရဲ့ ရည်းစားတဲ့ဗျာ"

"မဆိုးပါဘူးဗျ… ခင်ဗျားသားကလည်း လူချောဆိုတော့ ရှေ့သွားနောက်လိုက်ညီပါတယ်။ ကောင်မလေးဝင်ငွေက မခေဘူးနော်… ရုပ်ပါတန်းမှာ ထိပ်ပဲ… ခင်ဗျားသားတော့ ကံကောင်းတာပဲ"

"ဘယ်က ကံကောင်းရမှာလည်း ကိုကြည်စိုးရယ်…ဒမ်ဗယ်ဂဲလ်တွေအကြောင်းလည်း ခင်ဗျားသိသားပဲ"

"ဟာ …ခင်ဗျားလွဲပြီ ကိုဝင်းမြင့်။ အဲဒီကောင်မလေးက ရိုးရိုးအေးအေးလေး…ငွေလည်းမမက်ဘူး။ သန့်တယ်နော် ဘားအခန့်မှ မထွက်ဘူးအေး မြင့်ကလည်း ကြောက်ခမန်းလိလိပဲ။ ပြင်သစ်အထိ သူကြော်ငြာတွေပေါက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ။ ကျုပ်ကြားရသလောက်ဆို Soul ကုမ္ပဏီက ပြင်သစ်မှာလာလု... Sponsor လုပ်တာတောင် လက်မခံခဲ့ဘူးဆိုပဲဗျ။ လူတိုင်းကို သောင်တ... တည်းနဲ့ သတ်မှတ်ထားလို့ မရဘူးကိုဝင်းမြင့်.. ရိုးရိုးအေးအေးမော်ဒယ်... လေးတွေလည်း အများကြီးရှိတယ်"

"မထင်နဲ့ ကိုသန်းတင်... မထင်နဲ့ နောက်ဆုံးတော့ ဒီပုတ်... ဒီပဲတွေချည်းပဲ။ လောကမှာ ငွေမကော်တဲ့ လူဘယ်မှာရှိလို့လဲဗျ"

"ဒါဆို... ခင်ဗျားက သားတော့်မောင်နဲ့ သဘောမတူဘူးပေါ့..."

"နိုး... နိုး ကိုစည်သူ လုံးဝပဲ။ ခင်ဗျားပဲစဉ်းစားကြည့်လေ.. ကျုပ်... က ဆရာဝန်..ရှေ့နစ်ဆို အင်္ဂလန်ကို ပညာတော်သင်သွားရတော့မှာ။ ပြန်လ... ပါရဂူဘွဲ့ရပြီ။ ကျုပ်သားကိုကျုပ်က ရွှေလင်ပန်းနဲ့အချင်းဆေးပြီး ပိုးလို... ခဲ့တာဗျ။ ဒီလိုတာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်လက်ထဲကို ဘယ်... လိုက်နိုင်ပါမလဲဗျာ..."

"သိပ်လည်းစိတ်မပူပါနဲ့ဗျာ.. ခင်ဗျားသားပဲ ညှံ့မှာတော့မဟုတ်ပါ... အပျော်တွဲတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့..."

"မဟုတ်ဘူးဗျ...ဒီကောင်ကကျုပ်နဲ့မတူဘူး။ ဒီကောင့်နှလုံးသ... နူးညံ့တယ်...ကောင်မလေးကို ယူမယ်ချည်းပဲပြောနေတယ်။ အဲဒါ... အခက်တွေ့နေတာ ကိုကြည်စိုးရေ..."

"ဒါဆိုလည်း ဖြတ်ခိုင်းလိုက်ပေါ့ဗျာ။ ခင်ဗျားသားက ခင်ဗျား... သေရှင်ဆိုရှင်မယ့် ကောင်ပဲ..လွယ်လွယ်လေး..."

"ဟား... ဟား... ဟား...ခင်ဗျားသိပ်အ တာပဲ ကိုကြည်နိုး... အဲဒါကြောင့် စစ်ဘုရင်ထိုးတိုင်း ခင်ဗျားကျွန်တော့်ကို ရှုံးနေတာ။ ကျု... ကကင်း (KING)နဲ့ ကာဆယ် (CASTLE)ကို တစ်ခါတည်းချက် (C... ထားတာဗျ။ ကင်းထွက်ရင် ကာဆယ်ကို အသာလေး စားလိုက်ရုံပဲ... ဟဲ... ဟဲ သမင်ကို သနားလို့ပြန်လွှတ်ပေးတဲ့ ကျားဆိုတာရှိလို့ လ... ပြီးတော့ သမင်ကရိုးရိုးသမင်မဟုတ်ဘူး... ရွှေသမင်ဗျ ရွှေသ...



ခင်ဗျားကြည့်နေ..အဲဒီကောင်မလေး ကျွန်တော့်သားနားကနေ သူ့ဘာသာ အလိုလိုရှောင်ထွက်သွားအောင်ရမယ်..ဟား... ဟား... ဟား"

ဦးဝင်းမြင့်စကားတွေကြောင့် ခေါင်းထဲမှာ မိုက်ကနဲဖြစ်သွား၏။

ဦးဝင်းမြင့်လည်ဝင်းကို ညှစ်သတ်ပစ်ချင်စိတ်တို့ တဖွားဖွားဖြစ်ပေါ် လာ၏။

နေဦး...

စိတ်ကိုထိန်း...

သူတို့ ဘာတွေဆက်ပြောဦးမလဲ... အဲဒါအရေးကြီးတယ်...

သူတို့အသက်အရွယ်ကြီးတွေနဲ့ ပြောနေတဲ့စကားတွေကအောက်တန်းကျ လှချေလား...

အဲဒါကိုပဲ အဟုတ်ကြီးလုပ်ပြီး တစ်ယောက်တစ်ပေါက် ပြောနေကြ တာ...

သိန်းပေါင်းများစွာချမ်းသာကြတဲ့လူကြီးလူကောင်းတွေပါ ဆိုတဲ့ ဂုဏ်ပုဒ်ကို မျက်နှာဖုံးတစ်ခုလောက်ပဲ သဘောထားကြပုံရ၏။

ဒေါသတွေကို အတင်းထိန်းပြီး ဆောဆောကထက် နားစွင့်ထားလိုက်မိ သည်။

"ဟား... ဟား... ခင်ဗျားညာဏ်ပြေးပုံကတော့ လိုက်လို့ကိုမမှီတော့ဘူး ဗျို့...ပြောစမ်းပါဦး မင်းတုန်းမင်းကြီးရယ် ဘယ်လိုများ နန်းသိမ်းပွဲခံမလဲဆို တာလေးကို..."

ဦးဝင်းမြင့်က ဦးကြည်စိုးဆိုတဲ့လူကြီးမေးတာကို ချက်ချင်းမဖြေပဲ အရက်ခွက်ကို အရင်မော့လိုက်သည်။

"ပြောပါဦးဗျ ဘယ်အချိန်မှာ ဘယ်လိုပုံစံနဲ့ နန်းသိမ်းအောင်ပွဲခံမယ် ဆိုတာလေးကို..."

ဦးသန်းတန်ဆိုတဲ့ လူကြီးကလည်း အားတက်သရောမေးနေပြန်၏။

"ဟဲ...ဟဲ...ဒီညပဲ နန်းသိမ်းပွဲခံမယ်ဗျ...အိမ်မှာ သ...မွေးနေ့ ရှိတယ်လေ...အဆိုတော်တွေ တီးဝိုင်းတွေက ပွဲခုန်ပွဲတွေနဲ့ အ...ကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



ချထားတာဗျ… ဟဲ ဟဲ… သားတော်မောင် အလုပ်တွေရှုပ်နေတဲ့အချိန်မှာ ကောင်မလေးနဲ့လူတွေစစ်ဆေးဖို့ စီစဉ်ထားတယ်။ ယောကျာ်းမလေးက ခေါ်တွေ့တာဆိုတဲ့ ယုံကြည်မှုတွေနဲ့ ရောက်လာတဲ့ ရွှေသမင်လေးကို ထုံးစံအတိုင်း… ဟဲ… ဟဲ… ဟဲ…"

ဘုရား… ဘုရား…

ထိတ်လန့်စွာ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိတော့သည်။

နားထဲမှာ ဦးဝင်းမြင့်ပြောနေတဲ့အိပ်ဆေးတစ်မျိုး၏ အစွမ်းအာနိသင်တွေကို အတိုင်းသားကြားနေရ၏။

"…………………………………………………………"

စိုးရိမ်စိတ်တွေအပြည့်နှင့် ရင်သည်မီးဖိုတစ်ခုနှင့် ထပ်တူကျနေ၏။

ငါ… ငါ… ဘာလုပ်ရမလဲ…

ဦးဝင်းမြင့်သောက်မယ့်အ…ချက်ထဲမှာ အဆိပ်ခတ်လိုက်ရရင်ကောင်းမလား…

မဖြစ်သေးဘူး…အဆိပ်က အဆင်သင့်မရှိဘူး…

ဒီလူကြီးခေါင်းကို ရိုက်ခွဲလိုက်ရင်ရော…

ဒါလည်း မဖြစ်သေးဘူး…

ဦးဝင်းမြင့်ကားဘီးကို လေလျှော့လိုက်ရရင်ကောင်းမယ်…

မဖြစ်သေးပါဘူး… သူ့ကားမှာ လေမရှိရင်တောင် တခြားကားနဲ့ ပြန်လို့ရတယ်။ကားမမောင်းနိုင်အောင် မူးနေတဲ့ညတွေတုန်းက ကားကို ဆိုင်မှာပဲထားပြီး TAXIနဲ့ ပြန်တာကို သတိရမိပြန်၏။

ငါဘာလုပ်ရမလဲ…

ငါဘာလုပ်ရင်ကောင်းမလဲ… ခုကွဲ…

အကောင်းဆုံးနည်းလမ်းတစ်ခုကို ရှာလို့မတွေ့ခင်မှာပဲ ဦးဝင်းမြင့်တို့ အုပ်စု ထပြန်၏။



ဘောတစ်ခုခုကာပ်နေပုံရသည့် ဦးဝင်းမြင့်က ကျွန်တော့်ကို နှုတ်ဆက်ဖို့ …တာင် သတိမရ…

ပိုက်ဆံတွေစားပွဲပေါ်မှာတင်ပြီး အပေါင်းအသင်းတွေနဲ့ ထပြန်သွားတော့ …သည်။

အခွင့်အရေးတစ်ခုခုရလိုရငြား သူတို့အဖွဲ့နောက်ကမသိမသာ လိုက်သွား …ပေမယ့်…အကောင်းအထည်တစ်ခုခုဖော်ဖို့ အခွင့်မသာခဲ့….

ဦးဝင့်မြင့်ကို သူ့မိတ်ဆွေငါးယောက်က ဘုရင်တစ်ပါးကို လိုက်ပို့ကြ …သလို…ခြံနံပြီး ကားနားအထိလိုက်ပို့ကြ၏။

သွေးမျက်ခြောက်ခြားနေတဲ့စိတ်တွေနဲ့ ဆိုင်ထဲကိုပြန်ဝင်လာတဲ့အခါ …ချိန်က ညကိုးနာရီထိုးတော့မည်။

မီကျူးအဖေကို ဖုန်းဆက်ပြောပြီး ကိုမြင့်မိုရ်တို့အိမ်လိုက်သွား ခိုင်းရင် …ကောင်းမလား…

မန်နေဂျာကို ခွင့်တောင်းပြီး ဖုန်းနံပါတ်တွေကို နှိပ်ပစ်လိုက်၏။

ဖုန်းကဒေတ်တော်နှင့် လိုင်းမဝင်…

မဖြစ်သေးပါဘူး…ဦးစိုးက အလုတိအလုကြောင်…ဒီကိစ္စက ဦးစိုးနဲ့ မရပါဘူး။ …ပ်ကုန်လိမ့်မယ်…

"ဟယ်လို… အမိန့်ရှိပါခင်ဗျာ…"

ဖုန်းချမည်လုပ်မှ ဦးစိုးအသံကို (ဖုန်းထဲမှ) ကြားလိုက်ရ၏။

ဘာမှမပြောခနေတော့ပဲ ဖုန်းချပစ်လိုက်ရသည်။

မဖြစ်ဘူး ငါလိုက်သွားမှ ဖြစ်တော့မယ်…

ဟာ… ပိုက်ဆံတွေကောင်တာမှာ မရှင်းရသေးဘူး…

အခန်းထဲက စားပွဲပေါ်မှ ဦးဝင်းမြင့်ထားခဲ့သော ပိုက်ဆံတွေကို ပြေးယူ …ာ ကောင်တာမှာ အအပ်လိုက်တင်ပေးပြီး…ဆိုင်အပြင်သို့ (နောက်ပေါက်မှ) …ပြေးထွက်လာခဲ့မိတော့သည်။ ရှေ့အဝင်ပေါက်ကထွက်လျှင် မန်နေဂျာ …ခါမေးနေဦးမည်…

www.burmeseclassic.com

www.burmeseclassic.com



ပိုတဲ့ပိုက်ဆံတွေ ဘာတွေ ယူမနေနိုင်တော့...

အန္တရာယ်တစ်ခုကို ရင်ဆိုင်ရတော့မှာလို့ သိနေတဲ့စိတ်ကြောင့် ဖေ... မှုးကြီးဘေးနားက သားလိုးခါးကို ဆွဲယူဖို့မမေ့ခဲ့...

"ဟော့... ကိုဒို ဘာလုပ်တာလဲကွ"

ဖေးဖိုမှုးကြီးကို ဘာမှမတုံ့ပြန်ခဲ့မိတော့...

ဆိုင်နဲ့ နည်းနည်းလေးလှမ်းတဲ့နေရာရောက်တော့ ကားလမ်းကို ဖြတ်... လိုက်သည်။ ကားတွေတစ်စီးပြီး တစ်စီးဖြတ်သွားနေကြပေမယ့် TAXI တစ်စီးမှ မတွေ့ရ...

မိကျူးအတွက် စိုးရိမ်ပူပန်ခြင်းတို့ ရင်ထဲမှာ ဝုန်းဒိုင်းကျဲနေပြီ...

"တောက် ...ကွာ ...ခါတိုင်း ဒီလိုမဟုတ်ပါဘူး။ TAXIတွေ... ပေါ ဟာ... လာပြီ... လာပြီ ဟိုမှာလာနေပြီ..."

TAXIအဖြူလေးတစ်စီးလာနေတာတွေတော့ ပလက်ဖောင်းဘေး... ဆင်းပြီး တားလိုက်မိသည်။

TAXI ဒရိုင်ဘာက လှည့်၍ပင်ကြည့်မသွားခဲ့... ကျော်သူ... နောက်ခန်းထဲမှ ပါစင်ဂျာ (Passenger)ကို မြင်၏။

"တောက်!... ကွာ..."

နောက်ထပ် ကားလေးငါးစီးခန့် ဖြတ်သန်းသွားပေမယ့် TAXI... တစ်လေမှ ရောက်မလာခဲ့...

ရောက်လာပြန်တော့လည်း TAXIပေါ်မှာ ပါစင်ဂျာတွေပါ နေပြီ...

ပါစင်ဂျာနှင့် TAXIတွေချည်း နှစ်စီးသုံးစီးခန့်ဖြတ်သွားပြီးတဲ့... တော့ သမ္မတရုံဘက်သို့ ပြေးထွက်လာခဲ့မိတော့သည်။

ခြေထောက်တွေရဲ့ပြေးအားကို စိတ်တိုင်းမကျ။ ဒီထက်လည်းပို... နိုင်တော့...

အရေးထဲမှာ ခြေခေါက်ပြီး လဲနေပြန်၏။ အရှိန်နဲ့ပြေးလာတာမို့ ... ပြန်မထနိုင်ခဲ့...



"မိကျူး... ဘုရား... ဘုရား... မိကျူးဘာမှမဖြစ်ပါစေနဲ့..."

သွေးရှူးသွေးတန်းဆုတောင်းရင်းပြန်ထကာ ဆက်ပြေးရပြန်သည်။ ဒူးခေါင်းနှင့် တံတောင်ဆစ်တို့မှ နာကျင်မှုတွေကို ဂရုမထားအား...

ဈူးစူးဝါးဝါးမောဟိုက်နေခြင်းတွေကို ဂရုမပြုအား...

သမ္မတရုံရှေ့ရှိ ကားပါကင် (Car Parking)ကို ရောက်တော့လည်း ကားကချက်ချင်းငှားလို့မရ....

ရှုပ်ရှင်အပြီးပဲစောင့်မယ်ကားသမား ပါရမီဘက်မလိုက်ချင်တဲ့ကားသမားတွေနှင့်တိုးနေပြန်၏။

တစ်စီးမေးလိုက် နောက်တစ်စီးမေးလိုက်နှင့် ငါးစီးမြောက်ကျမှ အဆင်ပြေ၏။

"ဦးကရုပ်ရှင်အပြန်ပဲစောင့်ချင်တာကွ...တောင်းသလောက်ရတယ်။ ...င်းပုံစံကအရေးသိပ်ကြီးနေတဲ့ ပုံစံဖြစ်နေလို့"

"ကျေး... ကျေးဇူးတင်ပါတယ်ဦးရယ် ပို့ပေးပါဗျာ။ အသွားအပြန် ...ားမှာပါ။ဟိုကျရင် ခဏလေးတော့ စောင့်ပေးပါနော်... ဦးလေး..."

ကားဆရာကို တောင်းတောင်းပန်ပန်ပြောပြီး ကားပေါ်ခွတ်အတင်း ...ကက်ထိုင်လိုက်ရ၏။

ကားပေါ်ရောက်မှ ငှားမိတဲ့ကားရဲ့အခြေအနေကို သတိထားမိတော့သည်။

အိုး... ကားက စုတ်ပြတ်သတ်နေတာပါပဲလား...

အေးလေ... တခြားကားတွေမှ ငှားလို့မရပဲ။

ကားဆိုတာ ခြေထောက်နဲ့ပြေးတာထက်တော့ ပိုမြန်ပါတယ်။

တံခါးလော့ခ် (Lock)ချရင်းစိတ်ကို ဖြေသိမ့်လိုက်စဉ်မှာပဲ...

"အဲဒီတံခါးက Lockချလို့မရဘူးကွ"

ဒရိုင်ဘာဦးလေးကြီးရဲ့ စကားကအားရစရာကောင်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



အခရေးထဲမှာ ကားခက်ကိုချက်ချင်းနှိုးလို့ မရနိုင်အောင်ဖြစ်နေပြန်သည်။

ပထမတစ်ကြိမ်နှိုး၏။ မရ…

ဒုတိယတစ်ကြိမ်နှိုး၏။ မရ…

တတိယတစ်ကြိမ်နှိုး၏။ မရ…

"ဦးလေးရေ… ကျွန်တော်သိပ်အရေးကြီးနေပြီ။ ဦးလေးကားဘာက် ခေါင်းနေပြီလား… မသိဘူး…"

"ဘက်ထရီမခေါင်းပါဘူးကွ အားနည်းနေလို့ပါ… လေးငါးကြိမ်နှိုးရ တယ်"

လိုတာကို သုံးလေးချက်ပုတ်ပြီး နောက်တစ်ကြိမ်နှိုးလိုက်မှ ကားနိုး၏။

"အမြန်မောင်းပေးပါဦး ရယ်…ကျွန်တော်သိပ်အရေးကြီးနေလို့ပါ"

ကားဆရာကြီးက အမြန်နှုန်းကို ထပ်တင်ပေး၏

စိတ်ထဲမှာတော့ ကားရဲ့အမြန်နှုန်းကို လိပ်တစ်ကောင်၏ပြေးနှုန်းလောက် နည်းနည်းပဲသာမည်ဟုထင်နေမိ၏။

"ဒီ့ထက် မြန်အောင်မောင်းပေးပါဦးလေး"

"ဒါ မိုင်ကုန်ပဲ သား… ဦးလေးကားက အခင်ဂျင်ကျနေပြီ။ ပြန်ကိုအဆင်မပြေသေးလို့ကွ"

"တောက် …ကားစုက်ခွံမှ တည့်တည့်တိုးတယ်လို့ကွာ…"

စိတ်ထဲမှ မကျေမနပ်ရေရွတ်လိုက်မိသည်။

နားထင်တွင်သွေးတို့ တဒိတ်ဒိတ်တိုးနေ၏။

တစ်ကိုယ်လုံးချွေးတွေရွှဲနစ်နေပြီ…

ခလမရသဖြင့် ကားမှန်ချဖို့ ပြင်လိုက်သည့်လက်တို့လမ်းခုလတ်မှ ပင်ရပ်တန့်သွားရပြန်၏။

"အဲဒီဘက်မှန်က ချလို့မရဘူးကွ အရစ်တွေပြန်းနေတယ်…"



"ကျွတ်…ဟူး…"

ရှိပါစေတော့…မြန်မြန်ရောက်ဖို့ပဲလိုတာ။

"ဟာ… ဦး… အမြန်မောင်း… ဟိုမှာမီးဝါနေပြီ…"

ကြည့်နေစဉ်မှာပဲ ဝါနေတဲ့ မီးက နီသွားတော့သည်။

"ဟာ… သွားပြီကွာ… ဖြတ်မောင်းဦးရာ…ဘာဖြစ်ဖြစ် ကျွန်တော် ရှင်းမယ်"

"မလုပ်ပါနဲ့သားရယ်…ဦးမှာ ကလေးငါးယောက်ရှိတယ်…"

ကားဆရာကြီးက ရယ်ကျဲကျဲနှင့်ဆို၏။

"ဟုတ်ပါတယ် ဦးရယ် ကန်တော့… ကန်တော့ အခရေးထဲမီးပွိုင့်က ကြာလိုက်တာများ…"

"ဟောင်လေး… မီးပွိုင့်ဆိုတာ ကြာတယ်မရှိဘူး။ ပုံမှန်ပဲ…"

မီးပွိုင့်က နီရာမှ စိမ်းသွားပြန်၏။

"ဟော… စိမ်းပြီဦးလေး… မောင်း… မောင်း"

"အေးပါကွာ ငါသိပါတယ်…မင်းဘယ်လိုဖြစ်နေတာလဲ…"

"သေရေးရှင်ရေးလောက်ကို အရေးကြီးနေတာဦးလေး…အမြန်မောင်းပါ ဗျာ…"

"ဘာဖြစ်လို့လဲကွ နာရေးလား…"

လှမ်းရှည်နေတဲ့ ကားဆရာကြီးကို ဘာစကားမှပြန်မပြောမိတော့…

အမြန်ဆုံးနည်းနဲ့ရောက်ချင်တယ်ဆိုမှ မီးပွိုင့်တွေ အကြိမ်ကြိမ်မိနေပြန် ၏။ ကားပေါ်ကနေဆင်းပြေးချင်စိတ်တွေကို မနည်းချိုးနှိမ်ထားလိုက်ရ၏။

"ဘုရား…ဘုရား… မိကူးကံကောင်းပါစေ… မိကူးဘာမှမဖြစ်ပါစေနဲ့"

သို့နှင့်… အဆင်မပြေမှု ကြံ့ကြာမှုများစွာဖြင့် ကိုမြင့်မိုရ်တို့လမ်းထဲသို့ ရောက်ရှိလာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံမီးလုံးတွေထွန်းညှိထားသောခြံကြီးက မွေးနေ့ပွဲတစ်ခုကို ကြီးကျယ်စွာ ကျင်းပနေသည့်ခြံဟု သိသာလွန်းလှ၏။

ဆူညံစွာထွက်ပေါ်နေတဲ့ ဂီတသံတွေကို အဝေးမှ ပင်ကြားနေရ၏။

ကားကို ခြံဝနှင့်မျက်စောင်းထိုးအမှောင်ရိပ်ကျတဲ့ နေရာလေးမှာရပ်ထိုး ထားလိုက်ပြီး..ပြန်ထွက်မလာမချင်းစောင့်ဖို့ မှာထားခဲ့လိုက်ရ၏။

မွေးနေ့ပွဲကကြီးကျယ်လွန်းလှသည်။

ဧည့်ပရိသတ်တွေကလည်း များပြားလွန်းလှ၏။

ကားပါကင်နေရာနှင့် ပန်းပင်တွေရှိနေသည့် ခြံခေါင်းရင်းဘိုင်းနေရာ လွဲပြီး ခြံဝင်းကြီးတစ်ခုလုံး ပရိသတ်တွေနှင့် ပြည့်နှက်နေ၏။

စားဖို့သောက်ဖို့ ခင်းကျင်းထားတဲ့စားပွဲတွေမှာ လူမရှိတော့။ Stage Show စင်မြင့်၏ ရှေ့မှာပင်အားလုံးလိုလို စုစုရုံးရုံးရှိနေကြ၏။

မိကျူးနဲ့ ကိုမြင့်မိုရ်ကို အသည်းအသန်လိုက်ရှာပေမယ့် မတွေ့... ကခုန်နေတဲ့လူတွေကြားထဲအထိ တိုးဝင်လာပြီးရှာပေမယ့်လည်း မတွေ့ရ

စိုးရိမ်စိတ်တွေကြောင့် ရင်ဘတ်ကို မီးစတွေနဲ့ ထိုးနှက်နေသလိုခံစား နေရလေသည်။

"မဆိုးဘူးနော်... ကိုမြင့်မိုရ်က အသံလည်းကောင်းတယ်..."

ကောင်မလေးတစ်ယောက်ရဲ့ အသံကြောင့် စင်မြင့်ပေါ်ကို မော့ကြည့် လိုက်မိတော့ ကိုမြင့်မိုရ်ကိုတွေ့၏။

ခပ်မြူးမြူးအင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ဟန်ပါပါဆိုရင်း တွန့်လိမ်ပြီး... နေတာကို မြင်ရတော့ ဒေါသတွေထောင်းကနဲထ၏။

စင်ပေါ်တက်ပြီး ဆွဲထိုးပစ်လိုက်ချင်စိတ်တွေကို ထိန်းချုပ်ထားလိုက် ရသည်။

"မိကျူးရော... မိကျူးဘယ်မှာလဲ... ဘုရား... ဘုရား..."

မဖြစ်တော့ဘူး။ သိပ်ကြာနေပြီ အိမ်ထဲဝင်ရှာမှ ဖြစ်တော့မယ်...

အိမ်ထဲကို လှစ်ကနဲပြေးဝင်လာမိတော့သည်။



အပြင်မှာ လူတွေများ ပန်းခပ်မျှ လှုပ်ရှားသက်ဝင်နေပေမယ့် အိမ်ထဲမှာ တော့ ဘယ်သူမှမရှိ... လူသူအလျဉ်းကင်းမဲ့လို့နေ၏။

ရှိသမျှအခန်းတွေကို တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာပစ်လိုက်သည်။ ဖွင့်လို့မရတဲ့အခန်းကို ခြေထောက်တွေနှင့် ပိတ်ကန်ပစ်လိုက်၏။

သို့သော် ဘာတုံ့ပြန်မှုမှမရ။ ဘာသံကိုမှလည်း မကြားရ...

"မိကျူး..."

"မိကျူးရေ..."

ဘာမှထူးခြားမှုမရှိ။

အပြေးအလွှားရှာရင်း လှေခါးထစ်တွေကိုတွေ့တော့ ဘာမှစဉ်းစားမနေ တော့ဘဲ ပြေးတက်ခဲ့လိုက်တော့သည်။

ဟုတ်တယ် ဒီတိုက်က သုံးထပ်တိုက်ကြီး...အပေါ်မှာ နှစ်ထပ်ရှိသေး တယ်...

လှေခါးထစ်တွေကို လွှားကနဲ လွှားကနဲကျော်ပြီး...ပထမအထပ်သို့ ရောက်လာ၏။

လူသူကင်းမဲ့နေတဲ့ ပထမအထပ်မှာ အခန်းများများများစားစား မရှိပါဘူး။

ဖွင့်ဝင်လို့ရတဲ့ အခန်းတွေမှာ ဘယ်သူ့ကိုမှမတွေ့။ သော့ခတ်ထား တဲ့အခန်းတွေထဲမှလည်း ဘာသံမှ မကြားရတဲ့အခါ..ဒုတိယအထပ်အထိ တက်လာခဲ့မိတော့သည်။

ခပ်ဟဟစေ့ထားတဲ့ ကျွန်းတံခါးကို အသာလေးတွန်းဝင်လိုက်မိရာ မှိန်းပန့်ဖန့်လင်းနေသော မီးရောင်တို့ကို ဦးစွာတွေ့လိုက်ရ၏။

ခြေလှမ်းငါးလှမ်းခန့် ခပ်ဖွဖွလှမ်းသွားပြီး အနီးဆုံးအခန်းတစ်ခုရဲ့ တံခါး ကို အသာလေးဖွင့်လိုက်တယ်ဆိုရင်ပဲ...

အသက်ရှူခြင်းတို့ ခေတ္တမျှ ရပ်တန့်သွားကြတော့သည်။

သွေးလည်ပတ်ခြင်းတို့ ရုတ်တရက်ရပ်တန့်သွားကြတော့သည်။

ခန္ဓာကိုယ်သည် ရုပ်သေကောင်ကဲ့သို့တောင့်ကနဲဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတို့က အကျည်တန်းဆုံးသော မြင်ကွင်းဆီမှ မခွာတော့…
မိကူး…

ဖရိုဖရဲဖြစ်နေတဲ့ အဝတ်အစားတွေနဲ့ အိပ်ယာပေါ်မှာ ပျော့ပျော့လေး… နေတဲ့ မိကူး…ဆံပင်တွေက ပြန့်ကျဲလို့…

နောက်မှီထိုင်ခုံပေါ်မှ နေ၍ အိပ်ယာပေါ်ကို ခြေထောက်တွေလှမ်း… ထားတဲ့ ဦးဝင်းမြင့် …

လက်တစ်ဖက်မှာ အရက်ခွက်ကို ကိုင်ထားပြီး နှုတ်ခမ်းမှာ ဆေး… ကိုခဲထားသည့် ဦးဝင်းမြင့်…

မိကူးရဲ့ အလှတရားတွေကို တစိမ့်စိမ့်ခံစားနေတဲ့ ဦးဝင်းမြင့်ရဲ့ရီဝေ…
မျက်လုံး တွေ…

စီးကရက်ခဲထားသည့် နှုတ်ခမ်းမှ အောင်ပွဲဝင်အပြုံးတွေ…

"နောက်ကျသွားခဲ့ပြီ" ဆိုတဲ့ အသိကမီးတောက်တခ်ခုအဖြစ် တစ်ကို… လုံးကို တစ်မုဟုတ်ချင်းလောင်ကျွမ်းစေလိုက်သည့်ဟွင်…

ဆတ်ဆတ်တုန်သောလက်တွေက ခါးကြားမှဘားလှီးဓါးဆီ… ရုတ်ချည်းရောက်ရှိသွားတော့သည်။

"လူ… ယုတ်… မာ… ကြီး…"

"ဟင်… မင်း… မင်း…"

ထိတ်လန့်စွာ ထရပ်လိုက်သော ဦးဝင်းမြင့်ဆီသို့ ဂီဇိုလွှားကနဲခုန်ဝင်…

ဦးဝင်းမြင့် နှုတ်ခမ်းမှာ ခဲထားတဲ့ စီးကရက်လေးကြမ်းပြင်ပေါ် ပြုတ် ကျသွားတဲ့အချိန်…

ဦးဝင်းမြင့် လက်ထဲမှာ ကိုင်ထားတဲ့ အရက်ခွက်ကြမ်းပြင်ပေါ်ကျ… သွားတဲ့အချိန်…

ဂီဇို… ဦးဝင်းမြင့်ကို ခုန်အုပ်လိုက်တဲ့အချိန်…

ဦးဝင်းမြင့် မွေ့ယာပေါ်ပက်လက်လန်လဲကျသွားတဲ့အချိန်နှင့် ဦးဝင်း… ရင်ဘတ်ထဲသို့ စတီးရောင်ဓားသွားတစ်ခု စူးနစ်ဝင်ရောက်သွားတဲ့အချိန်… တစ်ထပ်တည်းကျ၏။



ဦးဝင်းမြင့်ရဲ့ မချိမဆန့်အော်သံကြီး ခပ်အုပ်အုပ်ထွက်ပေါ်လာခဲ့ပေမယ့် မည်သူမျှ မကြားလိုက်…

ပထမဆုံးဓားချက်သည်ပင် ဦးဝင်းမြင့်၏အသက်နှင့် ဝိညာဉ်ကို နှုတ်ယူ သွားခဲ့လေပြီ။

သို့သော်… ဂီဇို့လက်တွေရပ်တန့်မသွားခဲ့…

မကောင်းဆိုးဝါးတွေ ပူးကပ်နေသည့်အလား‥ပြင်းထန်လှတဲ့ ဓားချက် တို့‥အသက်မဲ့နေတဲ့ ဦးဝင်းမြင့်ခန္ဓာကိုယ်ကြီးပေါ်သို့ နေရာအနှံ့ မနားတမ်း ကျရောက်နေတော့သည်။

"သေစမ်း… သေစမ်း… သေစမ်း…. သေစမ်း…"

ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားသော လက်မှာ သွေးတို့ဖြင့်အတိ ပြီး၏။

Waiter Uniform အကျီျဖြူဖြူမှာ သွေးစက်တို့စွန်းထင်းကြ၏။ အမှတ်မထင် သူမကို စောင်းငဲ့ကြည့်လိုက်မိသည်တွင် လက်တွေရပ်တန့်ဖို့ကို သူသတိရသွား၏။

"မိကူး"

မိကူးက မွေ့ယာကျယ်ကျယ်ရဲ့ ဟိုဘက်အခြမ်းမှာ ခွေခွေလေး…

ငရဲသားတစ်ယောက်ရဲ့ ကကြိုးတွေကို ဘာမှသိလိုက်ပုံမရတာ သေချာ၏။

သွေးတွေစွန်းပေနေတဲ့ ဓားကို မွေ့ယာထဲသို့ ထိုးသွင်း ပစ်လိုက်သည်။

မွေ့ယာပေါ်မှာ အိုင်ထွန်းနေတဲ့ သွေးတွေက အနည်းငယ်မို့မို့သွားသော ဓားဝင်ပေါက်ရှိရာသို့ စီးဆင်းပိတ်ဆို့သွားကြလေသည်။

ဂီဇိုက အင်္ကျီကိုချွတ်ပြီး လက်မှာပေနေတဲ့ သွေးတွေကို သုတ်ပစ်လိုက် ၏။

ထို့နောက် အင်္ကျီကိုလိပ်ပြီး ခါးကြားမှာ ထိုးထည့်လိုက်သည်။ လက်ဖ… မှာ သွေးတွေမစင်သေးတာမို့ ဘေစင်မှာ ရေဆေးပစ်လိုက်ပြန်သည်။ ထို့နောက် ကူးကူးနိုင်ကိုပွေ့ချီပြီး လှေကားထစ်တွေ အတိုင်းပြန်ဆင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအထပ်ရဲ့ နောက်ဖေးလှေကားမှဆင်းပြီး…အိမ်ကြီးရဲ့ ခေါင်းရင်းဘက် ပန်းရုံတွေကြားမှတဆင့်…ခြံပြင်ကိုအသာလေး ထွက်သွားသောကိုမှုကို ဘယ်သူမှ မမြင်လိုက်ကြ…

မြင့်မိုရ်တစ်ယောက်ကတော့ စင်ခြင့်ပေါ်မှာ သီချင်းတွေတစ်ပုဒ်ပြီး တစ်ပုဒ်ဆိုနေဆဲ…

ကူးကူးနိုင်က ဂီဇီလက်ထဲမှာ အိပ်ပျော်နေဆဲ….

"ဟာ… ဘယ်လိုဖြစ်လာတာလဲ…"

ကူးကူးကိုပွေ့ချီလာတဲ့သူ့ကိုမြင်တော့ ကားဆရာကြီးက စာအုံဘာမေးပြီး တံခါးဆင်းဖွင့်ပေး၏။

"က, ရင်းမူးလဲသွားလို့ ဦးလေး၊ ဒါ ကျွန်တော့်ညီမလေး… သူ့သူငယ်ချင်းမွေးနေ့ကို အိမ်ကမသိအောင် ခိုးသွားလို့ လိုက်ခေါ်တာပျ၊ ကံကောင်းလို့ ဦးလေးရေ… ညီမလေးတစ်ယောက်ရှိပါတယ်…သိပ်ဆိုးတာပဲဗျ၊ မောင်း ဦးလေး စမ်းချောင်းက ………… လမ်းကိုမောင်း"

"အေး… အေး…"

ကားဆရာကြီးက သူ့စကားကို ယုံကြည်သွားပုံရ၏။

"မင်းအကို ဘယ်ကျန်ခဲ့တာလဲကွ…"

"ပါ… ပါတယ် ဦးလေးရာ အိုက်လို့ ချွတ်ထားတာ… အမြန်မောင်း ဦးလေး…ကျွန်တော့်အမေ စိတ်ပူနေလောက်ပြီ…"

"အေးပါကွာ အင်း… ခေတ်ကာလသားသမီးများတယ် ခက်သကွ၊ ထိန်းဟော့…ကျပ်ကျပ်ထိန်းမှဖြစ်မှာ။ မိန်းကလေးဆိုတာ သိပ်လွှတ်သွား၊ မကောင်းဘူးကွ"

"ဟုတ်ကဲ့ဦးလေး…အဲဒါကြောင့် ကျွန်တော်လိုက်လာရတာပေါ့ဗျ၊ ဟင်း… ဟင်း… အစ်ကိုကို မြင်တော့လန့်ပြီး သတိလစ်သွားတာ၊ သူ့ရည်စားနဲ့ တွဲကနေတာလေ…အိမ်ကသိရင် သေအောင်အရိုက်ခံရဦးမယ်…"



"ဟာ… ဒီအရွယ်ကြီးကို ရိုက်ပြီးဆုံးမလို့မရဘူးကွ။နားဝင်အောင် အေးအေးဆေးဆေး ဆုံးမရတယ်။ တော်ကြာအကြောက်လွန်ပြီး သူကောင်လေး နောက်လိုက်ပြေးနေဦးမယ်"

"ဟုတ်ကဲ့ပါခင်ဗျ။ မြန်မြန်လေးမောင်းပေးပါဦးလေးရယ်…အိမ်ကစိတ်ပူနေမှာစိုးလို့ပါ…"

လျှာရှည်နေတဲ့ ကားဆရာကြီး အခုမှပါးစပ်ပိတ်သွားတော့သည်။

ရင်ထဲမှာ ဆိုးဆိုးဆတ်ဆတ်တွေ တုန်နေပေမယ့် မိကူးအိမ်ပြန်ရောက်စေမယ့် နည်းလမ်းတစ်ခုကို အသည်းအသန်စဉ်းစားရပြန်သည်။

မိကူးကို ကျွန်တော်ပြန်ခေါ်လာခဲ့တယ်ဆိုတာ ဘယ်သူမှသိလို့မဖြစ်။

ယှဉ်တွဲအဆုံး မိကူးပင်သိလို့ရေ…

လူသတ်လာခဲ့မိပြီဆိုတဲ့အသိက…ဝမ်းဗိုက်သား တွေရဲ့အတွင်းဘက်နံရံတွေကို မနားတမ်းလှုပ်ခါနေ၏။

သူ့အိမ်ပြန်ရောက်ဖို့ အကောင်းဆုံးနည်းလမ်းတစ်ခုကို ရလိုက်သည့်အချိန်မှာပဲ TAXIလေးရုံးဝင်းအသို့ ရောက်လာ၏။

"ရတယ်ဦးလေး အဲဒီနားမှာပဲရပ်လိုက်တော့…"

အင်ငင်တံခါးကြီးကို နည်းနည်းကျော်ပြီး ရပ်နိုင်းလိုက်ရ၏။

"အိမ်အထိ လိုက်ပို့ပေးမယ်လေကွာ"

"ရတယ်ဦးလေး… သူပြန်လာတာ အဖေသိလို့မဖြစ်သေးဘူးဗျ… တော်ကြာညကြီးမင်းကြီး ထရိုက်နေမှာစိုးလို့"

"အေး… အေး…"

TAXIလေးက ရုံးဝင်းကြီး၏အပြင်ဘက် လမ်းကြားလေးမှာ ထိုးရပ်၏။

ထိုနေရာလေးသည်၊ ခရေပင်ကြီးတွေရဲ့တစ်ဘက်ခြမ်းမှာမို့ ကျွန်တော့်အိမ်မှ လှမ်းကြည့်လျှင်ဖြစ်စေ…မိကူးတို့အိမ်ကလှမ်းကြည့်လျှင်ဖြစ်စေ… ခရေပင်ကြီးတွေနှင့် ကွယ်နေ၏။

"မင်းညီမ သတိလစ်တာ ကြာလှချေလားကွ"

www.burmeseclassic.com

www.burmeseclassic.com



"သတိရနေပါပြီ ဦးလေးရာ…ကျွန်တော်ဆွမ်းစိုလို့ နေ့ချင်းယောင်ယောင်နေတာနေမှာ…သူကဒီလိုပဲ၊ ရှေ့ဦးလေးကားခ…နှစ်သောင်းကျော်ကျော်လောက်ရှိမယ်ထင်တာပဲ…အကုန်ဘာသယ်သွားလိုက်တော့"

"ကျေးဇူးတင်ပါတယ်သားရာ…ဦးလေး မ၊ ကူရဦးမလား…"

"ရတယ်ဦးလေး… ကျွန်တော်နိုင်ပါတယ်… သွားတော့ဦးလေး ဒီလယ်ကလူပြတ်တယ်။ သိပ်မှောင်သွားရင် မကောင်းဘူး …"

"အေး… အေး… သွားမယ်နော် …"

ကားဆရာကြီးရဲ့ကျေးဇူးတင်တဲ့မျက်လုံးတွေကို ဂရုမထားအား၊ မီကူးကို ပွေ့ချီပြီးရုံးဝင်းထဲ အမြန်ဝင်ခဲ့လိုက်ရ၏။

ခရေပင်တွေနားရောက်တော့ ကြိုတင်ကြံစည်ထားသည့်အတိုင်း သူမကိုမြက်ခင်းပေါ်အသာလေးချပြီး ခရေပင်တွေနောက်မှာ ဝင်ပုန်းနေလိုက်သည်၊

မြက်ခင်းပေါ်မှာ ခွေခွေလေးအိပ်ပျော်နေတဲ့ မီကူးကိုကြည့်ရင်း တလှိုက်လှိုက်ဆူပွက်လာသည့်ဆို့နင့် ကြေကွဲခြင်း၊ ယူကျုံးမရခြင်းတို့က အဆက်မပြတ်သော မျက်ရည်စီးကြောင်းတို့ကို ဖြစ်ပေါ်နေစေတော့သည်။

ဦးဝင်းမြင့်ကို မီမိရှုရဆုံးမခဲ့ရပေမယ့် အားမရ။ အချိန်သာရရင် တစ်စစီဖြစ်သွားအောင် အပိုင်းပိုင်းအတစ်တစ်လှီးဖြတ်ပစ်လိုက်ချင်တာ …

နင်ဘာမှ မသိရှာပါလား မီကူးရယ်…

"ဘာပဲပြောပြော ရင်တော့တုန်တယ်ဟာ…ငါ့ဒီတ်ထဲမှာ တစ်မျိုးကြီးပဲ မနက်ဖန်ကိုကို့ အဖေနဲ့သွားတွေ့ရင် နင်လိုက်ခဲ့ပါလား ကိုကိုရယ်…" တဲ့…

ကြည့်စမ်း… မီကူးက သူနဲ့အဖော်လိုက်ခဲ့ဖို့ ခေါ်ခဲ့သေးတယ်… ငါလိုက်မသွားခဲ့မိတာ။ ဒါ…ငါ့အသုံးမကျလို့ ဖြစ်ခဲ့ရတာ၊ ဟုတ်တယ်… ငါသာ လိုက်သွားခဲ့ရင် ဒီလိုဖြစ်ရမှာ မဟုတ်ဘူး။ ငါ့ကြောင့်… ငါ့ကြောင့်… မီကူး ဒီလိုဖြစ်တာ မင်းကြောင့် ကိုရို…

ကိုယ့်ကိုယ်ကို… နာကြည်းစွာ ဆဲရေးရင်း ခရေပင်ကြီးကိုသာ လက်သီးဖြင့် အဆက်မပြတ်ထိုးနေမိတော့သည်။



အရူးတစ်ယောက်လို အော်ဟစ်ငိုကြွေးပစ်လိုက်ချင်စိတ်တွေကို အံကြိတ်ပြီး ထိန်းထားရ၏။

ထိုအချိန်မှာပင် ကူးကူးနိုင်ဇာစ်ယောက် လူးလွန့်ပြီး နိုးထလာ၏။ ထို့နောက်…လဲလျောင်းနေရာမှ ဆတ်ကနဲထရပ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်နေပြန်၏။ ခဏနေတော့…သူမအိမ်ဘက်ဆီသို့ ပြေးထွက်သွားလေတော့သည်။

ခရေပင်နှင့် သူ၏လက်သီးတို့အကြိမ်ကြိမ်ထိတွေ့နေခြင်းက အင်အားဖြင့်ထန်လှ၏။

ပေါက်ပြဲနေသော လက်သီးတို့မှာ သွေးတို့ဖြင့် ချင်းချင်းနီ၏။

ဒီနေ့ရာကနေ ဘယ်သူမှ မသိအောင် ပြန်လည်ထွက်ခွာဖို့ အင်္ကျီလဲဖို့ကို သတိရတဲ့အခါ…အိမ်ဘက်ဆီအသာလေး လှမ်းလာခဲ့လိုက်ရသည်။

ညနေက အိမ်အပြင်ကြိုးတန်းမှာ လှမ်းထားခဲ့တဲ့ အင်္ကျီအဖြူလေးကို အသာဆွဲယူပြီး ခပ်သုတ်သုတ်ပြေးထွက်ခဲ့ရလေသည်။

လမ်းထိပ်ရောက်တော့ အင်္ကျီပြန်ဝတ်လိုက်ပြီး ခါးကြားတဲမှ သွေးစွန်းနေတဲ့ အင်္ကျီကိုရေမြောင်းထဲ လွှင့်ပစ်လိုက်၏။

အချိန်က ညဆယ့်တစ်နာရီကျော်ကျော်ခန့် ရှိလေပြီ…

နှစ်နာရီဆိုတဲ့ အချိန်လေးတစ်ခုအတွင်းမှာ ဖြစ်ပျက်ပြောင်းလဲသွားတဲ့ အခြေအနေတွေအားလုံးကို သိသူမှာ ကိုရိုတစ်ယောက်တည်းသာဖြစ်တော့၏။

သူ့ရင်ထဲမှာ ဖြင်ပေါ်နေတဲ့ ခံစားမှုအစုစုကိုဖြင့် သူတစ်ယောက်တည်းသာ သိနိုင်ပေလိမ့်မည်။

ညဥ့်နက်တစ်ကောင်၏ ဖူးဖူးဝါးဝါးအော်သံတစ်ချက်…ရုတ်တရက်ထွက်ပေါ်လာ၏၊

ညသည် အေးစက်မာကျောစွာရှိနေဆဲတည်…

www.burmeseclassic.com

www.burmeseclassic.com



( * )

"ဘုရား… ဘုရား…"

ဘယ်လိုပြောလိုက်တာလဲ…

ကိုကို့စကားတွေရဲ့ ဦးတည်ရာက ကျွန်မဘက်ကို လာနေတာ လား…

သေချာပါတယ်။ အတိအကျပြောဘာမဟုတ်ပေမယ့် ကိုကို့မျက် တွေမှာ သံသယရဲ့ အရိပ်အငွေ့တွေလွှမ်းနေတယ်…

ကိုကိုနဲ့ထပ်တူထပ်မျှခံစားနည်းကြေကွဲရပါတယ်…ဆိုတဲ့စကားတွေ မျိုသိပ်ပစ်လိုက်ရ၏။

"ကိုကို… ကူးကူးကို သံသယရှိနေသလား။ ကူးကူးက… ကူး က… ကိုကို့ရဲ့ဖေဖေကို… ကိုယ်တိုင်… ပြောရက်လိုက်တာ…"

"ဒီစကားကို… ကိုကိုလုံးဝမပြောချင်ဘူးကူးကူး…အဲဒါဘာကြောင့် လဲဆိုတော့ ကူးကူးကိုသိပ်ချစ်လို့ပဲ၊ ဒါပေမယ့် အဲဒီညက ဖေဖေနဲ့ကူး အတူတူရှိနေခဲ့တယ်၊ ပြီးတော့ ဘာမှပြောမဆိုပဲ ကူးကူးပျောက်သွားခဲ့တ ကူးကူးကို လိုက်ရှာရင်း ဖေဖေအဖြစ်ဆိုးကို ကြုံတွေ့လိုက်ရတာအခု ကူး ပြောနေတဲ့ စကားတွေကလည်း အဆက်အစပ်မဲ့နေတယ်…အဓိပ္ပါယ်ကို ကိုကို့ကို ဘာဖြစ်လို့ပြောသွားတာလဲ… အဲဒီညက ကိုကိုပြန်ပို့ပေး သေသေချာချာပြောခဲ့တယ်လေ…"

မြင့်မိုရ်ရဲ့အသံက သံသယစိတ်တို့ကြောင့် အေးစက်မာကျော



"ပြော့လေ ကူးကူး…ကိုကိုပြန်ပို့မှာကိုသိလျက်နဲ့ ဘာလို့မပြောမဆို ပြန်သွားတာလဲ"

"အဲဒါကိုပဲ စဉ်းစားနေတာကိုကို…ကူးကူးဘာမှနားမလည်တော့ဘူး။ ကိုကိုဖေဖေနဲ့ မိတ်ဆက်ပေးပြီးတော့ ကိုကိုဘာလို့ ပြန်ထွက်သွားရတာ လဲ…"

"အဲဒါဖေဖေမှာထားလို့လေ…ကူးကူးနဲ့နှစ်ယောက်တည်း အေးအေးဆေး ဆေး ခွေးနွေးချင်တယ်ဆိုလို့ စိတ်ချလက်ချထားခဲ့တာ။ အဲဒါဖေဖေစီစဉ်တာပဲ"

"ကူးကူးတော့ ဘာမှမပြောတတ်တော့ဘူး။ ကိုကိုထွက်သွားတော့ ကိုကို့ဖေဖေနဲ့ ကူးကူးဒုတိယထပ်ကဧည့်ခန်းမှာ ထိုင်ကြတယ်။ ကိုကို့ဖေဖေ က ကူးကူးကို အအေးတစ်ခွက်တိုက်တယ်။ အဲဒီနောက်ပိုင်းမှာ ဘာတွေဖြစ် ကုန်လဲ မသိတော့ဘူး။ ကူးကူးတော့အိပ်ပျော်သွားတယ်ထင်တာပဲ…ထူးဆန်း တာက ကူးကူးသတိရတဲ့အချိန်မှာ ခရေပင်တွေအောက်ကိုပြန်ရောက်နေတယ်။ ဟောဒီမြက်ခင်းပေါ်မှာ လဲကျနေတာ ကိုကို…တကယ်ကို ထူးဆန်းတယ်။ ကိုကိုတို့ အိမ်ကနေ ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်လာသလဲဆိုတာ ကူးကူးလည်း မပြောတတ်တော့ဘူး"

အဓိပ္ပါယ်မဲ့သော အဆက်အစပ်မဲ့နေသော သူမစကားတွေကို မြင့်မိုရ်မယုံ။ သူသိတာက ဖအေနဲ့ချစ်သူကို အေးအေးဆေးဆေးစကားပြောစေချင်လို့ နှစ်ယောက်တည်း ထားပစ်ခဲ့ခြင်းပဲဖြစ်သည်။

"ဖေဖေ ဒီကောင်မလေးကို သဘောကျပါတယ်။ ဒါပေမယ့် အေးအေး ဆေးဆေးနှစ်ယောက်တည်းတွေ့ပြီး လေ့လာချင်သေးတယ်"… ဆိုတဲ့ ဖခင်ရဲ့ စကားကြောင့်၊ ခြံထဲမှာလည်း ဧည့်ခံစရာတွေရှိနေတာကြောင့် ပြန်ထွက်လာ ခဲ့မိခြင်းဖြစ်သည်။

သူငယ်ချင်းတွေရဲ့ တောင်းဆိုမှုကြောင့် သီချင်းတွေတစ်ပုဒ်ပြီး တစ်ပုဒ် တက်ဆိုရင်း အချိန်တော်တော်ကြာသွားခဲ့သည်။

စင်ပေါ်က ဆင်းလာတော့လည်း မူးပြီးရစ်နေတဲ့ သူငယ်ချင်းတွေကို အဆင်ပြေအောင်ဧည့်ခံလိုက်…ပြန်သည့်ဧည့်သည်တွေကို နှုတ်ဆက်လိုက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကူးကူးကို မေ့သွားခဲ့ရသည်။ သူငယ်ချင်းတွေ ပြန်သွားမှ ကူးကူးကို သတိရ၏။ ကူးကူးကို ပြန်ပို့ဖို့ သွားခေါ်သည့်အချိန်မှာ ဖခင်ဖြစ်သူရဲ့ အဖြစ်ဆိုးကို ကြုံတွေ့လိုက်ရခြင်းဖြစ်သည်။

ထိုအချိန်မှာ ကူးကူး ပျောက်ခြင်းမလှပျောက်နေ၏။

ကူးကူး ဖေဖေ့ကို ရက်ရက်စက်စက် သတ်သွားတယ်ဆိုတဲ့ အတွေးကို တွေးကြည့်လို့တောင်မရ…

လုံးဝမဖြစ်နိုင်ဘူး။ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတဲ့ အသိနဲ့ချစ်သူဆိုတဲ့ အသိကြောင့် ရဲတွေစစ်ချက်ယူတုန်းက ကူးကူးနဲ့ ဖေဖေအတူတူရှိနေခဲ့ခြင်းကို ထိန်ချန်ထားခဲ့မိပေမယ့် ကူးကူးကို သံသယစက်ဝန်းထဲကလည်း ဆွဲထုတ်လို့မရနိုင်ခဲ့။

ရင်ထဲမှာ ဖေဖေ့အတွက် ယူကြုံးမရဖြစ်ခြင်းတို့နှင့် ချစ်သူ့အတွက် ခံစားရခြင်းတို့ လှိုမ့်ဆွဲနေကြ၏။

ဖေဖေမရှုမလှသေဆုံးသွားတဲ့အချိန်မှာ သူမဘာဖြစ်လို့ မပြောမဆိုပဲ ပြန်သွားခဲ့ရတာလဲ။ ပြီးတော့ သူမပြောနေတဲ့စကားတွေ မှုမမှန် အဆက်အစပ်မရှိ။ ထို့ကြောင့် ကြေကွဲခြင်း ဝမ်းနည်းခြင်း နားလည်ရခက်ခြင်း ပြဿနာရဲ့ အဖြေကိုရှာမရနိုင်ခြင်း သံသယရဲ့အဖြေကို မရှာရဲခြင်းတို့ကို ရင်ထဲမှာဆိုးရွားစွာ ခံစားနေရလေသည်။

"အဲဒီနေ့က ဖေဖေနဲ့ ကူးကူးစကားများကြသေးလား"

ကူးကူးက မြင့်မိုရ်မေးတာကို ပြန်မဖြေပဲ ငြိမ်နေ၏။

"ကိုကိုမေးတာဖြေလေ ကူးကူး။ ဖေဖေများ ကူးကူးကိုနစ်နာအောင် တစ်ခုခုပြောခဲ့သေးလား…"

"ဟင့် အင်း ကိုကို့ဖေဖေဘာမှ မပြောဘူး ပြုံးပြုံးရွှင်ရွှင်ပဲ။ ကူးကူးကို 'သမီး' လို့တောင် ခေါ်နေလိုက်သေးတယ်…"

အမှန်အတိုင်းပြောတာကို..ကိုကိုလက်ခံပုံမရ…

ကျွန်မကို မျက်မှောင်ကြီးကျုံ့ပြီးကြည့်နေ၏။



သံသယရဲ့ အငွေ့အသက်တွေ လွှမ်းနေတဲ့ ကိုကို့မျက်လုံးတွေကို လုံးဝသဘောမကျ…

"တောက်… ရက်ရက်စက်စက်လုပ်သွားတာကွာ တစ်သက်မကျေဘူး"

နောက်တစ်ကြိမ် ဝေ့ဝဲလာတဲ့သံသယမျက်လုံးတွေကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပစ်လိုက်မိတော့သည်။

ဘာအမှားအယွင်းမှ မရှိခဲ့တဲ့ ကျွန်မအတွက် ကိုကို့မျက်လုံးတွေကို ဘာလို့ရင်မဆိုင်ရဲစရာ ရှိသလဲ…

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး စူးစူးစိုက်စိုက်ကို ပြန်ကြည့်ပစ်လိုက်ခြင်းပါ…

ထိုအခါ ကိုကို့မျက်ဝန်းတွေထဲက သံသယဆိုတဲ့ အလှပါးပါးဖြင့် ဖုံးကွယ်နေသော ချစ်ခြင်းမေတ္တာရဲ့အရိပ်အယောင်တွေကို မြင်၏။

ကိုကို့ နှုတ်ခမ်းပါးလေး တဆတ်ဆတ်တုန်ပြီး တဖြည်းဖြည်း ပြည့်လျှံလာတဲ့ မျက်ရည်တို့ စီးကျလာတဲ့အခါ ရင်ထဲမှာ ကျဉ်ကနဲနာ၏။

"ကိုကိုရယ်…"

မျက်ရည်တွေသုတ်ပေးဖို့ လက်လှမ်းလိုက်တဲ့အခါ ကိုကိုနောက်သို့ တစ်လှမ်းဆုတ်ပြီး ရှောင်၏။

ရင်ထဲမှာ နင့်ကနဲခံစားလိုက်ရလေသည်။

"ကိုကို… ဖေဖေ့ကို ကူးကူးသတ်တယ်လို့ ထင်နေလားဟင်…"

ထိုစကားကြောင့် မြင့်မိုရ် အံကြိတ်၏။

"အမှန်အတိုင်းပြောရရင် ငါ့သံသယအရှိဆုံးလူဟာ မင်းပဲကူးကူး"

အသက်ရှူခြင်းတို့ ရပ်တန့်သွားမတတ် ထိတ်လန့်သွားရတော့သည်။

ကိုကို့လေသံတွေက စိမ်းကားပြတ်သားနေလိုက်တာ…

"ဒါပေမယ့်… အဲဒီသံသယကို ငါဘယ်လိုမှ လက်ခံလို့မရဘူးဖြစ်နေတယ်။ အဲဒါဘာဖြစ်လို့လည်းဆိုတော့ ငါမင်းကို နင့်နေအောင်ချစ်နေမိတုန်းပဲ ကူးကူး။ အေးလေ… အဖြေမှန်ဆိုတာ တစ်ချိန်တော့ပေါ်လာစမြဲပဲ တရားခံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာလို့ကတော့ ဘယ်သူဖြစ်ဖြစ်ငါလုံးဝခွင့်မလွှတ်ဘူး။ တရားခံမပေါ်မချင်း မင်းနဲ့ငါနဲ့ ဓာတ်လမ်းကိုရောက်တဲ့နေရာမှာပဲ ရပ်ထားလိုက်တယ်ကူးကူး… အဲဒါကို မင်းနားလည်ပေးပါ။ နားမလည်ရင်လည်း ငါဘာမှတတ်နိုင်ဘူး။ အိုကွာ မင်းကိုငါဖြတ်တယ် ကူးကူး ငါမင်းအတွက် ဘယ်လောက်ပဲခံစ ရပါစေ လည်စင်းခံမယ်ကွာ…ဒါဟာမရှုမလှသေဆုံးခဲ့ရတဲ့ ငါ့အဖေအတွက် ထိုက်တန်တဲ့ ပေးဆပ်မှုလို့ ငါသတ်မှတ်တယ်…"

ပြောရင်း ပြောရင်း အဆက်မပြတ်စီးကျနေသော မျက်ရည်တို့က သူ့ရင်မှ သူမအပေါ်ထားရှိတဲ့ မေတ္တာတရားတွေရဲ့ ထုထည်ကိုဖော်ပြနေကြလေသည်။

ဤသည်ကို ကူးကူးမြင်၏။ နားလည်းလည်၏။

"ကောင်းပြီကိုကို…ကူးကူးအားလုံးကို နားလည်တယ်။ ဒါပေမယ့် ဒီး တိုင်းတော့ မနေနိုင်ဘူး။ သံသယတွေကို ကူးကူးလုံးဝမခံစားနိုင်ဘူး၊ ကူးကူ ကိုကို့ကို ဘယ်အရာနဲ့မှ မလဲနိုင်အောင် ချစ်ခဲ့တာပါ ကိုကို။ ဒီဘဝမှာ ကို ကလွဲပြီး ဘယ်သူ့ကိုမှလည်း ချစ်သူအဖြစ်မသတ်မှတ်နိုင်ပါဘူး။ လက်လှ မခံနိုင်ဘူး။ အဲဒီတော့ သံသယကင်းစွာနဲ့ ကိုကိုပြန်လာမယ့်နေ့ကို သံသ ရပ်ဝန်းထဲကနေ အေးအေးဆေးဆေးထိုင်စောင့်နေမယ်လို့ ကိုကိုထင်လား…"

"အဲဒီတော့ မင်းဘာလုပ်ချင်လဲ ကူးကူး"

"ကူးကူး ရဲစခန်းမှာသွားပြီးအစစ်ခံမယ် ကိုကို"

သူမစကားကြောင့် မြင့်မိုရ်ထိတ်လန့်သွား၏။

"ဘာ… မင်းဘာပြောလိုက်တယ်"

"ဟုတ်တယ် ကိုကို… ဒါအကောင်းဆုံးပဲ။ ကူးကူး ကိုကို့အပေ လုံးဝမသတ်ဘူး။ သတ်ဖို့မပြောနဲ့ နာကျင်အောင်လုပ်ဖို့ စိတ်ကူးလေးနဲ့တော မတွေးဖူးဘူး။ ကိုကို့ဖေဖေပြောသမျှ ငုံခံမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကို အိမ်ကို လိုက်လာခဲ့တာပါ ကိုကို…အဲဒါ သစ္စာစကားပါ၊ ဟင်း… တကယ်လို့ ကူးကူးကို တရားခံလို့ သတ်မှတ်ပြီး ဖမ်းလိုက်မယ်ဆိုရင်လ အဖမ်းခံလိုက်မယ်။ အဲဒါကို ချစ်ခြင်းအတွက် ထိုက်တန်တဲ့ ဆုလာဘ် ကျေနပ်စွာ ခံယူလိုက်ပါမယ်"



ပြောပြီးသူမချာကနဲလှည့်ထွက်၏။

"မသွားရဘူး…"

မြင့်မိုရ်က သူမကိုလျှင်မြန်စွာ ဖမ်းချုပ်ထားလိုက်လေသည်။

သူမက ရွတ်အတင်းရုန်းကန်၏။

"မသွားရဘူး"

"လွှတ်စမ်း ကိုကို… သံသယမီးတောက်တွေ တမြေ့မြေ့လောင်မြိုက်နေတာ ကူးကူးမခံစားနိုင်ဘူး။ ဘာဖြစ်ဖြစ် ကူးကူးရင်ဆိုင်ရဲတယ်"

"မင်း မသွားရဘူး… ကူးကူး"

မြင့်မိုရ်သူမကို ရင်ခွင်ထဲဆွဲသွင်းပြီး တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်တော့သည်၊

ထို့နောက် သူမမျက်နှာလေးကို လက်နှစ်ဖက်နှင့် ချုပ်ကိုင်ပြီး ငယ်ထိပ်လေးကို ဖိနမ်း၏။ သည်းထန်စွာ ငိုကြွေး၏။

ထိုအခါ ကြေကွဲခြင်းမျက်ရည်တို့ သူမဆံပင်တွေမှာ စွန်းထင်သွားကြလေသည်။

"မသွားပါနဲ့ ကူးကူးရယ် မသွားပါနဲ့။ မင်းကိုငါ အဲဒီလိုမမြင်ရက်ဘူး ငါ့ကို ရင်ကွဲအောင်မလုပ်ပါနဲ့။ မင်းရဲ့သိက္ခာနဲ့ နာမည်တစ်လုံးအတွက် ငါ့ရင်ထဲက ချစ်ခြင်းမေတ္တာအတွက် အဲဒီလိုလုပ်ဖို့ လုံးဝခွင့်မပြုဘူး၊ ရဲတွေလာစစ်တုန်းကတောင် ဒီအကြောင်းတွေဖွင့်မပြောခဲ့တာ မင်းအတွက်ပါကူးကူး··သံသယတွေထဲက မင်းကိုဆွဲမထုတ်နိုင်သေးပေမယ့် ဒီကိစ္စဟာ မင်းနဲ့ လုံးဝမပတ်သက်ဘူးလို့ ငါ့နှလုံးသားတွေက သိနေတယ်။ ငါဘာမှမလုပ်တတ်တော့ဘူး ဘာမှ ယည်းမ တွေးတတ်တော့ဘူး။ မင်းသာရဲစခန်းရောက်သွားမယ်ဆိုရင် ငါသေ သိမ့်မယ် ကူးကူးရယ်… ငါ့ကိုသနားပါဦး"

"ဒီအတိုင်းနေရင်လည်း နှစ်ယောက်လုံးသေဆုံးနေမှာပဲ မဟုတ်လား။ ကိုကိုဘယ်လောက်ခံစားနေရမယ်ဆိုတာ ကူးကူးနားလည်တယ်။ ဒါပေမယ့် ပံသယတွေရဲ့ လောင်မြိုက်ခြင်းတွေခံနေရတဲ့ ကူးကူးက ကိုကို့ထက်ပိုဆိုးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်.. ကူးကူးအတွက် ဘာမှမငဲ့နဲ့။ ကူးကူးရဲ့စခန်းမှာ အစစ်ခံလို့ နားအေးမှာပါကိုကို... လွှတ်ပါ"

"မလွှတ်ဘူး။ မင်းလုံးဝမသွားရဘူး"

သူမအတင်းရုန်းကန်၏။

ချုပ်ကိုင်ထားတဲ့လက်တွေကို ဆွဲအယ်၏။

သို့သော် မြင့်မိုရ်ကလွှတ်မပေး...

သူမ ဘယ်လိုမှ ရုန်းထွက်လို့မရတဲ့အခါ မြင့်မိုရ်ရဲ့လက်ဖျံကို ကုန်းကိုက်လိုက်တော့သည်။

ရှိသမျှအင်အားတို့ဖြင့် အားကုန်ဖိကိုက်ပစ်လိုက်ခြင်းပေါ့။

ငံမြမြ စေးပျစ်ပျစ်အရည်တို့ ပါးစပ်ထဲမှာလျှံလာမှ သတိဝင်၏။

"ဟင်... ကိုကို"

မြင့်မိုရ်တစ်စက်လေးမှမအော်၊ နာကျင်မှုကိုအံကြိတ်ပြီးခံနေ၏။ သွေးတွေကျ မှာသွားရာတို့အကွင်းလိုက်ထင်၏။

သွေးစက်တို့ စီးကျနေတဲ့ဒဏ်ရာကိုကြည့်ပြီး သူမ ကြောင်နေမြဲ...

"ကိုကို... ကိုကိုရယ်..."

ချစ်သူရဲ့ရင်ခွင်မှာ တိုးဝင်ပြီး သူမသည်းထန်စွာငိုကြွေးပါတော့သည်...

"မင်းကို ငါစကားတစ်ခွန်းပြောခဲ့မယ်ကူးကူး..အဲဒါငါ့ရဲ့သစ္စာစကား ကိုယ့်ဘာသာအေးအေးဆေးဆေးပဲနေပါ။ အချိန်တန်ရင် တရားခံပေါ်လာမှာပဲ..မင်းရဲ့စခန်းကိုသွားတဲ့နေ့ဟာ ငါသေတဲ့နေ့ပဲ၊ ငါ့ဘဝက မထူးတော့ဘူးကူးကူး၊ မေမေမရှိတဲ့ မင်းမရှိတဲ့ဘဝကို ဘယ်နည်းနဲ့မြဲ အဆုံးသတ်ဖို့ ဝန်မလေးတော့ဘူး။ မင်းအတွက် မင်းသိက္ခာအတွက် ငါ ဖို့ ဝန်မလေးဘူးကူးကူး..မင်းခြံမြဲမှတ်ထား။ ကောင်းပြီလေ... မင်း သလိုလုပ်ပါ...မင်းလက်ထဲမှာ ငါ့ရဲ့သေခြင်းတရားကို အပ်ခဲ့တယ် တော့ မမေ့နဲ့ကူးကူး"



မြင့်မိုရ်ဟာ သူမကို တင်းကျပ်စွာ ချုပ်ကိုင်ထားတဲ့ လက်တွေကို ပြန်ဖြေပေးလိုက်၏။

ထို့နောက် သူမမျက်နှာလေးကို ဖေးဖေးမှုပင့်ကိုင်ပြီး...စေ့စေ့ကြည့်လိုက်ပါသည်။

"မှတ်ထား ကူးကူး..ငါ့အမေကို သတ်တဲ့လူဟာ မင်းဖြစ်နေခဲ့ရင်တောင် အဲဒီအတွက် မင်းဘာနစ်နာမှုမှမရှိစေရဘူး၊ဒါဟာ ငါ့ရဲ့ချစ်ခြင်းသက်သေပဲ။ မမေ့နဲ့နော်... မင်းရဲ့စခန်းကိုသွားတဲ့နေ့ဟာ ငါသေတဲ့နေ့ပဲ။မင်းကိုငါသိပ်ချစ်တယ်"

မြင့်မိုရ်ကတင်းမာပြတ်သားတဲ့စကားကိုပြောပြီး ခြေလှမ်းကျဲတွေနှင့် ပြန်ထွက်သွားလေသည်။

အားငယ်ခြင်း ကြောက်ရွံ့ထိတ်လန့်ခြင်း ဝမ်းနည်းခြင်းများနှင့် သွေးပျက်စွာ ကျန်ရစ်ခဲ့သူက သူမဖြစ်၏။

"ကိုကို..."

ချစ်သူရဲ့ခြေလှမ်းတွေကို တားဆီးနိုင်စွမ်းတို့ ကင်းမဲ့နေ၏။

အလုံပိတ်အခန်းတစ်ခုထဲကို ရောက်သွားသလို မွန်းကျပ်မှုတွေကို ခံစားလိုက်ရ၏။ နှလုံးသားကို..အနာဂတ်တစ်ခုလုံးကို..အို... အရာအားလုံးကို ပိန်းပိန်းပိတ်အောင် မှောင်နေတဲ့ အမှောင်ထုကြီး ဖုံးလွှမ်းသွားခဲ့ရပါပြီ။

အလင်းရောင်ဘယ်မှာလဲ...

ထွက်ပေါက်ဘယ်မှာလဲ...

ကျွန်မအတွက်ထွက်ပေါက်ဘယ်မှာလဲ...

"ကိ..စို..ရေ... ... ..."

www.burmeseclassic.com

www.burmeseclassic.com



( * )

အိမ်မပြန်တာတစ်လလောက်ရှိပြီ။

ဦးဝင်းမြင့်ရဲ့ နာရေးကြော်ငြာကို သတင်းစာမှာဖတ်လိုက်ရတော့ တော်တော်ပျော်သွားခဲ့၏။

လူယုတ်မာတစ်ယောက်အတွက် ထိုက်တန်စွာပေးခဲ့သည့်အပြစ်ဒဏ်။ နည်းတောင်နည်းနေသေးသည်ဟု ထင်မိသည်။

တကယ်ဆို တရိရိနဲ့ ဖြည်းဖြည်းချင်းညှင်းပြီး သတ်ရမှာဟုတော့ တွေးမိ၏။

သို့သော် တဖြည်းဖြည်းနဲ့ သွေးအေးလာတဲ့ အချိန်ကျတော့…လူ ယောက်ကို ရက်ရက်စက်စက်သတ်ခဲ့မိတဲ့အပြစ်က စိတ်တွေကို ခြောက် နေစေပြန်သည်။

ရင်ထဲမှာ မိကူးအတွက်ကလဲ့စားချေခဲ့လိုက်နိုင်လို့ ကျေနပ်နေတဲ့စိတ် ကတစ်လှည့်၊ ကိုယ့်ကိုယ်ကိုယ် လူသတ်သမားလို့ ပြန်မြင်နေပြီး တုန်လှုပ် စိတ်တွေကတစ်လှည့် ဆိုးရွားစွာခံစားနေရ၏။

စိတ်တွေအရမ်းခြောက်ခြားလာတဲ့အခါ စိတ်ထိန်းသည့်အနေနှင့် အ သောက်မိ၏။

မိကူးတစ်ယောက်တော့ ဘယ်လိုနေမည်မသိ…

တန်ဖိုးမဲ့စွာ ရက်ရက်စက်စက်နူးခြွေခံလိုက်ရသော ပန်းလေးတ အကြောင်းကို စဉ်းစားမိတိုင်း မခံမရပ်နိုင်အောင် ခံစားကြေကွဲရသော



နှမြောတသသပူကျူးမရ စိတ်တို့ရင်နှင့်မဆန့်တော့…

အိပ်မက်ဆိုးတွေ နှိပ်စက်ခြောက်လှန့်သည့်ညတွေ မရေတွက်နိုင်တော့… "ဖြစ်မှဖြစ်ရတယ်မိကူးရယ်"… လို့ မချိတင်ကဲ ရေရွတ်မိတာအကြိမ် ကြိမ်…

"ဘာပဲပြောပြော ရင်တော့တုန်တယ်ဟာ… ငါ့စိတ်ထဲမှာတစ်မျိုးကြီးပဲ။ မနက်ဖန် ကိုကြီးအဖေနဲ့ သွားတွေ့ရင် နင်လိုက်ခဲ့ပါလား ဂီဇိုရယ်…"

ဆိုတဲ့စကားသံလေးကို ပြန်ကြားတိုင်း မျက်ရည်တွေထိန်းလို့ မရနိုင် ခဲ့…

မိဘူးရယ်… အဲဒီနေ့မှာပဲ ငါတို့သိပ်ပျော်ခဲ့ကြသေးတာနော်… …

နံနက်လေးမှာရှိကျော်ကျော်အချိန်ကို ရောက်နေပြီဖြစ်သော်ငြားလည်း ကျွန်တော် မအိပ်နိုင်သေးပါ…

ကျန်နေသေးတဲ့ သူရာရည်တွေကို ခွက်ထဲပင်မထည့်တော့ပဲ ပုလင်း လိုက်မော့ချပစ်လိုက်သည်။

'အရက်' ဆိုတဲ့ အရည်တွေဟာ မူးဝေစေတဲ့သတ္တိတွေအပြင် 'အတိတ် တွေ'ကိုပါ မေ့သွားစေသည့် အစွမ်းတွေရှိနေလျှင် ကောင်းမည်ဟု တွေးမိ၏။

ပုလင်းထဲမှာ သောက်စရာအရက်မကျန်တော့…

မျက်လုံးတွေက အိပ်စက်ဖို့ကို မေ့လျော့နေကြသည်ထင့်…

အခန်းထဲမှာ အိပ်ပျော်နေတဲ့ ဆရာဦးဖြူစင်၏ ဟောက်သံသဲ့သဲ့ကိုကြား နေရ၏။

နိုးလျှင်စွာဖြင့် ကြမ်းပြင်ပေါ်သို့ လှဲချလိုက်မိသောအခါ မှုန်ပျပျမီးသီးလေး တစ်လုံး ချောတော့စွာ လင်းနေသည့်မျက်နှာကြက်တွင် မိကူးကိုမြင်၏။

အဲဒါ… အဆိပ်သင့်ခဲ့ရတဲ့ ပန်းလေးတစ်ပွင့်ဘဲ့လား…

"နင်… ကံဆိုးလိုက်တာ မိကူးရယ်…"

အပြစ်ကင်းစင်လွန်းလှတဲ့ မိကူးမျက်နှာလေးကို မမှိတ်မသုန် ငေးကြည့် နေရင်းမှ ငိုရှိုက်ခြင်းမဲ့စွာသော မျက်ရည်တို့မျက်ဝန်းအိမ်တွင် ပြည့်လျှံလာ ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



နာကျင်ခြင်းတွေကြောင့် နှလုံးသားတွေ တသသဆဆ ခါလာကြသည်တွင် တစ်စုံတစ်ခုကို ဖျောက်ကာနဲ့ သတိရလိုက်၏။

ထိုအခါ ပူလောင်သော စိုးရိမ်စိတ်တို့ ကမ်းကိုယ်လုံးသို့ တစ်ခုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။

"မိကျူး..."

ထိတ်လန့်စွာ ရေရွတ်ရင်းခေါက်ကာနဲ့ ထထိုင်မိ၏။

မိကျူး... မိကျူးမှာ.. တကယ်လို့များ မိကျူးမှာ ကိုယ်ဝန်ရှိလာခဲ့မယ်ဆိုရင်...

"ဘုရား... ဘုရား..."

မိကျူးရဲ့... နာမည်တစ်လုံး...

မိကျူးရဲ့... သိက္ခာတရား...

ပြီးတော့... မိကျူးအသက်လက်ရှင်သန်ရမည့်ဘဝ...

ဒါဟာ.. ဒါဟာ.. မိကျူးကို ဘဝတစ်ခုလုံးနဲ့ချီပြီး မရှုမလှဆုံးရှုံးပျက်စီးသွားစေမယ့်ကိစ္စ... သေချာတယ်...

မိကျူးက ဘာဆိုဘာမှ မသိ..

ပကတိ အဖြူသက်သက်...

အိုး... ဒုက္ခတွေရောက်ကုန်တော့မှာပါလား...

ငါ ဘာလုပ်ရမလဲမိကျူးရေ...



( * )

"ဘာလုပ်ရရင်ကောင်းမလဲ..."

"ငါဘာလုပ်ရမလဲ..." ဆိုတဲ့ အတွေးများနှင့်သာ နေ့ရက်များကို ခါးသီးစွာ ဖြတ်သန်းနေရ၏။

ထိုအတွေးတို့နှင့် မိုးစင်စင်လင်းခဲ့သော နေ့ရက်တွေ ဆက်လာခဲ့သော်ငြား ဘာလုပ်ရမယ်ဆိုတဲ့အဖြေကို မရနိုင်သေး...

အိပ်ခက်ခြင်းတို့နှင့် ဝေးကွာခဲ့တာ ကြာပြီ...

ဒီညလည်း အိပ်ဖြစ်ဦးမည် မထင်..

ကောင်းကင်မှာ ကြယ်ပွင့်အချို့ကို ခပ်ကျဲကျဲသာတွေ့ရ၏။

ပန်းဆိုးတန်းဂုံးကျော်တံတားကြီးနှင့် ပတ်ဝန်းကျင်တစ်ခုလုံးက အေးချမ်းငြိမ်သက်စွာ လဲလျောင်းအိပ်မောကျနေ၏။

ညဉ့်နှစ်ရီခန့်အချိန်ဆိုတော့ လူခြေလည်းတိတ်ပြီပေါ့...

ငါ... ဘာလုပ်ရမလဲ...

ကောင်းကင်မှာ လင်းလက်စွာနေရာယူနေတဲ့ ကြယ်ကလေးတစ်ပွင့် အရောင်မှိန်မသွားအောင်၊ ကြွေကျမသွားအောင်.. ငါ... ဘာလုပ်ရမလဲ...

မိကျူးကို ဖွင့်ပြောလိုက်ရင် ကောင်းမလား...?

မဖြစ်ဘူး...

ဒီကိစ္စတွေ မိကျူးသိသွားလို့မဖြစ်ဘူး...

ဒီကိစ္စကိုသိသွားရင်...

မိကျူးနှလုံးသားတွေ ကွဲကြေကုန်တော့မှာ...

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကိုသာ သိသွားရင် အရှက်စိတ်က မိကျူးရဲ့အသက်ကိုတော နုတ်ယူသွားနိုင်တယ်…

ပြီးတော့… မိကျူးဟာ ဘဝကိုရှုတ်နှာပြောင်တိုက်ပြီး တည်ဆောက်ပ မိန်းမမျိုးမဟုတ်ဘူး…

မိကျူးမှာ အဲဒီလိုသတ္တိတွေလည်း မရှိဘူး…

သူ့ကိုယ်သူအံ့ဩနှန်းအထင်းကောင်းအောင် အမြဲကြိုးစားနေခဲ့တဲ့မိကျူးပ ဒီကိစ္စကိုသိသွားရင်… သေတောင် သေသွားနိုင်တယ်…

ပြီးတော့ ကိုမြင့်မိုရ်…

မိကျူးကို သိပ်ချစ်တဲ့၊ မိကျူး သိပ်ချစ်တဲ့… ကိုမြင့်မိုရ်…

ဒီကိစ္စကိုသာ သိသွားရင်… မိကျူးဟာ ဘယ်လိုမျက်နှာမျိုးနဲ့ ကိုမြင့်မိုရ် ရင်ဆိုင်မှာလဲ…

ကိုမြင့်မိုရ်ကရော… ဘယ်လို အခင်အားမျိုးနဲ့ မိကျူးကို မျက်နှာချင်း မှာလဲ… ဘယ်လို နားလည်မှုမျိုးတွေ၊ ဘယ်လို မြင့်မြတ်မှုမျိုးတွေနဲ့ မိ ကို တာဝန်ယူနိုင်မှာလဲ…

သေချာတယ်… မိကျူးနဲ့ ကိုမြင့်မိုရ်ရဲ့ အနာဂတ်ဘဝခရီးဟာဘယ် မလှ ပနိုင်တော့ဘူး…

ဒါဆိုရင်… တင်းယောက်ကိုတင်းယောက်သိပ်ချစ်ကြတဲ့ချစ်သူနှစ်ယော ဟာ… ဒီအဖြစ်ဆိုးကြီးကြောင့်ခေါကြရတော့မှာလား…

ရင်ခုန်သံတွေရဲ့ဂုဏ်ပင်ဟာဒီလိုအဖြစ်ဆိုးကြီးကြောင့်ရုစရာမရှိအော ထင်းညစ်ထေးကြရတော့မှာလား…

မဖြစ်ရဘူး…

ဒါတွေအားလုံး ဖြစ်မလာသေးဘူး…

ဒါဆို… ငါဘာလုပ်ရမလဲ… စဉ်းစားစမ်း… စဉ်းစားစမ်း…

… …

အဖြေတစ်ခုခုမရခင်မှာပင် အရှေ့ကောင်းကင်မှ အရုဏ်ဦးအလင်း တို့ကို မြင်တွေ့လိုက်ရ၏။

❀ ❀ ❀ ❀ ❀



( ၂ )

ကောင်းကင်တွင် မပီပြင်လင်းလက်နေသော ကြယ်ပွင့်အနည်းငယ်ကို သာ မြင်တွေ့ရတော့၏။

ညဥ့်နှစ်နာရီကျော်ပြီဆိုတော့ လူခြေလည်းတိတ်ပြီပေါ့…

အေးမြသောလေပြည်တို့ဆော ဝဲတိုက်ခတ်နေသော်ငြားရင်ထဲမှာ ငြိမ်းချမ်းမှု တို့ ကင်းမဲ့နေ၏။

ရင်ထဲမှမီးတောက်တို့က အားကောင်းစွာတောက်လောင်နေဆဲ…

"ငါ… ဘာလုပ်ရမလဲ…?"

လန်းဆန်းစွာ ဖူးပွင့်ခဲ့တဲ့ ပန်းလေးတစ်ပွင့် ညှိုးနွမ်းမသွားအောင်၊ ပွင့်ဖတ်လေးတွေကြွေကျမသွားအောင်… ငါဘာလုပ်ရမလဲ…

ဒီကိစ္စကို… ကိုမြင့်မိုရ်ကို ဖွင့်ပြောလိုက်ရင်ကောင်းမလား…?

ဟုတ်တယ်… ကိုမြင့်မိုရ်က ဆရာဝန်…

တကယ်လို့ ကိုမြင့်မိုရ်ဟာ မိကျူးအပေါ်မှာစာနာနားလည်ခဲ့မယ်ဆိုရင်… ကြိုတင်ကာကွယ်နိုင်တဲ့ နည်းလမ်းတွေရှိနေတယ်…

ဒီကိစ္စကို… ကိုမြင့်မိုရ်ကိုင်တွယ် ဖြေရှင်းနိုင်တာသေချာတယ်…

ဒါပေမယ့်… ကိုမြင့်မိုရ်ဟာ ဆရာဝန်မပီသတဲ့ အဲဒီလိုအလုပ်မျိုးတွေကို လုပ်ပါ့မလား… မလုပ်မှာသေချာတယ်…

ပြီးတော့… ကိုမြင့်မိုရ်နှလုံးသားမှာ တစ်သက်စာမျောက်ဖျက်မရနိုင်စွာ ဖွဲ့ထင်သွားမယ့်အကျည်းတန်ဆုံးဒဏ်ရာတွေ…

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး… ဒီနည်းလမ်းကို သုံးလို့မဖြစ်ဘူး…

မိကုးနဲ့ ကိုမြင့်မိုရ် တည်ဆောက်မယ့် အနာဂတ်ကမ္ဘာလေးမှာ စက်ဆုပ်ရွံရှာစရာကောင်းတဲ့ အမာရွတ်တွေရှိမနေရဘူး…

မိကုးလျှောက်မယ့် အနာဂတ်ခရီးဟာ… ရှင်းနုန့်ဖြတ်နီးခြင်းတွေ၊ ရွှင်ခြင်းတွေ၊ ငြိမ်းချမ်းခြင်းတွေ အတိပြီးနေတဲ့လမ်းမျိုးပဲ ဖြစ်ရမယ်…

အဲဒီတော့…

ငါ… ဘာလုပ်ရမလဲ… … … … …

ငါ… ဘာလုပ်သင့်သလဲ… … … …

စဉ်းစားရင်း စဉ်းစားရင်း ခေါင်းထဲမှာ ရှုတ်ထွေးနောက်ကျိလာ၏။

ရင့်ထဲမှာ လောင်ကျွမ်းနေသော မီးတောက်တို့ ငိုနိုင်ခြင်းထက် လောင်ကျွမ်းနေဆဲ အချိန်မှာပင် ကျေးငှက်တို့၏ အိပ်တန်းသွက် နိုးထသံ… ကို ကြားလိုက်ရ၏။

* * * * *



( * )

ကြယ်ရောင်မလင်း "လ" မထွက်သော ကောင်းကင်ပြင်တွင် မိုးသားတိမ်မျှင်တို့ ခပ်ပါးပါးနေရာယူထားကြ၏။ ထိုတိမ်မျှင်ပါးပါးတို့မှ မိုးစက်ဖွဲဖွဲလေးတွေကို ရွာချပေးနေ၏။

ညဉ့်နှစ်နာရီခွဲပြီဆိုတော့ လူခြေလည်း တိတ်ပြီပေါ့…

ခပ်ဖွဲဖွဲကျဆင်းနေသော မိုးဒက်တို့သာ… ရင်ထဲမှ နှလုံးသားနှင့် တိုက်ရိုက်ထိတွေ့ကြမည်ဆိုပါက… ချက်ချင်းပင် အငွေ့ပျံပျောက်ကွယ်သွားကြမည် ထင်၏။

"ငါ… ဘာလုပ်ရမလဲ…?"

ဘဝခရီးကို ပျော်ရွှင်စွာပျံသန်းမယ့် ငှက်ကလေးတစ်ကောင်ရဲ့ အတောင်ပံလေးတွေ ကျိုးကြေမသွားအောင်… ငါဘာလုပ်ရမလဲ…

ဒီကိစ္စကို… ငါ့နည်းငါ့ဟန်နဲ့ လျှို့ဝှက်စွာ ဖြေရှင်းလိုက်ရင် ကောင်းမလား…

ဟုတ်တယ်… ဒီကိစ္စကို ဖြေရှင်းနိုင်တဲ့ ပဋိဇီဝဆေးတွေ ရှိနေတာပဲ။ ဒီကိစ္စကို ဘယ်သူမှမသိစေဘဲ တိတ်တိတ်ကလေး ဖြေရှင်းလိုက်မယ်ဆိုရင် ပြီးပြီ။

ဒါဆိုရင်… မိကုံးရဲ့ အနာဂတ်၊ ကိုမြင့်မိုရ်နဲ့ အနာဂတ်၊ မိကုံး ကိုမြင့်မိုရ်ရဲ့ ဘဝခရီး… အားလုံး သာယာလှပသွားပြီ… …

ဒါပေမယ့်… အဲဒီဆေးက ဘယ်မှာလဲ… ဘယ်သူကပေးမှာလဲ…

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို… တရားဥပဒေက လုံးဝခွင့်မပြုဘူး…

ဘုရားကလည်း ခွင့်မပြုဘူး…

ပြီးတော့… အပြစ်မဲ့စွာ လူ့လောကထဲကိုဝင်လာမယ့် လူသားလေး တစ်ယောက်အပေါ်မှာ ကျူးလွန်လိုက်တဲ့ လူမဆန်ဆုံးသောလုပ်ရပ်… အကြီးမားဆုံးပြစ်မှု… အရက်စက်ဆုံးအပြုအမူ…

ကြည့်စမ်း… ငါဟာ ဦးဝင်းမြင့်ထက် လူမဆန်တဲ့အလုပ်ကို လုပ်ဖို့ ကြိုးစားနေတာပါလား…

ငါဟာ အပြစ်ရှိတဲ့ လူသားတစ်ယောက်ကို ရက်ရက်စက်စက် အပြစ် ပေးခဲ့မိပြီးပြီ…

အဲဒီအတွက် တရားဥပဒေဆိုတာ ရှိတယ်…

ရှောင်လွှဲလို့ မရနိုင်ဘူး…

အခု… အပြစ်မဲ့တဲ့ လူသားလေးတစ်ယောက်ကို သတ်လိုက်မယ် ဆိုရင်…

ဘုရား ဘုရား… ငါဟာ ဘဝပေါင်းများစွာ တရားစီရင်ခံရတော့မယ်…

နောက်ဆုံး… ငါက "ငရဲ"ကို မကြောက်ဘူးပဲထား…

အဲဒီလို လုပ်သင့်သလား…

အဲဒီလိုဖြစ်သင့်သလား… … … …

စဉ်းစားရင်း စဉ်းစားရင်ခေါင်းထဲမှာ တဆစ်ဆစ်ကိုက်ခဲလာ၏။

ရင်ထဲမှာ တလှပ်လှပ်ဘုန်ရင်မောဟိုက်လာခြင်းကို သတိထားမိချိန်တွင် မိုးစင်စင်လင်းနေပြီ ဖြစ်၏။

တံတားဘောင်မှဆင်းကာနံရံနှင့်ဆင်းလိုက်သည်တွင် မိုက်ကနဲဖြစ်သွား၏။

ခေါင်းထဲမှာ တရိပ်ရိပ်နှင့် မူးနေ၏။

၏ ၏ ၏ ၏ ၏



( * )

ကောင်းကင်မှာ မိုးသားတိမ်လိပ်တို့က သိပ်သည်းမည်းမှောင်စွာ နေရာယူ ထားကြ၏။

ညဉ့် သုံးနာရီရှိပြီဆိုတော့ လူခြေလည်း တိတ်ပြီပေါ့…

မိုးသက်လေတို့ အေးမြစွာ တိုက်ခတ်လာသော်ငြား ရင်ထဲမှာတုန်လှုပ် ချောက်ခြားမှုဆဒ္ဒနာတို့က တစ်စထက်တစ်စ ပြင်းထန်လာနေ၏။

သည်းထန်စွာ ရွာချလိုက်သောမိုးစက်တွေက ငြိမ်းချမ်းမှုအနည်းငယ်ကို ပင် ဆေးစွမ်းနိုင်ခြင်းမရှိ…

"ငါ… ဘာလုပ်ရမလဲ…?"

ဒီကိစ္စကို… မိကျူးလည်း သိလို့မဖြစ်ဘူး…

ကိုမြင့်မိုရ်လည်း သိလို့မဖြစ်ဘူး…

ရက်စက်တဲ့နည်းလမ်းတွေနဲ့လည်း မဖြေရှင်းသင့်ဘူး…

ရက်စက်တဲ့နည်းလမ်းတွေနဲ့လည်း မဖြေရှင်းရက်ဘူး…

ဒီအဖြစ်ဆိုးတွေကို ဘယ်သူမှလည်း သိလို့မဖြစ်ဘူး… သိလည်းမသိစေ ရဘူး…

အို… ငါဘာမှမလုပ်တတ်တော့ဘူး…

မိကျူးရေ… ငါနှင့်အတွက် အကောင်းဆုံးနည်းလမ်းကို ရှာလို့မတွေ့ တော့ဘူး…

www.burmeseclassic.com

www.burmeseclassic.com



နာကျည်းစွာ အော်ဟစ်ငိုကြွေးရင်း ခေါင်းကိုမော့လိုက်သည့်အခါ အရှိန်ဖြင့် ကျဆင်းလာသော မိုးစက်တို့က မျက်နှာကို လာရောက်ထိမှန်ကြ၏။

နှုတ်ခမ်းနှင့် တစ်ကိုယ်လုံးရှိ အသားနိုင်တို့က အအေးဓာတ်ကြောင့် ခိုက်ခိုက်တုန်လာကြသည့်တိုင်… ရင်ထဲမှာ မီးတောက်တို့ ပိုမို၍လောင်ကျွမ်းနေဆဲရှိ၏။

မျက်နှာပေါ်သို့ အရှိန်ဖြင့် ကျဆင်းလာနေသည့် မိုးစက်တို့က အပ်ချောင်းတွေနှင့် ဆင်တူလှန်းနေ၏။

"အို… အဲဒီမိုးရေစက်တွေသာ ပြဟ္မာ့ပြည်က ဆင်းသက်လာတဲ့ အပ်ချောင်းတွေဖြစ်ခဲ့မယ်ဆိုရင်… သူတို့တစ်တွေနဲ့ တွေ့ဆုံမယ့် အခြားသောအရာတစ်စင်းဟာ ငါ့နှလုံးသားပဲ ဖြစ်ပါစေတော့… ပြဟ္မာ့ပြည်က ဆင်းသက်လာတဲ့ အစင်းစင်းသောအင်တွေရဲ့ ရူးဝင်နှမ်မြုပ်ရာ တစ်ခုတည်း သောနေရာဟာ ငါ့ရဲ့နှလုံးသားပဲ ဖြစ်ပါစေတော့…"

ခြောက်ခြားစွာ ဆုတောင်းပဲ့ကိုမိချိန်တွင် လျှပ်စီးကြောင်းတို့ ပြိုးပြိုးပြက် လင်းလက်ကြ၏။

မိုးခြိမ်းသံတို့ ပေါက်ကွဲမြည်ဟီး၏။

လျှပ်စီးကြောင်းတွေနဲ့အတူ… မိုးခြိမ်းသံတွေနဲ့အတူ အသိတရားတစ်ခုက ခေါင်းထဲသို့ ဝင်ရောက်လာ၏။

ကြည့်စမ်း… ငါဟာ… မိကျူးမရှိတဲ့နေရာတစ်ခုမှာလာပြီး မိကျူးအတွက် ပူပင်သောကတွေ ရောက်နေတာပါလား…

တကယ်ဆို… အခုချိန်မှာ ငါရှိအနေသင့်ဆုံးနေရာဟာ မိကျူးအနားမှာလေ…

ဘာတွေပဲဖြစ်လာလာ အကောင်းဆုံးရင်ဆိုင်ဖြေရှင်းပေးနိုင်ဖို့အတွက် မိကျူးအနားမှာပဲ ငါရှိနေသင့်တာ…

ဟုတ်တယ်… ငါ မိကျူးနားမှာပဲ ရှိနေသင့်တယ်။

ငါ… မိကျူးဆီသွားရမယ်…

ဆုံးဖြတ်ချက်နှင့်အတူ တံတားဘောင်ပေါ်မှ ဆင်းလိုက်သည့်တွင် ခြေထောက်တို့က အေးစက်တုံ့ဆိုင်းနေကြ၏။



ကျွေးနေတဲ့ဒူးတွေကို ချက်ချင်းပြန်ဆန့်လို့မရ… သို့သော်… အားတင်းပြီး ခြေလှမ်းလိုက်သည်။

"ငါလာပြီ မိကျူးရေ…"

www.burmeseclassic.com

www.burmeseclassic.com



( * )

"မိကျူး"

ခရေပင်တွေကို ကျော်ဖြတ်ပြီးတာနဲ့ ဟစ်ခေါ်လိုက်မိတော့သည်။

"မိကျူးရေ..."

အိမ်တံခါးဝအရောက်မှာအိမ်ထဲမှ ပြေးထွက်လာသော မိကျူးနှင့် ဆုံ၏၊

"ဂီဇို"

သူမက ဘာမပြောညာမပြောနှင့် ကျွန်တော့်ကို ပြေးဖက်ပြီး ငိုပါတော့သည်။

"ဂီဇို နင်...နင်ငါ့ကိုပစ်ထားတယ်... အကြာကြီးပစ်ထားတယ်။ ငါဘာ တွေဖြစ်နေတယ်ဆိုတာ နင်သိလား... ခွေးစုဘ်..ငါ့ကို ပစ်ထားတာ တစ်လ မကတော့ဘူး။ ငါဒုက္ခတွေရောက်နေပြီ ဂီဇိုရဲ့ အီး..ဟီး...ဟီး..."

"အေးပါ...အေးပါ...ငါအခု ပြန်လာပြီပဲ။ မငိုနဲ့တော့ တိတ်တိတ် လာ... အိမ်ထဲဝင်ရအောင်... လာ... လာ..."

အိမ်ထဲရောက်တော့ သူမတွေ့ကြုံနေရတဲ့ ပြဿနာတွေကို ငိုရှင်းငိုရှင်း ပြောပြနေပါတော့သည်။

သိပြီးသား အကြောင်းအရာတွေကို သူမ ကျေနပ်အောင် နားထောင်ပေး လိုက်ရသည်။

"ငါ့မှာ ထွက်ပေါက်မရှိတော့ဘူး ဂီဇို... ငါအဦးစားလို့ မရဘာ ဘယ်လိုကနေ ဘယ်လို အိမ်ပြန်ရောက်လာသလဲဆိုတာပဲ။ ကိုကို ငါ့ကို သံသယဖြစ်နေတာကို ငါနားလည်တယ်။ ဒါပေမယ့် ငါဘာမှမသိရတဲ့အဖြ



အပျက်တွေကြောင့် ငါ့ကိုသံသယအဖြစ်ခံရတာကို အရမ်းဝမ်းနည်းတယ်ဟာ ကိုကိုခများလည်း အရူးတစ်ယောက်လိုပဲ ငါ့ကို သိပ်ချစ်တော့ ငါအိမ်ပြန် ရောက်နေတဲ့ကိစ္စနဲ့ သူ့အဖေနဲ့ သွားတွေ့တဲ့ကိစ္စကို ကွယ်ဝှက်ထားရှာတယ်။ နင်စဉ်းစားကြည့်ပါဦး ဂီဇိုရယ်... ငါနဲ့ကိုကို တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ရဲ့သားနဲ့ ဒီအဖြစ်ဆိုးကြီးကြောင့် ဝေးရတော့မှာလား...ငါလုံးဝ မခံစားနိုင်တော့ဘူး... ကိုကို့ဖေဖေကို သတ်သွားတဲ့ လူသတ်သမားကို မြန်မြန်မိပါစေလို့ ဆုတောင်းနေမိတယ်။ အခုအချိန်မှာများ အဲဒီလူကိုတွေ့ရင် မားနဲ့ထိုးပစ်မိမလားပဲ... "

မိကျူးစကားကြောင့် ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားရ၏။

အမူအရာတွေ ပျက်ယွင်းမသွားအောင် သတိထားနေလိုက်ရသည်။

"တရားခံဆိုတာ တစ်ချိန်မှာပေါ်လာမှာပါပဲ မိကျူးရာ..နင်အဲဒီလောက် ကြီးခံစားမနေပါနဲ့။ အရေးကြီးတာက နင့်ကျန်းမာရေးကို ဂရုစိုက်ဖို့ပဲ အလုပ်တွေက ရှိသေးတယ်မဟုတ်လား..."

"အဲဒီအလုပ်ကလည်း ငါ့အတွက်ဒုက္ခတစ်မျိုးပဲ ဂီဇို..မရယ်ချင်ပဲရယ်ရ မငိုချင်ပဲငိုရ...မပြုံးချင်ပဲပြုံးရနဲ့ ငရဲကျနေသလိုပဲ...စိတ်ညစ်နေပါတယ်ဆို ဖြီးရ လိမ်းရ ဝတ်ရစားရတာက တစ်မျိုး... ရုပ်ရှင်ရိုက်နေရတာကမှ တော်သေးတယ်"

"ဟာ... နင် ရုပ်ရှင်တွေ ဘာတွေတောင် ရိုက်နေပြီပေါ့ ဟုတ်လား မိကျူး"

သူမ စိတ်ပြောင်းအောင် ဝမ်းသာတဲ့ လေသံနှင့် ဟန်လုပ်ပြီး ပြောရ၏။

"ဟုတ်တယ် ဂီဇို... ငါရုပ်ရှင်ရိုက်နေပြီ။ တော်သေးတယ် ... ကြေကွဲခရာ ဇာတ်လမ်းဆိုတော့ ကြိုးစားပမ်းစား တောင် သရုပ်ဆောင်‌ မလိုတော့ဘူး။ မျက်ရည်တွေက အော်တို(Auto)ပဲ။ ဟီး ဟီး... ဒါ ကဗောင်ပြောတယ်... ကူးကူးနိုင်ဟာ သူ့သက်တမ်းတစ်လ အငိုနိုင်ဆုံး မင်းသမီးပဲတဲ့.. ငါလောက်ငိုနိုင်တဲ့ မင်းသမီးမျိုး မ

www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့။ နင်သိတဲ့ အတိုင်းပဲလေ··· ငါ့မှာ ကြေကွဲဇာတ်ခံတွေရှိနေတော့ အံကိုက် ဖြစ်သွားတာပေါ့။ မနေ့ကဆို မင်းသားသေတဲ့ အခန်းရိုက်တယ်။ ဘယ်ပြော ကောင်းမလဲ ဂီဂိုရယ်··· အဲဒီအခန်းရိုက်ပြီးလို့ ဆယ်မိနစ်လောက်ကြာတဲ့အထိ ငိုလို့အတောမသတ်တော့ဘူး။ သူတို့ကတော့ ငါ့ကို သရုပ်ဆောင်နေတယ်ပဲထင်မှာပေါ့·· ငါက ကိုကို့ကို မြင်ယောင်ပြီး တကယ်ငိုနေတာဟာ····ဟီး···ဟီး··· ရယ်ရတယ်နော် ဂီဂို···”

ငိုလိုက်ရယ်လိုက်နှင့် ကလေးစိတ်ရှင်းရှင်း မပျောက်သေးတဲ့ မိကူးကို ကြည့်ပြီး ရင်ထဲမှာ မချိ···

“ဒါရိုက်တာက နင့်ကို အရမ်းသဘောကျနေမှာပေါ့··· ဟုတ်လား မိကူး···”

“ဟီး···ဟီး··· အကယ်ဒမီချိတ်ဖို့ သေချာတယ်တောင်ပြောနေတာဟဲ့··· ငါ့မယ် ကိုယ့်အကြောင်းကိုယ် သိနေတာဆိုတော့ ရယ်ရအခက် ငိုရအခက်ကြီးကို ဖြစ်လို့···”

“ကောင်းတာပေါ့ဟာ··ဒါနဲ့ နင်ဒီနေ့ ရှုတင်ရှိလား···”

“ရှိတယ် ရှိတယ်··နင်လိုက်ခဲ့ရမယ် ဂီဂို။ ငြင်းဖို့ မကြိုးစားနဲ့”

“စိတ်ချ မိကူး။ဒီကရှေ့ဆို ငါနင့် နားမှာအမြဲရှိနေတော့မှာ သေချာတယ်··· နင်··နင်ထုတ်ရင်တောင် မသွားတော့ဘူး။ ငါ့ကြောင့် ဘာပြဿနာမှ မဖြစ်စေရဘူးလို့လည်း ဂတိပေးတယ်···”

“ဟယ်··· နင်တကယ်ပြောတာလား ဂီဂို။ မနောက်နဲ့”

“နောက်စရာလားဟ··ဒီလို အချိန်မျိုး နင့်နားမှာ ငါမရှိလို့ ဘယ်ဖြစ်မလဲ။ နင့်ကိုငါ စိတ်မချဘူး···”

လိုက်ရာ “အမလေး ဂီဂိုရယ်··နင်သိပ်လိမ္မာနေတာပါလား··ငါပျော်လိုက်တာဟာ။

“ပြောတာ··· ငါအရမ်းဝမ်းသာတာပဲ။ ဘာပဲပြောပြော နင်ငါ့အနားမှာရှိ

ဘယ်လိုက ··အားရှိတယ်ဂီဂိုရယ် နင်ဟာ··ငါ့အတွက် ဘုရားပေးတဲ့ သူငယ်ချင်း

သံသယဖြစ်ဘို အရမ်းချစ်တာပဲသိလား”



ပြောရင်း ကျွန်တော့်ပါးကို ဆွဲလိမ်၏။

“အေးပါ မိကူးရယ်···နင် ငါ့ကို ဒါလေးတွေနဲ့ပဲ လုပ်စားနေတော့တာပဲနော်·· ကဲကဲ လုပ်လေ···သွားမှာဆိုလည်း ပြင်တော့···”

“ခဏနေဦးဟဲ့ နှစ်နာရီလောက်အချိန်ရသေးတယ်။ ငါပုတီးစိတ်လိုက်ဦးမယ်···”

“အံမယ်··· တယ်ဟုတ်ပါလား မင်းသမီးရ···”

“မဟုတ်လို့ မရဘူးဂီဂို··ငါ အဓိဋ္ဌာန်ပုတီးစိတ်နေတာ။ကိုးနဝင်းအဓိဋ္ဌာန်ပုတီးလေ”

“အလဲ့··၊ ဘာဆုတောင်းထားလဲ··အကယ်ဒမီဆုလား”

“မဟုတ်ဘူး ဂီဂို····ငါ့အတွက် အရေးကြီးဆုံးဆုကို တောင်းထားတယ်···”

“ဘာဆုများလဲ မိကူးရ···ယောကျ်ားမြန်မြန်ရပါစေလို့လား··· ဟား···ဟား”

“လုံးဝမဟုတ်ဘူး ဂီဂို။ကိုကို့ ဖေဖေကို သတ်သွားတဲ့တရားခံ မြန်မြန်ပေါ်ပါစေ ဆိုတဲ့ဆုကို တောင်းထားတာ··အဓိဋ္ဌာန်ပျက်လို့ မဖြစ်ဘူး။ နင်လည်း အဝတ်အစားလဲလိုက်ဦးလေ··· သွား··· သွား··· အဝတ်စားလဲပြီးမှ လာခဲ့။ ငါပုတီးစိတ်လိုက်ဦးမယ်···”

သူမ ဘုရားစင်ရှေ့မှာ ကျုံ့ကျုံ့လေး ထိုင်လိုက်တဲ့ အထိတောင့်တောင့်ကြီးရပ်နေမိတော့သည်။ တည်ငြိမ်စွာ ဘုရားဝတ်ပြုနေတဲ့ သူမ နောက်ကျောပြင်လေးကိုကြည့်ရင်း အသက်ရှူဖို့ကို သတိမရ···

မိကူးရဲ့ အဓိဋ္ဌာန်ဆုတောင်းက·· တရားခံမြန်မြန်ပေါ်ပါစေတဲ့လား···

www.burmeseclassic.com

www.burmeseclassic.com



( * )

"မောလိုက်တာ ဂီဇိုရယ်..ပူလိုက်တာလည်း အရမ်းပဲ... နင်မြင်တယ် မဟုတ်လား... စိတ်မပါပဲ ရယ်(ရီ)ချည်းရယ်နေရတော့တာပဲ။ဟာသ ကားပဲ လေ.. ငါဘယ်လောက်စိတ်ဆင်းရဲနေမလဲဆိုတာ စဉ်းစားသာကြည့်ပေ တော့..."

ဗီဒီယိုရိုက်ကွင်းထဲမှ ထွက်လာတဲ့ မိကူးက တဖျစ်တောက်တောက် ပြောရင်း ထိုင်ခုံမှာဝင်ထိုင်၏။ ထို့နောက် ယပ်တောင်လေးဆွဲပြီး တဖျတ်ဖျပ် ခပ်နေ၏။

"ရော့... မိကူး အအေးသောက်လိုက်ဦး။ ပြီးရင် ဒီကြက်သားကြော် လေးစားလိုက်.. Tokyo Fried Chicken လေ... ငါကိုယ်တိုင်သွားဝယ်လာ တာ။ ပေးပေး ယပ်တောင်ငါ့ကိုပေး..ငါခပ်ပေးမယ်..."

"မစားချင်ဘူး ဂီဇိုရယ်... ငါ့ဘာမှ စားချင်သောက်ချင်စိတ် မရှိဘူး။ အရည်လေးပဲ သောက်တော့မယ်..."

"နိုး...နိုး...မရဘူး။ စားရမယ်...စား..ခုစား..."

"နင်ဘယ်လို ဖြစ်နေတာလဲဂီဇို..အားအားရှိ စားပဲစားခိုင်းနေတော့တာ ပဲ။ စောစောကပဲ ချိ(စ်)ပေါင်မုန့်တွေ စားထားသေးတယ်... နို့အေးတွေလည်း သောက်ထားတယ်။ နင်ငါ့နောက်လိုက်နေတာ နှစ်ပတ်လောက်ပဲရှိသေးတယ် လူတောင်ဝ, လာသလိုလိုပဲ"

"ဝ, တော့ ကောင်းတာပေါ့ဟ"



"ဟဲ့ !... ဖက်တီးမကြီး ဖြစ်သွားရင် ထမင်းဝေတ်မယ်နော် ဘာမှတ် လဲ"

"ဟား...ဟား...ဟား...မဖြစ်ပါဘူးဟာ...လေ့ကျင့်ခန်းတွေ ဒီလောက်လုပ်နေတဲ့ဟာကို...ရော့ပါ...စားလိုက်စမ်းပါ...တော်ကြာ ပြန်ခေါ်တော့မယ်..."

ကြက်သားကြော်ဘူးကို သူမလက်ထဲ ဇွတ်အတင်းထည့်ပေးလိုက်တော့ ကျွန်တော့်ကို မျက်စောင်းထိုး၏။

"စားလေ... ဘာကြည့်နေတာလဲ စား... အကုန်စား..."

"ကြည့်လည်းလုပ်ဦး ဂီဇို၊ ငါက ရည်းစားတစ်ခုလပ်မနော်..ကိုကိုမြင်ရင် စဉ်းစားရ ကျပ်နေဦးမယ်။ အင်း... ကိုကို ဆိုလို့..ကိုကို့ကို လွမ်းလိုက်တာ ဂီဇိုရယ်... သူဘယ်လောက်များ စိတ်တွေဆင်းရဲနေပြီလဲ မသိဘူးနော်... တော်ပြီဟာ... မစားချင်တော့ဘူး..."

"ကောင်းပြီလေ..နင်မစားရင် ငါပြန်တော့မယ်... နောက်ကို နင်နဲ့ ဘယ်တော့မှ လိုက်မလာတော့ဘူး..."

ဂီဇိုက စိတ်ဆိုးပြီး ထပြန်ရန်ပြင်၏။

"ဟဲ့... ဟဲ့... ကျေးဇူးရှင်..ပြန်ထိုင်ပါ... ပြန်ထိုင်တော်မူပါ"

"နင်စားမှာလား... မစားဘူးလား..."

"စားပါ့မယ်ဆို။ ထိုင်ပါ... ဟောဒီမှာ စားပါပြီးတဲ့တော်..အမလေး ငါ့ဒုက္ခက မသေးပါလား... မရယ်ချင်ပဲရယ်ရ မစားချင်ပဲ စားရနဲ့ ဝဋ်ကြီးလိုက် တာနော်..."

သူမက ကြက်သားကြော်ကို အားရပါးရကြီး ကိုက်စားပြ၏။

ဂီဇို့ကို ရွဲ့ပြီး စားပြခြင်းဖြစ်သည်။

"ကောင်းတယ်... စားစား။ အစားအစားမှ အားရှိမှာဟ..မိကူးရ..."

"စားမယ်... စားမယ်။ ဧော်! ယပ်တောင်ကြီးကိုင်ပြီး ဘာလုပ်နေတာ လဲ..ခတ်ပါဟဲ့... ဒီမှာ အိုက်လို့ပါဆို..."

သူမအလိုကျ ယပ်ခတ်သွင်းရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း… ဂီဒို… ဂီဒို… နင် အခုတစ်လော ငါ့ကို သိပ်နိုင်နေတယ်ပေါ့ ဟုတ်လား…၊ တွေ့မယ်… တွေ့မယ်… ဟင်း… ဟင်း.."

"ဖြည်းဖြည်းစားပါ နှုတ်ခမ်းနီတွေ ပျက်ကုန်ပြီ…"

"လျှာမရှည်နဲ့။ မိတ်ကပ်ဆရာရှိတယ်…"

ပလုတ်ပလောင်းစားရင်း ပြော၏။

၆ ၆ ၆ ၆ ၆ .



( * )

"ဟင်း…ဟင်း… ဒရိုင်ဘာ ဦးလေးကြီးကတော့ ငါ့ကို ဒေါပွနေမှာပဲ"

"ဘာလို့လဲ"

"ငါလည်းပြန်ရောက်လာရော..သူ အလုပ်ပြုတ်သွားလို့လေဟာ"

"မထင်ပါနဲ့တော်…ပျော်တောင်ပျော်နေသေးတယ်။ ငါသူ့ကို တစ်နှစ်စာတောင်ကန့်တော့လိုက်တာဟဲ့..သနားလို့…"

"ဟုတ်လား.. ကောင်းတယ် ကောင်းတယ်..နင်တော်တယ်…"

"သိတယ် မဟုတ်လား ကူးကူးနိုင်လေ။ အား…ပြောရင်းဆိုရင်း ခေါင်းတွေမူးလာလိုက်တာဟာ…"

မိကူးက စကားပြောနေရင်းမှ နဖူးကို လက်နှင့်ထောက်ပြီး နောက်မှီပေါ် လှဲနှံချလိုက်တော့ ကားကိုလမ်းဘေးမှာ ထိုးရပ်ပစ်လိုက်ရ၏။

စိုးရိမ်စိတ်တွေကြောင့် ရင်ထဲမှာ ပူကနဲခံစားလိုက်ရခြင်းနှင့်အတူ နားထင်မှာသွေးတို့ တဒိတ်ဒိတ်တိုး လာကြ၏။

"မိကူး နင်ဘာဖြစ်တာလဲ…"

သူမမျက်နှာလေးကို ဆတ်ကနဲဆွဲလှည့်ပြီး အလောတကြီးမေးလိုက်မိ၏။

"ခေါင်းနည်းနည်းမူးနေတယ်ဂီဒို.."

ဘုရား.. ဘုရား.. ခေါင်းမူးလို့တဲ့… …

"ခေါင်းမူးရုံပဲလား မိကူး… ပြီးတော့ရော ဘာဖြစ်နေသေးလဲ.. ရင်တုန်တာတို့ ဟို.. ဟို.. အန်ချင်သလိုလိုဖြစ်တာတို့ရော ဖြစ်သေးလား.. နင် နင် နေ့သာရဲ့လား.. မှန်းစမ်း…"

ဂီဒိုက သူမမျက်လုံးတွေကို ဖြကြည့်ပြီး စူးစမ်းနေပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိတ်ထိတ်ပျာပျာဖြစ်နေတဲ့ ဂီဇို့ကိုကြည့်ပြီး သူမက…

“နင် ဘယ်လိုဖြစ်နေတာလဲ ဂီဇို… နင့်ကိုကြည့်ပြီး ခေါင်းမူးတာတောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး… ဟင်း… ဟင်း…”

“ရယ်မနေနဲ့ မိကူး… ဒါရယ်စရာမဟုတ်ဘူး။ ငါမေးတာဖြေစမ်း… ရင်တွေဘာတွေ တုန်နေသလား အခု…”

“ဟင့်အင်း… မတုန်ပါဘူး…”

“အန်ချင်သလိုလို ဘာလိုလိုတွေရော ဖြစ်နေလား…”



ပြောရင်း…

ခရေပန်းလေးတွေကို အားရပါးရရှိုက်နမ်းလိုက်ပြီး…

“ဟား… ရင်ထဲမှာ အေးသွားတာပဲ ဂီဇိုရယ်။ နင်သိပ်တော်တယ် သိလား… ဟင်း… ဟင်း… နင်ဘယ်တုန်းက ကောက်ထားတာလဲ…”

“ညက…”

“ခွေးစုတ်… ငါ့ကိုတောင် လာမခေါ်ဘူး…”

“ငါလာခေါ်သေး [illegible]…”

www.burmeseclassic.com



"အင်း... ပေးတယ် ပေးတယ်.."

"နင်.. ဘယ်လိုဝေဒနာမျိုးကို ခံစားရ ခံစားရ ငါ့ကိုအရင်ဆုံး အသိပေးရမယ်နော်။ ဝေဒနာတစ်ခုခုကို ခံစားနေရတဲ့အချိန်မှာ နင့်အနားမှာ ငါမရှိခဲ့ရင်လည်း ဘယ်သူ့ကိုမှ ငါ့ထက်အရင်ဖွင့်မပြောရဘူးနော်..."

"အေးပါဟယ်..."

"အေးပါဟယ် မလုပ်နဲ့။ ငါ ဒီကတိကို လေးလေးနက်နက် တောင်းနေတာ။ နင်ငါ့ကို ခင်ရင်ကတိတည်ပါနော်.. မိကျူး.."

"အေးပါ.. စိတ်ချ.. ငါ့ကို ခြင်ကိုက်သွားရင်၊ ပုရွက်ဆိတ်ကိုက်သွားရင်တောင် နင့်ကိုပဲ အရင်ဆုံး အသိပေးမယ်.. ဟုတ်ပြီလား.. ဟင်း ဟင်း.. တဲတဲ သွားရအောင်"



( * )

နောက်ကျောနှင့် မြက်ခင်းပြင်တို့ရဲ့ အထိအတွေ့က အေးမြနူးညံ့လွန်းလှ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း… ဘယ်လောက် ပျော်စရာကောင်းတဲ့ ကမ္ဘာလေး တစ်ခုလဲ…

ဟင့်အင်း… အဲဒီလိုမဟုတ်သေးဘူး…

မိကျူးဟာ.. ကောင်းကင်မှာပဲ ဒံမြန်းသင့်တဲ့ ကြယ်နတ်သမီးလေးပါ..

မိကျူးဟာ… ကိုမြင့်မိုရ်ရဲ့ ရင်ခွင်မှာပဲ ပွင့်လန်းသင့်တဲ့ ပန်းလေးတစ်ပွင့်ပါ…

အဲဒီတော့.. လူသားလေးရဲ့ ရှင်သန်ခြင်းကို နင်မသိအောင် ငါဖွက်လျှည့်ပြရတော့မှာပေါ့ မိကျူး…

ပေါ့ပါးလန်းဆန်းခြင်းတွေနဲ့ နင့်ကမ္ဘာကို နင်ပြန်သွားတဲ့အခါ…

ငါက.. လူသားလေးရဲ့ ဖခင်အဖြစ်၊ လူသားလေးရဲ့ မိခင်အဖြစ်နဲ့ ကျေနပ်စွာ ကျန်ရစ်ခဲ့မယ်လေ…

ဟား ဟား… ဘယ်လောက်ပျော်စရာကောင်းတဲ့ အဖြစ်လဲ…

ငါက… ငါက… နင့်ရဲ့ ရင်သွေးလေးကို ပိုင်ဆိုင်ခွင့်ရဦးမယ်တဲ့…

ငါပျော်လိုက်တာ မိကျူးရယ်…



( * )

ပိုးပိုးပေါက်ပေါက် ကျဆင်းနေသော မျက်ရည်တို့က သူမရင်ထဲမှ ခံစားမှုအတိုင်းအတာတွေကို ဖော်ပြနေ၏။ သူမခံစားချက်တွေကို သိနေသည်မို့ ရင်ထဲမှာ မခံမရပ်နိုင်အောင် ကြေကွဲနေရလေသည်။

ရိုက်ကွင်းတစ်ခုလုံး အပ်ကျသံပင် မကြားရတော့…

သူမက ကောင်းကင်မှ လမင်းကြီးကို မော့ကြည့်ရင်း နာကျည်းကြေကွဲစွာ မြည်တမ်း၏။

"အမုန်တရားဆိုတာ ဘယ်အရာနဲ့မှ ဖုံးကွယ်ထားလို့မရဘူးတဲ့လား… ကျွန်မ မယုံဘူး။ ကျွန်မ ယုံတော့ဘူး… အမှန်တရားကို သံသယတွေက ဖုံးလွှမ်းထားတယ်။ ဂုဏ်ဓနတွေက ဖုံးလွှမ်းထားတယ်။ ဟောဒီ ကျွန်မ ရင်ထဲက ရင်သွေးလေးဟာ.. မောင်နဲ့ရတဲ့ ရင်သွေးလေးပါ လမင်းကြီးရယ်.. အဲဒါကို လမင်းကြီးသိပါတယ်နော်… အခု… အခု… မောင်ကိုယ်တိုင်က ခါးခါးသီးသီးငြင်းဆန် တယ်ဆိုတော့ ကျွန်မ ဘာလုပ်ရမလဲဟင်?…

ကျွန်မ ဖေဖေက ပြောဖူးတယ်… အမှန်တရားအတွက် အချိန်ဆိုတာ လိုအပ်တယ်တဲ့။ အဲဒါ ဟုတ်သလားဟင်…ဒါဆိုရင် ကျွန်မ ဘယ်အချိန်အထိ စောင့်ရမှာလဲ… ကျွန်မရဲ့ အသက်နဲ့ခန္ဓာ ပျက်ကြွေပြုန်းတဲ့အထိလား… ဒီလောကကြီးထဲက ကျွန်မ… ထွက်ခွာသွား… တဲ့…"

ပြောရင်း ပြောရင်း သူမခန္ဓာကိုယ်လေး ရုတ်ချည်းပြိုလဲသွားလေတော့သည်။

"ကတ်…" (ဒါရိုက်တာ၏အသံ)

"ဟာ…" (ရိုက်ကူးရေးအဖွဲ့သားများ၏ အသံ)

"မိကျူး…" (ဂီဇီအသံ)

www.burmeseclassic.com

www.burmeseclassic.com



ဂီဇို… သူမနားသို့ လွှားကနဲရောက်ရှိသွားပြီး သူမခန္ဓာကိုယ်လေးကို ပွေ့ထားလိုက်လေသည်။

"မိကူး…"

သူမက သတိလစ်မေ့မြောနေဆဲ…

"ဆေးခန်းပို့မှဖြစ်မယ်၊ မင်းသမီး ရှာန်ဝင်သွားပုံရတယ်.."

ဒါရိုက်တာပြောတဲ့စကားကို ဂီဇိုလက်မခံ…

"မလိုဘူး… ခင်ဗျားတို့တစ်ယောက်မှ မကာပ်နဲ့။ ကျုပ်ညီမကို ကျုပ်ဘာသာဆေးခန်းပို့မယ်…"

တင်းမာပြတ်သားစွာ ပြောလိုက်သော အသံကြောင့် မိကူးနားကို မသ်သမျ မကာပ်ရဲ



( * )

ခြင်းထန်သော နှလုံးခုန်သံတို့ကို အတိုင်းသား ပြန်ကြားနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



“ဂီဇို…”

“နင်… နင်… ဘာမှမဖြစ်တော့ဘူး မိကျူး‥ နင်ဘာမှမဖြစ်တော့ဘူး‥။ ငါ‥ ငါ…ဝမ်းသာလိုက်တာဟာ‥ အီး‥ ဟီး‥ဟီး‥ ငါဝမ်းသာလိုက်တာ…”

“အေးလေ ဘာမှမဖြစ်ပါဘူးဟဲ့‥ နင်က ဘာလို့ငိုနေရတာလဲ။ ဟဲ့‥ ဂီဇို… နင်ဘာဖြစ်လို့ ငိုနေရတာလဲ… …”

သူမလက်ကလေးကို ဆုပ်ခြေလိုက်၊ နမ်းရှုပ်လိုက်နှင့် ငိုကြွေးနေသော ဂီဇို့ကို သူမ နားမလည်တော့… …



( * )

“အားလုံးရှင်းပြီးသွားပြီနော်‥ ရက်ကို ဒါရိုက်တာနဲ့ပဲ ညှိလိုက်ကြတာပေါ့။ ကဲ… ခွင့်ပြုဦး သမီးရေ… ဦးတို့ပြန်လိုက်ဦးမယ်…”

www.burmeseclassic.com



ထိုနောက် ခရေပင်ကြီးတွေကို မော့ကြည့်ပြီး သက်ပြင်းတွေချနေပြ
သည်။

"မိကူး... နင်ဘာဖြစ်နေတာလဲ...မျက်နှာကလည်း လဒ (ငွေင်းတ)ကျနေတာပဲ။ ငါကတော့ နင့်အတွက်ပျော်လို့... ကြည့်စမ်း... ဆယ်ကားတောင် စာချုပ်ချုပ်သွားကြတာ...ကြေးကလည်း စုပါကြေးပဲ။ နင်မပျော်ဘူးလား... ဘာလဲမင်းသမီးရ..အိုက်တင် (Action)တွေကျင့်နေတာ လား...ဟဲ... ဟဲ..."

"ငါပျော်နေမယ်လို့ နင်ထင်လား ဂီဇို"

"ထင်တာပေါ့ဟ.. ပိုက်ဆံတွေ ဒီလောက်အများကြီးရနေတာကို နင်က ပိုဦးမလို့လား..."

"နင်မှားသွားပြီဂီဇို။ ငါမပျော်ဘူး"

"မိကူး... အဲဒါနင်လိုချင်ခဲ့တဲ့အောင်မြင်မှုတွေလေ..အခုမှအောင်မြင်ခါ စပဲရှိသေးတယ်..ဘယ်လိုဖြစ်တာလဲ"

"ရုပ်ဝတ္ထုပစ္စည်းတွေဟာ လူတစ်ယောက်ကို ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုတွေပဲပေးနိုင်တော့မှာပေါ့ ဂီဇို။ စိတ်ပိုင်းဆိုင်ရာပြည့်စုံမှုဆိုတဲ့ နှလုံးသားရဲ့လိုအပ်ချက်တွေကျတော့ ဘာရုပ်ဝတ္ထုပစ္စည်းတွေကမှ ဖြည့်စွမ်းမပေးနိုင်ပါဘူးဟာ... ကိုကို့ကို ငါဘယ်လောက်ချစ်တယ်ဆိုတာ ငါ့ကိုယ်ငါပဲ သိတယ်။ ငါရဲ့နှလုံးသားတွေဟာ ဆိုးရွားတဲ့ သံသယတွေ ချစ်သူရဲ့အေးစက်စိမ်းကား ပြတောက်ခြင်းတွေမှာ အချိန်ပြည့်လောင်ကျွမ်းနေတာ ဂီဇို...ငါဘယ်လိုလုပ်ပြီး ပျော်နိုင်မှာလဲ။ ငါ့မှာ ဖြေရှင်းခရာနည်းလမ်းလည်း မရှိဘူး..ဖြေလည်းမဖြေရှတတ်ဘူး..ဖြေလည်း မဖြေရှင်းရဲဘူး။ တကယ်လို့ တရားခံသာ မပေါ်ခဲ့ရင် ငါနဲ့ ကိုကိုနဲ့ ဝေးပြီ.. ဒီတစ်သက်ဘယ်လိုမှ ပြန်မဆုံနိုင်တော့ဘူး။ ကိုကို့ စိတ်ကို ငါသိတယ်...ကိုကိုက အေးအေးလေးနဲ့ သိပ်ပြတ်သားတာ.. ငါ့ လည်း သိပ်ချစ်ရှာတာ"

ပြောရင်း သူမမျက်ဝန်းမှ မျက်ရည်တို့ စီးဆင်းလာတော့သည်။



သူမ...ရင်ထဲက မီးတောက်တွေကို မြင်လိုက်ရတဲ့အခါ ထိုမီးတောက်တွေထက် အဆပေါင်းများစွာ ပူလောင်သော မီးတောက်တို့ ကျွန်တော့်နှလုံးသားကို ကျွမ်းမြိုက်ကြလေသည်။

နင်တို့ဘယ်တော့မှ မဝေးရပါဘူး မိကူးရယ်...နင်ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူးဟာ...

အဖြူရောင်ပန်းလေးတစ်ပွင့်ပေါ်မှာ စွန်းထင်းနေတဲ့ အဆိပ်တွေစင်သွားတဲ့အထိ ငါစောင့်နေတာပါ။

မကြာခင်မှာ နင့်အတွက် ပျော်ရွှင်ခြင်းတွေ ရောက်လာတော့မှာပါ...

ငါနင့်ကို စိတ်ချလက်ချ ထားခဲ့လို့ရပြီမိကူးရယ်...

မနက်ဖန်ဆိုရဲစခန်းမှာ ဖြောင့်ချက်သွားပေးဖို့ ငါဆုံးဖြတ်ထားပြီး ပါပြီ။ ငါက နင့်ကို ပျော်ရွှင်မှုတွေပဲ ပေးချင်ခဲ့တဲ့လူလေ...

ကံကြမ္မာကို ငါကျေးဇူးတင်တယ်မိကူး...

နင့်ရဲ့အနားမှာ နောက်ဆုံးအနေနဲ့ လွတ်လွတ်လပ်လပ်ရှင်သန်ခွင့်ရမယ့် ဟောဒီနေ့လေးကို အားလပ်ရက်လေးတစ်ရက် အဖြစ်ဖန်တီးပေးခဲ့လို့လေ... နင်ပျော်ရမှာပါ မိကူး...

"နင်ပျော်ရမှာပါ မိကူးရာ..."

"ငါ့အတွက် သိပ်ကိုဖျော့တော့တဲ့ မျှော်လင့်ချက်ပါ ဂီဇိုရယ်... ငါ့မှာ ဘုရားကလွဲပြီး အားကိုးစရာမရှိတော့ပါဘူး။ ဒီနေ့ ငါရဲ့အဓိဋ္ဌာန်ပြည့်တဲ့နေ့ပဲ ဂီဇို အဆင့်ကိုးဆင့်စလုံးတစ်ရက်မှ မပျက်ခဲ့ဘူး..."

ထူးဆန်းလွန်းတဲ့တိုက်ဆိုင်မှုကို ထိတ်လန့်စွာအံ့သြမင်သက်နေမိတော့သည်။

'ကိုးနဝင်း မိုးလင်းမှသိမယ်..'. ဆိုတဲ့ အဓိဋ္ဌာန်အတွက် မိကူးတောင်းတဲ့ တစ်ခုတည်းသောဆုက 'တရားခံမြန်မြန်ပေါ်ပါစေ'တဲ့လား...

"နင့်ဆုတောင်းပြည့်မှာပါဟာ တရားခံပေါ်မှာပါ..."

"နင်တကယ်ပြောတာလားဂီဇို။ ငါ့ဆုတောင်းက တကယ်ပြည့်မှာလား ဟင်..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ပြီး ဝမ်းသာအားရအေးလိုက်ခြင်းဖြစ်သည်။ သူမမျက်နှာမှာ အားတက်ခြင်းတွေဖြစ်ပေါ်လာကြရ၏။

ကျေနပ်ပါတယ်… ကျွန်တော်ကျေနပ်ပါတယ်…

ဆတ်ဆတ်တုန်ခါလာတဲ့ နှုတ်ခမ်းတွေကို သွားနှင့်ဖိကိုက်ထားလိုက်ရ၏။

"အေးပေါ့ဟ… ပြည့်ကိုပြည့်မှာ"

"ပြည့်မှ ဖြစ်မှာဂီဇို ငါမခံအားနိုင်တော့ဘူး… ရူးလိမ့်မယ်၊ ဩော်… ငါစိတ်မကောင်းဖြစ်နေတာ နောက်တစ်ခုရှိသေးတယ် ဂီဇို…"

"ဘာများလဲ မိကျူး…"

"ညက အိပ်မက်တွေမကောင်းဘူးဟယ်… အိပ်မက်ထဲမှာ ငါနဲ့ ကိုကိုက နှင့်ရဲ့ အသည်းနှလုံးတွေကို စားနေကြတယ်တဲ့… ငါစိတ်မကောင်းလိုက်တာ ဂီဇိုရယ်… အိပ်မက်ကလန့်နိုးတော့ ငါငိုမိသေးတယ်… နှင့်ကိုသနားလို့ပေါ့… အဲဒီအချိန်မှာ နိုးလင်းနေပြီ။ တော်တော်လေးကြာတော့မှ 'အိပ်မက်တာပဲ… တကယ်မှ မဟုတ်တာ'… လို့တွေးပြီးစိတ်ပြေသွားတယ်။ အိပ်မက်ဆိုတာ အဓိပ္ပါယ်ပြောင်းပြန်ယူရတယ်လို့တွေးမိပြီး ဖြေသာသွားတာ… ဒါတောင်ရင်ထဲမှာ မကောင်းဘူး။ ခုထိပဲ"

ရင်ထဲမှာ-ဆို့နှင့်လာသဖြင့် သူမကို မချိပြုံးလေးပြုံးပြလိုက်မိသည်၊ နှင့်အိပ်မက်က အတည့်အတိုင်းအဓိပ္ပါယ်ကောက်ယူရမယ့် အိပ်မက်ပါ မိကျူးရယ်…

"ဩော်…နှင့်ကို ပြောရဦးမယ်… 'Soul'ကမ္ဘာထဲက နောက်ထပ်နာမည်တစ်မျိုးနဲ့ ပစ္စည်းတွေထပ်ထုတ်တယ်ဟ…နာမည်အသစ်က 'Spirit'တဲ့… မစ္စတာဆိုးလ် (Mr. Soul)က အဲဒီပစ္စည်းတွေကိုလည်း ငါနဲ့ပဲကြော်ငြာမယ်တဲ့။ အဲဒီပစ္စည်းတွေကို ဒီမှာပြန်ဖြန့်ဖို့ ငါကိုယ်စားလှယ်ယူလိုက်ပြီ…သိလား ဂီဇို…"

"ကောင်းပါတယ်ဟာ… အောင်မြင်မှာပါ"



"ကောင်းရမှာပေါ့…အဲဒါနှင့်အတွက် စီစဉ်လိုက်တာလေ… နှင့်နာမည်နဲ့ ကိုယ်စားလှယ်ယူလိုက်တာ ဂီဇို…နှင်ဘာမှ ငြင်းဖို့မကြိုးစားနဲ့ အားလုံးစီစဉ်ပြီးသွားပြီ။ Soul က အန်တီကြီးကလည်း အကူအညီပေးလိမ့်မယ်။

ငါ… နှင့်ကို ငါ သာမန်အဆင့်အတန်းမျိုးမှာ မထားနိုင်ဘူး ဂီဇို… ငါဖြစ်စေချင်တဲ့ဘဝမျိုး ငါမြင်ချင်တဲ့ အခြေအနေမျိုးရောက်အောင် နှင့်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖန်တီးပေးဖို့ ငါဆုံးဖြတ်ထားတယ်…"

"မိကျူး…"

"ငြင်းဖို့ စိတ်ကူးနဲ့ ဂီဇို… ငါလုံးဝလက်မခံဘူး။ နှင်ငါ့စိတ်ကို သိတယ်နော်…"

မိကျူးရယ်… ငါဝမ်းသာလိုက်တာဟာ… နှင်ငါ့အပေါ်ထားတဲ့ စေတနာတွေအတွက် ငါဝမ်းသာလိုက်တာ မိကျူးရယ်… ဒါပေမယ့်… ဒါပေမယ့် … အဲဒါတွေ အားလုံးဟာ… ငါ့အတွက် ဖြစ်မလာနိုင်တော့ပါဘူး မိကျူး…

နှင့်ဆန္ဒတွေကို ဖြည့်ဆည်းမပေးနိုင်တော့တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါတော့ မိကျူးရယ်…

"ဟဲ့…ဂီဇို ငါပြောနေတာတွေ ကြားရဲ့လား။ ရော်… မျက်ရည်တွေကျနေပြန်ပြီ၊ နှင်ဟာလေ သောကျော်းဖြစ်ပြီး မျက်ရည်ကိုလွယ်လွန်းတယ် ကြည့်ပါဦး ပါးစပ်ကြီးကလည်းပြုံးလို့ပါလား…ဘယ်လိုဖြစ်နေတာလဲ ဂီဇိုရယ်… ငါစိတ်မကောင်းအောင် မလုပ်နဲ့…"

မိကျူးက မျက်ရည်တွေကို ကြင်နာစွာ သုတ်ပေးလာ၏။

ရင်ထဲမှာ ချမ်းမြေ့လို့ မဆုံး…

"မိကျူး… နင်…နင် ကိုမြင့်မိုရ်ကို သိပ်ချစ်တာပဲလားဟင်…"

"ဘယ်လို မေးလိုက်တာလဲ ဂီဇိုရယ်… ကိုကိုက ငါ့ရဲ့အသက် ငါ့ရဲ့ဘဝ ငါ့ရဲ့ရှင်သန်ခြင်းပဲ။ ကိုကိုနဲ့သာဝေးရရင် ငါသေသွားလိမ့်မယ် ထင် တယ်… ကိုကိုသာ ငါ့ကိုထားရစ်ခဲ့ …ထားရစ်ခဲ့ …ဟင် …ကိုကို!…ကိုကို လာတယ်…ဝမ်းသာလိုက်တာ…"

www.burmeseclassic.com

www.burmeseclassic.com

ပြောလက်စကားကိုပင် အဆုံးမသတ်နိုင်တော့ပဲ ပြေးထွက်သွားသော သူမကို လိုက်ကြည့်ရင်း CYGNUS ကားကြီးပေါ်က ဆင်းလာသော ကိုမြင့်မိုရ်ကို မြင်တွေ့လိုက်ရလေသည်။

မိကူးကို.. ကိုမြင့်မိုရ်က ဆီးကြိုပွေ့ဖက်လိုက်တဲ့အခါ ကြည်နူးခြင်းတို့ ရင်၌ ဖြစ်တည်သွားကြ၏။

မြင့်မိုရ်က ကူးကူးကို ခဏလေးသာ ထွေးပွေ့ပြီး ဂိတ်ဆိုထံသို့ တစ်ဟုန်ထိုး...



သူမ မြင့်မိုရ်ကိုအတင်းဆင်ဆွဲပါသည်။

သို့သော် အငွေ့တစ်အထိပ်သို့ရောက်နေသည့် ဒေါသတရားတွေနှင့် မြင့်မိုရ်ကို တားဆီးခြင်းမှာ မစွမ်းသာပါချေ...

"မလုပ်ပါနဲ့ ကိုကိုရယ်... မလုပ်ပါနဲ့..."

"ခွပ်" (မျက်နှာနှင့် လက်သီးတို့ထိတွေ့သံ)

"...

www.burmeseclassic.com

www.burmeseclassic.com



ဂီဇီရှေ့မှာ သူမခန္ဓာကိုယ်လေးနှင့် ကာကွယ်ထားရင်းပြောလိုက်ခြင်း ဖြစ်သည်။

"ရှင် တော်တော်ရက်စက်တဲ့လူပါလား ကိုမြင့်မိုရ်။ ရှင့်ကိုကျွန်မ ခွင့်မလွှတ်ဘူး"

လက်သည်းခွေတွေနဲ့ ကုတ်ခြစ်ရန် ပြေးဝင်လာသော သူမကို မြင့်မိုရ်က ဖမ်းချုပ်ထားလိုက်၏။



အတင်းရုန်းကန်နေပြန်သဖြင့် မြင့်မိုရ် သူမကို မနည်းထိန်းထားရ၏။

"ဂီဇီကို ခုလွှတ်ပေး… ရှင်တို့ကို ကျွန်မသတ်မယ်… ခုသတ်မယ်…"

အားကုန်ရုန်းဆန်နေသော သူမကို မြင့်မိုရ်က ခပ်ကြမ်းကြမ်း လှုပ်ခါပစ်လိုက်၏။

"သေချာနားထောင်စမ်း ကူးကူး…ဖေဖေ့ကို သတ်တာ ဒီကောင်ပဲ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲသေးတဲ့ သံယောဇဉ်အရိပ်အငွေ့တွေနဲ့ မျက်နှာလေးကို နောက်ဆုံးအကြိမ်အဖြစ်‥ မျက်တောင်မခတ်တမ်း ငေးကြည့်နေမိတော့သည်။

အဲဒီမျက်နှာလေးဟာ မကြာခင်မှာပဲ ပျောက်ကွယ်သွားတော့မှာပါ…ရှေ့တည့်တည့်မှာလာရပ်သောအခါ‥သူမရဲ့ခေါင်းကလေးက မယုံကြည်နိုင်မှုနှင့် ခါယမ်းလို့နေ၏။

ကိုမြင့်မိုရ်ရဲ့ ပြောစကားတွေကို သူမလက်မခံနိုင်သေး…

"ဂိဇ္ဇီ"

လက်ဖဝါးနုနုဖြင့် ကျွန်တော့်ပါးကို ယုယစွာ အုပ်ကိုင်လိုက်၏။

စီးကျလာသောမျက်ရည်တို့က သွေးစက်တို့နှင့် ရောကာ သူမလက်ဖမိုးလေးပေါ်မှ ဖြတ်သန်းသွားကြမည်ထင်သည်။

"မဟုတ်ဘူးမိုးလားဟင်… သူတို့ပြောတာငါမယုံဘူး။ နင်လို ကြင်နာတတ်တဲ့ လူဟာ ဒီလိုအလုပ်မျိုးဘယ်တော့မှ မလုပ်ဘူးဆိုတာ ငါယုံတယ်… သူတို့ မတရားစွပ်စွဲနေကြတယ်… ပြောလိုက်လေဂိဇ္ဇီ နင်ဘာကြောင့်နေတာလဲ။ နင့်သတ္တိတွေဘယ်ရောက်ကုန်ပြီလဲ။ ဒီပါးစပ်တွေက ဘာလို့ပိတ်နေရတာလဲဂိဇ္ဇီ‥နင်တစ်ခုခုပြောလေ‥ငြင်းလိုက်လေဂိဇ္ဇီ‥မဟုတ်ဘူးလို့ပြော၊ မဟုတ်ဘူးလို့ပြောစမ်းဂိဇ္ဇီ။ …. သေးစမ်း ဒီလက်ထိပ်တွေ… အခုချွတ်… ချွတ်… ချွတ်… "



ရှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်နေတဲ့ သူမကို…

ကျွန်တော့်ရဲ့အချစ်ဆုံး‥ သူငယ်ချင်းလေးမိကူးကို… နောက်ဆုံးအကြိမ်အဖြစ် တဝကြီးကြည့်ပစ်လိုက်ပါသည်။

ထိုအချိန်မှာပဲ အမှန်တရားတွေက လည်ချောင်းမှတစ်ဆင့် ခက်ခဲစွာတိုးထွက်လာကြတော့သည်။

"ဟုတ်တယ်မိကူး‥ကိုမြင့်မိုရ်ပြောတာမှန်တယ်။ ငါ… ငါ‥ ဦးဝင်းမြင့်ကိုသတ်တာ… ငါပဲ"

"ဘာ"

ကြင်နာခြင်းနှင့်သံယောဇဉ်၏ အရိပ်အယောင်တို့ သူမမျက်နှာမှာ ရုတ်ချည်းပျောက်ကွယ်၏။

ရင်ထဲမှာ နင့်ကနဲ…

ခေါင်းထဲမှာရိုက်ကနဲမူးသွားသဖြင့် လဲကျမသွားအောင် ထိန်းထားလိုက်ရ၏။ ကျန်သေးတယ်… ပြောစရာတွေကျန်သေးတယ်…

အကောင်းဆုံးအခြေအနေတစ်ခု လှလှပပကျန်ရစ်ခဲ့ဖို့ စကားတွေအဆင်သင့်ရှိနေသေးတယ်… အားတင်းထားစမ်း…

"ဟုတ်တယ်။ အားလုံးကို ငါကြိုပြီးစီစဉ်ထားခဲ့တာ‥ နင့်ကိုတိုက်မယ့်

www.burmeseclassic.com

www.burmeseclassic.com



အံ့သြထိတ်လန့်ခြင်းတွေကြောင့်....

နှုတ်ခမ်းဖူးဖူးလေး ဟစေ့စေ့ဖြစ်နေတဲ့...

မျက်တောင်မခတ်ကော့တဲ့ မျက်လုံးတွေနဲ့...

သွေးမရှိတော့အောင် ဖြူဖျော့သွားတဲ့မျက်နှာလေးနဲ့ မိကူးကို အံ့ကြီ၊ ကာစေ့စေ့ကြည့်ရင်း ရင်ထဲမှာမချိ...

သို့သော် အရာရာအတွက် အကောင်းဆုံးဖြစ်ကျန်နေစေမည့် စကားတော့ အားတင်းပြီး ပြည့်စုံစေလိုက်တော့သည်။

"ဟင်း... ဟင်း...ဦးဝင်းမြင့်နဲ့စကားပြောရင်း နှင်အိပ်ပျော်သွားတော့ ပျာယာခတ်သွားတဲ့ ဦးဝင်းမြင့်ကို နှင့်အကြောင်းတွေ ပြောပြမယ်ဆိုပြီး အပေါ်ဆုံးထပ်အထိ ခေါ်လာပြီးမှ သတ်ပစ်လိုက်တာ။ ပြီးတော့မှ နှင့်ကိုအသာလေး ပွေ့ထုတ်လာပြီး ဒီနားမှာ ချထားခဲ့တာ..."

"ဂ... ဇို"

အာခေါင်ခြစ်ပြီး အော်လိုက်သံနှင့်အတူ သူမရဲ့လက်တစ်ဖက်က ဂိ၊ ပါးပြင်ပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်သွားတော့သည်။

"မင်း ...မင်း ..."



စိတ်ချသွားသော အပြုံး... မျိုးဖြစ်၏။

သို့သော် ထိုအပြုံးကို ချက်ချင်းရုပ်သိမ်းပြီး မိကူးကိုရင်ဆိုင်လိုက်သည်။

နှင်ပြောချင်တာတွေပြောတော့မိကူး... ဒါမှ နှင်စိတ်သာမှာလေ...

သူမရဲ့ မျက်နှာက တရိပ်ရိပ်တက်လာသော ဒေါသတွေဖြင့် တဖြည်းဖြည်း ခက်ထန်မှီ ရဲလာ၏။

တဆတ်ဆတ်တုန်နေတဲ့ အသားစိုင်တို့က သူမရဲ့ဒေါသတရားတို့၏ ဒီဂရီကို ဖော်ညွှန်းနေ၏။

"ဒီလောက်ရက်စက်တဲ့ လုပ်ရပ်ကို...စေတနာ လို့ ငါမသတ်မှတ်တော့ဘူး ဂီဇို...နှင်လူ မဟုတ်ဘူး။ နှင်ဟာ အမြဲတမ်းသွေးဆာနေတဲ့ ဘီလူး တစ်ကောင်ပဲ။ သူငါတို့ကို သဘောမတူဘူးပဲထားဦး.. ငါတို့မှာ တခြား နည်းလမ်းတွေရှိသေးတယ်။ နှင်နဲ့ မဆိုင်တဲ့ကိစ္စမှာ နှင်ဘာမှဝင်ပါစရာမလို ဘူး။ ကြည့်စမ်း... နှင့်ကြောင့် လူတစ်ယောက် မရှိမလှသေခဲ့ရတယ်။ ငါနဲ့ ကိုကိုလည်း အသည်းနှလုံးတွေ ပျက်ကြွေပြုန်းမတတ်ခံစားခဲ့ရတယ်။ နှင်ဟာ ငါ့အတွက် မကောင်းဆိုးဝါးတစ်ကောင်ပဲ ငါ...ငါ... နှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး ဂီဇို"

နဂါးတစ်ကောင်ရဲ့ မျက်လုံးတွေနဲ့ တူတဲ့သူမမျက်လုံးတွေမှ မျက်ရည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



( * )

ရင်ထဲက ကြေကွဲမှုတွေကို တိုင်းတာပြစရာ စကားလုံးတို့ မရှိပြီ…

တစ်ပါးချင်းပြန့်ကြွသွားတဲ့ ဘုန်းတော်ကြီးတွေကို ဦးခိုက်ရင်း စီးကျလာသော မျက်ရည်တို့ကို ထိန်းလို့မရနိုင်ခဲ့…

ကြိတ်ကြိတ်ကြဲစည်မှုတွေဖြင့်… အပြစ်မဲ့တဲ့ လူတစ်ယောက်ကို သားလိုးဇာနဲ့ မရေမတွက်နိုင်အောင် (အကြိမ်ပေါင်းများစွာ) ရက်ရက်စက်စက်ထိုးသတ်ပစ်ခဲ့တဲ့ ဂီဇို့အတွက် ရုံးတော်က ==ရေးမှုတစ္စာ ချမှတ်လိုက်တဲ့ စီရင်ချက်က ‘သေစား…သေစေ’ ပါတဲ့…

မျိုးဆက်တုံးပါပေါ့လား သားလေးရေ…

‘ဦးမောင်အတွက်’ ဆိုတဲ့ စာလေးရေးထားတဲ့ စက္ကူထုပ်အဖြူလေးထဲမှ ငွေနှစ်သိန်းကျော်ကျော်နှင့် ‘လှူရန်’ ဆိုတဲ့ စာလေးရေးထားတဲ့ စက္ကူထုပ်အဖြူလေးထဲက ငွေလေးသိန်းတိတိကို သားလေးအတွက်ပဲ ရည်စူးပြီးရေစက်ချ လှူဒါန်းလိုက်ပါသည်။

သားလေးရဲ့ နောက်ဆုံး ဆန္ဒအဖြစ် လုပ်ပေးစရာတစ်ခုသာ ကျန်ပါတော့သည်။

“လုံးဝမဖတ်ပါနဲ့ ဦးမောင်ရယ်”…လို့ အကြိမ်ကြိမ်ပြောခဲ့ပေမယ့် “ခွင့်လွှတ်ပါတော့ သားလေးရယ်” လို့ ရင်ထဲကပဲ တောင်းပန်ရင်း ဖတ်ခဲ့မိတဲ့ အနက်ရောင်ဒိုင်ယာရီစာအုပ်လေးကို မီးရှို့ပစ်ဖို့ပဲ ကျန်ပါတော့သည်။

စိတ်ချပါ သားလေးရယ်…

အသက်နဲ့ရင်းပြီး စတေးယူခဲ့ရတဲ့ သားလေးရဲ့ဆန္ဒတွေကို ဦးမောင် ဘယ်တော့မှ ဖျက်ဆီးမပစ်ပါဘူးကွယ်…



“သားရဲ့ ဒိုင်ယာရီစာအုပ်လေးကို ခရေပင်ကြီးတွေအောက်မှာ မီးရှို့ပေးပါ ဦးမောင်ရယ်…” ဆိုတဲ့ စကားလေးကို ကြားယောင်၏။

မီးဖိုလေးကို မ, ပြီး ခရေပင်ကြီးတွေရှိရာကို တစ်လှမ်းချင်း လှမ်းလာတဲ့ အခါ ကြေကွဲမှုတို့က ရင်တစ်ခုလုံးကို ပြင်းထန်စွာ မွှေနှောက်နေကြ၏။

ခရေပင်ကြီးတွေအောက်ရောက်တော့ စာရွက်လေးတွေကို တစ်ရွက်ချင်းဖြဲပြီး မီးဖိုထဲသို့ ဖြည်းညှင်းစွာ ထည့်နေလိုက်သည်။

ဦးမောင်ကို မျက်ဝန်းမှ မျက်ရည်တို့ တစ်ပေါက်ချင်း တစ်ပေါက်ချင်း မီးဖိုထဲသို့ ကျဆင်းကြ၏။

“အဲဒီဇာတ်ကားထဲက မင်းသားကို ကြိုက်လွန်းလို့…နာမည်လေးကလည်း ချစ်စရာလေးမို့လို့…သားလေးကို ‘ဂီဇို’ လို့နာမည်ပေးခဲ့တာပါကွာ ထွေထွေ ထူးထူးမဟုတ်ပါဘူး”

တစ်ချိန်က အစ်ကိုကြီးပြောခဲ့ဘူးတဲ့ စကားတစ်ခွန်းကို ကြားယောင်မိပြန်သည်။

ပညတ်သွားရာ..ဇာတ်သက်ပါဆိုသလို On The Road ဆိုတဲ့ ဇာတ်ကားလေးထဲကလို အချစ်အတွက် အသက်ကို စတေးသွားခဲ့တာလား ဂီဇိုရယ်… ဦးမောင်ရင်ကွဲရပြီ သားရေ…

“ဪလိုက်တာ ဦးမောင်ရယ်… ဘာတွေလုပ်နေတာလဲဟင်…”

အသံနှင့် အတူရောက်လာတဲ့ သူ့ကို ဦးမောင်ကို ကောင်းကောင်း မမြင်ရ…

မျက်ရည်တွေနှင့် ဝေဝါးနေ၏။

“ဪ… သမီးလေး… မိကူး.. ဘယ်တုန်းက ရောက်နေတာလဲ”

သိပ်မကြာသေးပါဘူး ဦးမောင်.. ပစ္စည်းလေးတစ်ခု ကျန်ခဲ့လို့လာယူ တာ။ ဦးမောင်ကိုမြင်လို့ လာနှုတ်ဆက်တာ.. ဘာတွေ ရှို့နေတာလဲ ဦးမောင်ရဲ့”

“စာအုပ်လေးပါ သမီးရယ်.. ဂီဇို့ ဒိုင်ယာရီ စာအုပ်လေးလေ…”

“ရှင်…”

www.burmeseclassic.com

www.burmeseclassic.com



နီရဲနေတဲ့ သူမမျက်ဝန်းတွေမှာ မျက်ရည်တို့ ချက်ချင်းဆော့တက်လာ[illegible] ၏။

ခရေသူငယ်ချင်းလေးအတွက် ခံစားနေရတဲ့ ဝေဒနာတွေကို ဦးမော[illegible] သိအောင် ပြောမပြလိုတော့ပါ…

ဒီနေ့ ဂီဇီကြီးမိန့်ကျမယ့်နေ့ဆိုတာ သိထားတဲ့အတွက်…(ဂီဇီအတွ[illegible] အချိန်တစ်ခုကိုမှန်းပြီး) ရွှေကိဂုံဘုရားမှာ ကောင်းမှုကုသိုလ်တွေပြု[illegible] ပြန်လာခဲ့ခြင်းဖြစ်၏။

ပြဿနာတွေဖြစ်ပြီးပြီးချင်းပဲ သူမတို့ မိသားစု မြင်းမိုရ် အိမ်သို့ ရွှေ[illegible] ပြောင်းရွှေ့သွားခဲ့ကြသည်။

အရေးတကြီးပြောင်းသွားတာဆိုတော့ ဘာပစ္စည်းမှ ယူမသွားနိုင်ခဲ့… ဒီနေ့တော့ ဘုရားကအပြန်မှာ အရေးကြီးတဲ့ ပစ္စည်းလေးတွေကို သတိရ[illegible] လာယူခြင်းဖြစ်၏။

ထိုပစ္စည်းလေးတွေမှာ…ငယ်ငယ်က ခရေပန်းလေးတွေစောင်းပြီး [illegible] ကိုယ်တိုင်ဝယ်ပေးခဲ့သော ကျောင်းစိမ်းလုံချည်လေးနှစ်ထည်ဖြစ်လေသည်။

လုံချည်ထုပ်လေးကို တင်းကျပ်စွာ ထွေးပွေ့လိုက်တဲ့အခါ… အတိ[illegible] ကလေးဘဝပုံရိပ်တို့ကို ပြတ်ပြတ်ထင်ထင်မြင်ယောင်မိ၏။

စာရွက်လေးတွေ လောင်ကျွမ်းနေတဲ့ မီးဖိုလေးကို ငေးကြည့်နေမိ[illegible] သည်။

မီးခိုးငွေ့လေးများက အပင်ပေါ်ရှိ ခရေပွင့်လေးတွေရှိရာသို့ တဖြည်းဖြ[illegible] တလွင့်လွင့်တက်နေကြ၏။

"ဂီဇီ မရှိတော့ပေမယ့် အားမငယ်ပါနဲ့ ဦးမောင်ရယ်… သမီးရှိပါ[illegible] တယ်… သမီး ဦးမောင်ဆီ မကြာခဏရောက်နေမှာပါ… ဖေဖေ[illegible] ဦးမောင်ဆီလာနေမှာပါ။ လိုတာရှိရင် ချက်ချင်းပြောနော် ဦးမောင်…"

"ဦးမောင်က… ဦးမောင်က… ဦးမောင်ရဲ့ သားလေးကိုပဲ [illegible] ကာ… သမီးလေးရယ်…"



သူမကို ပြုံးပြုံးလေးကြည့်ရင်း ဆိုလိုက်သော ဦးမောင်ကို ရင်ထဲက ကျေးဇူးတင်သံကိုဖြင့် သူမ၊ ကြားနိုင်မည်မထင်ပါ…

"သမီးတို့ အိမ်သော့ ပေးခဲ့မယ်နော်…အိမ်ထဲက ပစ္စည်းတွေကို မယူတော့ဘူး။ ဆန္ဒရှိသလိုသာ စီစဉ်လိုက်ပါတော့ ဦးမောင်ရယ်… သမီးသွားတော့မယ်နော်…"

သူမက… တဖြည်းဖြည်းချင်း လိမ့်လာပြီး သူမနားမှာရပ်လိုက်သော ကား ပေါ်သို့ တက်ထိုင်လိုက်သည်။

ကားလေးက တစ်လိမ့်ချင်း… တစ်လိမ့်ချင်း… ရုံးဝင်းကြီးထဲမှ ငြင်သာစွာ ထွက်ခွာ၏။ ထိုစဉ်မှာပဲ…

"ဟင်…ဂီဇီ… ရပ်ကိုကို ကားရပ်လိုက်…"

သူမရဲ့ အလန့်တကြားအော်သံကြောင့် မြင့်မိုရ် ကား ရပ်ပေးလိုက်သည်။

သူမက ကားပေါ်မှ အမြန်ဆင်းပြီး ကားရှေ့နားအထိ လျှောက်သွား၏။

ဂီဇီ…

ဟုတ်တယ်… ဂီဇီ့ကို ကားရှေ့မှာ တွေ့လိုက်သလိုပဲ…

ရိပ်ကနဲ မြင်တွေ့လိုက်ရတဲ့ သဏ္ဌာန်တစ်ခုကို ဟိုဟိုဒီဒီလိုက်ရှာရင်း မြေပြင်ပေါ်သို့ အကြည့်ရောက်၏။

ဟင်… ခရေပန်းလေးတွေ…

ခရေနံ့သင်းတဲ့ လေပြေနွေးနွေးလေး ပါးပြင်ကို သိသိသာသာ ရိုက်ခတ်သွားတဲ့အခါ… ကြက်သီးတို့ တဖြန်းဖြန်းထ၏။ အနားမှာ…တစ်စုံတစ်ယောက် ရှိနေသလိုလို ခံစားလာရ၏။

ခြေထောက်နားက ခရေပန်းလေးတစ်ပွင့်ကို ကောက်ယူလိုက်တဲ့အခါ… ကားရဲ့ရှေ့ပိုင်းနေရာမှစပြီး ရုံးဝင်းတံခါးဝရောက်သည်အထိ ပြန့်ကျဲသွယ်တန်း နေသော ခရေပန်းလေးတွေကို မြင်တွေ့လိုက်ရလေသည်။

"ဂီဇီ !"

ပြားစစ်သူ

www.burmeseclassic.com

www.burmeseclassic.com


## 'နှလုံးသားသစ္စာ'

ရင်ခုန်တာ နင်မသိပေမယ့်
နင်သိအောင်လည်း မပြောတော့ပါ…
ဝေဒနာ မမြင်မိသူအတွက်
မြင်မိအောင်လည်း မပြတော့ပါ…
ရင်ခုန်သံ မျက်နှာချင်းဆိုင်ချင်သူမို့
ဗလာကျင်းတဲ့ (နင့်) နှလုံးသားမှာ
မုန်းပွားစရာ အချစ်လည်း မဖြည့်တော့ပါ…
လိုအင်ကို အစိမ်းချုပ်
သိမ်းထုပ်လို့ လုံခြုံစွာ…
ဆန္ဒကို ရေမှာမျော
နင်သောသော ရယ်ဖို့ပါ…
နင်မသိ မမြင်မိပေမယ့်
အစဉ်ရှိ အချစ်တေးတို့
သွင်ဝေးတဲ့ ငါ့ရင်မှာ…
ပေးဆပ်ဖို့ ရှင်သန်
ဒဏ်ရာတွေ နင်မရအောင်
ခရေအသွင်နဲ့
မြေပြင်မှာ ဖြန့်ကာကြဲလိုက်မယ်
နှလုံးသားကို လမ်းခင်း
ချစ်သူ နင်းလို့ လျှောက်စမ်းလေ… …
ဪ…
နှလုံးသားကို လမ်းခင်း
ချစ်သူနင်းလို့ လျှောက်စမ်းလေ… …

ဂီဒို…
… … …

ကဗျာလေးတစ်ပုဒ်ပါ…

ဂီဒိုကိုယ်တိုင်ရေးဖွဲ့ခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ပါ…

ကဗျာလေးရဲ့ ခေါင်းစဉ်က 'နှလုံးသားသစ္စာ'… တဲ့…

ကဗျာလေးမှာ တပ်ထားတဲ့ရက်စွဲက လွန်ခဲ့သော ငါးလကျော်ကျော် အချိန်ကို ညွှန်ပြနေ၏။ အနက်ရောင် ဒိုင်ယာရီစာအုပ်လေးရဲ့ စာမျက်နှာတစ်ခုမှာရှိနေတဲ့ ထိုကဗျာလေးကို၊ တစ်သက်စာအမှတ်တရအဖြစ် မီးရှို့မပစ်ရက်စွာ ဦးမောင်ကို သိမ်းဆည်းထားလိုက်မိသော ကဗျာလေးတစ်ပုဒ်ပါ… …

www.burmeseclassic.com

www.burmeseclassic.com

ရင်ခုန်တာ နှင်းမသိပေမယ့်
နှင်းသိအောင်လည်း မပြောတော့ပါ...
ဝေးနေရာ မမြင်မိသူ့အတွက်
မြင်မိအောင်လည်း မပြတော့ပါ...
ရင်ခုန်သံ မျက်နှာချင်းဆိုင်ချင်သူမို့
ဗလာကျင်းတဲ့ (နှင်း) နှလုံးသားမှာ
မှန်းမွှားစရာ အချစ်လည်းမဖြည့်တော့ပါ...
လိုအင်ကို အစိမ်းချုပ်
သိမ်းထုပ်လို့ လုံခြုံစွာ
ဆန္ဒကို ရေမှာမျှော
နှင်းသောသော ရယ်ဖို့ပါ...
နှင်းမသိ မမြင်မိပေမယ့်
အစဉ်ရှိ အချစ်တေးတို့
သနင်းသားတဲ့ ငါ့ရင်မှာ...
ပေးဆက်ဖို့ရှင်သန်
အဆိုးရွားတွေ နှင်းမရအောင်
ခရေအသွင်နဲ့
ရင်မျှပြင်မှာ ဖြန့်ကာကြဲလိုက်မယ်
နှလုံးသားကို လမ်းခင်း
ချစ်သူနှင်းလို့ လျှောက်စမ်းလေ...
နှင်းရယ်...
နှလုံးသားကို လမ်းခင်း
ချစ်သူနှင်းလို့ လျှောက်စမ်းလေ... ...

ဂျူ..

BURMESE CLASSIC .com
www.burmeseclassic.com